www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၀၀၀၄၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၆၄၉၀၅၀၈

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၀၈၊ ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## စာရေးသူရဲ့ ကျေးဇူးအမှာစကား

အနယ်နယ်အရပ်ရပ်ရှိ စာဖတ်ပရိသတ်များက ကျွန်တော်၏ ဂမ္ဘီရလုံးချင်းဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်နှင့် မဂ္ဂဇင်းများပါ ဝတ္ထုတိုများကို နှစ်ခြိုက်စွာ အားပေးကြိုဆိုလျက်ရှိပါသည်ဆိုသည့် သတင်းစကားများအား စာဖြင့်တစ်သွယ်၊ တယ်လီဖုန်းဖြင့်တစ်မျိုး၊ လူကိုယ်တိုင် လာရောက်ပြော ဆိုဝေဖန်ကြသည်ကို ကြားရတိုင်း လွန်စွာ ဝမ်းသာကြည်နူးရပါသည်။ ကျေးဇူးလည်း အထူးတင်ပါသည်။

အထူးသဖြင့် စေ့စေ့စပ်စပ်ဝေဖန်ပေးကြသည့် ကိုကောင်းမှန် (ရန်ကင်း)၊ မနန္ဒာနှင့်မိသားစု (Fashion Image)၊ ဇော်ဝင်းမောင် (မန္တလေး– ၈၃ လမ်း ၂၆ × ၂၇ကြား၊ အမှတ် ၂၀၀၁ တို့အား အထူး ကျေးဇူးတင်ပါသည်။ ကျွန်တော်၏ အားနည်းချက်၊ အားသာချက်များကို ထိုဝေဖန်စာများဖြင့် ဆင်ခြင်သုံးသပ်ခွင့်ရသောကြောင့် ဖြစ်ပါသည်။

ယခု ကျွန်တော် ဂမ္ဘီရဆန်ဆန် မျိုးချစ်တော်လှန်ရေးနောက်ခံ ဝတ္ထုရှည်တစ်ပုဒ်ကို အားပါးတရ ကြိုးစားရေးဖွဲ့၍ ချစ်ပရိသတ်များ လက်သို့ ပေးအပ်လိုက်ပါသည်။

ဤလုံးချင်းဝတ္ထုရှည်အတွက် အစစအရာရာ အကူညီပေးကြ သည့် ကျောက်တန်းမြို့စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဆရာမောင်မင်းဝင်းမြတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တနယ်ဖင်းအဖွဲ့ဝင်များ၊ ကျောက်တန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ညီအစ်ကိုမောင်နှမများ၊ သုံးခွမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဦးညွန့်ရွှေနှင့် အသိမိတ်ဆွေများ၊ မီးပြစံပြကျေးရွာ ကျောင်းသစ်ကျောင်းမှ ဆရာတော်ဦးဒေဝိန္ဒနှင့် အမေကြီးဒေါ်တင်မြအပါအဝင် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း..။

မိုင်ရာကျော်ခရီး ပင်လယ်ကမ်းရိုးတန်းရှိ ကျေးရွာပေါင်းမြောက်မြားစွာကို ဆိုင်ကယ်တစ်စီးဖြင့် အပင်ပန်းခံ မညည်းမညူ လိုက်ပါပို့ဆောင်အကူအညီပေးခဲ့သော မရမ်းဘောကျေးရွာမှ တပည့်မောင်အောင်ဆန်း(ဥပဒေ)နှင့် ညီအစ်ကိုမောင်နှမ မိသားစုများ၊ ရွာခံလူကြီး လူငယ်များ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

ကျွန်တော်သည် ဂမ္ဘီရ ဘဝသရုပ်ဖော်နှင့် ဟာသလုံးချင်းများကို အစဉ်တစိုက် ရေးသားလျက် ရှိနေပါသည်။ လုံးချင်းမှာ ကလောင်ခွဲမရှိပါ။

ဤဝတ္ထုကြီးသည် ကျောက်တန်းမြို့ သီလဝါမီးပြပင်လယ်ကမ်းခြေမှာ အမေဒေါ်နန်းအိမ်ကြီးကို ဖေါ်ပြပြီး ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်က တိုင်းပြည့်နှင့်လူမျိုးအတွက် အသက်ပေးသွားကြသော၊ ရှင်သန်ကျန်ရစ်လျက်ရှိကြသော မြန်မာတစ်နိုင်ငံလုံးက မျိုးချစ်အာဇာနည်သူရဲကောင်းများကို ရည်ညွှန်းအလေးပြု ဂုဏ်ပြု၍ ရေးဖွဲ့လိုက်သည့် ဂမ္ဘီရဆန်းကြယ်ဝတ္ထု ဖြစ်ပါသည်။

ဤဝတ္ထုအတွက် အချိန်ယူ၍ ရေးကွက်များကို ကွင်းဆင်းလေ့လာကြည့်ရှုရပါသည်။ ထောင့်စုံပါသည်ဟု မဆိုရဲပါ။ အားနည်းချက်ယွင်းချက်အများကြီးကျန်နိုင်ပါသေးသည်။ လိုနိုင်ပါသေးသည်။

ကျွန်တော့်စေတနာအစစ်အမှန်ကား..

ဟုတ်ကဲ့..ခင်ဗျား။

ကျေးဇူးပြု၍ ပထမစာမျက်နှာမှ အစပြုဖတ်ကြည့်လိုက်ပါဟု မေတ္တာရပ်ခံရင်း..။

စာဖတ်သူများအားလုံးကို လေးစားလျက်..

**မောင်ညိုမှိုင်း (သန်လျင်)**

# ဗြိစ္ဆာရာသီ (Scorpio)

နက္ခတ်ရာသီစက်ဝိုင်း၏ အဋ္ဌမ (၈)ခုမြောက်ရာသီကို ခေါ်ပါသည်။ ကောင်းကင်၌ရှိနေသော ကြယ်ပုံများသည် ကင်းမြီးကောက်တစ်ကောင်လက်မနှစ်ခုကိုကား၍ အဆိပ်ပြင်းအားကြီးသော အမြီးကို ထောင်ထားသည့်ပုံဖြစ်သည်။

ဧင်းကင်းမြီးကောက်ပုံသွင်သည်ပင် ဗြိစ္ဆာရာသီ၏ရာသီ သင်္ကေတအမှတ်အသားဖြစ်ပေသည်။ ရာသီအလိုအားဖြင့် 'ထိရ' ရာသီ၏ နိုင်မြဲကြံ့ခိုင်သော သဘောသဘာဝကို ကိုယ်စားပြုသည်။

ဖော်ပြပါ ဗြိစ္ဆာရာသီဖွားများသည် ဘဝဇာတ်လမ်းစုံများကို ဖြတ်သန်းခဲ့ပြီး အတွေ့အကြုံပေါင်းများစွာဖြင့် အရာရာကို အပေါ်ဖြတ်ဆန်းစစ်ဝေဖန်သုံးသပ်မှုဉာဏ်ရည် မြင့်မားပေရာ Dramaand Criticism များဟုဆိုပေသည်။

ဟိတ်ဟန်ကောင်းသည်။ လျှို့ဝှက်တတ်သည်။ ယတိပြတ် လုပ်တတ်သည်။ အခက်အခဲများစွာ ကြုံခဲ့ရပြီးနောက် ထိပ်တန်းသို့ ရောက်ရှိသူများဖြစ်သည်။ ဗြိစ္ဆာရာသီ၏ မူလသဘာဝကို ပိုင်ဆိုင်ထားသည့်အတွက် ပြင်းထန်သောအဟုန်နှင့် အားစိုက်လေ့ရှိသည်။ အမှတ်သညာ လွန်စွာကြီးမားသည်။ ခွင့်လွှတ်မေ့ပျောက်တတ်သော သဘောသဘာဝမရှိ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အလွန်အမင်းခံစားချက်ပြင်းထန်၍ စူးစူးနစ်နစ် လေးလေးနက်နက် လုပ်ကိုင်အကောင်အထည်ဖော်သူများဖြစ်သောကြောင့် Indensity များဟု သတ်မှတ်သည်။ စိတ်ခံစားချက်လည်း ပြင်းထန်သည်။ လုပ်ကိုင်ရမည့် ကိစ္စရပ်များကို နှံ့နှံ့စပ်စပ် အသေးစိတ်လေ့လာပြီး အမှားအယွင်း ချွတ်ယွင်းချက်ကင်းနိုင်အောင် တိကျသေချာစွာ စူးစိုက်လုပ်ကိုင်သောသူများ ဖြစ်ကြသည်။

အခက်အခဲများကိုလည်း စနစ်တကျ တွက်ချက်သုံးသပ်ပြီး လျှင်မြန်ထိရောက်စွာ ဖြေရှင်းနိုင်ပြီး အလွန်အကျွံ ခံစားတုံ့ပြန်တတ်သည့် သဘောသဘာဝများကို ပိုင်ဆိုင်ခြင်းကား ဗြိစ္ဆာရာသီဖွားများ၏ အဋ္ဌဂ္ဂ ဖြစ်သည်။

ကျမ်းကိုး
စံဇာဏီဘိုး၏ (၁၂) ရာသီဟောကိန်း

## အခန်းစဉ်


(၁) ကဝေမကြီးလွှတ်လိုက်တဲ့သရဲ
(၂) သရဲလိုက် သရဲပြန်
(၃) စစ်ရဲ့စုတ်ချက်ကြမ်းပန်းချီကား
(၄) နာခေါင်းမပါတဲ့ မော်ဝန်းချောင်းဖြတ် နန်းအိမ်ကြီး
(၅) လျှပ်စီးလက်အနီစွ
(၆) ကဝေမျက်စောင်း အကြောင်းသုံးပါးမရွေး
(၇) မလုံးတင်တစ္ဆေ
(၈) ခေါင်းထမ်းလိုက်သည့်သရဲများ
(၉) ကံကောင်း၍ အရှုံးမလင်ဖြစ်ရတဲ့ဘဝ
(၁၀) စစ်ကို သီချင်းနဲ့ငြိမ်းမည်
(၁၁) အပိုင်နော်ကြီးလိုက်သခင် တိုင်ပေါ်အလံစိုက်ချင်
(၁၂) တစ်ကျင်းထဲစု သေမြှုပ်ရမည့် မင်္ဂလာထမင်း
(၁၃) ခင်ချောစုရဲ့ အငွေ့တထောင်းထောင်းထမင်းထုပ်
(၁၄) အချစ်၏ပထမစာမျက်နှာဖွင့်ဆိုရှင်းလင်းချက်
(၁၅) လူဦးခေါင်းခွံကိုနမ်းတဲ့ ကဝေမကြီး
(၁၆) သချိုင်းမြေကြီးကို ထုပ်ယူသွားတဲ့ နန်းအိမ်ကြီး
(၁၇) အနောက်နန်းမတော်မမြကလေးရဲ့အဆောင်မှ မေတ္တာစီးသံ
(၁၈) သချိုင်းကုန်းထဲက လူခေါင်းခွံပတ္တလားတီးသံ
(၁၉) ပြိုင်မိုက်ဖို့ တိုင်စိုက်ပြီး အလံထူကြသူများ
(၂၀) စုန်းကဝေမကြီးရဲ့ ထူးဆန်းသောရေမန်းတစ်ခွက်
(၂၁) သေမင်းခေါ်သည့်လက်ကို ပုတ်ချခဲ့သည့်မိန်းမ
(၂၂) 'မြိုင်'ခေါ်ချင်ပါတယ် လာစမ်းကွယ့် ချစ်တဲ့သူဇေးရယ်


www.burmeseclassic.com

www.burmeseclassic.com

(၂၃) အရှုံးမဟောတဲ့ ပင်လယ်ရေစာ
(၂၄) ဦးခေါင်းခွံပေါ်က ဖယောင်းတိုင်များလက်ရာရှင်
(၂၅) ကဝေမကြီးရဲ့ လက်ခမောင်းခတ်ကြိုးဝါးသံများ
(၂၆) ရင်ဝမားတန်းလန်းနှင့် ပန်းရိုင်းအကြွေ
(၂၇) မီးလျှံကြားက သိမ်းငှက်ရဲ့စျာပန
(၂၈) ကျွန်အဖြစ်မသေ တိုက်ရင်းသေမည်
(၂၉) အချစ်၏ လျှော်လိုင်းတုန်ခါမှုပမာဏ
(၃၀) တစ္ဆေများစောင့်နေသည့် လက်နက်တိုက်
(၃၁) လေထဲကပျံသန်းလာသည့် လျှို့ဝှက်မားမြှောင်နှစ်ချောင်း
(၃၂) ကဝေပျံ ကလိုစား
(၃၃) စုန်းမကြီးရဲ့ ဇာတိမာန်လက်ဆောင်
(၃၄) သူရဲကောင်းများရဲ့ အသက်လှူဒါန်းပွဲ
(၃၅) အာဇာနည်တစ်ဦးရဲ့ ရင်နင့်ကြေကွဲအဏ္ဏပ္ပတ္တိ
(၃၆) အချစ်ရဲ့ အောင်ပွဲခံ လက်ခုပ်သံများ
(၃၇) ဝီရမိုးကောင်းကင်အောက်က ဂုဏ်ပြုသေနတ်သံများ

BURMESE CLASSIC .com

၁

## ကဝေမကြီး လွှတ်လိုက်တဲ့သရဲ

အလို. .

အံ့ဖွယ်တနန်းပါကလား။ ချောစုကို ကျွန်တော်တို့ အဲဒီလောက်ကြီး ဗျာဆန်းတွေ သင်နေလိမ့်မည်၊ ရယူနေလိမ့်မည်လို့ လုံးဝမထင်ခဲ့။

ကြည့်စမ်း. .

ချောက်ချားစရာ ကောင်းလိုက်တာ။

ကောင်းကင်မှာ လဝန်းက သားပိုက်ပြီး ရပ်နေတဲ့အချိန်။

ပင်လယ်သည် လရောင်သောက်ပြီး ငွေသားဘရောင်လှိုင်းခေါင်းများ ဖြင့် ရေကြက်ခွပ်နေကြသည်။

ပင်လယ်လေကလည်း ကမ်းခြေလမုပင်များကို တရကြမ်း ပွတ်သပ် နမ်းရှုံ့ပြီး ထဘီမနိုင် ပဝါမနိုင်. . ဖရိုဖရဲ. . ။

ပင်လယ်ကမ်းစပ် ကမ်းပါးကုန်းမြင့်ပေါ်မှာ မိန်းမသားနှစ်ယောက်. . ။

ဖားလျားလွင့်နေသော ဆံပင်ရှည်များက စွန်ရဲကြီးများ အတောင် ဆန့်ထားသကဲ့သို့ နောက်ဘက်မှာ လူးလွန့်ဝဲပျံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ထဘီစများကလည်း လေတိုး၊ လေပင့်၊ လေဝင့်လွှန်းလို့ တဖျပ်ဖျပ် ဘယ်ညာလူးလွန့် လွင့်ပျံနေသည်။

သေသေချာချာ အနားသို့တိုး၍ ချဉ်းကပ်ကြည့်လိုက်သောအခါ. .

တစ်ယောက်က. .

ဒေါ်နန်းအိမ်ကြို့. .

ဒေါ်နန်းအိမ်ကြို့သည် ခါးကိုင်းကိုင်း ဆံပင်လေဝဲကြီးနှင့် ပင်လယ်ကိုလက်ညှိုးထိုးကာ ပါးစပ်မှ မန္တန်လိုလို၊ စကားလုံးဆန်းလိုလို အရာများကို ရေရွတ်နေ၏။

သူမအနီးမှာတော့ ကျွန်တော်တို့ရဲ့ မချောစု. .။

မချောစုသည် တစ္ဆေလိုလို၊ ကဝေလိုလို၊ ပညာသည်လိုလို ထူးဆန်းသော ရှာကြည့်မိန်းမကြီးကဲ့သို့ ပင်လယ်ရှိရာသို့ လက်နှစ်ဖက်ကိုမြှောက်ပြီး လရောင်အောက်မှာ လှုပ်ရှားနေ၏။

ကျွန်တော်တို့သုံးယောက် သူမတို့နှစ်ဦးရဲ့ လျှို့ဝှက်လှုပ်ရှားနေမှုများကို ကြည့်၍ ကြက်သီးဖျန်းဖျန်းထပြီး ပုန်းကွယ်ကြည့်နေရာမှ ဖက်များကို ပုထားလိုက်ကြ၏။

သူတို့ ဘာလုပ်နေကြတာလဲ. .။

ပင်လယ်မှော်သွင်းနေတာလား. .။

ချောစုမကို ဆယ့်နှစ်ကြိုးကဝေပညာထဲက တစ်စုံတစ်ခုသော ပညာများကို တစ္ဆေလို၊ မှော်ဆရာမကြီးလို ဒေါ်နန်းအိမ်ကြို့က ပညာဆန်းများ လက်ထပ်သင်ကြားပေးနေတာလား. .။

"နေမင်းထိန်"

"ဘာလဲ လှဆောင်"

"ပြန်. . ပြန်. . ကြပါ. . စို့ကွာ. .။ ငါ. . ငါကြောက်လာပြီကွ"

လှဆောင်က ကျွန်တော့်နားရွက်နားသို့ကပ်၍ အသံတုန်တုန်ယင်ယင်နှင့် ပြောလိုက်သည်။

"ဟုတ်တယ်. . နေ. . မင်း. . ထိန်. .။ ဒါ. . ဒါ. . အဘွားကြီး. . မင်း. . မင်းကောင်မလေးကို မှော်ပညာတွေ သင်ပေးနေတာ။ တော်ကြာ ငါတို့ချောင်းနေမှန်း သိ. . သိသွားရင် ငါတို့ကို သူ့ပညာနဲ့ ပြုစားလိုက်လို့ အားလုံး ဒီပင်လယ်ကမ်းစပ်မှာ ကျောက်ရုပ်ဖြစ်သွားလိမ့်မယ်။ သွားကြစို့





ကွာ. .။ လာပါ နေမင်းထိန်ရာ. .။ လာ. . ပါ. . ကွာ. ."

ကျောက်ကြီးငသိန်းလည်း လှဆောင်ကဲ့သို့ လန့်ဖျပ်ပြီး ကျွန်တော့်လက်ကိုဆွဲကာ ပြန်ရန်အတင်းတိုက်တွန်းနေသည်။

"နေမင်းထိန်. . ပြန်. ကြ. . မယ်. ."

"မပြန်ဘူး"

"ဟင်. . မင်း. . မင်း. . အဘွားကြီးသိသွားရင် မင်း ဒီနေရာမှာတင် သေခြင်းဆိုး၊ သေခြင်းဆန်းနဲ့ သေသွားလိမ့်မယ်ကွ။ လာ. ."

"ဒီမှာ လှဆောင်နဲ့ ကျောက်ကြီး. .။ မင်းတို့ပြန်ချင်ရင်ပြန်၊ ငါ လုံးဝမပြန်ဘူး။ ဒေါ်နန်းအိမ်ကြို့နဲ့ ချောစုတို့ ဘာတွေလျှို့ဝှက်လှုပ်ရှားနေတယ်ဆိုတာ မသိရမချင်း ငါ ဒီည လုံးဝမပြန်ဘူး"

"မင်းသေမှာစိုးလို့ ပြောနေတာကွ"

"လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ မြန်မြန်စောစောသေတာနဲ့ နောက်ကျပြီးသေတာပဲ ကွာတယ်။ ငါ ချောစုကို စိတ်မချဘူး။ ဒီအဘွားကြီး ဒေါ်နန်းအိမ်ကြို့ ချောစုကို ပညာဆန်းတွေပေးနေသလား၊ ဒါမှမဟုတ် ပြုစားပြီး တစ်စုံတစ်ရာကို လျှို့ဝှက်ခိုင်းစားနေတာလား ဆိုတာကို ဒီည သေသေချာချာသိချင်တယ်။ သေတာ မဆန်းဘူး။ ချောစုအတွက် ငါသေရဲတယ်"

"မင်း ရူးနေတာ"

လှဆောင်က ခေါ်မရ၊ တားမရ၍ အံကြိတ်ပြီး ဝေဖန်လိုက်သည်။

"ဒီမှာ နေမင်းထိန်. .။ စိတ်မနှံ့တဲ့ အရူးမတစ်ယောက်အတွက် မင်းဘဝကို အဆုံးမခံပါနဲ့ကွာ။ လာပါ. . ပြန်စို့"

ကျောက်ကြီးကလည်း ထရပ်ရင်း ပြောလိုက်ပြန်သေးသည်။

"ဒီမှာ လှဆောင်နဲ့ ကျောက်ကြီး. .။ မင်းတို့နှစ်ယောက်ဟာ သောက်ကြောင်းဖြစ်ပြီး ဟောဟိုက ချောစုလောက်မှ သတ္တိမရှိတဲ့ကောင် နှစ်ကောင်ပဲကွ"

"ဟ. . သူက စိတ်မနှံ့တဲ့ အရူး၊ ငါတို့က အကောင်း"

"အေး. . အရူးမလည်း လူပဲ၊ သူဟာ ရိုးသား၊ အပြစ်ကင်းစင်တဲ့ နောက်မကောင်းသူပဲ။ ငါ သူ့ကို စိတ်မချဘူး။ မင်းတို့ ပြန်ချင်ပြန်ကြော့ သွားကြလေ. .။ ပြန်ကြပါ. ."



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . ပြောလို့မရဘူးလား နေမင်းထိန်"

"ဒီအချိန်မှာ ငါ့ကို သိကြားမင်းတောင် ဆင်းတားလို့မရဘူးကွ။ သတ္တိမရှိတဲ့ကောင်တွေ. . ပြန်ကွာ"

"ဒါဆိုလည်း မင်းထိုက်နဲ့မင်းကံပဲပေါ့ မောင်ရာ။ ငါတို့ကတော့ ဘာမဟုတ်တဲ့ အရှုံးမတစ်ယောက်အတွက်နဲ့ အပြုံးမခံနိုင်ဘူး။ ဒေါ်နန်းအိမ်ကြီး ဘယ်လိုမိန်းမစားလဲဆိုတာ မင်းအသိဆုံးပဲ။ ပြောမရ တားမရရင် နေခဲ့။ လာ. . လူဆောင်။ ပြန်ကြစို့"

"တောက်. . နေမင်းထိန်ရာ။ မင်းကွာ. ."

ကျောက်ကြီးဇေသိန်းသည် ကျွန်တော့်မျက်နှာကို ကရုဏာဒေါသောနှင့် တစ်ချက်စိုက်ကြည့်ပြီးနောက် လူဆောင်ဆွဲခေါ်ရာသို့ ပါသွားခဲ့သည်။ သူတို့ ခြေသံကို လုံလုံနင်းရင်း လှည့်ကြည့်လှည့်ကြည့်လုပ်ကာ လမ်းမှပင်များကို အကာအကွယ်ယူပြီး ပျောက်သွားခဲ့ကြသည်။

သူတို့ ထူးဆန်းလှသော ဒေါ်နန်းအိမ်ကြီးကို လွန်စွာကြောက်ရွံ့ကြသည်။ ဒေါ်နန်းအိမ်ကြီးကို သူတို့သာမက ကျွန်တော်အပါအဝင် တစ်ရွာလုံး၊ တစ်နယ်လုံး ကြောက်လန့်ကြပါသည်။

ဒေါ်နန်းအိမ်ကြီးကို. .

စုန်းမကြီးဟု ခေါ်ကြ၏. .။

တစ္ဆေသရဲမကြီးဟုလည်း ကင်ပွန်းတပ်ကြ၏. .။

မှော်ဆရာမကြီး၊ ကဝေမကြီး၊ ဆယ့်နှစ်ကြိုးကဝေအကြီးစားကြီးဟုလည်း ခေါ်ဆိုသမုတ်နေကြ၏. .။

သူမကြီးနေထိုင်သည့် တဲအိမ်ဝန်းကျင်သို့ မည်သူမျှမချဉ်းကပ်ရဲကြ။ သတ္တိကောင်းလှသော တံငါသည်များ၊ လူမိုက်များပင် အနားမသီရဲကြ။

ဒေါ်အိမ်ကြီးရဲ့ ဒေါသကို သိကြသည်. .။

ဒေါ်နန်းအိမ်ကြီးရဲ့ မျက်လုံးအကြည့်ကို ကြောက်ရွံ့ကြသည်. .။

ဒေါ်နန်းအိမ်ကြီး မုန်းတီးပြီး အမျက်ဒေါသထွက်မှာကို တုန်လှုပ်ချောက်ချားကြသည်. .။

သည့်လို တစ်ရွာလုံး ကြောက်ရွံ့ထိတ်လန့်နေကြသည့် ဘာမှန်းမသိရသော မိစ္ဆာရိုင်းရိုင်းမိန်းမကြီးနှင့် ချောစု ဘယ်လိုပတ်သက်သွားသည်လဲ. .။





ဘာကြောင့် သူတို့နှစ်ဦး သည်လပြည့်ညသန်းခေါင်ယံမှာ လျှို့ဝှက်လှုပ်ရှားနေကြတာလဲ. .။

ကြည့်. .။

လှုပ်ရှားနေသည့်နေရာက လူနီးသူနီး လူ့ရပ်ဝန်းကျင်မှာ မဟုတ်။ တဝေါဝေါ တဝုန်းဝုန်း ကမ်းပြိုအောင် ဒီရေလှိုင်းလုံးများ မာန်စောင်ဟည်းထဝဲဂယက်ကြွမ်းနေသည့် ပင်လယ်ကမ်းစပ်မှာ။

ကြည့်နေဆဲမှာပင်. .

ဒေါ်နန်းအိမ်ကြီးသည် လက်နှစ်ဖက်ကိုမြှောက်၍ မိုးကောင်းကင်ပေါ်က လမင်းကို မော့ကြည့်လိုက်သည်။ လရောင်သည် သူမတို့နှစ်ဦးနှင့် ခေါင်းပေါ်မှာ မျက်စောင်းထိုးကျနေ၏။

ဒီမှာ အဘွားအိုကြီးဒေါ်နန်းအိမ်ကြီး ညာလက်နှင့် ဘယ်လက်မှ ထူးဆန်းသောအလင်းတန်းနှစ်ခု ပင်လယ်ပေါ်သို့ ဖြာထွက်သွား၏။

အလင်းရောင်က. .

လင်းခနဲ. . ဝင်းခနဲ. .။

ချောစုမကား တဝုန်းဝုန်းရိုက်နေသည့် ပင်လယ်လှိုင်းလုံးများကို ကြည့်၍ ကိုယ်ကိုယ်မိမ်းထိုးလှုပ်ရှားနေသည်။

အဘွားကြီးဒေါ်နန်းအိမ်ကြီး လက်ဝါးနှစ်ဖက်မှ ဖြာထွက်နေသည့် အလင်းစုနှစ်ခုသည် အဆုံးအစမမြင်ရသော ပင်လယ်ရေပြင်ပေါ်မှာ ဥဒဟို ပြတ်သွားနေသည်။

အလင်းတန်းနှစ်ခုသည်. .

မိုးပေါ်သို့ ထောင်သွားလိုက်. .။ အဘွားကြီးနှင့်တည့်တည့် ရင်ရှေ့မှာ ဖြာနေလိုက်. .။ ပင်လယ်ရဲ့ ရေပြင်အနှံ့အပြားမှာ ဖြာစူးနေလိုက်. .။

များမကြာခင် ပင်လယ်အဝေးရှိ ရေပြင်ပေါ်မှာ မီးလုံးတစ်လုံးကို ဝိုးတဝါးဝါးမြင်လိုက်ရသည်။ ပင်လယ်ရေပြင်ပေါ်မှ မီးလုံးလေးသည် နိမ့်လိုက် မြင့်လိုက်နှင့် ခုန်နေ၏။

ဘုရားရေ. .

ဒေါ်နန်းအိမ်ကြီး။ သူမရဲ့ပညာဆန်းများဖြင့် ရေနက်ပင်လယ်ထဲမှ နဂါးများကို ညို့ယူခေါ်ငင်နေရော့သလား. .။

ကျွန်တော်ခေါင်းထောင်၍ကြည့်လိုက်သောအခါ ပင်လယ်ရေပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

အဝေးဆီက မီးလုံးသည် ပို၍လင်းလက်လာ၏။

ဒါနှင့်အတူ ပင်လယ်မီးလုံးရှိရာမှာ လက်ခနဲ ဝင်းခနဲ ရောင်ပြန်အလင်းတန်း ဝိုးတဝါးတစ်ခုသည် ဒေါ်နန်းအိမ်ကြို့တို့နှစ်ဦး ရပ်နေရာသို့ ဖြိုးခနဲဖျတ်ခနဲ ရောက်ရှိလာ၏။

"ဟား. . ဟား. . ဟား. . ဟား. ."

"ဝါး. . ဟား. . ဟား. . ဟား. ."

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

"အဟစ်. . ဟစ်. . ဟစ်. . ဟား. . ဟား. . ဟား. . လာခဲ့ကြ. . လာခဲ့ကြ. . ဒီကိုလာခဲ့ကြ။ ငါတို့ ဒီမှာဟေ့. . ဒီမှာ. .။ ဟား. . ဟား. . ဟား. . ဟား. ."

အဘွားကြီးဒေါ်နန်းအိမ်ကြို့က အူလှိုက်သည်းလှိုက် ချောက်ချားစရာ အသံနက်ကြီးနှင့် ရယ်လိုက်ပြီး အလင်းရောင်ထွက်နေသော လက်ဝါးနှစ်ဖက်နှင့် ပင်လယ်မီးစုန်းလိုလို မီးလုံးရှိရာသို့ လက်ယပ်၍ ခေါ်လိုက်သည်။

ချောစုက ပင်လယ်မီးလုံးရှိရာသို့ ငေးမောရှုကြည့်နေ၏။

"ဟား. . ဟား. . ဟား. . ဟား. . ဒီလိုလားဟေ့။ ငါသိတယ်နော်"

"ဟား. . ဟား. . ဟား. . ဟား. ."

"ငါသိနေတယ်. ."

"ငါ. . သိ. . နေ. . တယ်. . ဟေ့. ."

"ငါ. . သိ. . နေ. . တယ်. . ဟီး. . ဟီး. . ဟီး. . ဟီး. ."

လျှို့ဝှက်ဆန်းပြားလွန်းလှသော အဘွားကြီးဒေါ်နန်းအိမ်ကြို့သည် သို့ကလိုစကားလုံးကို ရင်ခေါင်းသံအနက်ကြီးနှင့် အော်မာစ်ပြောဆိုလိုက်ပြီးနောက်. .

ဖြုန်းဆို ကျွန်တော်ဝပ်ချောင်းနေသည့် လမှုပင်ကုန်းရှိရာသို့ ချာခနဲ မျက်နှာကိုမူလိုက်သည်။ ဆံပင်ရှည်များသည် လေထဲမှာ မီးတောက်မီးလျှံများလို ဘယ်ညာဝဲပျံနေသည်။

ငင်းနောက် လက်ဝါးနှစ်ဖက်ကို ကျွန်တော်ရှိရာသို့ ဆန့်တန်းလိုက်သည်။ ဝင်းခနဲ ဝိုးတဝါးအလင်းရောင်နှစ်ခု ကျွန်တော်ပုန်းကြည့်နေရာသို့ ပြေးလာလိုက်သည်။

ကျွန်တော့်ရင်သည် တုန်ခါသွားခဲ့သည်။

စိတ်ကူးသစ်စာပေ



ဘုရား. . ဘုရား. .

အဘွားကြီးဒေါ်နန်းအိမ်ကြို့ ကျွန်တော်လျှို့ဝှက်စွာချောင်းမြောင်းနေသည်ကို သိရှိသွားခဲ့ပြီလား။

"ဟား. . ဟား. . ဟား. . ဟား. ."

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

"အဟင်း. . ဟင်း. . ဟင်း. . ဟင်း. ."

"ဟား. . ဟား. . ဟား. . ဟား. ."

ဒီမှာပဲ အဘွားကြီးဒေါ်နန်းအိမ်ကြို့နှင့်အတူ ချောစုမကာပါ ကျွန်တော်ရှိရာအရပ်သို့ မျက်နှာမူပြီး လက်နှစ်ဖက်ကိုဆန့်ကာ အားရပါးရရယ်ကြတော့သည်။

ကျောရိုးတစ်လျှောက် စိမ့်ဝင်သွားပြီး ကြက်သီးဖြန်းခနဲထကာ ခေါင်းကြီးသွားသည်။

ဆက်နေလို့ ဖြစ်ပါ့မလား. .။

ငါရှိနေမှန်း သိသွားပြီ တစ်စုံတစ်ခုပြုလုပ်လိုက်ရင် အခက်။

အဘွားကြီးလက်ဝါးနှစ်ဖက်မှ အလင်းတန်းနှစ်ခုသည် ကျွန်တော့်ဝန်းကျင်တစ်ဝိုက်မှာ လှုပ်ရှားနေသည်။

ဒါ. . ဒါ. . ပညာသည် 'စက်ကြိုး' ဆိုတာများ ဖြစ်နေမလား။ အကယ်၍ ပညာသည် 'စက်ကြိုး' ဖြစ်ခဲ့လျှင်. .၊ မိခဲ့လျှင်. .။

ကျွန်တော် ချက်ချင်း ကျောက်ရုပ်ဖြစ်သွားမှာလား. .။

ဒါမှမဟုတ် သားကောင်တစ်ခုခု ဖြစ်သွားမှာလား. .။

အဲဒီလိုတဝမ်း မမျှော်လင့်ဘဲ ရောက်သွားခဲ့လျှင် ကျွန်တော် ချောစုကို ကယ်တင်လို့ ရပါတော့မလား။

ကျွန်တော် ချောစုကို သံယောဇဉ်ဖြစ်နေခဲ့ပြီ။

ချောစု အစောကြီး မသေသင့်သေး. .။

အကယ်၍သာ ချောစုကို ဒီအဘွားကြီးနန်းအိမ်ကြို့ ပူစားပြီး သတ်ပစ်မည်ဆိုလျှင် အစောကြီးသတ်ပစ်လို့ရသည်။

သတ်ပစ်ရန် သူမကြီး ကြံစည်နေရော့သလား. .။

ဒီမှာပဲ အဘွားကြီးသည် ကမ်းပါးပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီး ကျွန်တော်ရှိနေရာသို့ ပြေးချလာနေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အခြေအနေမဟန်မှန်း သိလိုက်ပြီ။ ကျွန်တော် လျှို့ဝှက်ပုန်းအောင်း ချောင်းမြောင်းနေသည်ကို သိသွားလို့ အန္တရာယ်ပြုရန် လာနေသည်ထင်ရဲ့။

ဒီမှာပဲ ကျွန်တော် ကိုယ်ကိုကြို့လိုက်ပြီး ကုန်းနှံဘေးမှသည် လမှုပင်တောရှိရာသို့ ခြေကုန်သုတ်၍ ပြေးခဲ့လိုက်တော့သည်။

ပြေးရင်း မောဟိုက်လာ၍ ချွေးသီးများကျလာ၏။

နောက်ကလိုက်လာသည့်ခြေသံကို မကြားရတော့မှ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်လိုက်ပြီး ဒေါနန်းအိမ်ကြို့ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ. .

ပင်လယ်ကမ်းစပ်မှာ လှုပ်ရှားနေသော မည်းမည်းကြီးတစ်ခုကို ခပ်ဝါးဝါးမြင်လိုက်ရသည်။ ရွက်တပ်သင်္ဘောလိုလို. . ။

ဒါမှမဟုတ်. .

အလွန်ကြီးမားသော ခေါင်းကြီးတစ္ဆေ မည်းမည်းကြီးလိုလို. . ။

ဘုရား. . ဘုရား. .

သူတို့ ဘာလုပ်ကြပါလိမ့်. . ။

ထိုမည်းမည်းကြီးအလယ်မှ မျက်လုံးဝိုင်းဝိုင်းကြီးကို မြင်နေရသည်။ မရှိဘူးဆို အဝေးခန့်မှန်း ပြည်တောင်းသာသာခန့်ရှိသည်။

လူကြီးတွေပြောနေကြသည့် တစ္ဆေမျက်လုံးဆိုတာများလား။

ကြည့်နေဆဲမှာပင် တစ္ဆေမျက်လုံးလို့ ထင်လိုက်ရသော မီးလုံးသည် ပို၍လင်းထိန်သွားခဲ့သောအခါ ကျွန်တော် ကြောက်ရွံ့ကြီးစွာနှင့် သစ်ပင်ပေါ်မှဆင်း၍ ရွာထဲသို့ ပြေးဝင်လာခဲ့လိုက်လေသည်။

❁ ❁ ❁

## ၂

## သရဲလိုက် သရဲပြန်

ကျွန်တော်တို့နေသည့် သံတဲရွာထဲသို့ ခြေကုန်သုတ်ပြေးဝင်လာလိုက်သည့်တိုင် နောက်ဘက်မှ ခြေသံများ ကြားနေသည်။

ခြေသံများက ထက်ကြပ်မကွာ မလှမ်းမကမ်းမှ လိုက်လာသည့် ခြေသံများ. . ။ ခြေသံနှင့်အတူ လူညည်းသံလိုမျိုး ကြားလိုက်ရသေးသည်။

ကြောက်ကြောက်လန့်လန့်နှင့် လှည့်ကြည့်လိုက်တော့. .

အုန်းပင်များ၊ ဓနိပင်များ၊ လမုပင်များ လရောင်အောက်မှာ လေပြင်းနှင့် ယိမ်းထိုးလှုပ်ရှားနေကြသည်မှာ ညဥ့်သန်းခေါင်ကျော် သရဲတစ္ဆေ သဘက်ကြီးများ လက်ကားယားခြေကားယားနှင့် ဘယ်ညာရှေ့နောက် ပန်းဝန်းလိုက်နေသကဲ့သို့ ရှိနေရကား. .

သွေးကြောင်သူတစ်ယောက်အဖို့ မြင်ရရုံနှင့် နေရာတင် ကြောက်လန့်ပြီး အသက်ထွက်သွားနိုင်ပေသည်။

"ဖတ်. . ဖရပ်. . ရှပ်. . ရှပ်. ."

"အည်း. . အည်း. . ဟင်း. . ဟင်း. . ဟင်း. ."

"ဂီး. . ဂီး. . ဂစ်. ."

"ဘုရား. . ဘုရား. ."


www.burmeseclassic.com

www.burmeseclassic.com



ဖွဲပါကုန်းတန်းရွာကို ဝင်ခါနီးရောက်တော့ နောက်မှလိုက်လာသည့်ခြေသံက ပို၍နီးလာသလိုရှိ၏။

ညည်းသံကြီးကလည်း ပိုကျယ်လာ၏။ အရေးထဲ လင်ကောင်ပိုးခေါ် ညဥ့်ငှက်ဆိုးတစ်ကောင်က ထအော်လိုက်၍ ကန်သင်းရိုးကို ခလုတ်တိုက်ပြီး လဲကျသွားသည်။

"ဗုန်း. ."

"အင့်. . အမလေး. ."

"အူ. . အူ. . အူ. . အူ. ."

"ဝူ. . ဝူ. . ဝူ. . ဝူ. ."

"အူ. . အူ. . အိန်. . အိန်. ."

"ဂိန်. . ဂိန်. . အိန်. . အိန်. . အူ. . ဝူး. ."

ရွာခွေးများသည် မကောင်းဆိုးဝါးများကို မြင်လိုက်သည့်အခါ ဟောင်ကြ၊ အူကြသည့်အတိုင်း လေးငါးခြောက်ကောင် ဝိုင်းအူဟောင်သောအခါ ကပျာကယာ မြေပြင်မှ ကုန်းရုန်းထလိုက်ပြီး ခြေကုန်သုတ်၍ ပြေးဝင်လိုက်သည်။

ခွေးများကား အူလို့ကောင်းနေဆဲ။

လဝန်းကို တိမ်မည်းများက မှိုချလိုက်သောအခါ စောစောက အရာရာကို မြင်နေရသည့် မြင်ကွင်းများ ရုတ်ချည်း မှောင်နှင့်မည်းမည်းဖြစ်သွားခဲ့သည်။

နောက်ကလိုက်လာသည့်ခြေသံများ မကြားရတော့။

လူမမာတစ်ယောက်လို၊ အသက်ထွက်ခါနီး ဒဏ်ရာရလူတစ်ယောက်လို ညည်းညူသံကြီးလည်း ရွာဝမှာ ကျန်ရစ်ခဲ့သည်။

ကျွန်တော် ဖွဲပါကုန်းရွာသို့ ဝင်သောအခါ အိမ်ခွေးများက ဆီးကြို၍ဟောင်ကြသည်။

"ဗုန်း. . ဗုန်း. ."

ကျွန်တော် အလျင်စလို တံခါးကိုပုတ်လိုက်၏။

"ဗုန်း. . ဗုန်း. ."

"အမေ. . အမေ. ."

"ဘယ်သူလဲ"





"ကျွန်တော်ပါ အမေ။ တံခါးဖွင့်ပါဦး"

"လူကလေး နေမင်းထိန်လား"

"ဟုတ်တယ် အမေ. .။ မြန်မြန်ဖွင့်ပါဗျာ"

အိမ်အတွင်းမှ မီးရောင်နှင့်အတူ အမေ့လှုပ်ရှားသံကို ကြားရပြီး ထရံတံခါးမင်းတုပ်ဖြုတ်သံ ကြားရကာ တံခါးတစ်ချပ်ပွင့်သွားခဲ့တော့မှ အိမ်ပေါ်ကို ကပျာကယာလှမ်းတက်ပြီး အားရပါးရ အမောဖြေလိုက်တော့သည်။

"လူတစ်ကိုယ်လုံး ပေရေညစ်ပတ်လို့ပါလား နေမင်းထိန်။ လူလေး ဘာဖြစ်လာတာလဲဟင်။ ရန်ဖြစ်လာလို့လား။ ဟုတ်လား. ."

"ဟူး. ."

"ဘယ်သူနဲ့ ဖြစ်ပြန်ပြီလဲ နေမင်းထိန်ရယ်။ မဟုတ်မှလွဲရော။ မင်း ငွေသောင်တို့ ငမန်းတို့နဲ့ ဖြစ်ပြန်ပြီတူပါရဲ့။ ဒုက္ခပါပဲ"

"နေစမ်းပါ အမေရာ။ ကျုပ် ဘယ်သူနဲ့မှ ရန်မဖြစ်ခဲ့ဘူး"

"အဲဒါဖြင့် ဘာလို့ ချွေးတွေသံတွေ၊ ဖုန်တွေနဲ့ လူးနေတာလဲ"

"သရဲလိုက်လို့. ."

"အလို. . ဘုရားရေ. . သရဲလိုက်လို့. .။ ဘယ်က သရဲလဲ။ နင် ဘယ်ကိုသွားခဲ့လို့လဲ။ မန်ကျည်းကိုးပင်သရဲလား။ ထန်းပင်ကျိုးသရဲလား။ ဘုရား. . ဘုရား. . ကံကောင်းလို့ပါလား။ ပြောစမ်းပါ. .။ ဘယ်က. ."

"အမေ. ."

"ဘာလဲ ထေိန်"

"အမေ အိပ်တော့ဗျာ"

"ဟဲ့. . နင်ဘာဖြစ်မှန်းမသိဘဲ အိပ်ရမှာလား။ အကျိုးအကြောင်းပြောပြဦးမှပေါ့ဟဲ့"

"အမေ. . အခု သရဲ ကျုပ်နဲ့ပါလာတယ်"

"ဟင်. . ဘယ်. . ဘယ်. . မှာ. . လဲ. . ဟင်. . ဟင်. ."

"ခြံဝမှာ ရောက်နေပြီ"

"အမလေး. . မြတ်. . စွာ. . ဘုရား. . ကယ်. . တော်. . မူ. . ပါ. . ဘုရား။ သံ. . သံ. . ဗုဒ္ဓေ. . အဌ. . ဝိ. . သ. . ဥ. . ဒွါရ. . ဒွါ. . ရ. . အဲ. . အဲ. . နောက်. . ဘာ. . ဘာပါလိမ့်. .။ အဲ. . အဲ. ."

အရေးထဲ စိတ်ညစ်ညစ်နှင့် ပြောချလိုက်မှ အမေ့ကြောက်



www.burmeseclassic.com

 www.burmeseclassic.com

လန့်ပြီး သံဗုဒ္ဓေကိုရွတ်ရင်း မေးနေပြန်သည်။ သရဲသာ အမှန်တကယ် ပါလာလျှင် အိမ်ပေါ်ကိုပင် ရောက်လောက်ပြီ။ အမေ ကြောက်လွန်း၍ လက်အုပ်ချီပြီး နောက်ပိုင်းအဆက်ကိုမရသဖြင့် စိတ်ညစ်ကာ ခေါင်းကုတ်နေစဉ်. .

"အမေ. ."

"ဘာ. . ဘာလဲ. . င. . င. . ထိန်. .။ ဒွါရ. . ဒွါ. . ရ. ."

"သရဲ ပြန်လှည့်သွားပြီ အမေ"

"ဟင်. . တ. . တကယ်. . လာ. . ဟင်. . ဟင်. ."

"ဟိုမှာ သွားပြီဗျ"

"ဟင်း. . တော်ပါသေးရဲ့။ ဘုရား. . ဘုရား. . အရေးထဲ ဘုရားစာက မေ့နေသေး။ ဟဲ့. . ငထိန်ရဲ့. . ဟဲ့. . ငထိန်"

"ဘာတုံးဗျာ အမေကလည်း. ."

"မ. . မ. . သိလို့. . မေး. . မေးပါရစေ လူ. . လေးရယ်။ အဲ. . အဲဒီ. . သ. . သရဲ. . က. . ဘယ်သူနဲ့ တူ. . တူလဲ. . ဟင်. . ငထိန်"

တောက်. . ခက်ပါ့ဗျာ။ စောစောက သရဲကိုကြောက်တုန်းကလည်း အမေ. .။ အခု သရဲပြန်ထွက်သွားပြီဆိုတော့ ကြံကြံဖန်ဖန် သရဲက ဘယ်သူနှင့်တူသလဲဟု မေးနေပြန်သည်။

"စာလုပ်မလို့တုံး အမေရာ။ အမေကလည်း တစ်မျိုးပဲ"

"လူလေးရာ. .။ နောင်. . ညဦးရေးညဥ့်ဘာ သွားရင်းလာရင်း မမျှော်လင့်ဘဲတွေ့ခဲ့ရင် ရှော●နိုင်တိမ်းနိုင်လို့ မေး. . မေးရတာပါဟယ်"

"အမေသိပ်သိချင်နေတယ်. . ဟုတ်လား"

"အေး. ."

"မှတ်ထား အမေ၊ သရဲမျက်ခွက်က ဇလွန်ကျော်ပြူးရုပ်မျိုးဗျ"

"အမယ်လေး. . ကျော်ပြူးရုပ်မျိုး"

"ဟုတ်တယ်"

"အမလေးဟဲ့. .။ သရဲဖြစ်တာတောင် ဇလွန်ကျော်ပြူးနဲ့ တူတယ်ဆို ဒီသရဲ ဘဝဆိုးလှချည်လား ငထိန်ရဲ့"

# ၃

# စစ်ရဲ့စုတ်ချက်ကြမ်းပန်းချီကား

ကျွန်တော် စဉ်းစားကြည့်သည်။

ချောစု. .

ကြွေရုပ်လေးလို၊ ယမင်းရုပ်ငွေလေးလို ရက်ရက်စက်စက်လှပသည့် မိန်းမချောလေး ချောစု. .။

ဘာကြောင့် ခေါ်နန်းအိမ်ကြို့လို မိန်းမကြီးနှင့် သွားရောက်ပတ်သက်နေတာလဲ. .။

ခေါ်နန်းအိမ်ကြို့သည် သာမန်မိန်းမ မဟုတ်။ အရပ်အရွာကသူ့ကို ထူးထွေဆန်းပြားလွန်းလှ၍ လျို့ဝှက်သိပ်သည်းလွန်းလှ၍ ကြောက်ကြသည်။ လန့်ကြသည်။

ဒီမိန်းမကြီးကို တစ္ဆေသရဲမကြီးဟုလည်း ခေါ်ကြ၏. .။

မကောင်းဆိုးဝါးမိန်းမကြီးဟုလည်း ခေါ်ကြ၏. .။

သေမင်း၏ကိုယ်စားလှယ်တော်ကြီးဟုလည်း ခေါ်ကြသည်. .။

တစ်ရွာလုံး၊ တစ်ရပ်လုံး ပင်လယ်ရေလုပ်သား တံငါများအားလုံး ကြောက်ရွံ့စိုးရိမ်နေသည့် သည့်လိုမကောင်းဆိုးဝါးမိန်းမကြီးနှင့် ချောစု လက်ပွန်းတတီးရှိနေသည်ကို ကျွန်တော်တို့အားလုံး လွန်စွာကိုပဲ အံ့သြခဲ့ရသည်။

သည်နေရာကစ၍ ခေါ်နန်းအိမ်ကြို့ဆိုသော မကောင်းဆိုးဝါးမိန်းမကြီး လျို့ဝှက်သည်းဖိုမိန်းမကြီးအကြောင်း ကျွန်တော် ထပ်ပြီး ဖောက်သည်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းမကြီး ကျွန်တော်တို့အရပ်သို့ စတင်ခြေချသည့်နေ့သည် တစ်ရွာလုံး မျက်ရည်ဖုံးသည့်နေ့ဖြစ်သည်။

ကျွန်တော်တို့ရွာကို မီးပြကျေးရွာဟု ခေါ်ကြ၏။ ကျောက်တန်းမြို့အပိုင်ဧရိယာထဲမှာ ရှိသည်။

မီးပြသည် ရှေးအစဉ်အဆက်ကတည်းက ပင်လယ်တံငါရွာကြီး ဖြစ်၏။ ပင်လယ်နှင့် ကပ်လျက်ရှိ၏။ ပင်လယ်၏ အနောက်ဘက်ထောင့်မှာ မုတ်ကျွန်း (သောင်ခုံ) ရှိသည်။ ဓနုတ်ရှိသည်။

'သီလဝါမီးပြ' ဟု အချို့က ခေါ်ကြသေး၏။ ရှေးအခါက ခံတပ် ဖြစ်ခဲ့၍ မြန်မာမင်းများလက်ထက် ခံတပ်အကြွင်းအကျန်များ ရှိနေသေး၏။

ပါဒကောင်းစားစဉ် ခေတ်တုန်းကလည်း ဤသီလဝါမီးပြ ပင်လယ်ဝ မှ အနောက်အိန္ဒိယကုလားများ ရွက်လှေသင်္ဘောများနှင့် ဝင်လာပြီး ပါဒနိုင်ငံ မင်းများ၏မြေကို ကျူးကျော်လုယက်ခဲ့ကြ၏။ ဤကျူးကျော်သူများကို သမိန် စက္ကဝတ်ဘွဲ့မည်ခံ ပါဒမင်းက လေးသည်တော်များ၊ စစ်သည်တော်များနှင့် တွန်းလှန်အောင်နိုင်ခဲ့၍ သမိန်စကားကျွန်း (သူရဲကောင်းပေါ်များသည့်ကျွန်း) ဟု ရာဇဝင်မှာ ကျော်စောထင်ရှားခဲ့၏။

မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့ စတင်ကျူးကျော်စဉ်ကလည်း ဤပင်လယ်ဝမှ စစ်သင်္ဘောများနှင့် ဝင်ရောက်ခဲ့ကြရကာ ဤမီးပြ ပင်လယ်ဝ ဒေသသည် အလွန်အချက်အချာကျသောနေရာ ဖြစ်ခဲ့၏။

ကျောက်တန်းမြို့ မှော်ဝန်းချောင်းတစ်ဖက်ကမ်းမှာရှိသည့် မီးပြနှင့် ကျောက်တန်းမြို့ကို မှော်ဝန်းချောင်းက ခြားထား၏။ မှော်ဝန်းချောင်းသည် ပင်လယ်နှင့်ဆက်၏။

ရန်ကုန်မြစ်သုံးဆိုင်နှင့် ဆက်နေ၏။ ရေလယ်ခေါင်ကျွန်းပေါ်၌ နာမည်ကျော်ရေလယ်ဘုရားခေါ် ကျိုက်မှော်ဝန်းဘုရားစေတီ ရှိနေ၏။

မီးပြနှင့် ပန်းတောက မှော်ဝန်းချောင်းတစ်ဖက်ကမ်းမှာ ရှိသည်။ ပန်းတောကျေးရွာကိုဗဟိုပြုလျှင် ပန်းတောကျေးရွာအုပ်စု ဆက်၍ ကျွန်းကလေး၊ ဥယျာဉ်ကျေးရွာ၊ ရွာသစ်ကြီး၊ သောင်ကြီး၊ ဝဲကြီး၊ ကြံပင် စသည့် ရွာပေါင်းများစွာရှိပြီး မင်းကလွန်၊ အစဲ၊ ခနောင်ရွာများလည်း ရှိသေး၏။

မီးပြအပိုင်အုပ်စု၌ ပင်လယ်ကမ်းခြေရွာများဖြစ်ကြသော ဇွဲပါကုန်းတန်း၊ သံတဲ စသည့် ပင်လယ်ရွာများ ရှိကြသည်။





ကျောက်တန်းအပိုင်ကို စုပေါင်းလိုက်လျှင် ကျေးရွာပေါင်း (၆၄)ရွာ ရှိသည်ဟု အဆိုရှိ၏။

မီးပြကား ဆိုခဲ့သလို ရှေးဘိုးဘွားအစဉ်အဆက်ကစ၍ ရေလုပ်ငန်းဖြင့် အသက်မွေးကြကာ ပင်လယ်ထွက်သူများ၊ စက်လှေပိုင်ရှင်များ၊ မော်တော်ပိုင်ရှင်များ၊ တံငါလှေများ၊ ငါးရွှဲ့ဒိုင်များ၊ ငါးခြောက်လှမ်းစင်များဖြင့် ချမ်းသာလွန်းသူများ ရှိသကဲ့သို့ ပင်လယ်မှာ အသက်နှင့်ရင်းနှီးပြီး အသက်မွေးကြသူများ၊ ငွေရှင်ကြေးရှင် ငါးဒိုင်များ၊ ငါးရွှဲ့ပိုင်ရှင်များအတွက် ပယ်လယ် ရေပြင်နက်မှာ မုန်တိုင်း၊ လေပြင်း၊ လှိုင်းလုံး၊ ပင်လယ်ဒီရေအကြား အသက်စွန့်ကြရသည့် ရေလုပ်သား ဆင်းရဲသား အညတြလက်လုပ်လက်စားများလည်း နေထိုင်လုပ်ကိုင်မှု ရှိကြ၏။

စီးပွားရေးအရ ငါးခြောက်ငါးခြမ်း၊ ငါးစိမ်းငါးစို၊ ငါးပိလုပ်ငန်းများ ရှိနေ၍ ရွာနီးချုပ်စပ်က နေ့စားအလုပ်သမားများ၊ အလုပ်သမများ လာရောက် လုပ်ကြရကား မီးပြသည် စည်ကားလှပေ၏။

ခေတ်က ဂျပန်ဝင်စခေတ်. . ။

အင်္ဂလိပ်အပြေး. . ။

စစ်ဘေးစစ်ဒဏ်ကြောင့် မီးပြဝန်းကျင်၊ ပန်းတောဝန်းကျင်တစ်ဝိုက် ၌ စစ်ပြေးခိုလှုံသူများ၊ စစ်ဘေးကြောင့် ရှောင်ဟိမ်းသူများ ပြည့်လှုခမန်း ရှိနေ၏။

ရွာတိုင်းမှာ စစ်အတွက် ရှောင်ရှားနေထိုင်သူများ ရှိနေကြ သည်။

အချို့က အမျိုးအဆွေများရှိရာသို့၊ အချို့က အသိအကျွမ်း မရှိ သူစိမ်းပြင်ပြင်ရောက်ရှိလာကြပြီး နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများမှာ [illegible]ဆိုတည်းခိုလို့ ရှောင်တိမ်း လာရောက်နေထိုင်ကြရ၏။

ဂျပန်ဝင်လာပြီမို့ အင်္ဂလိပ်နှင့်ဂျပန် စစ်ဖြစ်နေကြပြီ။ သန့်လျင်၊ ကျောက်တန်းမြို့ကြီးများ ဂျပန်စစ်လေယာဉ်များ၏ ဗုံးဒဏ်ကြောင့် အချို့ အချက်အချာကျသည့်နေရာများ မီးဟုန်းဟုန်းတောက်လောင်နေကြသည်။

သန့်လျင်မြို့ ဘီအိုစီ (B.O.C) ဗြိတိသျှပိုင် ရေနံချက်စက်ရုံကို အင်္ဂလိပ်အစိုးရက ဂျပန်ဝင်လာသည့် ၁၉၄၂ အကုန်မှာ မိုင်းဗုံးဆင်ပြီး မြေလှန်စနစ်ဖြင့် ဖောက်ခွဲဖျက်ဆီး၍ ဆုတ်ခွာကြရကား သန့်လျင်မြို့ကြီးသည် မီးဟုန်းဟုန်းတောက်လောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်လေယာဉ်များက ဗုံးမိုးရွာချ၊ အောက်ကနေ အင်္ဂလိပ်စစ်တပ်ကလည်း ဆုတ်ပစ် ပစ်နေကြသောကြောင့် လေယာဉ်ပစ်အမြောက်သံများ၊ ရန်သူ့လေယာဉ်မှုအချက်ပေးဥသြသံများ၊ သံချောင်းခေါက်သံများ၊ ဗုံးကျကွဲသံများကား နေ့ရော ညရော မပြတ်။

သေလိုက်ကြသည်မှာလည်း သောက်သောက်လဲ. .။

အချို့ အလောင်းကို မသင်္ဂြိုဟ်နိုင်ကြ။ ဒီအတိုင်း ပစ်၍ထားရသည်။ ဗုံးသံ၊ အမြောက်သံနှင့် စက်သေနတ်သံစဲမှ အမြန်ကောက်၍ အကျဉ်းရုံးသရဏဂုံတင်ပြီး သချိုင်းမှာ ကျင်းတိတ်တိတ်တူး၍ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရ၏။

အချို့သော အလောင်းများကား ဟိုနေရာတစ်လောင်း၊ သည်နေရာတစ်လောင်း မြှုပ်နှံသင်္ဂြိုဟ်သူ ကင်းမဲ့လျက်. .။

အဲဒီအလောင်းများကား အခြေအနေမဲ့များ၊ ခြေသလုံးအိမ်တိုင်များ တောင်းရမ်းစားသောက်သူများ၊ ဆွေမရှိမျိုးမရှိအလောင်းများ ဖြစ်ကြ၏။

လူသေကောင်နှင့် တိရစ္ဆာန်များသည် ပုပ်ပွနံဟောင်လျက်။

ထိုစဉ်က. .

ကျောက်တန်းကျောက်ပုံဆိပ်နှင့် မော်ဝန်းရေလယ်ဆိပ်မှာ စစ်ကိုရှောင်တိမ်းပြေးလာသူများ ဖွေးဖွေးလှုပ်နေ၏။

ထိုစဉ်က ကျွန်တော်တို့က ကူးတို့လှေသမား. .။

"ကျွန်မတို့ကို အလျင်ပို့ပေးပါ. ."

"ကျွန်တော်တို့ကို အလျင်ပို့ပေးပါ. ."

"ဒီမှာ ဒဏ်ရာနဲ့ လူနာပါလို့ ဦးစားပေးကြပါ. ."

"ကျုပ်အမေ မမာနေလို့ အလျင်ပို့ပေးကြပါ. ."

ကလေးတွေ လန့်နေလို့. .

ကိုယ်ဝန်ဆောင် ပါနေလို့. .

ဦးစားပေးပါ၊ အလျင်ပို့ပေးကြပါနှင့် ငိုယိုပြောဆို တောင်းပန်မေ[illegible] ရပ်ခံသံများသည် ကျောက်ပုံရေဆိပ်ဝန်းကျင်မှာ ကြေကွဲရင်နင့်စရာမြင်ကွ[illegible] များပဲ ဖြစ်သည်။

ကျွန်တော်တို့ လှေသမားများ၊ ငှက်ခတ်သမားများ တစ်နေ[illegible] ဟိုဘက်ကမ်း သည်ဘက်ကမ်း သယ်ပို့ပေးနေရ၍ ချွေးဒီးဒီးနှင့် လက်ပန်း[illegible] နေရ၏။





အချို့ကိုယ်ဝန်ဆောင်များ လှေ၊ သမ္ဗန်၊ ငှက်များပေါ်မှာ အရေးပေါ်ဗိုက်နာနေ၍ ဟိုဘက်ကမ်းရောက်အောင် လှိုင်းရေခွဲပြီး ဒုန်းစိုင်းလှော်ခတ်ပို့ပေးခဲ့ရ၏။

ဘုန်းတော်ကြီးကျောင်းတိုင်းမှာ စစ်ပြေးခိုလှုံသူများ အပြည့်။ ရွာတိုင်းရဲ့အိမ်တိုင်းနီးပါးမှာ အဆွေအမျိုး စစ်ပြေးခိုလှုံသူများ အပြည့်။ အချို့နေရာမရှိ၍ ရွာဇရပ်များပေါ်မှာ တက်နေကြရ၏။

ထမင်း၊ ဟင်းကို စောစောစီးစီး ချက်စားကြရသည်။

ဂျပန်ဝင်လာပုံ ရက်စက်ကြမ်းကြုတ်သကဲ့သို့ နှစ်တစ်ရာနီးပါး အုပ်ချုပ်မင်းမူခဲ့သည့် နယ်ချဲ့အင်္ဂလိပ် ခွေးပြေးဝက်ပြေး ပြေးပုံကလည်း မြေပါလှန်ခဲ့သည်မို့ မီးလောင်ပြင်ချည်းဖြစ်နေသည်။

ဂျပန်သူလျှိုဟု မသင်္ကာသူများကို ဖမ်းဆီးသတ်ဖြတ်သည်။

ဆုတ်ခွာရာ စစ်လမ်းကြောင်းတစ်လျှောက် အတားအဆီးမှန်သမျှကို ပစ်ခတ်သည်။

တော်လှန်ရေးသမားများနှင့် ဂျပန်တို့ကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်တိုက်သည်။

သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့များမှာ တော်လှန်ရေးတပ်သားများ နေ့မနား ညမနား. .။

ခရမ်းမြို့မှ တောသူတောင်သားများသည် ရရာဓားလှံကိုဆွဲ၍ စစ်ပြေးအင်္ဂလိပ်နယ်ချဲ့တပ်သားများကို ရဲရဲရင့်ရင့် ဝင်ခုတ်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ အသက်၊ သွေး၊ ချွေးများကို ရက်ရက်ရောရော စတေးခဲ့ကြသည်။

ရန်သူကို ကလဲ့စားချေရန် အမုန်း၊ အငြိုး မပြေနိုင်သည့် ဖြစ်ရပ်များကလည်း ခရမ်းမြို့နယ်အပိုင်မှာ ကြေကွဲရင်နင့်စရာကောင်းအောင် ဖြစ်ခဲ့ဖူး၏။

၁၉၄၂ ခုနှစ် ဖေဖော်ဝါရီ (၂၆) ရက် စနေနေ့ နံနက် (၈) နာရီအချိန်က ခရမ်းမြို့နယ် ကျုံတူးကျေးရွာသို့ အင်္ဂလိပ်စစ်တပ်မှ စစ်သားများ ရောက်ရှိလာခဲ့ကြသည်။

'တောင်သူလယ်သမားအရေးတော်ပုံအဆက်များ' ဟု မဟုတ်မတရားစွပ်စွဲသည်။ ပြီးနောက် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်ရန် မြေအောက်လုပ်ငန်းများ လျှို့ဝှက်လုပ်ကိုင်နေကြသည်ဟု စွပ်စွဲပြီး တစ်အိမ်ခြင်း တစ်



www.burmeseclassic.com

www.burmeseclassic.com

အိမ်တက် လက်နက်ရာကြသည်။

လက်နက်နှင့်တူတာ သေနတ်ဒင်အစုတ်မျှမတွေ့။

တွေ့တွေ့ မတွေ့တွေ့ ရန်သူနယ်မြေအဖြစ်သတ်မှတ်ပြီး တွေ့သမျှလူကို မတရားဖမ်းကာ စက်သေနတ်များဖြင့် ရွာထဲမှာ မွေ့ရမ်း ပစ်ခတ်သတ်ဖြတ်ကြသည်။

ရွာဘုန်းကြီးကျောင်းပါမကျန် မီးနှင့်တိုက်သည်။ သိုလှောင်ထားသည့် ရိက္ခာစပါး၊ မျိုးစပါးများကို အသားလွတ် မီးရှို့ဖျက်ဆီးကြသည်။

သည့်ဘုန်းက ခရမ်း (ကျုံးတူးကျေးရွာ) တမန်ကြီးကျေးရွာမှ ပွဲချင်းပြီးသေဆုံးသွားရသူပေါင်း (၂၇) ယောက်ရှိပြီး ပြင်းထန်စွာဒဏ်ရာရရှိသူများမှာ (၅) ဦးရှိခဲ့သည်။

သည့်ဖြော့ ဘီအိုင်အေတပ်ဖွဲ့နှင့် ဂျပန်စစ်တပ်က သင်းတို့ နယ်ချဲ့ အင်္ဂလိပ်ကို ဝင်ရောက်တိုက်ခိုက်ကြသောအခါ သွေးကြွေးကို သွေးနှင့်ဆပ်ကြရကား တိုက်ပွဲများက ပြင်းထန်ခဲ့၏။

မြို့ကြီးများပေါ်မှာနှင့် အင်္ဂလိပ်ဆုတ်ပြေးလမ်းတစ်လျှောက်မှာ ပစ်သံခတ်သံ ခုတ်ထစ်သံများ ညံနေသည်။ ဗုံးမိုးတွေ ကြီးစွာရွာနေသည်။

နေရာတိုင်းမှာ မီးလောင်ပြင်နှင့်မီးခိုးတွေ အူနေသည်။ လမ်းပေါ်မှာ လူအရွယ်မျိုးစုံနှင့် တိရစ္ဆာန်အမျိုးမျိုး သေကြေပျက်စီးနေကြသည်။

ကျွန်တော်တို့ ကူးတို့လှေသမ္ဗန်သမားများ ပန်းတောရေဆိပ်၊ မီးပြရေဆိပ်နှင့် သည်ဘက်ကမ်း ကျောက်ပုံဆိပ်မှာ လွန်းပျံ စစ်ပြေးများကို သယ်ပို့ပေးနေရသည်။

ကူးတို့လှေတိုင်းမှာ စစ်ပြေးခရီးသည်များ ပြည့်ကျပ်နေ၍ လှေမှောက်မှာ၊ သမ္ဗန်နစ်မှာ စိုးရိမ်နေရ၏။

မိုးလင်းမှမိုးချုပ် စစ်ပြေးများ၊ စစ်ရှောင်သူများ အထုပ်အပိုး ကိုယ်စီ၊ ကလေးကိုယ်စီနှင့် ကျောက်တန်းရေဆိပ်မှာ မျက်ရည်လည်ရွဲ ပူပန်စိုးရိမ်ကြီးစွာနှင့် စောင့်နေကြရသည်မှာ အင်္ဂလိပ်အပြေး၊ ဂျပန်အဝင် စစ်ရဲ့အနိဋ္ဌာရုံမြင်ကွင်းများပေတည်း။

# ၄
# နာခေါင်းမပါတဲ့ မော်ဝန်းချောင်းဖြတ် နန်းအိမ်ကြို့

တစ်နေ့. .

အချိန်က အမှောင်သန်းတော့မည်။

မိုးစလင်းကတည်းက ဒုက္ခသည်စစ်ပြေးများကို နေကုန်နေခန်း ပန်းတောမီးပြဘက်ကမ်းသို့ ပို့ပေးနေရ၍ ကျွန်တော်တို့ သမ္ဗန်သမား၊ ကူးတို့လှေသမားများ ခြေကုန်လက်ပန်းကျနေကြပြီ။

ထွန်းမောင်တို့၊ ချစ်စရာတို့၊ ကျောက်ကြီးသေိန်းတို့၊ လှဆောင်တို့လှေများလည်း နောက်ဆုံးသယ်နိုင်သည့်ခရီးသည်များကို သယ်၍ ပြန်ကြပြီ။

ကျွန်တော့်လှေပဲ ကျန်တော့သည်။ ကျွန်တော်လည်း သည်တစ်ခေါက်ဆွဲပြီးလျှင် နားတော့မည်။ ခေတ်ပျက်ကြီးမှာ ကူးတို့လှေနှင့် အပူသည်များကို ပို့ပေးရုံမျှနှင့် တစ်နေ့ ဝင်ငွေမနည်းဘူး ရပါသည်။

သို့သော် အပူသည်များ၏ပိုက်ဆံမှ လောဘကြီးစွာ ရှာဖွေ၍ မလိုချင်။ အချို့များ ပိုက်ဆံပင် မပါကြ။ အသက်ဘေးအတွက် လွတ်မြောက်ရာ၊ သာပြီမည်ဟု ထင်ရာသို့ အားကိုးကြီးစွာ ပြေးခိုဝင်လာကြသည်မို့. .

ကျွန်တော်တို့ ပိုက်ဆံကို အလေးအနက်မထား။

အချို့က အဝတ်အစားများ ပေးသွားကြ၏။ အချို့က စားစရာများ


www.burmeseclassic.com

www.burmeseclassic.com



ပေးသွားကြ၏။ အချို့က လက်အုပ်ချီ ကန်တော့သွားကြ၏။ ရှိစေတော့..။

ကျွန်တော့်လှေ လှိုင်းကြားမှ ကျောက်ပုံဆိပ်သို့ဝင်လာသောအခါ အယောက်နှစ်ဆယ်ခန့်ရှိသော ဒုက္ခသည် စစ်ပြေးခရီးသည်များသည် လှေဦးရှိရာသို့ ပြေးဝင်လာကြ၏။

"အစ်ကို..ကျွန်မကို တင်ခေါ်ပါ။ အမေ ဟိုလှေနဲ့ ပါသွားလို့ပါ"

"သားရယ်..အဘွားကို ခေါ်သွားပါကွယ်။ မောနေလို့ပါ"

"ဒီမှာရှင့်..ကိုယ်ဝန်ကြီးနဲ့ ဒီမိန်းမကို ဦးစားပေးကြပါ"

"လူကလေး..အကြီးကို ခေါ်ပါကွယ့်။ မြေးကလေး ဘယ်လှေနဲ့ ပါသွားမှန်း မသိလို့ပါ လူကလေးရယ်..။ နော်..နော်..လူကလေး"

အော်သံ၊ ခေါ်သံများ ညံနေသည်။ လှေဦး ကမ်းကပ်လိုက်သည်နှင့် ဒုက္ခသည်များက ဝုန်းခနဲ လှေပေါ်ခုန်တက်ကြသည်။

"ဖြည်းဖြည်းတက်ကြပါ။ ကျကုန်မယ်"

"ဟဲ့..ဟဲ့..ဘာလို့လုတက်ရတာလဲ။ အား..နင်းတယ်တော့ သေပါပြီဟဲ့ အမျိုးယုတ်ရဲ့"

"မြန်မြန်တက်ပါဗျ..။ လေယာဉ်ပျံသံ ကြားနေရတယ်"

"ဟဲ့..ဟဲ့..အမလေး.."

"ဝုန်း.."

"ဗွမ်း.."

"ဟာ..ရေထဲ ကျသွားပြီဟ"

"ဟဲ့..ဟဲ..လုပ်ကြပါဦး။ မိန်းမတစ်ယောက် ရေထဲကျ သွားပြီ"

"အမေရေ..အား..အား.."

မိန်းကလေးတစ်ယောက် လှေပေါ်လုတက်ရင်း ခြေချော်၍ ရေထဲ ကျသွားရာ ရေစပ်မှာ၊ ရေနက်မှာ မြုပ်လိုက်နစ်လိုက်ဖြစ်ပြီး အော်နေသည်။

ကယ်မည့်သူမရှိ ဖြစ်နေပြီ။ ဒုက္ခမှ တကယ့်ဒုက္ခ။

"ခင်ဗျားတို့ လှေပေါ်မှာ ငြိမ်ငြိမ်နေကြ။ ကျုပ်ဆင်းဆယ်မယ် အောင်ချစ်..လှော်တက်ကို ထိန်းထားဟေ့"

သို့ကလိုအော်ပြောလိုက်ပြီး ရေထဲသို့ ဦးစိုက်၍ ထိုးဆင်းလိုက်ရတော့သည်။

"ဗွမ်း..ဗွမ်း..ဗွမ်း.."





"အမလေး..ရေစီးနဲ့ ပါသွားပြီ။ ကျွန်မသမီးကို ကယ်ကြပါရှင်..။ သမီး..သမီး.."

"အဒေါ်ကြီး..ငြိမ်ငြိမ်ထိုင်နေ။ ခင်ဗျားကြောင့် လှေမှောက်ရင် အကုန်လုံးသေကုန်လိမ့်မယ်။ ကျွန်တော့်လူ ဟိုဘက်လှေကို တက်ပါဗျ"

"သ..မီး..သမီး.."

အဒေါ်ကြီးက လှေနံကိုကိုင်၍ အသံကုန်အော်ဟစ်လိုက်သည်။ ရေကျချိန်ဖြစ်၍ မိန်းကလေးက ရေစီးနှင့် မျောပါသွားသည်။ ကျွန်တော် အားစိုက်၍ ပန်းပြီးကူးလိုက်ရာ အောက်ကနေ ကြိုလိုက်သည်။

မြုပ်ချည်ပေါ်ချည်နှင့် မျောလာသည့် သူမရဲ့ဆံပင်ရှည်များကို ကျွန်တော်လှမ်းဆွဲလိုက်ပြီး နီးရာကမ်းသို့ ကူးခပ်ခေါ်လာလိုက်သည်။

"တော်သေးရဲ့ဟေ့..။ လှေသမားလေး တော်လို့ဟဲ့.."

"သူတော်ကောင်းလေး ကျန်းမာချမ်းသာပါစေဗျာ"

"ရေကူးကျွမ်းလိုက်တာဟယ်။ မသေကောင်းမပျောက်ကောင်း ဟဲ့"

ရေစိုရွဲနှင့် မိန်းကလေး လန့်ကြောက်ပြီး တုန်နေရှာသည်။ လှေပေါ်သို့ပြန်ရောက်သောအခါ ခမျာ ချမ်းပြီးတုန်နေ၏။

"သမီး"

"အ..မေ.."

"အ..မ..လေး..သမီးရဲ့..ကံကြီးပေလို့ဟဲ့"

ကျွန်တော် အောင်ချစ်လက်ထဲမှ ခတ်တက်နှစ်ချောင်းကို လှမ်းယူပြီး လှေကိုကွေ့လိုက်စဉ်..

"ဟေ့..ဟေ့..နေပါဦးဟဲ့..ခဏနေပါဦး"

အဘွားကြီးတစ်ဦး အထုပ်တစ်ခုကိုပိုက်၍ ရေဆိပ်သို့ ပြေးဆင်းလာနေ၏။

"ဟေ့..လှေသမားလေး။ ငါ့ကိုခေါ်သွားပါဟဲ့။ ခဏနေပါဦးဟဲ့"

အဘွားကြီးက အသက်ငါးဆယ်ကျော်ခန့်ရှိမည်။ ဆံပင်ရှည် အလျားချကြီးနှင့် ဒရောသောပါးပြေးလာနေ၏။ အသားမည်းမည်း၊ ခါးကိုင်းကိုင်းကြီးနှင့် ယောထဘီအပေါက်ကြီး ဝတ်ထားသည်။

ထူးခြားသည်ကား အဘွားကြီးသည် နာခေါင်းလုံးဝမရှိ၊ ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com

နှာခေါင်းပြတ်နေသည့်ပုံမျိုးမို့ လွန်စွာအကြည့်ရဆိုးလှ၏။

သူမကြီးသည် အထုပ်ကို လက်တစ်ဖက်နှင့်ပိုက်ပွေ့ရင်းက အာ
ကုန်အော်ဟစ်၍ လှေကိုခေါ်နေ၏။

ဆိုရလျှင် မှောင်စမျိုးချိန်မှာ သူတစ်ယောက်ပဲ ခရီးသည်ကျန်
နေ၏။

"အမေကြီး. . လှေပေါ်မှာ လူက ပြည့်နေပြီဗျ"

"လုပ်ပါဟဲ့. .။ ငါတစ်ယောက်တည်းမို့ပါ။ လှေကို ကပ်ပေးပါ"

"မရတော့ဘူးဗျ. .။ လှေက ဝန်နင့်နေပြီ"

"ရအောင်တင်ပါဟဲ့. .။ ငါလိုက်ပါရစေ၊ ပိုက်ဆံအများကြီး ပေး
မယ်"

"ဘယ်လိုလုပ်ရမှာလဲ အမေကြီးရဲ့၊ ပြည့်ကျပ်နေပြီဥစ္စာ"

ခရီးသည်လူကြီးတစ်ယောက်က လှမ်းအော်ပြောလိုက်သည်။

"နင်လျှာမရှည်နဲ့၊ ဟေ့. . လှေသမားလေး။ ကပ်ခဲ့ပါဟဲ့"

"မရတော့ဘူး အမေကြီး။ အမေကြီးကို တင်လိုက်ရင် လှေမြှ
သွားမယ်"

"သန်သန်မာမာထဲက တစ်ယောက်ဆင်းပေးပါကွယ်၊ အမေကြီးကို
လိုက်ခွင့်ပြုပါ"

"လုပ်မနေနဲ့. .။ ဟေ့. . သူငယ်. . ထွက်တော့"

သည်မှာ အဘွားကြီးက ရေစပ်ကိုဆင်း၍ လှေကိုလှမ်းဆွဲသည်
လှေက လှိုင်းနှင့်လွန့်၍ နောက်ဆုတ်သွားသဖြင့် နှာခေါင်းပြတ်နေသော
အဘွားအိုကြီး ရေစပ်မှာ အော်ဟစ်နေသည်။

"ဟဲ့. . ကောင်လေး။ နင့်လှေ ကပ်မပေးဘူးလား"

"မရလို့ပါ အမေကြီးရ"

"အခုကပ်ခဲ့"

အဘွားအိုကြီးက အမိန့်ပေးသံနှင့် လှမ်းအော်ခေါ်လိုက်၏။

"အမ်မာ. . ကြီးကျယ်လို့၊ ဟေ့. . သူငယ်။ မြန်မြန်ထွက်ပါကွယ်
နေဝင်ရင် မကောင်းတော့ဘူး"

ခရီးသည်မိန်းမကြီးတစ်ဦးက ကမ်းစပ်မှ အဘွားအိုကြီးရဲ့လေသံ
ကို မကြိုက်နှစ်သက်၍ ကျွန်တော့်ကို လှေအမြန်ထွက်ပါရန် တိုက်တွန်းနေ၏





ကျွန်တော် ခတ်တက်ကိုဆွဲလိုက်ပြီး လှေကို ပန်းတောရွာဘက်သို့
ဦးလှည့်လိုက်သည်။

"ဟဲ့. . ကောင်လေး။ လှေပြန်ကပ်ခဲ့"

"ဟဲ့. . ကောင်လေး။ ငါ့ကို ပြန်ခေါ်ပါ"

ကျွန်တော် ခေါ်ချင်ပါသည်။ မည်သူ့ကိုမှ ခုလို စစ်ဘေးဆိုးကြီး
ကြားထဲမှာ မထားခဲ့ချင်ပါ။ ကျွန်တော်လည်း နေကုန်သယ်နေရ၍ လက်ပန်း
ကျနေပြီ။ သည်အဘွားအိုကို တင်ခေါ်လိုက်လျှင် မနိုင်မနင်း အလေးချိန်
ကြောင့် ရေလည်လှိုင်းနှင့် လှေနစ်မြုပ်သွားနိုင်သည်။

ကျွန်တော့်ကူးတို့လှေသည် လူဆယ်ယောက် လွန်စွတော်စွပဲနိုင်
သည်။

"ဟဲ့. . ကောင်လေး။ ငါ့ကို နင်မခေါ်ဘူးပေါ့"

"ရတယ်ဟေ့. . ရတယ်. .။ ပြိတ္တာရာသီဗွား နန်းအိမ်ကြို့တဲ့. .
နာမည် မှတ်ထားလိုက်ကြ။ နင်တို့လှေက ငါ့ကိုမခေါ်ရင် ငါက ဟောဒီလို
သွားပြီး လိုက်ခဲ့မယ်ဟေ့"

လှေဦးအလှည့်မှာ ဆံပင်ဖားလျားနှင့် အဘွားအိုကြီးသည် သို့ကလို
သူမရဲ့အမည်ကို အော်ဟစ်ပြောဆိုလိုက်ပြီး အထုပ်ကြီးကို ကျောကုန်းမှာ
လွယ်လိုက်သည်။ ၎င်းနောက် ယောထဘီအနက်ကို ဒူးခေါင်းအထိ ပြင်တင်
လိုက်ပြီး မှော်ဝန်းချောင်းထဲသို့ ဖားတစ်ကောင်အလား ဒိုက်ထိုး၍ ခုန်ချ
လိုက်သောအခါ. .

"ဟာ. ."

"ဟယ်. ."

"အလိုလေး. ."

"ဟ. . ဟ. . အဘွားကြီး ဒုက္ခရောက်တော့မှာပဲဟ"

"ဟာ. . သွားပြီ"

အဘွားကြီး ရေကျနေသည့်ချောင်းရေထဲသို့ ဆံပင်ဖားလျားနှင့်
ကူးသွားခဲ့သည်။ ဒိုးယိုပေါက်စီးနေသော ချောင်းရေအလျဉ်သည် သူမ၏
ခန္ဓာကိုယ်လုံးကို ရေစီးနှင့် အောက်ဘက်သို့ ဆွဲခေါ်သွားသည်။

ကျွန်တော် ဘယ်လိုမှ မကယ်နိုင်တော့။

အချိန်က မှောင်ရီသန်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သည်ခရီးသည်အပြည့်ပါလေ့နှင့် သူမကို လိုက်ဆယ်ကယ်နေရလျှင် ဒုက္ခနှင့် ကြုံရနိုင်သည်။ ဖွတ်တရွတ်နိုင်လွန်းလှသော အဘွားကြီးအသက်တစ်ခုကြောင့် လှေအပြည့်ခရီးသည်အသက်များ ဆုံးရှုံးသွားနိုင်သည်။

စိတ်ထဲမှာ စိတ်မကောင်းကြီးစွာခံစားရသော်လည်း မတတ်နိုင်၊ ခရီးသည်များက အော်ဟစ်ပြောဆို ရေရွတ်ပြီး လှေပေါ်မှ ကြည့်နေကြသည်။

မှောင်ရီသန်းရေစီးမှာ အဘွားအိုကြီး စီးမျောသွားခဲ့ပြီ။

တဟီးဟီးတဟဲဟဲ ရေကျရေစီးမှာ မြုပ်လိုက်ပေါ်လိုက်နှင့်မျောနေသည်။

လှမ်းကြည့်လိုက်တော့ ကျိုက်မှော်ဝန်းဘုရားအနောက်ဘက် ရေစီးသို့ မျောပါနေ၏။ နစ်လိုက်. . ၊ ပေါ်လိုက်. . ။ ဤရေစီးမျိုးမှာ ရေကူးအလွန်ကျွမ်းကျင်သော လှေသမားနှင့် ရေတံငါများသာလျှင် ဤချောင်းရေစီးကိုဆန်ကူး၍ ရေလယ်ဘုရားခြေရင်းရောက်အောင် ကူးနိုင်လျှင် အသက်ရှင်ပေလိမ့်မည်။

သာမန်ရေကူးနိုင်သူမျှအဖို့ ရေစီးနှင့်မျောပြီး ပင်လယ်ရှိရာ အရပ်သို့ ကံကောင်းမှ မသေမပျောက် ရောက်ရှိနိုင်ပေလိမ့်မည်။

ပြောရလျှင်. .

မှော်ဘန်းချောင်းသည် လွန်စွာကျယ်ပြောလှသည်မဟုတ်။ ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း ပေသုံးရာကျော်မျှသာ ကျယ်၏။ သို့သော် ချောင်းက ရှည်လျား၏။ ပင်လယ်ရေအတက်အကျနှင့် ဆက်နေ၍ ရေကျလျှင် ဟီးဟီးဟဲဟဲမြည်နေ၏။

ရေတက်လျှင် လှိုင်းလုံးများက ဝုန်းဝုန်းဒိုင်းဒိုင်းရှိ၏။

မှောင်ရိပ် နေလုံးကွယ်ချိန်မို့ မျက်စိအမြင် ဝေဝါးသွားခဲ့ပါပြီ။

ဒါပေသည့် သည်မှော်ဝန်းချောင်းသည် ကျွန်တော်တို့တိုးဘွားများလက်ထက်ကတည်းက ကူးတို့လှေသမားအဖြစ် လုပ်ကိုင်အသက်မွေးခဲ့ကြရာ ဖွားဘက်တော်ချောင်း။ ဘဝဖော် ချောင်းဖြစ်နေ၍ ဤချောင်း၏ မရေတွက်နိုင်လှိုင်းပုတ်သံကို ကျွန်တော်တို့ လုံးဝမကြောက်ခဲ့။

မှော်ဝန်းချောင်းနှင့် ကျွန်တော်တို့ကူးတို့လှေသမားများ။ ရေတံငါများ ခရီးသွားဖက်ဖြစ်နေသည်မှာ ကြာခဲ့ပါပြီ။

ငယ်ပေါင်းသူငယ်ချင်း ဆိုးတူကောင်းဖက်လို ရင်းနှီးနေသည်မှာ ကြာခဲ့ပါပြီ။

စိတ်ကူးသစ်စာပေ



ကျွန်တော့်လှေသည် ရေကျထုံးစံအတိုင်း ရေစီးနှင့် သိမ့်ခနဲ အောက်သို့မျောပါသွား၏။ အတွေ့အကြုံမရှိသော ခရီးသည်များ လန့်၍အော်ကြ၏။

''ငြိမ်ငြိမ်နေကြ. . ။ ဘာမှမဖြစ်ဘူး။ ခင်ဗျားတို့ ကြောက်လန့်ပြီး သုပ်ရင် လှေမှောက်သွားမယ်''

ကျွန်တော် ပြောရင်းက ရေစီးကိုဆန်၍ ဦးတည့်လိုက်သည်။ ၎င်းနောက် မှေး၍ ခွေ၍ လှေကိုလှော်ခတ်လိုက်သည်။ လှေသည် မကြာခင်အွစောင်းစောင်းနှင့် မြစ်ကို ဓားလွယ်ခုပ်စောင်းစောင်းဖြတ်ရင်း ပန်းတောရေဆိပ်ရှိရာသို့ ဆန်နေ၏။

အတန်ကြာသောအခါ ကျွန်တော်တို့လှေ ပန်းတောကူးတို့လှေဆိပ်သို့ ဆိုက်ကပ်တော့၏။

ခရီးသည်များ ဝမ်းသာအားရ ကမ်းပေါ်သို့ပြေးတက်ကြ၏။ ရယ်ကြမောကြ၏။ သက်ပြင်းများကို ချကြ၏။

ဒီမှာပဲ. .

''ဟာ. .''

''ဟယ်. .''

''ဟင်. .''

''ဒါ... ဒါ. . ဒါ. . ဟို. . ဟို. .''

''အမလေး. . အံ့ဩစရာကောင်းလိုက်ပါဘိတော်''

''ဘုရား. . ဘုရား. . လူစင်စစ်မှ ဟုတ်ရဲ့လားဟာ''

ခရီးသည်များ အလွန်အံ့ဩဖွယ်ရာ အခြင်းအရာကို မြင်လိုက်ကြပြီး အံ့အားသင့်နေကြ၏။

ခရီးသည်များ အံ့အားသင့်ငေးကြည့်နေရာသို့ ကျွန်တော်နှင့် အောင်ချစ်တို့ လှမ်းကြည့်လိုက်သောအခါ ကျွန်တော်လည်း သူတို့နည်းတူ အံ့ဩခြင်းကြီးစွာဖြင့် လွန်စွာတုန်လှုပ်သွားခဲ့ရလေသည်။

ကျွန်တော်တို့အားလုံး မြင်တွေ့လိုက်ရသည်ကား. .

ရေဆိပ်ကမ်းပါးပေါ်မှာ ရေစိုဆံပင်ရှည်ကြီး ဖားလျားချပြီး ကျွန်တော်တို့အားလုံးကို ခါးထောက်စိုက်ကြည့်နေသည့်မိန်းမ အဘွားအိုကြီး။ သူမရဲ့တစ်ကိုယ်လုံးမှာ ရေများရွှဲရွှဲစိုလို့. . ။

''ဟယ်. . ဟို. . ဟို. . အဘွားကြီးပါလား. . ။ ဘုရား. . ဘုရား. .''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းအိမ်ကြို့. .

သူ့အမည်ကို အော်ဟစ်ပြောဆိုပြီး လှေကြုံမလိုက်ရ၍ ချောင်းထဲ ခုန်ချ ကူးခတ်သွားခဲ့သည့် အဘွားအိုကြီး. .။

ကျွန်တော်တို့အားလုံးက သူမကို မှော်ဝန်းချောင်းရေစီးမှာ မျော ပါပြီး သေသွားခဲ့ပြီဟု ယူဆခဲ့ကြ၏။

ဒါမှမဟုတ် ပင်လယ်ရှိရာသို့ မျောပါပြီး မိကျောင်းစာ၊ ငါးမန်းစာ ငါးတန်စာ ဖြစ်သွားပြီဟု ထင်မှတ်ခဲ့ကြ၏။

ကြည့်စမ်း. .။

ထူးဆန်းလှပေစွ. .။

ဒေါ်နန်းအိမ်ကြို့ဆိုသော အဘွားကြီးသည် မျက်နှာထားတင်းတင်း နှင့် ကူးတို့လှေစီးလာသူများအားလုံးကို စိုက်ကြည့်နေ၏။ သူမရဲ့အကြည့်က ကြောက်စရာကောင်းလှသည်။

မျက်လုံးနှစ်လုံးက မြွေနဂါးမျက်လုံးလို မီးဝင်းဝင်းတောက်နေသည့် အလား ရဲတွတ်နေ၏။ ခရီးသည်များ ထူးဆန်းသောအဘွားအိုကြီးကို ရုတ်ချည်းမြင်လိုက်ရသောအခါ. .

တစ်နည်း. .

သူမရဲ့ စိမ်းစိမ်းကားကားမျက်လုံးအစုံကို မြင်လိုက်ရသောအခါ ကြက်သီးဖြန်းဖြန်းထသွားခဲ့ကြပြီး နှုတ်ဆက်စကား မပြောရဲကြ။

အဘွားကြီးက ခရီးသွားများရဲ့ မျက်နှာများကို စူးစူးစိုက်စိုက်လိုက် ကြည့်နေရာမှ အသက်ငါးဆယ်ခန့်အဘိုးကြီး ဘိုကေ၊ ဆံပင်ဖြူတစ်ဦးကို စိုက်၍ကြည့်လိုက်ရင်းက. .

"စောစောက ဟိုဘက်ကမ်းလှေဆိပ်မှာ ငါ့ကို မတင်နဲ့တော့လို့ ပြောတာ နင်မဟုတ်လား"

"ဟို. . ဟို. . မ. . မဆုံတော့လို့. . ပြော. . ရ. . တာ. . ပါ. . ဗျာ. ."

"ဟား. . ဟား. . ဟား. . ဟား. . နင်က ငါ့ကို မတင်နဲ့တဲ့. .။ ရှိသေးတယ်. .။ ဟိုမိန်းမ. . ."

အဘွားကြီးက ခပ်ဝဝ၊ အသားဖြူဖြူ၊ စစ်ပြေးခရီးသည်မိန်းမ ကြီးတစ်ဦးကို လက်ညှိုးထိုးလိုက်သည်။ လက်ညှိုးအထိုးခံလိုက်ရသည့် အသား





ဖြူဖြူ၊ ဝဝ မိန်းမကြီး လန့်သွားသည်။

"နင်ကရော ငါ့ကိုကြည့်ပြီး လုပ်မနေနဲ့၊ လှေထွက်တော့. . လို့ မဲ့ကာရွဲ့ကာ ပြောခဲ့တာ နင်မဟုတ်လား"

"အို. . ဟို. . ဟို. . ကျွန်မ. . က. . အချိန်. . မ. . မ. . ရှိ. ."

"ဟား. . ဟား. . ဟား. . ဟား. . တွေ့ကြပြီပေါ့. . တွေ့ကြပြန် ပြီပေါ့။ နန်းအိမ်ကြို့ဆိုတဲ့ မိန်းမကို ဘာမိန်းမလို့များထင်ပြီး နှုတ်သီးကောင်း၊ လျှာပါး အကဲစမ်းကြသလဲ မသိဘူး။ ဟေ့. ."

အဘွားကြီးက ၎င်းတို့နှစ်ယောက်ကိုကြည့်ပြီး အော်လိုက်ရာ အား လုံးလိုလို လန့်သွားကြ၏။ တုန်သွားကြ၏။

"နန်းအိမ်ကြို့ ဘာမိန်းမလဲ. . သိပြီလား. .။ သိကြပြီလား. .။ ရှေ့လျှောက် ငါဘာလဲဆိုတာ နင်တို့အားလုံး သိကြရမယ်။ ဟိုကောင် လှေ သမား. ."

"ဗျာ. . ဗျာ. ."

ကျွန်တော် ထူးဆန်းစွာ ရေကူးပြီး အသက်မသေဘဲ ဒေါသမာန် ဖောနခက်ထန်နေသည့် ထူးထူးဆန်းဆန်း နှာခေါင်းမပါသောမိန်းမကြီးကို ကြည့်၍ သွေးခုန်နေ၏။

"နင်လည်း ပါတယ်"

"အမေ. . ဟို. . ဟို. . ကျွန်. . ကျွန်တော်က လူများနေလို့ အန္တရာယ်. ."

"ဟား. . ဟား. . ဟား. . ဟား. . ဘာအန္တရာယ်လဲ။ ဟေ့. . သူငယ်၊ ဒီလို ခဲတစ်ပစ်လောက်ရှိတဲ့ ချောင်းမျိုးကို မပြောနဲ့၊ ဟိုး. . ဘက် က ပင်လယ်လိုဟာကိုတောင် ငါက ဂရုမစိုက်ဘူး။ နင်တို့အားလုံး စိတ်ကောင်း မရှိကြဘူး။ ကိုယ်ချင်းစာတရား မရှိကြဘူး။ အဲဒီ စိတ်ယုတ်မာ အပြစ်ဆိုး အတွက် နင်တို့ တစ်နေ့ မျက်ရည်ကျကြရဦးမှာပါ. .။ ဟား. . ဟား. . ဟား. . ဟား. . မျက်ရည်ကျကြရဦးမှာပါ။ ဟီး. . ဟီး. . ဟီး. . ဟား. . ဟား. . ဟား. . အဟစ်. . ဟစ်. . ဟစ်. ."

သို့ကလိုပြောဆိုပြီးနောက်. .

ကြောက်မက်ဖွယ်ရာကောင်းလှသော ရယ်သံကြီးကိုပြုပြီး ဖွေးလျား သောဆံပင်များကို ညာလက်နှင့် သုံးကြိမ်သပ်လိုက်ကာ မီးပြကျေးရွာသို့သွား



www.burmeseclassic.com

www.burmeseclassic.com

သည့် မြေသားလမ်းအတိုင်း အထုပ်ကိုပိုက်ပြီး ပြေးထွက်သွားလိုက်လေသည်။

ခရီးသည်များသည် ထူးဆန်းအံ့သြဖွယ်ကောင်းလှသော မိန်းမတို ကြီးကို ကြည့်ပြီး ကြောက်ရွံ့တုန်လှုပ်နေကြ၏။

"သူ. . သူ. . ဘယ်အရပ်ကလဲဟင် သူငယ်"

လက်ညှိုးအထိုးခံရသည့် ဆံပင်ဖြူဖြူလူကြီးနှင့် ခပ်ဝဝမိန်းမကြီး က ကျွန်တော့်ကို မေးကြ၏။

"မသိဘူး ခင်ဗျ"

"ဒီအရပ်က မဟုတ်ဘူးလား"

"မဟုတ်ဘူး. .။ ဒီအဘွားကြီးက ကျွန်တော်တို့ဒေသက မဟုတ် ဘူး။ တစ်ခါမှ မမြင်ဖူးဘူး။ ခုမှ သိရ၊ မြင်ရတာ။ ဦးကြီးတို့ အဒေါ်ကြီးတို့လို စစ်ပြေးခရီးသည်ပဲ တူပါရဲ့ခင်ဗျာ"

"တော်တော့်ကို ထူးဆန်းတယ်"

"ဟုတ်တယ်. .။ ဒီမှော်ဝန်းချောင်းရေလို ရေစီးကို လက်ပစ်ကူးပြီး ဖြတ်ရဲတာ ဒီအဘွားကြီးတစ်ယောက်ပဲ ကျွန်တော်မြင်ဖူးတယ်"

"သူ့နာမည် ဘယ်သူတဲ့. .။ သူပြောပါသေးတယ်"

"ဒေါ်နန်းအိမ်ကြို့. . တဲ့"

"အေး. . ဟုတ်တယ်။ နန်းအိမ်ကြို့. ."

"နန်းအိမ်ကြို့. . နန်းအိမ်ကြို့. ."

"နာမည်ကလည်း ဆန်းတယ်။ လူကလည်း ခပ်ဆန်းဆန်းပဲ"

"နောင်. . ဘယ်လိုများဆန်းဦးမလဲ မသိဘူးဗျ"

"ဟူး. ."

## ၅

## လျှပ်စီးလက်အနီစွ

နောက်နှစ်ရက်ကြာသောအခါ လွန်စွာထူးဆန်းသောဖြစ်ရပ်များ ကျွန်တော်တို့ဒေသဝန်းကျင်မှာ ဖြစ်ပွားခဲ့တော့၏။

စစ်ဘေးစစ်ဒဏ် ဗုံးဘေး၊ အမြှောက်ဒဏ်၊ စက်သေနတ် ကျည် ဆန်ရန်ကို ကြောက်၍ ရန်ကုန်မြို့ကစစ်ပြေးများ၊ သန်လျင်မြို့နှင့် ကျောက် တန်းမြို့က စစ်ဘေးရှောင်သူများ မီးပြ ခလောက်ဆွဲရွာဘက်မှာလည်း ရောက် ရှိလို့နေကြသည်။

ပင်လယ်ကမ်းခြေ ဖွဲပါကုန်းနှင့် သံတဲဘက်မှာလည်း ရောက်နေ ကြသည်။

ပန်းတောကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ ရွာသစ်ကြီး၊ ရွာဟောင်း၊ သောင်ကြီး၊ ဝဲကြီး၊ ကြံပင် စသည့်ရွာများမှာလည်း ရောက်ရှိလို့နေ ကြသည်။

မင်းကလွန်း၊ အစဲနှင့် ခနောင်ဘက်မှာလည်း အများအပြား။

အချို့သော စစ်ဘေးစစ်ဒဏ်တိမ်းရှောင်သူများသည် ပြေးမည့်သူ ပြေးလာကြသည်။ ဒီရပ်ဒီရွာမှာ အသိလည်း မရှိကြ။ အဆွေအမျိုးလည်း မရှိကြ။



www.burmeseclassic.com

အသိနှင့် အဆွေအမျိုးရှိသူများကတော့ သူ့အသိုက်အဝန်းလေးနှင့်သူ နေလို့ထိုင်လို့ အဆင်ပြေကြ၏။

စစ်ပြေး စစ်ရှောင်သူများထဲမှာ ပိုက်ဆံချမ်းသာသောသူများလည်း ပါ၏။ ပညာတတ်သူများလည်း ပါ၏။ ဆင်းရဲသူဆင်းရဲသားများလည်း ပါ၏။ အခြေမဲ့အနေမဲ့များလည်း ပါ၏။

ဂျပန်ရန်ကြောက်၍ ပြေးလာကြသည့် အင်္ဂလိပ်အစိုးရအုပ်စိုးစဉ်က ရာထူးရာခံနှင့်လူများလည်း ပါဝင်ကြ၏။

အချို့စစ်ဘေးခိုလှုံသူများကား ကျည်သင့်ဒဏ်ရာများနှင့်..။ အချို့က မီးသင့်ဒဏ်ရာများနှင့်..။ အချို့ကား ရောဂါဝေဒနာများနှင့်..။

ဆေးမရှိဝါးမရှိ ဆေးရုံမရှိ အရပ်မှာ တိုင်းရင်းဆေးနှင့်ကုသပြီး တိုင်းပြည်အေးချမ်းမည့်အချိန်ကို ငံ့လင့်နေကြ၏။

အသိအကျွမ်းမရှိဘဲနှင့် ပြေးလာကြသူများ သည်ရောက်တော့ ဘယ်သွားလို့ဘယ်လာရမှန်း မသိ။

နုနယ်သော မိန်းမသားများ မျက်နှာပေါ်မှာ မျက်ရည်နှင့် ကြောက်လန့်စိတ်များ လွှမ်းမိုးလျက်..။

ငယ်ရွယ်သော ကလေးများကား ကျီးကြည့်ကြောင်ကြည့်ဖြစ်လျက်..။

နို့စို့ကလေး ဘုစုခရုများကား တကျီကျီငိုလို့..။

သူတို့ထဲမှာ စားစရာမရှိသူလည်း ပါကြသည်။ အရေးကြီးတာ နေစရာ။ စားစရာက ငွေကြေးပါသူများအဖို့ ဖြေရှင်း၍ရသည်။

နောက်ဆုံး ကျွန်တော်တို့ကူးတို့လှေသမားများကပဲ နီးစပ်ရာ ဘုန်းကြီးကျောင်းများသို့ လိုက်ပို့ပေးရ၏။ ရွာရှိ ဘုန်းတော်ကြီးကျောင်းများကလည်း စစ်ဘေးရှောင်ဒုက္ခသည်ဟူသမျှကို ဇရပ်များ၊ အခန်းပိုများ၊ ဘုရားဝိုင်းဝန်းများမှာ သင့်သလိုနေရာချ၍ ကူညီစောင့်ရှောက်ခဲ့ကြ၏။ အချို့က သစ်ပင်အုပ်အုပ်အောက်မှာ တစ်ဖက်ယပ်တဲထိုး၍ ကိုယ့်အစုနှင့်ကိုယ် စုပေါင်းနေကြသည်။

စားရေးသောက်ရေးကိစ္စကတော့ အိုးခွက်ပါလာသူများက ကိုယ့်ဘာသာ ချက်ပြုတ်စားကြ၊ ဝေငှပေးကမ်းကြ..။ ဘဝတူများချည်းပေကိုး။

စားရေးသောက်ရေးခက်ခဲသူများကိုမူ ဘုန်းကြီးကျောင်းများက





ပိုလျှံသော ဆွမ်းထမင်း၊ ဟင်းများ စွန့်ပေးပြီး ဝေငှ မျှတ စားသောက်စေရ၏။

နာမကျန်းသောသူများ ပါလာလျှင်လည်း ရွာခံတိုင်းရင်းဆေးဆရာများနှင့် ဆေးဝါးနားလည်၊ စုဆောင်းထားသည့် ဘုန်းတော်ကြီးများ၊ ကပ္ပိယများ၊ ဦးသူတော်ကြီးများ ပြုစုကုသ စောင့်ရှောက်ပေးရ၏။

ပင်လယ်မှဖြတ်၍ ရွာပေါ်သို့ ဂျပန်စစ်လေယာဉ်များ ပျံသန်းပြီး ရန်ကုန်၊ သန်လျင်၊ ကျောက်တန်းရှိရာသို့ ဦးတည်သွားသော အသံကြားကြသည်နှင့် နီးရာမြေကျင်း၊ ချိုင့်၊ ကမူများမှာ ပြေးလွှားပုန်းအောင်းကြရ၏။

လေယာဉ်ပျံသံပျောက်မှ အသီးသီး ပုန်းလျှိုးနေရာက ပြန်ထွက်ပြီး သက်ပြင်းချကြရ၏။

စစ်လေယာဉ်များက ရွာများပေါ်သို့ ဗုံးကြဲခဲ့ပါသည်။ အဓိကကျသည့် မြို့ပေါ် အချက်အချာအဆောက်အဦများကိုလည်းကောင်း၊ လူစုလူဝေးများကိုလည်းကောင်း မြင်မှ ဗုံးကြဲချ၏။

ရန်သူလား၊ မိတ်ဆွေလား မခွဲခြားကြ။

ကောင်းကင်မှ မြင်သမျှ ကျွဲနွားမကျန် စက်သေနတ်နှင့်ပစ်၍ ချုပ်ခေတ်ဦးအဝင်မှာ အသေအပျောက်များလှ၏။

ရက်အတန်ကြာတော့ ကျွန်တော်တို့ဒေသ ရွာများဆီသို့ ရောက်ရှိခိုလှုံလာကြသည့် စစ်ပြေး၊ စစ်ဘေးရှောင် ဒုက္ခသည်များနှင့် ကျွန်တော်တို့ ရင်းနှီးကျွမ်းဝင်လာကြ၏။

သူတို့ကလည်း ကျွန်တော်တို့ဒေသခံများကို သွေးရင်းသားရင်းလို အားကိုးကြ၏။

ထိုစဉ်က ကျွန်တော်တို့ရွာစဉ်ဝန်းကျင်မှာ 'ရှင်ဘုရင်သိန်းမောင်' ခေါ် ဇာတ်ပြလူဆိုးကြီးကလည်း အလွန်ကိုသောင်းကျန်းဆိုးသွမ်းနေချိန်ဖြစ်၏။ နောက်တစ်ဖွဲ့က ဓားပြခေါင်းဆောင် ငမဲအဖွဲ့..။

ချစ်တီးနှင့်ချစ်မီးဆိုသော ဓားပြလူရမ်းကား ညီအစ်ကိုနှစ်ယောက်ကလည်း ရရာတိုက်၊ လူသတ်၊ သောင်းကျန်းနေချိန်ဖြစ်၏။

တစ်ခုတော့ ကံကောင်းပါသည်။

ဘိအိုင်အေမြန်မာ့တပ်မတော်နှင့် ဂျပန်များ နေရာဝင်ယူ ခြေကုပ်ရသောအခါ ဖော်ပြပါဓားပြလူဆိုးများ အလျင်တုန်းကလို သိပ်အတင့်မရဲခဲ့ကြ၊

www.burmeseclassic.com



လစ်မှ၊ ချောင်မှ ဝင်တိုက်ကြသည်။

ဂျပန်ကလည်း သူခိုးကိုမိလျှင်၊ ဓားပြကိုမိလျှင် လူပုံရှေ့မှာပဲ ရက်ရက်စက်စက်သတ်ပြီး အပြစ်ပေးနေ၍ ဓားပြများ အတင့်မရဲဘဲ ပုန်းလျှိုးကွယ်လျှိုး တိုက်ခိုက်လုယက်နေရချိန်ဖြစ်၏။

တစ်နေ့ ကုက္ကိုပိုင်းတဲစုဘက်မှာ အရေးပေါ်သည်ဆို၍ ကျွန်တော်တို့အသိများ ပါလေမည်လားဟု ကျွန်တော်နှင့်မောင်ချစ်တို့ ရောက်သွားခဲ့ကြသည်။

ကုက္ကိုပိုင်းတဲစုသည် စစ်ဘေးရှောင်လာကြသူများအနက်မှ အသိဆွေမျိုးမရှိ၍ တစ်ဖက်ရပ်အကြော်တဲလိုမျိုး အရေးပေါ်ဆောက်ပြီးနေကြသည့် အစုဖြစ်သည်။ ကျွန်တော်တို့ရောက်သွားသောအခါ တဲစုဝန်းကျင်မှ ဟစ်၍ ငိုလိုက်သည့် ကြေကွဲဖွယ်ငိုသံများ ကြားလိုက်ရသည်။

တဲစုလေးများမှ စစ်ဘေးရှောင်သူများလည်း ငိုနေသည့်တဲစုများရှေ့မှာ သတင်းမေးနေကြ၊ ငိုနေသူမိသားစုများကို နှစ်သိမ့်ကြနှင့် များပန်းခတ်နေကြ၏။

"ဘယ်သူ ဘာဖြစ်လို့လဲဗျ"

ကျွန်တော်က အသိအမျိုးသမီးတစ်ဦးကိုတွေ့၍ မေးလိုက်သည်။

ထိုအသိအမျိုးသမီးကား အခြားမဟုတ်။ ကျောက်တန်းလှေဆိပ်မှာတုန်းက လှေပေါ်အတက် ရေထဲချော်ကျသွားသည့် မိန်းကလေးဖြစ်၏။

"ဟော. . အစ်ကို. . လာ. . လာ. . ။ အစ်ကို့နာမည် ဘာတဲ့. . ။

"နေမင်းထိန်လို့ ခေါ်ပါတယ်ခင်ဗျ။ ဒီက နမ နာမည်ကရော"

"မြရွှန်းသစ်လို့ခေါ်ပါတယ် အစ်ကို။ ခုမှပြန်တွေ့ရလို့ အစ်ကို့ကို သစ်သစ် အများကြီးကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ အစ်ကို"

"ရပါတယ် မမြရွှန်းသစ်ရယ်၊ ဒါကတော့. ."

"သစ်သစ်လို့ခေါ်လည်း ရပါတယ် အစ်ကို"

"ဪ. . အေး. . အေး. . ။ ဒါနဲ့ နမသစ်သစ်ရယ်. . ။ ဟိုတဲစုမှာ ဘယ်သူ ဘာဖြစ်လို့လဲဟင်"

"ဦးမင်းကြည်လှိုင်ဆိုတဲ့လူကြီး ဆုံးသွားလို့ အစ်ကို။ ဒီဘက်မှာလည်း တစ်ယောက်. ."

"ဟင်. . နှစ်ယောက်လုံး ဆုံးသွားတယ်။ ဘယ်လိုဖြစ်လို့ပါလိမ့်"





"ဒီဘက်က မိန်းမကြီး အစ်ကိုရဲ့။ ခေါ်စိန်စိန်မြင့်တဲ့. . ။ ရန်ကုန်ကြည့်မြင်တိုင်က. . ။ အစ်ကို သူတို့ကိုမြင်ရင် မှတ်မိမှာပါ"

"ဟုတ်လား. . ။ ဘယ်သူတွေများလဲ သစ်သစ်ရဲ့"

"ကျွန်မတို့ပြေးလာစဉ်က အစ်ကို့လှေပေါ်မှာ ကျွန်မတို့နဲ့ တစ်စီးတည်း၊ တစ်ခရီးတည်း ပါလာတဲ့လူတွေထဲက ခေါင်းမွေးဖြူဖြူနဲ့. ."

"ဟင်. . ဟို. . ခေါင်းမွေးတွေ တစ်ခေါင်းလုံးဖြူနေတဲ့ လူကြီး. ."

"ဟုတ်တယ်. . ။ ဝင်ကြည့်လိုက်ပါလား အစ်ကို"

"ဖြစ်ရလေ ညီမရယ်. ."

သို့နှင့် သစ်သစ်ဦးဆောင်ရာသို့လိုက်ခဲ့ကြရာ အနီးဆုံး ဓနိမိုးတစ်ဖက်ရပ်တဲအတွင်းသို့ရောက်သော် မြေကြီးပေါ်ခင်းထားသည့် ဖျာကြမ်းပေါ်မှာ အသက်ငါးဆယ်ခန့် ခေါင်းဖြူနှင့်လူကြီးရဲ့အလောင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့၏။

၎င်းတို့တဲ၏ လက်ယာဘက်ကတဲကို ဝင်ကြည့်လိုက်သောအခါမှာတော့ အသားဖြူဖြူ၊ ဝဝဖိုင့်ဖိုင့်၊ ပါးတွဲတွဲနှင့် မိန်းမကြီးအလောင်းကို ကြေကွဲဖွယ်ရာ မြင်လိုက်ရပြန်သည်။

သားသမီးဖြစ်ဟန်တူသူများ၊ အသိဆွေမျိုးဖြစ်ဟန်တူသူများက အနီးမှာ ရှိုက်၍လည်းကောင်း၊ ရင်ထုဟစ်၍လည်းကောင်း ငိုနေကြ၏။

"အမလေး. . အစ်ကိုကြီးမင်းကြည်လှိုင်ရဲ့။ ကျွန်မတို့ကို ထားရစ်ခဲ့ပြီး ထွက်သွားပြီပေါ့။ ဟင်း. . အင့်. . စစ်ပြီးရင် ကြည့်မြင်တိုင်ကို ပြန်ကြမယ်ဆို၊ ခုတော့ ကြည့်မြင်တိုင်သားကြီး ပင်လယ်ရွာမှာ ခေါင်းချလိုက်ပြီပေါ့။ ဟီး. . ဟီး. . ဟီး. . အင့်. . ဟီး. ."

"အခု ကျွန်မ ဘယ်သူ့ကိုအားကိုးပြီး ပြန်ရတော့မှာလဲ ကိုမင်းကြည်လှိုင်ရဲ့။ ဟီး. . ဟီး. . အင့်. . ဟီး. . ရှင်သေမင်းကြီးရဲ့။ ကျွန်မကိုပါ တစ်ခါတည်းခေါ်သွားပါတော့. . ။ ဟီး. . ဟီး. . ငါပါ. . သေ. . သေ. ."

"ဘုန်း. . ဘုန်း. ."

"ဘုန်း. . ။ ဘုန်း. ."

"ဟဲ့. . ဟဲ့. . မပြားချွတ်. . မပြားချွတ်. . မလုပ်နဲ့. . မလုပ်နဲ့"

"ကျွန်. . မ. . ပါ. . အစ်. . ကို. . ကြီးနဲ့. . လိုက်. ."

"ဘုန်း. . ဘုန်း. ."



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့..မပြားချွတ်..မပြားချွတ်..အမလေး..လာကြပါဦး တော့။ ပြားချွတ် တက်သွားလို့..။ လုပ်ကြပါဦး"

"အစ်..အစ်..ဂစ်..ဂစ်.."

မိန်းမကြီးများ ပြေးဝင်လာကြပြီး ရင်ဘတ်ကိုထုရိုက်ရင်း တက်သွားသည့် ဒေါ်ပြားချွတ်ဆိုသူ မိန်းမကြီးကို ပြေးထူကြသည်။ အချို့က ခြေမ လက်မများ ချိုးကြ၊ နှိပ်ကြသည်။ ဆံပင်ဖြေ၍ ယယ်ထိပ်ကို လက်ဝါးနှင့် ပွတ်ကြသည်။

အချို့ ရင်ဝကို ဖိ၍၊ နှိပ်၍ ချကြသည်။ အဒေါ်ကြီးကား မျက်ဖြူ လန်နေ၏။

"သံပုရာသီး ရှိကြလားဟဲ့"

"ရှိတယ် အန်တီ"

"ရှိရင် မြန်မြန်ယူခဲ့ကြစမ်း"

သည့်မှာ သစ်သစ်ခေါ် ရွှန်းမြသစ်က သံပရာသီးတစ်လုံး ယူလာပေး လိုက်တော့ အဒေါ်ကြီးတစ်ဦးက သံပရာသီးကို ကိုက်ခွဲလိုက်ပြီး တက်နေသူ ဒေါ်ပြားချွတ်ရဲ့ပါးစပ်ထဲသို့ အရည်များညှစ်ချပေးလိုက်သည်။

"ပြားချွတ်..ပြားချွတ်.."

"အင်..ဟင်..ဟင်.."

"သတိရပြီလား..ရပြီလား.."

"အင်း..ဟင်း..ဟင်း..အစ်ကိုရော..။ အစ်ကိုမင်းကြည်လှိုင်ရော"

"သေသွားပြီ ဥစ္စာ..။ သတိထားမှပေါ့ ပြားချွတ်ရယ်။ ညီးက လည်း.."

"အို..အစ်ကိုမင်းကြည်လှိုင်ရဲ့..။ အသေစောလို့ နှမျောလှချည် ရဲ့ အစ်ကိုကြီးရဲ့.."

ဟူး..တော်တော့်ကို အဒိုသန်၊ အဒိုကောင်းသည့် မိန်းမကြီးဖြစ် ၏။ ငိုရင်းက သံပရာသီးရည်များ ချဉ်လို့ထင့်..။ ထွေးထုတ်ပြီး အန်လိုက် သေး၏။ အသက်ခြောက်ဆယ်ခန့် ရှိနေပြီဥစ္စာ။ အသေစောမတဲ့လား။ ဟိုမြို့ ပေါ်မှာ ငယ်ရွယ်သူများ ပုံးစာမိ၍ သေခဲ့ကြပြီရယ်"

စိတ်တော့ မကောင်း..။ ကျွန်တော့်လေ့နှင့် ပို့ပေးခဲ့ရသည့်လူဖြစ် ၍ ဒေါ်ပြားချွတ်ကို ကိုယ်ချင်းစာပါ၏။

စိတ်ကူးသစ်စာပေ



သည်ဘက်တဲက မိန်းမဝဝအလောင်းကိုကြည့်ပြီး ကျွန်တော် အမှတ်ရလိုက်ပါသည်။

သူတို့မိသားစုကတော့ အနှိုင်း၊ ဒုက္ခ၊ အနတ္တကို သဘောပေါက် သည့်ပဲလား၊ ငိုထားရလွန်းလို့ မျက်ရည်ကုန်နေလို့ပဲလား မသိ။ အော်ဟစ် ငိုကြွေးသံ သိပ်မကြားရ။

တိုးတိုးတိတ်တိတ် ကျိတ်ရှိုက်နေကြ၏။ လူကြီးအချို့က နာရေး အတွက် သင်္ဂြိုဟ်ရန် ရွာလူကြီးအချို့နှင့် တိုင်ပင်နေကြသည်။

"သစ်သစ်.."

"ရှင်..အစ်ကို"

"နှစ်ယောက်စလုံး ပြိုင်တူဆုံးသွားကြတာပဲလားဟင်"

"ဟုတ်တယ် အစ်ကို..။ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတာပဲ။ သန်းခေါင်အကျော်မှာ ဆုံးသွားကြတာ"

"အို..ဖြစ်ရလေကွယ်။ လွှန်ခဲ့တဲ့အပတ် အစ်ကို့လေ့နဲ့ပါလာတုန်း က အကောင်းတွေချည်းဥစ္စာ။ ဘယ်လိုရောဂါ ဝင်လာလို့လဲဟင်"

"ဆန်းတော့ဆန်းတယ် အစ်ကို"

"ဟေ..ဘယ်လိုဆန်းလို့တုံး သစ်သစ်ရဲ့။ ပြောစမ်းပါဦးဟ.."

ကျွန်တော်ကလည်း စပ်စပ်စုစု အင်မတန်ဝါသနာပါသည်။ ကိုယ်နှင့် ဆွေမျိုးသားချင်းမတော်စပ်ကြသော်လည်း ခုအချိန်မှာ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက် ဖြစ်နေ၍ ခင်ရာဆွေမျိုးလို သဘောပိုက်၍ မေးလိုက်၏။

စစ်ဘေးစစ်ဒဏ်ကြောင့် အဖျားအနာနှင့် ဖျက်စီးသူများ များလှ၏..။

ဝမ်းရောဂါနှင့် ဖျက်စီးသည်လည်း ကြားရ၏..။

အချို့အရပ်မှာ ပုလိပ်ရောဂါများပင် ကျရောက်၍ ရွာလုံးကျွတ် ဖျက်စီးသွားသည် ကြားရ၏။

"ဒီလို အစ်ကိုရဲ့.."

သစ်သစ်ပြန်ပြောပြသည့် စကားများကို မမျှော်လင့်ဘဲ ကြားလိုက် ရသောအခါ ကျွန်တော် လွန်စွာအံ့ဩသွားရသည်။ ကျွန်တော်သာမဟုတ်။ အတူပါလာသည့် မောင်ချစ်ရော အနီးရှိလူများပါ အံ့ဩသွားရလေသည်။

ကြားလိုက်ရသည့် ဖြစ်စဉ်က..

www.burmeseclassic.com

www.burmeseclassic.com

# ၆

## ကဝေ့မျက်စောင်း အကြောင်းသုံးပါးမရွေး

အချိန်က ညရှစ်နာရီခန့်ရှိသည်။ ကုက္ကိုပိုင်းအောက်ရှိ ဖျံကျ စစ်ပြေးဒုက္ခသည်များတဲစုမှ လူတစ်စု ဝိုင်းဖွဲ့စကားပြောနေကြသည်။

အဲဒီမှာ ဦးမင်းကြည်လှိုင်ဆိုသူ ခေါင်းဖြူကြီး ဦးဆောင်သူ ဖြစ်၏။ အနီးဝန်းကျင်မှာတော့ ကိုမြတ်မင်း၊ ဦးသောင်းယဉ်၊ ဦးချမ်းမြေ့နှင့် သစ်သစ် တို့ လူငယ်များက ရံလျက်..။

"အင်္ဂလိပ်အစိုးရတော့ ခွေးပြေးဝက်ပြေး ပြေးပြီဗျ"

"ဂျပန်ကရော ဝင်လာတော့ ကောင်းလို့လားဗျ။ ကြချလိုက်တဲ့ ဗုံးနှယ်..ကျုပ်တို့ ပုဇွန်တောင် ရေကျော်ဆိုတာ မီးဟုန်းဟုန်းတောက်လို့။ သေသိုက်တဲ့ ကုလားတွေဆိုတာ လမ်းဘေးမှာ ကြက်နာကျသေသလိုပဲ။ မွစာပြန့်ကျဲလို့ဥစ္စာ ဦးမင်းကြည်လှိုင်ရာ.."

ဦးမြတ်မင်းဆိုသူက ဂျပန်အဝင်ကြမ်းပုံကို ပြောလိုက်၏။

"စစ်ဦးဘီလူးဆိုသကိုး ဦးမြတ်မင်းရယ်.."

ဦးသောင်းယဉ်က ဆေးလိပ်ကိုဖွာရင်း ညည်းလိုက်သည်။

"ဂျပန် ကောင်း၊ မကောင်းတော့ စောင့်ကြည့်ရဦးမှာပေါ့ဗျာ။





ရှသည်း 'ဖက်ဆစ်' လို့ ပြောကြတာပဲ။ အီတလီလည်း ဖက်ဆစ်ပဲ၊ မူဆို လီနီလည်း ကြမ်းတာပဲလို့ ကြားရတယ်ဗျ။ ဂျာမနီက ဟစ်တလာရော..။ ရှသည်း ဖက်ဆစ်ပဲ။ ရက်စက်ကြမ်းကြုတ်တဲ့နေရာမှာ ပြိုင်စံရှားတဲ့။ ဘော့စ်ဝစ်အကျဉ်းထောင်မှာ ဂျူးလူမျိုးတွေ မျိုးဖြုတ်သတ်ဖြတ်တာ ထောင်ပုံ သုံ့လို့တော့ ကြားရ ဖတ်ရတာပဲဗျ။ တစ်ခုတော့ ကောင်းတဲ့ဘက်က ကြည့်ရမှာပေါ့ဗျာ။ အင်္ဂလိပ်နဲ့မြန်မာ လက်နက်ချင်းမညီတဲ့ စစ်ပွဲကို သုံးကြိမ် တိုက်ပြီးနောက်ပိုင်း ကလိန်ကကျစ်ဉာဏ်အမျိုးမျိုးနဲ့ ကျူးကျော်စော်ကားပြီး နှစ်တစ်ရာ ကျွန်ပြု စိုးမိုး၊ ကုပ်သွေးစုပ်၊ တောင်သူလယ်သမား မျိုးချစ် တော်လှန်ရေးသမားတွေကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တဲ့ အင်္ဂလိပ်ကို မြေအောင်ခေါ်တာတော့ ဝမ်းသာရမှာပဲဗျ"

ဦးမင်းကြည်လှိုင်က သူ့အမြင်ကို ပြန်ရှင်းပြသည်။ သည့်မှာ ဦးမြတ် မင်းက..

"ဒါကလည်း ဂျပန်စစ်တပ်ချည်း တော်နေလို့ မဟုတ်ပါဘူးဗျာ။ ကျုပ်တို့ မြန်မာဘီအိုင်အေအဖွဲ့နဲ့ မြေအောက်တော်လှန်ရေးသမားတွေ စွန့်စား ခဲ့တဲ့အပိုင်းလည်း ပါတာပါပဲ"

"အသက်ကြီးသွားပြီး မြေသားဥမယ်လေးတွေ ရှိနေလို့သာလဗျာ။ လူငယ်များ ကောင်းရင်လား..။ ဓားဆွဲပြီး ဒီပွဲမှာ ဝင်ပါလိုက်ချင်ပ..ဟင်း.."

ဦးသောင်းယဉ်သည် ပင်နီတိုက်ပုံကို လက်ပင့်လိုက်ရင်းက ကြိမ်းဝါး လိုက်၏။

"ကျုပ်တို့၊ ခင်ဗျားတို့ စစ်မြေပြင်မှာ ဓားဆွဲ၊ သေနတ်ဆွဲ မပါဝင် နိုင်သော်မင့် ကျုပ်တို့လို စစ်ပြေးဒုက္ခသည်များကိုတော့ မျိုးချစ်စိတ်ဓာတ်လေး ဘာပြောသွင်းပေးနိုင်ရင် မဆိုးဘူးပေါ့ ဦးမင်းကြည်လှိုင်"

"ဟုတ်ပါတယ် ဦးမြတ်မင်း။ အင်း..စစ်..စစ်..ကျူးကျော်စစ် ည်း မကောင်းဘူး။ ပြည်တွင်းစစ်လည်း မကောင်းဘူး။ စစ်ပွဲမှန်သမျှ ငြိုရုံချည်းပါဗျာ။ ဣဋ္ဌာရုံ တစ်ခုမှမရှိပါဘူး။ ရေနွေးရှိသေးလားဟေ့"

"ရှိတယ် ဘကြီးလှိုင်"

"ရှိရင် ထပ်ဖြည့်ပါဦးဟဲ့ သစ်သစ်တို့ရဲ့"

သည်မှာ ခင်ရွှန်းသစ်နှင့် အေးမြသက်တို့ မိန်းကလေးများက ရေနွေးဖြည့်ပေးကြ၏။ စစ်ပြေးဘဝရောက်မှ ရေဒီယိုလည်းနားမထောင်ရ



www.burmeseclassic.com

www.burmeseclassic.com

သတင်းစာ၊ ဝတ္ထုလည်း မဖတ်ရ ပြဇာတ်လည်း မကြည့်ရမို့ မအိပ်ချင်ကြ သေးလျှင် လူကြီးများစကားဝိုင်းမှာ ထိုင်၍ သူတို့ပြောသမျှကို ဗဟုသုတ အဖြစ် နားထောင်ကြရ၏။

ပင်လယ်ကိုဖြတ်၍လာသောလေသည် အေးစိမ့်လှ၏။

လူကြီးများကား ငြင်းလို့ခုန်လို့ ကောင်းကြဆဲ. .။

သူတို့ပြောသည့်စကားတိုင်းကို သစ်သစ်တို့လူငယ်များက နားမလည်

အချို့က အင်္ဂလိပ်အုပ်ချုပ်တာ ကောင်းသည်ဟု ဆို၏။

အချို့က မြန်မာနိုင်ငံကို မြန်မာလူမျိုးသာ အုပ်ချုပ်ပြီး မြန်မာ ရေမြေသဘာဝကို မြန်မာလူမျိုးတိုင်း၊ တိုင်းရင်းသားတိုင်း မျှဝေခံစားသင့် သည်ဟု ဆိုကြပြန်၏။

အချို့ကလည်း ဂျပန်ဝင်လာလျှင် ကောင်းကောင်းစား၊ ကောင်း ကောင်းဝတ်၍ အေးအေးချမ်းချမ်းနေရတော့မည်ဟု ဆိုပြန်၏။

သျှောင်ထုံးနှင့် ထိုးကွင်းပေါင်ပေါ် မြန်မာအဘိုးကြီးတစ်ဦးကတော့ သီပေါမင်းရဲ့ ပါတော်မူမျိုးဆက်များ မြန်မာနိုင်ငံကို ပြန်လည်အုပ်ချုပ် အချိန်နီးပြီဟု ဆိုပြန်၏။

ငြင်းသံခုံသံများကား တစ်ခါတစ်ရံ ကျယ်လာလိုက်၊ တစ်ခါတစ် တိုးသွားလိုက်. .။ သစ်သစ်တို့မိန်းကလေးများ နားမလည်တော့ သမ်းဝေ လာ၏။

"ဝုတ်. . ဝုတ်. ."

"ဝုတ်. . ဝုတ်. . ဝုတ်. ."

"အူ. . ဝူ. . ဝူ. . အူ. ."

"အိန်. . အိန်. . ဂိန်. . ဂိန်. ."

"ဝုတ်. . ဝုတ်. ."

"ဟဲ့. . သစ်သစ်တို့၊ ခွေးဟောင်သံ၊ အူသံ ကြားရပါကလား။ မျက်စိ ကောင်းကောင်းနဲ့ လှမ်းကြည့်ကြစမ်း။ လူလား. . သူလား. .။ ဘာလဲ. ."

ကောင်းကင်မှလရောင်က မှိန်ပျပျသာရှိ၏။ ညဘက် မီးမထွန်း ရဲ။ တော်ကြာ ဂျပန်လေယာဉ်ပျံများက မီးရောင်မြင်သွားလျှင် အင်္ဂလိပ် စစ်ကြောင်းထင်ပြီး ဗုံးကြဲသွားပါက အကုန်လုံး အရိုးအသားရှာမတွေ့ ဖြစ် ကုန်ကြမည်ကို။





"ဝုတ်. . ဝုတ်. ."

"အူ. . အူ. . ဝူ. . ဝူ. ."

ခွေးဟောင်သံက ပို၍ကျယ်လာသလို ခွေးအူသံများကလည်း ကျော ချမ်းစရာကောင်းလှသည်။ သေသေချာချာ အာရုံစိုက်၍ ကြည့်လိုက်တော့ မျက်စိတစ်မြင်သာသာမှာ လူရိပ်တစ်ခုကို မြင်လိုက်ရသည်။

ညမှောင်ထဲမှာ လူရိပ်သည် မိမိတို့ရှိရာသို့ ဦးတည်ရွေ့လျားလာ နေသည်။ လေတိုက်သဖြင့် ခေါင်းပေါ်မှ မည်းမည်းလျှလျှများက ပြန့်ကျဲနေ၏။

"ဘယ်သူလဲ သစ်သစ်"

"လူတော့ လူရိပ်ပဲ အဘ။ ဟဲ့ခွေး. . သွားစမ်း"

ဟောက်လိုက်၍ ခွေးနှစ်ကောင်က တဲနောက်ဘက်သို့ ပြေးဝင်ပြီး အသံတိုးတိုးနှင့် ဟီးဟဲလုပ်နေ၏။

"ဟေ့. . ရှေ့ကဟာ ဘယ်သူလဲ"

ဦးမင်းကြည်လှိုင်က တုတ်တစ်ချောင်းကိုင်၍ မေးလိုက်သည်။ လူရိပ် မည်းမည်းက လုံးဝအသံမပြု။ မိမိတို့ရှိရာသို့ တရွေ့ရွေ့လာနေသည်။

"ငရှိန်ကြီးလားကွ. ."

"ဟေ့. . မေးတာ မကြားဘူးလား"

ဘယ်လိုမေးမေး လူရိပ်မည်းမည်းက ပြန်မပြောသောအခါ လူအုပ်စု အသံငြိမ်သွားပြီး ရရာလက်နက်ကိုကိုင်၍ စောင့်ကြည့်နေလိုက်သည်။

သူခိုးလား. .၊ ဓားပြလား. .။

သည်နယ်ဘက်မှာ ရှင်ဘုရင်သိန်းမောင်အမည်ရှိ လူဆိုးနှင့် ငမည်း အပြင် မောင်ချစ်တီးနှင့် မောင်ချစ်မီးအမည်ရှိ လူဆိုးဓားပြများ လှုပ်ရှားနေ သည်ဟု အသံကြားရထားသည်။

အားလုံး အသံလုံးဝမထွက်ကြဘဲ မှောင်ထဲမှာ တရွေ့ရွေ့လာနေသူ ကို ကုက္ကိုပင်ကွယ် လရိပ်နှင့် လှမ်းမြင်လိုက်ကြရ၏။

ခါးကိုင်းကိုင်းနှင့် မိန်းမကြီးတစ်ဦး. .။

အသက်ငါးဆယ်ခြောက်ဆယ်ခန့် ရှိမည်။ ဆံပင်ဖားလျားချပြီး တုတ်ကောက်ကြီးထောက်၍ လာနေ၏။

ပုန်းနေသော ခွေးနှစ်ကောင်သည် အဘွားအိုကြီးကို မြင်လိုက် ရသောအခါ ထိုးဟောင်ပြီး အလန့်တကြားထွက်ပြေးသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘုရား . . ဘုရား . . သရဲတစ္ဆေများလား . . ။

လူယောင်ဆောင်လာသည့် ကျွတ်များလား . . ။

သည်အရပ်၊ သည်ဒေသက သရဲတစ္ဆေနှင့် ကျွတ်များရှိသည်ဟု သစ်သစ်တို့ကို ကူးတို့လှေသမားကိုချစ်မောင်းနှင့် ဘဖိုးထူးတို့က ပြောပြထားဖူးသည်။

ညဦးသန်းခေါင်အချိန် နာမည်လာခေါ်လျှင် ပြန်မထူးနဲ့တဲ့ . . ။

ဘာကိစ္စညာကိစ္စဆိုပြီး လာခေါ်လျှင် မလိုက်နဲ့တဲ့ . . ။

ကျွတ်၊ နာနာဘာဝများက လူယောင်ဆောင်၍ လှည့်စားတတ်တာမျိုး သည်အရပ်မှာ မကြာခဏဖြစ်ဖူးသည်တဲ့ . . ။

“ဟော့ . . ရပ်လိုက်”

ဖိုးဖိုးဇတ်ဇတ်နှင့် နေရာတကာဦးဆောင်လိုသူ ဦးမင်းကြည်လှိုင်က တုတ်ရှည်ကြီးကိုင်၍ ရပ်လိုက်ပြီး အမိန့်ပေးလိုက်သောအခါ မိန်းမအိုကြီးက တုံ့ခနဲရပ်လိုက်ပြီး လူစုကို စိုက်ကြည့်နေ၏။

“ခင်ဗျား ဘယ်သူလဲ . . ။ ဘာကိစ္စလဲ . . ။ ညကြီးမင်းကြီး . .”

မိန်းမကြီးက ဘာမှပြန်မပြော။ မှောင်ထဲက အသံရှင် ဦးမင်းကြည်လှိုင်ကိုပဲ စိုက်ကြည့်နေသည်။

ဟိန်းဟောက်ပြီးမေးလိုက်သည့် ကျယ်လောင်သောအသံကြောင့် အနီးဝန်းကျင် တဲနားပါးနီးများ အိပ်မှုန်စုံမွှားနှင့် ထွက်လာကြည့်ကြသည်။

သည်မှာပဲ ဦးမင်းကြည်လှိုင်က အဝတ်သေတ္တာထဲရှိ လက်နှိပ်မီးကိုယူပြီး မှောင်ရိပ်ထဲရှိ မသက်ာဖွယ်လူရိပ်ရှိရာသို့ တန်းထိုးလိုက်သောအခါ . .

“အမလေး . .”

“ဟဲ့ . . ဟဲ့ . . ဘယ့်နှာကြီးလဲဟ”

“ဟ . . လူမှဟုတ်ရဲ့လား . . ကို . . မင်း . . ကြည် . . လှိုင် . .”

“အမေ . . သ . . သရဲ . . များလား . . ။ နောက်ကို . . ဆုတ် . . နေ . .”

မြင်လိုက်ရသည်ကား မျက်နှာရှေ့မှာရော၊ နောက်ကျောမှာပါ ဖွားလျားကျ ဆံပင်နက်မှောင်ကြီးအုပ်နေသည့် မိန်းမကြီးတစ်ယောက်။

ယောထဘီအနက်ကြီးနှင့် . . ။





လက်ထဲမှာလည်း မြွေဦးခေါင်းရုပ်နှင့် သဏ္ဌာန်တူသော ဝါးကောက်တောင်ဝှေးကိုထောက်လို့ ခါးကိုင်းကိုင်းနှင့် ပေပြီးရပ်နေသည်။

“ခင်ဗျား ဘယ်သူလဲ . . ၊ ဘာလဲ . . ။ ပြောနော် . .”

သတ္တိကောင်း ဦးမင်းကြည်လှိုင်က တုတ်တစ်ချောင်းကိုင်ပြီး ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။ ကျန်လူများကတော့ အခြေအနေကို စောင့်ကြည့်နေကြ၏။

စပ်စုလိုသော စွာကျယ်ကျယ် အာကျယ်လောင် ဒေါ်ပြားချွတ်တို့သားအမိအနက် ဒေါ်ပြားချွတ်သမီး မစာပူးတောင်းက မီခင်ကို လှမ်း၍ သတိပေးလိုက်၏။

ခင်ရွှန်းသစ်၊ မကြာညို့နှင့် မစပယ်လှိုင်တို့ မိန်းမသားများကား ကျွတ်လူယောင်ဆောင်လာသည်မှတ်ပြီး သုံးယောက် လူချင်းပူး၍ ကြောက်ရွံ့နေကြသည်။

သည်မှာပဲ ခါးကုန်းကုန်းမိန်းမကြီးက မျက်နှာပေါ်မှာအုပ်နေသည့် ဆံပင်ရှည်များကို လက်နှင့်သပ်၍ ဖယ်ရှားပြလိုက်သောအခါ . .

“ဟာ . .”

“အမလေး . . သရဲ . . သရဲ . .”

“တ . . စ္ဆေ . . ဟ . . တ . . စ္ဆေ . .”

“ဟင် . . ဟိုမိန်းမကြီးပါလား”

“ခင် . . ဗျား . . ခင်ဗျား . . ဘာ . . လာ . . လုပ် . .”

အားလုံးလိုလို လန့်၍အော်လိုက်ကြသည်။ ဦးမင်းကြည်လှိုင်ရဲ့ လက်နှိပ်မီးရောင်ရှေ့မှာ နှာခေါင်းမပါ (နှာခေါင်းတုံးပြတ်) အပေါက်နှစ်ပေါက်နှင့် မိန်းမကြီး . . ။ လက်ထဲက တောင်ဝှေးကြီးထိပ်က မြွေဟောက်ပါးပျဉ်းထောင်နေသည့် သဏ္ဌာန်နှင့် . . ။

မျက်လုံးနှစ်လုံးက မီးရောင်ရှေ့မှာ မြွေဟောက်မျက်လုံးလို၊ သိန်းငှက်မျက်လုံးလို စူးစူးရဲရဲ . . ။

အံ့သြစရာကောင်းသည်ကား လက်နှိပ်မီးရောင်နှင့် တန်းထိုးထားသည့်တိုင် မျက်တောင်လုံးဝမခတ်ဘဲ စူးစူးရဲရဲစိုက်ကြည့်နေသည့် စွမ်းပကား ဖြစ်သည်။

သည်မှာပဲ တဲအသီးသီးမှ မီးခွက်မီးရောင်များ ပေါ်ထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com

ကြောက်စရာအသွင်သဏ္ဌာန်နှင့် မိန်းမကြီးကို မြင်လိုက်ရသောအခါ တုန်လှုပ်သွားခဲ့ကြသည်။

"ဒေါ်. . နန်း. . အိမ်. . ကြို. ."

ဦးမင်းကြည်လှိုင်ရဲ့နှုတ်မှ အမည်တစ်ခု ရေရွတ်လိုက်သောအခါ. .

"ဟား. . ဟား. . ဟား. . ဟား. . နင်က ငါ့နာမည်ကို မှတ်မိသားပဲ။ ဟီး. . ဟီး. . ဟီး. ."

အဘွားကြီးသည် လိုဏ်သံပါသော ရင်ခေါင်းသံနှင့် ရယ်လိုက်သည်။ ရယ်လိုက်သောအခါ နှာခေါင်းမရှိသော နှာပေါက်အချိုင့်ကြီးသည် ချိုင့်၍ ဝင်သွားရကား တကယ့်ကို တစ္ဆေသရဲအလား၊ ကဝေမကြီးအလား ထင်ရ၏။

ဒေါ်နန်းအိမ်ကြို. . ။

ဘုရားရေ. . ။ သည်အဘွားကြီးကား သစ်သစ်တို့လေ့နှင့် အတူ မလိုက်ရ၍ ဒေါသများပေါက်ကွဲပြီး ချောင်းထဲခုန်ချ လက်ပစ်ကူးခဲ့သည့် အာဃမိန်းမစွမ်းကြီး. . ။

"ဘယ်သူလဲ မှတ်တယ်။ နင်ကိုး. . ။ ငါ့ကို လှေပေါ်မတက်နဲ့လို့ နှင်ချလိုက်တဲ့ ယောက်ျားနဲ့ မိန်းမကိုး. . ။ ဟား. . ဟား. . ဟား. . ဟား. ."

"ခင်ဗျား. . ခင်ဗျား. . ဒီကို ဘာလာလုပ်တာလဲ"

"ငါလား. ."

"ဟုတ်တယ်. ."

"ငါ့အိမ်ကိုသွားရမယ့်ခရီးက ဝေးနေလို့ နင်တို့နဲ့အတူ ဒီ. . ဒီ တစ်ည. . အတူ. . အိပ်. . အိပ်ချင်လို့. ."

"အို. . မရဘူး. . မရဘူး. . ။ အိပ်ခွင့်မပေးနိုင်ဘူး"

"အလို. . ဘာကြောင့်ပါလိမ့်။ ငါလည်း နင်တို့လို ဒုက္ခသည်ပါ။ စစ်ပြေးပါ. . ။ နင် ဒုတိယအကြိမ် မငြင်းချင်ပါနဲ့"

"ခင်. . ခင်ဗျားကြီးက. . ဟို. . ဟိုဒင်း. . အိုဗျာ. . အိပ်ခွင့် မပေးနိုင်ဘူး။ သွား. . သွား. . မြန်မြန်ပြန်ဗျာ"

"ဟား. . ဟား. . ဟား. . ဟား. . ဒီလိုပဲလားဟေ့. . ။ ဟေ. . ဒါဆို ဟိုမိန်းမ. . မိ. . ပြား. . ချွတ်. ."

"အလို. ."

ဒေါ်ပြားချွတ် လန့်၍ အာမေဋိတ်သံထွက်သွားခဲ့သည်။ လွန်ခဲ့သည့်





သုံးရက်ကမှ စစ်ပြေးလှေဆိပ်မှာ ရုတ်ချည်းကြုံခဲ့ရသည့် တစ္ဆေလိုမိန်းမကြီးက သူ့နာမည်သိနေ၍ အကြီးအကျယ်အံ့ဩသွား၏။

"ပြားချွတ်. ."

"ဘာတုံး. ."

"အံမယ်. . လေသံက လိပ်သည်းကျောက်အတိုင်းပါလားအေ့။ ဒီမှာဟေ့. . မပြားချွတ်ရဲ့. . ။ ညည်းကတော့ သဘောအတော်ကောင်းမယ့် ပုံပဲအေ။ ဝဝဖိုင့်ဖိုင့်၊ ဖြူဖြူဖွေးဖွေးကြီး. . အဟီး. . ။ ငါ. . ညည်းတဲမှာ ဒီတစ်ည အိပ်ပါရစေအေ"

"အို. . မရဘူး. . လုံးဝမရဘူး. . မဖြစ်ဘူး. ."

"ဘာလို့များလဲအေ"

"ရှင့်. . ရုပ်. . ကြီး. . ကို. . အို. . သွား. . သွား. . ကျွန်မတို့ဆီကို မလာနဲ့။ သွား. ."

"ငါ. . ငါ. . ခရီးဝေးလို့ပါအေ။ ပြီး. . ချမ်းလည်းချမ်း၊ ဆာလည်း ဆာနေလို့ပါ။ မိန်းမချင်း ကူညီပါ မပြားချွတ်။ ငါတောင်းပန်ပါတယ်. . အေ. ."

"သွားနော်. . သွားဆိုသွား. . ။ ရုပ်က. . ဟို. . ဟို. . တစ္ဆေသရဲရုပ်နဲ့။ ကိုမင်းကြည်လှိုင်. . ရှင်တို့ ဘာမှန်းမသိရတဲ့ မိန်းမကြီးကို လုံးဝ လက်မခံပါနဲ့။ သွား. . သွား. . ကျွန်မ ရှင့်ကိုကြောက်တယ်"

"ဒီမှာ. . ဒေါ်. . နန်း. . အိမ်. . ကြို. ."

"နင် ခွင့်ပြုမလို့လား"

"သွား. . သွား. . လုံးဝပဲ။ ခင်ဗျားကြီးလို တစ္ဆေသရဲရုပ်မျိုးကြီး ကျုပ်တို့ လက်မခံနိုင်ဘူး။ သွားလေ. . ။ မသွားဘူးလား။ ကဲဟာ. ."

သည်မှာပဲ ဦးမင်းကြည်လှိုင်က လက်ထဲမှတုတ်နှင့် ရိုက်ရန် ဟန် ပြင်မြှောက်လိုက်သောအခါ နောက်ကို ရုတ်ခနဲ နှစ်လှမ်းဆုတ်လိုက်ပြီး. .

"ငါ အနူးအညွတ်မေတ္တာရပ်ခံတာပါကွယ်"

"ဟာ. . ပြောမရမှတော့. . ကဲ. ."

"ဝိုး. ."

"ဖြောင်း. ."

"ထိန်. ."


www.burmeseclassic.com

www.burmeseclassic.com

"ဟယ်. ."

လျင်လိုက်သည့် အဘွားကြီး. .။ ဦးမင်းကြည်လှိုင် တုတ်နှင့် သိုင်းလည်းရိုက်လိုက်ရာ လက်ထဲမှ မြွေခေါင်းတောင်ဝှေးနှင့် ဆီးခံလိုက်ရာ ရိုက်ထိသံနှစ်ခု ပြင်းထန်စွာထွက်ပေါ်လာပြီး အဘွားကြီး နောက်သို့ ဆုတ်သွားသည်။

အဘွားကြီးဒေါ်နန်းအိမ်ကြို့သည် သူ့ကို ရိုင်းပျစွာဆက်ဆံလိုက်သည့် ဦးမင်းကြည်လှိုင်၏ မျက်နှာကိုတစ်လှည့်၊ ဒေါ်ပြားချွတ်ကြီး၏ မျက်နှာကိုတစ်လှည့် ကြည့်ပြီးနောက်. .

"တောက်. ."

ပြင်းထန်စွာ တောက်တစ်ချက်ခတ်လိုက်ပြီး လက်ထဲက မြွေရုပ်ပါ တောင်ဝှေးကြီးကို ဒေါသတကြီး မြေပြင်မှာ ဆောင့်ပစ်လိုက်သည်။

"ရှူး. ."

ဒီမှာ ရှူးဆိုသောအသံကြီး ပေါ်လာသည်။ အမှတ်တမဲ့ဆိုလျှင် မြွေခေါင်းပုံတောင်ဝှေး မြွေရုပ်ခေါင်းမှ မြွေမှုတ်လိုက်သည့်အလား ထင်ရ၏။

သို့သော်. .

'ရှူး' ဆိုသောအသံကား ထူးဆန်းသောမိန်းမကြီး ဒေါ်နန်းအိမ်ကြို့ ပါးစပ်မှ ပေါ်လာသောအသံပဲဖြစ်သည်။

"ဟား. . ဟား. . ဟား. . ဟား. ."

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

"အဟင်း. . ဟင်း. . ဟင်း. . ဟင်း. ."

အဘွားကြီးက မျက်လုံးနှစ်လုံးကိုပြူးပြီး ကျယ်လောင်စွာရယ်လိုက်သည့် ရယ်သံကား မထေမဲ့မြင် လှောင်ပြောင်ရယ်သံလိုမျိုး. .။ တစ်စုံတစ်ရာ လျှို့ဝှက်နက်နဲဟန်ပါသည့် ရယ်သံမျိုး. .။

သည်တွင် စိတ်တို၊ ဒေါသကြီးလှသော ဦးမင်းကြည်လှိုင်က သူလို လူစားကို လှောင်ပြောင်၊ သရော်၊ မထေမဲ့မြင်လုပ်ရပါမည်လား ဆိုပြီး တုတ်နှင့်ပြေးရိုက်လိုက်သောအခါ. .

ခါးကိုင်းကိုင်း၊ ဆံပင်ဖားလျားနှင့် ထူးဆန်းလှသောအဘွားအို အရုပ်ဆိုးဆိုးကြီး ဒေါ်နန်းအိမ်ကြို့သည် ဆက်ရက်ငှက်တစ်ကောင်ခုန်သလို နောက်ပြန်ခုန်လိုက်ပြီး မှောင်ထဲသို့ တိုးဝင်သွားခဲ့သည်။

စိတ်ကူးသစ်စာပေ



"တောက်. ."

ဦးမင်းကြည်လှိုင်က သူမဝင်သွားရာ သစ်ပင်အုပ်နှင့် ခါးချုံများရှိရာသို့ လက်နှိပ်မီးနှင့် လိုက်ထိုးကြည့်လိုက်သောအခါ အဘွားကြီး မရှိတော့။

"ဘယ်ကလဲ ကိုမင်းကြည်လှိုင်"

"မသိပါဘူး ကိုသောင်းယဉ်ရာ။ ရုပ်က ကျက်သရေမရှိဘူး"

"စုန်းမကြီးများလားမှ မသိဘဲ"

ဒေါ်ပြားချွတ်ကလည်း မဲ့ကာရွဲ့ကာ ပြောလိုက်သည်။

"ရုပ်ကြီးက ကြောက်စရာကြီးဗျာ. . နော်. ."

"စိတ်မှန်ရဲ့လားမှ မသိပဲတော်"

တစ်ယောက်တစ်ပေါက် နောက်ကြောင်းပြန် ပြောဆိုဝေဖန်ပြီးနောက် ရှင်လိင်ပြန်ကြက်တွန်သံ ကြားသောအခါ ကိုယ့်တဲစု ကိုယ်ဝင်၍ လူစုခွဲပြီး အိပ်လိုက်ကြတော့လေသည်။

ညဥ့်သည် လရောင်ဖြိုးဖြိုးဖျဖျနှင့် ရှိနေ၏။

သန်းခေါင်ကြက်တွန်သံ ကြားရသည်။ ခွေးအူသံအချို့ ကြားရသည်။ အဝေးမှ လေယာဉ်ပျံအသံမျိုး ကြားရသည်။

သစ်သစ်တို့သူငယ်ချင်းများ မိန်းမဖော်ချင်း စု၍အိပ်ကြ၏။

"ဂီး. ."

"ဂစ်. . ဂစ်. . ဂစ်. ."

"ဘုရား. . ဘုရား. . အဲဒါ. . အဲဒါ. ."

"ငှက်ဆိုးထိုးသံ. . ဟဲ့"

"ရှူး. . ဖွ. . ဖွ. . မပြောနဲ့၊ ဥုံ. . ရန်သူအကြား တို့အကြား ဘုရားငါးဆူခြား။ ဥုံ. . ရန်သူအကြား ငါတို့အကြား ဘုရားငါးဆူခြား"

"ဂီး. . ဂီး. ."

"ဂစ်. . ဂစ်. . ဂီး. ."

"ဂီး. ."

သစ်သစ်တို့သူငယ်ချင်းသုံးယောက် တဲဝန်းကျင်မှာ လှည့်အော်ထိုးနေသည့် လင်ကောင်ပိုးခေါ် ငှက်ဆိုးထိုးသံကြောင့် ကြောက်လန့်ပြီး စောင်ခေါင်းမြီးခြုံ၍ ကိုယ်ချင်းပူးကပ်ထားလိုက်ကြသည်။

သံမှုဒွေကို ရွတ်ကြသည်. .။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဓာရဏာပရိတ်ကို ရွတ်ကြသည်. .။

ဖုဋ္ဌသာဂါထာကို တုန်တုန်ယင်ယင်နှင့် ရွတ်ကြသည်. .။

“အား. . အမလေး. . တော်. .”

“အမလေး. . လာကြပါဦး. . လာ. . ကြ. . ပါဦး. . တော်. .။ အမေ. . အမေ. . အမေ ဘာဖြစ်လို့လဲ. . ဘာဖြစ်လို့လဲ. .”

“သ. . သမီး. . အား. . ငါ့. . ငါ့ခြေထောက်ကို အကောင်. . ကိုက်. . ကိုက်. . အား. . အ. . အ. .”

“လာကြပါဦး. . လာကြပါဦး. .။ အမေ. . အမေ. .”

ဒေါ်ပြားချွတ်တို့တစ်ဖက်ရပ်တဲဘက်က အလန့်တကြားအော်သံကြား၍ ကပ်လျက်တဲများမှလူများ အိပ်မှုန်စုံမွှားနှင့်နိုးလာပြီး မီးခွက်များထွန်း၍ ပြေးဝင် အသံပြုဝင်လာကြသည်။

“ဟဲ့. . ဟဲ့. . စာဖူးတောင်း. .။ ဘာဖြစ်လို့လဲ. . ဘာဖြစ်လို့လဲ. .”

“ဟီး. . ဟီး. . အမေ. . အမေ. . အို. . အမေ့ကို ခေါ်လို့မရတော့ဘူး ကြီးဒေါ်တို့ရဲ့။ ဟီး. .”

စာဖူးတောင်း သူ့အမေဒေါ်ပြားချွတ်ကိုဖက်၍ ဟစ်ငိုလိုက်သည်။ ယောကျ်ားများ၊ မိန်းမများ မီးခွက်များနှင့် ရောက်လာကြသည်။

သေသေချာချာကြည့်လိုက်တော့ ဒေါ်ပြားချွတ် ချောက်ချားတွန့်လိမ် အကြောဆွဲပြီး ရုပ်ပျက်ဆင်းပျက်အသက်ထွက်နေသည်ကို မြင်လိုက်ရ၏။

ဦးသောင်းယဉ်တို့ လူကြီးပိုင်းက ဝိုင်းနေကြသူများကို ဖယ်ရှား၍ စစ်ဆေးလိုက်သောအခါ ဒေါ်ပြားချွတ်၏ခြေဖမိုးမှာ အပေါက်ငယ်နှစ်ခု တွေ့လိုက်ရပြီး သွေးစို့ညိုမည်းနေသည်ကို မြင်လိုက်ကြရသည်။

“ဟင်. . မြွေများကိုက်လိုက်ရော့သလား။ ဒေါ်ပြားချွတ်. . ဒေါ်ပြားချွတ်. .”

“အသက်မရှိတော့ဘူးဗျ”

“ဟီး. . အမေရေ. . အမေရဲ့. . ဟီး. . အင့်. . ဟီး. .”

“ကိုညက္ကာ. . အနီးဝန်းကျင်မှာ လိုက်ရှာကြည့်စမ်းဗျာ”

စစ်ပြေးဒုက္ခသည်များအနေဖြင့် စစ်ဘေးကာလအတွင်း ကြုံရမှာ ကြုံသလို မှီခိုနေထိုင်ရသည်။ ဇရပ်မှာလည်း အိပ်စရာ၊ နေစရာ မရှိတော့ ပြည့်နေပြီ. .။



ဘုန်းကြီးကျောင်းလည်း ဒုက္ခသည်များနှင့် တင်းကြမ်း. .။

နေစရာမရှိ၍ ဘုရားရင်ပြင်ပေါ် စောင်မိုး၍ နေကြသည်လည်း ရှိသည်။ အချို့က သစ်ပင်များအောက်မှာ တစ်ဖက်ရပ်တဲများနှင့်. .။

မြေပြင်ပေါ်မှာ ဆင့်တန်းမထိုးဘဲ အရေးပေါ်နေကြရသည်မို့ ညဘက်ရောက်လျှင် ကင်းများ၊ ဖားပြုပ်များ၊ ပိုးကောင်မွှားကောင်များ [illegible]ဝင်လာလေ့ရှိ၏။

ဦးညက္ကာနှင့် ဦးသောင်းယဉ်တို့၊ ဦးချစ်ဖွယ်တို့ လူကြီးများက [illegible]ခွက်များ၊ လက်နှိပ်မီးများနှင့် ထိုးကြည့်၍ စောင်အောက်၊ အဝတ်ပုံ [illegible]အောက်များသို့ လှန်လှောရှာလိုက်သောအခါ. .

“ရှူး. .”

“ဟာ. . ဟ. . မြွေကြီးဟ. .”

“ဖူး. . ဖူး. .”

“ဆုတ်. . ဆုတ်. . နောက်ဆုတ်ထွက်ကြ. . အမြန်ထွက်ကြ”

စောင်တစ်ထည်ကို အလှန်လိုက်မှာ လက်ကောက်ဝတ်ခန့်ရှိသော မြွေဟောက်ကြီးတစ်ကောင်သည် ရုတ်ချည်း ပါးပျဉ်းထခွက်ပြီး အသံပေးလိုက်သောအခါ အားလုံး အပြင်သို့ အလျင်အမြန်အော်ဟစ်၍ ပြေးထွက်ကြသည်။

“ရိုက်. . ရိုက်. .”

“ဝင်ရိုက်ပါဟ”

အရေးထဲ ပါးပျဉ်းခွက်နေသည့် မြွေဟောက်ကြီးကို မည်သူမှ [illegible]မရိုက်ရဲကြ။ မြွေဟောက်ကြီးက လက်နှစ်ဝါးစာခန့် ပါးပျဉ်းကြီးကို ထောင်[illegible] မီးကျီးခဲရဲရဲကဲ့သို့သော မျက်လုံးအစုံနှင့် လူသံကြားရာသို့ လိုက်ကြည့်နေသည်။

“ဟော့. . ဘယ်သူမှမရိုက်ရဲရင် ဦးမင်းကြည်လှိုင်ကို သွားနှိုးခေါ်လိုက်စမ်းဟေ့”

“ဟုတ်တယ်ဟေ့. .။ အမြန်သွားခေါ်လိုက်ပါဟ”

ကိုသောင်းယဉ် ပြေးထွက်သွားသည်။ သို့ကလို ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ် မြွေဟောက်ကြီးသည် ‘ဖူး’ ဟု မှုတ်သံတစ်ချက်ပေးလိုက်ပြီးနောက် [illegible]အကာ ခနိဖက်ဟ ကွဲကြားမှ လျှိုကာ ထွက်သွားတော့လေသည်။

“ဗျို့. . ကိုညက္ကာ. . ကိုညက္ကာ. .”



www.burmeseclassic.com

www.burmeseclassic.com



နှစ်တဲကျော်မှနေ၍ ကိုသောင်းယဉ်၏ စိုးရိမ်တကြီးအော်ခေါ်သံကို ကြားရပြန်သည်။

"ကိုသောင်းယဉ် ဘာဖြစ်နေတာလဲဗျ"

"မြန်မြန်လာ. . မြန်မြန်လာပါဗျ"

"ဘာဖြစ်ပြန်ပြီလဲကွာ"

သို့နှင့် ဦးဥက္ကာ ဒေါ်ပြားချွတ်အလောင်းဝန်းကျင်မှ ခွာပြီး ကိုသောင်းယဉ်လှမ်းခေါ်နေသည့် ဦးမင်းကြည်လှိုင်တစ်ဖက်ရပ်တဲရှိရာသို့ လှမ်းလာလိုက်သည်။

"ကိုဥက္ကာ. . ဘာဖြစ်နေတာလဲဗျ။ ဟိုလူ ကိုမင်းကြည်လှိုင်ရော"

"ကိုဥက္ကာ. ."

"ဘာလဲကွာ. .။ ချီး. . မှပဲ"

"ကို. . ကို. . မင်း. . ကြည်. . လှိုင်. . အသက်. . မ. . မရှိ. . တော့ဘူး"

"ဘာ. . ကိုကြည်လှိုင် အသက်မရှိတော့ဘူး"

"ဟုတ်တယ်. .။ အေးစက်ပြီး တောင့်လို့. ."

"ဘုရားရေ. ."

သည်မှာပဲ ဦးဥက္ကာက စောင်မြှီးလျက်ကြီးနှင့် စန့်စန့်ကြီးဖြစ်နေသော မင်းကြည်လှိုင်ကို သေချာအောင် လှုပ်နှိုးကြည့်လိုက်သည်။

"ကိုကြည်လှိုင်. . ကိုကြည်လှိုင်. . ဟေ့လူ. . ဟေ့လူ. ."

ခေါ်လို့ မရတော့။ အသားအရေကို စမ်းကြည့်လိုက်တော့ အေးစက်ပြီး ခပ်တောင့်တောင့်ဖြစ်နေသည်။ မျက်နှာကြီးကလည်း ဝေဒနာတစ်ခုကို ခံစားလိုက်ရသလို ရှုံ့မဲ့မဲ့. .။

ကိုဥက္ကာ ကိုမင်းကြည်လှိုင့်ကိုယ်ပေါ်မှ စောင်ကို အလျင်အမြန် ခွာချလိုက်ပြီး တစ်ကိုယ်လုံးကို ရှာဖွေစစ်ဆေးလိုက်သည်။

သူ့လည်း မြွေဆိုးကိုက်လို့များလား. .။

သို့သော် အသားအရေများ မညိုမည်းသေး. .။

ခြေထောက်အနှံ့၊ လက်အနှံ့၊ ကိုယ်အနှံ့ ဒဏ်ရာတွေ့လိုတွေ့ငြား လိုက်ရှာပါသော်လည်း ဘာဒဏ်ရာမှမရှိဘဲ သေခဲ့ပြီ။

ဒေါ်ပြားချွတ်အလောင်းဝန်းကျင်ရောက် စစ်ပြေးဒုက္ခသည်များသည် ဦးမင်းကြည်လှိုင်ပါအသက်မရှိတော့ဘူး ဆိုသည့်စကားကို ကြားကြ





သောအခါ ဝရုန်းသုန်းကားပြေးဝင်လာကြပြီး စိတ်မကောင်းကြီးစွာ ငိုလိုက်ကြလေသည်။

"ဘယ်လိုဖြစ်ကုန်ကြတာလဲဗျာ. .။ တစ်ညတည်း နှစ်ယောက်ပြိုင် သေရတယ်လို့"

"စောစောက အိပ်ရာဝင်ခါနီး ကျုပ်ကိုတော့ ပြောသွားသေးတယ်"

"ဘာပြောသွားလို့လဲ ကိုချစ်မောင်"

"ခေါင်းထဲမှာ မူးနောက်နောက်နဲ့ဗျာ. . တဲ့။ ဒါနဲ့ ကျွန်တော်က ပြောတယ်။ သွေးများတိုးနေလားလို့. .။ မြန်မာဆရာနဲ့ မိုးလင်းရင် ပြကြည့် ဆိုတောင် ပြောလိုက်သေးတယ်။"

"ဟူး. . မဟုတ်မှလွဲရော။ သွေးတိုးနဲ့များ ဦးနှောက်ကြော ပြတ်သွားရောလားဗျာ"

"ဖြစ်နိုင်တာပေါ့ဗျာ. .။ အသက်ကလည်းကြီးပြီဥစ္စာ။ အိပ်ရေးရတာလည်း မြေကြီးပေါ် ဖျာခင်းအိပ်ရတာဆိုတော့ သွေးတိုးရှိနေရင် ဘယ်လွယ်မှာလဲ"

"ကိုင်း. . ဒီလိုနေလို့ မဖြစ်ဘူးဗျ။ မိုးလင်းရင် မြေမြှုပ်သင်္ဂြိုဟ်နိုင် အောင် ရွာခံအချို့ခေါ်ပြီး စီစဉ်ကြစို့"

သည်မှာပဲ စစ်ပြေးခရီးသည်အကြား ပြောစရာစကားဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့တော့၏။

ဒေါ်နန်းအိမ်ကြို. .။

ထူးဆန်းသော နာခေါင်းပြတ်နေသည့် ဒေါ်နန်းအိမ်ကြိုဆိုသည့် မိန်းမကြီး ရောက်လာ၊ အချင်းများပြီး ပြန်သွားသည့်အချိန်ကစ၍. .

ငှက်ဆိုးများအော်သည်. .။ ခွေးများ အူကြသည်. .။

ဝါးရုံပေါ်မှ ကျီးနှင့်ဖျိုင်းများ လန့်ပျံကြသည်။

အခု သူမကြီးနှင့် စကားများ၊ မသင့်မြတ်ဖြစ်ခဲ့ကြသည့် ဦးမင်းကြည်လှိုင်နှင့် ဒေါ်ပြားချွတ် သန်းခေါင်မှာ ရုတ်ချည်းသေဆုံးသွားကြသည်။ ထူးဆန်းသော တိုက်ဆိုင်မှုအဖြစ်အပျက်. .။

ဝေဖန် စကားဆိုသံများ အမျိုးမျိုးပေါ်လာခဲ့သည်။

"ဟို. . မကောင်းဆိုးဝါးလို မိန်းမကြီး ဒေါ်နန်းအိမ်ကြိုများ ပြုစားသလား. .။



www.burmeseclassic.com

www.burmeseclassic.com



သည့်အဘွားကြီး ဘာလဲ. .။
ဘယ်မှာ အခု နေသလဲ. .။
သူမ ဘယ်လိုမိန်းမကြီးလဲ. .။
အားလုံးက သိချင်နေကြပြီ. .။

"ဖြစ်ပုံက အဲဒီလိုပါပဲ အစ်ကိုနေမင်းထိန်ရယ်"

"ကျွတ်. . ကျွတ်. . ကျွတ်. . ဖြစ်မှဖြစ်ရလေကွယ်"

ခင်ရွှန်းသစ်ကလေးက ဖြစ်ကြောင်းကုန်စင်ကို ကျွန်တော်တို့ အား ပြန်ပြောပြလိုက်သောအခါ ကျွန်တော်တို့လည်း လွှန်စွာအံ့ဩသွားခဲ့ကြ ပြီ။

"ငထိန်. ."

"ဘာလဲ ကိုချစ်စရာ"

'ဒါဆို ငါတို့ ဒီအဘွားကြီးကို ဂရုစိုက်ကြည့်ဖို့ လိုအပ်နေပြီ ကိုယ့်လူ'

"အင်း. . ဒါလည်းဒါပေါ့ကွာ။ ခက်တာက ဒီအဘွားကြီး ပြုစား သေရတာလို့ စွပ်စွဲရလောက်အောင် နိုင်လုံတဲ့သက်သေအထောက်အထား မရှိဘူးလေ။ ခုဟာက တစ်ယောက်က မြွေဆိုးကိုက်ပြီး သေရတာ။ တစ် ယောက်က သွေးတိုးကြောင့် ဦးနှောက်ကြောပြတ်ပြီး သေရပုံ ဆိုသကိုး"

"ဘာပဲဖြစ်ဖြစ် တိုက်ဆိုင်မှုတော့ ရှိနေတာပဲ မဟုတ်လား"

"အရမ်းကာရော သူတစ်ဖက်သားကို မစွပ်စွဲပါနဲ့ဦး သစ်သစ်တို့ တို့များ အခြေအနေကို စောင့်ကြည့်ကြသေးတာပေါ့"

"အို. . သစ်သစ်တို့တော့ ဒီအဘွားကြီး နောက်တစ်ကြိမ် ဒီနေ ကို ပြန်ရောက်လာမှာ အရမ်းကြောက်တာပဲ အစ်ကိုနေမင်းထိန်"

"သိပ်လည်းမစိုးရိမ်ပါနဲ့ သစ်သစ်တို့ရာ။ အစ်ကိုတို့ ရှိနေပါတယ် ညည်းတို့ယူဆသလို. .၊ အများက ယူဆသလို အကယ်၍များ ဒီမိန်းမကြီး ကဝေပညာသည်အစစ် ဖြစ်နေရင်၊ အားလုံးကိုလည်း ဒုက္ခပေးနေရင်. ."

ကျွန်တော် စကားကိုရပ်ထားလိုက်ပြီး ကိုချစ်စရာရဲ့မျက်နှာကို လှမ်း ကြည့်လိုက်သည်။ ဒီမှာ ကိုချစ်စရာက တစ်ခွန်းပဲပြောလိုက်သည်။

"ငါတို့ ကြည့်ပြီး ရှင်းလိုက်ပါ့မယ် သစ်သစ်ရာ"

● ● ●

၇

## မလုံးတင်တစ္ဆေ

တစ်ည. .

ချစ်စရာ ရေးကြီးသုတ်ပျာ ရောက်ချလာသည်။

"နေမင်းထိန်. . နေမင်းထိန်. ."

"ဟေ့. . နေ. . မင်း. . ထိန်. ."

"ဘယ်သူလဲဟေ့. ."

ကျွန်တော်က နောက်ဖေးမီးဖိုဆောင်မှာ အမေနှင့်ထမင်းစား နေရင်းက လှမ်းအော်မေးလိုက်သည်။

"ငါပါ. . ချစ်စရာပါဟ"

"ဟ. . ချစ်စရာ။ တက်ခဲ့လေကွာ. .။ ငါတို့ ထမင်းစားနေတယ်။ လာခဲ့. ."

ချစ်စရာ ပြူးတူးပြဲတဲမျက်နှာနှင့် ထမင်းဝိုင်းအနီးမှာ ဝင်ထိုင်လိုက် သည်။

"ဟဲ့. . ချစ်စရာ။ မစားရသေးရင် ဝင်စားလေ"

"စားပြီးပြီ အမေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်. . ဘာဖြစ်လာတာလဲ၊ ပြူးတူးပြဲတဲနဲ့. . ။ ခွေးလိုက်ဆွဲလို့လား. . ။ မိလုံးတင် လိုက်လို့လား. ."

"အမလေး. . မိလုံးတင်ထက် သာတာတွေ့လို့ လာခေါ်တာဟ"

ချစ်စရာသည် မိလုံးတင်ကို အလွန်ကြောက်၏။ မိလုံးတင်လိုက်လျှင် ငယ်သံပါအောင်အော်ပြီး ပြေးရကား တစ်ခါတစ်ရံ သေးရော၊ ချေးရော ထွက်၏။

အဘယ်ကြောင့်မူ. .

မိလုံးတင်သည် လူမဟုတ်၊ တစ္ဆေဖြစ်သောကြောင့်တည်း။

လွန်ခဲ့သောကာလ မိလုံးတင်သည် ချစ်စရာ၏ချစ်သူ ဖြစ်ခဲ့၏။ ချစ်စရာက ကျွန်တော်တို့လိုပဲ ကူးတို့လှေသမား။ တစ်ခါတစ်ရံ လှေမကိုင်ချင်လျှင် လယ်သူရင်းငှား ဝင်လုပ်လေ့ရှိ၏။

'လုံးတင်' ဆိုသည့်အတိုင်း တောသူပီပီ တောင့်တင်းသန်မာ၏။ ဖွံ့ထွားစွင့်ကား၏။ လုံးတင်၏တင်ပါးဆုံနှစ်ခုသည် လုံးမောက်ပြီး ကော့တင်နေသဖြင့် လုံးတင်၏အလှကို ရွာကာလသားများ အလွန်မျက်စိအာရုံကျကြ၏။

အမျိုးမျိုးသော ပိုးပန်းသူများအနက် လှေကူးတို့သမား အပြောကောင်း၊ အရွှေကောင်း ချစ်စရာနှင့် လုံးတင်ငြိသွားခဲ့ရကား. .

ဝမ်းသာလွန်း၍ လှေဆိပ်မှာ နောက်ကျွမ်းထိုးရင်း ချစ်စရာ ဖက်လည်သွားသဖြင့် တိုင်းရင်းဆေးဆရာကြီး ဘဦးမှိုင်းက မနည်းကို ကုသပေးခဲ့ရ၏။

ထိုကာလမှစ၍ လုံးတင်မှလုံးတင်ဖြစ်ပြီး လုံးတင်အလှကိုလည်းကောင်း၊ လုံးတင်နှင့် ကောက်ရိုးပုံမှာချိန်းတွေ့လို့ ခံစားခဲ့ရသည့် ပူနွေးအိစက် အချစ်အရသာကိုလည်းကောင်း ဓာတ်ပြားထပ်၊ အပ်သွားတုံး အောင် ချစ်စရာ ကြွားခဲ့၏။

လုံးတင်ကို တင်တောင်းနိုင်ရန် ဝါးပိုးဝါးစုဘူးကြီးနှင့် ပိုက်ဆံစုခဲ့၏။ သူ့ရည်းစား လုံးတင်သည် တစ်ပတ်လျှင်တစ်ခါ ပန်းတောကျေးရွာမှ ကျောက်တန်းမြို့ဘက်ကမ်းသို့ အိမ်အတွက် လိုအပ်သောပစ္စည်းများ အဝယ်ထွက်၏။

ထိုအခါ ချစ်စရာရဲ့လှေကိုစီး၏။ ချစ်စရာကလည်း သူ့ရည်းစား လုံးတင် ဈေးသွားဝယ်လျှင် ဘယ်ခရီးသည်မှ မတင်။ ပိုက်ဆံဘယ်လောက်ပေးပေး မလိုက်၊ ရည်းစားတစ်ယောက်တည်းကို သူ့ကူးတို့လှေနှင့် စပယ်ရှယ်ပို့ပေး၏။

သို့ကလိုပို့ပေးရင်း ရေလယ်ခေါင်မှာ သမီးရည်းစား အချစ်စကားများကို အားရပါးရ နှီး၏. . ။ ဖိန့်၏. . ။ ပင့်၏. . ။ အလုံးလိုက် အပြားလိုက် ထည့်၏. . ။

တစ်နေ့ ကောင်းကင်မှာ မိုးကြီးမှောင်ပြီး ညို့နေ၏။

ဘယ်ကူးတို့သမားမှ မိုးညို့ပြီး မှောင်နေလျှင် လှေမထွက်ကြ။ မိုးမှောင်ပျောက်အောင် စောင့်ကြသည်။ ပင်လယ်နှင့် နီးသည့်အရပ်မို့ မိုးညို့မှောင်လာလျှင် လေရော၊ မိုးရော၊ အခန့်မသင့်က ကြမ်းကြမ်းရမ်းရမ်းဝင်လာပြီး လှိုင်းကြီးလူးနိုင်၍ ဆင်ခြင်ကြ၏။

အလင်းပေါက်၍ အခြေအနေကောင်းမှ လှေထွက်ကြ၊ ကူးကြ၏။

ထိုနေ့က မိလုံးတင် ပေါက်ချလာသည်။ မြို့ညည့်သည်များ လာကြမည်ဆို၍ ကျောက်တန်းဈေးမှာ အချိန်မီဈေးသွားဝယ်ချင်သတဲ့။

သည်မှာ ချစ်စရာက ကောင်းကင်မှာ မိုးတွေညို့မည်းပြီး မှိုင်းနေကာ လေပြင်းများဝေ့လာနေသည်မို့ ခဏဆိုင်းငံ့ပါရန် ပြောသည်ကို မိလုံးတင်က လက်မခံ။

အချိန်မီ ချက်ပြုတ်ရမည်မို့ ပို့ပေးပါဟု ဇွတ်စကား ဆိုလာခဲ့သည်။

အနီးရှိ ကူးတို့လှေသမားများကလည်း လေပါဝင်လာနေ၍ မကူးရန် ငိုင်းတားကြသည်။ မိလုံးတင်ကား ဇွတ်မှဇွတ်. . ။

"တော်လိုက်မပို့ဘူးလား ကိုချစ်စရာ"

"အန္တရာယ်များလို့ လုံးတင်ရာ"

"တော်. . ။ ရှင် နောက်နောင် ကျုပ်ကို လုံးဝစကားမပြောနဲ့တော့"

လုံးတင် စိတ်ဆိုးပြီး ခြေဆောင့်၍ထွက်သွားသည်ကို မြင်လိုက်ရသောအခါ မြေကြီးကိုဆောင့်လိုက်သည့် လုံးတင်၏ခြေသည် သူ့ရင်ဝကို ဓါးကြင်းခေါင်းဝင်ဆောင့်သကဲ့သို့ ခံစားလိုက်ရပြီး ချစ်စရာ ပျာပျာသလဲဖြစ်သွားခဲ့ရတော့၏။

"လုံးတင်. . လုံးတင်. ."

"တော်. . မခေါ်နဲ့"

"နေပါဦး လုံးတင်ရာ. . ။ ငါ. . ငါ. . လိုက်ပို့ပေးမယ်ဟာ။





www.burmeseclassic.com

www.burmeseclassic.com



ရပ်ပါဦးဟ လုံးတင်ရ"

သည်မှာ လုံးတင် တုံ့ခနဲရပ်လိုက်ပြီး ချစ်စရာကို လှည့်ကြည့်ရင်း. .

"ရှင် ဘာကယ်ပြောနေတာလား"

"နင်ဟာ ငါ့ဖနီးလောင်းပဲဥစ္စာ လုံးတင်ကြီးရာ။ အဟဲ. ."

"မသာကြီး. .။ ရောဂါက ထ,ချင်နေတယ်။ မြန်မြန်လုပ်. .။ အချိန်မီ ချက်ရပြုတ်ရမှာ။ ညနေသည့်က ငါးယောက်တောင်"

"လာဟာ. ."

ကံကြမ္မာက အချစ်ရဲ့စေစားရာနောက်ကို ပူးကပ်၍ ပါလာခဲ့သည်။ ချစ်သူနှစ်ဦး လှေဆိပ်သို့ဆင်းလာပြီး လှေပေါ်သို့ တက်လိုက်ကြသည်။ သည်မှာပဲ လှေဆိပ်မှ ဦးကျောက်မောင်းက လှမ်းအော်လိုက်၏။

"ဟေ့ကောင် ချစ်စရာ. .။ ဘာလုပ်မလို့လဲ"

"ဟိုဘက်ကမ်း ကူးမလို့"

"မိုးတွေမှောင်နေတာ မင်းနားမလည်ဘူးလား။ လှမိုက်. ."

"ရပါတယ် အဘကျောက်ရာ။ ခဏလေးပါဗျ"

"မသွားနဲ့"

ဦးကျောက်မောင်းက ပြေးဆင်းလာပြီး ပြောလိုက်သည်။ အဘကျောက်မောင်းသည် သမ္မာရင့်ကူးတို့လှေသမားကြီးဖြစ်သည်။ ဟိုး. . အင်္ဂလိပ်အစိုးရ စဝင်သည့် လက်ထက်ကတည်းက ကျွန်တော်တို့အဖေများ၊ ချစ်စရာတို့အဖေများ လက်ထက်. .။ ဟိုး. . အဘိုးများလက်ထက်ကတည်းက နှစ်ပေါင်းများစွာ ကူးတို့လှေသမားဘဝကို ဖြတ်ကျော်ခဲ့သူကြီး ဖြစ်၏။

အဘကျောက်၏စေတနာကို ချစ်စရာနားလည်ပါသည်။ အဘကျောက်က သည်လို စိုးရိမ်ကြီးစွာ မျက်နှာထားနှင့် လာရောက်သတိပေးပြောလိုက်တော့ ချစ်စရာ လှေတက်ကိုကိုင်ပြီး တစ်ချက်ငိုင်သွားခဲ့သည်။

ကျွန်တော်တို့ လှေကူးတို့လှေသမားများကလည်း ချစ်စရာကိုရော၊ မလုံးတင်ကိုပါ မိုးလေကင်းမှ ကူးရန် တားမြစ်ကြသည်။

ဝိုင်းတားပါများတော့ ချစ်စရာက လှေတက်နှစ်ခုကို ဆုပ်ကိုင်ရင်းက သူ့ချစ်သူ မလုံးတင်ရဲ့မျက်နှာကို စိုက်ကြည့်ပြီး 'ဘယ်လိုလဲ' ဟု မေးဆတ်ပြလိုက်၏။ သည်မှာ မလုံးထင်က မျက်နှာထားတင်းတင်းနှင့်





အံကြိတ်ပြလိုက်သောအခါ. .

"ရပါတယ် အဘကျောက်ရာ။ မိုးရိပ်မိုးလေကြည့်ပြီး တက်ကုန်သုတ်လိုက်ပါ့မယ်ဗျာ"

"တောက်. ."

"တားမရလည်း သွားပေါ့ကွာ လူမိုက်ရာ"

အဘကျောက်မောင်း စိတ်ဆိုးပြီး ချာခနဲ လှည့်ထွက်သွား၏။ ချစ်စရာက ကျွန်တော်တို့မျက်နှာကို အားနာသလိုလှမ်းကြည့်ပြီး လှေဦးကို ကျောက်တန်းမြို့ရှိရာသို့ လှည့်လိုက်သည်။

လှေသည် တဝုန်းဝုန်းရိုက်နေသည့် ကမ်းစပ်လှိုင်းလုံးများပေါ်မှာ သေးကြွနေသောမြင်းလို ခုန်နေသည်။ သည့်နောက် လှေတက်ကို ယက်လိုက်သောအခါ လှေသည် အရက်မူးသမား လမ်းလျှောက်သလို ဘယ်ညာလူး၍ လှိုင်းရေပြင်ပေါ်မှာ ဘယ်ညာလူးလျက် လှေဦးမော့၊ လှေပဲ့ထောင်လျက် ထွက် သွားလေသည်။

သူ့တို့ကူးတို့လှေထွက်ပြီး အတန်ကြာမှာပဲ ကောင်းကင်မှာ တိမ်မည်းအုပ်ကြီးများ မြင်းရိုင်းကဆုန်စိုင်းနေသလို ရွေ့လျားလာပြီး မိုးရော လေရော ကျလာတော့သည်။

ပင်လယ်အရပ်မှ ဒုန်းစိုင်းလာသောလေသည် မော်ဝန်းချောင်းကို ဦးစွာဝင်ရောက်နှုတ်ဆက်တော့သည်။ မိုးသက်လေပြင်း၊ ဒီရေနှင့်အတူ လှိုင်းတံပိုးများ ကြွလာသည်။ မော်ဝန်းချောင်းသည် မည်းရိပ်ဆင် မိုးသက်လေပြင်းအောက်မှာ ပျောက်လုဘနန်း ဖြစ်သွားခဲ့ပြီ။

ချောင်းကမ်းပါးလှေဆိပ်ကို ရေလှိုင်းရေလုံးများ ဝင်ဆောင့်သဖြင့် ကမ်းစပ်ရှိ ကူးတို့လှေများ၊ သမ္ဗန်များ ပခုံးချင်းတိုက်၊ ခေါင်းချင်းရိုက်၍ ကြက်ခွပ်သလို ဖြစ်ကုန်ကြသည်။

ကျွန်တော်တို့ ကူးတို့လှေသမားများ၊ သမ္ဗန်သမားများ ချစ်စရာနှင့်မလုံးတင်တို့ စီးသွားသည့် ကူးတို့လှေအတွက် လွန်စွာစိုးရိမ်သွားခဲ့ ကြပြီး မော်ဝန်းချောင်းရှိရာ လည်ဆန့်မျှော်ကြည့်လို့ စိုးရိမ်သောကများ အခေါင်တက်ခဲ့ကြပြီ။

ချစ်စရာတို့လှေ ပြန်များလှည့်လာလေမလားလို့ မျှော်ကြ ကြည့်ကြသည်။ ရိုးရိုးရိပ်ရိပ်မျှ မမြင်ရ။ မိုးက ပိုသည်းလာ၏။ လေပြင်းက အကြော



www.burmeseclassic.com

www.burmeseclassic.com



တင်းလှ၏။ လှိုင်းတံပိုးသံများက ဘီလူးဆိုင်းနှင့် ဟစ်၍တီး၍ ကခုန်နေ၏

နာရီဝက်နီးပါးခန့် ဗီလိန်ဆိုင်းတီး က,ပြီးနောက် မိုးသက်လေပြင်းများ ငြိမ်ကျသွားသည်။ ဦးခေါင်းပေါ်က အသားမည်းမိုးကောင်းကင်မျက်နှာကြီး မျက်နှာသစ်၍ လင်းလာခဲ့သည်။ ငှက်ဝန်းချောင်းသည် တက်ရေဖွေးပြီး ရေတက်တေးကို ပုံမှန်အတိုင်း သီဆိုနေသည်။

ကျွန်တော်တို့အားလုံး လှေဆိပ်သို့ ဆင်းကြ၏။ ကိုယ့်လှေကို စစ်ဆေးကြ၏။ ဟိုဘက်ကမ်းကူးမည့် ခရီးသည်များ ရေဆိပ်သို့ ဆင်းလာကြ၏

ကျောက်တန်းကျောက်ပုံရေဆိပ်မှ ကူးတို့လှေများသည် ပန်းတောနှင့် မီးပြလှေဆိပ်ရှိရာသို့ လာနေကြ၏။

"ဗျို့.. ကိုချက်ကြီး"

ကိုချက်ကြီးတို့ ကူးတို့လှေနှင့် ကံကြီးမောင်တို့လှေများ ဝင်လာသည်ကိုမြင်၍ ကျွန်တော်က အလျင်စလို လှမ်းအော်လိုက်သည်။

"ငထိန်လားဟေ့.."

"ဟုတ်တယ်ဗျ..။ ဒီမှာဗျ ကိုချက်ကြီး..။ ချစ်စရာနဲ့ မိလုံးတင်တို့စီးလာတဲ့လှေ ကျောက်ပုံဆိပ်ကို ချောချောမောမောရောက်ရဲ့လားဗျာ.. ဟင်"

"ငထိန်.."

"ဘာလဲဗျ ကိုချက်ကြီးရ..။ ဒီကောင့်လှေ တွေ့ခဲ့လား"

"ချစ်စရာလှေ မိုးလေကျတုန်း ရေလယ်မှာ မှောက်ပြီး မျောသွားသတဲ့"

"ဗျာ.. ဗျာ.."

"ဟ.. ဟုတ်ရဲ့လား ချက်ကြီးရ"

"မင်းမြင်လို့လား ဟေ့ကောင်.."

"မော်တော်တစ်စီးက ဖြတ်သွားရင်း မြင်လိုက်တာ။ လုံးတင်ကိုတော့ မသိဘူး။ ချစ်စရာကိုတော့ အဲဒီမော်တော်က ကယ်လိုက်လို့ အခုဆေးရုံရောက်နေပြီ။ အဲဒါ ငါလာပြောတာ"

"ဟာ.. တောက်.. ဖြစ်ရလေကွာ..။ ဟင်း.."

"ဟင်း.. ငါတို့ပြောသားပဲကွာ။ ဒီခွေးကောင်.. အသုံးမကျတဲ့ မယားတ,ရူးကောင် ဖွတ်တရွတ်လုပ်လို့။ ခုတော့.."

အဘကျောက်က စိတ်မကောင်းခြင်းစွာနှင့် ရေရွတ်သည်။ ကြားရ





သူများလည်း တုန်လှုပ်ချောက်ချားသွားကြပြီ။

သည့်နောက် လှေအုပ်ဖွဲ့၍ ကူးကြပြီး မြင်ရသူများကို မေးလိုက်သောအခါ စိန်ပန်းပြာမော်တော်မှ မော်တော်ဆလင် ကိုခေါင်းကြီးက 'ဟုတ်တယ်' ဟု ပြောတော့၏။

လှိုင်းလုံးကြား ကူးခတ်နေသည့် ချစ်စရာရဲ့နောက်ကို မနည်းလိုက်ပြီး ကြိုးဆွဲ၊ မော်တော်ကားဘီးခွံ 'ဘော' ပစ်ချ၍ ဆယ်ခဲ့ရသည် တဲ့။ မော်တော်ပေါ်ရောက်တော့ သတိလစ်သွားလို့ ဆေးရုံတန်းပို့လိုက်ရသည်တဲ့။

ချို့ရလျှင် မိလုံးတင်အလောင်းကို ရေစီးနှင့်မျောပါပြီး.. ရွာကမ်းစပ်သမ္ဗန်များအကြားမှ ပြန်ရှာတွေ့ခဲ့ရသည်။

ပြောရလျှင် မိလုံးတင် အသေဆိုးနှင့် သေဆုံးခဲ့ပြီး မကျွတ်မလွတ်ဘဝကို ရောက်ခဲ့ရသည်။ သူမသည် ချစ်စရာကို အလွန်ချစ်ရှာ၏။ အဲဒီသံယောဇဉ်အစွဲအလမ်းစိတ်နှင့် ရုတ်ချည်း လှေမှောက်၊ ရေနစ် သေဆုံးသွားရသောအခါ ဘဝကူးမကောင်းဘဲ တစ္ဆေဘဝ ရောက်ခဲ့သည်ထင့်။

ချစ်စရာသွားရာနောက်မှ ခြေသံများပေး၍ လိုက်ရှာ၏။

မလုံးတင်သည် ရှင်မတောင်သနပ်ခါးကို အလွန်ကြိုက်၏။ ခြေဆုံးခေါင်းဆုံး ပိန်းနေအောင် လိမ်း၏။

ချစ်စရာချစ်သူ မလုံးတင်ရဲ့ ရှင်မတောင်သနပ်ခါးရနံ့ကို တစ်ယောက်တည်း ငိုင်၍စဉ်းစားနေစဉ် မကြာခဏ ရနေသည်တဲ့။

ညဘက် အပြင်နောက်ကျလျှင် ခြေသံလိုက်သံကြား၍ ကြက်သီးဖြန်းဖြန်း ထခဲ့၏။ နောက်ကျောကို ခဲလုံးလေးများနှင့် အပေါက်ခံရ၏။ လှည့်ကြည့်လျှင် လူမတွေ့ရ။

တစ်ခါတစ်ရံ 'ကိုချစ်စရာ' ဟု ခေါ်သံကြား၍ ခေါင်းနားပန်းကြီးခဲ့ရ၏။ နောက်ကျောဘက်မှ မိလုံးတင်ရဲ့ ရယ်သံလိုလို ကြားရသောအခါ ချစ်စရာ ပို၍ချောက်ချားခဲ့ရသည်။

အဖြစ်က ပိုဆိုးချင်တော့..

တစ်ည..

လှေဆိပ်မှအပြန် သူငယ်ချင်းများနှင့် ထန်းရည်ဝင်သောက်ပြီး အိမ်ပြန်လာခဲ့သည်။ အဲဒီမှာ ချစ်သူမလုံးတင်နှင့် မကြာခဏချိန်းတွေ့ကြသည့် ကြီးဒေါ်မအေးမြတို့ကောက်ရိုးပုံနားမှ ဖြတ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကောက်ရိုးပုံကြီးကို လှမ်းမြင်လိုက်ရတော့ သွားလေသူ ချစ်သူ မလုံးတင်ကို ပြန်သတိရပြီး ရင်ထဲမှ ဆို့နစ်သွားခိုက်..

"ဟင်.."

ကောက်ရိုးပုံအောက်ခြေမှာ ထိုင်နေသည့် လူတစ်ယောက်ကို မျှော်လင့်ဘဲ လရောင်နှင့်တွေ့လိုက်ရ၍ အံ့ဩသွား၏။ လူသဏ္ဌာန်က ထိုင်လျက်နှင့် အဝေးကိုငေးနေသည့်သဏ္ဌာန်..။

ဘယ်သူများပါလိမ့်..။

သူသိချင်၍ အနားသို့ လှမ်းလိုက်သည်။ သည်မှာ ထိုင်နေသူက ထရပ်လိုက်သည်။

အလို..မိန်းမသားတစ်ယောက်ပါကလား..။

ကိုယ်လုံးက ခပ်ဖိုင့်ဖိုင့်၊ တောင့်တောင့်..။ သူနှင့် မလုံးတင်တို့ ချိန်းတွေ့၊ ချစ်ရည်လူးသည့် ကောက်ရိုးပြန့်လေးမှာရယ်..။

ကေန္တ သည့်ရွာထဲက တစ်ယောက်ယောက်တော့ ချစ်သူရည်းစားနဲ့ ချိန်းတွေ့ပြီနဲ့တူရဲ့။ ဘယ်သူလဲဟု သိချင်၊ စပ်စုချင်၏။

နီလာမြင့်လား..။ သီတာမြင့်လား..။ မလှရီလား..။

ထန်းရည်လေးအတန်ငယ်ဝင်ထားတော့ သွေးကလည်း ကြွနေ၏။ သတ္တိလေးလည်း ကောင်းနေ၏။ သို့နှင့် သူမနှင့်နီးအောင် အသာတိုးကပ်လိုက်၏။ သည်မှာ ထိုမိန်းမက သူ့ကိုမြင်သွားပြီး လှမ်းခေါ်လိုက်သည်။

"အစ်ကို.."

"ဟင်.."

အစ်ကို..တဲ့။ သူ့ကိုခေါ်တာမှ ဟုတ်ရဲ့လား။ ချိန်းထားသည့် ချစ်သူရည်းစားနဲ့များ မှားယွင်းပြီး ခေါ်လေရောသလား။ အကယ်၍များ သူ့ချစ်သူ မဟုတ်ပါဘဲ မိမိမှန်း သိသွားခဲ့လျှင်..

အို..ဒါ..မသင့်တော်ပါလား။

သူ့ချစ်သူရည်းစားကို လိုက်နာဆင်ခြင်ရမည့် လူ့စည်းကမ်းကို ချိုးဖောက်လျက်သား ဖြစ်သွားမှာပါကလား။ ဒါ..ရှက်စရာကောင်းသည့် အပြုအမူ..။ ချစ်စရာ ချစ်သူများဝေလေ့ဘဝကို ကိုယ်ချင်းစာမိသွားပြီး နောက်ပြန်လှည့်၍ ပြန်ရန်ပြင်လိုက်စဉ်..

"အစ်..ကို.."





"အယ်.."

အသံရှင်က သူနှင့် လက်ပွန်းတတီးရင်းနှီးခဲ့သည့်သူ တစ်ဦးတစ်ယောက်ရဲ့ လေသံမျိုး..။

ဘယ်သူများပါလိမ့်..။

"အစ်..ကို.."

"နင်..နင်..ဘယ်..သူ..လဲ.."

"ကျွန်မပါ..။ ကျွန်မကို အစ်ကိုမသိဘူးလား"

သည်မှာပဲ သူအရဲစွန့်ပြီး ပြန်လှည့်၍ ခေါ်နေသူ မိန်းမရှိရာသို့ ယိမ်းယိုင်ခြေလှမ်းနှင့် လှမ်းလာပြီး မျက်နှာချင်းဆိုင်ကြည့်လိုက်သော အခါ..

"ဟင်.."

"နင်..နင်..မင်း..မင်း..မိ..မိလုံး..တင်..။ အမလေး ဗျ.."

"အစ်ကို..အစ်ကို.."

ချစ်စရာ လရောင်အောက်မှာ ရေနစ်သေဆုံးသွားခဲ့သူ သူ့ရည်းစား မိလုံးတင်ရဲ့မျက်နှာကို ရုတ်ချည်းမြင်လိုက်ရသောအခါ ခေါင်းနားပန်းများ ကြီးသွားပြီး ငယ်သံပါအောင်အော်၍ နောက်ပြန်လှည့်ပြေးလိုက်တော့သည်။

"အစ်ကို..အစ်ကို..နေ..ပါ..ဦး..အစ်ကို.."

မိလုံးတင် တစ္ဆေက နောက်ကနေ 'အစ်ကို' ဟု တကြော်ကြော် အော်ခေါ်ပြီး အပြေးလိုက်ချလာသည်။

"လုပ်..ကြ..ပါ..ဦး..ဗျ..။ အမလေး..ကယ်..ကြ..ပါ..ဦး..ဗျ.."

"အစ်..ကို.."

"ကယ်ကြပါဦး..။ တစ္ဆေ..တစ္ဆေ.."

သူ ထန်းရည်အမူးအယစ်များပျောက်ပြီး ကျွတ်သွားသည့်ပုဆိုးကိုမျှ ပြန်မဝတ်နိုင်ဘဲ လက်နှင့်ကိုင်ရင်း မှုန်နေအောင်ပြေးသည်။ ပါးစပ်ကလည်း တစ္ဆေ..တစ္ဆေ..ဟု အသံကုန်အော်သည်။

"ဂလုတ်.."

"အမလေးဗျ.."


www.burmeseclassic.com

www.burmeseclassic.com

"ဘုန်း. ."

"အား. ."

သူ သစ်ငုတ်ဟောင်းတစ်ခုကို တိုက်မိပြီး တစ်ပတ်ကျွမ်းလိမ့်၍ ကျသွားသည်။ သည်မှာ မျက်နှာနှင့်မြေပြင် ရိုက်မိပြီး ဘာမှမမြင်ရတော့၊ ခြေသံများကိုတော့ နားထဲမှာ အတိုင်းသားကြားနေရသည်။

ခြေသံများက ပို၍နီးလာသည်။

အေးစက်သောလက်တစ်ဖက်က သူ့ပါးကို လာထိလိုက်သောအခါ သူ 'အား. .' ဟု အော်လိုက်ပြီး သတိလစ်သွားခဲ့လေသည်။

ထိုနေ့ထိုရက်က စ၍ ညဘက် ချစ်စရာမထွက်ရဲတော့။ ထွက်ခဲ့လျှင်လည်း အဖော်အဖြစ် ကျွန်တော်ပါမှ သွားတော့သည်။

သူ ကြောက်လွန်းလှသောကြောင့် ကျွန်တော်က သူ့ကို မနည်းဖျောင်းဖျခဲ့ရ၏။

"တစ္ဆေမလုံးတင် မဖြစ်နိုင်ပါဘူး ချစ်စရာ ရာ. .။ သူ့ညီမများ သူ့ရည်းစားနဲ့ ချိန်းတွေ့ပြီး မင်းပြန်တာနဲ့တွေ့၊ အကူအညီတောင်းချင်လို့ လှမ်းခေါ်တာရော မဖြစ်နိုင်ဘူးလား ချစ်စရာရာ"

"အို. . မဖြစ်နိုင်ဘူး. . လုံးဝမဖြစ်နိုင်ဘူး. ."

"ဟ. . ချစ်စရာရ။ မင်းရည်းစားလုံးတင်ရဲ့ ညီမ အုန်းသင်ကလည်း မင်းလုံးတင်နဲ့ ချွတ်စွတ်နီးပါး တူတာဥစ္စာ"

"မဟုတ်ဘူး. .။ လုံး. . လုံးတင်မှ. . လုံး. . တင်. . အစစ်. . ရှင်မတောင်သနပ်ခါးနဲ့လည်း ရတယ်။ သူ ငါ့နောက်ကလိုက်လာပြီး ထဲ အကျမှာ အေးစက်စက်လက်ကြီးနဲ့ လာကိုင်တာ"

"ခက်တဲ့ကောင်ပါလားကွာ. .။ မင်း သတိလစ်ချင်သလိုဖြစ်ပြီး အော်ဟစ်နေတုန်း ငါးရှာပြန်လာတဲ့ ဦးဖိုးခွေးကြီးက မင်းပါးကို ကိုင်လှုပ်ပြီး ခေါ်နေတာလို့ ဦးဖိုးခွေးကိုယ်တိုင် ပြောခဲ့ပြီမဟုတ်လား ချစ်စရာရဲ"

"ဟင့်အင်း. . မဖြစ်နိုင်ဘူး။ လုံးတင်မှ လုံးတင်တစ္ဆေအစစ်. .။ သူ. . သူ. . ငါ့နောက်က လိုက်နေတာ ကြာပြီ. .။ ဟူး. . အဲဒီတုန်းက အသက်များထွက်သွားပြီလား မှတ်ရတယ်။ ကြောက်စရာကောင်းလိုက်တာကွာ"

ဖွတ်မှ တကယ့်ကို ဖွတ်ကြီး. .။ ဘယ်လိုမှ အကျိုးအကြောင်းပြောပြလို့ မရ. .။

စိတ်ကူးသစ်စာပေ



"ဟေ့ကောင်. . တစ္ဆေဖြစ်တော့ရော အဲဒါ မင်းရည်းစားမဟုတ်ဘူးလား"

"အမလေး. . လူရည်းစားနဲ့က ကောက်ရိုးပုံမှာတင်မကဘူး။ ငရဲထဲမှာ ချိန်းတွေ့ရတွေ့ရ. . တွေ့ရဲတယ် ကိုယ့်လူ။ တစ္ဆေရည်းစားနဲ့များဆိုတော့. . အမယ်လေး. . ပြောရင်း ခေါင်းတွေကြီးလာပြီ"

"ဝုန်း. ."

"အမလေး. . လုံးတင်. . ရဲ့"

"ဟေ့ကောင်. . ဟေ့ကောင် ချစ်စရာ. .။ ဘာဖြစ်ပြန်ပလဲဟ"

ချစ်စရာသည် 'ဝုန်း' ဆိုသောအသံကို ကြားသည်နှင့် သွားနေရင်းအနီးလန်းမှ ကျွန်တော့်ကိုဆွဲဖက်ပြီး ပြေးရန်လုပ်တော့သည်။

"လုံး. . တင်. . လုံး. . တင်. . ရောက်. . လာ. . ပြီ. ."

"ဟေ့ကောင် ကြောက်. . ငွေး. .။ အဲဒါ လုံးတင်လာတာ မဟုတ်ဘူး။ အုန်းလက်ပြုတ်ကျတာ။ ဟိုမှာ. ."

"ဟင်, . ဟုတ်လား. .။ ဘုရား. . ဘုရား. . လန့်သွားတာပဲ။ လုံးတင်. . လုံးတင်. . ငါ့ကို တော်တော်ဒုက္ခပေးတဲ့ လုံးတင်ပါလား။ ဘုရား. . ဘုရား. ."

"ဟာ. ."

"ဘာ. . ဘာလဲ. . င. . ငထိန်. ."

"ရှေ့. . ရှေ့မှာ. . လုံး. . တင်. ."

"အံ. . မယ်. . လေး. . လုပ်. . ကြ. . ပါ. . ဦး. . ဗျ. ."

ချစ်စရာပါးစပ်မှ အသံကုန်သစ်ရင်း ကျွန်တော့်ကိုမှ မစောင့်ဘဲ ရွာထဲသို့ဝင်ပြေးတော့သည်။

အဲဒါသာ ကြည့်တော့. .။ သတ္တိကောင်းလိုက်တဲ့ကောင်. .။

ရှေ့ကထန်းပင်ကျိုးကြီးကို လုံးတင်ဟု ကျွန်တော်က လက်ညှိုးထိုး၍နောက်လိုက်ရာ မှောင်ရိပ်ထဲက ထန်းပင်ကျိုးငုတ်တိုကြီးကို တကယ်ပဲ လုံးတင်မှတ်ပြီး ပြေးလိုက်တာ နောက်ဆုံး ကျွန်တော် သူကျွတ်ကျကျန်ရစ်ခဲ့သည့် သူ့ပုဆိုးကို ကောက်ယူလိုက်ပြီး ငနဲသား သူရဲကောင်းကြီးရှိရာသို့ နှင်းဆ၍ လာခဲ့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၈

## ခေါင်းထမ်းလိုက်သည့် သရဲများ

ခု သူ့ရဲကောင်းကြီးချစ်စရာ ထမင်းဝိုင်းသို့ ညဘက်ရောက်လာခဲ့သည်။

"ကဲ. . ပြောစမ်းပါဦး ချစ်စရာရဲ၊ မီလုံးတင်ထက်သာတာ တွေ့နေပြီဆိုတော့ ဘယ်သူများတုံးဟ"

သည်မှာ အမေက စားလို့ပြီးသွား၍ နောက်ဖေးဘက်ဆီသို့ ဝင်သွားခဲ့၏။

"ရှူး. . တိုးတိုး"

"ပြောပါ. .။ ဘယ်သူတုံး"

"မင်း. . မင်းဟာမကြီးကွ"

"ဒါ့. . ဘယ်သူတုံးဟ ချစ်စရာရဲ၊ ငါ့မှာလည်း ရည်းစားနဲ့တွေ့လို့ သီးပြားတောင်မရှိတာ ဥစ္စာ။ ဘယ်သူလဲ. .။ ရှင်းရှင်းပြော"

"ဟိုအဘွားကြီးလေကွာ"

"ဒေါ်ပြားချွတ် တစ္ဆေလား"

"ဗွီ. . ဒေါ်ပြားချွတ်တို့ရဲ့ကျေးဇူးရှင် ဒေါ်နှန်းအိမ်ကြို့"





"ဒေါ်နန်းအိမ်ကြို့. ."

"အေး. . အခု သူရောက်နေပြီ"

"ဟေ. . ဘယ်ကိုရောက်နေတာလဲ။ ဟို. . စစ်ပြေးဒုက္ခသည်တွေ အစုကိုလား။ ဘုရား. . ဘုရား. . ဘာတွေဖြစ်ရ ကြုံရမလဲ မသိဘူး။ ပြော. . ပြော. ."

"ချီးမှပဲ. .။ စကားကို ဆုံးအောင်နားမထောင်ဘဲ ဝင်ဝင်ပြီး လျှာရှည်တာကိုးကွ။ စစ်ပြေးအစုကို ရောက်နေတာမဟုတ်ဘူး။ ရွာစွန်မှာရှိတဲ့ သချိုင်းထဲကို ရောက်နေတာ"

"ဟေ. . ဟို. . သချိုင်းထဲကို ရောက်နေတာ. . ဟုတ်လား။ နေပါဦး. .။ ဒီမိန်းမကြီး အဲဒီသချိုင်းကို ဘာလာလုပ်တာလဲဟ၊ ညဘက်ကြီး. ."

"ဒါကို ကိုဖိုးချိုတို့လာပြောလို့ ကြားကြားချင်း မင်းကိုလာပြောတာ။ ဘာစ်ခုခုတော့ တစ်ခုခုပဲ။ အဲဒါ သွားစုံစမ်းမလားလို့"

"သွားစုံစမ်းတာတော့ ဟုတ်ပါပြီ။ တော်ကြာ မင်းမလုံးတင်နဲ့တွေ့ရင် ဘယ်လိုလုပ်မှာလဲ"

"ထားလိုက်စမ်းပါကွာ. .။ ဒီမှာ တွေ့လား. .။ ဒါ. . ရွာဦးကျောင်းဆရာတော်ရဲ့ ပရိတ်ကြိုးလက်ဖွဲ့ကွ။ လုံးတင်မကလို့ လုံးတင် အဘွားတစ္ဆေရော၊ အဘိုးတစ္ဆေရော စုပေါင်းတွေ့ဦး။ လုံးဝပဲ. ."

ချစ်စရာက ပြောရင်းက ညာလက်မောင်းအကျီကို လှန်ပြလိုက်သည်။ လက်မောင်းအပေါ်ဖျားမှာ အဖြူရောင်ပရိတ်ကြိုး ခပ်တင်းတင်း ချည်းထားသည်ကို အထင်းသားတွေ့လိုက်ရသည်။ ဒါနှင့်အတူ သူ့မျက်နှာပေါ်မှာလည်း ဗန္ဓုလ၊ ဘုရင့်နောင် သွေးရောင်လျှမ်းနေသည်ကို မြင်လိုက်ရသည်။

ကိုယ့်လူ့ တယ်သတ္တိကောင်းနေပါကလား။

အေးလေ. .။ သည်လို သတ္တိကောင်းမှလည်း လုပ်ရကိုင်ရတာ ကောင်းမည်ကိုး။

"ခု. . သွားမလား"

"သွားမယ်. .။ ငါလည်း ဒီဒေါ်နန်းအိမ်ကြို့ဆိုတဲ့ အဘွားကြီးကို သက်ာတာ ကြာပြီ။ ဦးမင်းကြည်လှိုင်နဲ့ ဒေါ်ပြားချွတ်လည်း ဒီမိန်းမကြီး ရောက်လာပြီး ညတွင်းချင်းသေတော့ ဒီမိန်းမကြီးပယောဂများ တစ်စုံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပါမလားလို့ တွေးနေတာ။ ငါတို့ရွာကိုရော၊ ဒီစစ်ပြေးဒုက္ခသည်တွေကိုရော တစ်စုံတစ်ရာအတိုင်းအတာအထိ ဒုက္ခပေးလာခဲ့ရင် တစ်ခုခုတော့ လုပ်ရမှာပဲ။ ငါတို့ ကြိုတင်တားဆီးဖို့ လိုအပ်တယ်။ ခဏစောင့်နေ''

ကျွန်တော် စားလက်စထမင်းကို လက်စသတ်လိုက်ပြီး လက်ဆေးလိုက်သည်။ ၎င်းနောက် လောက်စာလုံးထည့်ထားသည့် လေးခွနှင့် လွယ်အိတ်ကို စလွယ်သိုင်းလွယ်လိုက်သည်။ ပြီးနောက် အသွား၊ အရိုး ရှစ်လက်မရှည်သည့်ဓားမြှောင်ကို ဓားအိမ်နှင့်အတူ ခါးကြားမှာ ထိုးဝှက်လိုက်ပြီး ချစ်စရာနှင့်အတူ ရွာစွန်က သချိုင်းရှိရာသို့ ညအမှောင်ထဲမှာ ထွက်လာခဲ့လိုက်ကြသည်။

ညသည် ဖြိုးဖြိုးဖျဖျလရောင်အောက်မှာ ခပ်ဟန့်ဟန့်ရှိနေသည်။ ခွေးအူသံအချို့ကို ချောက်ချားစရာကောင်းအောင် ကြားနေရသည်။

ရွာနှင့်အလှမ်းဝေးသည့်နေရာမို့ လူသံက ဆိတ်သုဉ်းနေခဲ့ပြီ။

ဝါးရုံပင်များသည် လေအတိုးမှာ နတ်ကတော်ယိမ်း က,နေ၏။

နှစ်ချို့ကုက္ကိုပင်များကလည်း ခေါင်းကြီးပြီတ္တာကြီးတွေ ခေါင်းချင်းဆိုင် စကားပြော၊ အတင်းချနေကြသလို. .။

တော်ရုံလူများ ညဘက် ဤသချိုင်းဝန်းကျင်မှ ဖြတ်မသွားရဲကြ။ အချို့က ခေါ်တောကုလားသရဲမ လိုက်လေ့ရှိသည်ဟု ဆိုကြ၏။

အချို့က ဂူပေါ်မှာ မည်းမည်းအကောင်ကြီးများ ငုတ်တုတ်ထိုင်ပြီး မိုးပေါ်မော့ကြည့်နေကြသည်ဟု ဆိုကြသေး၏။

အချို့ကတော့ ညဉ့်သန်းခေါင်မှာ သချိုင်းထဲမှ ပြေးလွှားဆော့ကစားနေသံမျိုး ကြားရသည်တဲ့။

တကယ်ပဲလား၊ ပုံပြင်ပဲလား မသိ. .။

မေးကြည့်လိုက်လျှင် ဟိုလူပြောသလိုလို၊ သည်လူပြောသလိုလို. .။

ကျွန်တော်တို့တော့ တစ်ခါမျှ မကြုံဖူးသေး။

ဘကြီးကျောက်ကတော့ ပြောဖူးသည်။ သချိုင်းထဲ ညဘက် မသွားကြနဲ့. . တဲ့။

'ဘာဖြစ်လို့လဲအဘကျောက်' လို့ မေးတော့ 'မကောင်းဆိုးဝါးများနှင့် တွေ့မှာစိုးလို့'. . တဲ့။

အင်းလေ. .။ သချိုင်းတို့ သုသာန်တို့ တစ်စပြင်တို့ဆိုတာ လူသေများမြှုပ်နှံစွန့်ပစ်ရာ အရပ်ဥစ္စာ. .။ သရဲလည်း ရှိမှာပဲ။ တစ္ဆေလည်း ရှိမှာပဲ။





နာနာဘာဝလည်း ရှိမှာပဲ။

ကိုယ်တွေ့မကြုံဖူး၍ ကျွန်တော်ကတော့ မကြောက်။ တစ္ဆေနှင့်အံ့ယောဇဉ်မကင်းခဲ့ရသော ချစ်စရာကတော့ တစ္ဆေသရဲကို အကြွင်းမဲ့ယုံကြည်နေဆဲ။

ခုတော့ ရွာကျောင်းဆရာတော်ရဲ့ လက်ဖွဲ့နှင့် 'ထီ' မထင်ချင်ဘူးတော့။

မည်သို့ရှိစေ. . သူငယ်ချင်းကောင်း၊ ငယ်ပေါင်းကြီးဖော်၊ လုပ်ဖော်ကိုင်ဘက် ဘဝတူကြီး သတ္တိတွေရှိနေသည့်အတွက် အားကိုးစရာ မိတ်ဆွေကောင်းအဖြစ် စိတ်ချမိသည်။

သည်လိုနှင့် . . . . . . သချိုင်းအနီးသို့ ရောက်ခဲ့ကြ၏။ သချိုင်းသည် စည်းရိုးမရှိ။ ကုက္ကိုကိုင်းများနှင့် ဝါးရုံများအကြားမှာ ရှိနေသည်။ ကျွန်တော်တို့နှစ်ဦး ခြေသံကိုလုံလုံနင်း၍ ဘိစပ်ချုံများ၊ အုန္နဲပင်ပုများကို အကာအကွယ်ယူပြီး အသာချဉ်းကပ်လိုက်ကြ၏။

''ဂိ. .''

''ဂိ. .''

''ဘုရား. . ဘုရား. .''

သူ့ရဲကောင်းကြီး ချစ်စရာထံက ဘုရားတ,သံ လွှတ်ခနဲကြားလိုက်၍ 'ရှူး' ဟု အချက်ပြပြီး ငြိမ်နေရန် ပြောလိုက်ရသည်။

ငှက်ဆိုးတစ်ကောင်သည် လူရိပ်မြင်လို့များလား မသိ။ ဝါးရုံပေါ်မှ ထပျံပြီး ဝဲကာ အော်ဟစ်နေ၏။

''ဖွ. . ဖွ. .''

''ဥ. . ရန်သူ့အကြား၊ ငါတို့အကြား. .''

''ဟောကောင်. . ရှူး. . တိတ်တိတ်နေစမ်း''

ချစ်စရာသည် သူ့ညာလက်မောင်းပေါ်က ပရိတ်လက်ဖွဲ့ကို ဘယ်လက်နှင့်အုပ်ကိုင်ရင်း ကတုန်ကယင်ဖြစ်နေ၏။

''ဟိုမှာမဟုတ်လားဟေ့ ချစ်စရာ''

''ဘယ်. . ဘယ်. . မှာ. . မှာ. . လဲ. . ဟင်. . ဟင်. .''

''ဂူအကြီးကြီးရှေ့မှာ။ ဟော. . ဟော. .''

''ဟာ. . ဟုတ်. . ဟုတ်. . တယ်. .''



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဆံပင်ဖားလျားချ၊ ခါးကုန်းကုန်းနှင့် မိန်းမကြီးတစ်ဦး တုတ်ကောက်တောင်ဝှေးကြီးနှင့် ဂူကြီးတစ်ဂူရှေ့မှာရပ်၍ ဂူမျက်နှာစာကို ကြည့်ရှုစစ်ဆေးသလို လုပ်နေသည်။

"အသာကြည့်နေ..။ အသံမထွက်စေနဲ့"

"အူ..ဝူ..ဝူ..ဝူ.."

"ငေ..ငထိန်..ဟိန်..အိန်.."

"ဘာဖြစ်နေတာလဲ မသာလောင်းရ"

"ခွေး..ခွေးတွေ..အူ..အူနေပြီကွ..ဟ..ဟ.."

"ခွေးအူတာ ဘာဖြစ်လဲ။ မင်းပါ ရောအူချင်လို့လား"

'ခွေးအူတာဟာ..သ..သရဲ..တ..တစ္ဆေ.."

"ငါကွာ..လုပ်လိုက်ရင်..ဟင်း.."

စိတ်က တိုလာပြီ..။

သွားချောင်းကြစို့ဟု လာခေါ်တုန်းကလည်း သူ..။ သည်ရောက်လို့ ခွေးအူသံ၊ ငှက်ဆိုးထိုးသံ ကြားတော့လည်း အသားတွေ ဒူးတွေတုန်နေတာ သူပဲ။ ဒေါ်သက ထွက်လာပြီမို့ နားရင်းအုပ်ရန် လက်ကိုရွယ်လိုက်တော့ လက်အုပ်လေးချီပြီး ကိုယ်ကိုယ့်ပြနေ၍ မအုပ်ဖြစ်ခဲ့။

သည်မှာပဲ အဘွားကြီးဒေါ်နန်းအိမ်ကြို့သည် ဂူဟောင်းကြီးကို နေရာအနှံ့ လှည့်ပတ်ကြည့်ပြီး လက်ထဲမှတောင်ဝှေးကြီးနှင့် ခေါက်ကြည့်နေ၏။

"ဒေါက်..ဒေါက်..ဒေါက်..ဒေါက်.."

"ခွပ်..ခွပ်..ဂွပ်..ဂွပ်.."

"အဲဒါ ဘာလုပ်နေတာလဲဟင်"

"ဘယ်သိမှာလဲ..။ သိချင် မင်းမယား သွားမေး"

"အေး..အမလေး..မင်းကလည်းကွာ ငထိန်ရာ"

"သိချင်ရင် အသာစောင့်ကြည့်နေ"

အဘွားကြီးဒေါ်နန်းအိမ်ကြို့သည် ဂူဟောင်းကြီးကို တောင်ဝှေးနှင့် အတန်ကြာ လှည့်ပတ်ကြည့်ရှု ခေါက်ကြည့်ပြီး နောက်တစ်ဂူသို့ ပြောင်းသွားပြန်သည်။ နောက်ထပ်တွေ့သည့် ဂူဟောင်းကိုလည်း အနီးကပ်လှည့်လာကြည့်ရှုပြီး တောင်ဝှေးနှင့် ခေါက်ကြည့်ပြန်၏။





"ဂုတ်..ဂုတ်..ဂွပ်..ဂွပ်.."

"ဒေါက်..ဒေါက်..ဒုတ်..ဒုတ်.."

ပြီးသည်နှင့် နောက်တစ်ဂူကိုပြောင်း၍ ခေါက်ကြည့်ပြန်၏။ ကျွန်တော်တို့ချောင်းကြည့်နေစဉ်အတွင်း ဂူငါးလုံးခြောက်လုံးခန့်ကို ထိုနည်းအတိုင်းလိုက်လုပ်ပြီး ဦးခေါင်းတယမ်းယမ်းလုပ်နေ၏။

ဂူတွေက အများကြီး..။

အချို့ဂူများက ပြိုပျက်နေ၏..။

အချို့ဂူများက ပေါက်ပွင့်နေ၏..။

ဒေါ်နန်းအိမ်ကြို့သည် မောသွားလို့ထင့်။ ဂူကြီးတစ်လုံးပေါ်မှာ တင်ပါးလွှဲထိုင်ပြီး အမောဖြေနေ၏။

အမောဖြေရင်းက မျက်စိနှစ်လုံးကလည်း ဂနာမငြိမ်။ အရပ်လေးမျက်နှာ မှောင်ထဲကို စူးစမ်းသလို လိုက်ကြည့်နေသည်။ တစ်ချက်တစ်ချက် နားစွင့်ပြီး နားထောင်သလို လုပ်နေလိုက်သေး၏။

ပြီး..ခေါင်းတညိတ်ညိတ်လုပ်နေရကား စိတ်နောက်၊ စိတ်ဖောက်ပြီး ရူးနေသည့် အရူးမကြီးနှင့် အလွန်သ႕ ဏာန်တူနေ၏။

တစ်ကြိမ်မှာ ဒေါ်နန်းအိမ်ကြို့သည် အတန်ကြာငြိမ်နေလိုက်ပြီး နားစွင့်သလို လုပ်နေ၏။ သည့်နောက် ဂူပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ရကား ရှည်လျားလှသောဆံပင်များသည် လေထဲမှာ လွှားခနဲ၊ ဝဲခနဲ..။

သည့်နောက် မြေပြင်မှာ ဒူးထောက်ပြီး မြေကြီးကို နားနှင့်ကပ်၍ နားထောင်သလို လုပ်နေပြန်၏။ အတန်ကြာ၏။

ပြီးသည်နှင့် ထရပ်လိုက်ပြီး ကျွန်တော်တို့ပုန်းအောင်းချောင်းမြောင်းနေရာ နေရာဆီသို့ စိုက်၍ကြည့်နေတော့၏။

ဘုရား..ဘုရား..ကျွန်တော်တို့ ရောက်ရှိနေမှန်း သူမကြီး သိသွားလေရော့သလား။ ချစ်ရောကို လက်တို့၍ သတိပေးလိုက်၏။

ကျွန်တော် ကျွဲချိုကိုးလောက်လေးခွကို အသာထုတ်လိုက်ပြီး လောက်စာလုံးသုံးလုံးကို ဘယ်လက်နှင့် အသင့် ပစ်ရန်ပြင်ထားလိုက်သည်။ အကယ်၍များ ကျွန်တော်တို့နှစ်ဦး ရှိနေမှန်း၊ ချောင်းမြောင်းနေမှန်း သိသွားပြီလို့ဝှက်ဆန်းကြယ်သော ပညာတစ်ခုခုနှင့် ပြုစားသလိုမျိုး၊ အန္တရာယ်ပေးလာသလိုမျိုး လုပ်လာခဲ့လျှင် သူမရဲ့ မျက်လုံးနှစ်လုံးရှိရာကို ပစ်သည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

မည်။

ကျွန်တော်က လောက်လေးခွပစ်တာတော့ ဖြောင့်သည်။ ညဘက် ဝါးကိုင်းဖျားပေါ် အိပ်နေသည့် ချိုးရဲ့ဦးခေါင်းကိုပင် မှန်အောင်၊ ထိအောင် ပစ်နိုင်သည်။

ကျွန်တော့်လောက်လေးခွသည် သားရေနှစ်ပင်ပူး၊ လောက်စာ အိမ်နှစ်ထပ် ဖြစ်၏။ မှန်လိုက်လျှင် အကျိုးနဲ့အကန်း ကျိန်းသေသည်။

ထူးဆန်းလှသော ဒေါနန်းအိမ်ကြို့အမည်ရှိ အဘွားကြီးသည် ကျွန်တော်တို့ပုန်းအောင်းနေရာကို စိုက်ကြည့်နေရာမှ ညာလက်ကိုမြှောက်လိုက်ပြီး လက်ညှိုးတန်း၍ထိုးကာ ရယ်တော့သည်။

"ဟား. . ဟား. . ဟား. . ဟား. ."

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

"ဟား. . ဟား. . ဟား. . ဟား. ."

"အူ. . ဝူ. . ဝူ. . ဝူ. ."

"အိနိ. . အိနိ. . ဂိနိ. . ဂိနိ. ."

"ငထိန်. . ပစ်. . ပစ်. . ငါတို့ကိုမြင်လို့. . ပြု. . ပြုစား. . နေပြီ။ ပစ်. . ပစ်. . ပါကွ. ."

သည်မှာပဲ ကျွန်တော်က လေးခွသားရေကို တင်းနေအောင် ဆွဲလိုက်သည်။ သချိုင်းမှ ခွေးအချို့သည် ဆွဲဆွဲငင်ငင်အူကုန်ပြီ။ အဘွားကြီးက လက်ညှိုးထိုး၍ ရယ်ကောင်းနေဆဲ။

"ဟီး. . ဟီး. ."

"အညီး. . အညီး. ."

"ဖရူး. . ဖရော. ."

"အမလေး. ."

နောက်ဘက်က လှုပ်ရှားသံအချို့နှင့်အတူ ခြေသံရော၊ ညည်းသံကိုပါ ကြားလိုက်ရ၍ လှည့်ကြည့်လိုက်သောအခါ. .

"ဟာ. ."

"အာ. . မ. . လေး. . ဗျ. ."

လူမည်းမည်းကြီးသုံးယောက်. .။ မရှိဘူးဆို လူဝံနီးပါးမျှ ရှိမလားမသိ. .။ ဆံပင်ရှည်ဖားလျားကြီးများချ၍ ပါးစပ်မှ ညည်းညူအော်ဟစ်ပြီး





ကျွန်တော်တို့နှစ်ဦးရှိရာသို့ လက်များဆန့်၍လာနေသည်။

သူတို့လာနေသည်က မြေပုံများအကြားမှ. .။

"ဘုန်း. . ဖုန်း. ."

"အုန်း. . အုန်း. ."

"ဖုန်း. . ဘုန်း. ."

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

ကြောင်ပြီးကြည့်နေဆဲမှာပင် တစ္ဆေဟုထင်ရသော မည်းမည်း မြင့်မြင့်ကြီးသုံးယောက်သည် သူတို့ရင်ဘတ်များကို လက်ဝါး၊ လက်သီးနှင့် တအုန်းအုန်းတဘုန်းဘုန်းရိုက်ထုရင်း မြေပုံသုံးပုံပေါ်မှာ တစ်ယောက်စီ ရပ်လိုက်ကြတော့သည်။

"ပစ်. . ပစ်ပါ. . ဟ. . ငထိန်. ."

"ဘယ်. . ဘယ်သူ့ကို ပစ်ရမလဲ"

"မင်းယောက်ဖလို့ ထင်. . ထင်တဲ့ကောင်ကို ပစ်. . ပစ်"

ကျွန်တော် တစ္ဆေသရဲများကို တစ်ခါမှမမြင်ဖူးပါ။ အခု မျက်လုံးပြူးပြူး၊ ဆံပင်ဖားလျားနှင့် ယောကျ်ားလား၊ မိန်းမလား ခွဲခြား၍မရသော တစ္ဆေဟုထင်ရသည့် ထူးဆန်းသောလူမည်းကြီးသုံးဦးကို ကြည့်၍ တုန်လှုပ်ချောက်ချားနေသည်။

နီးရာတစ္ဆေကိုပစ်ရန် ချိန်ထားသည့် ခွလက်ကိုင်သည် တဆတ်ဆတ်တုန်နေသည်။

ချစ်စရာကား ဘုရားစာများကို ကပေါက်တိကပေါက်ချာရွတ်ရင်း ဖင်ပူးတောင်းထောင်၍ ဖင်တုန်နေ၏။

သည်မှာပဲ တစ်ခုသောမြေပုံဟောင်းပေါ်မှာ ရပ်နေသည့် မည်းမည်းကြီးတစ်ကောင်က မြေပုံဟောင်းထဲက ခေါင်းပျဉ်ကြီးတစ်ချပ်ကို ဆွဲမလိုက်ပြီး မြှောက်ကိုင်လို့ ကျွန်တော်တို့ရှိရာသို့ ခြေလှမ်းလိုက်တော့သည်။

ကျန်တစ္ဆေမည်းမည်းကြီးနှစ်ကောင်က မြေပုံမှ မြေကြီးခဲများကို ကောက်ဆုပ်ယူပြီး ကျွန်တော်တို့ကို စ၍ပစ်တော့သည်။

"ဝီး. . ဝီး. ."

"ဝီး. . ဝီး. ."

"ဖရောင်း. . ဖရောင်း. ."


www.burmeseclassic.com

www.burmeseclassic.com

"ဘုတ်.."

"*အမလေး..အမေ့ရဲ့..*"

မြေကြီးခဲတစ်ခဲသည် ကံဆိုးလှစွာဖြင့် ဖင်ပူးတောင်းထောင်ပြီး တုန်နေသည့် သူ့ရဲကောင်းချစ်စရာ၏တင်ပါးကို မှန်လိုက်သောအခါ ချစ်စရာ ယယ်သံပါအောင်အော်ပြီး တစ်ချိုးတည်းပြေးတော့သည်။

"ဟား..ဟား..ဟား..ဟား.."

"ဟီး..ဟီး..ဟီး..ဟီး.."

"ဟူး..ဟူး..ဟူး.."

"အိန့်..အိန့်..ဂိန့်..ဂိန့်.."

"အူ..ဝူ..ဂူ..အူ.."

မြေပုံပေါ်က တစ္ဆေလိုအမည်းကြီးများက သေမင်းငင်သံနှင့် ညည်းရင်း မြေပုံမြေစာခဲများနှင့် ပစ်၍နေ၏။ တစ်ယောက်က ခေါင်းပျဉ်ကြီး မ,ရွက်၍ ကျွန်တော်ရှိရာသို့ ပြေးလာနေ၏။

ဟိုဘက် လရောင်အောက် အုတ်ဂူပေါ်၌ အဘွားကြီးဒေါ်နန်းအိမ် ကြီးသည် ဆံပင်ဖားလျားချရပ်ပြီး လက်ခုပ်လက်ဝါးတီးကာ လှောင်ပြောင်ရယ် မောနေသည်။

ကျွန်တော် ဖြစ်ချင်ရာဖြစ် လောက်လေးခွနှင့် ပစ်ထည့်လိုက်သည်။

"ဖောင်း.."

လောက်စာလုံးက ခေါင်းပျဉ်ကိုမှန်၍ ကွဲကြေလွင့်စင်သွားသည်။

"ဟီး..ဟီး.."

"ဝိုး.."

"ဟာ.."

"ဝုန်း.."

"ဝီး..ဝီး..ဝီး.."

ခေါင်းပျဉ်ကြီး မြောက်လွင့်လာသည်ကို မြင်လိုက်သည်နှင့် ကျွန် တော် နောက်ပြန်ခုန်ပြီး ရှောင်လိုက်သည်။ သည်မှာ သချိုင်းမြေပုံ မြေကြီးခဲ များ ကျွန်တော့်ရင်ဘတ်နှင့် ကျောကုန်းကို တရစပ်လာမှန်တော့သည်။

ခေါင်းပျဉ်ကြီးသည် ကျွန်တော့်နံဘေးနားကျပြီး ထက်ခြမ်းကွဲသွား ခဲ့သည်။ အခြေအနေမဟန်မှန်း သိလိုက်သောအခါ ကျွန်တော်လည်း





ဆိုင်မနေတော့။ သရဲလား၊ တစ္ဆေလား၊ လူလား ခွဲခြားလို့မရသည့်အဆုံး ချစ်စရာ၏ခြေဖဝါးကိုမီရန် ဒရောသောပါးပြေးရတော့သည်။

ပြေးရင်း လှည့်ကြည့်လိုက်သောအခါ..

လူသေကောင်ထည့်သည့် ခေါင်းပျက် ခေါင်းပျဉ်များကို ရွက်မြှောက် အားသော လူမည်းကြီးသုံးယောက်သည် တဟီးဟီး တအည်းအည်း အော် ဟစ်ရင်း နောက်မှလိုက်လာသည်ကို မြင်လိုက်ရသောအခါ..

တရကြမ်းပြေးနေသော ကျွန်တော့်ဖနောင့်သည် တင်ပါးကိုပင် ထိနေမှန်း ကျွန်တော်သိနေ၏။

သည်မှာ ရွာအဝင်လမ်းတစ်လျှောက်မှ ခွေးဟောင်သံ၊ အူသံများ ကို အပြိုင်းအရိုင်းကြားရပြန်သည်။

သူ့ယယ်အိပ်ဆိတ် ကြက်အတွန်မှာ ကျွန်တော် ရွာထဲသို့ ချွေးဒီးဒီးနှင့် ပြန်ရောက်ခဲ့သည်။

ချစ်စရာသည် ကာလသားခေါင်း ကိုကျောက်ပျဉ်တို့အိမ်မှာ ရောက် နေသည်။ လူစုံနှင့် စကားပြောသံများလည်း ကြားရသည်။

"ခြေမကို ချိုးပါဟ..။ တက်နေတာ"

"ပေါင်တွင်းကြောကို နာနာကုတ်ဟ လှဆောင်ရ"

"ဟိုဒင်းရော နှိုက်ကြည့်စမ်းဟဲ့"

"ချစ်စရာ..ချစ်စရာ..ဟေ့ကောင်ချစ်စရာ.."

"ဟိုဟာများ တက်နေရော့လား ကျောက်ပျဉ်ရာ။ စမ်းကြည့်စမ်း ဦးလဟ"

ဦးချစ်ဖိုးက လိုရမည်ရ လှမ်းပြော၍ ကာလသားခေါင်း ကိုကျောက် ပျဉ် ချစ်စရာရဲ့ယယ်ဖွားကို လှမ်းကိုင်ညှစ်ကြည့်လိုက်သည်။

"အံ..မယ်..လေး..ဗျ.."

"ဟ..ဟ..သတိရပြီဟ"

"ချစ်စရာ..ချစ်စရာ.."

"သ..သ..ရဲ..သရဲ.."

"ဘယ်မှာတုံးဟ သရဲက.."

"ဟို..ဟို..အမလေး..ကြောက်ပါပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . သတိရရင် ထစမ်း. .။ ဘယ်က သရဲလဲ၊ မီးလုံး တင်လား"

"ဟို. . ဟို. . မည်းမည်းကြီးဗျ။ အမလေး. . လာနေပြီ. . အမေ ရေ. ."

ချစ်စရာ ထပြေးမလိုလုပ်လိုက်စဉ် ကျွန်တော် မောကြီးပန်းကြီးနှင့် ရောက်သွားခဲ့သည်။

"ဟင်. . ဒီမှာ တစ်ယောက်ဟော့"

"ငထိန်မဟုတ်လား"

"အင်း. . အင်း. ."

"ဟာ. . တိရစ္ဆာန်ကောင်နှစ်ကောင်. .။ ဒီည ဘယ်လိုဖြစ်လာကြ တုံးလဟ"

"ရေ. . ရေ. . ရေပေးပါ။ ရေ. . မြန်မြန်ပေးပါဗျာ. .။ အား. ."

သည်မှာပဲ ကာလသားခေါင်း ကိုကျောက်ပျဉ်က. .

"ရေတော့ မရှိဘူး။ မီးတောက်ချက်အရက်ပဲရှိတယ်။ ရော့. . အမြန်မော့လိုက်"

ကျွန်တော် ကိုကျောက်ပျဉ်ကမ်းပေးလာသည့် ချက်အရက်ပုလင်း ကို ပါးစပ်မှ တေ့၍ မော့ချလိုက်သည်။ ပူစပ်ခါး ထန်းလျက်ချက် အရက်သည် ပါးစပ်၊ လည်ချောင်းမှသည် ရင်ခေါင်းထဲဆီသို့ မီးတောက်တုတ်နှင့် မွှေလိုက် သလို ဝင်သွားပြီး သွေးများပူနွေးလာခဲ့သည်။

သည့်နောက် ထရံကိုမှီ၍ ပစ်ထိုင်ချလိုက်သည်။

"ဝုန်း. ."

"ငထိန်. . ဟော့ကောင်ငထိန်. . မင်းတို့နှစ်ယောက် ဘာဖြစ်လာ လို့လဲဟင်"

"ဟော့ကောင်. . မေးနေတယ်လေ"

ကျွန်တော် စကားလုံးပြန်မပြောနိုင်ပါ။ ခေါင်းပျဉ်ကြီးများ ကိုယ် ထမ်းလိုက်လာသည့် မည်းကြီးသုံးကောင်ရဲ့ လှုပ်ရှားမှုများ မျက်စိရှေ့ ပေါ်လာပြီးနောက် ငုတ်တုတ်ကြီး သတိလစ်၍သွားခဲ့လေသတည်း။

# ၉
# ကံကောင်း၍ အရှုံးမလင် ဖြစ်ရတဲ့ဘဝ

ဂျပန်စစ်လေယာဉ်များသည် ကောင်းကင်မှာ နေ့စဉ်ပျံသန်းနေပြီး မည်းမည်းမြင်ရာများကို ဗုံးကြဲချနေ၏။ စက်သေနတ်နှင့် ပစ်နေ၏။

စစ်ပြေးခရီးသည်များ ကျောက်တန်းရေဆိပ်မှာ တစ်နေ့တခြား များလာ၏။ အထုပ်အပိုးကိုယ်စီနှင့် ကြောက်လန့်နေကြသော စစ်ပြေး ခရီးသည်များကို မြင်ရသည်မှာ ကြေကွဲစရာလည်းကောင်းလှ၏။

စစ်ပြေးခရီးသည်များ အပြောအရ သန်လျင် (တညင်) ဘီအိုစီ ရေနံချက်စက်ရုံကြီး မီးဟုန်းဟုန်းတောက်လောင်ပြီး နီးရာရပ်ကွက်များပါ ကူးနေသည်တဲ့။

ရွှေဟောင်းဘုရားစေတီအချို့လည်း ဗုံးအမြောက်ဒဏ်ကြောင့် ပြိုကွဲပျက်စီးကုန်ပြီတဲ့။

ကျောက်တန်းမြို့က အချက်အချာလမ်းမများလည်း ဗုံးစာမိ၍ ကျင်းခွက်ကြီးများဖြစ်ကုန်သတဲ့။

ရန်ကုန်–သန်လျင် မီးသဘောလမ်းကြောင်း ပြတ်သွားခဲ့ပြီ။ အဝင့်ရဲ့ သည့် မီးသဘောတစ်စီး ဂျပန်လေယာဉ်ဗုံးစာမိ၍ ပဲခူးမြစ်ထဲမှာ စုန်းစုန်းမြုပ် သွားခဲ့ပြီဟု ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ကြီးဟာ မီးတောက်မီးလျှံများအကြားမှာ လူသေကောင် မီးကျွမ်းအနံ့နှင့် ပြိုပျက်ပြီး မြို့နှင့်မတူတော့ဆိုပဲ။

အချို့ အရဲစွန့်ပြီး ညဘက်မှာ လှေသမ္ဗန်များနှင့် သန်လျင်ဘက် ကူးခဲ့ကြသည်။ စစ်ဘေးနှင့်ဝေးမည်ဟုထင်ရသည့် သုံးခွ၊ ခရမ်း၊ ကျောက်တန်းမြို့များဘက်ရှိ အစွန်အဖျားကျေးရွာများသို့ ပြေးဝင်ခိုလှုံလာခဲ့ကြသည်။

ကူးတို့ လှေ၊ သမ္ဗန်တိုင်းမှာ အထုပ်အပိုး၊ စားအိုးစားခွက်များဖြင့် စစ်ပြေးဒုက္ခသည်များ ပြည့်ညပ်နေ၏။

ကျွန်တော့်ကူးတို့လှေ ကမ်းကပ်လိုက်သည်နှင့် ခရီးသည်များက အလုအယက်ပြေးတက်ကြတော့သည်။

"တစ်ယောက်ချင်း တက်ပါဗျ။ လှေမှောက်ရင် ရေနစ်သေနေမယ်"

"အမေ. . အမေ. . သမီးကို တွဲပါဦး"

"ဟဲ့. . ဟဲ့. . အမလေး. . သေရချည်ရဲ့"

"ငါ့ယောက်ျားရော. .။ ကိုကြည်တင့်နိုင်. . ကိုကြည်တင့်နိုင်. . ရှင်ဘယ်မှာလဲ"

အဘွားကြီးတစ်ယောက်က လှေပေါ်ရောက်မှ သူ့ယောက်ျားကို အော်ဟစ်ခေါ်ဝေါ် မေးနေပြန်သည်။

"မောင် ဒီမှာ မသည်းမြစ်ရဲ့"

"ဟင်. . ကျုပ်က ကုန်းပေါ်မှာကျန်ရစ်ခဲ့တယ် မှတ်တာ။ တော်က အရင်ရောက်နေတာပေါ့လေ"

"နေရာရအောင် အရင်တက်တာပါ မြစ်ရာ။ လာ. . လာ. ."

အရေးထဲ အကြင်နာအယုယများနှင့် အဖြစ်က သည်းနေကြ ကြည့်လိုက်တော့ အသက်ငါးဆယ်ကျော်များ. .။ လှေဝမ်းထဲမှာ တစ်ယောက်လက် တစ်ယောက်ကိုင်၍ အလွမ်းသယ်နေကြသည်။

"နေရာ စေ့ထိုင်ကြပါဗျာ"

"ဟုတ်သားပဲအေ. .။ ညည်း ဟိုဘက်ကို နည်းနည်းတိုးပါအေ"

"တိုးလို့မရဘူးရှင့်. .။ ဟိုမှာ ယောက်ျားတွေဥစ္စာ"

"ကျား. . ကျားပေါ့အေ။ ဗုံးစာမိမှာထက်စာရင် တော်သေး ဥစ္စာ တိုးပါအေ. ."

"ကြီးဒေါ်ဘာသာ ကြီးဒေါ်တိုး"





"ငါက အပျိုကြီးအေ့"

"ဒါဆို ရေထဲခုန်ချနေခဲ့"

"အံမာ. . ညည်းက စွာတာတာပါလား။ ညည်းက ငါ့ကို ဘာကောင်မ ထင်လို့လဲ။ ပုဇွန်တောင်သူ. . အေ့. .။ စမ်းကြည့်. ."

"အိုး. . ဒီကလည်း ဗိုလ်တထောင်သူပဲ။ ထိရဲ ထိကြည့်စမ်း"

"တော်ကြပါဗျာ. .။ ခင်ဗျားတို့ကလည်း ဒုက္ခသည်အချင်းချင်း ...းစွန်းမခံ ဖြစ်မနေကြပါနဲ့။ လှေမှောက်သွားမယ်ဗျ"

"နင့်ဟာမက လျှာရှည်နေတာဟဲ့"

"ဟာ. ."

"ကျွန်မဟာ မဟုတ်ဘူး။ ရှင့် ဟိုဒင်း. ."

"စိတ်ညစ်လိုက်တာဗျာ. .။ ခင်ဗျားတို့ ရန်ဖြစ်နေမယ်ဆိုရင် တစ်...သောက်ဆင်းနေခဲ့ဗျာ"

"ဟဲ့ကောင်မ. . ညည်းဆင်းသွား"

"တော့်ဘာသာတော် ခုန်ချလိုက်"

". . . . . ."

သို့နှင့် လှေထွက်ရန် ပုဆိုးကိုပြင်ဝတ်နေစဉ်. .

"နေ. . နေ. . ပါဦး. . တော်. . နေကြပါဦး. .။ ကျုပ်. . ကျုပ် လိုက်...ပါရစေတော်"

ဖြွန်းဆို မိန်းမတစ်ယောက် ကူးတို့လှေပေါ်သို့ လွှားခနဲခုန်တက်...လိုက်တော့သည်။

"အံမယ်လေးဗျ. . ကျားသားမိုးကြိုး. . ပလုတ်တုတ်. ."

"ဟာ. . ဟာ. . လှေစောင်းသွားပြီဟ"

"ဟဲ့. . ဟဲ့. . လုပ်ကြပါဦးဟဲ့. .။ ငါ့ကို တက်နင်းနေပြီဟဲ့. ."

အားလုံး လှေနံကိုထိန်းပြီး လန့်ဖျပ်အော်ဟစ်နေစဉ် အတင့်ရဲတင်း...ခုန်မြန်လှသော မိန်းမငယ်သည် လှေဖျားမှာ ကိုးယိုးကားယား ရပ်မလို...ိုင်မလို ဖြစ်နေရကား လှေသည် ရေဆိပ်မှာ ဘယ်ညာလှုးနေ၏။

ကျွန်တော်လှမ်းကြည့်လိုက်တော့ အသက်နှစ်ဆယ်ဝန်းကျင်ခန့်...မိန်းကလေး. .။

ရုပ်ရည်ကလေးက သနားကမားနှင့်ဖြစ်၏။ တစ်ခေါင်းလုံးမှာ


www.burmeseclassic.com

www.burmeseclassic.com



လည်း ပန်းရောင်စုံ အမျိုးစုံ ပန်ထား၏။ ဆံပင်အုပ်ကြီးကလည်း နက်မှော
နေ၏။

သူမရဲ့ပါးနှစ်ဖက်အနက် ဘယ်ဘက်ပါးပေါ်မှာ သနပ်ခါးကြက်ခြေ
ခတ်ရှိပြီး ညာဘက်ပါးပေါ်မှာတော့ ပါးကွက်ကြားအဝိုင်းကြီးရှိလျက် မျက်
နှစ်ဖက်ကို အိုးမည်းလို အနက်ရောင်ဆေးများသုတ်လို့ နှုတ်ခမ်းပါး နှစ်ခု
မှာလည်း နှုတ်ခမ်းနီများ တင်းကြမ်းဆိုးထားရကား နှုတ်ခမ်းနီများက နှုတ်ခ
ပေါ်မှာသာမက နှာခေါင်းအောက် မေးစေ့ပေါ်အထိ ပြွလရမ်းပေကျံနေရကာ
ရယ်စရာကောင်းသောရုပ်မျိုး ရှိနေ၏။

သူမသည် လှေဦးမှနေ၍ ထဘီအောက်နားကွဲကို ဖြန့်ဖြန့်ဝတ်
သောကြောင့် ကျွန်တော်တို့ယောကျ်ားသားများ မျက်စိမှိတ်ထားရ၏။

စိတ်ညစ်စရာပါကလား..။

လက်စသတ်တော့ စိတ်မနှံ့သူ အရူးမလေးပါကလား။ သူမသ
လွယ်အိတ်ထုပ်တစ်ခုကို စလွယ်သိုင်းရင်း နေရာရရန် ပြောဆိုနေ၏။

သည်မှာပဲ နီးရာမိန်းမများနှင့် စောစောက ရန်ထောင်နေကြသ
ပုဆိုးတောင်သူနှင့် ဗိုလ်တထောင်သူမိန်းမများက သူမကို အတင်းနှင်ချ
ပြန်၏။

အချို့ လှေလူးနေ၍ အရူးမလေးကို ဝိုင်းဆဲကြ၏။

အရူးမလေးကလည်း လှေနံနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ရင်း
မဆင်းဘူးချည်း ပြောနေ၏။

"ဟဲ့..အရူးမ..ဆင်း..အခုဆင်း.."

"မဆင်းဘူး.."

"နင့်ကြောင့် လှေမှောက်မယ်ဟဲ့။ ဆင်း..ဆင်းနော်"

အရူးမလေးကလည်း လုံးဝငြင်းမခံ။ ပြန်လှန်ပြောသည်။

"ငါ့ကြောင့် ဒီလှေ လုံးဝမမှောက်ရဘူးဟဲ့ ဗိုင်းတာမရဲ့။ ငါဝင်စီး
ဒီလှေ မိုးပေါ်ကို ငှက်လိုပျံသွားမှာ။ ဖွီ..ငါ့များ အရူးမတဲ့။ နင်တို့သ
အနှမ်းတွေ၊ အနဲ့တွေ..။ ခုဆင်းကြ..နင်တို့ ဆင်းကြစမ်း"

"အံမာ..အရူးက တစ်မူးသာလို့တော်။ နင်မဆင်းရင် တွန်း
လိုက်မယ်နော်။

"အလိုတော်..ဗိုင်းတာမ၊ အနှမ်းမ၊ သွပ်ချောင်ချောင်မတွေကမှ





ကိုတွန်းချမလို့တဲ့။ ဒီမှာဟေ့..ဒါ..ဒါ..ဘယ်သူ့လှေလဲ.. သိလား..
ရဲ့လား.."

စိတ်မနှံ့သူ အရူးမလေးကလည်း မခေ။ အကောင်းများကို ကက်
တ်လန်ရန်တွေ့ပြီး ထဘီကွဲကိုကိုင်လျက်က ပြန့်ဖြန့်ပြင်ဝတ်လိုက်သောအခါ
တ်တတ်ရပ်နေသည့် ကျွန်တော်သာမက လှေပေါ်ပါသူများပါ မျက်စိကို
တ်ထားရပြန်တော့သည်။ ဒုက္ခ..။

နီးရာယောကျ်ားသားများက ဖျန်ဖြေလို့ လုံးဝမရတော့။ သည်မှာပဲ
လှေပေါ်မှာအလျင်ရောက်နေသည့် စွာကျယ်ကျယ်မိန်းမက..

"ဟဲ့..အရူးမရဲ့။ ဒါ..ဘယ်သူ့လှေလဲ။ ပြောလေ..ပြော..
ဟ"

သည်မှာပဲ လှေဦးမှာ ဒူးထောက်ထိုင်နေသော အရူးမလေးက
ဆို့လှေထိုးသား ကျွန်တော့်ကို လှမ်းကြည့်လိုက်ပြီး..

"မှတ်ထားဟဲ့ အနှမ်းမတွေရဲ့။ ဒါ..ငါ့ယောကျ်ားလှေ"

"ဟေ.."

"ဟာ.."

"ဟယ်.."

"ဒီလိုလား..ဟာ.."

"ဟီး..ဟီး..ခစ်..ခစ်..ဟား..ဟား..ဟား.. ဒါ..ငါ့
ယောကျ်ားလှေလေ။ ငါ့ယောကျ်ား။ ငါ့လင်ရဲ့ လှေဟဲ့..သိကြပြီလား။ ဆင်း..
ဆင်း..အာကျယ်မတွေ..အကုန်ဆင်းကြစမ်း။ ဘာကြည့်နေတာလဲ..။
ဆင်းကြလေ"

သည်မှာပဲ ဗိုလ်တထောင်သူဟုဆိုသော အသက်သုံးဆယ်ခန့် မိန်းမ
က ကျွန်တော့်ရဲ့မျက်နှာကို အံ့သြဟန်နှင့်လှမ်းကြည့်ပြီး..

"သူ..သူပြောတာ ဟုတ်..ဟုတ်လားဟင်..မောင်ကြီး"

ကျွန်တော့်မှာ ရှက်လွန်း၍ မျက်နှာဘယ်ထားရမှန်းမသိ။ ဖြစ်နိုင်
ရင် လှေပေါ်ကခုန်ချ၍ ဟိုး..ရေလယ်ဘုရားမှာ သွားပုန်းနေလိုက်ချင်
တော့သည်။

"ဟဲ့..သူငယ်။ ဒီကလေးမပြောတာ အမှန်လားကွယ့်..ဟင်"

"ပုဆိုးတောင်သူ မိန်းမကြီးက လှမ်းမေးပြန်သည်။ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com

ခတ်တက်နှစ်ချောင်း အယောင်ယောင်အမှားမှားကိုင်ပြီး လှေထွက်ရမည် ရပ်ထားရမလို..။ လှေကလည်း သင်းတို့အုပ်စုကြောင့် ရေပေါ်မှာ ရ အသွား..

"ဟုတ်တယ်လို့ ပြောလိုက်လေ ယောကျ်ားကလည်း.."

ဟာ..အရူးမလေးက ကန့်ကလျလေသံနဲ့ ကျွန်တော့်မျက်နှာကြည် ပြီး ထပ်လှမ်းလိုက်ပါရောလား။

"မ..မ..ဟုတ်..ဘူး..မဟုတ်ဘူး..။ ကျုပ်..ကျုပ်.. လူ ဗျ"

"ခစ်..ခစ်..ခစ်..ဘာလူပျိုလဲ။ ပစောက်ရရစ်နဲ့ လူပြိုလား ခစ်..ခစ်..အဟစ်..ဟစ်..ခစ်..ခစ်..ဟုတ်တယ်လို့ ပြော..ပြီးေ ဥစ္စာများ..။ ခစ်.."

သည်တော့မှပဲ လှေပေါ်ရောက်ခရီးသည်များအားလုံး သဘော ပေါက်သွားကြပြီး အရူးမလေးကိုကြည့်လို့ ရယ်လည်းရယ်ကြရဲ့။ မေ့ လည်းပို့ကြရဲ့။ စုစုအောင့်အောင့်လည်း လုပ်ကြရဲ့။

လှေပေါ်မှာ သင်းက အငြိမ်မနေ။ လက်ခုပ်လက်ဝါးတီး၍ အလ ကိုဝမ်းသာကြည်နူးနေ၏။ လှေမှောက်မှာလည်း ကြောက်ရရဲ့။ နီးများနီးခ သင်းနားရင်းကို ဖြောင်းခနဲမြည်သွားအောင် တီးပစ်လိုက်ချင်ပ..မျာ တောက်..လူကိုများ သူ့ယောကျ်ားတဲ့..။ ဖွီ..။

"ကိုင်းကွယ်..သူငယ်။ လှေထွက်လို့ရမယ်ဆိုရင် ထွက်ပါတော ကွယ်။ တော်ကြာ ဂျပန်လေယာဥ်ပျံလာတာနဲ့တွေ့ရင် စက်သေနတ်စာမိ အကုန်သေကုန်မှာမို့ပါ"

နောက်ဆုံး ဘယ်လိုမှဆင်းခိုင်းလို့မရသည့်အဆုံး လှေဦးက ပန်းတောနှင့်မီးပြုရေဆိပ်ရှိရာ လှည့်လိုက်သည်။

လှေဦးသည် ရေတက်ဦး ခပ်လွန့်လွန့်လှိုင်းကလေးများကြား မှ အနည်းငယ်လူး၍ ရွေ့လျားနေသည်။

ရေလယ်ဘုရားစေတီဝန်းကျင်မှ ဖြတ်သွားတော့ စစ်ပြေးခ သည်များက စေတီရှိရာသို့ လက်အုပ်ချီ၍ ဆုများတောင်းကြသည်။

စိတ်မနှံ့သူ အရူးမချောကလေးကား မော်ဝန်းချောင်းရေပြင် သူ့လက်နှင့် တို့ကစားရင်း သီချင်းတစ်ပုဒ် ဟစ်၍ဆိုလိုက်၏။

စိတ်ကူးသစ်စာပေ



"ခြေသံ×××မြရင်××မြရင်××မြရင်×××ချစ်ကြပေသရှင်×× ပြည် တစ်ခွင်×××မောင့်အချစ်မျိုးဟာ××ဘယ်အမျိုးအစားလဲတကယ်××အား မရ နိုင်အောင်ကိုပင်××ပေါ်ပေါ်ထင်ထင်××ချစ်ချင်လှရင်×××အလှူ့ရှင်မှန်း×× အားလုံးသိကြပါတယ်ရှင်×××အပိုင်နော်ကြိုလိုက်သရှင်××တိုင်ပေါ်အလံ စိုက်ချင်×××××'တဲ့"

သူမကား အဆိုတော်မမြရင်၏သီချင်းကို ရိုးရိုးမဆို။ လှေခတ် နေသည့် ကျွန်တော့် စုပုပ်ပုပ်၊ အောက်သိုးသိုးမျက်နှာကို ပြုံးစစနှင့် လှမ်းကြည့် ပြီး သီချင်းကို အားရပါးရ ကြော့၍ကြော့၍ ဟစ်နေရကား..

လှေပေါ်မှ အပျိုဖျန်းမိန်းမများ၊ အရွယ်လတ်၊ အရွယ်ကြီးမိန်းမ များက အရူးမလေးနှင့် ကျွန်တော့်ကိုကြည့်ပြီး..

ကြိတ်ရယ်ကြ..

ဖွင့်ရယ်ကြ..။

သည်မှာ ဗိုလ်တထောင်သူမိန်းမကြီးက ဝင်ပြောလိုက်သေး၏။

"ဒီလင် ဒီမယား အိုအောင် မင်းအောင် ပေါင်းကြပါစေကွယ်" တဲ့..။

"တောက်.."

သေပဟ..ဖွီ..။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀
# စစ်ကို သီချင်းနဲ့ငြိမ်းမည်

ပြောရလျှင်. .

ထိုစိတ်မနှံ့သူ အရူးမလေး ရောက်ရှိလာသည့်အချိန်ကစ၍ ကျွန်တော် ရွာရင်းရွာခံများသာမက ကြံ့ရာကျပန်း မှီခိုတည်းနေကြသည့် ရပ်ဝေး စစ်ပြေးဒုက္ခသည်များပါ စိတ်အပန်းခဏပြေကြ၏။

သူမသည် ဥဒဟိုလျှောက်သွားနေ၏။

ကြည့်လိုက်လျှင် သူမရဲ့ဦးခေါင်းပေါ်မှာ တောပန်းမျိုးစုံ ဝေနေအောင်ပန်ထားလိုက်သည်မှာ ပန်းချုံအလား မှတ်ရ၏။

သူမကို ဘုန်းကြီးကျောင်းဇရပ်များမှာ မှီခိုနေကြသည့် စစ်ပြေးဒုက္ခသည်များဝန်းကျင်မှာလည်း တွေ့ရ၏။

ပန်းတောရွာလယ်လမ်းမကြီးမှာလည်း တွေ့ရ၏။

ကြုံရာကျပန်း သစ်ပင်များအောက်မှာ တဲဖက်ရပ်တဲထိုးနေကြသည့် စစ်ဘေးခရီးသည် ဒုက္ခသည်များ တန်းလျားဝန်းကျင်မှာလည်း သီချင်းတကြော်ကြော်အော်ဆို၍ က,နေသည်ကို တွေ့ရတတ်၏။

ရွာထဲက သနားလို့ ပေးသမျှနှင့် ကျေနပ်၏။





စစ်ပြေးဒုက္ခသည်များ သနား၍ ကျွေးကြပေးကြသည်နှင့်လည်း ဝမ်းမြောက်ဝမ်းသာရှိနေ၏။

တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းမှစွန့်သည့် ဆွမ်းကျန်၊ ဟင်း ကျန် အထုပ်ကို ကိုင်ပြီး ကျောင်းနားဝန်းကျင်မှာ ခုန်ပေါက် သီချင်းများဟစ်နေ၏။

အထူးသဖြင့် ရွာကာလသားတို့သည်လည်းကောင်း၊ လေ့ဆိပ်၊ ရေဆိပ်မှ လှေကူးတို့သမားများသည်လည်းကောင်း ခပ်ချောချောအရူးမလေး လာရောက်သီဆိုညည်းခံသည်နှင့်ကြုံလျှင် လွန်စွာပျော်မြူးကြလေသည်။

ခုလည်း ကြည့်. .။

စစ်ပြေးဒုက္ခသည်များရှိရာ တဲတန်းလျားကုက္ကိုပင်းမှာ သီချင်းများ ဟစ်နေ၏။

သူမရဲ့ဝန်းကျင်မှာ အရွယ်မျိုးစုံ မိန်းမ၊ ယောက်ျားများ ဝိုင်းနေကြ၏။ ရွာထဲက သွားသွားလာလာ လူများလည်း ဝင်ဝိုင်းနေကြ၏။ ထန်းရည်သမား ဖိုးကုလားတို့အုပ်စုရော၊ ဂျလေဇီ သံချောင်းတို့အုပ်စုလည်း ပါဝင်ကြသည်။

“ဖေဖေ၊ မေမေ၊ ကိုကို၊ မမ အပေါင်းတို့ရှင့်”

“အော့. .”

“ဒီဘက်က မောင်ကြီးတို့လည်း ပါတယ်နော်”

“ဟုတ်ကဲ့. . ဝုတ်ကဲ့. . ဝုတ်ကဲ့. .”

“ခစ်. . ဟစ်. . ခစ်. .”

“မောင်ကြီးတို့ရေ. .”

“ဗျာ. .”

“ဟား. . ဟား. . ဟား. . ဟား. . ဖိုးကုလားနော်. . ရောဂါ မထနဲ့”

“ကိုယ့်ညီ. . ညီမလေး. . မို့. . မို့. . ပါကွာ. . အော့. .”

“ဟင်း. . ဟင်း. . ဒါပဲနော်”

“မင်းကလည်းကွာ. . သံချောင်းကလည်း. .။ စားမာန်ခုတ်နေပြန်ပြီ”

“ဆိုပါတော့ အစ်ကိုနှမလေးရဲ့. . အဟဲ့. . ငှဲ. . ငှဲ. .”

“ကြားချင်ကြပြီလား မောင်ကြီးတို့ရဲ့”

“မနေ့ကတည်းကပါပဲ အစ်ကိုနှမလေးရေ. . အော့. . အော့. .”

“တိတ်တိတ်နေကွာ ဖိုးကုလား”



www.burmeseclassic.com

www.burmeseclassic.com

"မင်းအလုပ် မပါဘူးကွာ။ ဆိုပါတော့ အစ်ကိုနှမရေ"

"အကရော ကြည့်ကြမှာလားလို့"

"ကြည့်ချင်တာ မနှစ်ကတည်းကပါ အစ်ကိုကြီးနှမရဲ့။ အဟဲ့. . ငှဲ့. ."

"အို. . အဲဒီလောက်တောင်မှ နှမလေးကို မျှော်နေကြတာ. ."

"ဝုတ်ပါ့. . ဝုတ်ပါ့. ."

"အေး. . ဒါကြောင့်မို့ ဟောဒီနှမလေးကလေ. . . ဇောအာရုံ တွင်××ရည်းစားသည့်က××ဂုဏ်ငယ်တင်တင်×××တောင်းပန်တဲ့ရင်ရင်×× က,ပါရစေရှင်. ."

"က. . က. . အစ်ကိုကြီး ဘာ. . ဘာမှမပြော. . ဖွီး. . ဖွီး. ."

လျှာရှည်လှသည့် ဖိုးကုလားရဲ့ပါးစပ်ကို သံချောင်းက လက်ဝါးနှင့် ပိတ်ထားရကား အနီးရှိ ကလေးများက ရယ်ကြလေ၏။

"မဒီခင် အတည်ပင်×××အစ်ကိုများ ကာလသားတိုင်းက×× ကျွန်မ ကိုချစ်ခင်×××"

"သိပ်. . သိပ်. . ချစ်. . ဖွီး. . အ. . အ. ."

"ဟား. . ဟား. . ဟား. . ကောင်းတယ်. . ကောင်းတယ်"

"မေတ္တာစစ်ပင်××သူကတော့×အသစ်ထင်××× မောင်တော့လေ×× အလှူ့ရှင်မှန်း××အားလုံးသိကြပါပေသရှင်×××အပိုင်နော်ကြီလိုက်သခင်×× တိုင်ပေါ်အလံစိုက်ချင်×××"

"ဘာတဲ့တုံး. . ဝါး. . လား. . လား. . လား. ."

"မြရင်တဲ့လားဟေ့ ချစ်နှမလေးရေ. . အေ. . အေ. ."

အရူးမလေးရဲ့ အသံစည်စည်ကလေးက လွင်ပြီး စူးရှလွန်း၍ ချက် ပြုတ်နေသူများ ပြေးထွက်လာပြီး ဝိုင်းကြည့်အားပေးကြသည်။

"အငြိမ့်မင်းသမီးများ××ရည်းစားထားတော့××လူဆိုတာမျိုး နော်×××သဘောနည်းနည်းကြီးဦးမှပေါ့××သခင်ရယ်×××မီးရောင်အောက်ကို ဝင်ရင်××လူပြက်တွေနဲ့ပြောတော့××မောင့်သဘောက××မကြည်လင်×××"

"ဒါကတော့ ချစ်လို့ပါ နှမလေးရဲ့။ အဟဲ. . ငှဲ. . ငှဲ. . ငှဲ. ."

"ဖိုးကုလားတော့ အရူးအမဲသားစားမိသလို ဖြစ်နေပြီဟေ့"

"ရောဂါမသက်သာရင် ခွေးချေးနဲ့သပေါ့ဗျာ ပြာချပြီး ယောတ် နဲ့နှစ်ကော် ကျွေးဟ သံချောင်းရ"

စိတ်ကူးသစ်စာပေ



"ဟား. . ဟား. . ဟား. . ဟုတ်ပါ့ဗျာ"

ကောင်းလိုက်တဲ့အသံ. .။ ဟန်ကလည်း အငြိမ့်မင်းသမီးဟန် ကလေး။ ပွဲတော်နေကြသမို့ အမည်မသိရသေးသည့် အရူးမလေးအကမှာ လူတိုင်းအာရုံကျနေကြ၏။

ဆွမ်းခံကြွသည့် ကိုရင်ကြီးအောင်မောင်းပင် အသံကြား၍ လှည့် ကြည့်လိုက်ရာ ခဲလုံးနှင့်ခလုတ်တိုက်ပြီး မှောက်လျက်လဲမလိုဖြစ်၍ ဘုန်းကြီး ကျောင်းသားကြီး စိတ်ဓာတ်မြသန်းက ကပျာကယာလှမ်းဆွဲလိုက်ရ၏။

နို့မို့ သပိတ်ကွဲ၊ မေးစေ့ကွဲပြီး ထားဝယ်ကြိမ်စာ နှစ်ကိုယ့် တစ်စိတ် သည်နေ့ကျိန်းသေ၏။

"ကိုရင်ကြီး. . ကြည့်ချင်လို့လား"

"ဖွီ. . ဒါ. . ဒါ. . ငါကြည့်. . ကြည့်စရာလားကွ မြသန်းရ"

"ဒါဆို ဘာလို့ ဒီနားရောက်မှ ခလုတ်တိုက်ရတာလဲ"

"ခြေမျက်စိထဲ. . အ. . အမှုန်. . ဝင်. . ဝင်လို့ပါကွာ"

"ဟွန်း. . ဆင်ခြေကတော့ဗျာ. .။ ဒါဆို ရှေ့ဆက်ကြွစို့ ကိုရင်ကြီး".

"နေ. . နေပါဦးဟ. . မြ. . မြသန်းရ. ."

ကိုရင်ကြီးအောင်မောင်းက လူအုပ်ရှိရာ၊ သီချင်းသံလာရာကို ခေါင်း ကိုင်းလိုက်သော်. .

"ကိုရင်ကြီးနဲ့ မဆိုင်ဘူးလေဗျာ"

"သိ. . သိပါတယ်. . မြ. . မြသန်းရာ။ မင်း. . မင်း. . ငါ့ကို. . ဆ. . ဆရာမလုပ်ပါနဲ့။ ဟို. . ဟို. . ခြေဖျား. . နာ. . နာသွားလို့ ခဏ. ."

ဘုန်းကြီးကျောင်းသားကြီး စိတ်ဓာတ်မြသန်းကား ကိုယ့်ကိုရင်ကြီး အကြောင်း ကိုယ်သိနေ၍ မျက်စောင်းတစ်ချက်ထိုးကြည့်လိုက်သော် ကိုရင်ကြီး သည်း ခြေထောက်ထော့နင်းထော့နင်းကို ဖြည်းဖြည်းချင်းလှမ်းရင်းမှ. .

"အသံတော့ ကောင်းသားဟ. . နော. ."

"ကိုရင်ကြီးအလုပ်လား"

"ဟ. . မြသန်းရ၊ နစ္စ၊ ဂီတ၊ ဝါဒိတဆိုတာ. ."

"တော်. . ကိုရင်။ ကျောင်းရောက်နောက်ကျရင် သမခံရမယ်။ မြန်မြန်ကြွ"

"တောက်. . အကုသိုလ်ကောင်းကွာ။ ဖွီ. ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"....အီဂျစ်နဲ့ အင်္ဂလန်××နိုင်ငံခြားကို××မောင်သွားထားပါလား××သူတစ်ပါးမကြည့်စေချင်××× စာရေးတဲ့ ဆရာတောင်××အိမ်မလာရအောင်××သူပြောထားသလား××ပျို့တစ်ပါးမသိအောင်×××ဝါသနာကို မတားနဲ့တော့ရှင်×××ဒီလိုနေတာ×အများကပင်×သနားကြတယ်×မြမြရင်×ကျွန်မ က,ချင်××သည်းခံတော့ ဘိုကေလင်×××"

"ရှီ..ရှီ.."

"ရှစ်...ရှစ်.."

"ကောင်းလှချည်လား မြရင်လေးရဲ့"

"ကောင်းဆို နေကျော်ထန်းရည်ကိုး မောင်သံချောင်းရဲ့"

"မသာကောင်..ဖောက်ပြီ..။ သွား.."

"....ပြိုင်စံပေါ်စရာမမြင်××နိုင်ငံကျော်ကြီးပါရှင်×××"

"ဟုတ်ပေ့ မြရင်ကလေးရဲ့။ အစ်ကိုရဲ့ ရင်ကလေးရဲ့"

"ဘယ်သူမှ မပြိုင်နဲ့။ သံချောင်း၊ ခွေးပု၊ ကြွက်သိုး၊ သချီး အောင်စိန်တို့ နောက်သို့ရှားစေ"

ဖိုးကုလားကား စိတ်မနှံ့သူ အဆိုရှင်၊ အကရှင်ကလေးရဲ့အသံမှာ ထန်းရည်ဖြင့်ရစ်ပြီး အူမြူးလို့မဆုံး..။

နံဘေးမှာ ဝိုင်းကြည့်နေကြသည့် မီးပြစ္ဆာသူများဖြစ်ကြသော မထောကြီး၊ ကြောင်ခင်စိန် (ကျားခင်စိန်မဟုတ်။ ကြောင်ကုတ်ခံရ၍ နှုတ်ခမ်းကွဲသွားသော အပျိုကြီးဖြစ်သည်) ဒေါ်င်းမကြီးတို့က မဲ့ကာရွဲ့ကာ မေတ္တာပို့သတော်မူကြ၏။

"မြွေအကောင်ကြီးကြီး သင်းကိုကိုက်ရင် နာအေးမှာပဲအေ့"

"မသာရုပ်ကများ နားတောင်းပန်ချင်နေလိုက်တာတော်။ ဖွီ.."

"အရုပ်ပါးစပ် တုတ်တပ်ထားသလိုနေမှာ"

ဖိုးကုလားကား သူ့ရင်ဘတ်ကိုပုတ်၍ အူမြူးကောင်းဆဲ။ လက်မြှောက်ပြ ရွှင်နေဆဲ..။

"...ပြိုင်စံပေါ်စရာမမြင်××နန်းတော်ရှေ့ ကိုကြီးတင်××× သူကလေးတစ်ခုထွင်ရင်××အလှူ့ရှင်မှန်း×××အားလုံးသိကြပါတယ်ရှင်×× စာစီညွှန်းရဲ့လှျင်××နာမည်အလွန်ထည့်ချင်×××အလှူ့ရှင်မှန်း×အားလုံး သိကြပါတယ်ရှင်အပိုင်နော် ကြိုလိုက်သခင်××× တိုင်ပေါ်အလံစိုက်ချင်××× ဟင်××ဟင်..."





"ရှီး..ရှီး.."

"ဝမ်းစမိုး.."

"ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း.."

"အစ်ကိုကြီးညီမလေးကွ။ အေ့..ဂေ့..ဂေ့..အစ်.."

လက်ခုပ်သံများ၊ လက်ခေါက်မှုတ်သံများ ဆူညံသွားသည်။စစ်ပြေးဘဝဆိုးကြီးမှာ ခုလို အသံကောင်း၊ ရုပ်ချောသနားကမားနှင့် ဖျော်ဖြေနေသည့်သူလေးတစ်ဦးပေါ်လာ၍ ဒုက္ခသည်များရော၊ ရွာခံတို့ပါ စစ်ကို ခေတ္တမေ့သွားကြသည်။

"အစ်..ကို့..ညီမ..လေး..နောက်..နောက်တစ်ပုဒ်..အေ့..ဂေ့..အေ့..အေ့.."

လူပြောင် ထန်းရည်သမား ဖိုးကုလား နောက်တစ်ပုဒ်တောင်းဆိုရင်း အမူးလွန်၍ လူကြားထဲ လဲကျသွားခဲ့သည်။ သောက်ဖော် သံချောင်းတို့ သူ့ပင် သတိမထားမိလိုက်။

"နှမလေးကိုချစ်ရင် အားပေးလက်ခုပ်တီးကြပါဦးရှင်"

"ရှီ..ရှီ.."

"ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း.."

"နောက်နေ့များကျမှ သီချင်းအသစ်နဲ့ လာဖျော်ဖြေမယ်နော်။ အခုလေးမဟာမြတ်မုနိဘုရားပွဲမှာ ဖျော်ဖြေစရာရှိလို့ နားစီးပြီး လေယာဉ်ပျံနဲ့ သွားလိုက်ပါဦးမယ်ရှင့်။ အားလုံး တာ့တာ..ဘိုင့်ဘိုင်.. ချီးတွေ့ယို.."

"ဝေး..ဟေး..ဟေး..ဝေး.."

"နောက်နေ့လာဦးနော် အစ်မလေး"

"အဆိုတော်ကြီး..နောက်နေ့ ဒီမှာ မနက်စာ စားသွားနော်"

"စိတ်ချ.."

"ဆုတွေလည်း ချမှာ..သိလား"

"အိုကေ..လာမယ်။ သွားပြီဟေ့..။ ပြိုင်စံပေါ်စရာမမြင်××နိုင်ငံကျော်ကြီးပါရှင်×××××"

လူတွေက သနားစရာကောင်းသည့် ရုပ်ချောချော၊ စိတ်မနှံ့သူလေးကိုကြည့်၍ ကရုဏာသက်ကြ၏။ ကလေးအုပ်က အရူးမလေးနောက်က အော်ဟစ်ပြီး ပြေးလိုက်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . သေ. . ပါ. . ပြီ. . ဗျ. . အား. ."

"ဟဲ့. . ဟဲ့. . ဘာကြီးနှင်းမိပါလိမ့် မတောရဲ့"

"အေးဟဲ့. .။ အိပ်နေတဲ့ခွေးများ နှင်းမိလို့လား"

"အမလေး. . သေ. . ပါ. . ပြီ. . ဗျ. .။ ဟိုဒင်းကို နင်း. . နင်းသွားလို့. .။ အမလေး. . အဖေလာပါဗျာ. . အမေမလာပါနဲ့. ."

အောက်က အသံကြား၍ မတောကြီးတို့အုပ်စုရော၊ အနီးရှိ လူများပါ ငုံ့ကြည့်လိုက်တော့ ခြေထောက်အောက်မှာ မူးလဲပြီး အော်နေသည့် ဖိုးကုလားကို မြင်လိုက်ရ၏။ ဖိုကုလားကား မျက်နှာမှာ ဖုန်များ ပေကျံနေပြီး ဟိုဒင်းကို လက်ဝါးနှင့်ဆုပ်၍ အော်ဟစ်လူးလွန့်နေ၏။

"ဟောတော့. . ဖိုးကုလားကြီးတော့"

"မိတောကြီး. . နင်. . နင်နင်းမိတာလားဟင်"

"ငါ. . ငါမဟုတ်ဘူး။ ဆင်မကြီးမကြည် နင်းမိတာ"

"ဟယ်. . ဒါဆို သင်းသေတော့မှာပဲ့၊ ဘယ်လိုလုပ်ကြမလဲဟဲ့"

"ဘာတတ်နိုင်မှာလဲအေ့. .။ သူ လူကြားထဲမူးလဲနေတာ ကိုယ်မှ မသိတာ။ ဒါမျိုးတွေ သေလည်း ရပ်ရွာအေးချမ်းတယ်၊ လာ. . သွားစို့"

"ဖိုးကုလား. . ဖိုးကုလား. ."

"အည်း. . အည်း. . အို. . အဖေရဲ့. . အစ်. . အစ်. ."

"ဖိုးကုလား. . ထနိုင်ရဲ့လား. . အေ့. ."

လူတစ်ရာခန့်အုပ်ကြီးသည် သူတို့အဖြစ်ကိုကြည့်၍ ရယ်ကြ၏။

"မ. . မထ. . နိုင်. . ဘူး. . အူး. ."

"ဘာဖြစ်သွားလို့လဲ ဖိုးကုလားရာ"

"ကြေသွား. . ပီ. . နဲ့. . တူ. . တူရဲ့. .။ အား. . အား. ."

ပြိုင်စံမပေါ်ကြီး ဖိုးကုလားကို သူတို့ထန်းရည်သမားအုပ်စုက မနည်းပွေ့ခေါ်သွားကြရ၏။ ဆင်မကြီး မကြည်ကား ဝဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးကို သယ်ရင်းက သူ့ခြေဖဝါးကြီးကို သူဂုဏ်ယူနေ၏။

"သေမလားမသိဘူး ဆင်မကြီး"

"သေ. . အေးတာပေါ့။ ဆန်နို့ဆီဘူးသုံးလုံးချက် သက်သာတယ်"

"ဖိုးကုလားသေသွားတာ အရေးမကြီးဘူး။ နင့်ကိုယ်လုံးနဲ့နင်းလို့ သေရမှန်းသိရင် ဖိုးကုလားတစ္ဆေက နင့်ကို ကျေမှာလားဟဲ့"





"ဟင်. . ဖိုးကုလားတစ္ဆေက. ."

"အေးလေ. . မိလုံးတင်တစ္ဆေလို ဖိုးကုလားတစ္ဆေက နင့်နောက်ကောက်ကောက်လိုက်ပြီး နင့်ခြေဖဝါးကို လာဆွဲရင်. ."

"အမလေး. . ဒု. . ဒုက္ခ. . ပါ. . ပဲ. .။ ဘယ်. . ဘယ်လို. . လုပ်. . ရမလဲဟင်. ."

"ဒီလိုလုပ် ဆင်မကြီး. ."

"အကြံပေးကြပါဦး မတောကြီးရယ်။ ငါကလည်း သူ အောက်မှာ နေမှန်းမသိလို့ နင်း. . နင်းမိလိုက်တာပါအေ။ ဘုရား. . ဘုရား. . ဖိုးကုလားတစ္ဆေ. . တစ္ဆေ. . ဘုရား. . ဘုရား. ."

"ဒီလိုလုပ်အေ့ ဆင်မ. ."

"မြန်မြန်ပြောပါ မိဟိုဒင်းရယ်။ လန့်ရတဲ့ကြားထဲ. ."

"ညည်းလည်း ကိုယ့်ကိုယ်ကိုယ်သတ်သေလိုက်ပြီး တစ္ဆေဘဝနဲ့ ကုလားတစ္ဆေနောက်လိုက်ပြီး နှစ်ယောက်ညားလိုက်ကြ"

"အေး. . ကောင်း. . ဟယ်. . သေနာကျမ၊ အာပြဲမ. .။ ငါက ကောင်းမှတ်လို့. .။ ကိုင်း. . ကိုင်း. ."

"ဝါး. . ဟား. . ဟား. . ဟား. ."

"အဟီး. . ဟီး. . ဟီး. . ဟီး. ."

"ဖိုးကုလားက ညည်းကို ချစ်နေပါတယ်အေ။ အသားပေါ်လို့. ."

"ကဲ. . ကဲ. . ကဲ. . ပေါ်ဦး. . ပေါ်ဦး. ."

"ဟား. . ဟား. . ဟား. . ဟား. ."

"အဟစ်. . ဟစ်. . ဟစ်. . ခစ်. ."

ပုံးသံ၊ အမြှောက်သံများ နေရာအနှံ့ ကြားနေရပါ၏၊ လေယာဉ်ပစ် အမြှောက်သံများကို ခပ်သဲ့သဲ့ကြားရပါ၏။

သို့သော် စစ်နှင့်အတန်ငယ်အလှမ်းဝေးသော ဤတောရပ်ရွာစွန် လေးကား စစ်ကို ဖြစ်သလိုရင်ဆိုင်ရင်း ဘယ်နေ့ရောက်လာမည် မသိသော သခြင်းတရားကို ကြိုစဉ်းစားမနေကြဘဲ ဘဝကို ဤသို့ပဲ ပျော်သလိုဖန်တီး၍ သက်ရှင်နေကြလျက်. .။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

# အပိုင်နော်ကြဲလိုက်သခင် . . တိုင်ပေါ်အလံစိုက်ချင်

အနယ်နယ်အရပ်ရပ်မှ စစ်ကိုရှောင်တိမ်းပြေးကြသည့် ခရီးသွာ ဒုက္ခသည်များ ကျောက်တန်းမြို့ဘက်သို့ ခြေဦးမလှည့်ရဲကြသော်လည် ပန်းတောမီးပြုရွာများမှ လက်လုပ်လက်စားများကား ဝမ်းရေးအတွက် လှုပ် နေကြနေရဆဲ။

ကျောက်တန်းမြို့ထဲမှာ 'ဘီအိုင်အေ' ရဲဘော်များနှင့် ဂျပန်စစ်သာ များ နေရာယူတပ်စွဲထားပြီဟု ကြားရ၏။

အချို့က ဂျပန်စစ်သားများကို မမြင်ဖူးကြ။

ဂျပန်စစ်သားဆိုတာ အရပ်မြင့်မြင့်ကြီးတွေပဲလား . . ။ အင်္ဂလိ စစ်သားများလို ထွားထွားကျိုင်းကျိုင်းကြီးတွေပဲလား . . ။ ပန်ချာပီစစ်သားမျ လို ဦးပေါင်းကြီးတွေပါသလား . . ။ အဲဒါ စပ်စုချင်ကြသည်။ သိချင်ကြသည်

သူတို့ရော မြန်မာလူမျိုးများလို ထမင်းစားသလား . . ။ ဒါမှမဟု မျက်နှာဖြူဘိုများလို ပေါင်မုန့်ထောပတ်သုတ်ပဲ စားသလား . . ။

သူတို့ကို ဘာများရောင်းရင် ကောင်းမည်လဲ၊ ဒီလိုစဉ်းစားကြသူမျာ ရှိကြသည်။ သို့နှင့် မော်ဝန်းချောင်းမှာ ကူးတို့သမားများ အလုပ် ပေါ်လာ ပြန်သည်။





ဒီဘက်အရပ်က တောင်ယာစိုက်သူများ၊ ငါးရှာ၊ ပုစွန်ရှာသူများ ဆောင်းကုန်လေးများစု၍ ဟိုဘက်ကမ်းကို ကူးကြ၏။ စွန့်စွန့်စားစား မြို့ထဲဝင် ကြ၏။

အလှုပ်နေ့များကလို ဗုံးကြဲသံများ၊ မီးလောင်နေဟန်များ၊ သိပ်မမြင် ရတော့။ မြို့ထဲမှာ ဂျပန်စစ်အုပ်ချုပ်ရေး စတင်နေသည်ဟု ကြားရ၏။ အချို့ သတ္တိကောင်းသူများ မြို့ထဲသို့ ပြန်ဝင်ကြသည်။

ပျက်စီးနေသည့် ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ပြင်ကြ၏။ မပျက်မစီး သော အိမ်ကြီးရှင်များကား ကိုယ့်အိမ်ကိုယ်ပြန်ပြီး တံခါးပိတ်၍ အခြေအနေ ကြည့်နေကြ၏။

ကျွန်တော်တို့ ဂျပန်စစ်သားများကို မမြင်ဖူးသေးပါ။

မကြာခင် မြို့ပေါ်သို့ဈေးရောင်းသွားသည့် ဘကြီးဖြိုးပိန် အိမ်ပြန် ရောက်လာခဲ့သည်။ ကိုကြီးကျောက်ပျဉ်တို့ ပြန်ရောက်လာသည်။

"ဘကြီးဖြိုးပိန် . . ဘကြီးဖြိုးပိန် . ."

"မင်းအမေကလွှားမို့ ခွအော်နေရလားကွ။ ဒီမှာ အမောမှ မပြေရ သေးဘူး။ ချီးတဲ့မှပဲ"

"နားပါဗျာ . . နားပါ . . ။ မေးစရာရှိလို့ပါဗျ"

ကျွန်တော်တို့ ကူးတို့လှေသမားများက မြို့ထဲက ပြန်လာသည့် ဘကြီးဖြိုးပိန်အနီးမှာ စုဝေးလိုက်ကြ၏။ ဘကြီးဖြိုးပိန်သည် ဗလာပြန်ပါလာ သည့် သူ့ငါးတောင်းကြီးကို ဒေါပွပွနှင့် ပစ်ချ၍ ဆေးပြင်းလိပ်ကို မီးညှိဖွာ၏။

"ဘကြီးပိန် . ."

"ဘာလဲကွ"

"မြို့ထဲရောက်ခဲ့လားဗျ . . ဟင် . ."

"ဈေးသွားရောင်းပါတယ်ဆို . . မြို့ထဲမရောက်လို့ မင်းကြီးအော် ရင်ခွင် ထဲ ရောက်ရမှာလား"

ဘကြီးဖြိုးပိန်ကား သို့ကလိုလူကြီးတည်း။ ပြောလိုက်လျှင် ဘုနှင့် ဘောက်လေး နည်းနည်းရောပြီး စကားဦးမှာ သာသာလေးကွန့်လိုက်ရမှ ကျော အရသာရှိသူဖြစ်၏။

ချစ်စရာသည့် ဘကြီးဖြိုးပိန်စကားကြောင့် ဇက်ပုသွားရင်းမှ

"ထားပါ ဘကြီးပိန်ရာ . . ။ ဘကြီးပိန် . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . ဘာလဲ. ."

"ဟို. . ဟို. . ဒင်းတွေ. . တွေ့ခဲ့လားဟင်"

"မင်းနှမယောက်ျားလား"

"ဝါး. . ဟား. . ဟား. . ဟား. . ဘကြီးပိန်တို့ကတော့ကွာ. . အသ ချည်းပဲဟေ့"

"မဟုတ်ဘူးဗျ။ ဟို. . ဟို. . ဂျပန်စစ်သားတွေ တွေ့ခဲ့လားလို့ မေ တာ"

"တွေ့တာပေါ့ဟ"

"သူတို့က ဘယ်လိုလူတွေလဲဟင်၊ အရပ်အမြင့်ကြီးပဲလား။ သဘော ရော ကောင်းလားဗျ ဘကြီးပိန်ရ"

ဒီမှာ ကျွန်တော်တို့လူငယ်ကူးတို့လှေသမားများရော၊ လူကြီးလေ သမားကြီးများက ဝိုင်းဝန်းမေတ္တာရပ်ခံလိုက်ကြသည်။ သိချင်လွန်း၍ နားစွင့် နေကြသည်။

"ဂျပန်စစ်သားဆိုတာ အင်္ဂလိပ်စစ်သားလို့ ထွားထွားမြင့်မြင့်ကြီး တွေမှတ်တာ။ လက်စသတ်တော့ ခွေးပစ်တဲ့တုတ်လောက်ပဲ ရှိတာပဲကိုးကွ"

"ဟင်. . ခွေးပစ်တဲ့တုတ်လောက်"

"အရပ်က ပုကွကွ. .။ ပုသမှ ငါ့လခွီး ငါ့ခါးစောင်းသာသာ ရှိတာ ပါကွာ. .။ အသားဝါဝါ၊ သွားခေါခေါနဲ့ကွ။ ဒီကြားထဲ ကွတတကောင်း ပါသေးဟေ့။ တချို့က ရွှေသွားနဲ့။ စကားပြောပုံကလည်း ဒေါကြီးပဲ မောင်ရ"

"ဒီလို အရပ်ပုပု ဂျပန်စစ်သားတွေက အရပ်မြင့်မြင့် အင်္ဂလိပ် စစ်သားတွေကို မြို့ထဲကနေ မောင်းထုတ်နိုင်တယ်လားဟင်"

"ဟ. . လက်နက်ကွ. . လက်နက်. .။ အဓိကက လက်နက် ကောင်းက စကားပြောတာပဲ။ နောက်ပြီး အင်္ဂလိပ်အစိုးရကို မောင်းထုတ် ချင်နေတဲ့ ဘီအိုင်အေ မြန်မာ့တပ်မတော်နဲ့ မြန်မာပြည်သားအများစုက ဝင်နှက်လိုက်တော့ မင်းအင်္ဂလိပ်တွေ ခွေးပြေး၊ ကျွဲပြေး ပြေးရတာပေါ့။ မင်းတို့အင်္ဂလိပ် ငါတို့မြန်မာပြည်ကို စကျူးကျော်တုန်းကလည်း လက်နက် ကောင်းလို့၊ ခေတ်မီလို့ပဲ။ အဲဒီ ရတနာပုံခေတ်၊ သီပေါမင်းခေတ်ကတည်းက သင်းတို့ အင်္ဂလိပ်လို၊ အမြောက်ရော၊ ရိုင်ဖယ်ရော၊ စက်သေနတ်ရော မြန်မာရှင်ဘုရင်မှာ ရှိနေရင်လားကွာ. . သီပေါမင်းတရား ရတနာဂိရိကို ဘယ်





ပါတော်မူရမှာလဲ၊ ဗြိတိသျှဘုရင်မကြီး မဲဇာကိုပါတော်မူပြီး ခွေးကောင်တွေ ရောဝတီမြစ်ထဲ ပုပ်ပွကုန်ရမှာ ပေါ့။ လက်နက်ချင်းမတူလို့ မြန်မာဘုရင် ပါတော်မူပြီး ငါတို့အားလုံး သူ့ကျွန်ဘဝနဲ့ အနှစ်တစ်ရာနီးပါး နေခဲ့ရတာ။ အခု ဂျပန်က စစ်လေ ယာဉ်ပျံရော၊ အမြောက်ရော ကောင်းနေတော့. . နောက်ပြီး. . ငါတို့မြန်မာ ပြည်က သူ့ရဲကောင်းမျိုးချစ်တွေကလည်း အဓိက ပါဝင်ခဲ့တော့ ဟို အယုတ်တမာကောင်တွေ ပြေးပြီပေါ့ကွ"

ဘကြီးဖြိုးပိန်သည် အင်္ဂလိပ်ပြေးတရားကို အာဘောင်အာရင်းနှင့် ဟောနေ၏။ သူကား မျိုးချစ်စိတ်ရှိသူဖြစ်၏။ ဘကြီးဖြိုးပိန်အပြောအရ သူ့ ခေါင်သည် သီပေါမင်းလက်ထက်၊ မင်းလှခံတပ်ကို အုပ်ချုပ်ရသော မင်း လက်ဝါးကြီး၏တပ်မှ တပ်သားတစ်ဦးဖြစ်သည်တဲ့။

ရွှေနန်းတော်မှ လက်နက်ချရမည်ဆိုသည့် အမိန့်စာရသည့် အချိန် ကစ၍ သူတို့ လက်နက်မချဘဲ ရွှေချိုးဖြူမင်းသားရှိရာသို့ သွားရောက် ပူးပေါင်းကာ နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။

နောက်ပိုင်း အရေးတော်ပုံရှုံးနိမ့်ပြီးနောက် လယ်သမားဘဝကို ခံယူခဲ့သည်။ ဘကြီးဖြိုးပိန်သည် မင်းလှခံတပ် တပ်မတော်သား သွေးသောက် ကြီး 'အံ့ထယ်' ၏ သားဖြစ်၏။ မိဘများကွယ်လွန်ပြီးနောက် ရေကြည်ရာ၊ မြက်နုရာရှာရင်း အောက်ပြည်သို့ရောက်ကာ သည်မီးပြဘက်၌ အခြေချ ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

ခုတော့ မင်းလှခံတပ်က တပ်မတော်သားဟောင်း သွေးသောက်ကြီး 'အံ့ထယ်' ၏သား ဘကြီးဖြိုးပိန်သည် ကွန်တစ်လက်၊ ပိုက်တစ်ဖုံ၊ လှေတစ် စင်းနှင့် မိသားစုဘဝဝမ်းစာကို ရှာရင်း. .။

"လုပ်ပါဦး အဘပိန်ရ။ အဲဒီ ဂျပန်စစ်သားဆိုတဲ့ ငနဲတွေကရော ဆက်ဆံရေးကောင်းရဲ့လား"

"ဗွီး. .။ ငါ့အမြင်ပြောရရင် ဒီကောင်တွေလည်း လူရိုင်းသာသာပါ ကွာ"

"ဘာဖြစ်လို့. ."

"စကားပြောရင် ဒေါနဲ့မောနဲ့ချည်းပဲ။ ဒီကြားထဲ ဟိုနိုးလိုက် ဟောက်လိုက်တာ ပါးစပ်က အမြှုပ်ထွက်လို့။ ငါ့ပါသွားတဲ့ ငါးတွေမြင်ရော ငနဲသားတွေ ဝမ်းသာနေလိုက်ကြတာ။ ငါးများ အစိမ်းလိုက်စားမယ့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲပေါ့။ ဒါနဲ့ ငါက ဘယ်ဈေးရရင် ရောင်းမယ်လို့ ပြောလိုက်ရော ဂျပန်စကားပြန်လုပ်သူက ဂျပန်အရာရှိနဲ့ ဂျပန်လိုပြောပြီး ငါးအားလုံးကို ဈေးဖြတ်လို့ သိမ်းလိုက်ပါရောကွာ"

"တွက်သားကိုက်ရဲ့လား အဘပိန်"

"တွက်သားကိုက်မကိုက်တော့ မသိဘူး။ ဒီမှာ သူတို့ပေးလိုက်တဲ့ ပိုက်ဆံတဲ့။ ကြည့်ကြ. ."

ဘကြီးဖြိုးပိန်သည် ပြောရင်းကနေ လွယ်အိတ်ထဲ လက်နှိုက်၍ ထုတ်လိုက်တော့ စက္ကူနံ့သင်းနေသည့် စက္ကူအထပ်ကြီးပေါ်လာ၏။

"ဒါ. . ဒါ. . ဘာလဲဗျ"

"ဂျပန်ငွေစက္ကူတဲ့ကွာ. .။ ဖွီး. ."

အုန်းပင်နှင့် နေတံဆိပ်ပုံ၊ စေတီပုံပါသော ဂျပန်စက္ကူသေးသေး အထပ်ကြီးကို ကျွန်တော်တို့ တွေ့လိုက်ရ၏။

"အင်္ဂလိပ်ငွေစက္ကူ မရဘူးလား"

"ငါက အင်္ဂလိပ်ငွေစက္ကူ မရဘူးလားမေးတော့ ဂျပန်စစ်ဗိုလ်က ဒေါသထွက်ပြီး ခါးကြားက ဓားရှည်ထုတ်မလို့လုပ်တာ ကံကောင်းလို့ မောင်ရေ. . ဂျပန်စကားပြန် ဝင်အပြောကောင်းလို့ ဖြိုးပိန် ခေါင်းနဲ့ ဒီရွာပြန် ရောက်တာ။ နို့မို့ မြို့ထဲမှာတင် သေပြီဟ"

"ဘာဖြစ်လို့လဲဗျ"

"အခု ဂျပန်အစိုးရအုပ်ချုပ်တဲ့အချိန် ဖြစ်သွားပြီတဲ့။ အင်္ဂလိပ် ငွေစက္ကူ အကြွေ လုံးဝသုံးလို့မရဘူးတဲ့။ နောင်ကို ဂျပန်ငွေစက္ကူပဲ သုံးရမယ်တဲ့။ ထပ်ပြီးပြောလိုက်သေးရဲ့ မောင်တို့ရေ"

ကျွန်တော်တို့အားလုံး စိတ်ဝင်စားသွားကြသည်။ ဘကြီးဖြိုးပိန်သည် ဂျပန်ငွေစက္ကူများကို လွယ်အိတ်ထဲသို့ မကျေမနပ် ဆောင့်ထိုးထည့်လိုက်ရင်းက. .

"စကားပြန်က ဂျပန်စစ်ဗိုလ်ရဲ့စကားကို မြန်မာလို ပြန်ပြောပြတယ်။ နောင်ကို ခင်ဗျားတို့ အင်္ဂလိပ်အစိုးရကောင်းကြောင်းရော၊ အင်္ဂလိပ် အကြောင်းရော လုံးဝမပြောရဘူးတဲ့။ အင်္ဂလိပ်ခေတ်က မြန်မာအရာရှိတွေ ပုန်းရှောင်လျှပ်ရှားနေတယ်။ အဲဒါသိရင် သတင်းပေးပါတဲ့။ ဆုငွေအများကြီး ချမယ်တဲ့။ ရေဒီယို မကိုင်ရဘူး။ ရှိရင် အပ်ရမယ်တဲ့။ တွေ့ရင် သေဒဏ်တဲ့





ဗျား. .။ ဟူး. . နောက်လာတဲ့မောင်ပုလဲ ဒိုင်းဝန်ထက်များ ကဲဦးမလား မသိဘူး။ စောင့်ကြည့်ရဦးမှာပဲ။ ငါ့လူများ အဲ ဒီကောင်တွေနဲ့များကြုံရင် သတိထားဆက်ဆံကြနော်။ ရှုးရှူးရှဲရှဲတွေ. .။ သွားမယ်. .။ အမယ်ကြီး မျှော်နေရော့မယ်ကွ"

သို့ကလိုပြောပြီးနောက် သူ့ဖလာငါးတောင်းကြီးကိုပိုက်၍ ဟိုး. . မီးပြမ့်ရွာဘက်သို့ စိုက်စိုက်စိုက်စိုက်နှင့် ထွက်ခွာ၍သွားလေသည်။

သည်အချိန်မှာပဲ ကျွန်တော့်လှေပေါ်သို့ ခရီးသည်အချို့ ရောက်နေကြပြီ။

"ဟေ့. . မောင်ထိန်။ မင်းအလှည့်လားဝေ့"

"ဟုတ်တယ်ဗျို့ ဖထီး။ ဘာလဲ. . လိုက်မလို့လား"

"လိုက်မယ်ဝေ့. .။ ဟဲ့. . အမိုးကြီးရဲ့. . မြန်မြန်လှမ်းပါဟဲ့"

"လှမ်းနေတာပဲ ကိုထီးဝေ့။ ခြေထောက်က ရွာပြန်ချင်နေလို့ဝေ့"

ကရင်အဘိုးကြီး စောဖထီးနှင့် အမိုးဒေါ်နော်မူးဝါးတို့လင်မယား ရောက်လာခဲ့သည်။ ကွမ်းတဝါးဝါးနှင့် အော်မေးလိုက်သည်။ အမိုး ဒေါ်မူးဝါး က ပလိုင်းကြီးတစ်လုံးလွယ်ပြီး လေးကန်ကန်နှင့်လာနေ၍ ဖထီးက နေရာရ ရန် လောဆော်လိုက်သည်။

"လူပြည့်ရင် ထွက်ဟေ့ မောင်ထိန်ရေ။ အချိန်လင့်မှာစိုးလို့"

"ဟုတ်ကဲ့ဗျို့"

ကျွန်တော်က လူမပြည့်သေးသော်လည်း သူတို့အလျင်လိုနေမှန်း သိ၍ လှေထွက်ရန်ပြင်လိုက်စဉ်. .

"ဟဲ့. . ဟဲ့. . နေပါဦးဟဲ့။ ဗျို့. . လှေသမားဘကြီး. . အဲ. . အဲ. . ဦးလေးကြီး. . အို. . ဟုတ်ပေါင်. . အစ်ကိုကြီး. . မောင်ကြီးလှေသမား ရဲ့"

နောက်ကုန်းပေါ်မှ အော်သံကြား၍ လှည့်ကြည့်လိုက်တော့ စိတ် မနှံ့သူ အရူးမလေး. .။

"ဟေ့. . ထိန်. . ထွက်ပါကွ၊ အရူးမပါ. .။ လုပ်မနေပါနဲ့၊ ထွက်. ."

"မောင်ကြီးလှေသမား. . အို. . အစ်ကိုကြီးလှေသမား။ လူပုံအလယ် ကြီးရဲ့ နှမတော်လေး လိုက်ပါရစေဟဲ့။ အို. . အို. . အမလေး. ."

အရူးမလေးသည် အလျင်စလို ဖြတ်စပြင်းတောင်းနှင့် ပြေးဆင်း



www.burmeseclassic.com

www.burmeseclassic.com

လာရကား လှေဆိပ်မရောက်ခင်မှာပဲ ခလုတ်တိုက်၍ လဲတော့၏။

ခေါင်းပေါ်မှ ပန်းမျိုးစုံ ပြွတ်ကျကုန်လေ၏။ သွားလေရာပိုက်ထားသည့် အထုပ်ကြီး လက်မှလွင့်သွားပြီး ဒူးပေါ်ပေါင်ပေါ်ဖြစ်သွား၏။

"ဟိုကောင်. . ချစ်စရာ. . ဘာကြည့်နေတာလဲကွ"

"ဗျာ. . အဲ. . အဲ. . ဟို. . ဟိုဒင်း. . အဲ. . အဟဲ. . သွား. . ထူပေး"

"မထူနဲ့. . ကိုခေါင်ကြီးရဲ့။ တော်ကြာ ကောင်မလေးက ဖက်ထားရင် နင်ဒုက္ခရောက်မယ်။ သူ့အရှိန်နဲ့သူ လွှတ်ပေးလိုက်"

မျက်နှာလိုမျက်နှာရ ပြေးထူရန်ပြင်နေသည့် ချစ်စရာကို ဘကြီးဖိုးကျောက်က အကြောင်းသိနေ၍ လှမ်းသတိပေးလိုက်ရသည်။

"သ. . သ. . နားပါတယ် ဘကျောက်ရ"

"ဟကောင်. . နင်သနားတာ ငါသိတယ်။ မီလုံးတင်လည်း နင်သနားလို့ ကောက်ရိုးတွေတောင် အမှုန့်ဖြစ်သွားတယ်။ ဟော. . ပြောရင်းနဲ့မင်းနောက်မှာ မီလုံးတင်ရောက်နေပြီဟ ချစ်စရာရ"

"ဟင်. . ဟင်. . ဟုတ်လား။ အမလေး. ."

ချစ်စရာ ကောင်မလေးနား ရောက်ခါနီးမှ မီလုံးတင်အသံကြားသည်နှင့် မထူတော့ဘဲ နောက်ပြန်လှည့်ပြေးတော့သည်။

ချစ်စရာ မီလုံးတင်ဝီညာဉ်ကို ဤမျှကြောက်လေ၏။

"ထွက်ပါကွ ငထိန်ရ. .။ ဘာလုပ်နေတာလဲ"

"ကျွီ. . ကျွီ. ."

"ဟို. . ဟို. . နေပါဦးမောင်ကြီး။ အို. . ကိုလူချောကြီးရဲ့။ နှမလေးကို ပစ်မထားပါနဲ့ မောင်တော်ဘုရားရဲ့။ လာပြီ. . အား. . အား. . လာပြီတော့"

စိတ်မနှံ့သူ အရှူးမလေးသည် မှောက်လျက်လဲရာမှ ကပျာကယာကုန်းရုန်းထလိုက်ပြီး သူ့အထုပ်ကြီးကို လှမ်းကောက်ကာ ထွက်ခါနီးလှေပေါ်သို့ လွှားခနဲခုန်တက်လိုက်တော့သည်။

"အမလေး. . သောက်ပလုတ်တုတ်"

"အာ. . နင်းမိပြီဗျ"

"အလိုလေး. . ဘုရားသခင် ကြည့်မနေပါနဲ့"





"အို. . ဘွာ. . ဘွာ. . အဲ. . အဲ. . ကန်တော့. . ကန်တော့နော်. .။ အဟဲ. ."

အရူးမလေးသည် လှေပေါ်မှာ မှောက်လျက်လဲပြန်၏။ လဲပုံကဘုန်းကြီးလူထွက် လူပျိုကြီးကိုခေါင်းရှည်ပေါ်သို့ လဲကျရကား ကိုခေါင်းရှည်သည်း အင့်ခနဲဖြစ်၊ ကောင်မလေးကလည်း ကိုခေါင်းရှည်လည်ပင်းကိုဖက်လျက်ကြီး. .။

ထဘီပါ လန်နေ၍ အမိုးက မနည်းအုပ်ပေးရ၏။ ကျန်လူများကားမျက်နှာလက်ဝါးနှင့်အုပ်သူအုပ်၊ ဘုရားတ,သူ တ. .။

"လွှတ်ပါဟ. .။ ဖယ်ပါဟ. .။ လာကြပါဦး. .။ လုပ်ကြပါဦး. .။ ကျုပ်ကို ဖက်. . ဖက်ထားလို့"

ကိုခေါင်းရှည် ကြောက်ကြောက်လန့်လန့်နှင့် အော်နေသည်။ ကောင်မလေးကလည်း မျက်စိမှိတ်ပြီး ဖက်ထားဆဲ. .။

"လွှတ်ပါဟ. .။ ဖထီး. . ဖ. . ထီး. . ကယ်ပါဦးဗျ"

"ဟဲ့. . ဟဲ့. . မိန်းကလေး. . လွှတ်. . လွှတ်လိုက်လေ"

"ကြောက်. . ကြောက်. . လို့. . ပါ. . တော့. ."

"နင်မကြောက်နဲ့. .။ ငါကြောက်နေတာ။ လွှတ်. . အရူးမ. . လွှတ်. ."

"အံမာ. . တော်ကများ ကျုပ်ကို အရူးမတဲ့။ နေစမ်းပါဦး ဘုန်းကြီးလူထွက်စုတ်ရဲ့။ ဟင်. . ရုပ်က နှစ်ပြားမတန်ဘဲ ရှင်က ကျုပ်ကို ဖက်ထားတာလား၊ ကျုပ်က ရှင့်ကို ဖက်ထားတာလား။ ပြော. . ပြော. ."

မိန်းကလေးက ကိုခေါင်းရှည်ကို လွှတ်လိုက်ပြီး ရန်တွေ့တော့၏။

"ဟင်. . နင် လှေပေါ်ခုန်ချပြီး ငါ့ကို ဖက်. . ဖက်. ."

"တော့်ကိုဖက်ထားရအောင် တော်က ဘာအရသာရှိလို့တုံး"

"အဲ. . အဲ. . ဖထီးတို့၊ အမိုးတို့၊ ကိုဘိုကြီးတို့၊ အစ်မခင်စိန်တို့ ရှက်မြင်ပါပဲဗျာ။ ကြည့်ပြောကြပါဦးဗျာ. .။ တော်ကြာ ဂျပန်များသွားတိုင်ရင် ဒုက္ခပါပဲဗျာ။ ကူညီကြပါဗျာ"

သည်မှာပဲ ကိုဘိုကြီးက. .

"ဟဲ့. . ကလေးမ၊ နင် လှေပေါ်မှာ မှောက်လျက်လဲကျပြီး သူ့ကို ဖက်. . ဖက်. ."


www.burmeseclassic.com

www.burmeseclassic.com



"အို. . တော်. . ရာရာစစ. . ။ ရှင်ကပါ ဝင်သက်သေခံနေတာ ပေါ့လေ။ နေပါဦး. . ။ ရှင်မြင်ရအောင်၊ ဝင်ပြောရအောင် ဒီကတုံးပြောင်ကြီးက တော့်ယောက်ဖမို့လား"

"မြတ်စွာဘုရား. . ကယ်တော်မူပါဘုရား"

"ဒီမှာ တော်တို့အားလုံး သိထားဖို့က ဒီလို နှစ်ပြားမတန်တဲ့ ရုပ်မျိုးကို ဖက်ထားရအောင် ဒါ. . ကျုပ်ယောက်ျားမဟုတ်ဘူး"

သည်မှာပဲ ကရင်အဘိုးကြီး ဖထီးက ဆေးတံကြီးခဲလျက်မှ. .

"အေး. . အေး. . ဒါ. . နှင့်ယောက်ျားမဟုတ်ရင်လည်း တော်ပါတော့ ကလေးမလေးရာ။ နေပါဦးဟဲ့ ကလေးမလေးရဲ့၊ နှင့်မှာ ယောက်ျားရော တကယ်ရှိလို့လားဟဲ့"

"ရှိတာပေါ့တော့. . ။ အဟိ. ."

အံမယ်လေး. . မြန်လိုက်ပုံနှယ်။ ဖထီးက နှင့်မှာ ယောက်ျားရော တကယ်ရှိလို့လား မေးလိုက်ရော အထုပ်ကြီးကို ပွေ့ပိုက်၊ ဘယ်ညာယမ်းရင်းက 'အဟိ' ဟု သဘောများပင် ကျနေလိုက်ရကား. . ။

ဘုန်းကြီးလူထွက်အသစ်ကျပ်ချွတ် ကိုခေါင်းရှည်သည် သူမကို ကြည့်ပြီး လန့်နေ၏။ လှေပေါ်ပါ ခရီးသည်များကလည်း ပြုံးစိစိဖြစ်ကုန်ကြ၏။

ဖထီးကား ဆေးတံကြီးကိုက်ရာမှ ထပ်ပင့်လိုက်ပြန်၏။

"ဒါဆို နှင့်ယောက်ျားက ဘယ်သူတုံး"

"အို့. . ရှက်. . ရှက်စရာကြီး။ အဟိ. ."

"ရှက်မနေပါနဲ့ဟာ။ ငါတို့က သိချင်လွန်းလို့ပါ။ ပြောပါဝှ. ."

"အဟီး. . အဟာစ်. . ခစ်. ."

အရူးမလေးသည် အထုပ်ကြီးကို သူ့ယောက်ျားအမှတ်နှင့် ဖက်ထားသလားမသိ။ ရင်ခွင်ကြားမှာ အထုပ်ကြီး ပြားနေ၏။ ထိုအထုပ်ကြီးကို လက်နှင့်ဆိတ်ဆွရင်းက ကိုခေါင်းရှည်ကို စိုက်၍ကြည့်လိုက်ရကား. .

ကိုခေါင်းရှည် ဘုရားတ,ရင်း ရင်ဘတ်ကိုဖိ၍ အရပ်ဂုဏ်တော်ကို အသံထွက်ရွတ်နေရှာ၏။ သည်မှာ ဖထီးကလည်း အနောက်အပြောင်သန်၏။

"ဒီကတုံးနဲ့ ကောင်လားဟ"

"အို. . ဟုတ်ပါဘူး။ ဒီရုပ်ကြီးများ. . ။ ဝေါ့. ."

"တော်ပါသေးရဲ့. . ။ ဘုရား. . ဘုရား. ."





ကိုခေါင်းရှည် ရင်ပေါ့သွား၏။ ခုမှ အသက်ရှူနိုင်ရှာ၏။

"လုပ်ပါဟဲ့. . ။ လှေပဲ ဟိုဘက်ကမ်းရောက်တော့မယ်။ နှင့်ယောက်ျားက ဘယ်သူတုံး။ ငါတို့ကို ပြထားပါဝှ။ ခင်မင်ရင်းနှီးချင်လို့ပါဝှ"

"သိ. . ချင်. . လို့. ."

'အင်းပေါ့"

"ဒါဆို. . ပြော. . မယ်. ."

"ပြော. . ဘယ်သူလဲ"

"အဲဒါ ကျွန်မယောက်ျား"

"ဟင်. ."

"ဟေ. ."

"ဟုတ်လား"

"အင်း. ."

"ဝါး. . ဟား. . ဟား. . ဟား. . ဟား. ."

"အဟီး. . ဟီး. . ဟီး. . ဟီး. ."

"အဟတ်. . အဟတ်. . အဟတ်. ."

ကျွန်တော် လှေတက်နှစ်ဖက်ကိုကိုင်ရင်းက သတိလစ်ချင်သလို ဖြစ်သွားခဲ့ရသည်။ ဖထီးတို့လင်မယားရော၊ ကိုခေါင်းရှည်နှင့် ဒေါ်ခင်စိန်တို့ပါ ကျွန်တော့်ကိုကြည့်ပြီး တဝါးဝါးနှင့်။

"ဟေ့ကောင် ထိန်. . ။ မင်းက သူ့ယောက်ျားဆို. . ။ ဟုတ်လားဟ"

"တောက်. . နင်. . နင်. ."

"ဘယ်တုန်းက ယူလိုက်ကြတာတုံး ထိန်ရ။ မြန်လှချည်လား"

"ပြောလိုက်လေ. . ယောက်ျားကလည်း"

သင်းက ကျွန်တော့်ကို သူ့ယောက်ျားပါဟု လက်ညှိုးထိုးပြလိုက်တော့ အားလုံးက ဝါးလုံးကွဲရယ်ပြီး လွှတ်သဘောကျနေကြ၏။

ကျွန်တော် ဒေါသများထွက်၍ မျက်နှာကြီးရှိန်းဖိန်းသွားခဲ့ရသည်။ သည်မှာ သင်းက စပ်ဖြဲဖြဲ ပြုံးစပ်စပ်မျက်နှာပေးနှင့် ကျွန်တော့်ကိုစိုက်ကြည့်ရင်းက. .



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်လေ ယောကျ်ားကလည်း"

. . တဲ့။

"ဟဲ့ . . အရူးမ၊ နင် . . နင် . . အခုချက်ချင်း ငါ့လှေပေါ်က ခုန်ချပြီး သေလိုက် . . သေလိုက် . . ။ ဂန်းတာမ . . "

"အိုတော် . . ယောကျ်ားကလည်း။ လူရှေ့သူရှေ့မှာ ကိုယ့်မိန်းမကို ကြိမ်းလိုက်ဝါးလိုက်တာ။ ကျွန် . . မ . . ကျွန်မ . . ငိုလိုက်မှာပဲ . . ဟာပဲ . . ဟာပဲ . . အီး . . ဟီး . . ဟီး . . ဟီး . . "

"သေ . . သေ . . သေ . . "

"ဟာ . . ဟာ . . ဟာ . . လင်မယားမှန်း ခုမှသိရသကွာ မောင်ထိန် ရာ"

"ငါတို့များ ဖိတ်စာတောင် မကမ်းဘူးကွာ"

"အကျဉ်းရုံးနေမှာပေါ့ ခေါင်းကြီးရာ"

"အိမ်ရောက်ရင် ချော့လိုက်ဦး ငထိန်။ မိန်းမစိတ်ကောက်ရင် အလုပ်အကိုင် ညရေးညတာ ခက်မယ်ဟ။ ဟား . . ဟား . . ဟား . . "

"ဝါး . . ဟား . . ဟား . . ဟား . . "

"ခစ် . . ခစ် . . ခစ် . . ခစ် . . "

ကျွန်တော် ဘာမှပြန်မပြောသာတော့။ သည်လူကြီးများကလည်း လူကြီး လူပြောင်လူနောက် ချွန်တွန်း လူရင်းများရယ် . . ။ ဘာပြန်ပြောလို့ ပြောရမှန်းလည်း မသိ။ ရင်ခေါင်းထဲ၊ ပါးစပ်ထဲမှာ ပြန်ပြောရန်၊ ချေပရန် ရန်ဖြစ်ရန် စကားလုံးက လုံးဝကိုရှာလို့မရ။

သင်း (အရူးမလေး) ကား သူ့ရင်ဘတ်မှ အထုပ်ကြီး အားရပါးရ ဖက်ပြီး တခစ်ခစ်သဘောကျနေလျက်။ လှေပေါ်မှ လူများကလည်း သူမရဲ့ ဟန်အမူအရာကိုတစ်လှည့်၊ ကျွန်တော့်ရဲ့ ဒေါသဖြစ်ပြီး ရှက်အမ်းအမ်း သုန်သုန်မှုန်မှုန် အံကြိတ်ကြည့်နေသည့် မျက်နှာကိုတစ်လှည့် ကြည့်ပြီး အမျိုးမျိုးပြော၍ ရယ်နေကြသည်။

သည်မှာပဲ သင်းက အသံပြဲကြီးနှင့် သီချင်းတစ်ပုဒ်ကို အော်ဆို လိုက်တော့သည်။ ဆိုရင်းမှ လှေဦးကနေ ကျွန်တော့်ကို လက်ညှိုးထိုးပြီး ပြ လိုက်ရင်း . .

"ပြိုင်စံပေါ်စရာမမြင်××





နိုင်ငံကျော်ကြီးပါရှင်×××
ပြိုင်စံပေါ်စရာမမြင်××
အလှူ့ရှင်မှန်း××အားလုံးသိကြပါတယ်ရှင်×××
အပိုင်နော်ကြိုလိုက်သခင်××
တိုင်ပေါ်××အလံစိုက်ချင်×××အဟင့်××ဟင့်××တိန်×××"

"တောက် . . ဖွီ . . စိသနာမ"

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

# တစ်ကျင်းထဲစု သေမြှုပ်ရမည့် မင်္ဂလာထမင်း

ကျွန်တော့်မှာ ခုမှ ရပ်ကျော်ရွာကျော် ဒုက္ခအကြီးအကျယ်ရောက်နေ၏။ ကိုဘိုကြီးတို့၊ ကိုခေါင်းရှည်တို့ ရွာထဲလှည့် မောင်းထုလိုက်သောအခါ ကျွန်တော် နာမည်ပိုကြီးသွားခဲ့သည်။

မနေ့တုန်းက လှေသိမ်းပြီးအပြန် ကိုကျည်းတန်တို့ထန်းရည်ဆိုင်ရှေ့အရောက်. .

"ဟေ့. . နေမင်းထိန်။ လာပါဦးကွ ငါ့လူကြီးရေ။ အဟဲ. ."

ခေါ်သံကြား၍ ကြည့်လိုက်တော့ ကာလသားခေါင်း ကိုကျောက်ပျဉ်နှင့် ချစ်စရာ၊ ကုလားပိန်ကြွက်ချေးတို့အုပ်စုရယ်. .။

ထန်းရည်အိုးများ၊ အမြည်းများနှင့် ရေချိန်ကိုက်နေကြ၏။

"ငါ့လူ မောင်ထိန်လည်း ခုတစ်လော ပိန်သွားသလိုပဲ။ အဟဲ. ."

"ပိန်မှာပေါ့ ကိုကြီးကျောက်ပျဉ်ရ။ အေ့. . ကန်တော်မင်္ဂလာတူးနေတာကိုးဗျ"

ချစ်စရာက လေချဉ်တစ်ချက်တက်လိုက်ရင်းက ကိုကျောက်ပျဉ်ကို သံတော်ဦးတင်လိုက်ရာ. .





"ဟေ. . ဒီလိုလားဟ. . ဟား. . ဟား. .။ ရေထွက်ကောင်း၊ ရေဝင်ကောင်းရဲ့လား မောင်ထိန်ရ"

သည်မှာပဲ ကုလားပိန်က ဝင်သောလိုက်၏။

"ရေထွက်၊ ရေဝင် ကောင်းမကောင်းတော့ မသိဘူး။ နေ့သားတော့ အပိန်ပိန်တလိန်လိန်နဲ့။ ဘုန်းကြီးငါးပါး ရေစက်ချ၊ ဆွမ်းကပ်ရကိန်းရှပ်ပေါ်နေပြီဗျ"

"ဟား. . ဟား. . ဟား. . ဟား. . ငါ့လူက တယ်လက်ကျမြန်တာကိုးကွ. . အေ့. . အေ့. .။ ဒီနေရာကျတော့ မောင်နေမင်းထိန်တို့က ကာလသားခေါင်းထက်တောင် လက်ရော၊ ခြေရော၊ ပါးစပ်ရော သွက်သကိုးဟ။ သုံပါဦး မောင်ထိန်ရ။ နည်းကောင်းလမ်းကောင်းလေး. . အေ့. . ဝေ့. ."

"ကိုကြီးကျောက်ပျဉ်. ."

"ဘာတုံးလဟ မောင်ထိန်လေးရ"

"ကိုကြီးကျောက်ပျဉ်တို့ ဘာတွေပြောနေတာလဲဗျ။ ကျုပ် ဘာမှကိုနားမလည်ဘူးဗျ"

ကျွန်တော်က ဝင်ထိုင်လိုက်ရင်းက မေးလိုက်သည်။

"ဟေ. . မင်းအကြောင်းပြောနေတာ မင်းနားမလည်ဘူး"

"အေးလေဗျာ. .။ ကျုပ်က ဘာဖြစ်နေလို့လဲ"

"ဟေ့ကောင်. . မင်း ရေတွင်းရေစက်ချပွဲ လုပ်နေတယ်ဆို"

"ဟာဗျာ. . ပေါက်တီးပေါက်ရှာရယ်။ ဘယ်က ရေတွင်းကို ရေစက်သွားချရမှာလဲဗျ။ ပြည်တော်သာကန်ကြီးကရေပဲ ကျုပ်တို့ သုံးနေကြတဲ့ဥစ္စာ"

သည်မှာပဲ ကိုကြီးကျောက်ပျဉ်က ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး ရယ်ကြ၏။

"တုံးလိုက်တဲ့ကောင်ကွာ. .။ ဖွီ. ."

"လုပ်ကွာ မောင်ထိန်. .။ ရော့. ."

ကျွန်တော် ချစ်စရာကမ်းပေးလာသည့်ထန်းရည်ကို မော့လိုက်ပြီး တံတွေးတစ်ချက်ထွေးလိုက်ကာ အမဲခြောက်တစ်ဖတ် ကောက်ဝါးလိုက်သည်။

"ဒါဆို မင်းကို ပြောင်ပဲမေးတော့မယ်။ ဖြေ. . ငါ့ဗူ"

"မေးဗျာ. . မေး. . မေး. ."

"မင်းနဲ့ ဟို. . အရှုံးမလေးချောစုနဲ့ ကြိုက်နေဆိုကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

"ဟုတ်..တယ်..လို့..ပြော..လိုက်..ပြောလိုက်"

ကုလားပိန်က အာလေးလျှာလေးနှင့် ပြောလိုက်စဉ် ကြွက်ချေး ဆိုသည့်ကောင်က..

"ဟုတ်..တယ်..လို့..မပြောချင်..ချင်..ရင်..မှန်..မှန်ပုံ ဘုရားလို့..ပြော..ပြော..အော့..အော့..အော့.."

"ဟား..ဟား..ဟား..ဟား.."

"ဗွီ..ဒီအရူးမကို ကျုပ်က ကြိုက်ရမှာလားဗျ"

"ဟား..ဟား..ဟား..ဟား..ကောင်မလေးကတော့ မင်းမှမင်း တန်းတန်းစွဲကိုဖြစ်နေတာ ကိုယ့်လူ။ ဟိုတစ်နေ့ကများ လေ့ဆိပ်မှာ အထုပ် ကြီးပိုက်ပြီး တောင်လျှောက်မြောက်လျှောက် လူးလာခတ်ဆန်လုပ်လို့.. ဒါနဲ့ ငါက ဟဲ့..ချောစု..နင် ဟိုဘက်ကမ်းကူးမလို့မဟုတ်လားလို့ မေးတော့ အင်း..တဲ့။ ဒါနဲ့ ငါ့လှေနဲ့လိုက်ခဲ့လေလို့ပြောရော မလိုက်ဘူးတဲ့ဗျ။ ဒါဖြင့် နင် ဘယ်သူ့လှေနဲ့လိုက်မှာလဲလို့ ပြန်မေးတော့ ဘာပြောမှတ်လို့လဲ။ ကျွန်ုပ် ယောက်ျားလှေနဲ့ပဲ လိုက်မယ်တဲ့။ ဒီတော့ ငါက ထပ်မေးတာပေါ့။ ဟဲ့..ချောစုရဲ့။ နင့်ယောက်ျားက ဘယ်သူလဲလို့ မေးရော"

"ဘယ်သူတဲ့တုံးဟ ချစ်စရာရဲ"

"နေမင်းထိန်တဲ့ဗျား.."

"ဝါး..ဟား..ဟား..ဟား..ပိုင်တယ်ကွာ"

"ကာယကံရှင်ကိုယ်တိုင်က ဖွင့်ပြောမှတော့ ငါတို့လည်း ယုံတာပေါ့ ထိန်ရာ"

"တော်စမ်းပါကွာ..အရူးမစကားများ။ ဗွီ.."

ဒီမှာပဲ ကာလသားခေါင်းကိုကျော်ပျဉ်ကြီးက..။

"တိတ်တိတ်ပုန်းတော့ မညားပါနဲ့ မောင်နေမင်းထိန်ရာ အိမ်နီး နားချင်းအနည်းငယ်တော့ ဆင်သားဟင်းနဲ့ ထောပတ်ထမင်းချက်ကျွေးပြီး အ..အ..သိ..ပေး..ပေး..ပါကွာ"

"ဟား..ဟား..ဟုတ်တယ် ထိန်။ မင်း ကျွေးကို ကျွေးရမယ် ကိုကြီးကျော်ပျဉ်ရေ.."

ကုလားပိန်ကား ထပ်ဆင့်သည့်နေရာမှာ နှစ်ယောက်မရှိ။





"အော့..အော့..ဘာများတုံး မောင်ကုလားပိန်လေးရဲ"

"ထောပတ်ထမင်းနဲ့ဆို အအီပြေအောင် ဟင်းချိုတော့ပါမှဗျ"

"လုပ်ပါဦး..ပညာရှိမောင်ပိန်ရာ။ ဘာဟင်းချို ကောင်းမလဲဟ.. အော့"

"လင်းတ (လဒ) ဆီပူးဟင်းချိုဗျ"

"ဟား..ဟား..ဟား..လင်းတဆီပူးဟင်းချို..ဟား..ဟား.. အမွှာဟိုတယ်ကြီးများအတိုင်းပေါ့"

"ဒါပေါ့ဗျ.."

"မြိန်လိုက်မယ့် ဖြစ်ခြင်းကွာ"

သည်မှာ မျက်မှေးကြွက်ချေးဆိုသည့်ကောင်က ဝင်လိုက်သေးရဲ့ ခင်ဗျ။

"လင်းတဆီပူးဟင်းချိုနဲ့ ဆင်သားဟင်းနဲ့ လိုက်မယ့်အသုပ်လေး သည် ထည့်ဦးမှပေါ့ဗျ ကိုကျော်ပျဉ်ရဲ"

"အလို..လုပ်ပါဦးဟ။ ငါ့လူကြွက်ချေးက ဘာအသုပ်များ ထည့် ချင်သေးလို့တုံး"

"တီကောင်ကို လက်တစ်ဆစ်လောက်တုံးပြီး ငွေးတောက်ရွက်နဲ့၊ ကြက်ဟင်းခါးသီးနဲ့၊ ကနဒိုနဲ့ ရောသုပ်တာလေး ထည့်ဦးမှပေါ့ဗျ"

"ဟား..ဟား..ဟား..မြိန်လိုက်တာကွာ..မြိန်လိုက်တာ။ အော့..ဟင်းပွဲတွေကို မျက်လုံးထဲမြင်ပြီး မြိန်လိုက်တာ။ သွားတွေကို ကျိန်း နေတာပဲ။ အေး..အော့..ချစ်စရာနဲ့ ပေိန်ရေ.."

"ဗျာ..ဗျ.."

"အမိန့်ရှိပါ ကာလသားခေါင်းမင်းခင်ဗျား.."

"မီးပြရှာသား..မောင်နေမင်းထိန်နဲ့ ရပ်မသိ၊ ရွာမသိ ချောစုဆို သည့် ကောင်မချောလေးတို့ရဲ့ မင်္ဂလာဦးဆွမ်းကျွေးထမင်းကို မင်းတို့ ငါတို့ မြိန်ရှက်ရှက်၊ အားရပါးရ နင်လားငါလား၊ ဆွေမေ့မျိုးမေ့.."

"ကိုကြီးကျော်ပျဉ်..တိုတိုလုပ်ပါဗျာ။ ပေရှည်လိုက်တာ"

"အဲ..အဲ..မင်းကလည်း လစ်တာနဲ့ ခွပ်ပြန်ပြီ..။ ဘာတဲ့..အား ပါးတရ၊ ပလုတ်ပလောင်း တီးပြီး၊ ဝါးပြီးရင်.."

"ဘာဆက်လုပ်မှာလဲ..ပြော.."



www.burmeseclassic.com

www.burmeseclassic.com

"ရွာလုံးကျွတ် ဘုန်းကြီးရှိသမျှ အားလုံးပင့်ပြီး တို့မသာ တို့တာသာ သရဏဂုံတင်ကြစို့ မောင်ရေ့.."

"ဟား..ဟား..ခေါင်းလိုဦးမလား ကိုကျောက်.."

"လုပ်မနေနဲ့။ တစ်ကျင်းထဲ စုမြှုပ်ပြီး ပျော်ပျော်ကြီးသေကြစို့"

"ဟား..ဟား..ဟား..ဟား.."

သင်းတို့နှင့် ဆက်နေပါက ကြာလျှင် ကျွန်တော်ရူးသွားနိုင်သည်။ ထို့ကြောင့် လက်ကျန်ခွက်ကို အမြန်မော့ချလိုက်ပြီး သူတို့ဝန်းကျင်မှ လစ်ခနဲ ပြေးထွက်လာခဲ့လိုက်သည်။

သည်မှာပဲ နောက်ကနေ ချစ်စရာအော်လိုက်တော့၏။

"ဟော့ကောင် ငထိန်..။ ခဲဖိုးမမေ့နဲ့.."

ကုလားပိန်ကလည်း ဆင့်လိုက်ပြန်သည်။

"ခဲဖိုးက..ခါတိုင်း ခဲဖိုး မဟုတ်ဘူးနော်။ ဂဝံအုတ်ခဲဖိုးဟေ့"

"ဟား..ဟား..ဟား..ဟား.."

"ဟား..ဟား..ဟား..ဟား.."

၁၃

# ခင်ချောစုရဲ့ အငွေ့တထောင်းထောင်းထမင်းထုပ်

တောက်..ဒီအရူးမကလည်း ကျွန်တော့်ဘဝမှာ တစ်မှောင့်ဖြစ်၏။

သင်း တော်တော့်ကို ဒုက္ခပေးလွန်းလှ၏။

ဘယ်ဘဝက ဆုတောင်းများကြောင့် ကျွန်တော်နှင့်မှ လာပြီး ရေစက်ဆုံရသလဲ မသိ။

ကြည့်လိုက်လျှင် ဖိုးရိုးဖားရား၊ ဖြူတ်စပြင်းတောင်း..။

ဟိုတစ်နေ့ကလည်း ကြည့်ဦး..။

တစ်ခေါင်းလုံး ပန်းမျိုးစုံပန်ထားလိုက်တာ ပန်းရုံကြီးအသွား။ အားမရသေးလို့ နားနှစ်ဖက်မှာ ရှာရှာဖွေဖွေ ခေါင်ရန်းပန်းပွင့်ကြီးနှစ်ပွင့် ပန်ကောင်း၊ ပန်ကောင်း ပန်ထားလိုက်သေး၏။

ထပ်ပြီး အားမရလို့လား မသိ..။

လည်ပင်းမှာ ကြောင်လျှာပွင့်များကို ကြိုးနှင့်သီပြီး ဆွဲကြိုးကြီးလုပ်၍ ဆွဲထားလိုက်သေး၏။

ထုံးစံအတိုင်း ထဘီက အောက်နားကွဲ..။ သွားလေရာပါသည့် အဝတ်ထုပ်ကြီးက တစ်ထုပ်နှင့်..။


www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းသည်နှင့် ရေဆိပ်ကို ရောက်နေ၏။ ဘယ်သူ့လှေမှ မစီး ကျွန်တော့်လှေကိုပဲ စီးသည်။

ပိုက်ဆံလည်း ပေးချင်သည့်အခါ စိတ်လိုလက်ရပေး၏။ ပိုက်ဆံ မရှိလျှင် ပန်းတစ်ပွင့်ပေး၏။

"ဒါက ဘာလဲ"

"လှေစီးခလေ တော်"

"လှေစီးတာ ပိုက်ဆံပေးစီးမှ ရမှာပေါ့ဟ။ ပန်းပေးလို့ရမလား"

"အိုတော်.. ရှင်ကလည်း.."

"ဘာရှင်ကလည်းလဲ။ ဈေးဦးဈေးဖျားကြီးကို..။ ဒီမှာတွေ့လား သူများတွေ ပိုက်ဆံပေးစီးတာ"

"အေးလေ.. ကလေးမကလည်း။ နင်က ပိုက်ဆံရှိပါတယ် အေ့ရဲ့ လှေကူးတို့ခတော့ ပေးစီးမှပေါ့။ တစ်နေ့လည်း မဟုတ်ဘူး။ နေ့တိုင်း ဥစ္စာကို.."

သည်မှာ နေရာတကာ စပ်စပ်စပ်စပ် ဝင်ပါလေ့ရှိသော ပန်းတော ရွာမှ အပျိုခေါင်းကြီးဒေါ်ခုနစ်သံချိုက အရှုမလေးကိုကြည့်၍ ထေ့လိုက်ရာ..

"ဒီမှာ.. ဒီမှာ.. အဒေါ်ကြီး.."

"ဘာလဲအေ့.."

"အဒေါ်ကြီးနဲ့ ဘာဆိုင်လဲ"

"ဟဲ့.. ဒါ.. ဟို.."

"အဒေါ်ကြီး ယောက်ျားလား.."

"ဟင်.."

"အို.."

"ဟာ.."

"ကျွန်မက ပိုက်ဆံမပေးပေမယ့် ပန်းပေးစီးတာတော့.."

"ပန်းက ပိုက်ဆံမဟုတ်ဘူး"

"လျှာမရှည်ပါနဲ့တော့။ ပန်းပေးမစီးလည်း ကျုပ် အသွားရော အပြန်ရော ကြိုက်သလို ဒီလှေကို စီးလို့ရတယ်"

"ညည်းနဲ့ ထိန်နဲ့ ဘာတော်လို့ ညည်းက အသွားရော အပြန်ရော အလကားစီးလို့ရမှာလဲ"





တော်တော့်ကိုလျှာရှည်သည့် နှစ်ယောက်ရယ်။ ဒီမှာပဲ အရှုမလေး က လျှာရှည်သူ အပျိုခေါင်းကြီးဒေါ်ခုနစ်သံချိုကို လှမ်းကြည့်ပြီး..

"တော်.. ခုထက်ထိ မသိသေးဘူး"

"အေး.. မသိလို့တဲ့တော်။ ပြောပါဦး သခင်မကြီးရယ်.. ပြောပါဦး"

"မှတ်ထား..။ အဲဒါ ကျွန်မယောက်ျားလေ.."

"ဟေ.."

"ဟင်.."

"ဟုတ်လား"

"ခစ်.. ခစ်.. ခစ်.. အဟစ်.."

"ဟဲ့.. ထိန်.. သူ.. သူက.. နင့်.. နင့်.. မိန်းမဆို..။ ဟုတ်လား.. ဟင်"

စပ်စုမကြီးကား မြားဦးကို ကျွန်တော့်ဘက်သို့ လှည့်လိုက်၏။ ကျွန် လှေစီးခရီးသည်များကား အချို့ အကြောင်းသိနေ၍ ရယ်လို့သာနေကြ၏။

"ဒေါ်ခုနစ်သံချို.. တိတ်တိတ်နေပါဗျာ။ ကျုပ်တောင်းပန်ပါတယ် ဗျာ"

"ဟဲ့.. ဆိုင်းသံမကြား၊ ဗုံသံမကြားမို့ မေးတာပေါ့ ထိန်ရဲ့"

ဒီမှာပဲ အရှုမက ပြုံးစစနှင့် ဝင်ပြောလိုက်ပြန်၏။

"ဟုတ်တယ်လို့ ပြောလိုက်လေ။ ယောက်ျားကလည်း.."

"ဟင်.. ဒီလို.."

"တောက်.."

"ဒါလေးများ.. သူက ရှက်နေသေး။ အဟိ.. ပြောလိုက်ပါလား။ တပို့တွဲလဆန်း (၁၄) ရက်နေ့က မင်္ဂလာဆောင်တာ။ တစ်ရွာလုံးကို ဝက်သား ဟင်း၊ ကုလားပဲဟင်း၊ ငါးမန်းတောင်ဟင်းချို၊ ပဲတီချဉ်သုပ်နဲ့ မင်္ဂလာထမင်း ကျွေးပြီး နဂါးဆေးလိပ်တောင် ကမ်းလိုက်သေးတယ်အဒေါ်ရဲ့လို့ ပြောလိုက်.. ပြောလိုက်..။ မျက်နှာကို ဟောဒီလိုမော့ပြီး ပြောလိုက်.. အဟတ်.. အဟတ်.."

"ချောစု.. နင် အခု လှေပေါ်က ခုန်ချလိုက်။ သေနာမ.."

ကျွန်တော် ရှက်လွန်းလှ၍ ကြိမ်းအော်လိုက်၏။

"အလိုလေး.. ခုန်ချနိုင်ပေါင်တော်။ ခုန်ချချင်း ခုန်ချရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ယောက်ျားနဲ့အတူ လက်ချင်းချိတ်ပြီး ရင်ချင်းအပ်ပြီး ပြိုင်တူခုန်ချလိုက်မှာပေါ့။ ဟုတ်ဘူးလား ယောက်ျားရယ်. . ဟင်လို့. . အဟိ. .''

''ဟင်း. . ဟင်း. .''

''ခစ်. ခစ်. . အဟစ်. .''

''နင်တို့က ဒီလိုအခြေတောင် ရောက်နေကြမှကိုး''

အပျိုခေါင်းကြီး ဒေါ်ခုနစ်သံချိုက အရှူးမချောစုနှင့် ကျွန်တော့်မျက်နှာကို တစ်လှည့်စီကြည့်ပြီး အူကြောင်ကြောင်နှင့် ကောက်ချက်ချ၍ ဝါးလုံးကွဲရယ်လေ၏။

''ဟား. . ဟား. . ဟား. . ဟား. .''

''ဟား. . ဟား. . ဟား. . ဟား. . လိုက်လည်းလိုက်ပါရဲ့တော်''

ဒေါ်ခုနစ်သံချို ရယ်သောအခါ ချောစုအရူးမကလည်း အားရပါးရ ဝင်၍ရယ်တော့သည်။

သူတို့နှစ်ဦး ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ရယ်ကြသောအခါ လှေပေါ်ပါ ခရီးသည်များကလည်း မည်သို့သဘောပေါက်သွားသည်မသိ။ ဝိုင်း၍ ရောရှ၍ ရယ်ကုန်ကြတော့၏။

ထိုနေ့က ကျွန်တော်အကြီးအကျယ်စိတ်ညစ်နေသလောက် လှေပေါ်ပါ ပါအုပ်စုကား သောင်းသောင်းဖျဖျကြီး ရယ်လိုက်ကြသည်မှာ လှေကိုလှုပ်နေတော့လေသည်။

''တောက်. .''

တော်တော်လေးကို လူကို မျက်နှာမပြရဲအောင် ဒုက္ခပေးသည့် အရူးမ. . ။

သူမ ကျွန်တော်ကူးတို့လှေကို နေ့စဉ်စီး၏။ အသွားရော၊ အပြန်ရော စီး၏။ အခြားမည်သူ့လှေကိုမှ မစီး။ ယုတ်စွအဆုံး ကျွန်တော့်လှေ မတွေ့သေးလျှင် ကျွန်တော့်လှေပြန်အဝင်ကို စောင့်ပြီး လှေဆိပ်မှာ သီချင်းများဆို၍ ကခုန်နေ၏။ ❁

အဆိုတော် အငြိမ့်မင်းသမီး လေဘာတီမမြရင်၏ သီချင်းများကို သူအတော်များများရ၏။ ၎င်းသီချင်းများကို လှေဆိပ်မှာ အော်ဆိုရင်း က,၏။ ဟိုကျောက်တန်းဘက် ကူးကြမည့် ခရီးသွားများသည် လှေစောင့်ရင်း သင်း၏အကကို ရှုစားကြ၏။





မျက်နှာပြောင် လှေသမားများက လက်ခုပ်လက်ဝါးတီး၍ မြှောက်ပေးသော် ချွေးထွက်အောင် က,၏။ လှူပင်ထွက်ပြီး လက်ပန်းကျ၏။

စိန်သောင်းတို့ မျက်နှာပြောင်လှေသမားများက ခရာညွှန့်များ ခူးပြီး ညိုမလေးကို အစ်ကိုကြီးတို့ လှေသမားများက ဂုဏ်ပြုပန်းစည်းဆက်တာပါဟု ရောဆူးအစည်းများ ပေး၏။

ကျွန်တော့်လှေဝင်လာတာကို ပြောသံကြားသည်နှင့် အကကို ချက်ချင်းရပ်ပစ်လိုက်၏။

''ဟော့. . ဆက်ကပါဦးဟ ချောစုရ''

''ဟင့်အင်း. . မကတော့ဘူး''

''ဘာဖြစ်လို့လဲဟ. . ။ ကောင်းနေမှများ. .''

''ဟိုမှာ ကျွန်မယောက်ျားလှေ ဝင်လာပြီတော့''

''ဟော. . ဘယ်သူတုံးဟ နင့်ယောက်ျားလှေက. .''

''ကိုထိန်လေ. . ကိုထိန်. . ကိုရှင်နေမင်းထိန်ပေါ့တော်. .''

''လုပ်လိုက်ဟ ချောစုရေ၊ ထိန်တို့သော့ ကော်ပြီဟေ့၊ လှေလိုက်ရင်းမိန်းမရပဟ. . ။ ဟား. . ဟား. . ဟား. . ဟား. .''

သင်းက အဲဒီလို မိန်းကလေး. . ။

သင်းကလေးသည် အရွယ်ငယ်ငယ်နှင့် စိတ်ကောင်းပုံမရမှန်း ရောက်စက ကျွန်တော်တို့ သိခဲ့ရ၏။ ကျွန်တော့်လှေကို စစ်ပြေးများဘဝနှင့် စီးပြီးကတည်းက သူ ကျွန်တော့်ကို အသေအချာမှတ်ထားခဲ့ပုံရ၏။

အဲဒီကစပြီး ကျွန်တော့်လှေမှလွဲ၍ မည်သူ့လှေမှ မစီး။

ပြောရလျှင် သူမကို သနားကြ၍ လှေသမားများက ချစ်ခင်ကြပါသည်။ မည်သူကမျှ သူမကိုမစော်ကားကြ။ ပြစ်တင်မောင်းမဲ မပြုကြ။ သူမ ကပြဖျော်ဖြေပြီးလျှင် စားစရာလေးများ ဝိုင်းကျွေးကြသည်။ အဲဒီကျတော့လည်း ကျွေးသမျှကို ပလုတ်ပလောင်းစားရှာ၏။

အချို့မိန်းမကြီးများအနက် စစ်ပြေးဒုက္ခသည်စခန်းမှ မိန်းမကြီးများက သူမလာရောက်ကပြဖျော်ဖြေပြီးလျှင် သနားလွန်းလို့ဆိုပြီး အကျႌအဟောင်း၊ ထဘီအဟောင်းလေးများ ပေးကြ၏။

ထမင်းဟင်းများ ကျွေးကြ၏။

တောင်းတော့ မတောင်း။ ပေးလျှင် ယူ၏။ ကျွေးလျှင် စား၏။



www.burmeseclassic.com

www.burmeseclassic.com



ပေးမည့်၊ ကျွေးမည့်သူ မရှိလျှင် ဘုန်းကြီးကျောင်းရှိရာသို့ သွားၓ၏။ ထိုအခါ ဘုန်းကြီးကျောင်းသားများ၊ ကပ္ပိယများက ဆွမ်းကျန်၊ ဟင်းကျန်များကို ထုတ်၍ပေး၏။ တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းမှာပဲ ဝင်စားသွား၏။ ဆိုရလျှင် သူမကို သနားကြသည်။ ချစ်ကြသည်။ စေတနာထားကြသည်။

တစ်နေ့ နံနက်. .

သူမ အလာနောက်ကျသွားခဲ့၏။ သူမ ဘယ်မှာအိပ်သည်ကို ကျွန်တော်တို့မသိ။ သူမပြေးလာချိန်၌ ကျွန်တော့်လှေ လှုပြည့်၍ ထွက်စပြုနေပြီ။

သည်မှာ သူမ အူလျားဖားလျားနှင့် အော်ဟစ်လက်ပြ၍ ပြေးလာနေ၏။

"ယောက်ျားရေ. . ကျွန်မလိုက်မယ်။ လှေပြန်ကပ်ပေးပါဦးတော့"

". . . . . ."

"ဟေး. . ယောက်ျား. . ကျွန်မကို မထားခဲ့ပါနဲ့။ လှေကပ်ပေးပါတော့. ."

သူမက ရေစပ်ကိုဆင်း၍ အော်သည်။ လှေပေါ်မှ ခရီးသည်များက သူမရဲ့အပြောနှင့်ဟန်ကို ကြည့်၍ ရယ်ကြသည်။

လှုပြည့်နေ၍ ကျွန်တော် လှေကို ပြန်ကပ်မပေးခဲ့။ ကျောက်တန်းမြို့ဘက်ကမ်းရှိရာသို့ မျက်နှာမူ၍ လှော်ခဲ့လိုက်သည်။

"ကိုနေမင်းထိန်. . ရှင်. . လှေပြန်မကပ်ဘူးလား"

"မကပ်ဘူးဟေ့ အရူးမရေ"

လှေပေါ်က လူတစ်ယောက်က အသံပြဲကြီးနှင့် လှမ်းအော်ပြောလိုက်၏။

"ဟဲ့. . သေချင်းဆိုးရဲ့၊ နင့်ကို မေးတာ မဟုတ်ဘူး။ ငါ့လင်ကို ငါမေးတာဟဲ့။ ကိုထိန်. . တော့်. . ကိုထိန်. ."

"ဟေ့လူ. . ကိုထိန်. . ခင်ဗျားမိန်းမ ခေါ်နေပြီဗျ။ ဟေ့လူ. ."

"သေသေဗျာ. .။ အလကား အရူးမ၊ ပြဿနာကိုရှာတယ်။ နေပစေ"

ကျွန်တော်က ကြာတော့ နာမည်ပျက်ချင်သလိုဖြစ်နေ၍ လုံးဝလှည့်မကြည့်ဘဲ လှေကို အားစိုက်၍ လှော်ပစ်လိုက်သည်။

"ကို. . ထိန်. . ရှင်. . ကျွန်မကို စိမ်းကားသွားပြီလားဟင်. . ဟင်. ."





အမလေး စာဖွဲ့၍ အသံကုန်ဟစ်နေ၏။

"ဟေ့. . ငထိန်. .။ နင်က အခြားမိန်းမတွေကျတော့ တင်ခေါ်သွားတယ်ပေါ့။ ကိုယ့်မယားကျတော့ သေချင်သေ၊ နေချင်နေ ပစ်ထားခဲ့တာပေါ့။ တွေ့မယ်. . တွေ့မယ်. .။ ညနေ အိမ်ပြန်ရောက်ရင် ရှင် ကျုပ်အကြောင်း ကောင်းကောင်းသိရမယ်ဟေ့"

ကမ်းစပ်၊ ရေစပ်မှာ ခွေ့ခွေ့ကိုခုန်လို့. .။ ကောင်းတယ်. . သိပ်ကောင်းတယ်။ ဂန်းတာမ၊ စပ်စလူးမ. .။ မဟုတ်ကဟုတ်က တွေ့ကရာ ချောက်သောင်းပြောပြီး လူကို မိန်းမ နောင်မရအောင်လုပ်တဲ့ အရူးမ။ ခုတော့. . သင်း. . ကမ်းစပ်မှာ ရင်ကွဲ အသည်းကြွေလို့. .။

🧨 🧨 🧨

တစ်ကြိမ်မှာပဲ ဖြစ်သည်။

နေ့စဉ်လိုလို သည့်စိတ်မနှံ့သူ အရူးမလေး ကျွန်တော့်လှေကို အသွားရော၊ အပြန်ပါ စီးပါများလာသောအခါ ကျွန်တော်နှင့်သူမ ခင်မင်လာခဲ့ကြ၏။ ဘာရယ်လို့ မဟုတ်။ တစ်ခါတစ်ခါ သူမ အချိန်တန်၍ ပေါ်မလာလျှင် ကျွန်တော့်စိတ်က မျှော်လင့်နေသလိုလို ရှိ၏။

ဘာဖြစ်လို့ ဒီနေ့ နောက်ကျပါလိမ့်. .။

သို့ကလို တွေးမိ၏. .။

တစ်ညနေ အပြန်မှာဖြစ်သည်။ ခရီးသည်စောင့်နေပါသော်လည်း အချိန်သာ လင့်သွားခဲ့သည်။ ခရီးသည်မရ. .။ လှေပေါ်မှာ အရူးမလေးနှင့် ကျွန်တော် နှစ်ယောက်တည်း။

သူမက လှေဦးမှာထိုင်ပြီး ကျိုက်မော်ဝန်းရေလယ်ဘုရားရှိရာကို မျက်နှာမူ၍ သီချင်းညည်းနေ၏။

သူ့နံဘေးမှာလည်း မြို့ထဲက ပေးလိုက်ကမ်းလိုက်ရလာသည့် အစားအစာများ ပုံလို့။ ကွမ်းတစ်ရာညက်ခန့်ကြာအောင် လှုစောင့်သော်လည်း လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



စီးလှမလာ၍ နောက်ဆုံး သူနှင့်ကျွန်တော် လှေနှင့် မှော်ဝန်းချောင်း
ကူးလာခဲ့လိုက်ကြသည်။

သူမက လှေဦးမှာထိုင်၍ သီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါ
လိုက်ပါလာသည်။

"တောရွာသူတို့××အိမ်ဝယ်××မြိန်ဖွယ်ပ××ထမင်း××× မိုး
ရေတ်သီးတောင်းနဲ့××ကိုဘိုကေရယ်××ဒေါင်းလန်းကြီးရဲ့အလယ်××ညီညွ
ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်××လက်ရည်တစ်ပြင်တည်း×× ရေး
ထက် ပိုမိုချစ်ကြတယ်×××"

အင်း. . ရုပ်ကလေးက သနားကမားရှိသလို အသံကလည်း ကော
ရှာပါပေ၏။

ကျွန်တော် ကူးတို့လှေကိုလှော်ရင်း သူမရဲ့သီချင်းသံမှာ အာ
မျှောနေမိ၏။

"မိုးတိမ်ယံ××အာကာဝယ်××လယ်ယာပြင်လမ်းမှာလ×× ထန်း
လန်းလက်×ထန်းရွက်တွေက××အသွယ်သွယ်ပါ××မောင်ရေ×××

မိုးတိမ်ယံ××အာကာဝယ်××လယ်ယာပြင်လမ်းမှာလ××ထန်း
ထန်းလက်×ထန်းရွက်တွေက××အသွယ်သွယ်ပါ××မောင်ရေ×××

မြရင်တို့ရွာ××ရိုးရာဇာတိနွယ်×××ဩော်××လမ်းစဉ်××လ
ဆက်××လမ်းမျက်စိတောင်မှ××လည်ပါတယ်ကွယ်×××ပျို့ရဲ့××ညို့နွဲ့××
လှည့်ပါဆံကေသွယ်××ညီညွတ်ရေးနဲ့××အသက်ရှည်ရှည်××ခင်ခင်မင်
××လက်ရေတစ်ပြင်တည်း××ရှေးကထက်×ပိုမိုချစ်ကြတယ်×××"

သူမသည် သီးချင်ကို ဟန်နှင့်ပန်နှင့် လှုပ်ရှား၍ စိတ်ပါလ
သီဆိုနေ၏။ ကျွန်တော့်ကိုပင် ပါမှန်း၊ ရှိမှန်း မသိသလို. .။ တစ်
ဂရုမစိုက်သလို၊ ဟန်ပန်နှင့် ထိုင်လျက်ကနေ လှုပ်ရှားလိုက်တိုင်း မို့မော
သော သူမရဲ့ရင်အစုံသည် နိမ့်ချည်၊ မြင့်ချည် ရှိနေ၏။

တစ်ချက်တစ်ချက် ချောင်းရေကို လက်နှင့်ကုန်းခပ်၍ ပက်
လိုက်သောအခါ မှိုင်းအိညက်သည့် တင်သားစိုင်များက ကျွန်တော့်ရင်နှ
ညို့ငင်ဖမ်းစားလိုက်သလိုရှိပြီး အသက်ရှူပင် မှားချင်သလို ဖြစ်သွားခဲ့
"ချောင်းပေါ်မှာ××ဖြတ်လာပါတဲ့×× ပဒတ်ကလေး နီကျင်
ရယ်××နွယ်ကြိုးမျှင်နဲ့သွယ်×××ဩော်××ငယ်မှုမဖျောက်နိုင်ဘူး××ပျော်





ယ်×× လွှမ်းပါဘိတယ်××ပျို့ဇာတိနွယ်×××နှစ်တိုင်းဆက်တွန်×× ကြက်သွန်
ခဲ့အလယ်××ညီညွတ်ရေးနဲ့××အသက်ရှည့်ရှည်××ခင်ခင်မင်မင်×××
က်ရေတစ်ပြင်တည်း×××ရှေးကထက်××ပိုမို××ချစ်ကြ××တယ်×××"

"ဟဲ့. . ကောင်မလေး"

သူမသီချင်းဆုံးတော့ လှေပေါ်ကနေ ရေခပ်ကစားနေစဉ် ကျွန်တော်
လှမ်းခေါ်လိုက်သည်။

"ဟေ. . ဟေ့. ."

"ဘယ်သူ့ကို ခေါ်နေတာလဲ၊ နားကို ညည်းနေတာပဲ"

"ဟ. . ဘယ်သူ့ကို ခေါ်ရမှာလဲ၊ လှေပေါ်မှာ နင်နဲ့ငါ နှစ်ယောက်
ည်းရှိ ဥစ္စာ။ နင့်ကို ခေါ်နေတာပေါ့"

"ဘာလဲ. . ရိုးတီးရားတား မလုပ်နဲ့နော်၊ ဒီမှာတွေ့လား. . ဟာ. ."

"အမလေး. ."

သူမက မျက်နှာထားတင်းတင်းနှင့် ပြောရင်းကနေ ပေါင်ကို
ချတ်ခနဲဆွဲလှန်ရင်း ခါးကြားကဓားမြှောင်ကို လှစ်ခနဲဆွဲထုတ်၍ ကျွန်တော်
မြင်သာအောင် ထောင်ပြလိုက်လေရဲ့။ ဘုရား. . ဘုရား. . မလွယ်ပါလား။
ကြည့်စမ်း. .။ ရှူးသာရှူးတယ်. . ဓားမြှောင်နဲ့ခင်ဗျ။

"နင့်ကို ငါ ဘာမှမလုပ်ပါဘူးဟ။ မေးစရာရှိလို့ပါ"

"ဘာမေးမလို့လဲ၊ ပေါက်ကရ မမေးနဲ့နော်။ တစ်ဆုံးဝင်သွားမယ်. .
င်း. ."

"အေးပါဟာ. .။ နင့်ဓားမြှောင်ကြီးကို ပြန်ဝှက်ထားလိုက်စမ်း
ပါဟ"

"ကျုပ်အကြောင်း သိတယ်နော်"

"အေးပါ. . သိပါတယ်. .။ ပြန်ဝှက်ထားလိုက်ပါ ညီမရာ"

ကျွန်တော်က အသံကိုငြိမ်အောင်ပြုရင်း 'ညီမရာ' ဟု ပြောလိုက်
တော့မှ အကျီအောက်စကိုလှန်၍ ဓားမြှောင်ကို ထိုးသွင်းလိုက်၏။

ဝင်းဥနေသော ဗိုက်သားဝင်းဝင်းလေးက လှစ်ခနဲ။

အရှိန်းမှဲ့လား မသိ. .။ ကြက်သီးများ ဖျန်းခနဲ စိမ့်သွားခဲ့၏။

"ဒီမှာ. ."

"ဘာလဲ. . ဘာလဲ. .။ စိတ်ကူးကို ဖျက်ပါတော့။ တကာ့ည်း"



www.burmeseclassic.com

www.burmeseclassic.com

"နင့်နာမည်အရင်းက ဘယ်သူလဲဟ"

"သိဘူး"

"အကောင်းမေးတာပါဟာ..။ ဘယ်သူလဲဟင်"

"မသိဘူး..ဆို"

"ဩော်..မသိဘူး..ဟုတ်လား။ 'မသိဘူး' က နာမည်အရင်းလားဟင်"

"ရှင်က လူကို အရူးမှတ်လို့ လှောင်နေ၊ ပြောင်နေတာလား။ ဟုတ်လား"

ဘုရားရေ..။ အရူးတ တစ်မူးသာနေ၏။

"နင့်မိဘတွေ ရှိသေးလားဟင်"

"သိဘူး.."

"နင်..ဘယ်အရပ်သူလဲဟ"

"သိဘူး.."

"ညီအစ်ကိုမောင်နှမတွေရော ရှိသေးလားဟင်"

"သိဘူး.."

"အသက်ကရော.."

"သိဘူး.."

"ဟ..နင့်ဟာက ဘာမှ သိတာကို မရှိပါလား။ ဒါဆို ငါတို့က နင့်နာမည်ကို ဘယ်လိုခေါ်ရမှာလဲလို့"

"ခေါ်ချင်သလို ခေါ်ပေါ့တော်။ စုဖုရားကြီးလို့ခေါ်လည်း ရတာပဲ။ စုဖုရားလတ်လို့ ခေါ်ချင်လည်း ရတာပဲ။ ဒါမှမဟုတ် ရွှေအိမ်စည်လို့ ခေါ်ချင်ခေါ်..။ ရတာပဲ..။ ပိုက်ဆံပေးရတာမှတ်လို့"

ဒုက္ခ..။ ဘယ်လို မိန်းကလေးမျိုးပါလိမ့်၊ သူ့အမည်လည်း သူမသိ။ မိဘ၊ ညီအစ်ကိုမောင်နှမလည်း မသိ။ နေရပ်လိပ်စာလည်း မမှတ်မိ၊ ပြောချင်ရာပဲ စွတ်ပြောနေ၏။

"နင့်မှာ ယောက်ျားရော ရှိလား"

"ရှိတယ်တော့..။ အဟီး.,"

အံမာ..သေနာကျမ,လေး..။ ယောက်ျားရှိသလားမေးတော့ 'အဟီး' တဲ့။ မျက်နှာကို ရွှင်လို့..။ သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ဖြီးလို့..။





"လုပ်ပါဦးဟ။ နင့်ယောက်ျားနာမည်က ဘယ်လိုခေါ်သတုံးဟ"

"ရှက်စရာကြီးတော်..။ ခစ်.."

"ရှက်မနေပါနဲ့ဟာ..။ နာမည်လေး ပြောရတာများ။ ဘယ်သူ တုံး.."

"ကျွန်မယောက်ျားနာမည်က အရမ်းကို လှတာတော့"

"ဟုတ်လား..။ ဘယ်လိုခေါ်သတဲ့တုံးဗျာ.."

"နေ..မင်း..ထိန်..တဲ့.."

"သေဟ..ငထိန်ရဲ့၊ သေဟ..သေဟ.."

"ခစ်..ခစ်..ခစ်..အဟစ်..ခစ်.."

မေးလိုက်မှ ကိုယ်ကျိုးနည်းတော့သည်။ လှေပေါ်မှာ နှစ်ယောက် ည်းရှိနေကြပေမင့် ကျွန်တော့်မှာ မျက်နှာပူလွန်း၍ လှေကိုပဲ ဖိဖိလှော် ်လိုက်သည်။ သူကတော့ တစ်ခစ်ခစ်ရယ်ရင်း ရေများကိုခပ်၍ ကျွန် တော့်မျက်နှာရှိရာသို့ ပက်ပြီး လှောင်ပြောင်ကစားနေလိုက်သေး၏။

ရှေ့ဆက်လည်း မမေးရဲတော့။ တော်ကြာ..လှေပေါ်မှာ ကိုယ့်လာ တ်လျှင် လှေမှောက်ပြီး နှစ်ယောက်စလုံး ကိစ္စချောသွားမည်။

ဒါမှမဟုတ် သူ့မှားစာမိ၍ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်ရ ည်။ သင်းကလေးကား အကြောက်အလန့်လည်း မရှိ။ နေ့စဉ် ဟိုဘက်ကမ်း ို ကူးသည်။ မြို့တကာ၊ ရပ်တကာ တစ်နေကုန် လျှောက်သွားနေသည်။

မတော် ဂျပန်ငပုများနှင့် ပက်ပင်းတိုးလျှင် ကိုယ်ကျိုးနည်းချိမ့်မည်။ ာတွေလျှောက်လုပ်နေမှန်း မသိ။ မေးလည်း မပြော။

ဒီဘက်ကိုရောက်တော့လည်း ဘယ်နေရာမှာ အတည့်တကျ အိပ် ်း မသိရ။ ခွေလည်း မရှိ၊ မျိုးလည်း မရှိ၊ တစ်ကောင်ကြွက်မှ တကယ့်ကို စ်ကောင်ကြွက်..။

မကြာခဏဆိုသလို (အမှန်ကတော့ နေ့စဉ်နီးပါးပါခင်ဗျား) ကျွန် တော့်ကူးတို့လှေ စီးပါများတော့ ကျွန်တော်နှင့် အရူးမလေးကို ဝိုင်းစကြ နောက်ကြသည်။

ထိုသတ္တဝါမကလည်း နင့်ရည်းစား ဘယ်သူလဲဟု ကူးတို့လှေသမား ားက ဝိုင်း၍၊ နောက်ပြောင်မေးလျှင် 'နေမင်းထိန်' ဟုချည်း ဖြေနေ၏။

နင့်ယောက်ျားကရော ဘယ်သူလဲဟု ထပ်ကွန့်လျှင်..



www.burmeseclassic.com

www.burmeseclassic.com



"ကိုထိန်လေတော်. . ထိန်ထိန်. . ထိန်ထိန်. ."

"ထိန်ထိန်က ဘာလုပ်တုံးဟ ကောင်မလေးရ. ."

"အရင်တုန်းကတော့ နန်းရင်းဝန်ပေါ့တော်"

"ဟေ. . နန်းရင်းဝန်. ."

"အင်း. . တော့်. ."

"ဘယ်ဇာတ်က နန်းရင်းဝန်လဲဟ ချာတိတ်မ. . ရ"

"အင်္ဂလန် နန်းရင်းဝန်ပေါ့တော်။ ချာချီက သူ့နောက်မှ နန်းရင်းဝန်ဖြစ် ဥစ္စာတော်. ."

"ဒါဆို ညည်းယောက်ျားရာထူးက ဘယ်သေးမှာလဲ. ."

"အကြီးကြီးတော့်. .။ အဟိ. . ခစ်. ."

"လက်ရှိ လုပ်ငန်းရာထူးကရော"

"အခုတော့. . ကူးတို့လှေ လိုက်နေသတော်"

"ကောင်းဟ. . ထိန်ရေ. ."

"ဟား. . ဟား. . ဟား. . ဟား. ."

"အဲဒါ. . မဝလို့ မလုံလောက်လို့ ကျုပ်က ရှာဖွေကျွေးနေရသပေါ့တော်"

"ဩော်. . အဲဒီလိုလား။ ကျွတ်. . ကျွတ်. . ကျွတ်. . ဆိုးတဲ့ကောင်ပဲ။ နင့်အပေါ်ရော ကောင်းကောင်းမွန်မွန်ဆက်ဆံရဲ့လား နှမရယ်"

"ညဘက်ဆို တစ်ညလုံး ကောင်းကောင်းမအိပ်ရပါဘူးတော်. . ဟင်း. ."

"ဟ. . ဒီလောက်တောင်ပဲလားဟ။ ဘာတွေ လုပ်လို့တုံးဟ"

"ကြမ်းပိုးနဲ့ သန်းကြီးမ ကိုက်လို့တော့်"

"သေဟ. .။ သောက်ကန်းမလေး. ."

"ဟား. . ဟား. . ဟား. . ဟား. ."

"အဖာစ်. . ဟစ်. . ဟစ်. . ဟား. . ဟား. . ဟား. ."

"အရှုံးက မင်းတို့ ငါတို့ထက် တစ်မူးသာသဟ ချစ်စရာ"

"ကြာရင် ကျုပ်တို့ပါ ရှုံးသွားနိုင်တယ် ကိုသောင်းညွန့်ရေ"

အဲဒီမှာ ကူးတို့လှေသမားကြီး ဦးဖိုးကျောက်က ဝင်မေးရာ. .

"အခုရော ညည်းက ဘယ်သွားမှာတုံး"

စိတ်ကူးသစ်စာပေ



"ယောက်ျားစားဖို့ ထမင်းသွားပို့မလို့"

"တယ်ဟုတ်ပါလားဟ. .။ ထိန့်တို့များ ကြီးပွားခန့်ညားနေ လိုက်တာဟာ။ နေပါဦး တူမရဲ့။ ညည်းယောက်ျားအတွက် ဘာဟင်းတွေများ စီစဉ်လာလဲကွယ့်"

"ဟင်းက သိပ်မကောင်းပါဘူးတော်။ သူက စားချင်လွန်းလှရဲ့ဆိုလို့ ဟင်းကို စပယ်ရှယ်စီစဉ်လိုက်ရတာ။ လွှတ်ပင်ပန်းပေါ့တော်"

"အေးလေ. . ခမျာ. . တစ်နေကုန် လှေလှော်ရဆိုတော့ ပင်ပန်းတာကိုး တူမကြီးရဲ့။ ငါတို့တောင် သွားရည်ယိုချင်နေပြီဟ။ ဘာဟင်းပါလိမ့်. ."

"စားချင်လည်း နည်းနည်းတော့ ယူစားကြပေါ့တော်"

"အေးပေါ့. . အေးပေါ့. . ငါ့တူမကြီးကပါ ကြည်ဖြူရင် နည်းနည်း မြည်းကြည့်ပါ့မယ်။ ဘာဟင်းလဲ. . ပြော. . ဟ"

"ဟင်းက ခွေးချေးနဲ့သပေါ့ဖျာကို ပြာချပြီး နုပ်ချေးနဲ့ ဆီကျန်ရေကျန်လေး ချက်ထားတာ တော်ရေ. .။ ခစ်. . ခစ်. . ခစ်. ."

"ဟင်. ."

"အေ့. . ဝေါ့. ."

"ဝေါ့. . သေနာမလေး။ ရွံစရာကောင်းလိုက်တာဗျ. . ဝေါ့"

ဦးဖိုးကျောက် မြည်းချင်တဲ့လူကြီး ဟင်းလည်းကြားရရော အန်ပါလေရော။

ဝော်ကြီးကျတဲ့လူကြီး. .။ မြည်းလေ. . မြည်း. .။

"ဟား. . ဟား. . ဟား. . ကောင်းလိုက်တဲ့ဟင်း။ ဟိုတယ်ချက်လေးဗျ ဦးကျောက်ရ. ."

"ခစ်. . ခစ်. . ခစ်. .။ အကုန်မစားနဲ့နော်. .။ ယောက်ျားဖို့ ချန်ထားဦး. . ခစ်. . ခစ်. .။ ကဲ. . ကျုပ် သိကြားမင်းဦးမာဃနဲ့ ချိန်းထားလို့. .။ ကျုပ်ယောက်ျား ကိုထိန်လာရင် ဒီထမင်းထုပ်လေး ပေးဖြစ်အောင် ပေးလိုက်ပါ ကူးတို့လှေသူကြီးရယ်. . နော်. .။ သွားပြီတော့။ အီကျစ်နဲ့××အင်္ဂလန်×× နိုင်ငံခြားကို××မောင်သွားထားပါလား×× သူတစ်ပါး မကြည့်စေချင်×××"

အရူးမလေးကား သူပြောချင်ရာ စွတ်ပြောပြီးနောက် အင်ဖက်နှင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို အပ်ခဲ့ကာ သီချင်းအော်ဆိုပြီး ပန်းဘဲတာ ရွာဘက်သို့ ခုန်ပေါက်ကာ၍ ပြေးသွားတော့၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်အုပ်ကလည်း သူမနောက်မှ အပြေးလိုက်ရကား ဖု
တထောင်းထောင်းနှင့် နွားတစ်အုပ်ပြေးသကဲ့သို့တည်း။

"သင်းကလေး ထေိန်ကိုတော့ မှတ်မှတ်ရရ ခင်ရှာသားနော်
ဘကျောက်"

"အင်း . . ဟုတ်ပါ့ကွာ။ တကယ်များ ညားကြမလားမသိဘူး"

"ဟိုကောင်ကရော ယူမလားဗျာ အရှုံးမကို"

ချစ်စရာက ဝေဖန်လိုက်၏။

"ဟ. . အရှုံးမပေမင့် တို့ရွာသူတွေထက် အများကြီး၊ အပုံကြီးချော
တာကွ"

"နာမည်လည်း မေးလို့မရဘူးကွ ကိုသောင်းယဉ်ရ"

"ဒီလိုလုပ်ကြစို့ကွာ. . ချစ်စရာတို့ ဘကျောက်တို့ရာ"

"ဘယ်လိုလုပ်ချင်တာလဲ။ မတော်တရော်တော့ မလုပ်နဲ့နော်"

"ဟာ. . ဘကျောက်ကလည်း။ ဒီကောင်မလေးကို သနားလို့ ပါဗျာ
ကျုပ်တို့ ခင်ဗျားတို့ ကူးတို့လှေသမားတွေနဲ့လည်း အဖွဲ့ကျနေပြီ ဥဗ္ဗာ
ကျုပ်တို့ နာမည်လေးတစ်ခု ဝိုင်းပေးကြရအောင်ဗျာ"

"ဟုတ်တယ်. .။ ကိုသောင်းယဉ်ပြောတာ မှန်တယ်ဗျ။ အရှုံး
အရှုံးမနဲ့ ခေါ်ရတာ မကောင်းဘူးဗျ။ လုပ်ပါ ကိုသောင်းယဉ်။ နာမည်
ကောင်းကောင်းလေး ရွေးပါဗျာ။ လုပ်ပါ. ."

ချစ်စရာတို့၊ ဖြိုးစိန်တို့၊ မောင်ကျိုင်းတို့ ကူးတို့လှေသမားများ
ကပါ ဝိုင်းဝန်းထောက်ခံကြ၍ ကိုသောင်းယဉ် မှတ်ဆိတ်မွေးကိုဆွဲရင်း ဘယ်
လိုနာမည်ပေးရရင် ကောင်းမည်လဲဟု စဉ်းစားနေ၏။

"သူ. . ဘာနေ့သမီးလဲဗျ"

"အင်္ဂါဟူး. . တဲ့"

"နင့်အမေ အင်္ဂါဟူးလားကွ။ အင်္ဂါဆိုအင်္ဂါ၊ ဗုဒ္ဓဟူးဆို ဗုဒ္ဓဟူး
လုပ်မှပေါ့"

ချစ်စရာ ဝင်ဖောက်၍ နာမည်ကင်ပွန်းတပ်မည့် ကိုသောင်းယဉ်
နှာတိုသွားပြီး ထဆဲ၏။

"ဒီမှာ မင်္ဂလာသောင်းရဲ့. .။ ဘယ်အရပ်သူမှန်းလည်းမသိ
အသက်ဘယ်လောက်ရှိမှန်းလည်းမသိတဲ့ မိန်းမကို ဘာနေ့သမီးလဲ မေးမနေ





ပ်လည်း ရမ်းဖြီးရတာပေါ့ ဆရာသောင်းရယ်။ တကတည်း ဒေါနချည်းပဲ။
သေးပန်းမပါဘူး"

"အေးဟ. .။ ဒါလည်း ဟုတ်တာပဲ"

"ဒါဆို ဂွက်ထော်လို့ ပေးရင်ရောကွာ. ."

သည်မှာ မောင်ကျိုင်းက ဝင်ကန့်ကွက်လိုက်၏။

"ဒီနာမည်က မောင်ဥက္ကာမိန်းမနာမည်ကြီး။ မလုပ်ပါနဲ့ဗျ. .။ ဒို့ပြင်
လေးရွေးပါ မင်္ဂလာသောင်းရာ"

"နန်းဆန်ဆန်လေး ပေးရအောင်ကွာ. .။ ခင်မကြီး ဆိုရင်ရော

"ခင်ဗျားသမီးမွေးမှ အဲဒီနာမည်ကြီး ပေးပါဗျ။ တုံးလိုက်တဲ့ နာမည်
ဗျာ။ ဖွီ. ."

"ဒါဆိုရင် က၊ သစ်၊ ပင်၊ အောက်၊ တဲ၊ ယာ၊ ဆောက် အမည်
နည်းအရရော၊ ကြက်၊ သွန်၊ ဖြူ၊ ဥ၊ တစ်၊ လုံး အမည်ပေး အရရော
ိုက်အောင်. ."

"ဒီမှာကိုသောင်းယဉ်. .။ ခင်ဗျား ကြီးကြီးကျယ်ကျယ် ဖင်ခေါင်း
ယ်မနေနဲ့။ ဒီကောင်မလေး မချောဘူးလား။ အားလုံးပြော. ."

ချစ်စရာက ကိန်းကြီးခန်းကြီးလုပ်နေသော ကိုသောင်းယဉ်ကို
ိစပါးမွေးစူး၍ ထရပ်ပြီး အော်မေးလိုက်သည်။

"ချောတယ်"

"ချောတယ်ဟေ့"

"သောက်ရမ်းကို ချောတာကွ"

"မျက်တောင်လေးကို ကော့နေတာများ စင်ရော်တောင်ဗျ"

"နှာတံလေးလည်း စင်းနေတာပဲ"

"ပေါင်တံကလည်း. . အဟီး. . ဟီး. ."

"အံမာ. . ဟိုဟာကရော. . အဟိ. ."

"ဘာတုံး. ."

"ခြေသလုံးလေ. .။ အဟစ်. ."

"ဟော့ကောင်တွေ. . မရောဂါထမနေနဲ့။ ခင်မင်စရာကောင်းတဲ့ အချော
တွေ စုနေလို့ 'ခင်ချောစု' လို့ အမည်ပေးမယ်။ ကြိုက်လား"



www.burmeseclassic.com

www.burmeseclassic.com

"ကြိုက်တယ်"

"ကောင်းတယ်ဟေ့"

"အရမ်းခန့်ညားပါပေ့ မောင်ချစ်စရာရာ"

"ခင်ချောစု. . ခင်ချောစု. . ဘဲမဂွတ်ပဲကွ။ အဲဒါကို အတည်ပြုပါ ဗျို့"

"အားလုံး မှတ်ထားကြပါ။ လူကြီးလူကောင်း ကူးတို့လှေသမား အပေါင်းတို့ခင်ဗျား။ ဒီနေ့ကစပြီး သူ့ကို အရှုးမလို့ မခေါ်ရ။ မဟာပညာ ကျော် ကူးတို့လှေသမားများ၏ ပညတ်ချက်အရ သူမကို ဒီနေ့ဒီအချိန်က စလို့ 'ခင်ချောစု' လို့ အားလုံးခေါ်ကြစေသတည်း။

"ဖြောင်း. . ဖြောင်း. . ဖြောင်း. ."

"ရှီ. . ရှီ. . ရှီ. ."

"အုံးဂွမ်. . အုံးဂွမ်. . အုံးဂွမ်. ."

ထိုနေ့ထိုအချိန်ကစလို့ အရှုးမလေးအမည်ကို 'ခင်ချောစု'ဟု အားလုံးက ချစ်စနိုးဝိုင်းခေါ်ကြရာမှ ခင်ချောစုအမည်သည် တရားဝင်အမည်ဖြစ် လို့သွားခဲ့သည်။

"ဘကျော်. ."

"ဝေ. ."

"ချောစု ဝတ်ဖို့အတွက်ပေးခဲ့တဲ့ ထမင်းထုပ်ကို ဘကျော်ပေး မှာလား"

"မင်းပဲပေးလိုက်ပါ ချစ်စရာရာ။ ငါနဲ့က ဆိုရင် ကောင်းပါရဲ့ လွဲနေရင် အခက်"

"ဒါဆိုရင် ကျုပ်ပဲ စောင့်ပေးလိုက်မယ်။ အရှုး. . အဲ. . ခင် ချောစုက ဝတ်ဖို့ကို ဘာဟင်းနဲ့များ ထည့်ပေးလိုက်လဲ မသိဘူးဗျ"

"သိချင်ရင် ဖွင့်ကြည့်လိုက်ပေါ့ကွာ ချစ်စရာ"

ကိုသောင်းယဉ်က လှမ်းပြောလိုက်သဖြင့် စပ်စပ်စုစုဝါသနာပါသော ချစ်စရာက အင်ဖက်နှင့်ထုပ်ပြီးပေးခဲ့သည့် အထုပ်ကို အများရှေ့မှာ ဖြေကြည့် လိုက်သောအခါ. .

"ဟာ. ."

"ဟယ်. ."

စိတ်ကူးသစ်စာပေ



"အော့. . အော့. ."

"ဝေါ့. .။ တော်တော်ကိုနောက်တဲ့ ကောင်မလေးကွာ။ ဖွီ. ."

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အားလုံး အော့အန်မလိုဖြစ်ကုန် ကြ၏။ မောင်ထိန်အတွက် ထမင်းထုပ်ဟု ခင်ချောစု (အရှုးမလေး) ပေးခဲ့သည့် အင်ဖက်ထုပ်ကြီးကို ဖြေလိုက်သောအခါ အထဲမှာ အားလုံး တွေ့ကြရသည် ကား. .

အငွေ့တထောင်းထောင်းထနေသည့်. .

ကျွဲချေးပုံပျော့ပျော့ပြဲပြဲ ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၁၄
## အချစ်ဓါးပထမစာမျက်နှာ ပွင့်ဆိုရှင်းလင်းချက်

တစ်နေ့သောအခါ ထူးဆန်းသောသတင်းစကားတစ်ခုကို ကျွန်[illegible] တို့ မမျှော်လင့်ဘဲ ကြားလိုက်ရတော့၏။

ကြားရသည့်သတင်းကား တံငါလေ့အုပ်စုမှ ဖြစ်၏။ ပင်လ[illegible] ငါးဖမ်းပြန်လာကြသည့် တံငါလေ့များသည် တစ်နေ့သောအခါ အ[illegible] ခင်ချောစုကို ပင်လယ်ကမ်းစပ်နှင့်မလှမ်းမကမ်း ကုန်းရိုးပေါ်မှာနေ[illegible] ဒေါ်နန်းအိမ်ကြီး့တဲအိမ်ရှေ့တွင် အဘွားကြီးနှင့် အတူရပ်လျက် [illegible] ရသည်ဆိုသည့် ထူးဆန်းသောသတင်းပဲဖြစ်သည်။

သည့်သတင်းကို ကျွန်တော်တို့အားလုံး ကြားကြရသောအခါ [illegible] ချောစုအတွက် စိုးရိမ်ထိတ်လန့်သွားကြ၏။

သည် ထူးဆန်းသောမိန်းမအိုကြီး၊ နှာခေါင်းမရှိသော အဘွား[illegible] ကို နေ့ခင်းကြောင်တောင်မှာပင် ကျွန်တော်တို့ယောက်ျားသားများ ရဲရဲ [illegible] ချင်းဆိုင် မကြည့်ရဲ၊ ပြောရလျှင် အဘွားကြီးမျက်လုံးနှစ်လုံးက တစ်ဖက်[illegible] တစ်ဖက်သေး ဖြစ်နေသည်ကို သေသေချာချာကြည့်လျှင် တွေ့နိုင်[illegible]

အချို့ ပြောတော့ ဒီအဘွားကြီးမှာ နှာခေါင်းမပါသည်သာ[illegible] နားရွက်လည်း တစ်ဖက်မရှိဟု ကြားရသောအခါ ဘယ်လိုမွေးဖွားလာ[illegible] အဘွားကြီးလဲဟု အမျိုးမျိုးသုံးသပ်ကြ၏။

---

စိတ်ကူးသစ်စာပေ



မကြာခဏ မီးပြ၊ ပန်းတော၊ အစဲ၊ မင်းကလွန်း စသည့်ရွာများ[illegible]သို့ လျှောက်သွား၏။

မရမ်းဘော၊ သာယာအေး၊ ပုဏ္ဏလုပ်၊ စစ်တန်း၊ ရှမ်းချောင်း သည့်ရွာများဘက်သို့ပင် ရောက်သည်ဟု ဆိုကြ၏။

သူမသည် ရှည်လျားနက်မှောင်လှသည့် ဆံပင်များကို ဖားလျားချပြီး [illegible]ယာထဘီအနက် ရင်လျားကြီးဝတ်၍ မြွေရုပ်ပါတုတ်ကောက်ကြီးကို ထောက် [illegible] ရွာတကာလှည့်၍ လျှောက်သွားနေသည်တဲ့။

တစ်ခါတစ်ရံ အိမ်တစ်အိမ်အိမ်ရှေ့မှာရပ်၍ ဂါထာလိုလို၊ မန္တန်လိုလို [illegible]ကားများကို ရွတ်၏။

တစ်ခါတစ်ရံ မည်သူမှနားမလည်နိုင်သော စကားလုံးများကို အသံ [illegible]ကျယ်ကြီးနှင့် ရေရွတ်ပြီး အလှူခံသလို၊ တောင်းရမ်းသလိုလုပ်သည်ကို [illegible]သားအချို့က ပြန်ပြောကြ၏။

အိမ်ရှေ့မှာ ထို ထူးဆန်းပြီး ကြောက်မက်ဖွယ်ရုပ်အဆင်းရှိသော [illegible]မအိုကြီး လာရပ်လျှင် ခွေးပေါင်းစုံက ဝိုင်းပြုံထိုးဟောင်ကြ၏။

အကိုက်ကြမ်းသော ခွေးဆိုးများသည် အဘွားကြီးနံဘေးမှာ ဝိုင်း၍ [illegible]ကိုက်မည့်ဟန်နှင့် ဝိုင်းဟောင်နေကြသည့်တိုင် တစ်ကောင်မှ ဝင်မကိုက်ရဲကြ။

နားမခံသာအောင် ဟောင်လွန်းလာသောအခါ အဘွားကြီး ဒေါ်နန်း [illegible]ကြီးက ရှည်လျားလှသော သူ့ဆံပင်ရှည်ကြီးကို ဘယ်ညာခါယမ်းလိုက်ပြီး [illegible]တ်ထဲက မြွေရုပ်ပါတောင်ဝှေးနှင့် ရမ်းဝှေ့လိုက်လျှင် ခွေးများအားလုံး [illegible]ပြီးပြေးကုန်ကြ၏။

အဘွားကြီးများ ခြံဝမှာလာရပ်လျှင် အိမ်ရှင်များ ကြောက်လန့်၍ [illegible]ါးကိုပိတ်ထားကြ၏။

ထရံပေါက်မှ ချောင်းကြည့်လျှင် အိမ်ဘက်သို့ မျက်နှာမူပြီး ဂါထာ[illegible]လို မန္တန်လိုလိုများကို တောင်ဝှေးကြီးဆောင့်၍ဆောင့်၍ ရွတ်နေသည့်အား [illegible]ကြသော် အသားဆတ်ဆတ်တုန်အောင် လန့်ကြ၏။

တချို့အိမ်များကတော့ ဘေးကင်းရန်ကင်း ကဝေလား၊ စုန်းမ [illegible]လား.. ဘာမှန်းမသိ၍ ရှိတာလေး (ပိုက်ဆံ၊ အစားအသောက်) တစ်ခုခု[illegible] [illegible]ကမ်းလိုက်လျှင် အဘွားကြီးက ပြုံးပြီး ဆုမွန်ကောင်းများပေးသွား[illegible]ဟု [illegible]ားသိရ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် အသွားကြီးကို ရွာတကာ သချိုင်းဂူများပေါ် ထိုင်နေသည်ကိုလည်းကောင်း၊ ဂူများကို တုတ်တောင်ဝှေးနှင့် လိုက်ခေါ် ထိုးမွှေနေသည်ကိုလည်းကောင်း မကြာခဏမြင်ကြရသောကြောင့် သချိုင်း မြေပုံများအတွင်း အိပ်ပျော်နေသော တစ္ဆေသရဲများကို လိုက်နှိုးနေသူ ကဝေမကြီးအဖြစ် နားလည်ထားကြလေသည်။

ပို၍ထူးဆန်းသည်ကား ဤဒေါနန်းအိမ်ကြီး့ဆိုသည့် မိန်းမကြီး သည်ရွာထဲသို့ဝင်လာပြီး နှစ်ရက်ခန့်ကြာလျှင် ရွာထဲတွင် ညဉ့်နက်သန်းခေါင် ခွေးအူသံများ ကြားကြရ၏။

တစ်ခါတစ်ရံ မြင်းခွာသံများကို ခပ်သဲ့သဲ့ကြားရ၏။

ဒါနှင့်အတူ ငှက်ဆိုးများထိုးသံကို ညဉ့်အခါ ကြားကြရ၏။

၎င်းအသံများ ကြားပြီးသည်နှင့် ထိုရွာထဲမှ နေမကောင်းသူ လူ တစ်ဦးဦးသည် ကွယ်လွန်သွားလေ့ရှိသည်ကို မကြာခဏ ကြုံကြရ၏။ ကြ တော့ အချို့က အသွားကြီးဒေါနန်းအိမ်ကြီးကို မကောင်းဆိုးဝါးမကြီး၊ နာ ဘာဝမကြီးဟု သမုတ်ခဲ့ကြလေသည်။

ထို အများက မကောင်းဆိုးဝါးမကြီး၊ နာနာဘာဝမကြီး၊ စုန်းကဝေ ကြီးဟု သမုတ်ထားကြသည့် ထူးဆန်းသောမိန်းမကြီးနှင့် အရွယ်မလေး ခင် ချောစုကို အတူယှဉ်လျက် မိန်းမကြီးရဲ့တဲရှေ့မှာ တွေ့ကြသည်ဟူသော သတင်းကိုကြားရသောအခါ ခင်ချောစုကို သံယောဇဉ်ဖြစ်ကြသည့် ကျွန်တော် တို့ ကူးတို့လှေသမားများ စိုးရိမ်ကြရပြီ။

အထူးသဖြင့် ကျွန်တော်၊ ချစ်စရာနှင့် ကိုသောင်းယဉ်တို့ ပို၍စိုးရိမ် ခဲ့ကြရသည်။

ကျွန်တော် ပို၍စိုးရိမ်ခဲ့ရပါသည်။ ဝန်ခံပါသည်။

အကြောင်းမှု..

သည်မိန်းကလေးကို ကျွန်တော် သံယောဇဉ်တွယ်သလို ဖြစ်နေ ပြီ၊ မိုးလင်းလျှင် ကျွန်တော် လှေပေါ်မှာ တောပန်းတဝေဝေ၊ သနပ်ခါးဘဲကြား နှင့်ရောက်နှင့်ပြီး သီချင်းအော်ဆိုနှင့်နေပြီ။

ညနေ နေစောင်းလျှင် ဟို..ကျောက်တန်းမြို့တစ်ဖက်ကမ်းမှ ပြန် လာပြီး ကျွန်တော့်လှေကိုပဲစီးကာ သည်ဘက်ကမ်းသို့ ပြန်သည်။

တစ်ခါတလေ တောင်းလို့ရမ်းလို့၊ ပေးလို့ကမ်းလို့ ရလာသည့်





စရာများအား လှေပေါ်မှာပဲ စိတ်လိုလက်ရ ကျွန်တော့်ကိုပေးမည်။ ကျွေး သည်။

အထူးသဖြင့် ခင်ချောစုသည် ကောက်ညှင်းပေါင်းပူပူနွေးနွေးနှင့် ပြုတ်နှမ်းဖြူးလေးကိုကြိုက်၏။ သူမ သည်အစားအစာကို ကြိုက်မှန်းသိ၍ ကျွန်တော် မိုးလင်းလို့ လှေဆိပ်ဆင်းလာလျှင် ကောက်ညှင်းပေါင်းသည် ကနုဒိုထံမှ ကောက်ညှင်းပေါင်းတစ်ထုပ်တစ်ထုပ် ဝယ်လာလေ့ရှိ၏။

ကျွန်တော့်လှေပေါ်မှာ မိုးလင်းလျှင် သူမကလွဲ၍ ဘယ်ခရီးသည်မှ ရောက်သေး။

"ချောစု..ရော.."

ဟု ပေးလိုက်လျှင်..

"အဲဒါ ဘာလဲ"

"နင်ကြိုက်တဲ့ ကောက်ညှင်းပေါင်းလေ"

"ဟင်..အစ်ကိုက ကျုပ် ကောက်ညှင်းပေါင်းကြိုက်မှန်း သိနေ သယ်.."

"အေး..သိတယ်"

"တော်လိုက်တာတော်..။ ဒါကြောင့် ကျုပ်က ကျောက်တန်း မြို့ထဲရောက်ရင် ပြောပြတယ်တော့်"

"ညည်းက ဘာတွေလျှောက်ပြောလို့လဲ"

"ကျုပ်ယောက်ျားက သိပ်အလိုက်သိတာလို့"

"ဟူး..ဒုက္ခ..ဒုက္ခ..နင် အဲဒီလိုလျှောက်လျှောက်မပြောပါနဲ့ဟ ချောစုရ"

"အလိုတော်..ရှင်ကများ နာနေလို့..ဟုတ်လား"

"မကောင်းဘူးဟ"

"အို..ကောင်းကောင်း..မကောင်းကောင်း..ကျုပ်ကတော့ လိုက် ပြော လျှောက်ပြောမှာပဲ။ တော်မကျေနပ်ရင် နောက်နေ့ကစပြီး တော့်လှေ စီးမစီးတော့ဘူး။ ဒါပဲ.."

"အေး..မစီးရင် ပိုတောင်ကောင်းပေါ့ဟာ"

သည်လို ကျွန်တော်က ရွဲ့၍ပြောချလိုက်လျှင် ခင်ချောစုမျက်နှာ ချက်ချင်း 'အို' တျသွား၏။ စားလက်စကောက်ညှင်းပေါင်းထုပ်ကိုကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်စို့သော မျက်လုံးအစုံနှင့် ကျွန်တော့်ကို ငေးကြည့်နေရင်းက..

"ကို..ကို..ထိန်.."

"ဘာတုံး.."

"တော်..တော်..ရှင်..ရှင်.., တကယ်..ပြော..ပြော..တာ လားဟင်..ဟင်..လို့.."

"ဟ..ဘာလို့နောက်နေရမှာလဲဟ။ တကယ်ပြောတာပေါ့"

"အို..အင့်..အင့်..ဟီး..ဟီး..ဟီး.."

ထိုအခါ စားလက်စကောက်ညှင်းပေါင်းများနှင့် ကျွန်တော့်ကို ပစ် ပေါက်ပြီး လှေပေါ်မှာ ရှိုက်၍ ဟီးချငိုလေတော့၏။

မျက်နှာကို လက်ဝါးနှင့်အုပ်၍ တသိမ့်သိမ့်ရှိုက်၍ ကလေးလေးလို ငိုတော့၏။ သို့ကလို သူမ ဝမ်းနည်းတကြီးငိုနေသည်ကို မြင်လိုက်ရပြန်တော့ ကျွန်တော့်ရင်သည် ချက်ချင်းတုန်ခါ၍သွားခဲ့ရသည်။

"ချောစု.."

"......."

"ခင်..ချော..စု.."

"......."

"ဟဲ့..ချောစု"

"အင့်..ဟီး..ဟီး..အင့်..ဟီး.."

"ချောစု..ငါခေါ်နေတယ်လေဟာ"

သူမကား ရှိုက်ငို၍ အားကောင်းဆဲ။ ကျွန်တော် သူမရဲ့ပခုံးသား အိအိလေးကို ကိုင်၍ ချော့ချင်ပါသည်။ သို့သော် သူမသည် စိတ်မှုမမှန်သည့် မိန်းကလေး..။

သို့ဖြစ်၍ မထိရဲ မတို့ရဲ မကိုင်ရဲ..။

မတော်..ခါးကြားကဓားနှင့် ထိုးလိုက်လျှင် ကျော်မကောင်းကြား မကောင်း ဖြစ်ကုန်လိမ့်မည်။

"အင့်..ဟီး.."

"ချောစု.."

"ဘာတုံး..ဘာတုံး.."

"ဘာလို့ငိုရတာတုံး ချောစုရယ်..ဟင်.."





"အစ်..အစ်..ကိုက..ကျုပ်..ကျုပ်ကို..ဒီလှေ..မ..မစီး ..ပိုကောင်းတယ်လို့ ပြောလို့ ကျုပ်..ကျုပ်..ဝမ်းနည်းပြီး ငို..တာ.."

"ဟား..ဟား..ဟား..ဟား..ဒီလို့ကြောင့်ငိုတာလား။ ငါက ..ကို ခင်လို့ နောက်တာ၊ စတာပါ ချောစုရာ။ မုန်းလို့ ပြောတာ မဟုတ်ပါဘူး ..ချောစုရေ။ တိတ်ပါတော့ဟာ.."

"အင့်..တ..တကယ်..နော်.."

"အေးပါ..။ တကယ်ပြောတာပါ..။ နင် နေ့တိုင်းစီးပါဟာ"

"ဖျားစူး.."

"စူးပါ့ဗျာ.."

"မြွေ..မြွေ..ဟိုဒင်း.."

"အေးပါဟာ.."

"မိုး..ကြိုး..ဟို..ဟိုဒင်း.."

"အေးပါဟာ။ ပစ်..ပစ်..လွဲ..လွဲ..။ နင့်ကို ငါ နေ့တိုင်း ..ခင့်ပြီးကြိုမှာ၊ ပို့မှာပါ ချောစုရဲ့"

"အမလေး..ကျုပ် ခုမှ ရင်ထဲက အပူလုံးကြီး ပြုတ်ကျသွားတယ် ..ယောက်ျားရယ်။ ဘုရားစူး.."

"ဟာ..ချောစု"

"ဘာတုံးတော်.."

"ညည်း ငါ့ကို ယောက်ျား..ယောက်ျားလို့ မခေါ်နဲ့ဟ"

"ဟင်..ယောက်ျားလို့ မခေါ်ရဘူး။ နေပါဦးတော်..။ အဲဒီလို ..ခေါ်တော့ ဘာ..ဘာဖြစ်လို့လဲဟင်။ တော့်ဘက်က အရမ်းကို နစ်နာသွား ..လို့လားဟင်"

"ဟ..အရူးမရေ။ ယောက်ျားဆိုတာ လင်မယားဘဝကျမှ ခေါ်ရ ..တာဟ"

"ဟင်..လင်မယားဘဝကျမှ ခေါ်ရတာ..။ ဒါ..ဒါ..ဆို.. ..ဟို..ဟို..လင်မယားဘဝဆိုတာ ဘယ်လိုဟာကို ခေါ်တာလဲ..ဟင်.. ..ဟင်လို့.."

ခက်ပြီ..။ ကိုယ့်အစနှင့် ကိုယ်ရှင်းမရသာဝကို ရောက်ခဲ့ပြီ။ သင်း ..လည်း လျှာကြောခပ်ရှည်ရှည် အရူးမ။ ပြီး..စိတ်လက်ထဲဆစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အရှုမဲ့။ မေးခွန်းများက နွားကျောင်းသားထက် အမေးကောင်းနေပြီ။

"ပြောလေ တော်.."

"အဲ..အဲ..ဒီလိုဟ ချောစုရဲ့ လင်မယားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ချစ်လို့ လက်ထပ်ပြီး အတူနေကြတာကို လင်မယားလို့ ခေါ်တာဟ"

"အတူနေကြတာ.."

"အင်း.."

"နေပါဦးတော်..။ အတူနေပြီးတော့ ဘာလုပ်ကြတာတုံး..ဟင်..ဟင်.."

ဒုက္ခမှ အကြီးအကျယ်ဒုက္ခ..။ သူက ကျွန်တော့်ရှေ့နားတိုး၍ ခေါင်းလေးမော့ပြီး သိချင်လွန်းစိတ်နှင့် မေးနေ၏။ ဤကိစ္စကို ကျွန်တော် လည်း ဂဃနဏ မဖြေတတ်။ အကြောင်းမူ ကျွန်တော်ကိုယ်နှိုက်က ရည်းစားလည်း မရှိသေး။

အကြြင်လင်မယားဆိုသည့်ဘဝကို ထဲထဲဝင်ဝင်၊ နက်နက်နဲနဲမသိ။ သူများတွေ အကြြင်လင်မယားဘဝကို အပြင်ပန်းကကြည့်ပြီး သူမကို ဆရာကြီးလုပ်၍ ဩဝါဒခြွေနေခြင်းသာဖြစ်သည်။

အခု သင်းက ပေါက်ပေါက်ရှာရှာ၊ စေ့စေ့စပ်စပ် မေးမြန်းလာသောအခါ ဆရာကြီးကျွန်တော် ဘယ်လိုပြန်ဖြေရမှန်းမသိ၍ စိတ်အိုက်ပြီး ခေါင်းကိုကုတ်နေစဉ်..

"ဝေး..မောင်ထိန်။ နေရာရှိသေးလားဝေ့"

"ရှိတယ် ဖထီးရေ..လာ..လာ..။ အမိုးရော မပါဘူးလား"

"မပါဘူးဝေ့..။ နင့်အမိုး ချက်ပြုတ်နေသဟ။ အံမာ.."

တော်သေးရဲ့..။ ဖထီးစောခူဆေး ရောက်လာပေလို့။ စောစောက အဖြေရကျပ်သည့် မေးခွန်းကိစ္စ ပြတ်သွားစဉ် ဖထီးက လှေပေါ်မှ ခင်ချောစုကို မြင်သွားပြီး..

"အံမာ..ဟိုကောင်မလေး ချောစုမဟုတ်လားဟ"

"ဟုတ်တယ် ဖထီး..။ ခင်ချောစုလေ"

"ဘာလဲဝေ့..။ နင်တို့နှစ်ယောက် အတောကြီး လှေပေါ်မှာ ချိန်းတွေ့.."





"ဟာ..ဖထီး။ ကျုပ်တို့ ချိန်းတွေ့တာ မဟုတ်ဘူးဗျ။ သူက ဒိုးစံအတိုင်း အစောကြီး နေရာဦးပြီး ရောက်နေတာ"

"ဟေ..သိဘူးလေကွာ။ နှစ်ယောက်တည်းဆိုတော့ ချိန်းတွေ့ကြ..အဲ..အဲ..အဟဲ.."

သည်မှာပဲ ချောစုက ကျွန်တော့်မျက်နှာနှင့် ဖထီးမျက်နှာကို လိုက်ကြည့်ပြီး မေးခွန်းတစ်ခု မေးလိုက်ပြန်သည်။

"အစ်ကို.."

"ဘာတုံး ချောစု"

"ဟို..ဟို..ချိန်းတွေ့တယ်ဆိုတာ ဘာ..ဘာကိုပြောတာလဲဟင်"

"သေဟ.."

"ဝေ့..ကောင်မလေး။ အဲဒါ နင်သိချင်လို့လား"

"အင်း..တော့်.."

"ဝေး..မောင်ထိန်။ မင်းကလည်း နားလည်အောင် ရှင်းပြလိုက်လေကွာ"

"ဒုက္ခပါပဲဗျာ..။ ကျုပ်မှာ အကျပ်ရိုက်နေလို့ ဖထီးကို အားကိုးရလေးလို့ မျှော်လင့်နေတုန်း ဖထီးကပါ ထပ်ချုန်ပြန်ပါပြီဗျာ။ ကိုင်း..ဖထီး။ ခင်ဗျားနဲ့ ချောစုနဲ့ လှေထဲမှာ စောင့်နေကြ။ ကျုပ်ကို လူပြည့်ရင် လှမ်းခေါ်။ ကျုပ်သွားပြီဗျို့"

ကျွန်တော် မျက်နှာပူလွန်းလှ၍ လှေပေါ်မှဆင်းခဲ့ပြီး ကူးတို့သမားများစုဝေးရာသို့ မျက်နှာမူလိုက်စဉ်..

"အစ်ကို.."

"ဘာတုံးဟ..။ တောက်.."

"ဟိုကိစ္စ ရှင်းခဲ့ဦးလေ"

"ဘာကိစ္စလဲဟ မိချောစုရာ။ နင်ကလည်း တစ်မျှောင့်ဟ"

"ဘာကိစ္စရမှာလဲ တော့်..။ လင်မယား အတူနေတယ်ဆိုတော..။ အဲဒါ ဘာလဲ။ အစ်ကို့ဟာ မရှင်းမရှင်းကြီး"

"သေလိုက်ပါတော့ ချောစုရာ..။ နင်သေရင်သေ၊ နင်မသေရင်ငါသာ မြန်မြန်သေလိုက်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com

## ၁၅
## လူဦးခေါင်းခွံကိုနမ်းတဲ့ ကဝေမကြီး

သံယောဇဉ်များက တိုင်မထောင်ရဘဲနှင့် အဲဒီလိုကို နှယ်ရစ်နှောင်ဖွဲ့ခဲ့တော့ သူ့မအတွက် ကျွန်တော်ပို၍စိုးရိမ်ခဲ့ရသည်။

"ကိုကျိုင်းတုံ..ပြောပါဦးဗျ။ ခင်ဗျားတို့ တွေ့ပုံ မြင်ပုံကို"

သည်မှာ ကိုကျိုင်းတုံဆိုသူ တံခါလှေသမားကြီးက..

"တော်တော့်ကို ထူးဆန်းတာကွ ငထိန်ရ"

"ဟုတ်ပါပြီ..။ အဲဒီ ထူးဆန်းတာကို မြန်မြန်ပြောပါဗျာ"

"အံ့လည်း အံ့သြစရာပဲကွ"

"တောက်..လုပ်ဗျာ။ ထူးဆန်းတာရော၊ အံ့သြတာရော..ပြော မြန်မြန်သာ ပြော။ ခင်ဗျားဟာက လျှာကိုရှည်လွန်းပါဗျာ"

"နောက်ပြီး ငါတို့ ကြောက်လည်းကြောက်သွားတာပဲဟေ့"

"တော်ဗျာ..။ ဒီနေ့ပြီးမှာ မဟုတ်ဘူး။ သွားပြီဗျို့..ဖွီ.."

စိတ်က မရှည်တော့ဘူးဗျာ။ စကားတစ်ခွန်းပြောဖို့အရေး စကားဦးဖွင့်နေတာနဲ့ နေမွန်းတည့်တော့မည်။ သို့နှင့် စိတ်တိုတိုနှင့် လှည့်ထွက်လာလိုက်မှ...





"ဟ..ဟ..ငထိန်..ငထိန်..နေပါဦးဟ ငါ့ညီရ"

"တော်ဗျာ..။ နေမွန်းတည့်တော့မယ်"

"နေပါဦး ငါ့လူရာ..။ မင်းချောစုကိစ္စမို့ ပြောနေတာပါဟ"

"အဲဒါဆိုလည်း အချီးတွေ၊ နိဒါန်းတွေ လုပ်မနေနဲ့၊ လိုရင်းတိုရှင်းသာ ပြောဗျ"

"အေးပါကွာ..။ ငါကလည်း ဒီပြင်လူဆို မပြောပါဘူး။ ခုဟာက မင်းရဲ့ ချောစုဆိုတဲ့ အရှုံမလေးအတွက် စိုးရိမ်လို့ ပြောရတာပါ ငါ့လူရာ။ ဒီလိုကွ..။ ငါတို့ကလည်း သောင်စွယ်မှာ 'တားပိုက်' ချထားပြီး ထမင်းစားမလို့လုပ်နေတုန်း ပလွေမှုတ်သံ ကြားရတာပဲ"

ကိုကျိုင်းတုံနှင့် ကိုဘုသီးတို့ ပြောပြချက်က အလွန်စိတ်ဝင်စားစရာကောင်းလှ၍ ကျွန်တော့်ရင်ထဲက စိတ်တိုနေမှုများ ချက်ချင်းပြေကျသွားခဲ့၏။

သူတို့တံငါလှေသမားသုံးဦး သောင်စွယ်တန်းရေပြင်မှာ ပိုက်တန်းချပြီး ကမ်းပေါ်မှာ ထမင်းစားရန်ပြင်လိုက်စဉ် ပလွေသံကို စ၍ ကြားလိုက်ရသည်။

ပလွေသံသည် စည်စည်ဝေဝေနှင့် လွင့်ပျံ့လာ၏။

ဤဝန်းကျင်မှာ လမုပင်များ၊ ကိုင်းပင်များနှင့် မြက်ပင်ရှည်များရှိ၏။

"ကျိုင်းတုံ..ဘာသံလဲကွ"

"ပလွေသံကွ.."

"ဘယ်က လာနေတာလဲ"

"ဟိုအရှေ့ဘက်ကနဲ့ တူတယ်"

ကိုဘုကြီးက နားစွင့်ရင်းက မော့၍နားထောင်လိုက်သည်။

"အလျှင်က ဒီဝန်းကျင်မှာ ပလွေသံမကြားရပါဘူးဟ။ ခုမှ ကြားရတာ"

"တစ္ဆေများ ခြောက်ရော့လားဟ ကျိုင်းတုံရ"

"စားဦးစားဖျား မြှောက်ရဲ့လား ဘုသီး"

"မြှောက်..မြှောက်ပါတယ်ကွာ။ ဟော..ဟော..ဟော..နားထောင်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ပလွေသံက တောင်ပြန်လေနှင့် ဝေ့၍လာနေသည်။ ဒါနှင့်အတူ သီချင်းဆိုသံမျိုးလည်း ကြားကြရသည်။

"ကျိုင်းတုံ. . ဟို. . ဟို. . ဥစ္စာစောင့်များလားကွာ။ နေရာရွှေ့ကြစို့ ဟောကောင်"

"နေပါဦး ဘုကြီးရ၊ သေသေချာချာမသိဘဲနဲ့ မကြောက်စမ်းပါနဲ့ဟ"

"ဒီ. . ဒီနေရာက ကျတ်. . ကျတ်. ."

"တိတ်တိတ်နေစမ်း ငှက်ကြီး။ မင်းက တစ်မှောင့်"

သို့နှင့် ကိုကျိုင်းတုံ ထမင်းကို ဆက်မစားဘဲ အသာရပ်လိုက်သည်။ သည်နေရာဝန်းကျင်သည် ဥစ္စာစောင့်လိုလို၊ ကျတ်လိုလို ရှိသည်ဟု ကြားဖူးသည်။ သို့သော် ငါးရဲ ငါးလိုက်များသည့် ရေစွယ်မို့ စွန့်၍လာခဲ့ကြခြင်းဖြစ်သည်။

ကိုကျိုင်းတုံ ဓားရှည်ကိုဆုပ်ကိုင်၍ ကိုင်းပင်များပေါက်ရာ ကုန်းပေါ်သို့ လှမ်းလိုက်သည်။

"ကျိုင်း. . တုံ. . ဘာ. . ဘာလုပ်မလို့လဲ"

"လိုက်ရှာမလို့. ."

"အမလေး. . ငါတို့. . မ. . မနေရဲဘူး. . ဟူး. . ဟူး. ."

"မနေရဲရင် လိုက်ခဲ့"

ဘုကြီးက ထမင်းချိုင့်များကိုသိမ်း၍ လှေပေါ်မှာ တင်လိုက်သည်။ ငှက်ကြီးလည်း တစ်ယောက်တည်း မနေရဲတော့။ ကျိုင်းတုံရှေ့ရှုရာသို့ လိုက်ပါခဲ့ကြသည်။

သူတို့သုံးဦး ကိုင်းပင်များကိုပတ်၍ လမ်းပင်အုပ်ကို ကျော်လိုက်သော အခါ ကုန်းရိုးကမ်းစပ်တစ်နေရာမှ လှုပ်ရှားမှုအချို့ကို သေသေချာချာ မြင်လိုက်ရတော့သည်။

"ဟာ. . ဒါ. . ဒါ. ."

"အရှုံးမလေးမဟုတ်လား ကျိုင်းတုံ"

"ဟုတ်တယ်. . ။ ဟိုဟာ ကဝေကြီး ဒေါ်နန်းအိမ်ကြို့မဟုတ်လား"

"အေး. . ဒါ. . ကဝေကြီးကွ"

"ရှူး. . အသံမထွက်စေနဲ့။ သူတို့ ဘာလုပ်နေတာလဲ သိရအောင် စောင့်ကြည့်နေမယ်"





ဒေါ်နန်းအိမ်ကြို့သည် ပလွေကို မှုတ်နေ၏။ ပလွေမှုတ်ပုံက စိတ်ပါလက်ပါရှိုက်ခွန်းလှသည်။ ရှည်လျားသော ဆံပင်များက လေမှာဝဲ နေ၏။

သူတို့နှစ်ဦးသည် တဲရှေ့မှာ သီချင်းဆို၍ က,နေကြသည်။

အရှုံးမလေး ခင်ချောစုက ကြောက်စရာကောင်းလှသော ကဝေလိုမိန်းမကြီးရှေ့မှာ ဟန်ပန်အပြည့်နှင့် အားရပါးရ သီဆို က,နေ၏။

"လေဘာတီရေ××မင်းအပျို့လုပ်တယ်××လုပ်တယ်×××ပြောစမ်းပါ××ဦးသဝန်ကြောင်ရယ်×××ယခု တို့ပတ် ရိုက်မယ်××ရိုက်မယ်××× ကျွန်မသနပ်ခါးလေးလိမ်းမှ ဖြစ်မယ်×××ပျိုမထင်ပေါင်××ကိုသဝန်ကြောင်ရယ်××× မြရင် အလိမ္မာလေးကို××သနပ်ခါးလေးဖွေးမှ××အဝေးကလူတွေ×× ကြည်ဖြူစေမယ်×××မကစေချင်××ရက်သတ်လို့××လက်ထပ်စို့××မောင်ရင်××မောင်ရင်×××ခုလိုသာ××သဘောမကြီးရင်××ဘယ်နည်းနဲ့မှ××ဖြစ်နိုင်ပါမယ်××× ရှောက်ပေမယ့်××မချဉ်ပေါင်ကွယ်×××သက်ဝေရဲ့×× လင်မောင်သည်××× သဝန်ကြောင်တယ်×××မြရင်အံ့တော့တယ်××××"

အဘွားကြီးသည် ဒူးနှင့် စည်းလိုက်ရင်း ပလွေကို အားရပါးရမှုတ်နေ၏။ ချောစု အရှုံးမကလည်း အသံစူးစူးနှင့် သီချင်းကိုဆိုပြီး အငြိမ့်မင်းသမီးတစ်ယောက်မျက်နှာပေးနှင့် အိုက်တင်အပြည့်လုပ်၍ကို က,နေ၏။

"ဘုရား. . ဘုရား. ."

"အံ့ဩစရာပဲ ကျိုင်းတုံရေ"

"အေးကွာ. . ။ ဒီအဘွားကြီးကို ငါတို့အရပ်က မကောင်းဆိုးဝါးမကြီးလို့ သဘောထားပြီး ရှောင်နေချိန်မှာ ဒီကောင်မလေးက ဒီရောက်ပြီး အဘွားကြီးနဲ့ ဆိုလို့. . ၊ ကလို့. . ။ ဘယ်လိုများ ဖြစ်ကုန် ကြသလဲဟင်"

သည်မှာ ဘုကြီးက သူ့ထင်မြင်ချက်ကို ဝင်၍ပြောလိုက်သည်။

"မဟုတ်မှလွဲရော. . ။ ငကန္တ ဒီမကောင်းဆိုးဝါးမကြီး အရှုံးမလေးကို ပြုစားလိုက်ပြီနဲ့ တူရဲ့ကွာ။ ဒါ. . ဒီအဘွားကြီးခိုင်းလို့ လုပ်နေတာနေမှာကွ"

"ရှူး. . ရှူး. . ဟိုမှာ ဆိုနေပြန်ပြီကွ။ နားထောင်စမ်း. ."

"ဘယ်ယောက်ျားမှ××စကားမပြောနဲ့တဲ့×× မနေ့ကမှာတယ်×× တွေ့ကြရာမယ်×××ကျွန်မပြောပြမယ်××ကသောအခါဝယ်××ရည်းစားတစ်ထောင်××လင်ကောင်ရှင်မောင်××သဝန်ကြောင်စိတ်နှလုံးရယ်နဲ့××အိမ်မှာငိုင်းနန်းကုလားမလိုတော့××ကျွန်မတို့မနေနိုင်ပေါင်ရှင်×××က,ရာမှာ×× ပွဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်က××အမြဲရောက်တဲ့××ကိုကိုရယ်×××သူ့ဝက်ခြံ××ညှစ်ရမတဲ့×× ဟိုညက နိုင်းလာပါတယ်×××မရှက်ပေမယ့် မချဉ်ပေါင်ကွယ်××သက်ဝေရဲ့ လင်မောင်သည်××သဝန်ကြောင်တယ်××မြရင်အံ့တော့တယ်×××''

"ဝါးလားလား. . ဘာတဲ့တုံးဟဲ့. . ။ မြရင်လေးတဲ့လားဟ. . ။ ဝါး လားလားလား. . "

ကြည့်စမ်း. . ။ သီချင်းအဆုံးမှာ အဘွားကြီးက ပါးစပ်က သို့ကင် အော်ပြီး လက်ခုပ်လက်ဝါးတီးလို့ အားပေးနေသည်။ အားပေးရင်းက ပလွေတ် ဒူးရိုက်၊ စည်းလိုက်၍ မှုတ်နေသည်။ ချောစုကလည်း ဖာတ်ခုံပေါ်မှာ က,နေသည်မှတ်လား မသိ။ ပြုံးလို့ ရယ်လို့. . ။ ရင်ကို ကော့လို့ ခါးကိုလှည့်လို့ ခြေကိုကြွလို့ ကနေသည်ကို မြင်ကြရသောအခါ သုံးယောက်လုံး မှင်တက်နေသလို ဖြစ်သွားကြသည်။

သူတို့ အရှုံးမလေးရဲ့ သီချင်းသံနှင့် အကအာရုံမှာ နစ်မွန်းသွားကြသလို အဘွားအိုကြီးရဲ့ သာယာလှသော ပလွေသံအကြားမှာ စိတ်ညို့ခံရသလို ဖြစ်သွားခဲ့ကြသည်။

ပလွေသံအဆုံး၊ အကဆုံးသောအခါ အဘွားကြီးက လက်ခုပ်တီး အားရပါးရတီး၍ အော်ဟစ်ချီးကျူးလိုက်တော့၏။

"ကောင်းလိုက်တာအေး. . ။ မြရင်မရှိကတည်းက မကြည့်ရ မကြားရတဲ့ အကနဲ့အသံ အခုမှ ပြန်ကြားရတယ်။ ကောင်းလိုက်တာ. . ။ အရမ်းကောင်းတာပဲ။ ကဲ. . ညည်းမောသွားပြီဆိုတော့ ညည်းကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ငါက ထိုက်ထိုက်တန်တန်ဂုဏ်ပြုရမှာပေါ့။ လာ. . လိုက်ခဲ့"

သည်လိုပြောလိုက်ပြီး အဘွားကြီးက အရှုံးမလေးခင်ချောစု လက်ကိုဆွဲ၍ တဲအတွင်းသို့ ခေါ်သွားတော့သည်။

"ဝင်သွားကြပြီကွ"

"အေး. . ဟုတ်တယ်။ ဘာလုပ်ကြမလဲ မသိဘူး"

"မင်းသွားချောင်းပါလား ကျိုင်းတုံ"

"ဟာ. . မလုပ်နဲ့ ဘူးသီး။ ဒီအဘွားကြီးက ဘာမှန်းမသိဘူး စုန်းကဝေဖြစ်နေရင် ငါ့ကို ပြုစားလိုက်မှာ"

"ဒါဆို ဘာဆက်လုပ်ကြမလဲ"

"ခဏစောင့်ကြည့်ကြမယ်ကွာ"

စိတ်ကူးသစ်စာပေ



ကျိုင်းတုံတို့သုံးဦးသား ဝါးသုံးပြန်အကွာ သစ်ပင်အုပ်ကြားမှ အချိန်အတန်ကြာ စောင့်ကြည့်နေသည့်တိုင် အထဲမှ လှုပ်ရှားသံ ဘာမှမကြားလိုက်။

ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ခန့်ကြာသောအခါ အဘွားကြီးပြန်ထွက်လာသည်။ သည်မှာ အဘွားကြီးလက်ထဲမှာ ထူးဆန်းသောပစ္စည်းတစ်ခု ကိုင်လို့. . ။

"ဟာ. . "

"အမလေး. . "

"ရှူး. . ရှူး. . "

"ပြန်. . ပြန်ကြစို့. . ကျိုင်း. . . ကျိုင်းတုံ. . ။ လာ. . လာ. . "

ဘူးသီးရဲ့ ကြောက်လန့်တကြားလေသံကြောင့် အဘွားကြီး မမြင်ပိခင် အသာလျှို၍ ပြန်လှည့်လာလိုက်ကြတော့သည်။

ကျိုင်းတုံတို့ မြင်လိုက်ရသည်ကား. .

ထူးဆန်းသောအဘွားကြီးသည် လူဦးခေါင်းခွံကြီးတစ်ခုကို လက်နှစ်ဖက်နှင့်ကိုင်ပြီး နေရောင်မှာ မြှောက်၍ကြည့်နေခြင်း. . ။

သူမကြီးသည် လူဦးခေါင်းခွံကြီးကို နေရောင်မှာ မြှောက်ကြည့်နေရာမှ လူဦးခေါင်းခွံ၏ပါးနှင့် သူမ၏ပါးပိန်ချိုင့်ချိုင့်ကို ကပ်၍ထားလိုက်၏။ ထိုသို့ကပ်ထားလိုက်သောအခါ အဘွားကြီး၏မျက်နှာပေါ်၌ ကြည်နူးရိပ်လည်းပေါ်လာနေသည်။ ဒါနှင့်အတူ ဒေါသခက်ထန်သော အံကြိတ်ရိပ်ကိုလည်း မြင်ကြရသည်။

သည့်နောက်. .

အရိုးခေါင်းခွံကြီးကို ရင်ခွင်မှာ အားပါးတရပိုက်ပြီး ကောင်းကင်ကို မော့၍ကြည့်နေ၏။

မကြာခင် 'တောက်' တစ်ချက် ပြင်းပြင်းခတ်ပြီး အရိုးခေါင်းခွံကြီးကိုပိုက်ကာ အခန်းထဲသို့ ပြန်ဝင်သွားသည်ကို သူတို့သုံးဦး နောက်ဆုံးမြင်လိုက်ရလေသည်။

ကျိုင်းတုံတို့ တံငါလေ့သမားသုံးဦး မြင်တွေ့ခဲ့ရသည့် ချောစုနှင့် လျှို့ဝှက်ဆန်းကြယ်သည့် အဘွားအိုကြီး၏အကြောင်းကို ကျွန်တော် ကြားလိုက်ရသောအခါ ရင်သည် တုန်ခါ၍သွားခဲ့၏။ ခေါင်းနားပန်းများ ကြီးသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၆

# သချိုင်းမြေကြီးကို ထုတ်ယူသွားသည့် နန်းအိမ်ကြို့

တစ်နေ့ ကျွန်တော်တို့ရွာထဲသို့ ဂျပန်ငပုများ မမျှော်လင့်ဘဲ ဝင်လာကြ၏။ သူတို့သည် စပါးငါးရာပါ သမ္ဗန်ကြီးပေါ်မှာ နေလုံးနီနီပုံပါသော ဂျပန်အလံကြီးကိုလွှင့်၍ ပန်းတောရေဆိပ်သို့ ဆိုက်ကပ်လာ၏။

ဂျပန်များ ရွာထဲသို့မဝင်ခင် အကြိုညှ မကောင်းဆိုးဝါးမိန်းမကြီး ဒေါ်နန်းအိမ်ကြို့ ရွာထဲမှာ လမ်းသလားနေသည်ကို အားလုံးမြင်လိုက်ရသည်။

သည်မိန်းမကြီးကိုမြင်တော့ ခွေးများက အူကြ၏။ သူမသည် စ ပြေးများရှိရာအစုသို့ သွားနေသည်ကို သွားနေသည်ကို မြင်ရသည်။ ဒါကိုမြင် တော့ ရွာသူမကြီးတစ်ဦးက ရွာထဲမှာ တစ်ခုခုဖြစ်တော့မှာပဲဟု ကြို၍နိမိတ် ဖတ်စကား ဆိုခဲ့လေသည်။

''ဂျပန်တွေ ရွာထဲကို ဝင်လာကြပြီဟေ့''

လှေသမားတစ်ဦးက 'ဗျို့' ဟစ်လိုက်သဖြင့် 'ဂျပန်' ဘာလဲ သိချင်သူ များ အသာခပ်လှမ်းလှမ်းမှ မသိမသာကြည့်နေကြသည်။

ဂျပန်စစ်သားဆယ့်ငါးယောက်သည် ဂျပန်ရိုင်ဖယ်များကိုချိန်၍ ရွာထဲသို့ ဝင်လာ၏။ ရှေ့မှ ဗိုလ်အကြီးအကဲဖြစ်ဟန်တူသူက ခါးကြားမှာ





ဓားတိုသေနတ်ကြီးနှင့် ဓားရှည်ကြီးချိတ်၍ ရင်ကော့ပြီး လာနေ၏။

ခေါင်းဆောင်းဦးထုပ်များကလည်း နားရွက်ကာဦးထုပ်များနှင့်။ စကားပြန်ဖြစ်ဟန်တူသူ မြန်မာလူမျိုး လူရွယ်တစ်ဦးလည်း ဂျပန်အကြီးအကဲ နောက်မှ ကပ်လိုက်ပါလာသည်။ သူတို့ ရွာလူကြီးအိမ်သို့ ရှေးရှု၍ သွားနေ၏။

မကြာခင် ရွာလူကြီးအိမ်မှ မောင်းထုသံကြားလိုက်ပြီး ရွာထဲက လူများ လှေဆိပ်မှလူများ ရွာလူကြီးအိမ်ရှေ့သို့ စုဝေးရောက်ရှိခဲ့ကြရသည်။

သည်မှာ ရွာလူကြီးဦးမိုးကောင်းက. .

''ရွာသူရွာသားတွေအားလုံး ထိုင်ပြီးနားထောင်ကြပါ။ ဂျပန်မာစတာ ကြီးက စကားပြောချင်လို့ပါတဲ့''

ရွာလူကြီးကား ဂျပန်ဝင်လာမှ အသစ်ဖြစ်လာသည့် ဦးမိုးကောင်း ဖြစ်၏။

အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ်က ရွာသူကြီးမှာ ဦးချစ်ညွှန့်ဖြစ်သည်။ ဦးချစ်ညွှန့်ကား ဂျပန်အစိုးရတက်လာတော့ အလိုလို သူကြီးရာထူးက ပြုတ်ပြီး . . ကမာကလုတ်ရွာဘက်သို့ ပြောင်းရွှေ့သွားပြီဖြစ်၏။

ဂျပန်စစ်ဗိုလ်ကြီးသည် ကုလားထိုင်ပေါ်က ထ၍ရပ်လိုက်ပြီး ခါးကြားက ဓားပေါ်သို့ လက်အုပ်ရင်းက ဂျပန်လို ရှူးရှူးရှဲရှဲနှင့် ပြောတော့၏။ ဒေါသတကြီးစကားသံများ ပါ၏။ ရွာသူရွာသားများကို မျက်လုံးနီကြီးနှင့် စိုက်ကြည့်သည်လည်း ပါ၏။

တစ်ချက်တစ်ချက် ခြေဆောင့်၍ ဒေါသတကြီးအော်ဟစ်လိုက်သေး ၏။ ၎င်းနောက် ဓားအိမ်မှ ဂျပန်ဓားရှည်ကြီးကို လှစ်ခနဲဆွဲထုတ်လိုက်ပြီး လေထဲမှာ တရွှမ်းရွှမ်းခုတ်သလို လုပ်ပြနေရကား ကျွန်တော်တို့ အားလုံး ကြည့်ရင်းက ကြက်သီးဖြန်းဖြန်း ထကြရလေ၏။

သူပြောလို့ ဝတော့မှ ဂျပန်စကားပြန် ကိုနက်ကျော်ကြီးဆိုသူက မြန်မာလို ပြန်၍ရှင်းပြခဲ့လေသည်။

''မာစတာကြီးက ပြောပါတယ်။ အခု မြန်မာပြည်ကို ဂျပန်အစိုးရ က အုပ်ချုပ်ခဲ့ပြီးပါပြီတဲ့။ အင်္ဂလိပ်အစိုးရ လုံးဝမရှိတော့ပါဘူးတဲ့။ နိပွန် အစိုးရက မြန်မာပြည်သူပြည်သားများ ကောင်းစားရေးအတွက် နေ့ရော ညပါ စောင့်ရှောက်နေပါတယ်တဲ့။ ဒါပေမဲ့ ခုအချိန်မှာ အင်္ဂလိပ်သူလျှိုများနဲ့ မြန်မာမြေအောက်တော်လှန်ရေးသမားများက နိပွန်အစိုးရကို ဖျက်ဆီးကျင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်လုပ်ငန်းများ အရပ်ရပ်အနယ်နယ်မှာ စည်းရုံးလှုံ့ဆော်နေတာ ကြားရလို့ နိပွန်တပ်မတော်အနေနဲ့ အများကြီးဒေါပွခဲ့ရပါတယ်တဲ့။ ဒါကြောင့် အင်္ဂလိပ်သူလျှိုများ၊ ဒလန်များနဲ့ နိပွန်အစိုးရကို ဆန့်ကျင်ဖို့ လိုက်လံစည်းရုံးလှုံ့ဆော်နေတဲ့ မြန်မာလူဆိုးများကို တွေ့ရင်၊ သိရင် ချက်ချင်းအကြောင်းကြားကြရမယ်။ သိလျက်သားနဲ့ ထိန်ချန်ထားခဲ့ရင်၊ ခိုလှုံခွင့်ပေးခဲ့ရင်၊ ဆက်သွယ်ပေါင်းသင်း ပေးကမ်းထောက်ပံ့နေတာကိုသိရင် တစ်ရွာလုံးကို မီးနဲ့တိုက်ပြီး အားလုံးကို ဟောဟိုကဓားနဲ့ ခေါင်းဖြတ်သတ်ပစ်မယ်လို့ ပြောပါတယ်"

"ဘုရား. . ဘုရား. . ကြမ်းလှချည်ကလား"

"ဒါကြောင့် ခင်ဗျားတို့ရွာသူရွာသားအားလုံး ဒီနေ့ဒီအချိန်ကစပြီး ဒီနယ်ဘက်က မသင်္ကာဖွယ်လူပ်ရှားမှုများကိုတွေ့ရင် ချက်ချင်း ကျေးရွာလူကြီးကတစ်ဆင့် နိပွန်ရုံးကို အကြောင်းကြားကြပါ။ အကြောင်းကြားသူများကို ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ပါ့မယ်။ အခုပြောခဲ့တဲ့စကားကို ဆန့်ကျင်ပြီး ဖြူရှရင်တော့ ကိုယ့်သေတွင်းကိုယ်တူးတာနဲ့ အတူတူပါပဲ"

ဂျပန်စကားပြန်ရဲ့စကားဆုံးသောအခါ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် ကျေးရွာလူကြီးကိုခေါ်၍ ရွာဝန်းကျင်ကို လိုက်လံစစ်ဆေး၏။

၎င်းနောက် ဂျပန်နှင့်အင်္ဂလိပ် စစ်ဖြစ်၍ စစ်ပြေးလာကြသည့် စစ်ပြေးဒုက္ခသည်များခိုလှုံရာ ဘုန်းကြီးကျောင်းများ၊ ဇရပ်များ၊ ပျံကျတဲများအား ဝင်ရောက်စစ်ဆေးရှာဖွေသည်။ ဦးသန်လျက်ဆိုသူကို မေးသည်။ ဦးသန်လျက်ကား ရန်ကုန်မှ စစ်ပြေးခိုလှုံသူဖြစ်၏။ အင်္ဂလိပ် စကားပြောတတ်၏။

ဂျပန်စစ်သားများကလည်း သေနတ်များချိန်၍ ဝိုင်းထားကြရကား ဂျပန်စစ်သားဆိုတာကို ခုမှမြင်ဖူးကြသည်နှင့် အားလုံး ကြောက်ချေ။ ကြောက်သေးများ ထွက်ကုန်ကြ၏။

အဲဒီမှာ ဓာတ်ခဲသုံးရေဒီယိုတစ်လုံး တွေ့သွားသဖြင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်သား စစ်ပြေးဒုက္ခသည် ဦးရန်အောင်မြင့်ဆိုသူကို ဂျပန်စစ်သားများက ထုရိုက်ကန်ကျောက်၍ ခေါ်သွားကြသည်။

မိသားစုများက မျက်ရည်လည်ရွဲနှင့် စကားပြန်မှတစ်ဆင့် တောင်းပန်ကြသည်ကို ဝင်တောင်းပန်သူများပါ ပါးရိုက်၊ နားရိုက် ခံလိုက်ရသည်။

"စပိုင်လား. ."

"မ. . မဟုတ်ပါဘူး မာစတာ"





"ခူးရား. ."

"ဖျန်း. ."

"အား. ."

"သန်လျက် ရှိတယ်လား"

"မသိပါ မာစတာ"

"ခူးရား. ."

"ဖျန်း. ."

"အား. . အ. . အ. ."

ထို့နောက် အခန်းထဲရှိ အိပ်ရာ၊ စောင်၊ ခေါင်းအုံးများ၊ အိုးခွက်များကို ပိုက်စိပ်တိုက်၍ လှန်လှောရှာကြပြန်သည်။

သည်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းမှ အင်္ဂလိပ်စာအုပ်တစ်အုပ်တွေ့သွားပြီး 'စပိုင်သူလျှို' ဟု အမည်တပ်ကာ ဆွဲခေါ်ချသွားပြန်သည်။

မိသားစုများကား ဟစ်၍ငိုကြသည်။ ဘုန်းတော်ကြီးများက လူကောင်းတွေပါ၊ မလုပ်ကြပါနှင့်ဟု ဝင်ရောက်တောင်းပန်ရာ ဝင်ရောက်ပြောဆိုမေတ္တာရပ်ခံသော ဘုန်းတော်ကြီးကို ဂျပန်စစ်ဗိုလ်က တွန်းလှဲလိုက်ပြီး ဂျပန်ဘင်တိုဓားရှည်နှင့် ခုတ်သတ်ပါမည်လုပ်၍ မနည်းကို ပြောယူရသည်။

သည့်နောက် ရေဒီယိုမိသွားခံရသည့် ရန်ကုန်သား ဦးရန်အောင်မြင့်နှင့် အင်္ဂလိပ်စာအုပ်တစ်အုပ်တွေ့ခြင်းခံရသော ကျောင်းဆရာကြီးဦးဖေသိန်းတို့ကို ဂျပန်စစ်သားများသည် ကန်ကျောက်ရိုက်နှက်ကာ လှေဆိပ်သို့ တရကြမ်းဆွဲခေါ်ချသွားခဲ့ကြသည်။

၎င်းနောက် နေဝန်းနီအလံတင်သမ္ဗန်ပေါ်သို့ တင်လိုက်ပြီး ဟိုဘက်ကမ်းသို့ ကူးသွားကြတော့သည်။

"အမလေး. . ကယ်ကြပါဦး"

"အဖေရေ. . အဖေရဲ့. .။ သူကြီး. . လုပ်ပါဦး သူကြီးရယ်. ."

ဖနီး၊ သားသမီးများက အားကိုးရာအဖြစ် ရွာလူကြီးကို ခြေသလုံးဖက်၍ မျက်ရည်လည်ရွဲ တောင်းပန်ကြသည်။ ရွာလူကြီးကား ဂျပန်စစ်သား၊ နိပွန်စစ်သား ဘာလဲဆိုတာကို ခုမှ နဖူးတွေ့ဒူးတွေ့ တွေ့ရကား ဘာမှမတတ်နိုင်။ သူပါ တုန်ယင်နေသည်။

ကျွန်တော်တို့အားလုံး စစ်ပြေးဒုက္ခသည် ဦးရန်အောင်မြင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ဆရာကြီး ဦးဖေသိန်းတို့သတင်းကို အချိန်နှင့်အမျှ နားစွင့်နေကြရသည်။

ကူးတို့လှေနှင့် ခရီးသည်များပို့ပေးပြီး ကျောက်တန်းဘက်ကမ်းသို့ရောက်လျှင် ရင်းနှီးသူ လူကြီးများကို ချဉ်းကပ်မေးမြန်း စုံစမ်းကြသည်။

မြို့ထဲက လူကြီးအချို့ကတော့ ဂျပန်ကင်ပေတိုင်ရုံးသို့ ခေါ်သွားတာကို မြင်လိုက်ရသည်။ ဘယ်သူဘယ်ဝါမှန်းတော့ မသိပါတဲ့။

ဘုရား . . ဘုရား . . ဂျပန်ကင်ပေတိုင်ရုံးဆိုတာ ဘာလဲ။

အချို့က ဂျပန် စစ်ဆေး စစ်ကြောရေးစခန်းဟု ဆိုသည်။

အားလုံး ဂျပန်စစ်သားများဖမ်းဆီးခေါ်ဆောင်သွားသူ နှစ်ဦးအတွက် စုံစမ်းလို့မရ မေးမြန်းလို့မရဖြစ်နေခိုက် ရင်တမမနှင့် ဘုရားတ,နေကြရင်း

နောက်သုံးရက်ကြာသောအခါ ရင်နင့်ဖွယ်သတင်းကို ကျွန်တော်တို့အားလုံး ကြားရတော့သည်။

ရေဒီယိုလေးတစ်လုံး အသိမ်းခံလိုက်ရသည့် ရန်ကုန်သား ဦးရန်အောင်မြင့် ဂျပန်ကင်ပေတိုင်စစ်ကြောရေးစခန်းမှာ သေဆုံးသွားခဲ့သည်။

အင်္ဂလိပ်စာအုပ်တစ်အုပ် တွေ့ရှိအသိမ်းခံလိုက်ရသော ကျောင်းအုပ်ဆရာကြီး ဦးဖေသိန်းကား ခပ်မြော့မြော့နှင့် ပြန်ရောက်လာခဲ့သည်။ ဦးဖေသိန်းတို့မိသားစုနှင့် ဦးရန်အောင်မြင့်တို့မိသားစုသာမက ကျွန်တော်တို့ရွာသားအားလုံး ဂျပန် ဘအံလဲ၊ ဘယ်လိုလဲဆိုတာကို တစ်နေ့တည်း၊ တစ်ကြိမ်တည်းနှင့် လုံးဝသဘောပေါက်သွားခဲ့ကြပြီ။

ဦးဖေသိန်းကို ဂျပန်အဝင် အုပ်ချုပ်ကာလအတွင်း တိုင်းရင်းမြန်မာဆေးဆရာများနှင့် ဖိဖိစီးစီးကုသကြပါသော်လည်း အတွင်းကြေဒဏ်ရာများကြောင့် မကြာခင် ဆရာကြီးဦးဖေသိန်း ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်။ အားလုံး ကြေကွဲဝမ်းနည်းလို့မဆုံး။

သည်မှာ ဆရာကြီးဦးဖေသိန်းက မကွယ်လွန်မီ မိသားစုများနှင့် စစ်ပြေးဒုက္ခသည် ရောင်းရင်းမိတ်ဆွေများကို လာရောက်သတင်းမေးခိုက် အားယူ၍ ပြောပြသွားခဲ့သည်။

"ဂျ . . ပန် . . ဆိုတာ . . ဖက်ဆစ် . . ပဲ . . ။ အား . . ကျွတ် . . ကျွတ် . ."

"ဖက်ဆစ်ဆိုတာ ဘာကိုပြောတာလဲ ဆရာကြီး"

"ဖက် . . ဆစ် . . ဆိုတာ . . တစ်ဖက်စွန်းရောက် . . လူမျိုးကြီးဝါဒ





နယ်ချဲ့ဝါဒ၊ ကြမ်းကြုတ်ခက်ထန်ရိုင်းစိုင်းတဲ့ . . ဝါ . . ဒ . . ။ အင်္ဂလိပ်လည်း . . ကောင်းဘူး . . ။ ဖက် . . ဆစ် . . ဂျပန်လည်း မကောင်းဘူး . . ။ ကိုယ့်နိုင်ငံဟာ . . ကိုယ့်မြန်မာလူမျိုး အုပ်ချုပ်တာပဲ . . ကောင်းတယ် . . ။ ခင်ဗျားတို့ . . နယ်ချဲ့ကျူးကျော်သူမှန်သမျှကို ဒီ . . မြေ . . ပေါ် . . က . . မောင်းထုတ် . . ကြ . . ."

သည် ရဲရဲတောက်စကားကို သူနောက်ဆုံးပြောသွားခဲ့သည်။

ခုတော့ . .

ကိုလိုနီနယ်ချဲ့ ဘာလဲ၊ ဖက်ဆစ်ဂျပန်ဆိုတာ ဘာလဲ။ အားလုံးသဘောပေါက်ကုန်ကြပြီ။

ဆရာကြီးဦးဖေသိန်းအလောင်းကို သင်္ချိုင်းမှာ သဂြိုဟ်သည့်နေ့က လိုက်ပါပို့ဆောင်သူအားလုံး မြေစာမြေကြီးများကိုဆုပ်ကိုင်ပြီး အံကို တင်းတင်းကြိတ်လိုက်ကြသည်။

သူတို့ လက်ဖျံ၊ လက်မောင်းများပေါ်မှာ နာကျည်းသွေးကြောများထောင်ထနေသည်။ တောက်ခတ်သံများ လျှံဝေနေသည်။

ထူးဆန်းသည်ကား ဆရာကြီးဦးဖေသိန်းရုပ်အလောင်းကို မြှုပ်နှံထားသည့်မြေပုံပေါ်သို့ ညဉ့်သန်းခေါင်မှာ မိန်းမကြီးတစ်ယောက် ရောက်လာခဲ့သည်။

ထိုမိန်းမကြီးသည် ဆံပင်ဖားလျားချပြီး မြေပုံ၏ဦးခေါင်းပိုင်းမှာရပ်၍ စကားများတတွတ်တွတ်ရေရွတ်နေသည်ကို စဏ္ဍာလမဟုတ်သော်လည်း ချုပ်ထဲရွာထဲ လူသေလျှင် စေတနာ၊ ဝါသနာအလျောက် လိုက်လုပ်နေသည့် ကိုမိကျောင်းနှင့် ဖျင်းအောက်ကြီးတို့ ညီအစ်ကိုတွေ မြင်ခဲ့ရသည်တဲ့။

ကိုမိကျောင်းတို့ အပြောအရ . .

ထိုအဘွားကြီးကား ပင်လယ်ကမ်းစပ် ကုန်းကမ်းပါးပေါ်မှာနေသည့် တဝေလိုလို၊ တစ္ဆေလိုလို၊ စုန်းမကြီးလိုလို နှာခေါင်းမပါ၊ နားရွက်မရှိ မိန်းမကြီး ဒေါ်နန်းအိမ်ကြို့ဟု သိကြရသောအခါ အားလုံး တုန်လှုပ်ချောက်ချားသွားကြသည်။

"ဒီအဘွားကြီး ဆရာကြီးမြေပုံမှာ ဘာလုပ်နေတာလဲ ကိုဖျင်း"

"ငါတို့မြင်ရသလောက် ပြောရရင်တော့ကွာ မြေပုံကို လက်ဝါးနဲ့ပုတ်ပြီး ဒေါသတကြီးကြိမ်းဝါးနေတာ။ တောက်ခတ်လိုက်တာများ အကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ။ ဆံပင်တွေကလည်း ဖားလျားဝဲလို့..။ နောက်ပြီး..''

''နောက်ပြီး ဘာဖြစ်လဲဗျ ကိုဖျိုင်းအောက်ကြီးရဲ့။ ဆက်ပါဗျ..''

''နောက်ပြီး.. ဟို.. ဟို.. ဟိုကွာ.. အဲ.. အဲ..''

ကိုဖျိုင်းအောက်ကြီး ရှေ့မဆက်ရဲ၊ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။ ကျွန်တော်တို့ကာလသားများနှင့် လူကြီးအချို့ကလည်း အဆက်ကို သိချင်နေကြသည်။

''ပြောပါဟ ဖျိုင်းကြီးရ၊ မင်းမေကလွှားမှတဲ့..။ တန်းလန်းကြီး..''

''ကျုပ်.. ကျုပ်.. မ.. မပြောရဲဘူးဗျ။ ကြောက်.. ကြောက် တယ် အစ်ကို.. ခင်ဗျား.. ပြော.. ပြောရဲရင် ပြောလိုက်ဗျာ။ ဟူး..''

ကိုဖျိုင်းအောက်ကြီးရဲ့အသွင်သဏ္ဍာန်က အလွန်ကိုကြောက်လန့်နေ၏။ ပြောရင်းကနေ တောင်မြောက်လေးပါးကို ဂနာမငြိမ်မျက်လုံးနှင့် လိုက်ကြည့်နေလိုက်သေး၏။

''မိကျောင်း.. ဘာတွေထူးလို့လဲကွ..။ ဟင်..''

''ထူးတယ်ဗျ''

''ထူးရင် ပြောလကွာ..။ ချီးမှပဲ..''

ဘကြီးကျောက်ကလည်း လောဆော်၏။ ကာလသားခေါင်းကိုကျောက်ပျဉ်ကလည်း ရဲရဲသာပြော၊ ငါတို့ရှိတယ်၊ မကြောက်နဲ့ဟု အား ပေးရှာ၏။

''ခင်.. ခင်ဗျားတို့.. လျှောက်.. လျှောက်မပြောနဲ့နော်။ စော်ကြ ကျုပ်တို့ညီအစ်ကိုပြောတာများ အဲဒီအဘွားကြီး ကြားသွားခဲ့ရင် ကျုပ်တို့ကို ပြုစားမှာစိုးလို့ပါဗျာ။ နော်.. နော်..''

''အေးပါကွာ မိကျောင်းရာ။ ငါတို့ နှုတ်လုံမှာပါကွာ။ ပြောသာပြော ပါ''

''ဒီ.. ဒီလိုဗျ..။ အဘွားကြီးဟာ ဒေါသတကြီးဖြစ်ပြီး ဦးဖေသိန်း မြေပုံပေါ်က မြေစာတွေကို ဆုပ်ဆုပ်ပြီး ဖောက်ခွဲလွှင့်ပစ်သလိုလုပ်နေတယ်။ မြေပုံကို လက်သီးနဲ့ထုပြီး မြေကြီးကို မျက်နှာအပ်လို့ စကားတွေပြောနေတယ်။ အကြာကြီးပဲ..။ ပြောလို့လည်းဝရော မြေပုံက မြေကြီးကျစ်စာခဲအချို့ကို အဝတ်ထုပ်တစ်ခုနဲ့ထုပ်ပြီး ယူသွားပါ ရောဗျာ''

''ဟာ..''





''ဟယ်..''

''အဲဒါ.. အဲဒါ.. ဘာလုပ်ဖို့လဲဟင်''

''ဘယ်သိမှာလဲ ကိုချစ်စရာရ၊ ခင်ဗျားသိချင် အခုသွားမေးပါလား''

''အေး.. ဟုတ်.. အာ.. ဟာ.. ဟာ.. မိကျောင်းရာ..။ မင်းနှယ် ကွာ.. ဒီမိန်းမကြီးများ သွားမေးရမယ်လို့..။ ဖွီ..''

''မဟုတ်မှ လွဲရောကွ..''

သည်မှာ ဘကြီးကျောက်က လူကြီးပီပီ ချင့်ချိန်ပြီးပြောရာ..

''မဟုတ်ရင်တော့ လွဲတာပေါ့ဗျ''

''အေးပေါ့.. ဟာ.. ဖျိုင်းအောက်ကြီး..။ မင်းတို့ညီအစ်ကိုက ည်း.. ချီးမှပဲ..။ စကားအကောင်းကို ပြောလို့မရဘူး။ ငါပြောတာက ကွ.. ဒီလို..။ ဦးဖေသိန်းကြီးရဲ့ မြေပုံပေါ်က မြေကြီးစာတွေကို အဝတ် ထုပ်ယူသွားတာဟာ သူ ပညာပိုင်းဆိုင်ရာ အစီအရင်တစ်ခုခုလုပ်မလို့နဲ့ တာပဲကွ''

''ဘာပညာပိုင်းအစီအရင်လဲ ဘကျောက်ရ''

''ဒီအဘွားကြီးက စုန်းမကြီးလိုလို၊ ကဝေမကြီးလိုလို မဟုတ်လား။ ကြည့်လေ..။ ဦးရန်အောင်မြင့်နဲ့ဦးဖေသိန်း အဖမ်းမခံရခင် အကြိုညက ထဲကိုဝင်လာတယ်။ စစ်ပြေးဒုက္ခသည်စခန်းမှာ လမ်းလျှောက်၊ ဟိုကြည့် ကြည့် လုပ်နေတယ်။ နောက်နေ့လည်းရောက်ရော ဟိုနှစ်ဦး အဖမ်းခံရပြီး နကင်ပေတိုင်လက်ချက်နဲ့ သေရော။ အခု သချိုင်းက တစ်ယောက်ရဲ့မြေ ကို လာယူတယ်။ ဒီမှာ မိကျောင်းနဲ့ ဖျိုင်းကြီးရ..။ မင်းတို့စဉ်းစားကြည့် ။ သချိုင်းကမြေကြီးကို ဘယ်လိုလူ လာယူရဲမှာလဲ''

''ဟုတ်တယ်..။ ဘကျောက်ပြောတာ စဉ်းစားစရာပဲဗျ''

''အေးကွ..။ ဒီအဘွားကြီး ဘာများလုပ်ဦးမလို့လဲ မသိဘူးနော်''

''ငါထင်တယ် မိကျောင်းရ၊ ဒါ.. ဒါ.. ဒီအဘွားကြီး အောက်လမ်း ညာသည်များရဲ့ ဓလေ့အတိုင်း သူ့စီရင်စရာရှိလို့ လတ်လတ်ဆတ်ဆတ် ာမြေပုံက မြေကြီးကို လာယူတာ နေမှာပဲ''

ဘကြီးကျောက်စကားဆုံးသောအခါ ကျွန်တော်တို့အားလုံး ကြက်သီး း ဖျန်းခနဲဖျန်းခနဲ ထသွားပြီး ခေါင်းနားပန်းများ ကြီးသွားကြသည်။

''ကြောက်စရာ ကောင်းလိုက်တာဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ကြမလဲဟင်"

"ဘာလုပ်လို့ရမှာလဲကွ. .။ သူက ပညာသည်ဥစ္စာ"

"ကျုပ်တို့ အဲဒီအဘွားကြီးကို ကြိုကြိုတင်တင် ဝိုင်းသတ်ပြီး ပင်လယ်ထဲမျှောလိုက်ရင် မကောင်းဘူးလား"

စိန်ကြီးရဲ့အမေးကို အရက်သမား လူမိုက် စိန်ဖြောက်အိုးက ဝင်ပြောလိုက်သည်။

"ငါတို့တော့ သတ်ဖို့နေနေသာသာ သူ့တဲနားဝန်းကျင်တောင် မကာင်ရဲဘူး။ တစ်ခါများ မူးမူးနဲ့ သိချင်လို့ သွားလိုက်တာ တဲနားမှ မရောက်သေးဘူး မြွေတွန်သံတွေ ကြားရပါရော။ မြွေတွန်သံတွေလည်း ဆုံးရော လူမမာညည်းသံလို အသံတွေ ပေါ်လာပါရောဗျာ။ အဲဒါနဲ့တစ်ပြိုင်နက်ပဲ အပုပ်နံ့ကြီးတွေ ထောင်းထောင်းကိုထပြီး နံလိုက်တာ။ အဲဒီနောက် ခြေသံလိုအသံတွေပါ ကြားရပြီး လူကို မနည်း အသက်လုပြေးခဲ့ရတာပဲ"

"ဘာခြေသံမို့လဲကွ။ မြင်ရလို့လား ဖြောက်အိုးရ"

"မြင်ရလို့ ပြောတာပေါ့ ချစ်စရာနဲ့ ကြွက်သိုးရာ"

"ဘာမြင်ရလို့လဲ"

"သရဲ ကိုယ့်လူ. . သရဲ. .။ ငါတို့သုံးယောက်ရယ်၊ ရဲတင်းနဲ့ ပြောင်းတိုလည်း ပါတယ်။ မယုံရင် မေးသာကြည့်။ သရဲမှ ကိုယ့်လူရာ မည်းမည်း အကောင်ကြီးတွေကွ"

"ဘယ်နှကောင်လဲကွ ဖြောက်အိုးရ"

"သရဲကြီးသုံးကောင်ရယ်. . သစ်သားခေါင်းကြီးတွေထမ်းပြီး ငါတို့နောက်ကနေ လိုက်တာများ ကံကောင်းလို့ မသေတာရယ်၊ အဲဒီအချိန်ကစပြီး ဒီမကောင်းဆိုးဝါးမိန်းမကြီးတဲနားဝန်းကျင်ကို ခြေဦးလှည့်ဖို့နေနေသာသာ မျက်စောင်းတောင်မထိုးရဲဘူး ကိုယ့်လူတို့ရေ"

"လူမိုက်ဖြစ်ခဲ့ဖူးသည့် စိန်ဖြောက်အိုးက သူ့အတွေ့အကြုံကို လက်စသတ်လိုက်တော့ အားလုံးအံ့သြကုန်ကြ၏။

လူသေထည့်သည့်ခေါင်းကို ထမ်း၍ လိုက်သည်တဲ့။

ဘုရား. . ဘုရား. . အဲဒီလို မသာခေါင်းနှင့်ထမ်း၍ လိုက်သည်ကို ကျွန်တော်နှင့် ချစ်စရာလည်း ကိုယ်တွေ့ကြုံဖူးသည်။ သို့ဖြစ်၍ ကျွန်တော်တို့က ဖြောက်အိုးရဲ့အဆိုကို ခပ်ရဲရဲကြီးထောက်ခံလိုက်သည်။

စိတ်ကူးသစ်စာပေ



"အဲဒီနေရာက ဟိုအလျင်က ကျတ်ကုန်းလို့ ခေါ်ဖူးသကွ"

"ကျတ်ကုန်း. . ဟုတ်လား ဘကျောက်"

"အေး. . အလျင် အသက်ကြီးများပြောတာ ကြားဖူးတာပါကွာ။ အချို့တံငါသည်တွေ မကြာခဏ အလှည့်စားခံရဖူးတယ်လို့ ပြောတာပဲ။ လူသွားလူလာနည်းတဲ့နေရာပေါ့။ အင်း. . ဒီနေရာ၊ ဒီဝန်းကျင်ကို ခေတ်ပျက်ခေတ်ဆိုးကာလမှာမှ ဘယ်လိုမကောင်းဆိုးဝါးမိန်းမကြီးမျိုးက ရေမျောကမ်းတင် ရောက်လာလဲ မသိပါဘူးကွာ။ စောင့်တော့နားထောင်ကြည့်ကြ ကိုယ့်လူတို့ရေ။ ဖျပန်ကင်ပေတိုင်ကြောက်ရတာတစ်မျိုး။ ချစ်ဘီးနဲ့ ချစ်မီးဆိုတဲ့ သူဆိုးလူရမ်းကားနဲ့ ရှင်ဘုရင်သိန်းမောင်ကို ကြောက်ရတာတစ်မျိုး၊ ဒီအ,ကုသိုလ်မကြီးလန့်ရတာတစ်မျိုးနဲ့ လူဖြစ်ပြီး အသက်ရှည်ရတာ ရှုးချင်ပါ့မောင်တို့ရာ။ ဟူး. ."

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

## အနောက်နန်းမတော်မမြကလေးရဲ့အဆောင်မှ မေတ္တာစီးသံ

"ချောစု. ."

"ဟဲ့. . ချောစု။ ငါခေါ်နေတယ်လေ"

"ဘာတုံး. .။ ယီးတီးယားတားမလုပ်နဲ့နော်။ ဒီမှာ တွေ့လာ

ကျွန်တော်က ပန်းသီနေသည့် ခင်ချောစုကို လှေပဲ့မှနေ၍ ခေါ်လို
သောအခါ သူမက ခါးကြားမှာဝှက်ထားသည့် သစ်သားကနုတ်ရိုးတပ်
မြှောင်ကို အသာလှစ်ပြလိုက်သည်။

လှေသည် အပြန်ခရီးမှာ ရေငြိမ်နှင့်သွားနေ၏။ ချောစုက ဖြ
အပြန် ရလာသည့်ပန်းများကို နှီးကြိုးတစ်ချောင်းနှင့်သီ၍ သီချင်းညည်း
လိုက်ပါလာသည်။

"နင့်ကို ငါပြောစရာရှိလို့"

"ဘာပြောမလို့လဲ. .။ ရည်းစားစကားတော့ လာမပြောနဲ့
ဓားနဲ့ကို မွှေပစ်လိုက်မှာ. . သိလား။ ဟင်း. . ကျုပ်ယောက်ျားသိရင်
မလွယ်ဘူး"

"နင့်ယောက်ျားက ဘယ်သူမို့ ငါကကြောက်ရမှာလဲ။ ပြော. .





"ထိန်လေ. . ထိန်. . နေမင်းထိန်တဲ့. .။ ဂျပန်ကေရာဇ် မင်းရဲ့
ယောက်ဖတော်ပေါ့။ ဒါ. . ရှင်မသိဘူး။ ညံ့ပါ့တော်. .။ ဖွီ. ."

ခက်ကပြီ။

စကားကောင်းလေးများ စမလို့လုပ်လိုက်လျှင် သင်းက ဖောက်ချိ
ဝင်၏။

"ဟ. . ချောစုရ။ နေမင်းထိန်ဆိုတာ ငါဟ. . ငါ. . ငါ. ."

"အဲလို. . ရှင်က နေမင်းထိန်. .။ ဟား. . ဟား. . ဟား. . ဟား. .
ခစ်. . ခစ်. . ခစ်. . ခစ်. . ရယ်ရတယ်ဟော့. . အဟတ်. . အဟတ်. . ခစ်. .
ခစ်. ."

"နင်က ဘာ လူကိုလှောင်တာလဲ။ နေမင်းထိန်က ငါ့နာမည်ကွ"

"ဟား. . ဟား. . ဟား. . ဟား. . နေမင်းထိန်. .။ သူ့ကိုယ်သူများ
နေမင်းထိန်တဲ့. .။ အဟစ်. . ဟစ်. . လူပုံက ငါးကျည်းခြောက်ကြပ်တင်
ပိုင်းတက်ပြီး အရောင်မထွက်တဲ့ရုပ်ကများတော်။ သူ့ကိုယ်သူ နေမင်းထိန်
တဲ့. .။ ကွင်းပိုင်ကိုယ်တော်မြတ်ကြီးရယ်. .။ ဒီ လူ့ဖင်ခေါင်းကျယ်ကို ကြည့်
နေပါနဲ့တော်။ ကျောကုန်းကို နောက်ကနေ ကန်ချပြီး ဟိုဒင်းကို ဥဒ္ဒစ်ထား
လိုက်ပါတော်။ ဟား. . ဟား. . ဟား. . ဟား. . ရှင်က နေမင်းထိန်မဟုတ်
ဘူး။ နေမင်းမှိန်. . အဲဒါလည်း မလိုက်ဖက်ပါဘူးတော်။ ရှင်နဲ့လိုက်ဖက်မယ့်
နာမည်လေးက. . အဲ. . အဲ. . အောင်စုံဖြိုး. . ရေကိုချိုး. . ငါ့သားရွှေတောင်
ရေကိုရှောင်. . အဲ. . ပြီးတော့ မွေးနေ့ သောကြာ တနင်္လာ ကေသာဆံဖြတ်
ပြုရ ဆိုတဲ့အတွက်ကြောင့် စနေသားသည် သောကြာနှင့် ရင်ချင်းဟပ်နေ
တော့ကာ ရပြီ. . ရပြီ. . ရှင့် နာမည်ရပြီတော့. .။ သေမင်းစိန်. . သေမင်း
စိန်. . ကောင်းလိုက်တာလေ။ တော့်နာမည် သေမင်းစိန်. . မှတ်ထားနော်။
အဟတ်. . အဟတ်. . ဟား. . ဟား. . ဟ. ."

အဲဒါသာ ကြည့်. .။ ပြောချင်ရာ လျှောက်ပြောနေသည်။ တော်ကြာ
ကျွန်တော်က လူထူလျှင် သူ့ယောက်ျားဖြစ်လိုက်၊ တော်ကြာ ဂျပန်ကေရာဇ်
ယောက်ဖဖြစ်လိုက်. .။

ခုလည်း အမေနှင့်အပေပေးခဲ့သည့် နေမင်းထိန်နာမည်ကနေ သူနှင့်
တွေ့မှ သေမင်းစိန်ဖြစ်သွားရပြန်သည်။ ကြာလျှင် သူ့လိုပဲ ကျွန်တော်ပါ
သွား၊ ဦးနှောက်ချောင်သွား[illegible]လား မသိ။ နောက်နေ့ကျလျှင် ရွာဦးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှ ပရိတ်ကြိုးလေးဘာလေး တောင်းပြီး ဆောင်ထားမှ တော်ကာကျလိမ့်မည်

"ချောစု.."

"ဘာတုံး..ဘာတုံး..ဘာလို့ အားအားယားယားရှိတိုင်း လွှင့်ခေါ်နေရတာလဲ။ ဒီမှာ အလုပ်လုပ်နေတာ မမြင်ဘူးလား"

"ပြောစရာ၊ မေးစရာ ရှိလို့ပါ ချောစုရာ။ ခဏလေးပါ"

"ရှင်တ ဘာတွေရှည်ချင်လို့လဲ"

မြတ်စွာဘုရား..တပည့်တော်ကို စောင့်ရှောက်တော်မူပါဘုရား

"မရှည်ပါဘူးဟာ..။ တိုတိုပဲ မေးချင်လို့ပါဟ"

"မေးစရာရှိရင် မြန်မြန်မေး။ ဒီမှာ ပန်းက သီလို့မပြီးနိုင်သေးဘူး ကိုကိုနဲ့ ချိန်းထားတာ။ ပန်းတွေ ဝေအောင်ပန်လာဆိုလို့ အချိန်မီအောင် လုပ်နေတာ။ တကတည်း သူက တစ်မှောင့်။ ပြော..ဘာလဲ.. ပြောလေ.."

"နေပါဦးဟ။ ညည်းက ဘယ်ကကိုကိုနဲ့များ ချိန်းထားလို့လဲ"

"သချိုင်းကုန်းက ကိုကိုနဲ့လေ..တော်"

"ဟေ.."

"ခစ်..ခစ်..ကိုကိုကလေ ချောလေးလာခဲ့တဲ့..။ စုလေးလာတဲ့..။ ကိုကို သချိုင်းကုန်းမြေကြီးထဲကနေ စုရောက်တာနဲ့ ထ,လာမယ်တဲ့"

"ဘာ..တကယ်ပဲလားဟင်"

"အို..ကိုယ့်ချစ်သူအကြောင်း မဟုတ်ကဟုတ်က ပြောရမှာလား ရှင်မယုံရင် ဒီညသန်းခေါင်မှာ ရွာဖျားသုသာန်ကို လာကြည့်လှည့်"

အင်း..ရှိစေတော့..ရှိစေတော့..။

"ချောစု.."

"အင်.."

"ညည်း ဟိုအဘွားကြီးတဲကို ရောက်သွားတယ်ဆို"

"အမယ်..ဘယ်အဘွားကြီးတဲပါ့လိမ့်တော်"

"ဟို..ပင်လယ်ကမ်းပါး ကုန်းပေါ်က နှာခေါင်းပြတ်နေတဲ့ အဘွားကြီး ဒေါ်နန်းအိမ်ကြို့တဲကိုလေ"

"ဒေါ်..နန်း..အိမ်..ကြို့..ဟုတ်လား"

"အေး..ဟုတ်တယ်။ ဒေါ်နန်းအိမ်ကြို့တဲကို ညည်းသွားတယ်ဆို"

"အဲဒါ ဒေါ်နန်းအိမ်ကြို့ မဟုတ်ပါဘူးတော့်"





"ဒါဖြင့် ဘယ်သူလဲ"

"အနောက်နန်းမတော် မမြကလေးတော့်"

"ဒုက္ခပါပဲ..။ ကဲ..ကဲ..ထားပါတော့ဟာ။ ညည်း အဲဒီ ပင်လယ်ကမ်းပါးက အနောက်နန်းမတော် မမြကလေးတဲကိုသွားတာ ဟုတ်သလား။ ဘာသွားလုပ်တာလဲဟင်"

"တဲလို့ ချိုးချိုးဖွဲ့ဖွဲ့ မပြောပါနဲ့တော်။ 'အနောက်နန်းမ,ဆောင်'လို့ ပြောပါတော်။ ဘာသွားလုပ်ရမှာလဲတော့။ ဂီတချင်း ဖလှယ်ဘာပေါ့တော်။ သူကလေ ကျုပ်ကို 'ချစ်သမျှကို' သီချင်းရော၊ 'မြူဝန်းလို့နို့' သီချင်းရော ဆိုပြတာတော့်"

"ညည်း အဲဒီမိန်းမကြီးကို မကြောက်ဘူးလား ချောစု"

"အလိုတော်..ဘာလို့ကြောက်ရမှာလဲတော့။ ကျွန်မတွေ့ဖူးသမျှ သူတွေအားလုံးမှာ သူက အချောဆုံး၊ အလှဆုံး။ အယဉ်ကျေးဆုံး ဂီတသဘောအသိသဆုံး။ မိခင်စိတ် အရှိဆုံးတော့..။ ကျွန်မတော့ ဒီခေါ်ကြီးကလေးကို အချစ်ဆုံး။ အခင်ဆုံးပဲ ရှင်ရေ.."

"နေပါဦး..။ ညည်းနဲ့ အဘွားကြီးနဲ့ ဆိုကြ၊ က,ကြသေးဆို..။ ဟုတ်လားဟင်"

"အို..က,တာပေါ့တော်။ ကျွန်မကိုတောင် အဘွားကြီးက ကကြိုး အကွက်တွေ သင်ပေးလိုက်သေးတာတော့်"

"ဟင်..အဘွားကြီးက ညည်းကို အကပါ သင်ပေးသေးတယ်"

"ဒါပေါ့တော့..။ ပလွေလည်း မှုတ်တတ်တယ်။ ပြီးတော့.. ပြီးတော့.."

"ပြီးတော့ ဘာဖြစ်လဲ။ ပြောလေဟာ..ပြောပါ ချောစုရ။ လိမ်မာခဲ့သားနဲ့"

"အို..ပြောချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အမေကြီးက ဘယ်သူ့မှ ပြန်မပြောရဘူးတဲ့"

"အထဲကို နင်ရောက်တော့ အတွင်းမှာ ဘာတွေမြင်ခဲ့ရသလဲဟင် ချောစု"

"အထဲမှာ.."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေဟာ.."

"ဟို..ဟို..ကျောက်ပျဉ်အကြီးကြီး.."

"ပြီးတော့ရော.."

"ဘီလူးရုပ်တုကြီး.."

"ဟော..ဘီလူးရုပ်တုကြီး.."

"အင်း..အကြီးကြီးပဲ။ ကြောက်စရာကြီး"

"နောက်ပြီး ဘာတွေတွေ့သေးလဲဟင်။ ပြောပါဟာ..ညီမလေးကလည်း"

"ဟို..ဟို..အရိုးခေါင်း..အယ်..အယ်..ဘွာ..ဘွာနော်..ဘွာ.."

သူမက လွှတ်ခနဲပြောလိုက်ရင်း ပါးစပ်ကို လက်ဝါးနှင့်ပိတ်၍ 'ဘွာ..ဘွာ..' ဟု တောင်းပန်စကားဆိုတော့၏။

"အရိုးခေါင်း..ဟုတ်လား"

"အို..ဟုတ်ဘူး..ဟုတ်ဘူး..။ ရှင်..ရှင်..ဘာတွေလျှောက်မေးနေတာလဲ။ **အမေကြီး**နဲ့တိုင်ပြောမယ်..ပြောမယ်.."

"ဟ..ဟ..ချော..ချောစု..။ မ..မတိုင်ပါနဲ့ဟာ။ ငါ..ငါကနင့်အတွက် စိုးရိမ်လို့ မေးရတာပါ"

"နေပါဦးတော့..။ ရှင်က ကျွန်မကို ဘာလို့ အရမ်းစိုးရိမ်နေရတာလဲ"

"အင်..အင်..အဲ..အဲ.."

"ပြောပါဦးတော့..။ ဘာလို့ စိုးရိမ်နေရတာလဲ"

"အဲ..ဟို..ဟိုဒင်း..အဲ..ဟာ..ဟို..ဟို.."

"ခစ်..ခစ်..ခစ်..မဟုတ်မှလွဲရော။ တော် ကျုပ်ကို ကြိုက်နေ၊ ချစ်နေပြီနဲ့ တူတယ်။ ဟုတ်လား..။ ခစ်..ခစ်..ခစ်.."

"ဟင်.."

"ဟား..ဟား..ဟား..ဟား..ခစ်..ခစ်..ခစ်..။ ဟုတ်မှာပါတော်..။ ရှင့်မျက်နှာပေါ်မှာ အဆီတွေ၊ အခိုးတွေ ပျံနေတာ ကျုပ်တွေ့ပါတယ်တော်။ ကျုပ်ကို ကြိုက်နေပါပြီ၊ ခစ်..ခစ်..ခစ်.."

"ချော..ချောစု..ငါက..နင့်ကို..နင့်ကိုလေ.."





"တွေ့လား.."

"အမလေးဗျ.."

ကျွန်တော် ဝမ်းသာအားရနှင့် လေ့တက်အရှိန်ကိုလျှော့၍ သူမအနီးသွားပြီး စကားပြောရန် ပြင်လိုက်စဉ် သူမက ခါးကြားမှ သစ်သားကနုတ်နင့်ဓားမြှောင်ကို လှစ်ခနဲထုတ်ပြီးချိန်လိုက်သောအခါ ကျွန်တော့်ခြေလှမ်းများသည်ပေါ်မှာ တန့်သွားပြီး အူရော၊ အသည်းပါ တုန်ခါ၍သွားခဲ့ရလေသည်။ အချိန်၌ သူမသည် ကျွန်တော့်ဖြစ်အင်ကိုကြည့်ပြီး ဓားကို လေထဲမှာယမ်းကာ အားရပါးရရယ်မောလျက်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

## သချိုင်းကုန်းထဲက လူခေါင်းခွံပတ္တလားတီးသံ

ခုနစ်ပိုင်းအတွင်း ကျွန်တော်တို့ဒေသဘက်မှာ ကောလာဟလလိုလို တကယ်လိုလို အသံတွေ ကြားနေရသည်။

ဖက်ဆစ်ဂျပန်ကို တော်လှန်ဖို့ လျှို့ဝှက်အဖွဲ့အစည်းများ ပေါ်နေသည်တဲ့။

ဖက်ဆစ်ဂျပန်ကလည်း ဆိုးလိုက်တာမှ တာတေကိုလန်လို့။

နောက်လာတဲ့မောင်ပုလဲ၊ ဒိုင်းဝန်ထက်ကဲနေ၏။

အင်္ဂလိပ်နယ်ချဲ့အစိုးရက မြန်မာသီပေါမင်းကို ခေတ်မီလက်နက်အားကိုးနှင့် အနိုင်ကျင့် ခြိမ်းခြောက် ကောက်ကျစ်စဉ်းလဲမှုများစွာနှင့် မတရားသိမ်းပိုက်ပြီး အုပ်စိုးခဲ့သည့်မှာ အနှစ်ရာချီခဲ့ပြီ။

မြန်မာ့သယံဇာတ မြေပေါ်မြေအောက် အဖိုးတန်ပစ္စည်းများအားလုံးကို ငါ့မင်းငါ့ချင်း သိမ်းပိုက်ပြီး တစ်မျိုးသားလုံးကို အဖက်မတန်သလို ကျွန်ပြု အုပ်စိုးခဲ့သည်။

အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ကို တော်လှန်ရန် စိုင်းပြင်းကြိုးစားသူများအား ရက်ရက်စက်စက်နှိပ်ကွပ်ခဲ့သည်။

စိတ်ကူးသစ်စာပေ



မျိုးချစ်တော်လှန်ရေးသမားကြီး ဂျွန်ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကို မမြင်ဝံ့ မကြားရဲ ရိုင်းပျရက်စက် ကြမ်းကြုတ်စွာ နှိမ်နင်းခဲ့သည်။

ကိုယ့်မြေပေါ် ကိုယ်နေပြီး ဆယ်သမားက စားရမဲ့ ဝတ်ရမဲ့ ဖြစ်နေ၏။

နယ်ချဲ့အင်္ဂလိပ်ခေါ်လာခဲ့သည့် ချစ်တီးကုလား လူမျိုးခြား တိုင်းတစ်ပါးသားများက မြန်မာ့မြေပေါ်မှာ အတိုးကြီးပေးစား၊ အတိုးနှင့် လယ်သမားဘဝ၊ ယာသမားဘဝကို မြေမျို ကြွေးတင်စေပြီး သည်အကြွေးပုံပေါ်မှာ သူတို့က ခါးထောက်ရပ်ပြီး ပြုံးပန်းပန်လို့. . ။

ဒဂုံခေါ် ရန်ကုန်မြို့ကြီးလည်း ကြည့်ဦး. . ။

တစ်ချိန်က မြန်မာတိုင်းရင်းသားများ ဓားမဦးချ နေခဲ့ကြသည့် ရွှေဘုရားမျိုးဘုရားရှိရာ အရပ်သည်လည်း အင်္ဂလိပ်၊ ချစ်တီးကုလားနှင့် ဂူလေဗီကုလားများ ကျွဲနွားမွေး၊ လန်ချားဆွဲရာ၊ ကုန်တိုက်နှင့် ဈေးများဖွင့်၍ စီးပွားရှာရာအရပ် ဖြစ်ခဲ့ရပြီ။

ကုလားစကား၊ အင်္ဂလိပ်စကား၊ ဟိန္ဒူစတန်နီစကား မပြောတတ်လျှင် မြန်မာလူမျိုးစစ်စစ်များ လူရာမဝင်ချင်သလို ဖြစ်ခဲ့ရသည်။

ကျွန်တော်တို့အရပ်ဒေသ ခရမ်းမြို့ဘက်မှာ အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်ပုန်ကန်လိုသည့် လယ်သမားသူပုန်အဆက်များ ရှိသည်ဆိုပြီး ရွာအတော်များများမှ အပြစ်မဲ့လယ်သမားများကို အသားလွတ် သေနတ် လက်နက်မျိုးစုံနှင့် ပစ်ခတ်သွား၍ လယ်သမား၊ ယာသမားများ များစွာ သေခဲ့ရသည်။

စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ မီးရှို့ခံရသည်။ အထက်မြန်မာပြည်မှာ အများအပြား သုတ်သင်ခံရ၏။ ထောင်ချခံရ၏။

ဓားရှည်မကိုင်ရ၊ လှံရှည်မကိုင်ရ၊ ဒူးလေး၊ လင်းလေး မကိုင်ရ အမိန့်ထုတ်ခဲ့၏။

ငါးအိမ်ကို ဓားမတစ်ချောင်း အလှည့်နှင့် စုသုံးရသည်။

ကိုယ့်မြေပေါ်က သယံဇာတအသီးအပွင့်များကို စိုးစဉ်းမျှ မခံစားရဘဲ ကျွန်တွင်းမှာ နစ်သထက်နစ်ရင်း နစ်မြုပ်လာတော့ အင်္ဂလိပ်နယ်ချဲ့ကို မောင်းထုတ်နိုင်မည့်သူအား ရှာကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ဂျပန်က အာရှမှာ လူဝံစား၊ လူစွန့်စား ဖြစ်လာခဲ့

ဂျပန်နှင့်ပူးပေါင်းပြီး မြန်မာတစ်မျိုးသားလုံး ကိုလိုနီနယ်ချဲ့ အင်္ဂလိ ကို မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ်ခဲ့၏။

ဂျပန် ဘာလဲ. .။

ဖက်ဆစ်ဆိုတာ ဘာလဲ. .။

ကျွန်တော်တို့ တောသူတောင်သားများ လုံးဝမသိ။

'မြန်မာပြည် သာတူညီမျှ ကောင်းစားရေးဝါဒ' ဟု အသံကောင် ဟစ်ပြီး ဓားမြှောက်၍ ဝင်လာ၏။

ပန်းကုံးစွပ်၍ ကြိုကြ၏။ ဗြောစည်တီး၍ ကြိုကြ၏။

ခုတော့ ဂျပန်ဘာလဲ၊ ဖက်ဆစ်ဘာလဲဆိုတာ သုံးနှစ်ခန့်မျှ အတွင်း ကွင်းကွင်းကွက်ကွက် အဖြေပေါ်ခဲ့ပါပြီ။

သူလည်း အင်္ဂလိပ်နယ်ချဲ့နှင့် ဘာမျှမထူးခြား။

ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်၊ ရဟန်းသံဃာများကို နှိပ်စက်သည်။ လူထုကို အနိုင်ကျင့်သည်။

'ချွေးတပ်' ဆိုသော လုပ်အားကျွန်များ အခမဲ့စုဆောင်းပြီး သံ ဇရပ် သေမင်းတမန်မီးရထားသံလမ်းကို ဖောက်ခဲ့ရာ မြန်မာပြည်အရပ်ရပ် လူတွေ သောင်းချီ၊ သိန်းချီပြီး တောနက်ထဲမှာ ကျားစားခံရ၏။

ဝမ်းရောဂါနှင့် သေကြ၏။ ဖဲရောဂါ၊ ငှက်ဖျားရောဂါနှင့် သေကြ၏။

အနှိပ်စက်ခံရ၍ သေရ၏။ အလုပ်ဒဏ်မခံနိုင်၍ သေရ၏။

ကျွန်တော်တို့ မီးပြ၊ ပန်းတောမှ ကိုရွှေသိန်း၊ ကိုကြီးမြင့်၊ ကိုလှ ကြီးတို့ ဂျပန်ချွေးတပ်ထဲ ပါသွား၏။

ကိုလှဒင်ကြီး အရဲစွန့်ထွက်ပြေး၍ ပုန်းလျှိုးကွယ်လျှိုး ပြန်ရောက် လာ၏။ ရောက်လာတော့ လူရုပ်မပေါ်တော့။ အရိုးပေါ်အရေတင်၊ ဝဲစိုအနာ ဗလပွနှင့် မျက်နှာရောင်အမ်းလို့. .။ ငှက်ဖျားက အဆစ်ပါ လိုက်သေး

ရွာရောက်ပြီး နှစ်ရက်ပဲခံသည်။ ကိုလှဒင်ကြီး ဝမ်းလျှော၍ သေ သည်။

ကိုရွှေသိန်းနှင့် ကိုကြီးမြင့်ရောဟု ရွာက အမျိုးများက ဝိုင်းမေး တော့ ကိုကြီးမြင့်က ကျားဆွဲ၍ သေပြီး ကိုရွှေသိန်းက ထွက်အပြေး သေနတ်နှင့်အပစ်ခံရလို့ နေရာတင် ပွဲချင်းပြီးသေသည်တဲ့။





ဖက်ဆစ်ဂျပန်အဝင်ကား ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး ရွာမလိုလိုနှင့် နောက်ဆုံး ဝဲ၊ သန်းချေးမနှင့် ဆပ်ပြာမရှိ၊ ဆီမရှိ၊ အဝတ်အစားမရှိ၊ ရဲ့ ကျပ်တည်း ငတ်မွတ်လှသည့် ဘဝဆိုးကို သုံးနှစ်သုံးမိုး ရင်ဆိုင်ကြရ ၏။

တိုင်းသူပြည်သား ဘယ်လိုဝတ်သေသေ ဂျပန်အစိုးရက ဂရုမစိုက်။ တို့ ရိက္ခာလိုအပ်လာလျှင် ရှိသမျှ တွေ့သမျှ စပါး၊ ဆန်များကို ရိက္ခာ သို့ငှာ အဓမ္မသိမ်း၏။

ကျွဲ၊ နွား၊ ဝက်၊ ကြက်များ ဂျပန်စစ်တပ်ရိက္ခာဘဝ ရောက်၏။

အမျိုးကောင်းသားသမီးများ အမျိုးသားသစ္စာဖောက် လောက် ကောင်များနှင့် ဂျပန်ကင်ပေတိုင်လက်ချက်ကြောင့် ပန်းကောင်းအညွန့်ကျိုး ၏။

နောက်ဆုံး မြန်မာလူထု သည်းမခံနိုင်တော့။

မြန်မာ့တပ်မတော်ကလည်း ပေါင်းသာပေါင်းနေရသည်။ ကြာလျှင် မြန်မာတစ်မျိုးသားလုံး ဖက်ဆစ်ဂျပန်၏ ကျွန်ဘဝနှင့် လုံးပါးပါးရမည့် အခြေ နေကို သိလာခဲ့သောအခါ. .

လျှို့ဝှက်တော်လှန်ရေးအဖွဲ့များ နေရာအနှံ့မှာ ဖွဲ့စည်းကြပြီး လက် နက်စုဆောင်းကြသည်။ ရိက္ခာစုဆောင်းကြသည်။ လူသူစုဆောင်းကြသည်။ လျှို့ဝှက်စစ်သင်တန်းများ ပေးခဲ့ကြသည်။

သည်လိုအသံများကိုကြားတော့ မသင်္ကာသူမှန်သမျှကို ဂျပန်ကင်ပေ တိုင်များက ဖမ်းဆီးပြီး ကင်ပေတိုင်စစ်အကျဉ်းစခန်းများမှာ နှိပ်စက် ပြန်းကြသည်။ စစ်ဆေးသည့်ဒဏ်မခံနိုင်၍ မျိုးချစ်တော်လှန်ရေးသမား အသက်ဆုံးရှုံးရ၏။

အခု ကျွန်တော်တို့အရပ်မှာ မျိုးချစ်တော်လှန်ရေးသမားများ ရောက် သလိုလို အသံကြားရ၏။

ညသန်းခေါင်မှာ မြင်းခွာသံများ ကြားရသည်။

ဂျပန်စစ်သားများ လိုက်လံပစ်ခတ်သံ ကြားရသည်။

အချို့ကတော့ ညဘက်ညဘက် ကြားရသည့် မြင်းခွာသံများသည် ခေါင်းဆောင်ချစ်တီးနှင့် ချစ်မီးတို့ ညီအစ်ကို၏ မြင်းခွာသံဟု ဆိုကြ၏။

အချို့က ရှင်ဘုရင်သိန်းမောင်ခေါ် ဓားပြလူဆိုးကြီးနှင့် သူ့နောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်များရဲ့ မြင်းခွာသံဟု ဆိုကြပြန်၏။

တချို့ကတော့. .

ပင်လယ်တမ်းခြေ ကျွတ်ကုန်းများမှ ကျွတ်တစ္ဆေများရဲ့နေရာပြောင်းသံများဟု ဆိုကြပြန်၏။ မည်သို့ဆိုစေ သမိုင်းကြောင်းရှိခဲ့ဖူးသည့် အရပ်ဒေသများမို့ ဖက်ဆစ်ဂျပန်များက အာရုံစိုက်နေ၏။

စစ်ပြေးများခိုလှုံရာအရပ်မို့ သည်ဝန်းကျင်မှာ အင်္ဂလိပ်အစိုးရခေတ်မင်းမှုထမ်းများ ရောက်ရှိနေသည်ကို သူ့တို့က မသင်္ကာခဲ့။

အင်္ဂလိပ်နှင့်မြန်မာ ပြန်ပေါင်းထုပ်၍ ဂျပန်ကိုတော်လှန်မည်ဆိုသောသတင်းစကားကလည်း တဘောင်လိုလို၊ သိုက်စာလိုလို ပေါ်နေသည်။

ကျွန်တော်တို့ရွာနီးဝန်းကျင်သည် ကျီးလန့်စာစား ဖြစ်နေကြ၏။

ဟိုလူ့အတွက် စိုးရိမ်ရ၊ သည်လူ့အတွက် စိုးရိမ်ရ. .။ ဂျပန်ကလည်း သင်္ကာမကင်းရှိသည်နှင့် လာဆွဲခေါ်၏။ သူတို့ခေါ်သွားသူများ လုံးဝပြန်လမ်းမရှိခဲ့။

တစ်နေ့ညသ. .

ရွာဖျားသုသာန်မှာ မသင်္ကာဖွယ်ရာ အသံနှင့် လှုပ်ရှားမှုများ ကြားရသည်ဟု သတင်းရ၍ ကျွန်တော်တို့ကာလသားများ သုသာန်ရှိရာသို့ အခဲစွန့်လာခဲ့ကြသည်။

ကျွန်တော်၊ ချစ်စရာ၊ ကိုကျောက်ပျဉ်နှင့် ဖိုးသံချောင်းတို့ဖြစ်သည်။

ညက လဆန်းငါးရက်ည. .။ လရောင်က ကောင်းကင်မှာ ဝေဝေဝါးဝါး။ ကျွန်တော်တို့ သချိုင်းကုန်းရှိရာသို့ ချုံဖုတ်များ၊ ဝါးပင်များကို အကာအကွယ်ယူ၍ ချဉ်းကပ်လာကြသည်။

သည်မှာ မမျှော်လင့်ဘဲ အဘွားကြီးဒေါ်နန်းအိမ်ကြို့၏ လှုပ်ရှားမှုကို အလျင်ဦးစွာ တွေ့ရ၏။ အဘွားကြီးဒေါ်နန်းအိမ်ကြို့သည် အလျင်တစ်ခါလိုပဲ ဂူများကို တောင်ဝှေးနှင့်ထိုး၍ ခေါက်နေ၏။

အချို့ကို မီးခြစ်နှင့်ခြစ်၍ ကြည့်နေ၏။

တစ်ဂူပြီးတစ်ဂူ လိုက်ပြောင်းရှာနေ၏။ ဂူတွေက အများကြီး။ ရှေးအစဉ်အဆက် သချိုင်းဖြစ်၍ ဂူများက ပြိုသည့်ဟာပြို၊ ကောင်းသေးသည့်ဂူက ကောင်းဆဲ။

ဂူများကို တုတ်နှင့်ထိုး၍ရှာလိုက်၊ မြေပုံဟောင်းများကို တောင်ဝှေး





နှင့် ထိုးစိုက်မွှေနှောက်၍ ရှာလိုက်နှင့် အလုပ်များနေ၏။

"သူဘာလုပ်နေလဲ ငထိန်"

"မသိဘူး ကိုကြီးကျောက်ပျဉ်။ အဲဒါမျိုးလုပ်နေတာ ဒီသချိုင်းမှာမှ မဟုတ်ဘူး။ သချိုင်းတွေ့သမျှ ညဘက်ရောက်ရင် အဲဒီလို လျှောက်ပြီးစူးစမ်းနေတာ ကြာပြီဗျ။

"တစ်ခုခုတော့ တစ်ခုခုပဲကွ"

"ဟုတ်တယ်ဗျ. .။ အကြံအစည်တစ်ခုခုတော့ရှိလိမ့်မယ် ထင်တာပဲ။ တစ်ခါ ကျုပ်တို့ လာချောင်းရင်း သရဲအလိုက်ခံရတာ ဒီသချိုင်းပေါ့ဗျ"

"သူ ဆေးစီရင်ဖို့များလားကွ"

"ဘာဆေးစီရင်လို့ ရလို့လဲ ကိုကြီးကျောက်ပျဉ်ရ"

"အချို့က သချိုင်းကုန်းမှာ ဗောရိသာရဆေးစီရင်ဖို့ လုပ်တာရှိတယ်၊ အချို့ပညာသည်များကျတော့ သချိုင်းကုန်းက အပျို လူပျိုဦးခေါင်းကို လိုက်ရှာပြီး ပယောဂအစီအရင်လုပ်တာလည်းရှိတယ်ကွ ငထိန်ရ"

"ဒါဖြင့် ဒီအဘွားကြီးက အဲဒီလို ပယောဂ အောက်လမ်းပညာနဲ့ စီရင်စရာရှိလို့ လိုက်ရှာနေတာလို့ ကိုကြီးကျောက်ပျဉ်က ပြောချင်တာလား"

"ကျိန်းသေကံမတော့ မပြောနိုင်ဘူးလေကွာ။ သူ့ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်၊ စောင့်ဖမ်းပြီးမှ ပြောလို့ရမှာပေါ့။ ဟော. ."

"ဟော. . ဘာသံလဲကွ"

"ဖြောင်း. . ဖြောင်း. . ဖြောင်း. ."

"ခွပ်. . ခွပ်. . ခွပ်. ."

"ခွပ်. . ခွပ်. . ခွပ်. ."

"မြင်းခွာသံတွေကွ"

"ဟုတ်တယ်. .။ မြင်းခွာသံတွေ. .။ ပုန်းနေကြ"

ကျွန်တော်တို့ ဟိုး. . ရွာဖျားပင်လယ်ဘက်မှ မြင်းခွာသံများ ကြားရ၍ ချုံဖုတ်များအတွင်း အသာပုန်းနေလိုက်ကြသည်။ တားပြဗိုလ် ရှင်ဘုရင်သိန်းမောင်တို့ ရွာတွေများ ဝင်စီးကြရော့လား။

ဒါမှမဟုတ် အသတ်အဖြတ်ရက်စက်သော ချစ်တီးနှင့်ချစ်မီး ညီအစ်ကို လူဆိုးများအဖွဲ့လေလား။

မြင်းခွာသံများက မလှမ်းမကမ်း အသံတကြားအရပ်မှဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အသာချောင်းကြည့်လိုက်တော့ မြင်းခွာသံများရှိရာအရပ်သို့ ထူး
ဆန်းသောအဘွားကြီး ဖေါ်နန်းအိမ်ကြို့ ပြေးသွားနေသည်ကို လရောင်ဖ
နှင့် မြင်လိုက်ရသည်။

ပြေးသွားရင်း လက်ကို တိမ်ကွယ်၍ လူလုံးပျောက်သွားခဲ့၏။

ရှေ့မှာက ကုန်းကမူများ၊ ကျင်းချိုင့်များ၊ သစ်ပင်အုပ်၊ ဝါးပင်အု
များ . . ။

အဘွားကြီးကို ကျွန်တော်တို့ မမြင်ရတော့။

မြင်းခွာသံများ ရုတ်ချည်းရပ်တန့်သွားသံ ကြားရသည်။

အဘွားကြီးတော့ အဲဒီမြင်းခွာသံပိုင်ရှင်များနှင့်တွေ့လျှင် သေလိ
မည်။

ခုတလော သည်အဘွားကြီး မော်ဝန်းချောင်းမှ ဟိုဘက် ကျော
တန်းမြို့ထဲရှိရာသို့ ကူးသွားနေသည်ကိုလည်း မကြာခဏ မြင်ရသည်

ထူးဆန်းသည်မှာ သူမကြီးကို ကူးတို့လှေသမားများက ကြော
ရွံ့နေ၍ သူ ဟိုဘက်ကမ်းကိုကူးဖို့ လှေငှားလျှင် မည်သူမျှ မလိုက်ရဲကြ
အခြားခရီးသွားများနှင့် အတူလိုက်မည်ဟု ဆိုလာလျှင် လှေပေါ်ရော
ခရီးသွားများက ကြောက်လန့်ပြီး လှေပေါ်မှ ဆင်းသွားကြတော့၏။

ကူးတို့လှေသမားကလည်း သည်လို ကြောက်စရာကောင်းလှသည
အရုပ်ဆိုးဆိုး ဘာမှန်းညာမှန်းမသိရသည့် မိန်းမကြီးကို လိုက်မပို့ရဲ၊ လေ
လှော်တက်ကို ပစ်ချ၍ သူလည်းပြေးတော့၏။

သူမကို ကူးတို့လှေသမားများရော၊ ခရီးသည်များရော အလွန်
ကြောက်ရွံ့ထိတ်လန့်နေမှန်း သိသွားသောအခါ ချောင်းကမ်းပါးကုန်းပေါ
အရှူးမကြီးလို အော်ဟစ်ရယ်မောနေလေ့ရှိ၏။

ခေါက်တုံ့ခေါက်ပြန် လူးလာလမ်းလျှောက်ပြီး ပါးစပ်မှလည်း မ
လိုလို၊ ဂါထာလိုလို စာဆန်းများရွတ်၍ အော်ပြီးရယ်၏။ မြစ်ပြင်၊ ချောင်းပြင
လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်တွေ့၏။ ကြိမ်းဝါး၏။

"ဟင် . . ငါ့ကို မော်ဝန်းချောင်းကပါ ရွံ့နေပြီပေါ့လေ။ ကူးတို့သမ
တွေရော၊ ရွာသူရွာသားတွေရော ရွံ့ကြောက်မုန်းတီးနေကြပြီကိုး။ ဟား
ဟား . . ဟား . . ဟား . . ။ ဟေ့ . . မော်ဝန်းချောင်းရဲ့၊ နင့်ကျောကုန်းပေါ
နေ ငါလိုက်မှာကို နင်ကလည်း ကန့်ကွက်နေတာပေါ့ . . ဟုတ်လား၊ ဟား





ဟား . . ဟား . . ဟား . . နင်တို့အားလုံး ငါ့အကြောင်း တစ်နေ့သိရမှာပေါ့ဟား။
နန်းအိမ်ကြို့ ဘာလဲဆိုတာ နင်တို့အားလုံး တစ်နေ့ကျရင် ကောင်းကောင်း
ကြီးသိရမယ်ပေါ့။ ဟား . . ဟား . . ဟား . . ဟီး . . ဟီး . . ဟီး . . ဟီး . . ။
ပြီစွာရာသီဖွားနန်းအိမ်ကြို့တဲ့ပေါ့။ ဟား . . ဟား . . ဟား . . ဟား . . "

သည့်နောက် သူမသည် ဆံပင်ဖားလျားကြီးကို ဘယ်ညာယမ်းခါ
ပြီး မော်ဝန်းချောင်းကို လက်ညှိုးငေါက်ငေါက်ထိုး ကြိမ်းဝါးပြောဆိုပြီးနောက်
ကူးတို့လှေသမားများအားလုံးကို မျက်လုံးနီရဲရဲကြီးနှင့် ရန်လိုမုန်းတီးသလို
စိုက်ကြည့်ပြီး ဟိုး . . ရွာဘက်ကို အော်ဟစ်ရယ်မောလို့ ပြေးရော။

နောင်အခါ အားလုံး လက်လျှော့အံ့သြရသည့်အဖြစ်ကို ကျွန်တော်
တို့အားလုံး ကိုယ်တွေ့မြင်လိုက်ရတော့သည်။

တစ်နေ့ သူမ အထက်ချောင်းဆီမှနေ၍ လှေတစ်စင်းနှင့် စုန်ဆင်း
လာ၏။ လှေကို ဖေါ်နန်းအိမ်ကြို့ကိုယ်တိုင် လှော်ခတ်လာသည်ကို အားလုံး
မြင်ကြရသည်။ နောင် . . စုံစမ်းကြည့်သောအခါ ဖေါ်နန်းအိမ်ကြို့ လှေတစ်စီး
ဝယ်လိုက်သည်တဲ့။

သူ့လှေကို ပန်းတောလှေဆိပ်မှာ ငုတ်ရိုက်၍ ချည်ထား၏။ သူသွား
လိုသောအခါ လှေကြိုးဖြုတ်ပြီး ချောင်းကိုကူး၏။ ဘယ်သူကမှ သူ့လှေကို
မျက်ဆီးရဲ။

မိုးမှောင်မှောင်၊ မိုးညို့ညို့၊ လေဘယ်လောက်ပဲထန်ထန် ကူးတို့
လှေသမားများ လုံးဝမကူးရဲသည့် အချိန်အခါမျိုးမှာပင် သူမတစ်ယောက်
တည်း လှေတစ်စင်းနှင့် လှိုင်းကြားလေကြား ကူးလေ၏။

သည့်ထက်ပို၍ ထူးဆန်းသည်ကား . .

ထူးဆန်းလှသော ရုပ်ပျက်ဆင်းပျက် ကြောက်စရာမိန်းမကြီး လှော်
သည့်လှေပေါ်မှာ အရှူးမလေးခင်ချောစုကို သီချင်းတကြော်ကြော်အော်ဆိုရင်း
နှင်းလိုက်ပါလာသည်ကို မြင်ကြရသောအခါ ကျွန်တော်တို့အားလုံး ထူး
ဆန်းသောမိန်းမနှစ်ယောက်ကို ခေတ်ပျက်ခေတ်ဆိုးကြီးအကြား အံ့သြဘနန်း
ငေးကြရလေသည်။

ခုလည်း ကျွန်တော်တို့ မသက်မဖွယ်ကောင်းလှသည့် ဖေါ်နန်းအိမ်
ကြို့ရဲ့လှုပ်ရှားမှုကို ချောင်းမြောင်းနားစွင့်နေကြသည်။

မြင်းခွာသံများ တိတ်သွားသည်။



www.burmeseclassic.com

အဘွားကြီး သချိုင်းထဲမှ ရုတ်ချည်းပြေးထွက်သွားသည်။

ကောင်းကင်ကြီး မည်းမှောင်သွားပြီး ဘာမှမမြင်ရ။

ငါးမိနစ်ခန့်ကြာတော့ မြင်းခွာသံများ ဒုန်းစိုင်းပြေးသွားသံမျိုး ကြာ လိုက်ရသည်။ မကြာခင် ထူးဆန်းသောအဘွားကြီး တရွေ့ရွေ့ သချိုင်း ပြန်ဝင်လာနေသည်ကို မြင်လိုက်ရသည်။

"ဘာသံလဲဟေ့"

"အေးဟ. . နားထောင်စမ်း"

"ငွပ်. . ခွပ်. . တိန်. . တောင်. . ငွပ်. ."

"ငွပ်. . ခွပ်. . တိန်. . တောင်. . ဌပ်. ."

"ဟော. . သီချင်းသံ။ သရဲတွေ သီချင်းဆိုနေပြီဗျ ကိုကြီးကျော

ချစ်စရာက ကြောက်ကြောက်လန့်လန့်နှင့် အနားတိုး၍ ပြောလို ၏။

"စိန်ခြူးကြာညောင်××လရောင်တွေလင်းပါလို့×× မှန်ရွှေကူပြတင် ရယ်က××မယ်ခုမျှော်×××သုံးချက်စည်တော်××ရိုက်ခေါ်လို့ညှင်းတယ်လေး လင်းပြန်လုနော်×××"

"ဟ. . ဟ. . ငထိန်ရ။ ဒါ. . ဒါ. . မင်းကောင်မလေးအသံဟ"

"ဟင်. . ချောစု. . ချောစုအသံပါလားဗျ. . ဟင်. ."

"အေးကွ. .။ ဘယ့်နှဲ့ သချိုင်းကုန်းထဲ ညကြီးသန်းခေါင်ကြ သီချင်းလာဆိုနေပါလိမ့်ဗျာ။ လာဗျာ. .။ အနားသွားတိုးကြည့်ကြရအောင် အသံကတော့ ချောစုအသံမှ ချောစုအသံအစစ်ပဲဗျ"

ကျွန်တော်တို့ မြေပြင်ကို မှောက်လျားထိုး၊ လေးဖက်ထောက် လည်းကောင်း၊ မြေပုံများကို အကာအကွယ်ပြု၍လည်းကောင်း အသာချ ကပ်သွားလိုက်ကြသည်။

"ဟာ. ."

"အလိုလေး. . လေး. ."

"ဘုရား. . ဘုရား. ."

မြင်လိုက်ရသည့်မြင်ကွင်းကား ရင်သိမ့်တုန်စရာ ကောင်းလိုက်ပါသ ပြန်လင်းလှဲ့လှဲ့လရောင်အောက်မှာ အရှုမလေးခင်ချောစုသည် သချိုင်းထဲ အရိုးခေါင်းငါးလုံးကို တန်းစီ၍ တုတ်တစ်ချောင်းနှင့် ပုံတီးသလိုတီးနေပြ





ချင်းကို အားရပါးရပာစ်နေပါတော့သည်။

မျက်ကွင်းဟောက်ပက်အရိုးခေါင်းများသည် သူမကို ကြည့်နေကြ၏။ တုတ်တိုကျသံက တငွပ်ငွပ်တဂေါက်ဂေါက်နှင့် ဆိုင်းချက်ကျနေ၏။ သူမအနီး ၌ ဆံပင်ဖားလျားနှင့် အဘွားကြီးဒေါ်နန်းအိမ်ကြို့က လက်ဝါးတီး၍ စည်း ကိုက်ပေးနေ၏။

"တောင်. . တောင်. . တိန်. ."

"ဘာလဲ. . ကိုကျော်. ."

"ပြန်. . ပြန်. . ကြစို့. .။ နှစ်ယောက်စလုံး ရူးနေကြတာ"

"ခဏလေး ကြည့်ပါဦးဗျ"

"မကြည့်နဲ့. .။ ပြန်မယ်. .။ ကြာရင် ငါတို့ကိုပါ အစိမ်းသရဲတစ္ဆေ ပတွေ မိလာလိမ့်မယ်"

သို့ကလိုရှိစဉ် နောက်ဘက်မှ ချစ်စရာနှင့် သံချောင်းတို့ရဲ့ ငယ်သံပါ အောင် အော်လိုက်သည့်အသံကို ကြားလိုက်ရ၍ ဖြုန်းခနဲလှည့် ကြည့်လိုက် သောအခါ ချစ်စရာနှင့်သံချောင်း ပြေးသည့်မြင်ကွင်းကို မြင်လိုက်ရသည်။ ဘာကြောင့် သူတို့ပြေးရတာလဲဆိုတာကို သိလို၍ ဝန်းကျင်ကို ကြည့်လည်မျက်စိကစားလိုက်သောအခါ. .

"ဟာ. ."

"ဟ. . ဟ. . င. . ငထိန်. ."

"အမလေး. ."

"သ. . သ. . ရဲ. . သရဲ. ."

နောက်ဘက် သုံးလံကွာ မြေပုံကျင်းထဲမှ ငုတ်တုတ်ထိုင်နေသည့် မည်းမည်းကြီးနှစ်ဦး. .။

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

"အည်း. . ဟီး. . ဟီး. . ဟီး. . ဟီး. ."

"ပြေး. . ပြေး. ."

"မြန်မြန်ပြေးဟ ငထိန်ရ။ သရဲဟ. ."

မည်းမည်းကြီးနှစ်ဦးသည် ပါးစပ်မှ ညည်းသံ၊ ဟီးသံပြောပြီးနောက် ခေါင်းကိုထပ်မံလိုက်ပြီး ထ,သည်ကို ရုတ်ချည်းမြင်လိုက်ရသောအခါ ကျွန်တော် နှင့် ကာလသားခေါင်းကိုကျော်ပျို စဉ်းစားမနေတော့။ ဖနောင့်နှင့်တင်ပါး

www.burmeseclassic.com

ရင်ချင်းအပ်နေအောင်၊ ထပ်နေအောင်ပြု၍ ပြေးကြတော့သည်။

"ဟား..ဟား..ဟား..ဟား.."

"ဟီး..ဟီး..ဟီး..ဟီး.."

"အီး..အစ်..အစ်..အစ်.."

"ဂီး..ဂီး.."

"ဂစ်..ဂစ်.."

"ဘုရား..ဘုရား..ဗုဒ္ဓံ..သရဏံ..ဂစ္ဆာမိ..သရဏံ.. ဓ..ဓမ္မံ..ဂစ်..ဂစ်.."

"ဂီး..ဂီး.."

"အလျင်ကြီမ်တာ အဟုတ်ရှူးမနော်×××တမင်လိမ်တာတွေ မ... ဖူးပေါ်သလိုပေါ်×××ဟို××နောက်များနော်××ဗွေဖောက်ပြားသော်×× မျက်... များခဲ့သော်××လိမ်များလည်း ကောင်းမယ်မထင်နဲ့××မိုးကြိုးကြိမ်ရင်... မိုးကြိုးခြေကျင်းငြိမှာ စိုးရသော်×××ရွှေလရောင်ကိုး××လာနီး××မျှော်... မှန်ပြတင်းပေါက်က××လည်ပင်းကိုးတောင်ကျော်×××"

မြေပုံထဲမှ သရဲများ ခေါင်းထမ်းလိုက်လာကြသလို သချိုင်းကြ... အဘွားကြီးရဲ့ ပျောင်ရယ်သံကိုလည်း ချောက်ချားစရာကောင်းအောင် ကြ... ကြရသည်။ သို့နှင့်အတူ သရဲညည်းသံ၊ ငှက်ဆိုးထိုးသံနှင့်အတူ အရှုံးမ... ချောစုရဲ့ လူဦးခေါင်းခွံများကိုခေါက်ရင်း အသံမြှင့်ဆိုလိုက်သည့် သီချင်း... ကိုလည်း နောက်ကနေ တစ်ပြိုင်နက်တည်း ကြားလိုက်ရသောအခါ ချွေး... ချွေးပေါက်များနှင့် လျှာထွက်၊ ဒူးပြိနေသော ကျွန်တော်တို့ လူစွန့်စား... ယောက်ကား ပုဆိုးကွင်းသိုင်း၍ ရွာဆီသို့ ပြေးကောင်းနေကြဆဲ..။

❋ ❋ ❋

# ၁၉

# မြှင်မိုက်ဖို့ တိုင်စိုက်ပြီး အလဲထူကြသူများ

ခေတ်ပျက်ခေတ်ဆိုးကာလကြီးမှာ ထိတ်လန့်ကြောက်မက်ဖွယ် ...ရာများ ဆင့်ကဲဆင့်ကဲဖြစ်နေကြသည်။

လှေဆိပ်သည် သတင်းစုံရပ်ကွက်ဖြစ်၏။

မိုးလင်းသည်နှင့် ဟိုရွာ၊ ဒီရွာဖြစ်ရပ်ဆန်းကြယ်သတင်းများ ခရီး... သွားများထံမှ ကြားရ၏။

ပုတ္တလုတ်ကျေးရွာမှာ နွားမတစ်ကောင် ခေါင်းသုံးလုံးနှင့် ဆန်းကြယ် ...ာမွေးဖွားသည့်သတင်း..။

သာဂရကျေးရွာက ဖဲသမားကြည်တင့်မြိုင် ဖဲညာရိုက်တာမိသွား၍ ...သလုမျောပါး အရိုက်ခံရသည့်သတင်း..။

မရမ်းဘေးကျေးရွာက ကွမ်းတောင်ကိုင် 'မြတ်နိုးငြိမ့်' ကို ရှင်ဘုရင် ...ိန်းမောင်က တော်ကောက်မလို ကြံစည်နေသည့်သတင်း..။

ရှမ်းချောင်းမှာ ပျောက်စေဆရာတစ်ဦး ပေါ်နေသည့်သတင်းနှင့် ...တူ သတင်းထူးတစ်ခုလည်း ကြားလိုက်ရသည်။

"ကြားကြပြီးပလားဟေ့"

စိပ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲဗျ ကိုတုံးတို. . ။ ခင်ဗျားမိန်းမ နောက်လင်ယူမယ့် သတင်းလားဗျ"

"ဟော့ကောင် ချစ်စရာ. . ။ လူလွန်မ,သားလေး. . ။ တိရိစ္ဆာန်နဲ့ စပ်ကျတဲ့ကောင်လေး. . ။ ငါ့မျှား မတွေ့လိုက်နဲ့။ မြင်လိုက်တာနဲ့ မဟုတ်တဲ့စကားက စပြောရော"

"ခင်ဗျားပြောတာရော ဟုတ်တာ ဘယ်တုန်းကပါလို့လဲ"

"ခုဟာက အဟုတ်ကွ. . အဟုတ်. ."

"အဟုတ်က ကမာကလုတ်က ကုန်စုံရောင်းတဲ့ တရုတ်ကြီးပဲ"

"ဘာလဲဗျ။ တရုတ်ကြီး ကိုယ်ဝန်ငါးလရှိပြီလို့ ပြောဦးမလို့လား"

"ဖွီ. . ခွေးတိရိစ္ဆာန်လေး။ အဲဒီအဟုတ် မဟုတ်ဘူး။ တကယ့်ဖြစ်ရပ်မှန်ကို ပြောမလို့ မသာလေးရ. ."

"ကဲ. . ဒါဆို. . ရှိုးပါဦးဗျာ ကိုတုံးတိုကြီးရာ"

"တော်ကွာ. . ။ မင်းနဲ့ငါ မပြောတော့ဘူး"

သည်မှာပဲ ကျွန်တော်တို့ လေသမား ကူးတို့သမားများက ကြားဝင်လိုက်ရသည်။

"ဒီကောင့်မျက်နှာကို မကြည့်နဲ့ဗျာ။ ပြော. . ဘာသတင်းထူး လဲ"

"မင်းတို့ ရွှေမန်ကျည်းရွာက ကိုမိုးသောက်ကို သိတယ်မဟုတ်လားကွ"

"သိတယ်ဗျ. . ။ ကာကွယ်ရေးအဖွဲ့လိုလို၊ ဘာလိုလို ထောင်ထားတဲ့ စစ်ပြန်ကိုမိုးသောက်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ မောင်ထိန်ရာ"

"သူ ဘာဖြစ်လို့လဲ ကိုတုံးတို"

"ညက ဆုံးသွားပြီ"

"ဟင်. . ဘာဖြစ်လို့လဲဗျာ။ ဒီလူကြီးက လူတော်ကြီးဗျ။ သူ့ရွာလည်း ဩဇာအတော်ညောင်းတာ"

"လူသတ်ခံရလို့. ."

"ဟာ. . ဖြစ်ရလေဗျာ"

"သတ်သွားတာ ဘယ်သူတဲ့တုံး"

"လူဆိုးဗိုလ်. . ချစ်တီးနဲ့ချစ်မီးတို့ ညီအစ်ကိုတဲ့"

စိတ်ကူးသစ်စာပေ



"ဘုရား. . ဘုရား. ."

ကျွန်တော်တို့ သည်နယ်ဘက်မှာ ချစ်တီးနှင့်ချစ်မီးညီအစ်ကိုသည် အလွန့်ကိုနာမည်ကြီးလှသော ဓားပြကြီးများဖြစ်ကြသည်။ လူချမ်းသာအိမ်များကို ရွေး၍တိုက်သည်။ ပစ္စည်းမရလျှင် လူကို ရက်ရက်စက်စက် သတ်ပစ်၏။

အိမ်ကို မီးနှင့်တိုက်၏။

ပင်လယ်ရေလမ်းဖြစ်သော မီးပြကိုဖြတ်၍ မီးပြနှင့်ဓားလွယ်ခုတ်သောင်ခုံ၊ မုတ်ကျွန်း၊ ဝိလခတ် စသည့်ရွာများမှာပါ သောင်းကျန်းသည်။ တွံတေးတောကြီးတန်းမှ သူပုန်များနှင့်ပင် အဆက်အသွယ်ရှိသည်ဟု ကြားရ၏။

သူတို့အဖွဲ့နှင့် ပြိုင်ဘက်ကား ရှင်ဘုရင်သိန်းမောင်တို့အဖွဲ့ ဖြစ်၏။ သိန်းမောင်ကလည်း ဓားပြီး၊ တုတ်ပြီးသည်ဟု ကျော်ကြား၏။ သေနတ်ပြီးသည်ဟုပင် ဆို၏။

ရှင်ဘုရင်သိန်းမောင်က မိန်းမချောချောမြင်လျှင် လက်နက်ပြ၍ သိမ်းပိုက်၏။

တကယ့်ကို ပြီးလွန်း၍ ရွာတိုင်းက သူ့ကို မသတ်ရဲ။

သိန်းမောင်တို့အဖွဲ့နှင့် ချစ်တီး၊ ချစ်မီးတို့ ညီအစ်ကိုအဖွဲ့ ဆုံကြလျှင် ရွာစွန်ရွာဖျား၊ ရွာလယ်မှာ တိုက်ပွဲကြီးဖြစ်သလို ပစ်ကြခတ်ကြသည်။

နယ်မြေလုပွဲများနှင့် တိုက်ခိုက်ကြသည်။

ချစ်တီးတို့ ညီအစ်ကိုကလည်း ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးသည့် ရှင်ဘုရင်သိန်းမောင်ကို အရှင်လတ်လတ်ရမိလျှင် စအိုမှ တံစူးဝါး (လူသေကောင်မီးသင်္ဂြိုဟ်ရာမှာ မီးဆွသည့်ဝါး) နှင့် ထိုးသွင်းပြီး မီးကင်၍ အရက်နှင့်မြည်းပစ်မည်ဟု ကြိမ်းဝါးသကဲ့သို့. .

ရှင်ဘုရင်သိန်းမောင်ကလည်း ချစ်တီးနှင့်၊ ချစ်မီးတို့ ဓားပြ လူဆိုးညီအစ်ကိုကို အရှင်ရခဲ့လျှင် သူ့လှည်းယာဉ်မှာ နွားအစား သင်းတို့ညီအစ်ကိုကို တပ်၍ မိန်းမတောင်းသွားမည်ဟု အသံဟစ်ထား၏။

အင်္ဂလိပ်အစိုးရကလည်း မနိုင်. . ။

ဂျပန်ကင်ပေတိုင်လည်း လိုက်လို့မရ. . ။

အရှောင်အတိမ်းကလည်းကောင်းလှ၍ ဖမ်းလို့မရ. .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘယ်မှာရှိနေသည်ကို မည်သူမှ သတင်းမပေးရဲ။ သတင်းသွားပေးမိခဲ့လျှင်လည်း အဲဒီလူ သားမယားပါ နောက်နေ့ အသက်မရှိ

ခေါင်းမပါဘဲ မြောင်းမှာဖြစ်စေ၊ ပင်လယ်မှာဖြစ်စေ ရွာပြင်ကွင်းထဲမှာဖြစ်စေ ကိုယ်တုံးလုံး ပေါလောမျောနေရတော့၏။

အဲဒီလောက်ကို ရက်စက်ကြသည့်လူများရယ်..။

"ပြောပါဦးဗျ ကိုတုံးတို့ရ။ ဘယ်လိုဖြစ်တာတဲ့လဲဗျာ"

"သိတဲ့အတိုင်းပဲလေ..။ ကိုမိုးသောက်က အင်္ဂလိပ်စစ်တပ် စစ်သားလူထွက် စစ်ပြန်မဟုတ်လား။ အဲဒါ ရွာမှာ ကာကွယ်ရေးတပ် ဖွဲ့ပြီး လုံခြုံရေးကို လုပ်ထားတာ။ ရွာကို ဆူးကာတ်ကာတယ်။ ကင်းချတယ် တံခါးလုပ်တယ်။ ဒူးလေး၊ လင့်လေး၊ လုပ်သေနတ်နဲ့ ညကင်းချတယ် အဲဒီတော့ သူ့ရွာကို တော်ရုံလူဆိုး ဝင်လို့မရဘူး။ ရွာကလည်း ပိုက်ဆံရှိသူ များတာကိုးကွ။ သိန်းမောင်တို့အဖွဲ့တောင် တစ်ခါ ခွေးပြေးဝက်ပြေး ပြေး ရတာရယ်..။ ချစ်တီးတို့ညီအစ်ကိုလည်း မိုးသောက်တို့ ပြန်ခုခံလို့ အကြံ အစည်မအောင်ခဲ့ရဘူးလေ။ အဲဒါ မိုးသောက်ကြီး မရမ်းဘေးက အသုဘ အလာ အပြန်မှာ လှည်းကို ချစ်တီးတို့ဝိုင်းလိုက်ပြီး မိုးသောက်ကို လက်ရဖမ်း သွားတာတဲ့"

"ကိုမိုးသောက်က မခုခံဘူးလား"

"ဘယ်နေမှာလဲ..။ လှည်းအခင်း ကောက်ရိုးပုံအောက်က သေ နတ်ဆွဲထုတ်ပြီး ပြန်ပစ်တာပေါ့။ ချစ်တီးတို့အဖွဲ့က လက်ကောက်မီးကောက် ဆိုတဲ့ကောင် လည်မျိုကို ကျည်ဖောက်ပြီး သေတာပဲ။ အဲဒီမှာ ချစ်တီးတို့ ညီအစ်ကိုက စတင်းဂန်းနှစ်လက်နဲ့ ဝိုင်းပစ်တာ မိုးသောက်တစ်ကိုယ်လုံး ဆန်ခါပေါက်ဖြစ်သွားတာပဲ။ သူ့လှည်းသမား မိုးနေပွားလည်း နောက်စေ့ပွင့်ပြီး သေတာပဲ။ အလောင်းကို ရွာသချိုင်းရှေ့က ကုက္ကိုပင်မှာ ချိတ်ထားလိုက်တာ မြင်မကောင်းရှုမကောင်းပါပဲကွာ"

"ဖြစ်ရလေဗျာ..။ လူတော်လူကောင်းတစ်ယောက်တော့ သွားပြီ ပေါ့ဗျာ"

"ဒီကိစ္စ သူကြီးက ဂျပန်စစ်တပ်ကို သွားအကြောင်းကြားတယ်"

"အဲဒီတော့ ဘာပြောလဲဗျ"

"ဂျပန်ကင်ပေတိုင်က ပြောသတဲ့။ မိုးသောက်လိုလူ သေတာ





ကောင်းသတဲ့"

"ဗျာ..ဘာဖြစ်လို့.."

"ကိုမိုးသောက်က ဂျပန်အစိုးရ မကောင်းကြောင်း ပြောနေတာကို စုံစမ်းကြားထားရလို့တဲ့"

"ဟင်.."

"ဒါဆို..ကိုမိုးသောက်ကြီးက လွှို..လွှို.."

"ရှူး..တိုးတိုး..။ ဂျပန့်လူတွေ ကြားသွားလို့ မင်း ကင်ပေတိုင် အချုပ်ခန်းမှာ ဂန့်နေမယ်။ လျှောက်အာမချောင်နဲ့။ ကြားလား"

"ဟုတ်..ဟုတ်ကဲ့ ကိုတုံးတို့"

ကိုတုံးတို့ ဘေးနံဘီကို ကြည့်ပြီးနောက် ရေဆိပ်ရှိ လှေတစ်စင်း ပေါ်သို့ တက်လိုက်သည်။

ကူးတို့လှေဆိပ်ဝန်းကျင်မှာ ကိုမိုးသောက် ရက်ရက်စက်စက်အသတ် ခံရသည့်သတင်းသည် တောမီးလို ပျံ့သွားခဲ့သည်။

ကြားရသူတိုင်း စိတ်မကောင်းကြ။

ရွာတိုင်းလိုလိုက ကိုမိုးသောက်ကို ချီးကျူးကြ၏။ ကိုမိုးသောက်တို့ ရွာကို အားကျကြ၏။ အားကိုးကြ၏။ စံနမူနာပြု၍ အတုယူရန် တာစူနေ ကြချိန်ကျမှ ကိုမိုးသောက်လိုလူကို ဓားပြက သတ်သွားသည့်သတင်း ကြားကြ သောအခါ ချစ်မီးနှင့်ချစ်တီးညီအစ်ကိုကိုလည်းကောင်း၊ ဥပေက္ခာပြုနေသည့် ဖက်ဆစ်ဂျပန်ကိုလည်းကောင်း ပိုမိုရွံရှာမုန်းတီး၍ သွားခဲ့ရလေသည်။

ဒါနှင့်အတူ ဂျပန်စစ်သားများ ရက်စက်ယုတ်မာ၍ ရွာအချို့မှ အမျိုးကောင်းသမီးအချို့နှင့် မြို့ပေါ်မှအမျိုးသမီးအချို့ ပျက်စီးသွားသည့် သတင်းများကို နေ့စဉ်လိုလို ကြားနေရသည်။

ဂျပန်ကင်ပေတိုင်စခန်းမှ မသက်ာ၍ဆိုပြီးခေါ်သွားပြီး အသက်မပါ ဘဲ ပြန်လာရသည့် မျိုးချစ်ယောက်ျားကောင်းတို့ သတင်းဆိုးကိုလည်း ရင်နင့် ကြေကွဲစွာ ကြားနေရသည်။

ရွာတွေဝင်၍ ကျွဲ၊ နွား၊ ကြက်၊ ဝက်များ၊ ဆန်စပါးများ အဓမ္မ သိမ်းပိုက်ပြီး နိုင်လိုမင်းထက်လုပ်နေသည့်သတင်းများကြောင့် ရွာများရှိရာသို့ ဂျပန်စစ်သားများနှင့် စကားပြန်များဝင်လာသည်ဟု ကြားသည်နှင့် လူတွေ ပုန်းရှောင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွဲ နွားများကို တောထဲမောင်း၍ ထွက်ရ၏။

မိန်းမပျိုများ၊ အရွယ်ကောင်းမိန်းမများ လွတ်ရာရှောင်ရ ပုန်းနေရ၏။ ရွာသူကြီးလုပ်သူများလည်း ရွာထဲသို့ ဖက်ဆစ်ကောင်များရောက်လာပြီး အရက်မရှိဘူးလား..၊ မိန်းမမရှိဘူးလားမေး၍ မရှိပါ ဟု ပြောလျှင် ပါးနား အရိုက်ခံကြရသေးသည်။

ဂျပန်စစ်သားများ ပြန်သွားလျှင် အားလုံး တောက်ခေါက်၍ ကျန်ရစ်ကြရလေသည်။

❁ ❁ ❁

# ၂၀

# စုန်းကဝေမကြီးရဲ့ ထူးဆန်းသောရေမန်းတစ်ခွက်

ချောစုရဲ့ ထူးဆန်းသောသတင်းများကလည်း ကိုမိုးသောက်သတင်းနှင့်အတူ ရွာနီးချုပ်စပ်မှာ ပျံ့နှံ့နေသည်။

ချောစုကို ညဘက် သချိုင်းကုန်းမှာ တွေ့ကြသည်တဲ့။

အချို့က နေ့ခင်းဘက် သချိုင်းအုတ်ဂူပေါ်ထိုင်၍ အရိုးခေါင်းတစ်ခုရှေ့မှာချပြီး ရယ်လိုက်၊ ငိုလိုက်နှင့် စကားပြောနေသည်ဟုကြားရပြန်၏။

အချို့ကတော့ နာနာဘာဝများနှင့် ချောစု စကားပြောနေသည်ဟု ဆိုကြပြီး သည်ကိစ္စများသည် ထူးဆန်းသော ဒေါ်နန်းအိမ်ကြို့ဆိုသည့် အဘွားကြီးနှင့် ခင်ချောစု ပေါင်းမိသွားပြီးနောက်ပိုင်း ပို၍ဖြစ်လာသော ဖြစ်ရပ်ဆန်းများဟု ဆို၏။

အချို့အပြောအရ ဒေါ်နန်းအိမ်ကြို့နှင့် ခင်ချောစုတို့သည် ပလွေတစ်ချောင်းနှင့် သီချင်းများဆိုပြီး ကခုန် မော်ကစားနေကြသည်ဆိုပဲ။

ညဘက်ရောက်လျှင် မီးပုံကြီးဖိုပြီး အဘွားကြီးက ထူးဆန်းသော ပညာရပ်များကို သင်ကြားပေးနေသလိုလိုလည်း ကြားနေရပြန်၏။

ရွှေမန်ကျည်းရွာမှ လူအချို့အပြောအရ တစ်နေ့သောအခါ ရွှေ


www.burmeseclassic.com

www.burmeseclassic.com



မန်ကျည်းသချိုင်းရှိရာသို့ ဒေါ်နန်းအိမ်ကြို့နှင့် အရှူးမလေး ရောက်လာပြီး ကွယ်လွန်သူ ကိုမိုးသောက်မြေပုံအနီးမှာ ရပ်နေကြသည်ကို ဦးစွာ မြင်ကြ သည်တဲ့။

မကြာခင် ဒေါ်နန်းအိမ်ကြို့က ကိုမိုးသောက်မြေပုံခေါင်းရင်းမှာ ရပ်၍ စကားများရေရွတ်ပြောဆိုပြီးနောက် တောက်ခတ်ကြိမ်းဝါးပြီး မြေပုံပေါ် မှ မြေကြီးလက်တစ်ဆုပ်ကို အိတ်တစ်ခုနှင့်ထည့်ယူပြီး ပြန်သွားခဲ့သည်တဲ့။

ပိုထူးခြားသည်ကား အဘွားကြီးဒေါ်နန်းအိမ်ကြို့တစ်ယောက် မိုးသောက်အရဏ်မတက်ခင်မှာ ရွာတစ်ရွာရွာမှ လျို့ဝှက်စွာ ပုန်းလျှိုးကွယ်လျှို ပြန်သွားသည့် သတင်းပဲဖြစ်သည်။

ဘယ်သူ့အိမ်ကို သွားခဲ့သည်ကို မသိကြ. . ။

သူမ ရွာထဲသို့ ဘယ်အချိန်ကဝင်လာသည်ကို မသိကြ. . ။

ဘာလာလုပ်တာလဲလည်း ဘယ်သူမှ မသိကြ. . ။

ခွေးဟောင်သံကြားသော်လည်း တော်ရုံလူက ညဘက် ထမကြည့် ရဲ၊ တံခါးမဖွင့်ရဲ၊ မတော်. . ချစ်တီးတို့ ချစ်မီးတို့ ညီအစ်ကိုဖြစ်နေလျှင် နေရာတင် ပွဲချင်းပြီးသေသွားနိုင်သည်ကိုး။

မိုးသောက်ခါနီး ခွေးအူသံများကြား၍ ဆွမ်းထချက်သူအချို့ ကြည့် လိုက်မှ ဆံပင်ဖားလျား၊ တုတ်ကောက်ကြီးတရမ်းရမ်းနှင့် မိန်းမဆန်းကြီး ဒေါ်နန်းအိမ်ကြို့မှန်းသိကြပြီး အသံမပြုရဲဘဲ အသာငြိမ်နေကြရသည်တဲ့။

အချို့က သူမရဲ့လှုပ်ရှားနေမှုများကို စိုးရိမ်ကြောက်လန့်၍ ဂူမ် ကင်ပေတိုင်ကို သွားအကြောင်းကြားကြရင် ကောင်းမည်ဟု အကြံပြုကြ၏။

အချို့နားလည်သူများက ၎င်းအဆိုပြုချက်၊ အကြံပြုချက်ကို ကန့် ကွက်ကြသည်။

အများအားဖြင့် မိန်းမဆန်းကြီး ဒေါ်နန်းအိမ်ကြို့သည် ဂူမ် ကင်ပေတိုင်များ စစ်ဆေးရင်း လက်လွန်သေဆုံးသွားသည့် အစိမ်းသေ အသုဘ အကောင်များ မြှုပ်နှံရာ၊ စွန့်ပစ်ရာ မြေပုံများကို ရှာဖွေ၍ရောက်လာလေ့ရှိပြီး မြေပုံအနီးမှာ ဘာတွေပြောနေမှန်းမသိ ပြောပြောပြီး မြေစာမြေကြီးခဲများကို ယူသွားလေ့ရှိသည်ဟုသာ ပြောနေကြ၏။

"တစ်ခုခုတော့ စီရင်နေတာပဲဗျ"

"ပီယဆေးများလား မသိဘူးနော်"





"ကြည့်ရတာ တို့အရှူးမလေး ချောစုကိုလည်း သူ့ဆေးဝါးပညာ အတွက် အသုံးချနေတယ်နဲ့တူရဲ့။ မောင်ထိန်. . မင်းကောင်မလေးလည်း သေချာကြည့်ပြောဦး ကိုယ့်လူ"

အများစုက မလုပ်ကောင်းသော လုပ်ရပ်များကို လုပ်နေသည့် ဘယ်အရပ်သူမှန်း မသိရသော စစ်ပြေးဒုက္ခသည် ထူးဆန်းသောမိန်းမကြီး ကို မြန်မြန်သေစေချင်ကြ၏။

ရွာထဲမှာ ဖျားနာလျှင် သူမကြီးပြုစားသည်ဟု စွပ်စွဲနေကြ၏။

ရွာထဲမှာ ရုတ်ချည်းသေလျှင် ဒီအဘွားကြီး မကျေနပ်၍ ရွာကို ချုပ်ချသွားတာဟု စွပ်စွဲကြ၏။

ခက်နေသည်ကား. .

ဤအဘွားကြီး ရွာတစ်ရွာထဲသို့ ဝင်လာပြီးလျှင် လူမမာတစ်ဦးဦး သည် မကြာ၊ ချက်ချင်းသေသွားသည်။ တိုက်ဆိုင်မှုပဲဖြစ်သည်။

အချို့က အဘွားကြီးကို ဒေါ်ငှက်ဆိုးဟု ကင်ပွန်းတပ်ကြ၏။

နောင်အခါ. .

ရွာထဲမှ အကြောက်လွန်သူများသည် ရွာထဲမှာ ဘစ်ရုံဘစ်ဦး မကျန်းဖြစ်နေလျှင် ရိုးရာဆေးဝါးနှင့် ကုသ၍မရနိုင်အောင် အခက်အခဲရှိ နေလျှင် အရဲစွန့်ပြီး ဒေါ်နန်းအိမ်ကြို့ရှိရာ ပင်လယ်ကမ်းပါးကုန်းထိပ်တဲရှိရာ သို့ သွားခဲ့ကြ၏။

သွားလျှင် စားဖွယ်သောက်ဖွယ်များ ယူသွားကြ၏။

တစ်ခါမှာ ရွာလယ်မှ ဦးမိုးကောင်းမိန်းမ မဖွားချစ် သရဲပူး၊ နတ်ပူး သလိုလို၊ တစ္ဆေပူးသလိုလိုဖြစ်ပြီး အော်ဟစ်နေသည်။ ရွာထဲက ဆေးဆရာ များ ပယောဂဆရာများ မတတ်နိုင်ကြ၊ ရွာဦးဆရာတော်လည်း ခရီးလွန်နေ၍ ကျောင်းမှာမရှိ။ အခြေအနေက အတော့်ကိုဆိုးနေသည်။

အချို့က ဒေါ်နန်းအိမ်ကြို့ ပြုစားတာနေမှာဟု ဆို၏။

အကြောင်းကား မဖွားချစ်ယောကျ်ား ဦးမိုးကောင်းက အဘွားကြီး ဒေါ်နန်းအိမ်ကြို့ သချိုင်းကုန်းများမှာ အောက်လမ်းဆေးဝါးများ စီရင်နေ သည်ဟု ရွာ်တကာ၊ အိမ်တကာ လျှောက်ပြောနေသောကြောင့်ဟုဆိုကြ၏။

ဦးမိုးကောင်းကား မဖွားချစ်ကို အလွန်ချစ်မြတ်နိုးရှာ၏။ သားသမီး ကလည်း အရွယ်ရောက်စရှိသေး၍ မဖွားချစ်သေမှာကို လွန်စွာစိုးရိမ်၏။



www.burmeseclassic.com

www.burmeseclassic.com

မဖွားချစ်သည် ချောလည်းချော၏။ လှလည်းလှ၏။ သူ့မိန်းမအတွက် ရတ
မီးများသည် ခေါင်းပေါ်မှာ နေ့စဉ်တောက်လောင်နေ၏။

မဖွားချစ်ကား ပါးစပ်မှ ကယောင်ချောက်ချားများ အော်ဟစ်နေသည်။

"ငါ့..ကို..လာခေါ်နေကြပြီ..ဟေ.."

"လာခေါ်နေကြပြီ..ဟ.."

"ဟဲ့..ဟဲ့..ဖွားချစ်..နင့်ကို ဘယ်သူခေါ်လို့တုံး"

ကိုမိုးကောင်းက ခယ်မ မရီးများနှင့် ထိန်းရင်း မေး၏။

"သူတို့..သူတို့..လာခေါ်နေတာ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ ဖွားချစ်ရဲ့..ဟင်"

"သချိုင်းက..သချိုင်းက..အမလေး..အမလေး..လာခေါ်နေပြီ။ သွား..သွား..မလိုက်ဘူး..မလိုက်ဘူး..။ အမေရေ..ကျွန်မကို ကယ်ပါဦးတော့။ မလိုက်ဘူး..မလိုက်ဘူး.."

"ဟဲ့..ဖွားချစ်..ဘယ်သူ့မှ နင့်ကို လာမခေါ်ဘူးလေ တူမရဲ့"

"ဟိုမှာ..ဟိုမှာ..အိမ်ရှေ့မှာ..မည်းမည်းကြီးတွေ..အား..အား.."

မဖွားချစ် အိမ်ခြံဝကို လက်ညှိုးထိုးပြီး ကြောက်လန့်ကာ သတိလစ်လို့ သွားခဲ့လေသည်။

"ဟဲ့..မိုးကောင်း.."

"ဗျာ..အမေသောင်း"

"ကြည့်ရတာ မရိုးဘူးကွယ့်"

"ဘယ်လိုမရိုးတာလဲ အမေသောင်းရာ..ဟင်.."

"ပယောဂတစ်ခုခု ဝင်ရောက်နှောင့်ယှက်နေသလိုပဲ။ မင်းတို့ ဘာအမှားများ လုပ်ခဲ့ကြသလဲ"

"ဘ..ဘာမှ..မ..မလုပ်.."

"ကိုမိုးကောင်း.."

သည်မှာ အိမ်ခေါင်းရင်းအိမ်မှ ဒေါ်စိမ်းနွဲ့က လှမ်းပြောလိုက်သည်။

"ဘာလဲ ဒေါ်စိမ်းနွဲ့"

"ငါတော့ ဟိုအဘွားကြီးလက်ချက်လို့ ထင်တာပဲ"

စိတ်ကူးသစ်စာပေ



"ဘယ်သူလဲ ဒေါ်စိမ်းနွဲ့ရယ်"

"ဒေါ်နန်းအိမ်ကြို့လေ.."

"ဗျာ..ဒေါ်နန်းအိမ်ကြို့.."

"အေးလေ..။ နင်က..ဒီအဘွားကြီး မကောင်းကြောင်း ရွာသကား အိမ်တကာ လိုက်ပြော၊ အာချောင်နေတော့ အဘွားကြီးက ပြန့်ကြားပြီး ပြုစားလိုက်တာလို့ တွက်တာပဲ"

"ကျွန်..ကျွန်တော်.."

"နင်..ပြော..ဟုတ်လား"

"ဟုတ်..ဟုတ်ကဲ့..ပြော..ပြောမိ..ပါတယ် ဒေါ်စိမ်းနွဲ့"

"ဘာပဲဖြစ်ဖြစ် ကြာရင်မကောင်းဘူး။ ခုလည်း နင့်မိန်းမက သချိုင်းက လာခေါ်နေပြီဆိုပြီး ရယ်လိုက်၊ ငိုက်လိုက်၊ ထပြေးလိုက်၊ ခုန်ပေါက်လိုက်ဖြစ်နေပြီ။ ဖြစ်နိုင်ရင် အဲဒီအဘွားကြီးကို နင်ကိုယ်တိုင် သွားတောင်းပန်လိုက်"

"ကျွန်..ကျွန်တော်..ကြောက်..ကြောက်တယ်ဗျာ.."

"ကြောက်ရင် အစက ဘာလို့ သူ့မကောင်းကြောင်း လျှောက်ပြောတာလဲ။ သူ ဘာလဲ နင်သိလို့လား"

"ဒုက္ခပါပဲဗျာ.."

"မဒုက္ခနဲ့..။ လိုရမည်ရ သွားတောင်းပန်လိုက်။ ဒီအချိန်မှာ မြို့တက်ကုလို့လည်း မရဘူး။ ဂျပန်တွေ ခြေချင်းလိမ်ပြီး ရှုပ်နေတယ်။ အင်္ဂလိပ်ရောဝန်လည်း အိန္ဒိယဘက် ပြေးကုန်ပြီ။ နင့်မိန်းမ အသက်ရှည်စေချင်ရင် ဒီအတိုင်းသာ လုပ်ကြည့်တော့"

သို့နှင့် အရဲစွန့်ပြီး လှည်းတစ်ကာ လူမမာခေါ်၍ ကန့်တော့ပွဲတစ်ပွဲနှင့် ထူးဆန်းသောမိန်းမကြီးရှိရာ ပင်လယ်ကမ်းပါးထိပ်တဲသို့ လာခဲ့ကြ၏။

ကိုမိုးကောင်းတို့လှည်းသည် မနက်စောစော နေထွက်ချိန်မှာ ရောက်သွားခဲ့၏။ ဒီမှာ ကိုမိုးကောင်းနှင့် ယောက်ျားနှစ်ဦး၊ မဖွားချစ်ကို ထိန်းရန် ဖွားချစ်ညီမ ဖွားသစ်နှင့် ဖွားနုစ်တို့ လိုက်ပါခဲ့ကြ၏။

သည်အချိန်မှာ ထူးဆန်းသောအဘွားကြီး ဒေါ်နန်းအိမ်ကြို့သည် ပင်လယ်ရှိရာသို့ မျက်နှာမူ၍လည်းကောင်း၊ နေထွက်ရာသို့ မျက်နှာမူ၍လည်းကောင်း ဆံပင်ကြီးဖားလျားချပြီး ဂါထာမန္တန်များကို ရွတ်နေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လေအရှိန်ကြောင့် သူမဦးခေါင်းပေါ်မှ ဆံပင်များသည် မြွေဟောက်များ ယိမ်းကနေသလို လူးလွန့်လှုပ်ရှားနေ၏။

အဘွားကြီးသည် ဂါထာမန္တန်များကို ရွတ်နေရာမှ မလာစဖူး သူ့ဦးပေ ညည်လာနေသည့် နွားလှည်းကို ခါးထောက်ပြီး စိုက်ကြည့်နေ၏။

လှည်းသည် သူမတဲအိမ်ရှေ့မှာ ထိုးရပ်သွား၏။

နွားနှစ်ကောင်သည် တစ်စုံတစ်ရာသောအနံ့ကိုရ၍ ရှုန်းကန် အော်ဟစ်နေရကား လှည်းသမားစိန်အောင်ခမျာ ကြောက်ကြောက်လန့်လန့်နှင့် နွားကြိုးကို ထိန်းဆွဲထားရ၏။

သည်အချိန်မှာ မြွေဆိုးတွန်သံများကို တဲနီးဝန်းကျင်မှ ကြားလိုက်ရပြီး အားလုံးတုန်ခါ၍သွားကြ၏။

ဒါနှင့်အတူ ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့များလည်း နံ၍နေရကား အဘွားကြီး၏ နှာခေါင်းမပါသောရုပ်၊ နားရွက်မပါသောရုပ်ကိုပါ အနီးကပ် မြင်လိုက်သောအခါ ကန်တော့ပွဲကြီးရွက်ထားသော မဖွားသစ်ခမျာ ဒူးရော၊ ခေါင်းပါ တုန်နေ၏။

အဘွားကြီးဒေါ်နန်းအိမ်ကြို့သည် လေထဲမှာဝဲပျံနေသည့် ဆံပင်များကို လက်နှင့်စုသိမ်းရာမှ အားလုံးကို စိုက်ကြည့်လိုက်သည်။

စူးရဲလွန်းသော အကြည့်ကြောင့် အားလုံးတုန်၍သွားကြ၏။

"ငါ့ကိုလာခေါ်နေကြပြီ. . ။ လာခေါ်နေကြပြီဟေ့. ."

"မခေါ်ပါနဲ့. . မခေါ်ပါနဲ့. ."

"လိုက်ပါ့မယ်ရှင်. . ကြောက်ပါပြီ. . ။ အမလေး. . ကြောက်ပါတော့်. ."

"မဆွဲပါနဲ့. . မဆွဲနဲ့. . ။ အမေရေ. . အဖေ. ."

လူမမာ မဖွားချစ်ကလည်း အဘွားကြီးကိုမြင်သည်နှင့် အော်ဟစ် ရုန်းကန်အော်ဟစ်ပြီး ပြေးရန်ပြင်၍ ဖွားနှစ်နှင့် ယောကျ်ားသားများက မနည်းကို ထိန်းထားရ၏။

"ဟေ့. . အားလုံး ရပ်လိုက်ကြစမ်း"

တဲရှေ့ကုန်းပေါ်မှ အောင်မြင်ပြီး အရွယ်နှင့်မလိုက် ဟိန်းထွက်လာသောအသံကြီးပေါ်လာ၍ အားလုံး တိုးလိုးတန်းလန်းနှင့်ရပ်ပြီး ကြောင်ငေးမှုများ တုန်နေကြသည်။ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်. .။





"နင်တို့ ဘာလာလုပ်ကြတာလဲ"

"ဟို. . ဟို. ."

"ဟိတ်. ."

"ဘုရား. . ဘုရား. ."

"မေးနေတယ်လေ။ နင်တို့ အခု ဘာလာလုပ်ကြတာလဲ"

သည်မှာ ကိုမိုးကောင်းက အသံတုန်တုန်နှင့် ပြောလိုက်သည်။

"ဟို. . ဟို. . အမေကြီးကို. . လာ. . လာ. . ကန်. . တော့တာပါ. . ခင်ဗျား. ."

"ဟား. . ဟား. . ဟား. . ဟား. ."

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

"ဟား. . ဟား. . ဟား. . ဟား. ."

အဘွားကြီးသည် တုန်လှုပ်ချောက်ချားနေသော ကိုမိုးကောင်းတို့အားလုံးကိုကြည့်ပြီး ခွက်ထိုးခွက်လန်ရယ်တော့သည်။ နှာခေါင်းမရှိ၊ နားရွက်မရှိသော အဘွားကြီး၏မျက်နှာသည် တကယ့်ကို တစ္ဆေ သရဲလို စုန်းကဝေမကြီးလို ချွတ်စွတ်တည်း. .။

တုန်လှုပ်ချောက်ချားစရာကောင်းလှသော ရယ်သံကြောင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြန်ပြေးရမလို ဖြစ်နေ၏။

နွားနှစ်ကောင်ကလည်း ကြောက်လန့်ပြီး အော်ဟစ်ရုန်းကန်နေရကား လှည်းသမားက ရှေ့မှ လှည်းတံပိုးကို ဆီးတွန်းပြီး ကြိုးပါ မနည်း ဆိုင်းနေရ၏။

"ဟား. . ဟား. . ဟား. . ဟား. . ငါ့ကို လာကန်တော့ကြတာ။ ဟုတ်လား. ."

"ဟုတ်. . ဟုတ်ကဲ့. . ခင်. . ခင်ဗျ. . အ. . အ. ."

"နေပါဦးဟဲ့. . ။ နင်တို့က ငါ့ကို ကန်တော့ပွဲနဲ့ လာကန်တော့အောင် ငါက ဘုရားလား။ ဘုန်းကြီးလား။ နတ်လား. . ။ ပြောပါဦး"

"ဟို. . ဟို. . ဟိုဒင်း. . ခင်ဗျ"

"ဘာ. . ဟိုဒင်းလဲ. ."

"အောင်မလေးဗျ. ."

အဘွားကြီးက ခြေဆောင့်၍အော်လိုက်သဖြင့် ကိုကောင်းကောင်း လန့်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"ပြောစမ်း..။ ဘာကိစ္စနဲ့ ဒီလို ဘယ်သူမှမလာရဲကြတဲ့၊ ငါ့နေရာကို နင်တို့ ပိုင်စိုးပိုင်နင်း လာရဲကြတာလဲ။ မှန်မှန်ပြောနော်။ ဟင်း..ဟင်း.."

"ဒီ..ဒီလိုပါ အမေကြီးခင်..ခင်ဗျာ..။ ဟောဒီလူမမာက ကျွန်..ကျွန်တော့်ရဲ့ ဇနီးပါခင်ဗျ"

သည်မှာ အဘွားကြီးက အော်ဟစ်ရုန်းကန်နေသည့် အရူးလိုဖြစ်နေသော မဖွားချစ်ရဲ့မျက်နှာကို မျက်စောင်းထိုး၍ ကြည့်လိုက်ရာ မဖွားချစ် အဘွားကြီးရဲ့မျက်နှာကိုမြင်ပြီး ငယ်သံပါအောင် အော်ဟစ်လိုက်လို့ မျက်နှာကို လက်ဝါးနှင့် အုပ်ထားလိုက်တော့သည်။

"နင့်မယားက ငါနဲ့ ဘာဆိုင်လို့လဲ၊ ရာရာစစ.."

"ဒီလိုပါ..အမေကြီး..ခင်..ခင်ဗျား။ သူမဟာ ခုတလော လန့်ပြီး အော်ဟစ်ထွက်ပြေးနေလို့ ဗိန္ဓောပယောဂဆရာမျိုးစုံနဲ့ ကျွန်တော်တို့ ကုခဲ့ပြီးပါပြီ"

"ကုမြေ့..။ ကိုယ့်မယားရောဂါ ကိုယ်မကုပေး ဘယ်လှည့်သမား လာကုပေးမှာလဲ၊ အိပ်တော့ နင်နဲ့ တစ်အိပ်ရာတည်း ပလူးပလဲ အိပ်သဥစ္စာ"

ကြည့်စမ်းဗျာ..။ ပြောပုံနှယ်..။

"ဘယ်ဆရာမှ ကုလို့မရပါဘူး အမေကြီးခင်ဗျား။ ရောဂါက ပိုသည်းလာတဲ့အပြင် သချိုင်းကုန်းက လူမည်းကြီးတွေ လာခေါ်နေပါတယ်ဆိုပြီး သေရတော့မယ်ချည်း ပြောပြော ထွက်ပြေးနေလို့ နောက် ဆုံး.."

"အဲဒါဆိုလည်း သူသွားချင်တဲ့ သချိုင်းကို ဆိုင်းနဲ့ဗုံနဲ့ လိုက်ပို့လိုက်ပါလားဟဲ့"

ဂျစ်တူးတူး၊ ရွဲ့တဲ့တဲ့ အဘွားကြီးရဲ့ မဲ့ကာရွဲ့ကာ ပြောစကားကြောင့် ဖွားသစ်တို့၊ ဖွားနှစ်တို့သာမက အတူလိုက်ပါလာသူများပါ ဖွဖွလုပ်ပြီး ပိုလို့ တုန်လှုပ်ကုန်ကြတော့သည်။

"အမေကြီးရယ်..နောက်ဆုံး အားကိုးစရာ မ..မရှိတော့လို့ ကျွန်တော်တို့ အမေကြီးထံကို အားကိုးတကြီး..ရောက်လာကြတာပါ ခင်ဗျား။ အမေကြီး ကြည့်ကျက်..ကု..ကုပေးပါလို့ မေတ္တာရပ်..ရပ်..အ..သနား.."

"ဒီမှာဟဲ့ ငတောသားတွေရဲ့..။ ငါ ဆရာမဟုတ်ဘူး"





"ဆ..ဆရာ..မ..မဟုတ်ပေမယ့်..အားကိုးပြီး လာခဲ့ရတာပါ အမေကြီးခင်ဗျာ"

"မြို့ပေါ်မှာ ဆရာဝန်ရှိတယ်။ အဲဒီကို သွား"

"မ..မဖြစ်လို့ပါ အ..အမေကြီး"

"ဘာလို့ မဖြစ်ရမှာလဲ..။ ပြော.."

"ဟို..ဟို..မြို့ထဲမှာ ဂျပန်စစ်သားတွေ အရမ်းဆိုးလွန်းလို့ပါ ခင်ဗျ"

"ဂျပန်ကို သိပ်ကြောက်နေသလား"

"ဟုတ်..ဟုတ်ကဲ့.."

"အဲဒီ အမျိုးယုတ်တွေကို ဘာကြောင့် ကြောက်နေရတာလဲ၊ နင်တို့ မုန်းရော မမုန်းတီးဘူးလား"

"ဗျာ..ဟို..ဟို.."

ကိုမိုးကောင်း အဘွားကြီးရဲ့စကားကြောင့် ကြောက်ပြီး နံ့သေးဝဲယာများ ကြားသွားလေမလားဟု ကျိုးကန်းတောင်းမှောက် မျက်လုံးဖြင့် လိုက်ကြည့်လိုက်၏။

"ဟဲ့..အကောင်..။ ဘာလဲ..နင်တို့ပထွေး ဂျပန်ကြားမှာ ကြောက်လို့လား။ ဟုတ်လား"

"ဟုတ်..ဟုတ်..အဲ..ဟိုဒင်း..အဲ.."

"ဒီမှာ တုံးကောင်ရဲ့..။ အဲဒီ ဖက်ဆစ်ဂျပန်နဲ့ နင့်မယားကို လာခေါ်နေတဲ့ သချိုင်းကုန်းက မကောင်းဆိုးဝါး။ နင်တို့ ဘယ်သူ့ကို ပိုကြောက်သလဲ။ ပြောစမ်း.."

"အဲ..အဲ..ဟို..ဟို.."

"ရဲရဲပြောပါ အနာကျကောင်ရဲ့။ ဖြစ်နေလိုက်တာတော်..။ ထွီ.."

အဘွားကြီးက အားမလိုအားမရဖြစ်ပြီး ကုန်းပေါ်မှ အသံကျယ်ကြီးနှင့် ကြုံးအော်လိုက်၏။

"ဟို..ဟို..နှစ်ယောက်စလုံးကို ကြောက်..ကြောက်ပါရဲ့ ခင်..ဗျ"

"ဟား..ဟား..ဟား..ဟီး..ဟီး..ဟီး.."

"အဟစ်..ဟစ်..ဟစ်"



www.burmeseclassic.com

www.burmeseclassic.com

"အဟတ်. . အဟတ်. . အဟတ်. . ဟား. . ဟား. . ဟား"

အဘွားကြီးသည် ကိုမိုးကောင်း၏စကားကြောင့် ခွက်ထိုးခွက်လန် ရယ်တော့သည်။ ဦးခေါင်းကိုရမ်း၍ ကိုယ်ကိုလှုပ်၍ တအားကို ရယ်နေရကား တစ္ဆေသရဲမကြီး၊ မော်ဝင်ကဝေမကြီး မော်ဝင်နေသကဲ့သို့ ချောက်ချားစရာ ကြောက်စရာကောင်းလွန်းသဖြင့် အားလုံး လန့်ဖျပ်ကုန်ကြပြီး. .

"အစ်ကို. . မိုး. . မိုးကောင်း. .။ ပြန်. . ပြန်ကြစို့တော်"

"ကြောက်. . ကြောက်စရာကြီးတော့။ ပြန်မယ်. . လာ. ."

"လာ. . လာ. . ပြန်စို့. ."

"မိုးကောင်း. . မင်းတော့ မှားပြီနဲ့တူတယ်"

"လာ. . လာ. . ပြန်စို့"

ဖွားစစ်နှင့်ဖွားနှစ် ခယ်မနှစ်ယောက်သာမက ကျန်ယောက်ျား အဖော်များပါ အဘွားကြီးကိုကြည့်၍ ကြောက်လန့်သွားပြီး နောက်ကို အမြန် ဆုတ်လိုက်ကြသည်။ ဖွားသစ်က ကန်တော့ပွဲကြီးကို ရွက်ရင်းက နောက်ဆုတ် လှည့်ပြေးတော့သည်။

နွားနှစ်ကောင်ကား ထူးဆန်းသောအဘွားကြီး အော်ဟစ်ခုန်ပေါက်၍ ရယ်လေ၊ လန့်ပြီး လှည်းကို ရုန်းဆွဲလေ. .။ လှည်းသမားလည်း မထိန်း နိုင်တော့။ လူမမာ ဖနီးသည် ဖွားချစ်လည်း ချုံးပွဲချငိုပြီ။

"လာခေါ်နေပြီ. . လာခေါ်နေပြီ. ."

"မလိုက်ဘူး. . မ. . လိုက်ဘူး။ သွား. . သွား. . အမေရေ. ."

"ဟား. . ဟား. . ဟား. . ဟား. . ဟီး. . ဟီး. . ဟီး. ."

နွားနှစ်ကောင်ကား ဘယ်လိုမှ ထိန်းလို့မရတော့။ လှည်းသမား ကျိုးဒန်ကို တွန်းထိုးပြီး လှည်းကြီးကိုဆွဲ၍ ပြေးတော့သည်။ ဖွားသစ်နှင့် ဖွားနှစ်လည်း လှည်းနောက်သို့ ကန်တော့ပွဲရွက်၍ ပြေးလိုက်တော့သည်။

အခြေအနေမဟန်မှန်း သဘောပေါက်သောအခါ ကိုဒေါင်းစိန်က မိုးကောင်းလက်နှင့် လူမမာရဲ့လက်ကို ဆွဲပြီး ရှေ့ကပြေးနှင့်သူများ နောက်သို့ မပြေးရုံတစ်မယ်လိုက်တော့သည်။

"ဟော့. . အားလုံးရပ်လိုက်ကြစမ်း"

အောင်မြင် ဟိန်းလွန်းလှသော အဘွားကြီးရဲ့ အမိန့်ပေးသံသည် တဲရှေ့ ကုန်းမြင့်ပေါ်မှ မုံးတစ်လုံးပေါက်ကွဲသလို ဟိန်း၍ပေါ်လာခဲ့သည်။





အံ့ဩစရာကောင်းလေစွ. .။

အဘွားကြီးအမိန့်ပေးသံ ဆုံးသွားသောအခါ ပြေးနေသော နွားနှစ် ကောင်သည် တုံ့ခနဲ ရပ်သွားခဲ့၏။ ဖွားသစ်နှင့် ဖွားနှစ်သာမက ကိုမိုးကောင်း တို့အားလုံးလည်း စိတ်ညို့အမိန့်ပေးခံလိုက်ရသူပမာ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားကြတော့သည်။

"အားလုံး ငါ့ဘက်ကို လှည့်လိုက်ကြ"

သူတို့အားလုံး အမိန့်ပေးသံအတိုင်း ပြိုင်တူနီးပါး လှည့်လိုက်ကြ သည်။ မျက်နှာများအားလုံး အဘွားကြီးကို တုန်ရင်စွာမော့ကြည့်လျက်သား. .။

"အားလုံး ငါ့ရှေ့ကို ပြန်လာခဲ့ကြစမ်း။ လာခဲ့. . လာခဲ့. . လာခဲ့. ."

သူတို့အားလုံးရဲ့ ခြေထောက်များသည် အဘွားကြီးရှိရာသို့ ရွေ့လျား သွားပြီးနောက် အဘွားကြီးနှင့် ရှေ့နှစ်လှမ်းခန့်မှာ ရပ်တန့်ကုန်ကြသည်။

"နှင့်မိန်းမရောဂါကို ခုချိန်ကစပြီး ငါကုပေးမယ်ဟေ့"

"ဗျာ. ."

"ရှင်. ."

"ဟယ်. ."

ကိုမိုးကောင်းတို့အားလုံး ကြားလိုက်ရသည့်စကားသံကြောင့် ဝမ်းသာ သွားကြသည်။

"အမေကြီး. . တ. . တကယ်ပဲလားဟင်"

"တကယ်ပဲလား ခင်ဗျာ"

"ငါစကားကို နှစ်ခွန်းမပြောဘူးဟေ့။ အဲဒီမှာ အားလုံး ခဏနေကြ"

သို့ကလိုပြောပြီးနောက် တဲအတွင်းသို့ ကျားသစ်တစ်ကောင်လို အရွယ်နှင့်မလိုက် ခုန်ဝင်သွားလိုက်၏။ မကြာခင် ရေတစ်ခွက်နှင့် ဆေးခွက် ဖြစ်ဟန်တူသော ပန်းကန်လုံးတစ်လုံးကိုကိုင်၍ ပြန်ထွက်လာသည်။

ထူးဆန်းသော အဘွားကြီးသည် ရေခွက်နှင့် ဆေးခွက်ကို ကိုင် မြှောက်ပြီး နေထွက်ရာအရပ်ကို မျက်နှာမူ၍ မန်းမှုတ်ရွတ်ဖတ်တော့သည်။

"ဥုံ. . ဗုဒ္ဓံ. . သရဏံ. . ဂစ္ဆာမိ. .

ဥုံ. . ဓမ္မံ. . သရဏံ. . ဂစ္ဆာမိ. .

ဥုံ. . သံဃံ. . သရဏံ. . ဂစ္ဆာမိ. .

ယသာ. . နဘာဝတော ယက္ခာ. .။



www.burmeseclassic.com

www.burmeseclassic.com



နေဝ. . ဒသေန္တိ ဘီသန်. .

ယဥ္စိ စေဝါနု ယုဥ္စန္တော. .

ရတ္တံဒိဝ မတန္တိတော. . ။

ကဝေမကြီး၊ စုန်းမကြီးဟု ထင်မှတ်ထားကြသော ထူးဆန်းပြီး ကြောက်စရာကောင်းလှသည့် အဘွားအိုကြီးသည် သရဏဂုံကိုရွတ်ပြီးနောက် မေတ္တာသုတ်ကို ရွတ်၏။ ၎င်းနောက် ပုဗ္ဗဏှသုတ်ကို ဟန်ဒွာန်အပြည့်နှင့် ရွတ်၏။

"ယံ. . ဒုန္နိမိတ္တံ အဝမင်္ဂလဥ္စ. .

ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ. .

ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ. .

ဗုဒ္ဓါ နုဘာဝေန ဝိနာသ,မေန္တု. . ။

"ယံ. . ဒုန္နိမိတ္တံ အဝမင်္ဂလဥ္စ. .

ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ. .

ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ. .

ဓမ္မာ နုဘာဝေန ဝိနာသ,မေန္တု. . ။

"ယံ. . ဒုန္နိမိတ္တံ အဝမင်္ဂလဥ္စ. .

ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ. .

ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ. .

သံဃာ နုဘာဝေန ဝိနာသ,မေန္တု. . ။

ဦး. . ဦး. . ဦး. .

ဟဲ့. . ဟိုမိန်းကလေး. . ။ အခုချက်ချင်း ငါ့ရှေ့ကိုလာခဲ့"

အဘွားကြီးသည် ပရိတ်ကြီးဆယ့်တစ်သုတ်ထဲက ဂါထာ၊ ဂုဏ်တော်များကို မန္တန်ရွတ်သကဲ့သို့ရွတ်ဆိုပြီး ရေနှင့်ဆေးခွက်ကို မန်းမှုတ်ပြီးနောက် တိုးညင်းသောစကားလုံးများနှင့် သစ္စာဓိဋ္ဌာန်ပြုသလိုလုပ်ပြီး လှမမာ ဖွားချစ်ကို လက်ညှိုးထိုး၍ လှမ်းခေါ်လိုက်သည်။

လှမမာ ဖွားချစ်သည် ထူးဆန်းသောအဘွားအိုကြီးကို ကြောင်၍ ကြည့်နေ၏။ သူမရဲ့မျက်လုံးနှစ်လုံးကား နီရဲတွတ်လျက်ရှိနေပြီး ပြူးကြောင် ကြောင်ဖြစ်နေသည်။ ပါးစပ်ကလည်း လှုပ်ရှုလှုပ်ရှုနှင့် တုန်ခါလျက်. . ။

"ထိန်းမထားနဲ့. . လွှတ်လိုက်ကြစမ်း. . ။ ဟေ့ကောင်မလေး. .





လာခဲ့. . ။ အခုချက်ချင်း လာခဲ့"

အဘွားကြီးက လက်ညှိုးနှင့်တန်းထိုးပြီး စိတ်ညှို့သလို အမိန့်ပေးလိုက်သောအခါ လှမမာ ဖွားချစ်သည် ထူးဆန်းသောအဘွားကြီးရှိရာသို့ ကျောက်ရုပ်ကြီးလမ်းလျှောက်သလို တောင့်တောင့်ကြီးလျှောက်သွားသည်ကို အံ့သြထူးဆန်းစွာ မြင်လိုက်ကြရတော့သည်။

ဖွားချစ်သည် အဘွားကြီးရှေ့တွင် ခြေစုံရပ်၍ နီရဲသောမျက်လုံးအစုံနှင့် အဘွားကြီးကို စိုက်ကြည့်နေ၏။ ဘာတွေဘယ်လိုဖြစ်လာကြမည် သိ၍ အားလုံး စိုးရိမ်ကြီးစွာ ငုံ့လင့်ရင်ခုန်နေကြသည်။

"ကောင်မလေး. . နင့်နာမည် ဘယ်သူလဲ"

"မသိဘူး. ."

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"မသိဘူး. ."

"ညည်းနာမည် ဘယ်လိုခေါ်သလဲဟေ့"

"မသိဘူး. . မသိဘူး. . မသိဘူး. ."

သုံးကြိမ်မြောက်အမေးမှာ ဖွားချစ်က ကြိုး၍အော်ပြောလိုက်သောအခါ အဘွားကြီးက လက်ထဲက ရေမန်းနှင့် လှမ်း၍ပက်လိုက်တော့၏။

"အား. ."

"ဘာဖြစ်လို့လဲအေ့. . ။ ကဲ. . ကဲ. . ကဲ. ."

"အား. . ပူတယ်. . စပ်တယ်. . အား. . အား. ."

"ဟား. . ဟား. . ဟား. . ဟား. . အဲဒါ ရေတ်ရည် မဟုတ်ဘူးဟဲ့။ . . ဒါ. . ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်တော်ပရိတ်ရေ။ ကိုင်း. . ပူတဲ့ ကောင်မ၊ အေးစမ်း. . အေးစမ်း. . အပူတွေ ထွက်စမ်း. . ။ မကောင်းဆိုးဝါး အပတွေ ပြေးကြစမ်းဟဲ့။ ကဲ. . ကဲ. . ။ ကဲ. . မှတ်ထား"

ထူးဆန်းသော ရုပ်ရည်ကြမ်းတမ်းလှသည့် အဘွားကြီးသည် သူ ယ်တိုင် မန်းမှုတ်ရွတ်ဖတ်သရဇ္ဈာယ်ထားသည့် ရေစင်ရေမန်းနှင့် အကြိမ် မ်တောက်လိုက်သောအခါ လှမမာဖွားချစ်သည် တီ ဆားပက်ခံရသကဲ့သို့ တန့်ကြာ လူးလွန့် ယိမ်းထိုးအော်ဟစ်ရာမှ ငြိမ်သက်ပြီး လူကောင်းတစ် ာက်လို ဖြစ်သွားခဲ့လေသည်။

"ဟဲ့. . မိန်းကလေး။ ညည်းနာမည် ဘယ်သူလဲအေ့"



www.burmeseclassic.com

www.burmeseclassic.com



"မဖွားချစ်.."

"ဟား..ဟား..ဟား..ကိုယ့်နာမည် ကိုယ်ပြန်သိနေပြီကိုး။ အခု ညည်းမျက်လုံးထဲမှာ သချိုင်းက မကောင်းဆိုးဝါးတွေ မြင်နေသေးလားဟေ့"

"ဟင့်အင်း..မ..မမြင်တော့ဘူး"

"လာခေါ်သံရော ကြားသေးလားဟဲ့"

"ဟင့်အင်း..မ..မကြားတော့ပါဘူး"

"ဟိုဟာ ဘယ်သူလဲ..။ ကြည့်လိုက်စမ်း.."

"ဒါ..ဒါ..ကျွန်မယောက်ျား ကိုမိုးကောင်း"

"ဟိုမိန်းမနှစ်ယောက်ကရောဟဲ့"

"ဒါက ညီမအလတ် ဖွားသစ်၊ သူက အငယ်မ ဖွားနှစ်"

"ဟား..ဟား..ဟား..ဟား..ဖြစ်ရမယ်..ဒီလိုကို ဖြစ်ရမယ် လေ။ ဟား..ဟား..ဟား..ဟား..။ ဟဲ့..မိန်းကလေး။ ဟောဒီ မြန်မာ ဆေးတစ်ခွက်ကို ဒီရေမန်းနဲ့ ခုချက်ချင်းသောက်လိုက်။ ညည်း ရောဂါပျောက် ပြီ"

သည်မှာပဲ အဘွားကြီးက အမြင့်ပေါ်မှ ခုန်ဆင်းလာလိုက်ပြီး ပန်းကန် လုံးထဲက ဆေးနှင့် ရေမန်းကို ကမ်းပေးလိုက်သောအခါ ဖွားချစ်သည် လိုလိုချင်ချင်၊ လှိုက်လှိုက်လှဲလှဲ တွဲ၍သောက်ချလိုက်လေသည်။ ခါးသက် သောဆေးသည် ရေမန်းနှင့် ရင်ခေါင်းထဲသို့ ဝင်သွားသောအခါ ပူနွေးသော အရသာကို ခံစားလိုက်ရတော့သည်။

"ဒီမှာ ငါ့ကိုကြည့်စမ်း..။ ဒီနေ့ဒီအချိန်ကစပြီး ညည်းရောဂါ ပျောက်ပြီအေ့ ကောင်မရဲ့။ ယုံရဲ့လား"

"တ..တကယ်ပဲလား အမေကြီး..ဟင်..ဟင်.."

"ညည်းလို ရောဂါမျိုး ငါ အများကြီး ကြုံခဲ့၊ ကုခဲ့ဖူးပါရဲ့အေ"

"ဝမ်းသာလိုက်တာ အမေကြီးရယ်။ သမီးတို့ အမေကြီးကို ကန်တော့ပွဲနဲ့ ကန်တော့ပါတယ် အမေ၊ လက်ခံပါနော် အမေ"

ဖွားသစ်က ကန်တော့ပွဲကြီးကို အဘွားကြီးရှေ့မြေပြင် အုတ်ခဲပေါ်သို့ ချလိုက်သည်။ ကျွန်တော်တို့အားလုံးကား မျက်မြင်ဒိဋ္ဌ သရဲခေါ်သလို အမှောင့်ပယောဂ ဝင်ပူးနှောင့်ယှက်သလိုဖြစ်နေသော လူမမာဖြစ်သူ ရောဂါဆန်း မျက်စိရှေ့မှ ယူပစ်သလိုပျောက်သွားပြီး အသိအမြင်များ





အစစ်အမှန်အတိုင်း ပြန်ဝင်လာသည်ကိုမြင်လိုက်ရ၍ အံ့သြဝမ်းသာသွားကြ ပြီး အဘွားကြီးကို အားလုံး စုပေါင်းကန်တော့လိုက်ကြတော့သည်။

"သာဓု..သာဓု..သာဓု..။ သားတို့ သမီးတို့ ငါ့သားများ၊ သမီး များ ကျန်းမာချမ်းသာ၍ အသက်ရှည်၊ အနာကင်းကြပါစေ၊ မကောင်းသော ဘေး၊ မကောင်းသောရန်အသွယ်သွယ်၊ မိစ္ဆာလူဆိုး၊ မိစ္ဆာလူသွမ်းများ အန္တရာယ်ဘေးမှလည်း မကြာချက်ချင်း လွတ်မြောက်ကြပါစေ"

ထူးဆန်းသောအဘွားကြီး ဒေါ်နန်းအိမ်ကြို့သည် ရောက်စကနှင့် လုံးဝမတူတော့ဘဲ အသံများက ညင်သာပျော့ပျောင်းနေ၏။ သူမကြီးသည် ဆုမွန်ကောင်းများကို စိတ်လိုလက်ရ ပေးနေ၏၊ ဦးခေါင်းကို တညိတ်ညိတ် လုပ်ရင်း ပြုံးနေ၏။ အရုပ်ဆိုးလှသော သူမရဲ့မျက်နှာပေါ်မှာ ဝမ်းသာကျေနပ် ပီတိရိပ်များ ယှက်သန်းနေသည်ကို အားလုံးမြင်လိုက်ရလေသည်။

"ဟိုသူငယ်.."

"ခင်ဗျာ.."

"မင်းနာမည် ဘယ်သူတဲ့"

"မောင်မိုးကောင်းလို့ ခေါ်ပါတယ် အမေ။ ဒီလူမမာ ဖွားချစ်ရဲ့ ယောက်ျားပါ"

"ဪ..မောင်မိုးကောင်းရဲ့။ မှတ်ထားကွယ့် လူကလေးတို့ရဲ့။ သရဲ တစ္ဆေ အမှောင့်ပယောဂဝင်တာကို ငါတို့ အချိန်မရွေး နှင်လို့ရတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ မန္တန်ဂါထာ ပရိတ်တော်အစွမ်းများ ရှိတယ်ကွယ့် သားရဲ့"

"ဟုတ်..ဟုတ်ကဲ့..။ ယုံ..ယုံပါပြီအမေ"

"အေး..အဲဒီ ပရိတ်မန္တန်နဲ့ ချက်ချင်းနှင်လို့မရတဲ့ မိစ္ဆာကောင် တွေရှိတယ် လူကလေးတို့ရဲ့။ အဲဒါ ဘယ်သူလဲ..သိလား"

"မ..မသိပါဘူး အမေကြီးခင်ဗျာ"

"မှတ်ထား..။ အဲဒါ ဂျပန်ဖက်ဆစ်လူယုတ်မာနဲ့ အမျိုးသားသစ္စာ ဖောက် လောက်ကောင်တွေပဲ"

"ဗျာ.."

"ဟင်.."

"ဟယ်.."

"လူလေးတို့..။ သင်းတို့ကို မေတ္တာနဲ့ရှင်းလို့မရဘူး။ သီပုဒ္ဒေနဲ့



www.burmeseclassic.com

www.burmeseclassic.com

လည်း နှင်လို့ ချက်ချင်းမပြေးဘူး။ ဒီလို အမျိုးမကောင်းတဲ့ လူသွမ်းတွေကို မေတ္တာနဲ့မရရင် ကျစ်စာနဲ့ပစ်ပြီး နှင်ရမယ်။ အဲဒါ ငါ့သားများ နားလည်သဘောပေါက်ထား။ မကြောက်ကြနဲ့. .။ တစ်နေ့ သူတို့ပြေးရလိမ့်မယ်။ အဲဒီကျရင် ငါ့သား၊ ငါ့သမီးများ သံပုံးတီးကြ၊ ဗိုင်းဝန်းပြီး တောထုတ်ကြ. .။ ကြားလားဟေ့. .''

''ဟုတ်. . ဟုတ်ကဲ့ပါ အမေကြီးခင်ဗျ''

''ကိုင်း. . ပြီးပြီ။ သွားတော့. .။ ရော့. . ဒီဆေးမှုန့်ကို နေ့စဉ် ရေနွေးနဲ့ ဒါမှမဟုတ် ရေအေးနဲ့ နှစ်ကြိမ်သောက်ပေး''

အဘွားကြီးက ဆေးမှုန့်ထုပ်တစ်ထုပ်ကို ဖွားချစ်လက်သို့ ထည့်ပေးလိုက်၏။

''အမေ. .''

''ဘာတုံး သမီး''

''မသိလို့ မေးပါရစေ အမေ၊ သမီးရောဂါက ဘာ. . ဘာရောဂါလို့ ခေါ်လဲဟင်''

''အဲဒါ မှတ်ထား. .။ မိန်းမများဘဝမှာ ကြောက်စရာအကောင်းဆုံး၊ ဒုက္ခအပေးဆုံး ရောဂါပေါ့။ သွေးဆုံးမီးယပ်ကိုင်တယ်လို့ ခေါ်တယ်။ သွေးဆုံးမီးယပ်ကိုင်ရင် ခုလိုပဲ စုန်းပူးသလိုလို၊ နတ်ပူးသလိုလို၊ သရဲဝင်သလိုလိုဖြစ်ရော။ ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး မမေ့နဲ့၊ ဒီဆေးသာ မှန်မှန်သောက်။ ညည်းမီးယပ်သွေးဆုံးကိုင်တာ မကြာခင် ပျောက်သွားလိမ့်မယ်။ သွားကြတော့. .''

ထိုနေ့က ကိုမိုးကောင်းတို့ ထူးဆန်းသော ပညာရှင်အဘွား ကြီးကို ဦးချကန်တော့ပြီး ဝမ်းသာအားရ သီချင်းများပင်အော်ဆို၍ ရွာထဲသို့ လှည်းမောင်းဝင်လာခဲ့ကြ၏။ နွားနှစ်ကောင်ကလည်း အပြန်မှာ ရွှင်နေ၏၊ လူတွေလည်း ပျော်နေကြ၏။

သူတို့လူစု ရွှင်မြူးအားရပြန်လာသည်ကို ရွာထဲကလူများ မြင်ကြရသောအခါ အံ့သြကုန်ကြ၏။ ဖြစ်ကြောင်းကုန်စင်ကို ကိုမိုးကောင်းတို့က ပြန်လည်ရှင်းပြ၊ ပြောပြလိုက်သောအခါ ကြားရသူများအားလုံး ပို၍ပင် အံ့သြကုန်ကြ၏။

စုန်းမကြီး. .





ကဝေမကြီး. .

သေမင်းမကြီး. . ဟု အားလုံးက အမည်ပေးခဲ့ကြ၏။

အခု သည် စုန်းကဝေလို မိန်းမဆန်းကြီးက သရဲတစ္ဆေပူးသလို ဖြစ်နေသည့် ရောဂါကို မီးယပ်သွေးဆုံးရောဂါဟု အမည်ပေးပြီး ချက်ချင်း သက်သာအောင် ကုသပေးလိုက်သည့်အပြင် ဂျပန်ဖက်ဆစ်ဝါဒ မုန်းတီးရေး တရားကိုပင် အားရပါးရ ဟောလိုက်သေးသည့်အကြောင်း ကြားသိကြရသောအခါ ကျွန်တော်တို့ ကြားရသူများအားလုံး အဘွားကြီးကို အံ့သြလို့မဆုံး။

www.burmeseclassic.com

www.burmeseclassic.com

## ၂၁

# သေမင်းခေါ်သည့်လက်ကို ပုတ်ချခဲ့သည့်မိန်းမ

ကောင်းကင်မှာ မိုးက ညို့မှိုင်းနေပြီး သည်နေ့ကျမှ ပင်လယ်က ဖြတ်ပြီးလာသည့်လေက နည်းနည်းထန်နေသည်။ ရေတက်ခါနီးမို့ထင့်..။ မိုးရော၊ လေရောက ဆင်ချင်နေသည်။

လှေသည် ကမ်းစပ်ရေပြင်ပေါ်မှာ အငြိမ်မနေဘဲ ဆိတ်ပေါက်စလေးလို ခုန်ပေါက်ခုန်ပေါက်ဖြစ်နေသည်။ ကျွန်တော် လှေထဲကရေများကို ခပ်၍ သွန်ပြီး ခရီးသည်များကို စောင့်နေလိုက်၏။

ခုတလော မိုးဦးဝင်ကတည်းက ပင်လယ်မှာ မုန်တိုင်းများ ကျလိုက်သည်မှာ မနည်း။

ခရီးသည်နှစ်ယောက် ရောက်လာသည်။

"ကိုထိန်လှေ အလျှင်ထွက်မှာလားဟေ့"

"အေးဟေ့..။ လူပြည့်ရင် ထွက်မှာပဲဟ"

"ဟဲ့..လှကြည်..လာဟေ့..။ နေရာစောစောဦးထားမှ..။ တက်တော့.."

ဦးစွာ မိန်းမနှစ်ယောက် လှေပေါ်မှာတက်ထိုင်ပြီး ဆွဲခြင်းများ နေရာချ၍ စကားတွတ်ထိုးနေကြသည်။





ကျွန်တော်သည် ခတ်ကွင်းကြိုးများနှင့် တက်နှစ်ချောင်းကို ပြန်လည် စစ်ဆေးပြုပြင်ပြီး ခရီးသွားများကို စောင့်နေလိုက်သည်။

ကောင်းကင်မှာ မိုးညို့နေလို့ထင့်..။ သည်နေ့ ခရီးသွားများ အလာနည်းနေသလို ရှိ၏။ ခါတိုင်း သည်လိုနံနက်စောစောမှာ ဟိုရွာ၊ သည်ရွာကလူများ မော်ဝန်းချောင်းတစ်ဖက်ကမ်းကို အကူးများကြသည်။

ခက်သည်က မြို့လယ်ပိုင်း ဂျပန်ကင်ပေတိုင်ရုံးမှ စစ်သားများ ခုတလော ခြေချင်းလိမ်နေ၍ အသွားအလာနည်းသလိုမျိုးတော့ ရှိ၏။

သီလဝါဘက်မှာတော့ တိုက်ပွဲအချို့နှင့် ချောင်းမြောင်းလုပ်ကြံမှုများ ရှိကြောင်း ကြားသိရသည်။ သီလဝါသည် အင်္ဂလိပ်အစိုးရခေတ်တုန်းကလည်း ရေလမ်းအဝင်မှာ အချက်အချာဖြစ်ခဲ့၏။

ဂျပန်ဝင်လာတော့လည်း သီလဝါမီးပြသည် စစ်ရေးအရ အချက် အချာကျ၏။ သီလဝါကား ပင်လယ်အဝင်ဝ ဆိပ်ကမ်းဖြစ်၏။ ယခုမှမဟုတ်။ ရှေးပါဒနိုင်ငံခေတ်ကတည်းက သီလဝါကမ်းခြေသည် စစ်ရေးအရ အချက် အချာကို ဖြစ်ခဲ့၏။ ရာဇဝင်ရှိခဲ့သော နေရာဒေသလည်း ဖြစ်ခဲ့သည်။

ကျွန်တော်တို့ ကျောက်တန်းမြို့ ပါဒကြီးဒေသသည် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော်က သမိုင်းတွင် အကြီးအကျယ် ထင်ရှားခဲ့သော ပါဒနိုင်ငံတော်ကြီး ဖြစ်ခဲ့၏။

တိဿဘောဂသေနမင်းကစ၍ အဦးပြုပြီးတည်ခဲ့ရာ မင်းဆက်ပေါင်း (၃၄) ဆက် အုပ်ချုပ်စိုးစံခဲ့၏။ နောက်ဆုံးမင်း (၃၄) ဆက်မြောက်ဖြစ်သော ဓိန္နမင်း (ခေါ်) အရိန္နမင်းလက်ထက်မှာ အုပ်ချုပ်ရေးကလည်း ညံ့ဖျင်းနေ နိုင်..၊ သည်မှာ ဖက်ယားကြီးရွာသား မောင်သံလျင်က တရားမဲ့အုပ်ချုပ် နေသော ပါဒဘုရင် အရိန္နရာဇာကို တိုက်ခိုက်သတ်ဖြတ်သဖြင့် ပါဒနိုင်ငံတော် ကြီး နောက်ဆုံးပျက်သုဉ်းခဲ့ရသည်ဟု ဆရာတော်ကြီးတစ်ပါးနှင့် ရှေးပညာရှင် ကြီးတစ်ဦးက ဆိုခဲ့၏။

ပြောချင်သည်က သီလဝါအကြောင်းပဲဖြစ်သည်။

ပါဒနန်းဦးတည်ဘုရင် တိဿဘောဂသေနမင်းလက်ထက်က တိဿဘောဂသေနမင်းသည် ပါဒနိုင်ငံကို စနစ်တကျ ဖွဲ့စည်းတည်ဆောက် သည်။

ယခု ပါဒကြီးကျေးရွာကို ဝန်းကျင်ကို ဗဟိုပြု၍ ကျုံးဖြင့်ဝန်းရံခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ပါဒကြီးကိုဗဟိုပြုပြီးနောက် မြောက်တစ်ယူဇနာ ယခု သန်လျင်မြို့ခေါ် တည်င်မြို့ကို အထရုံမြို့၊ တောင်သို့လားသော် ယခု ကျောက်တန်းမြို့ခေါ် ယခင်အခေါ် ဂွမ်းမြို့၊ အရှေ့သို့ တစ်ယူဇနာခန့်လားသော် ယခု သုံးခွမြို့ခေါ် ယခင် ဒုံသတိုင်မြို့ကိုလည်းကောင်း၊ အနောက်သို့လားသော် ယခု သီလဝါခေါ် ဒုံဆိပ်မြို့မြို့ကို ပိုင်းခြားတည်ထောင်ခဲ့သည်။

ပါဒမင်းငါးဆက်မြောက် 'ရာဇာစောနောင်မင်းကြီး' နတ်ရွာစံ သော် သက်တော် (၁၃) နှစ်အရွယ်ရှိ သားတော် သုခမုခနန်းစောရှင် (ဗြာဂျဲ့–ဖရှာ့စော) မင်းသားသည် သက္ကရာဇ် (၃၅) နှစ်မှာ ပါဒရွှေနန်းကို သိမ်းမြန်းစိုးစံခဲ့သည်။

ထိုမင်း သုခမုခနန်းစောရှင် နန်းတက်ချိန်မှာ အင်္ဂလိပ်အစိုးရတို့က ငွေထွက်သောနေရာဖြစ်သဖြင့် ဆီးလ်ဗား (Silver) ကျွန်းဟုခေါ်ခဲ့ပြီး ကျွန်တော်တို့မြန်မာများက ၎င်းအင်္ဂလိပ်စကားကို မပီမသသံနှင့် သီလဝါဟုခေါ်သော သမိန်စကားကျွန်းသို့ ကျူးကျော်သူများ ရောက်ရှိလာခဲ့၏။

ထိုကျူးကျော်သူများကား အိန္ဒိယနိုင်ငံမှ ဟိန္ဒူကုလားများ ဖြစ်၏။ ၎င်းကျူးကျော်သူ လူမျိုးခြားများသည် သင်္ဘော (၁၇) စင်းဖြင့် ပါဒနိုင်ငံတော်ကြီး၏ မြေများကို လုယူရန်ရောက်ရှိလာသောအခါ နန်းစောရှင်သုခမုခခေါ် ဗြာဂျဲ့–ဖရှာ့စောကိုယ်တိုင် နန်းစဉ်သုံး တော်ဝင်လေးကို ကိုင်ဆွဲဦးဆောင်ပြီး ပါဒစစ်သည်တော်များနှင့် အသေအကြေတိုက်ခိုက်ခဲ့သည်။ ကုလားစစ်သည် ခုနစ်ထောင်ကျော် လေးမြားလက်နက်ထိမှန်၍ သီလဝါကျွန်းကုန်း မြေပြင်ချေပြင်မှာ သွေးချောင်းစီး ကျဆုံးခဲ့ကြသည်။

သည်မှာ နန်းစောရှင်တို့ ပါဒတပ်က ကုန်အပြည့်ပါသော သင်္ဘော (၁၇) စင်းနှင့် သုံ့ပန်းများကို လက်ရသိမ်းပိုက်ခဲ့လိုက်၏။

သမိန်စကားကျွန်း (သီလဝါ) စစ်ပွဲကို ကြီးကျယ်ခမ်းနားစွာ အောင်မြင်ခဲ့လိုက်သဖြင့် ထိုကျွန်း၌ပင် 'သမိန်စကားစစ်' အောင်မြင်သော အထိမ်းအမှတ်အဖြစ်ဖြင့် 'သမိန်စက္ကဝတ်' ဟူသောအမည်ကိုခံယူပြီး နန်းစောရှင် အဘိသိက်ခံလေသည်။

'သမိန်' ၏အဓိပ္ပာယ်ကား 'စစ်တို့၏အရှင်'၊ 'စက္ကဝတ်–စက္က ဝတ္တိ–စကြဝတေးမန္ဓာတ်မင်း' ဟု အဓိပ္ပာယ်ရ၏။

အပြည့်အစုံကား စကြဝတေးမန္ဓာတ်မင်းကဲ့သို့ ရဲရင့်၍ ဘုန်းသမ္ဘာ

စိတ်ကူးသစ်စာပေ



နှင့်ပြည့်စုံသော စစ်ဘုရင်ချုပ်ဟု အမည်ရလေသတည်း။

သမိန်စက္ကဝတ်ခေါ် သုခမုခနန်းစောရှင်သည် ကုလားစစ်သားများ မြင်ရာ၊ နီးရာ၊ ကြုံရာ ကမ်းပါးပေါ်သို့တက်လာသည်ကို လေးနှင့်ခွင်း၍ အောင်မြင်ရာဌာန၊ ပြေးရာဌာန၏ မြစ်တစ်ဖက်ကမ်း၌ ဉာဏ်တော်အတောင် (၄၀) ရှိသော စေတီတစ်ဆူကို သာသနာသက္ကရာဇ် (၃၅) ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့သေး၏။

ဘွဲ့တော်ကို ကျိုက်ခနက် အမည်တိုးလေသည်။ 'ခန' ကား ပါဠိစကားဖြစ်ပြီး 'လေး' ဟု အဓိပ္ပာယ်ရသည်။ ကုလားစစ်သားများကို လေးနှင့်ပစ်ခွင်း၍ အောင်မြင်ရာဒေသ၌ တည်ထားကိုးကွယ်သောကြောင့် 'လေးဘုရား' ဟု အမည်တွင်သည်ဟု ပါဒသမိုင်းမှာ ကြားနာဖတ်ရှုသိခဲ့ရသည်။

ဆိုရလျှင် သီလဝါသည် အလွန်ကို စစ်ရေးအရ အချက်အချာကျ၏။ ပင်လယ်မှ စစ်သင်္ဘောများ အဓိကဝင်ပေါက်ဖြစ်၍ အင်္ဂလိပ်အုပ်စိုးစဉ်ကလည်း သည်ဝန်းကျင်မှာ စစ်တပ် (ခံတပ်) စောင့်ရ၏။

ဂျပန်ဝင်တော့ ၎င်းသီလဝါခံတပ် အစောင့်တပ်ဝန်းကျင်ကို အဓိကထိုးကြဲတိုက်ခိုက်ရကား ဂျပန်စစ်ကာလမှာ သီလဝါကျွန်းသည် အပျက်အစီးများခဲ့၏။ အသေအပျောက်များခဲ့၏။

လက်ရှိအုပ်ချုပ်မင်းမူနေသည့် ဂျပန်များကလည်း သီလဝါရေဆိပ်ကို အစောင့်အကြပ်ထူထူချပြီး ဝန်းကျင်မှ တော်လှန်ရေးအဖွဲ့ရသူများကို လိုက်လံဖမ်းဆီး သတ်ဖြတ်နေချိန်ဖြစ်သည်။

သီလဝါနှင့် မီးပြတို့ကား ငါးလုပ်ငန်းနှင့် စည်ပင်သည်။

လှေသမ္ဗန်များ၊ ခတ်လှေများ အဝင်အထွက်၊ အကူးအလူးများသည်။ သန်လျင်နှင့် အဆက်အစပ် တောကောင်းသည့် တွံ့တေးတောကြီးဘက်။ မုတ်ကျွန်းသောင်ခုံ၊ ကော့မှူး စသည့် ကရင်တော်လှန်ရေးကျေးရွာဒေသများနှင့် ရှေ့မြင်နောက်မြင် နှစ်ဘက်ညှပ်ဖြစ်၍ ဂျပန်က အမြဲစိုးရိမ်နေရသည့် ဒေသများဖြစ်သည်။

အတွေးကောင်းနေဆဲမှာပင် မိုးခြိမ်းသံများ၊ လျှပ်ဝင်းလက်သံများပင်ရ ကြားရတော့သည်။

သည်အချိန်မှာပဲ အရှုမလေးခင်ချောစု အဝေးကနေ လက်ပြကာ မြောက်၍ အမောတကောကြီး အော်ဟစ်ပြေးလာနေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုရေ. . အစ်ကို. . ."

"အစ်ကိုမောင်ထိန်. . အစ်ကိုမောင်ထိန်. ."

"ဟ. . ချောစုရ။ ဖြည်းဖြည်းလာပါဟ. .။ နင်မရောက်မချင်း ငါ လှေမထွက်သေးပါဘူး။ တကတည်းဟာ. ."

ကျွန်တော့်အနားရောက်တော့ ချောစု မောဟိုက်ပန်းလျှနေပြီ။ ခေါင်းပေါ်က ပန်းများလည်း ဖရိုဖရဲဖြစ်နေသည်။ ထဘီလည်း ဒူးပေါ်ပေါင်ပေါ်နှင့် မြင်လို့မကောင်း။

"ဟောဟဲ. . ဟောဟဲ. . အင်း. . အင်း. . ဟူး. ."

"သွား. . လှေပေါ်မှာ နားတော့။ နင်တက်ပြီးရင် လှေထွက်မယ်"

သူမကို ဦးစားပေးမစောင့်လို့ မဖြစ်။ သူမသည် ကျွန်တော့်ရဲ့ သံယောဇဉ်ကောင်မလေး ဖြစ်နေပါပြီ။ သူမကို ကျွန်တော်သနားသည့်သို့ဖြစ်၍လည်း နံနက်ရော၊ ညပါ သူ့ကို တကူးတကစောင့်၍ခေါ်ရသည့် အပြန်မှာ အချိန်ကုန်ခံ၍ စောင့်မျှော်ကြိုရသည်။ တကယ့်ကို ရွှေလည်မော့မော့။

အဲဒီလိုမှမကြိုလျှင် နောက်နေ့မိုးလင်းလျှင် ဒီရေဆိပ်မှာ မယားကလင်ကိုဆူသကဲ့သို့ ကျွက်ကျွက်ညံအောင်ဆူမည်။ အော်မည်။ ပြီးလျှင် မရှုတ်မကြောက် ဟစ်၍ငိုပြီး ဟိုမိန်းမ၊ သည်မိန်းမနှင့် စောင်းမြောင်းထေ့သမုတ်တော့၏။

ထိုအခါ လူပျိုကြီးကျွန်တော် 'အရှက်ကွဲရ၏။

အရှက်ကွဲရသည့်အကြိမ်လည်း မနည်းခဲ့။ ကြာတော့ သင်းကလေးကို ညီမလေးလိုလည်း သံယောဇဉ်ဖြစ်ခဲ့ရသည်။ ဒုက္ခသည်မလေးအဖြစ်လည်း အကြင်နာပိုခဲ့ရသည်။ ကျွန်တော့်ရင်ထဲက မေတ္တာရေစီးချောင်းများသည် သူမ,ရှိရာအရပ်သို့ ငြိမ့်ညောင်းစွာ တသွင်သွင်စီးဆင်းခဲ့ရသည်။

အစဉ်စောင့်ရှောက်ရန်ဆိုသည့် သစ္စာမိုးတို့လည်း သူမဦးခေါင်းပေါ်သို့ ဖွဲဖွဲဖြိုင်ဖြိုင် သည်းသည်း ရွာချပေးခဲ့ရတော့၏။

"အစ်ကိုမောင်ထိန်. ."

"ဘာတုံး ချောစုရဲ့"

"အစ်ကိုမောင်ထိန်. . ဟူး. ."

"ဘာတုံးဟ. . ဘာတုံး. . ဘာတုံး. ."

"အစ်ကိုမောင်ထိန်ကြီးရဲ့. ."





"ဟ. . ဘာတုံးဟ ဂန်းတာမ၊ သေနာမရ. .။ သေမလို့ ငါ့နာမည်ကို ထပ်တလဲလဲခေါ်နေရတာလား။ တက်. . မြန်မြန်တက်"

အကြောင်းသိနေသူများက ကျွန်တော်နှင့် အရွှးမလေးချောစုကို ကြည့်၍ ရယ်ကြ၏။ နောက်ပြောင်ကြ၏။ စိတ်က မရှည်တော့။ စကားတစ်ခွန်းပြောဖို့အရေး နာမည်က ခေါ်လို့ကိုမဆုံးနိုင်။

"အစ်ကို. . ရှင် ဒီနေ့ လှေ. . လှေမထွက်နဲ့တော်"

"ဟ. . နေ့တိုင်းထွက်နေကျဥစ္စာ။ ဒီနေ့ ဘာလို့မထွက်ရမှာလဲ"

"အို. . မထွက်နဲ့တော်"

"ဟုတ်ပါပြီ. .။ ဘာလို့မထွက်ရမှာလဲ. . ပြောပါဦး။ ဟိုမှာ လှေပေါ်ကို ခရီးသည်တွေရောက်နေတာ နင်မြင်တယ်မဟုတ်လား"

"ဟုတ်ဘူးတော့်. .။ ကျွန်. . ကျွန်မမျက်စိအာရုံထဲမှာ တစ်ခုခုဖြစ်မှာ မြင်. . မြင်နေလို့တော့်"

"ဟာ. . ဒီကောင်မလေး။ မဟုတ်ကဟုတ်က လျှောက်ပြောနေပြန်ပြီ။ ဟိုမှာ ခရီးသည်တွေ လာနေပြီ။ တက်. . မြန်မြန်တက်ပါဟာ ချောစုရာ"

"အစ်ကိုမောင်ထိန်. . ဒီ. . ဒီနေ့ လှေ. . လှေမထွက်ပါနဲ့တော်။ ကျွန်မ. . ကျွန်မတောင်းပန်ပါတယ် အစ်ကိုမောင်ထိန်ရယ်။ မထွက်ပါနဲ့. .။ နော်. . နော်. ."

သူမက ဖွတ်ပဲ ကျွန်တော့်လက်ကိုဆွဲကိုင်ပြီး ပြောနေ၏။ သည်အချိန်မှာပဲ ပန်းတောရွာက ကိုကြက်တောတို့အုပ်စု အနီးသို့ရောက်ချလာ၏။

"ဟ. . မောင်ထိန်ရ။ ဘာတွေများ နှစ်ကိုယ်ကြား တိုင်တည်သစ္စာစကားတွေ ဆိုနေကြတာလဲကွ. . ဟေ. ."

သည်မှာပဲ ကိုကျွဲသိုးကြီးက. .

"ချစ်၏၊ ခင်၏၊ ကြင်နာ၏၊ ညားခါစ ဒီလိုပဲပေါ့ ကြက်တောရာ။ စကားများ မပြောပါနဲ့။ မင်းတုန်းက ဒီ့ထက်ဆိုးသေးဥစ္စာများ. .။ အဟေး. . ဟေး. . ဟေး. ."

"သည်းသည်းကိုလှုပ်ပါ ငါ့လူရာ။ ဒါမျိုးက ဖြည်းဖြည်းကွ. . ဖြည်းဖြည်း. ."

ကိုညွန့်မောင်ကြီးကလည်း ဝင်ဖောက်လိုက်သေးရဲ့။ ကြာတော့ လည်း အမြင်တွေ၊ အကြားတွေ ရိုးသလိုရှိနေပြီမို့ စိတ်လည်းမဆိုးနိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ပြောလည်း မနာတော့။

"မထွက်သေးဘူးလားကွ မောင်ထိန်ရ"

"ခုထွက်မှာ..။ တက်ကြချာ"

"အစ်ကို..လုံးဝမထွက်နဲ့နော်"

ကိုကြက်တောတို့အုပ်စုက လှေပေါ်ကိုရောက်နေပြီ။ နေရာယူကာ ကြပြီးပြီ။ လှလည်း ပြည့်နေပြီ။ သည်မှာပဲ အရွှေ့မလေးချောစုက ကျွန်တော့် ပုဆိုးကို ဆုပ်ကိုင်ပြီး လှေဆိပ်မှ ဆွဲ၍ခေါ်သွားတော့သည်။

"ဟဲ့..ကောင်မလေး။ လူကြီးသူကြီးတွေရှေ့မှာ ယောက်ျားလေးတို့ ဗလက္ကာရမလုပ်နဲ့လေ။ ပုလိပ်မြင်ရင် ဖမ်းလိမ့်မယ်ဟဲ့ ချောစုရဲ့"

ကိုညွန့်မောင်ကြီးက ချောစုလုပ်ပုံကိုကြည့်ပြီး လှေပေါ်မှ ပြောင် တော့၏။

"ဟင့်အင်း..ဟင့်အင်း..ဒီနေ့ လှေလုံးဝမထွက်ရဘူး.. မထွက်ရ ဘူး..။ လာ..အခုလာ။ လာလို့ခေါ်နေတာ မလိုက်ဘူး..ဟုတ်လား။ ကဲ.. ကဲ..ကဲ.."

သူမသည် ပါးစပ်ကပြောရင်းကနေ ကျွန်တော့်ပုဆိုးကို လက်သန် သန်နှင့် မလွှတ်တမ်းဆုပ်ကိုင်ပြီး ကုန်းပေါ်သို့ တရကြမ်းဆွဲခေါ် သွားတော့ သည်။

"ဟေ့ကောင်..မယားကြောက်..ဒီလှေ ဘယ်သူလှော်မှာလဲကွ"

"မယားနေစ ကြောင်သေမှ..တဲ့ကွ ထေိန်ရ။ ညံ့ပါ့ကွာ..။ နား ရင်းကို နှစ်ချက်လောက်ပြင်းလိုက်ပါလားကွ။ ငါ့ယောက်ဖ ကျွဲကြီးနဲ့များ ကွာပါ့ကွာ"

"တော်တို့က သူများသားသမီးကို မြှောက်မပေးပါနဲ့တော့။ ဟို.. ထန်းပင်ကုန်းရွာက ကိုသွေးရင့်နဲ့ ကိုဇော်ဖေဆို သူတို့မယားကို ဦးကုန်းချ ဂါရဝပြုပြီးမှ အိမ်ကနေထွက်တာဥစ္စာ။ ချောမော့ပြောပြီးခေါ်ခဲ့ဟဲ့ မောင်ထိန် ရဲ့။ အင်း..ရည်းစားငယ်ငယ် စိတ်မနှံ့တာလေး သွားထားတော့ ဂိုကျမပေါ့ အေ"

လှေပေါ်က ခရီးသည်များကလည်း ကျွန်တော့်ကို ဝိုင်းဖဲ့ကုန်ကြပြီ။ ကျွန်တော်ကလည်း ညီမလေးလိုချစ်ရသည့်၊ သံယောဇဉ်ဖြစ်ရသည့် သူမကို ချော့မော့ပြီး လွှတ်ဖို့ပြော..၊ သူကလည်း ဒေါ်ပွပွနှင့် တအားဆွဲ၍ခေါ်..၊

---

စိတ်ကူးသစ်စာပေ



ဆိုးလည်း မလွှတ်..။

ရှုတ်ချပြီး လှေဆိပ်ပြေးရင်လည်း လူမြင်၍က မကောင်း။ ဒါနှင့်ပဲ သူမဖွတ်ဆွဲခေါ်သွားရာ ဘုရားစေတီကုန်းပျက်တစ်ဆူရှိရာသို့ ရောက်သွား တော့သည်။

ဆိုရလျှင် အဲဒီနေ့က ကျွန်တော့်လှေကို ကျွန်တော်မလှော်ခဲ့ရ။ ဟိုဘက်ကမ်းကို ကူးတို့မပို့ခဲ့ရ။ ကိုညွန့်မောင်ကလည်း လှေသမားဆိုတော့ ယူဘူးဆိုပြီး ခရီးသည်များအလို၊ သူ့အလိုအရ လှေကိုခတ်လှော်သွားခဲ့ သည်။ ကောင်းကင်မှာ တိမ်မည်းများက အုံ့မှိုင်းလို့..။

သိပ်မကြာလိုက်..။

သတင်းဆိုးတစ်ခုကို ကြားလိုက်ရတော့သည်။

အဲဒီနေ့နံနက်က ကျွန်တော့်ကူးတို့လှေကို ပန်းတောရွာသား ကိုညွန့် မောင်ကြီးကိုယ်တိုင် ယုံကြည်စိတ်ချစွာလှော်၍ ဟိုဘက်ကမ်းကို ကူးသည်။ သည်အချိန်မှာ ရေတက်၊ လေတက်နှင့် ကောင်းကင်တစ်ခုလုံး မိုးများညို့ပြီး ညို့မှောင်နေသည်။ အမှောင်သည် ရုတ်ချည်း လျှင်မြန်စွာရောက်ရှိလာပြီး မြင်၊ မြေပြင်ကို မှိုင်းအုပ်စိုးသလို ရှိခဲ့၏။

ကိုညွန့်မောင်တို့ ကိုကြက်တောတို့ကလည်း လှေသမားများ။ မထူး ဘူးဆိုပြီး ကျွန်တော့်လှေကို လှော်၍၊ ခတ်၍ ကူးကြသည်။

သည်မှာ မိုးမှောင်ကြီးကကျ..။

လှိုင်းဒီရေက အလုံးအရင်းနှင့် တရကြမ်းတက်..။

လှေကလည်း ရေလယ်ခေါင်မှာ ရောက်နေချိန်..။

မိုးများ၊ လေများ ရုတ်ချည်းကျလာရကား အရဲစွန့်ကူးကြသည့် လှေမှာ လှိုင်းဒဏ် ၊လေဒဏ်နှင့် မှောက်ပါလူးလိမ့်နေကြ၏။

လှေပေါ်ရှိလူများ မိုးရေစိုရွှဲပြီး လူးလိမ့်မှောပါနေကြသည်။ ကူးတို့ လှေပေါ်မှာ ဘုရားတ, အော်ဟစ်နေကြသည်တဲ့။

"အလာလမ်းကို ပြန်ကပ်ပါ ကိုညွန့်မောင်"

"ကယ်ကြပါဦးတော့..ဘုရား..ဘုရား..ဘုရား.."

"ပြန်မလှည့်နဲ့..။ မြို့ကမ်းရှိရာကို ထိန်းပြီးလှော်ပါဟ"

"ထိန်းလို့မရတော့ဘူးဗျ"

"ခုက္ခပါပဲ..။ ဘုရား..ဘုရား.."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း. ."

"ဂျိုင်း. ."

"အမေ့. ."

"ဘုရား. . ဘုရား. . ဘုရားကယ်တော်မူပါဘုရား. ."

"ဝုန်း. ."

"ဝုန်း. ."

"ဂျိမ်း. ."

"ဘုရား. . ကယ်တော်မူပါ ဘုရား. ."

"အား. ."

"ဟ. . ဟ. . ဘာတုံးဟ"

"မည်းမည်းကြီးဗျ. .။ ရှောင်ဂါ ကိုညွန့်မောင်ရ၊ အမြန်ရှောင်ပါဗျ"

"မရတော့. . ဘူး. ."

"ဒိန်း. ."

"ဝုန်း. ."

"အား. ."

"အမလေး. ."

မိုးကြီးလေကြီး မှောင်မှောင်မည်းမည်းမှာ လျှပ်စစ်ရောင်နှင့် မည်းမည်းကြီးတစ်ခု ဝင်ဆောင့်လိုက်သည်။ သူတို့လှေ လူးလိမ့်ပြီး မှောက်သွားခဲ့သည်။ လှိုင်းလေမိုးကြားမှာ ခရီးသည်များ ကစဉ့်ကလျားဖြစ်ပြီး နစ်မြုပ်ကူးခတ် အော်ဟစ်ကြသည်။

စာရင်းချုပ်လိုက်သောအခါ မိန်းမသားနှစ်ဦးရေနစ်၍ သေဆုံးပျောက်ဆုံးသွားခဲ့ပြီး ကိုညွန့်မောင်တို့ ဂိုကြက်တောတို့ ယောကျ်ားသား ရေကူးကျွမ်းကျင်သူ လှေသမားတံငါများပဲ ရေစီးနှင့်မျောပါကူးခတ်ရင်း အသက်ရှင်ခဲ့ရလေသည်။

ဘုရား. . ဘုရား. .။

အကယ်၍သာ ကျွန်တော်များ ဤခရီးစဉ်ကို ဖွတ်လျော့ကူးခတ်လျှင် မော်ဝန်းချောင်းရေပြင် မိုးသက်လေပြင်းကြားမှာ အသေဆိုးနှင့် ကြုံရမှာ ချေ၏။ တော်ပါသေးရဲ့. .။ အရှုးမခင်ချောစုလေးက ဖွတ်တားလို့ ဝင်ကာလိုက်လို့. .။ မဟုတ်လျှင် မော်ဝန်းချောင်းရေစာမှာ ကျွန်တော်တို့၏ မရဏ





ဝိညာဉ်သည် ရေကင်းစောင့်ဘဝ ရောက်ခဲ့ရပေလိမ့်မည်တည်း။

မိမိအသက် ကံကောင်း၍ မသေဆုံးခဲ့ရသော်လည်း ကွယ်လွန်သူများအတွက် ကျွန်တော်တို့ကူးတို့လှေသမားများအားလုံး စိတ်မကောင်းကြ။

အဲဒီနေ့က မိမိအသက်ကို ကယ်ခဲ့သည့် အရှူးမလေးခင်ချောစုကို ကျေးဇူးလည်းတင်၊ ဝမ်းသာအံ့ဩလည်း ဖြစ်လွန်း၍ ညီမအရင်းလေးလို မွေးဖက်ထားမိသည်။ အဲဒီတုန်းက ခင်ချောစုက တစ်ခစ်ခစ်ရယ်ရင်းက. .

"ကဲ. . ယုံပြီမဟုတ်လား" . . တဲ့။

မေးရဲ့. .။

ကျွန်တော်ဖက်ထားရင်းက သူမရဲ့ပါးဖောင်းဖောင်းလေးကို စိတ်လိုလက်ရ နမ်းပစ်လိုက်သောအခါ. .

"အို. ."

"သွား. . သွား. . အစ်ကို မကောင်းဘူး။ ဘာမှန်းလည်း မသိဘူး။ သွား. ."

ကျွန်တော် မသွားပါ။ သူမသာလျှင် အထုပ်လေးကိုပိုက်၍ ဘုရားနောက်ကုန်းပေါ်မှ မျက်နှာလေးနီရဲ ရှက်သွေးလေးဖျန်းပြီး ခြေဆောင့်၍ လှစ်ခနဲပြေးဆင်းသွားခဲ့သည်ကို လှမ်းကြည့်ပြီး. .

ကိုယ့်နှာခေါင်း ကိုယ်ပွတ်ကာ ငါကံကောင်းကြီးလေစွဟု တွေးပြီး အားရပါးရရယ်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၂
# 'မြိုင်' ခေါ်ချင်ပါတယ် လာစမ်းကွယ့်ချစ်သူလေးရယ်

အရွှေးစကား. .

ကလေးစကား. .

သဘင်သည်စကားတဲ့. . ။

မြန်မာ့စကား၊ နိမိတ်ဝလေ့မှာ အဲဒီလူစားသုံးယောက်ရဲ့ ပြောစကား ကို ထူးခြားသော အတိတ်နိမိတ်စကားအဖြစ် အလေးအနက်ထားပြီး စဉ်း ဆင်ခြင် သုံးသပ်လုပ်ကိုင်ကြသည့်ဓလေ့ ကျွန်တော်တို့မြန်မာလူမျိုးများ အရိုးစွဲခဲ့တာ ကြာခဲ့ပါပြီ။

ပြီးခဲ့သည့် တစ်ခါ. . ။

မော်ဝန်းချောင်းချေပြင် မိုးကြီးလေကြီး၊ မိုးသက်မုန်တိုင်း ရုတ်ချ ကျစဉ်က ကျွန်တော့်ကူးတို့လှေနှင့် ကုန်တင်စက်လှေကြီးတစ်စီးကို တိုက် သည့်ကိစ္စ။ ကျွန်တော် ကံကောင်းထောက်မစွာ ကျန်ရစ်ခဲ့ရသည့် ဘဝဖြစ် ဆန်းအကြောင်းမှန်ကို ကိုညွန့်မောင်နှင့် ကိုကြက်တောတို့အား ပြောပြ သောအခါ အရွှေးမလေးခင်ချောစုရဲ့ သတင်းက ပိုကြီး၊ ပိုဟည်းသွားခဲ့ သည်။





"အဲဒါ တကယ်လား ထိန်. ."

"အဲဒီနေ့တုန်းက ခင်ဗျားတို့မျက်မြင်ပဲလေဗျာ ကိုညွန့်မောင်ရာ။ ကောင်မလေး ကျူပ်ပုဆိုးကို ကျွတ်လုနီးပါး ဆွဲခေါ်သွားခဲ့လို့ ကျွန်တော် ပါခဲ့တာဥစ္စာ"

ဒီမှာ ကိုကြက်တောကပါ ဝင်၍ထောက်ခံလိုက်၏။

"ဟုတ်တယ်ကွ ညွန့်မောင်ရ၊ ငါတို့ကတောင် မယားနေစ ကြောင် သမှုကွ၊ နားရင်းကို နှစ်ချက်လောက်ဖျင်းလိုက်ပါလားလို့တောင် ပြောလိုက် သေးသကွာ"

"ထိန်. ."

"ဗျာ. ."

"ဒါ. . ဒါဆို. . မင်းကောင်မလေး သိပ်ကိုထူးခြားနေပြီ ထိန်။ ဟုတ်မှလွဲရော ဟိုမိန်းမကြီး ဒေါ်နန်းအိမ်ကြို့နဲ့ ပေါင်းပြီး အကြားအမြင်ပါ နေပြီနဲ့တူတယ် ထိန်ရ. ."

"အေးဗျာ. . ကိုကြီးညွန့်မောင်ရာ။ ဆန်းတာတော့ ဆန်းတယ်ဗျာ။ ကျုပ်လည်း အဲဒီလိုထင်နေတာပဲ"

"ဟေ့ကောင် ထိန်. . ။ မင်းတို့ငါတို့ဘဝက အတိတ်နိမိတ်လေးနဲ့ မြေပြင်မှာ လုပ်စားရတဲ့ဘဝ ကိုယ့်လူရေ၊ နောက်ကို ကြုံရင် မင်းကောင်မ လေးကို လိုရမည်ရမေးမြန်းပြီး လုပ်ငန်းသာလုပ်ကြရော့ ထိန်ရေ. ."

လူတွေရယ်. . ။

ယုံကြည်စိတ်ပြင်းပြတော့လည်း သူတို့ပါပဲလေ။

မယုံချင်လည်း သူတို့ပါပဲ။

ခု ကြည့်စမ်း. . ။ ကိုညွန့်မောင်နှင့် ကိုကြက်တောကိုယ်တိုင် အရွှေးမ လေးခင်ချောစုကို မနောဗေဒင်ပညာရှင်အလား သတ်မှတ်ယုံစားလိုက်ကြ သည်။ သူတို့နှစ်ဦးရဲ့ ပါးစပ်မောင်းသတင်းကြောင့် အရွှေးမချောစု 'မနောရနေ သည်' ဟူသော သတင်းသည် ယန်းတော၊ မီးပြ၊ ခလောက်ဆွဲ၊ ကုလားတန်း၊ ပါကုန်း၊ သံတဲတစ်ဝိုက်မှာ ခရီးသွားများမှတစ်ဆင့် လက်ဆင့်ကမ်းရင်း ကျယ်ကြီးသွား၏။

ဖွှည်းပျောက်လျှင် အရွှေးမချောစုကို ခေါ်၍မေးမြန်းကြ၏။

ကျွဲ၊ နွားပျောက်လျှင် အရွှေးမချောစုကို ဆရာတင်၍ မေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ယောက်ျားကို အနေအထိုင်မသက်ာ၍ အရှုးမလေးချောစုကို ဒေါ်ကြီးနတ်ကတော်မေးသလို မေးကြမြန်းကြ၏။

ခက်သည်ကား အရူးမချောစုရဲ့ ပြောချက်၊ ဟောချက်များ ကွက်တိဝင်နေရကား အရူးမဘဝမှ မယ်တော်ကြီးချောစုဘဝသို့ အသွင်ပြောင်းသွားခဲ့တော့၏။

ထူးပုံများကလည်း ကြည့်. .။

ပန်းတောကျေးရွာက ကိုခလောက်ကြီးတို့ကျွဲနှစ်ကောင် ပျောက်သွားခဲ့၏။ လှုစုံ၍ လိုက်ရှာပါသော်လည်း ကျွဲဝေးလို့ ကျွဲခြေရာပင် အစရှာမရ

သို့နှင့် ရွာထဲဝင်၊ လေဘာတီမြရင်သီချင်း အော်ဟစ်ဆိုပြီး ကလေးများဂျင်ဝိုင်းမှာ ဝင်က,နေသည့် အရူးမချောစုကို ချော့မော့၍ အိမ်သို့ခေါ်သွားကြ၏။

အိမ်ပေါ်ရောက်တော့ အရူးမလေးချောစုကို နွားနို့နှင့်ဘိန်းမုန့်များ အလျင်ကျွေးကြ၏။ ချောစုကလည်း ဆာဆာ၊ မောမောနှင့် အကုန်ကြိတ်၏ ပြီးသော် ပြန်ရန်၊ ထရန် ပြင်တော့၏။

"ချောစုမလေးရဲ့. ."

"ဘာတုန်းတော့်. ."

"ညီမလေးကို မေးစရာရှိလို့ နေပါဦး ညီမလေးရဲ့"

"ယီးတီးယားတား မလုပ်နဲ့နော်။ ဒီမှာတွေ့လား. . ဟင်း. ."

ချောစုက ပြောရင်းက အကျီကိုလှန်ပြီး သစ်သားပန်းကနုတ်ဓား မြှောင်ကို ထုတ်ပြလိုက်ရကား ကိုခလောက်ကြီးတို့ အိမ်သား၊ ဆွေမျိုးတစ်စု လန့်ဖျပ်သွားခဲ့၏။

"ညီမလေးချောစုကို ယီးတီးယားတား မလုပ်ပါဘူးကွယ်။ အစ်ကိုကြီးတို့ဘဝက နွားသားဆီးသီးဖြစ်နေလို့ မေးချင်လို့ပါကွယ်။ ထိုင်ပါဦး နှမရဲ့"

"ကိုခလောက်ကြီး. ."

"ဘာလဲဟ မီးခွက်ကြီးရဲ့ နင်ကလည်း. ."

"နွားသားဆီးသီး မဟုတ်ပါဘူးတော့်။ ဆီးသီး နွားစားပါ။ တော်ကလည်း. ."

သူ့နှမဝမ်းကွဲ မမိခွက် (အများအခေါ် မမီးခွက်) ကြီးက ဝင်ထောက်ပေးလိုက်မှ ကိုခလောက်ကြီး ရှက်ကိုးရှက်ကန်းဖြစ်သွားကာ. .





"အဲ. . အဲ. . မီးခွက်ကြီးပြောသလို ဖြစ်နေလို့ ကူညီပါဦး နှမလေးရဲ့. ."

"ရှင်တို့ ဘာဖြစ်နေလို့လဲ။ မြန်မြန်ပြော. .။ ရည်းစားနဲ့ ချိန်းထားတယ်"

"ဟဲ့. . ချောစုရဲ့။ ညည်းရည်းစားက ဘယ်သူတုံးဟဲ့"

"အဟီ. ."

"ပြောပါဦး အေရဲ့. .။ ညည်းကတယ်ဟုတ်နေတယ်ပေါ့လေ။ ဘယ်သူတုံးဟဲ့"

"အဟာစ်. ."

"အမလေး. . ရှက်မနေပါနဲ့။ ကိုတောင်ကြီးလားဟဲ့. ."

"အို. . သင်းများ. . ဖွီ. ."

"ဒါဖြင့် နံပိန်ငပုလားဟဲ့"

"ဝေးသေး. .။ ဒါမျိုးများ ခါချပစ်လိုက်မယ်။ ဟင်း. ."

"ဒါဆို မောင်ထိန်လားဟေ့"

"ခစ်. . ခစ်. . ခစ်. ."

"ဟုတ်တယ်ပေါ့. ."

"ကျွန်မက သူ့ကို ကြိုက်တာတော့်"

"သေဟ. ."

"ခစ်. . ခစ်. . ခစ်. . ဟစ်. .။ ကဲ. . ပြော. . ဘာဖြစ်လို့လဲ"

"အစ်ကိုတို့ကျွဲနှစ်ကောင် ပျောက်နေတာ နှစ်ရက်ရှိပြီ။ ရှာလို့မတွေ့ဘူး ညီမလေး. .၊ မယ်တော်လေး. .။ ပညာနဲ့ကြည့်ပြော ဟောပါဦး နှမရဲ့။ ဒါက လာဘ်တင်တာပါ. .။ ရော့. . ရော့. ."

ကိုခလောက်ကြီးက ဂျပန်ငွေစက္ကူအချို့ကို အရူးမလေးချောစုလက်ထဲ ထည့်ပေးလိုက်ရော. .။ သည်မှာ ချောစုက ဂျပန်ငွေစက္ကူများကို လက်ဖါးပေါ် တင်ပွတ်လိုက်ရင်း. .

"တွေ့ပြီတော့်. ."

"ဟင်. . တွေ့ပြီ။ ငါ့ကျွဲတွေ သေပြီလား။ ရှင်ပြီလား ချောစုလေးရာ. . ဟင်"

"ရှင်နေတယ်တော့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . ရှင်နေတယ်။ ဒါဆို ဘယ်မှာလဲဟင် နုမလေး။ ပြောပါဦး ကွယ့်"

"တောင်ဘက် ပင်လယ်တံငါရွာမှာ . ."

"ဟင် . . ဒါဆို သံတဲလား။ ကုလားတန်းလား နုမ . ."

ဒီမှာ အရှုးမလေးချောစုက ပိုက်ဆံများကို လက်ဝါးနှစ်ဖက်နှင့် ပွတ်ရင်း အမိဗ္ဗာန်ပြုနေသလိုလို၊ အာရုံကျက်စားနေသလိုလို လုပ်ရာမှ . .

"သံပါတဲ့ရွာသာ သွားတော်။ မြန်မြန်သွားကြ . .။ ကျူပ်သွားမယ် တော့။ တော်ကြာ ကိုကိုထိန်က နောက်ကျလို့ စိတ်ဆိုးနေဦးမယ်။ ဒါကြောင့် လေ . . အီဂျစ်နဲ့××အင်္ဂလန်××နိုင်ငံခြားကို××မောင်သွားထားပါလား×× သူတစ်ပါးမကြည့်စေချင်×××စာရေးတဲ့ဆရာတောင်××အိမ်မလာရအောင်×× သူပြောထားသလား××ပျိုတစ်ပါး××မသိအောင်×××ဝါသနာကို××မတားနဲ့တော့ ရှင်×××ဟော့××ပလို့××ဂျေ့××ဂျေ့×××ဒီလိုနေတာ×× အများကပင်××သနားကြ တယ်××မြမြရင်×××ကျွန်မကချင်××× သည်းခံ တော့××ဘိုကေလင်×××ဟော့×× ပလို့××ဗေဗေ့××ဗေဗေ့××ဂျို××ဂျို××"

ဘာမပြောညာမပြော ကောက်ကာငင်ကာ သီချင်းတစ်ပုဒ်ထဆိုပြီး ပါးစပ်ဆိုင်းနှင့် က၏။ သူမ အကကို အားရပါးရက,ပြီး အိမ်ပေါ်မှ ခုန်ဆင်း သွား၏။ ရွာမှ ကလေးများက သူမနောက်မှ လက်ခုပ်လက်ဝါးတီး၍ လိုက်ကြ၏။

ဒီတော့မှ ကိုခလောက်ကြီးတို့သမီးယောက်ဖ ကိုစိတ်တိုနှင့် ညီလုပ်သူ အောင်သန်းစိန်ကိုခေါ်ပြီး မီးပြရွာအနီးရှိ သံတဲခေါ် တံငါရွာသို့ အပြင်း လိုက်ခဲ့ကြ၏။ တွေ့သမျှလူကိုစုံစမ်းမေးမြန်းခဲ့ရာ မကြာခင် တံငါလှေသူကြီး ဦးငါးဒန်အိမ်မှာ ကျွဲနှစ်ကောင်ရောက်နေကြောင်း သတင်းကောင်းကို ကြား ရပြီး ဦးငါးဒန်အိမ်ကို မေးမြန်း၍ လာခဲ့ကြသည်။

ကံများကောင်းချင်တော့ ဦးငါးဒန်အိမ်အောက်မှာ သူတို့ကျွဲကြီး နှစ်ကောင်ကို ကြိုးချည်ထားလျက်၊ ကောက်ရိုးဝါးလျက် တန်းတွေ့ကြ၏။

သို့နှင့် အကျိုးအကြောင်းပြောပြတော့ တံငါလှေသူကြီး ဦးငါးဒန်က သူ၏တဲရှိရာသို့ လွန်ခဲ့သည့်နှစ်ရက်က ဒီကျွဲနှစ်ကောင် ညဘက်ဝင်အိပ်နေ၍ မောင်းမရသည့်အဆုံး ကြိုးနှင့်ချည်ပြီး အစာကျွေးခဲ့ရကြောင်း၊ ခိုးရက်ထားတာ မဟုတ်ကြောင်း ပြောပြ၏။ ကိုခလောက်ကြီးကလည်း လွန်စွာကျေးဇူးတင်





လွန်း၍ လမ်းကဝယ်လာခဲ့သည့် သစ်သီးဝလံအများနှင့် ဦးငါးဒန်ကြီးတို့ အိမ်သားများကို ကန်တော့ပြီး ကျွဲနှစ်ကောင်ကို ပြန်ခေါ်ခဲ့လိုက်လေသည်။

ဆိုရလျှင် . .

အရှူးမလေး ချောစုကား ဘယ်ကဘယ်လို အကြားအမြင် အာရုံ သစ်များ ရခဲ့သည်လဲ မသိ။ ပြောလိုက်၊ ဟောလိုက်လျှင် ဒက်ထိကို မှန်နေရ ကား နောက်ဆုံး ပင်လယ်ကမ်းစပ် သံတဲဟူသော တံငါရွာ၊ ဖွဲပါကုန်းတန်း တံငါရွာများမှာပါ နာမည်ကြီးသွားခဲ့ရလေသည်။

ကြာတော့ ပင်လယ်ထဲ ငါးဖမ်းထွက်သူများ၊ ဒီတစ်ရေ ဒီတစ်ခေါက် ငါးဖမ်းထွက်လျှင် သွားရေးလာရေး ဘယ်လို၊ အခြေအနေအဆိုးအကောင်း ရှိမရှိကိုပင် လာရောက်၍ ငါးရှဲဒိုင်များ၊ စက်လှေပိုင်ရှင်များက လာရောက် မေးမြန်းကြ၏။

ချောစုကလည်း စိတ်ကောင်းလေးများဝင်နေလျှင် ရှောရှောရှုရှူ ဟောပြော၏။ စိတ်ညစ်နေလျှင် ရွှေပေးပေး၊ ငွေပေးပေး၊ အဝတ်အစား ပေးပေး လုံးဝမဟော။ နှင်လွှတ်၏။ အော်ငေါက်လွှတ်၏။

သူမ ရွာတကာ နယ်တစ်ဝိုက် လျှောက်သွားပြီး သီချင်းတကြော်ကြော် အော်ဆိုနေသည်။ ကခုန်နေသည်။ နေ့ထူးနေ့မြတ်၊ ရက်ထူးရက်မြတ်၊ မင်္ဂလာအချိန်အခါကိုကြည့်ပြီး ဗေဒင်မေးလိုသူများက ချဉ်းကပ် ချော့မော့ မေးမြန်းရ၏။

တစ်ခါမှာ ကိုညွန့်မောင်တို့ တံငါလှေသမားအုပ်စု ချောစုကို မေးကြ ၏။ အဲဒီတုန်းက ချောစုက ရွာလယ်ဇရပ်ပေါ်မှာ ဆို၍ က၍ ကောင်းနေ သည့်အချိန် . .။

"မယ်တော်ကလေး . ."

"မျို့ . . မယ်တော်လေးခင်ဗျ . ."

"သခင်မ မချောစု . ."

"ဘာတုံးဟဲ့ မောင်တော်များရဲ့"

"သခင်မလေးကို လာရောက်ဖူးမြော်တာပါဘုရား"

"အိမ်း . . အိမ်း . . ဒါဆို ရှိရှိသေသေ၊ ပျပျဝပ်ဝပ် ရှိကြဟဲ့ . . ရှိကြ ဟဲ့ . ."

ကိုညွန့်မောင်တို့၊ ကိုကြက်တောတို့အုပ်စုက အထာကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သင်းကလေး ဘယ်လိုအမြောက်ကြိုက်သည်ကို သိ၏။ သို့နှင့် မယ်တော်လေးလည်း ခေါ်၏။ မယ်တော်ကြီးလည်း လုပ်ချ၏။ သခင်မတို့ မမဘုရားတို့ ရွှေကိုယ်တော်လေး မဟာမောင်ထိန်၏ တော်ဝင်မိဖုရားဟုလည်း ပင့်လိုက်သေး၏။

အရှူးမ ချောစုကား အရူးမပီပီ သို့ကလို မဟုတ်ကဟုတ်က ဗိုင်းမြှောက်လျှင် ပျော်၏။ အရမ်းကို ပျော်၏။ ရွှင်၏။ ထဘီကျွတ်မတတ်ကို ရွှင်တော်မူ၏။

"ဘာအကြောင်းများ ပေါ်လာလို့တုံး မောင်ဘွားတို့ရဲ့"

"မှန်ပါ သခင်မလေးဘုရား။ ဒီကောင် ကြက်တော အခု တလော 'ကြီး' နေလို့ပါ သခင်မဘုရား"

"ဟင်. . ကြီးနေလို့. .။ ဘာကြီးတာတုံးဟဲ့။ သခင်မ ကြားရတာ ရင်တုန်လိုက်ပါဘိ သေချင်းဆိုးတို့ရယ်. . ဘုရား. . ဘုရား. ."

ချောစုနှင့် ညွှန့်မောင်ကြီးတို့ အပြန်အလှန်အပြောများကြောင့် လိုက်ပါလာသူ တံငါလှေသမားများ ပွဲကျသွားကြ၏။ ကြက်တောကား ခေါင်းမျှ မဖော်ဝံ့တော့။

"ဒီလိုပါ သခင်မလေးဖရား။ ကြက်တော ခေါင်းကြီးတာပါ ဖရား"

"ဟဲ့. . ခေါင်းကြီးတာ ဒူးခေါင်းလား။ ဦးခေါင်းလားဟဲ့။ ရှင်းအောင် လုပ်ကြပါဟဲ့"

"ဦးခေါင်းပါ ဖရား"

"ဟူး. . တော်ပါသေးရဲ့ ဝမ်းတော်လားတွေရယ်"

"ဟား. . ဟား. . ဟား. . ဟား. ."

"အဟီး. . ဟီ. . ဟီ. ."

"သခင်မလေး. ."

"ဘာတုံး. ."

"ဒီနေ့ ပျော်နေပါသလား ဖရား. ."

"ပျော်ဆို နေကုန်က,ပြီး ရွှေဘုံပြန်မှာကိုး မောင်ဘွားတို့ရဲ့"

"မှန်ပို့. . ရွှေဘုံမပြန်ခင် မောင်ဘွားကြီး မေးလျှောက်စရာရှိလို့ပါ သခင်မလေးဖရား. ."





ညွှန့်မောင်က အထာကျွမ်းသူပီပီ မြှောက်ပင့်ပြီး အခါအလင့်စောင့်နေ၏။

"ကိုင်း. . ကိုင်း. . မေးလျှောက်စရာရှိပါက အမြန်လျှောက်စေတော့"

"ဒီလိုပါ သခင်မ. .။ ဖိန်းနွဲခါမနက် ပင်လယ်ထွက်ပြီး တားပိုက်ကြီး ချချင်လို့ပါ သခင်မဖရား. ."

"တားပိုက်ချတာနဲ့ မသာချတာ ဘာကွာတုံး မောင်ဘွားရဲ့"

"အတူတူ. . အဲလေ. . ယောင်လို့. . လုံးဝမတူပါ မမဖရား"

"အိမ်း. . အဲဒီတော့. ."

"ငါးရ ကောင်း။ မကောင်း သိချင်သလို နေ့ကောင်းရက်သာ ဟုတ်၊ မဟုတ် သိချင်လို့ မောင်ဘွားများ အခစား အမေးရောက်ကြောင်းပါ သခင်မဖရား"

"ဩော်. . ဒီလိုလားဟဲ့။ ငါ့မောင်ဘွားများအရေးဆို ငါ့အရေးပေါ့တဲ့"

"မှန်ပါ သခင်မဘုရား"

"ဖိန်းနွဲခါ ဘာနေ့တုံး"

"သောကြာနေ့ပါ သခင်မဖရား"

"အင်း. . သောကြာနေ့ဆိုတော့ မမင်းဖြူမှန်မှန်ပြောတဲ့"

"မှန်ပ့ါဖရား"

"အောင်လံထူ စစ်သူကြီးပွဲတဲ့ကွယ့်"

"မှန်ပ့ါဖရား. ."

"ယ. . ဘီလူးယူ။ မ. . မှာလူ၊ ဒ. . မူ့ နတ်ဟုမှတ်တဲ့။ နားလည်လား"

"မှန်ပ့ါဖရား"

အမှန်မှု အရူးမချောစုပြောသမျှကို ညွှန့်မောင်ကြီးလည်း နားမလည်။ ကြက်တောတို့ တံငါလှေသမားများလည်း နားမလည်။ သူတို့ နားလည်သည်ကား ပိုက်စိပ်၊ ပိုက်ကြဲ၊ ဂါ၊ တားပိုက်၊ ရေတက်ရေကျ၊ ပင်လယ်မှန်တိုင်း. .။ ဒါပဲ နားလည်၏။ သို့သော် ခပ်တည်တည်နှင့် 'မှန်ပ့ါဖရား' ကို လိုက်နေခြင်းသာဖြစ်၏။

နည်းတူ အရူးမချောစု ပြောနေသည်များကလည်း ချောစုသိ၍



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ကြားဖူးနားဝများကို ခပ်တည်တည် ဖြီးဖြန်း ရမ်းကြိတ်နေခြင်းသာဖြစ်၏။

ဘုန်းကြီးရှူးနှင့် လေ့လူး အံကိုကိုက်နေ၏။

"လူသား လူချင်း ထိမ်းမြားလျှင်း ချစ်ခြင်းမေတ္တာရ. . တဲ့"

"မှန်လှပါ. ."

"လူနှင့် နတ်မှာ လွန်ချမ်းသာ၊ ကြည်စွာအေးမြမြ. . တဲ့"

"ဟုတ်ပါရဲ့ခင်ဗျ. ."

"ဘီလူးနှင့် လူ ထိမ်းမြားမှု အတူမနေရ. . တဲ့။ ကြားလား. ."

"ကြားကြောင်းပါ သခင်မဘုရား. ."

"မင်းတို့ထွက်မှာ သောကြာနေ့ဆိုတော့ နတ်တော်လမှာ ရက်ရာဇကွယ့်။ ဒါကြောင့် အဲဒီနေ့မနက် ဆယ်နာရီခွဲကြားအချိန်မှာ စထွက်ရမယ်ကြားလား. ."

"မှန်ပါ့ဖရား. . ငါးအကောင်ကြီးကြီး ရမလားဖရား"

"အိမ်း. . လူအုပ်နဲ့ကိုမနည်းမ,တင်ရမယ့်ငါးကြီးများ ရမကွယ့်"

"ကျေးဇူးကြီးလှကြောင်းပါ သခင်မဖရား။ ဒါ. . သခင်မ စားတော်ခေါ်ဖို့ ကြက်သားကာလသားချက်ပါ သခင်မဘုရား"

"သာဓု. . သာဓု. . သာဓုကွယ်. . ။ ကျန်းမာ၊ ချမ်းသာ၍ အန္တရာယ်ဘေးရှင်းပြီး ကြံတိုင်းမြောက်လို့ ဂါတ်တန်းရောက်ပါစေသော်။ သွားကြ. . သွားကြ. ."

"ဖွဟဲ့. . ဖွ. . ဖွ. ."

"သောက်မလုပ်တုတ်. ."

ချောစုသည် သူမပြောချင်ရာများကို ပြောပြီးနောက် ထက,တော့သည်။ သူမ ကနေသည်ကို ကိုကြက်တောတို့ တံငါသမားများက လက်ခုပ်ဝိုင်းတီး ဩဘာပေးပြီးနောက် ပြန်လာခဲ့ကြသည်။

တိုက်ဆိုင်တာပဲလား။ အရှူးမခင်ချောစု ဟောချက်၊ ပြောချက်မှန်လေသလား မသိ။ ပင်လယ်ဝမှာ တားပိုက်ကြီးချရာ ရေဦးလှည့်စပြုချိန်မှာ တားပိုက်ကြီးများ တဝုန်းဝုန်းလှုပ်နေကြသည်ကို ထူးဆန်းစွာ တံငါလှေများပေါ်မှ မြင်လိုက်ရသည်။

အချက်ပြုအလံများ၊ ဘောလုံးများ မြုပ်ချည်၊ ပေါ်ချည် အဖြစ်ထူး





နေသည်ကို အံ့ဖွယ်မြင်ရ၏၊ ရေတက်ရန် ရေဦးမြားဦးလှည့်ချိန်မှာပဲ ပိုက်များကို အမြန်သိမ်းလိုက်ကြသောအခါ တစ်ကောင်ကို အချိန်တစ်ဆယ်နီးပါးရှိသော ကက္ကူရုံငါးကြီးများ တန်းစီမိနေသည်ကို တံငါလှေသမားများအားလုံး ကြံ့စဖူး၊ မရစဖူး ရလိုက်ပြီး မနည်းကို ဆယ်တင်ခဲ့ကြရလေသည်။

ထိုနေ့က ကိုညွန့်မောင်တို့ ကိုကြက်တောတို့ တံငါလှေသမားများ သီချင်းများ အော်ဟစ်သီဆို ကခုန်ပြီး ကုလားတန်းတံငါအစုသို့ ဝင်လာသောအခါ သားမယားများက အိုးစည်ဗုံမောင်းနှင့် မကြိုရုံတစ်မယ် ဆီးကြိုကြ၏။

တစ်ကြိမ်တည်းနှင့် ရွှေရော၊ ငွေရော ဖြစ်သွား၍ ကိုညွန့်မောင်မိန်းမ 'မအုံ့ပုန်းနှစ်' က တစ်ညလုံး မအိပ်ရပါဘူးတော်ရေဟု ညည်း၏။

"ဘာလို့ တစ်ညလုံး မအိပ်ရတာလဲ မအုံ့ပုန်းနှစ်ရ"

"နင့်လူကြီး ဟိုသေခြင်းဆိုးလေ. . ဟွန်း. ."

"ဟုတ်ပါပြီ၊ အဲဒီသေခြင်းဆိုးကြီးက တစ်ညလုံး ခင်ဗျားကို ဘာလုပ်နေလို့လဲ"

ကျွန်တော်နှင့် ချစ်စရာကလည်း ဝဝဖိုင့်ဖိုင့်၊ တောင့်တောင့်ဖြောင့်ဖြောင့်၊ အသားညိုညို မအုံ့ပုန်းနှစ်ကို ဝိုင်းမေးကြသည်။

"ဟဲ့. . မသာ. . အကုသိုလ်နှစ်ကောင်ရဲ့. . ။ အဲဒါ နင်တို့ အလုပ်လား. ."

"အစ်မဏာ စပြောလို့ ဆုံးအောင်မေးရတာပါဗျ။ သိချင်လို့ပါ"

"ဟွန်း. . အရည်ယိုတွေနော်။ ဟင်း. ."

"လုပ်ပါဗျာ. . တန်းလန်းကြီး"

"ဟဲ့. . အနာကျတွေရဲ့။ နင်တို့လူကြီးက တစ်နေ့လုံး၊ တစ်ညလုံး မူးပြီး ဟိုဒင်း. . ဟို. . အဲ. . အဲ. ."

"အဟဲ. . အဲဒါကို သိချင်နေတာဗျ။ နော်. . ချစ်စရာ. ."

"အဟီး. . ကောင်းခန်းရောက်နေပြီ။ အဲဒါနဲ့. . အဲ. . အဲ. ."

"မူးပြီး ထထအန်နေလို့ မသာနှစ်ကောင်ရေ. . ။ ငါမှာ အိပ်ကို မအိပ်ရဘူးဟဲ့ အရည်ယိုကိုဒေါင်တွေရဲ့။ ကဲ. . သိပလား. . ဟင်"

"ဟင်း. . ခင်ဗျားဇာတ်ကြီးကလည်း ပြည်ဖုံးကားချခါနီးကျမှ လှော်လိုက်တာဗျာ။ ဖွီ. . နောက်ည ဇာတ်လမ်းပြောင်းဗျာ"

"ငါက ဘယ်ဇာတ်လမ်းပြောင်းရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုသီချင်းလေဗျာ မပုံ့ရာ။ နှစ်ယောက်တည်းဆိုရင်××မောင်ရေ ခြင်ထောင်ကြီးပြတ်ပြတ်××တစ်ချက်တည်းဂန့်ဂန့်××အမေမတားနဲ့××ဘုန်းကြီး ပျံနဲ့××အပြိုင်ကြွလိုက်မယ်လေ×××သီချင်းလိုပေါ့ဗျာ"

"....ဆိုး....နာ....ခေါင်း....လောင်းတွေ.."

"ဟား..ဟား..ဟား.."

"အဟီး..ဟီး..ဟီး.."

"မြိန်လိုက်တာဗျာ။ အဟဲ..ငှ်..ငှဲ..ငှဲ.."

မအုံ့ပုံးနှစ်ကြီးသည် ကျွန်တော်တို့နှစ်ယောက်ကို မိုးမွှန်အောင် ကလော်တုတ်ပြီးနောက် လှေဆိပ်သို့ ဆင်းသွားခဲ့လေသည်။

နောက်နေ့မှာ ကိုကြက်တောတို့က အရှုံးမလေးခင်ချောစု မနေ ပေဒင်မှန်လွန်း၊ ကျေးဇူးတင်လွန်း၍ ထဘီ၊ အင်္ကျီအသစ်များ၊ ကော်လ ကောက်များ၊ ပုလဲတုပုတီးကုံးလေးပါ လက်ဆောင်ပေးလိုက်သောအခါ ခ ချောစု ပျော်လွန်း၍ ရွာလယ်ဇရပ်ပေါ်မှာ ကလို့ ခုန်လို့ မဆုံးနိုင်တော့

အလျင်က သူမကို သာမန်ရိုးရိုးအရှုံးမ စိတ်မနှံ့သူအဖြစ်လည် ကောင်း၊ လေဘာတီမဖြစ်ရင်သီချင်းများကြိုက်သည့် ခပ်ချောချောအရှုံးမလေ အကကောင်းအဆိုကောင်းအဖြစ်လည်းကောင်း သဘောထားကြသော်လည် ယခု သာမန်အရှုံးမဟုတ်တော့။

မနောပညာမှာ ကျွမ်းကျင်ပေါက်မြောက်သည့် စိတ်တန်ခိုးပည ရှင်မလေးအဖြစ် လူတိုင်းလိုလိုက အာရုံစိုက်လာကြ၏။

ပင့်ကြ၊ ခေါ်ကြ၊ ကျွေးမွေးကြ၊ ပေးကြ ကမ်းကြ၏။

အခု ချောစု ပြုတ်စပြင်းတောင်း ထဘီအောက်နားကွဲနှင့် ချော မဟုတ်တော့။ သားသားနားနား ဝတ်ကောင်းစားလှနှင့် ချောစု ဖြစ်နေသည် မျက်နှာမှာ ပေါင်ဒါနှင့်ဖြစ်နေ၏။ ကွမ်းသွေးနီရဲရဲ ဖြစ်နေ၏။

အစားကောင်းကောင်းစား၊ သားသားနားနားရှိလာတော့ ခင်ချော ပို၍လှလာ၏။ ဝစိုလာ၏။ ပြုံးလိုက်၊ ရယ်လိုက်လျှင် ကျွန်တော့်ရင် သိမ့်သိမ့် ၏။ ကျင်သောခါးအောက်မှ ဖွံ့ကားနေသော တင်ပါးဝိုင်းဝိုင်းအိအိကြီးများ ယောကျ်ားတိုင်းရဲ့ရင်ကို လျှော်လှုပ်စေ၏။ ကျွန်တော့်ရင်ကား ဗလောင် ပွက်ပွက်တုန်လို့..။

တစ်နေ့တခြား လှလွန်းမက လှလာသောအခါ ချောစုအတွ





ကျွန်တော်စိုးရိမ်ပိုခဲ့ရသည်။ သို့ဖြစ်၍ ညနေအပြန် လှေပေါ်မှာ နှစ်ယောက် တည်းဆုံ၍ ပြန်လာတိုင်း သတိပေးခဲ့ရသည်။

"ချောစု.."

"ဟဲ့..ချောစု"

သူမက လှေဦးမှာထိုင်၍ ရေကစားရင်း တစ်ယောက်တည်း ရယ်နေ ၏၊

"ဟဲ့..ချောစု..အရှုံးမ.."

ကြီး၍အော်လိုက်မှ အလန့်တကြား လှည့်ကြည့်ပြီး..

"ဘာတုံးတော့်..။ လန့်သွားတာပဲ။ တစ်ခါတည်းကို.."

ရင်ကိုလက်နှင့်ဖိ၍ လှည့်ကြည့်ရင်း ပြန်မေးလိုက်၏။

"ခေါ်နေတာ မကြားဘူးလား။ ဒီမှာ လိပ်ခေါင်းထွက်တော့မယ်"

"လိပ်ခေါင်းထွက်တော့မယ်..ဟုတ်လား။ နေပါဦး အစ်ကိုရဲ့။ လိပ်ခေါင်းက ဘယ်ကထွက်တာလဲဟင်..ဟင်လို့.."

တောက်..တော်တော်ခက်သည့် မိန်းကလေးပါကလား။

"ပြောပါ တော့်..။ နားကထွက်တာလား၊ နှာခေါင်းကထွက်တာ လား"

"ဖင်..အဲ..အဲ..စအိုကဟေ့..စအိုက.."

"စအိုက..။ စအိုဆိုတာ ဘာလဲဟင်"

"ဟူး..သေသာ သေလိုက်ချင်ပါတော့တယ်ချောစုရာ။ တောက်.."

"မသိလို့ မေးတာပေါ့တော်။ ဗဟုသုတများရမလားလို့ ဥစ္စာ"

"ဒီမှာ ချောစု.."

"ဘာလဲ.."

"နင်..ဟိုဟိုဒီဒီ လျှောက်လျှောက်မသွားနဲ့တော့"

"အို..ဘာဖြစ်လို့.."

"နင်က အရမ်းကိုလှလွန်းအားကြီးနေလို့"

"ချောစုက အရမ်းကိုလှလွန်းအားကြီးလို့..ဟုတ်လား..။ အဟစ်.. ခစ်..ခစ်.."

"ဟုတ်တယ်"

"လှတာ ဘာဖြစ်လို့လဲ အစ်ကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လှလွန်းအားကြီးရင် အန္တရာယ်များတယ်။ ဒီဘက်နယ်တစ်ဝိုက်မှာ ရှင်ဘုရင်သိန်းမောင်တို့ ချစ်တီးနဲ့ချစ်မီးဆိုတဲ့ လူဆိုးလူမိုက်တွေရော၊ မိုးနေပွား ဆိုဘဲ့ ထောင်ထွက်ရော ဥဒဟိုလျှောက်ရမ်းနေတာ။ သူတို့နဲ့ နင်တိုးရင် ကိုယ်ကျိုးနည်းလိမ့်မယ်။ သိရဲ့လား. . သိရဲ့လား. . ။ နင့်အတွက် အဲဒါ စိုးရိမ်လို့ ပြောနေရတာ"

"အိုး. . အဲဒီကျရင် ဒါနဲ့တွေ့သွားမှာပေါ့လို့။ အဟစ်. ."

ပြောရင်း ခါးကြားမှ သစ်သားကနုတ်ဓားမြှောင်ကို ထုတ်ပြပြန်၏။

"ချောစုရဲ့. . နင့်ဓားမြှောင်က ကြက်သွန်ပဲလှီးလို့ရမယ်။ ဟိုက အားကောင်းမောင်းသန် ယောကျ်ားဆိုးတွေ၊ သေနတ်တွေ၊ ဓားရှည်တွေနဲ့။ နင်တော့ ဒုက္ခရောက်တော့မှာပဲဟာ"

"ကျွန်မက သေနတ်ပြီးတယ်တော့. . ခစ်. . ခစ်. ."

သည့်မှာ အရွှမလေးခင်ချောစုက လှေဦးကနေ ဓားမြှောင်ကို ဆုပ်ကိုင်ရင်းက ကျွန်တော့်မျက်နှာကို ငေးစိုက်ကြည့်နေရင်း သီချင်းတစ်ပုဒ် အော်ဆိုလိုက်သည်။

"လက်ဦးပန်ချင်ရင်××အမှန်ပင်××အမှန်ပင်××လာခဲ့×× မြိုင်ခေါ် ချင်ပါတယ်××မြိုင်ခေါ်ချင်ပါတယ်××လာစမ်းကွယ့်××ချစ်တဲ့သူလေးရယ်××× အောင်ပင်လယ်××တောခြေဝယ်××မော်လေတယ်××ချောမေရယ်×× ရွှေ ကြာပန်းကို ပန်ပါမယ်××ကြာပင်အိုင်ရယ်××ဩော်××ကျွန်မရည်းစားနဲ့×× ညားအောင်စောင့်ဦးမယ်××ခစ်××ခစ်××ခစ်××အဟာစ်×××"

ပွံ့ပွံ့လေး ခြေချထိုင်နေသောအလှသည် ကျောက်ဆောင်ပေါ်မှာ ရေသူမလေး နေပူစာလှုံနေသကဲ့သို့ ဖွံ့စင်းပြည့်ဖြိုးလှလွန်းပေ၏။

"အစ်ကို. ."

"ဘာတုံး. ."

"အစ်ကို့ကို မေးစရာရှိလို့"

မေးစရာရှိရင် မေးဟာ။ ပေါက်ကရတော့ မမေးနဲ့။ ဒါပဲ. ."

"အစ်ကို ဘာလို့ ကျွန်မကို ဒီလောက်စိုးရိမ်ပူပန်နေရတာလဲဟင်"

"ဟင်. ."

"ပြောလေ အစ်ကို. . ။ အရမ်းစိုးရိမ်နေရတာလဲလို့. ."

"ချစ်. . ချစ်. : လို့. ."





"ဟင်. . ချစ်လို့. ."

"ဟုတ်တယ်. . ။ နင့်ကို ငါချစ်တယ် ချောစုရယ်"

"အစ်ကို. ."

"ဘာလဲဟင် ချောစု"

"ချစ်တယ်ဆိုတာ ဘာ. . ဘာကို ပြောတာလဲဟင်. . ဟင်. ."

သေလိုက်. . သေလိုက်. . ။ မိုးနတ်မင်း၊ ရေနတ်မင်း၊ အရှင်သေမင်းအပေါင်းတို့ခင်ဗျား. . ။ ဒီနေ့ကစ၍ ကျွန်တော်မျိုး မောင်နေမင်းထိန်ကူးတို့လှေသမားကို ဒီကောင်မလေးနှင့် တစ်ပေါင်းတည်း အရှုံးအဖြစ် သတ်မှတ်တော်မူကြပါ အရှင်သခင်အပေါင်းတို့ခင်ဗျား"

ထိုနေ့ညနေက ကျွန်တော့်လှေကို အပြင်းလှော်ခဲ့လိုက်သည်။ သူမက လှေဦးကထိုင်ပြီး မှုန်သုန်သုန်မျက်နှာနှင့် လှေလှော်နေသည့် ကျွန်တော့်ကို ရေနှင့်ပက်၍ ကျီစယ်ရင်း အားပါးတရပြုံးနေသည်။

ဩော်. . ဒီလိုသန့်စင်နူညက်သည့် အပြုံးကလေး ကျွန်တော့်ရင်ထဲ စူးနစ်ဝင်ရောက် ဖူးပွင့်ပြန်သောအခါ နှုမှုမှစီးကျသော ချွေးစတို့သည် အနော်ဘတ်ရေစင်အဖြစ် ချက်ချင်းဖြစ်သွားခဲ့ရပြန်ရောတကားလေ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၃
## အရှုံးမပေးဘူးတဲ့ ပင်လယ်ရေစာ

အရှုံမလေးခင်ချောစုရဲ့ မနောအာရုံအမြင်များသည် တစ်နေ့တခြ ပိုမိုစူးရှထက်မြက်လာသည်ကို ကျွန်တော်တို့ တစ်နယ်တစ်ရပ်လုံး ထူးဆန်းစွ ကြုံတွေ့ကြရပြီး အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရပါပြီ။

မီးပြသချိုင်းထဲမှာ နေ့ခင်းဘက် လမ်းလျှောက်ပြီး သီချင်းဆိုနေ သည်တဲ့. . ။

ညဘက် သချိုင်းဂူပေါ်မှာ အဘွားကြီးဒေါ်နန်းအိမ်ကြို့နှင့် ပလေ မှုတ်၊ သီချင်းဆိုပြီး နှစ်ယောက်သား ပျော်နေကြသည်တဲ့။

တစ်ခါတစ်ရံ ပင်လယ်မှာမျောပါလာသည့် လူသေအလောင်းမျာ ကို ဆယ်ပြီး နီးရာဘုန်းကြီးပင့်၍ နီးရာသချိုင်းမှာ မြှုပ်ကြသည်တဲ့။

တစ်ခါတစ်ရံ ပိုင်ရှင်မဲ့ ရေမျောလူသေအလောင်းများကို မှုင ဆရာဝန်ကစစ်သလို စစ်ဆေးပြီး သချိုင်းမှာ လာထားကာ အသုဘကမ္မဌာ စီးဖြန်းသလို လုပ်နေကြသည်ကိုလည်း ကျွန်တော်တို့ ကြားကြရ မြင်ကြရ

သူတို့နှစ်ဦးမှာ အကြောက်အလန့်ကို မရှိ။

ပရလောကသားများသည် သူတို့နှင့် ဆွေမျိုးတော်စပ်ခဲ့ကြ လား. . ။





တစ္ဆေ သရဲများကို သူတို့နိုင်နေသည့်အစွမ်းရှိလို့လား. . ။

လပြည့်၊ လကွယ် ညသန်းခေါင်ယံရောက်လျှင် သင်္ချိုင်းသုသာန် ာကာလျှောက်၍ ပစ္စည်းရှာသလို လုပ်နေကြသည်တဲ့. . ။

ပြီးလျှင် နှစ်ဦးသား သင်္ချိုင်းမြေပုံနှင့် အုတ်ဂူများပေါ်ထိုင်ပြီး ပုတီး ်သူကစိပ်၊ တရားထိုင်သူကထိုင် လုပ်နေသည်တဲ့. . ။

ဖြတ်သွားဖြတ်လာလုပ်မိကြသူများအပြောအရ သူတို့နှစ်ဦးဝန်းကျင် ာ ဆံပင်ဖားလျား၊ ထဘီရင်စည်းထားသော သရဲမလိုလို၊ မိန်းမလိုလို ရာများ လမ်းလျှောက်နေသည်ကို မြင်ရသည်ဟု ဆိုကြ၏။

အချို့သော တစ္ဆေသရဲမည်းမည်းကြီးများသည် ဒေါ်နန်းအိမ်ကြို့ ိမ်အနီး ပင်လယ်ကိုမျက်နှာမူပြီး ရွတ်ဖတ်သလိုလုပ်ကြပြီးနောက် လှေသမ္ဗန် ားပေါ်တက်၍ ပင်လယ်ထဲသို့ ထွက်သွားသည်ကိုလည်း ခပ်လှမ်းလှမ်းမှ ြင်ကြရသည်ဟု ဆိုကြလေသည်။

အနီးကပ်တော့ မကြည့်ရဲ။

ပြောရလျှင် လျှို့ဝှက်ဆန်းကြယ်သော အဘွားကြီးဒေါ်နန်းအိမ်ကြို့ ာ အရှုံမလေးခင်ချောစုကို သင်္ချိုင်းထဲမှာရော၊ တဲအိမ်အတွင်းမှာပါ ဘယ်လို ျှို့ဝှက်ဆန်းကြယ်ပညာရပ်များကို သင်ကြားပေးနေသည်ကို မသိ။

အခု. . ချောစု ထူးဆန်းစွာ အကြားအမြင်များ ရနေသည်။

ပယောဂဆရာကြီး ရေအောက်အဝီစိသုံးကြိမ်ပြန် ဦးပွေးဆင့် ာတော့ ဒါ. . သင်္ချိုင်းက သရဲ တစ္ဆေတွေဝင်ပူးပြီး ပြောနေတာဟု ဆို၏။

"အဲဒါ ကောင်းရဲ့လား ဆရာကြီး"

ကျွန်တော်တို့က ရေအောက် အဝီစိသုံးကြိမ်ပြန် ဆရာကြီးဦးပွေး ဆင့်ကို မေးသော် ဆရာကြီးသည် ခေါင်းကုလားနှာခေါင်းမောက်မောက် ာက်ကောက်ကြီးကို ပွတ်ရင်းက. .

"မကောင်းဘူးကွ"

"ဘယ်လိုမကောင်းတာလဲ ဆရာကြီးပွေးရဲ"

"နမိတ်မရှိ၊ နမာမရှိတွေ ပြောတာများလို့"

"ဒါဖြင့် သူပြောတိုင်း မှန်တဲ့ကိစ္စကျတော့ရော ဗျ ဆရာကြီးရဲ"

"ဒါက ရမ်းတုတ်ရင်း တည့်တိုးသွားတာပါကွာ"

"ဒါဆို ခင်ချောစုကို ပူးကပ်နေတဲ့ သရဲတစ္ဆေများကို ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင်လို့မရဘူးလား''

''ရပါတယ်. .။ လွယ်လွယ်လေးဦးစွာမျှား''

''ဘယ်လိုလုပ်ပေးရမလဲဟင်''

ချစ်စရာက သိချင်၍ မေးလိုက်သော် ဆရာကြီးပွေးဆင့်က ကြွ
မျက်လုံးလို ဝင်းလက်သွားရာက. .

''ကောင်မလေးကို ငါ့ဆီခေါ်ခဲ့ကွ။ နှစ်ရက်၊ သုံးရက်လောက် အ
ကပ် ကြပ်ကြပ်မတ်မတ် ကုလိုက်ရင်. .''

''ဆ. . ဆရာကြီးနဲ့ညားရော မဟုတ်လား ခင်ဗျ''

''အေး. . အမ်. . လူ့တိရိစ္ဆာန်ကောင်လေး။ ငါလို ဆရာကြီးကိုမှ
စော်ကားမော်ကားပြောလို့၊ ဟေ့ကောင်ချစ်စရာ. . မင်းသွား. . ငါ့အိမ်ပေါ်က
ဆင်းသွား. .။ မြန်မြန်သွားနော်. .။ ငါ ပန်းကန်လုံးနဲ့ ပေါက်ပစ်လိုက်မယ်. .
ထွီ. .''

ဆရာကြီးဒေါပွသွားမှန်းသိ၍ ချစ်စရာသာမက ကျွန်တော်တို့အား
လုံးပါ အိမ်ပေါ်မှ ပြေးဆင်းခဲ့ရ၏။

ဆရာကြီးကလည်း ဆရာကြီးပဲဖြစ်၏။

ပယောဂသာ ကုသော်လည်း လက်ကမြန်လေ၏။ တစ်ခါကလည်
မီးယပ်ငုပ်၍ သွေးပျက်သလိုဖြစ်ပြီး စိတ်ကယောင်ချောက်ချားဖြစ်နေသော
မိန်းကလေးကိုကုရာ ဝမ်းဗိုက်ကိုချည်း လက်နှင့် သုံးလေးရက် စမ်းစမ်းနေ
မောင်ဖွားလုပ်သူများက ဓားနှင့်ခုတ်မည်လုပ်သောကြောင့် လူမမာအိမ်ပေါ်
ဆင်းပြေးခဲ့ရဖူး၏။

သာဂရက မှဆိုးမဒေါ်ဝက်မ၏ရင်သားမှာ အနာပေါက်၍ (အ
က မြစ်ပွားနာဖြစ်၏) အဲဒါ ဆရာဦးပွေးဆင့်က ရှာသူပြုစားတာဆိုပြီး အနာ
သည့်ဘယ်ဘက်ရင်သားကို ဆေးမထည့်ဘဲ အကောင်းအတိုင်းရှိနေသည်
ညာဘက်ရင်သားကို တစ်နေ့နှစ်နာရီကြာဖွင့်ကြည့် မန်းမှုတ်နေ၍ လူ
မုဆိုးမအမေ ဒေါ်စိန်စိန်တင့်က ကွမ်းအစ်နှင့်ပေါက်ပြီး နှင်ထုတ်ခဲ့ရ၏

အခု ဆရာကြီးဦးပွေးဆင့်နှင့်ညားနေသည့် ဆရာကတော် ဒေါ်
အေးသူကိုလည်း သူ အကြံနှင့်ကုပြီး ရခဲ့ခြင်းဖြစ်၏။

တစ်ခါမှာ ဒေါ်ခင်အေးသူ အောက်ပိုင်းလေဖျန်း၍ မထနိုင်
ဆရာကြီးကို လာပင့်ကြ၏။ ဆရာကြီးသည် အသားဖြူဖြူနှင့် ချစ်စရာကော





သည် လူမမာဒေါ်ခင်အေးသူကိုမြင်သော် နွားသိုးကြီး ပါးစပ်ဖြဲသကဲ့သို့
ရယ်ပြ၏။

မြိုင်ထခါနီး အော်သကဲ့သို့ အော်၏။

ပြီး. . ကွင်းကိုင်တာဟု ဆို၏။ သူ့မပျောက်ပျောက်အောင် ကုမည်
ဟု အာမခံချေပြ၏။ သို့နှင့် ခြေဖဝါးကစပြီး နှိပ်ပေး၏။ အကြောကို ပြင်၏။
မန်းမှုတ်၏။ (မည်သည့်နေရာကို မန်းမှုတ်သည်ကို အိမ်ရှင်များ မသိကြ။
အားလုံးကို အပြင်မှာနေခိုင်းသည်ဟု ကြားရ၏) ဆရာကြီးကား အကြောပြင်၊
အကြောကိုင်ပညာလည်း ရ၏။

နှစ်လခန့် နေ့စဉ် သုံးနာရီခန့် မန်းမှုတ်ပြီး ကိုင်နှိပ်ပေးလိုက်သော
အခါ ကံကောင်းထောက်မစွာ လူမမာ ဒေါ်ခင်အေးသူ အောက်ပိုင်းလေဖျန်း
ရောဂါ အရှင်းပျောက်၍ ထနိုင်ခဲ့လေ၏။

ထနိုင်သည့်နေ့မှာပင် နားသယ်ဆံပင်မွေးများခြောက်နေ၍ ဆရာ
ကြီးနှင့် လက်ထပ်လိုက်ရလေ၏။ ဆရာကြီးကား 'ငါကွ' ဟု လက်ခမောင်း
ခတ်လေ၏။

(ကုနိုင်၍ လက်ခမောင်းခတ်တာလား။ ရအောင်ကြံနိုင်၍ လက်
ခမောင်းခတ်တာလား ဆရာကြီးမှတစ်ပါး အခြားမည်သူမှ မသိကြ)

ရွာသူရွာသားများကား ဒေါ်ခင်အေးသူကို ကွင်းကိုင်တာမဟုတ်။
အဝိစိသုံးကြိမ်ပြန် ဆရာကြီးဦးပွေးဆင့်ကိုင်တာဟု ယနေ့တိုင် ပြောနေကြဆဲ
ဖြစ်လေ၏။

အနှီကဲ့သို့ လက်ကျမြန်၊ အကြံကြီးလှသည့် နာမည်ကျော်ပယောဂ
နှင့် အနှိပ်သည်ကြီး ရေအောက်အဝိစိသုံးကြိမ်ပြန် ဆရာကြီးဦးပွေးဆင့်ထံသို့
နနွယ်ရရ ကြွကြွမှတ်မှတ်၊ တွတ်တွတ်သန့်စင် ခင်ချောစုလေးကို ပယောဂ
အမောင့်နှင့်ဖို့အပ်လိုက်လျှင် ထန်းပင်ကုန်းရပ်ကွက်က ကိုသောင်းညွန့်ဦးတို့၏
'အော့ကြောလန်' တီးဝိုင်းကိုငှားပြီး ဘိသိက်ဆရာကြီးမင်္ဂလာဦးစိန်အောင်ငွေ
နှင့် အောင်ဖေယျတုပေးရုံမှတစ်ပါး အခြားမရှိချေတကား။

တစ်နေ့ ခင်ချောစုရဲ့ မနောပညာအဟောအပြောကို နာမည်ကြီး
လွန်းလှ၍ အကဲစမ်းလိုသော လူရွတ်ကြီးတစ်ဦး မီးပြကျေးရွာသို့ ရောက်ရှိ
လာခဲ့၏။

လူကြီးကား ဖွဲ့ပါကုန်းတန်း တံငါရွာမှ တံငါစက်လှေပိုင်ရှင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ချမ်းသာ ဆိုသူဖြစ်၏။

ဂါးများ၊ တားပိုက်များ၊ ကျားပိုက်များနှင့် ပင်လယ်မှာ ကြီးပွား ချမ်းသာနေသူကြီး ဖြစ်၏။ စက်လှေကြီးငါးစင်း ပိုင်၏။

သူ့နယ်မှာ အပြိုင်အဆိုင် ပင်လယ်မှာ ငါးရှာနိုင်၍ မီးပြ၊ သံတဲ ဖွဲ့ပါကုန်းဝန်းကျင်မှာ သူဌေးသူဌေးနှင့် နာမည်ကြီး၏။

အသားမည်းမည်း၊ ထောင်ထောင်မောင်းမောင်းကြီး. . ။ နှုတ်ခမ် မွေးကားကားနှင့်၊ တစ်ကိုယ်လုံး ရွှေဆွဲကြိုး၊ လက်စွပ်ငါးကွင်း၊ စိန်နားတောင် ကြီးနှင့် ဟိတ်ဟန်ကြီးလှ၏။ မယားချည်း သုံးယောက်ရှိ၏။ အငယ်ဆုံးမယား က ဆယ့်ကိုးနှစ်ပဲ ရှိသေး၏။

ရန်ကုန်မြို့ပေါ်တောင် တက်မွေ၏။ လသာမှာ ကျက်စား၏။ ကမ် နားလမ်းဟိုတယ်နှင့် ဘုန်းကြီးလမ်းမှာပါ ကျက်စား၏။ လူမိုက်ကြီး လမ်းမတော် ဖိုးတုတ်အပေါ်ကိုပင် ဩဇာရှိ၏။ ပြိုင်ဘက်ကို မည်သည့်နည်းနှင့် အနိုင်ရ ဖြိုလွှန်း၊ ချဲလွှန်း၍ ပင်လယ်ကမ်းခြေမှာ ဦးအောင်ချမ်းသာဟာဆိုလျှင် မုတ္တ မော်လမြိုင်အထိ ဖြိုကြရ၏။ တုန်ကြရ၏။

တပည့်လူမိုက်များလည်း မနည်း။

လက်နက်ပုန်းလည်း ကိုင်သေး၏။

အားလုံး ဇက်ရဲလက်ရဲ. . ။ ငွေရှာလောဘကြီး၏။ ငါးရှာ လော ဟည်း၏။

ကိုညွန့်မောင်တို့ ကိုကြက်တောတို့သာမက သံတဲတံငါရွာက ရေလု ငန်းရှင်များပါ ပင်လယ်ထွက် ငါးဖမ်းကာနီး အရှူးမ မနောရှင်လေး ခင်ချော ကို မေးမြန်းကြားနာပြီး အလုပ်လုပ်ကြရာ စီးပွားရေးလုပ်ငန်းများ အောင်မြ တိုးတက်သည့်သတင်းများကြား၍ ဟုတ်မဟုတ် လာရောက်လေ့လာတာ

ယုံကြည်လွန်းလို့ မဟုတ်ပါဘူးတဲ့။ လုပ်ချလိုက်သေးရဲ့. . ။

သို့နှင့် သူကြီးဦးကျောက်သလဲ၏ အိမ်သို့ အရူးမလေးခင်ချောစု ပင့်ဖိတ်ပြီး ဟောပြောစေကာ နားထောင်၏။

"သမီးချောစု"

"ရှင်. . အဘ"

"ဟောဒီပုဂ္ဂိုလ်က ငါးသူဌေး၊ စက်လှေသူဌေးကြီး ဦးအောင်ချမ်း သာတဲ့. . "





"သူချမ်းသာတာ ကျွန်မ မယူနိုင်ပါဘူး ဘသလဲရဲ့"

ချောစုက မည်းမည်းသည်းသည်း သွားခေါခေါနှင့် မိုးကြိုးပစ်ချ ခမန်း ရွှေရောင်တောက်ပနေသည့် သူဌေးကြီး၏မျက်နှာကိုကြည့်၍ ပြောချ လိုက်သောအခါ ဦးအောင်ချမ်းသာ မျက်နှာ ဘယ်အိမ်သာချိတ်ထားရမှန်း မသိ ဖြစ်သွား၏။

ရောက်ရှိနေကြသော ဧည့်သည်များကလည်း ရယ်ကြ၏။

"သမီးနဲ့ပေးစားဖို့ မဟုတ်ပါဘူး ချောစုရဲ့၊ ဗေဒင်ကြည့်ချင်လို့ပါ"

"တနင်္ဂနွေသား မဟုတ်လား"

"အင်း"

"အသက် ငါးဆယ့်ကိုးနှစ်"

"ဗျာ. . "

ဦးအောင်ချမ်းသာ အံ့ဩသွား၏။ သူ တနင်္ဂနွေသား၊ အသက် ငါးဆယ့်ကိုးနှစ် ရှိခဲ့ပါပြီ။

"မယားသုံးယောက်နဲ့. . ။ ဟုတ်ရဲ့လား"

"ဟုတ်. . ဟုတ်. . ဟုတ်ပါတယ်။ အဲ. . အဲ. . အဟဲ"

"နောက်ဆုံးမယား ကိုယ်ဝန်သုံးလနဲ့"

"မြတ်စွာဘုရား. . ကယ်တော်မူပါဘုရား"

"ဘာလဲ. . ။ မှားနေလို့လား။ ဟုတ်လား"

"မ. . မဟုတ်ပါဘူးခင်ဗျ။ အဲ. . အဲ. . မှန်. . မှန်လို့ပါ"

"ဒါများ. . ။ ဒီမှာတော် သူမွေးရင် ယောကျ်ားလေးမွေးမယ်။ သိ လား"

"တ. . တကယ်လား. . ဟင်. . ဟင်. . တူမ. . အဲ. . အဲ. . နှမ လေး။ ဟင်. . ဟင်. . "

"ဒီကလေးဟာ သူဌေးကြီးလိုပဲ တနင်္ဂနွေသား။ ရေတက်ချိန် ဖွား လိမ့်မယ်။ သူဌေးကြီးမယား ခုနစ်ရက်အတွင်း လေဖြတ်လိမ့်မယ်"

"ဗျာ. . "

"သူဌေးကြီးသမီး အကြီးမ လင်နောက်လိုက်သွားပြီ"

"တူ. . တူမကြီး. . အဲ. . အဲ. . နှမလေး. . တော်. . တော်ပါတော့ ခင်ဗျ"


www.burmeseclassic.com

www.burmeseclassic.com



ကြာလျှင် သူဌေးဦးအောင်ချမ်းသာ ငယ်ကျိုးငယ်နာများပါ ပေါ်၍ အရှက်ကွဲရတော့မည်မို့ အလန့်တကြားတားလိုက်ရ၏။ သမီး အကြီးမ မခင်စပယ်ကုံးလေး စက်လှေအုပ် ကောင်းပွင့်နှင့် လိုက်ပြေးသွားတာ ငါးရက်ရှိခဲ့ပြီလေ။

"ဘာသီချင်သေးလဲ. . ပြော။ ကျွန်မ ဆိုရ ကရဦးမယ်တော့။ မရှိရင် ပြန်မယ်"

"ဟို. . ဟို. . ဒီလိုပါ။ ဒီတစ်ခေါက် ပင်လယ်ထွက်ရင် ငါးကြီးငါးကောင်းများများ ရ မရ ကြိုသိချင်လို့ပါ"

"ဘယ်နေ့ထွက်မှာလဲ"

". . . . . . နေ့ပါ"

"ဘယ်နှရက် ကြာမှာလဲ"

"အရက်နှစ်ဆယ်လောက် ကြာပါမယ်"

"ဆယ်ရက်မြောက်တဲ့နေ့ ပင်လယ်က ပြန်ထွက်"

"ဘာ. . ဘာဖြစ်လို့ပါလဲကွယ်။ ဟင်. ."

"ဆယ်ရက်ကကျော်ရင် စက်လှေသုံးစီး ပင်လယ်သချိုင်းမှာ စတေးခံရမှာမို့လို့ပဲ။ ကဲ. . ပြီးပြီ။ ပြန်မယ်. ."

"နေ. . နေပါဦး နှမလေးရဲ့"

"အို. . မနေနိုင်ပါဘူးတော်။ ဒါကြောင့်လေ သဗ္ဗေသတ္တာ××အဝေယျာပဟောန္တု××သဗ္ဗေပါနာ××သဗ္ဗေဘူတာ××သဗ္ဗေပုဂ္ဂလာ××သဗ္ဗေဘိုကေ××သဗ္ဗေ သျှောင်ကြီးဗွေ××အလိုလေး××ယောင်မှားလို့တော်×× ကျွန်မမနေနိုင်ပါ××မငွေမြိုင်မေတ္တာပို့တဲ့ကြာ××ဝါးလားလား××ဟောဒါ မြစ်ချောင်းမငွေမြိုင်တော့×××ပလို့××ဂျေ××ဂျေ××ဂျေ×××"

ပြောရင်းတန်းလန်း ရပ်တန့်ပြီး နန်းတော်ရှေ့ဆရာတင်ရေး၍ အဆိုတော်မြစ်ချောင်းမငွေမြိုင်၏ တတ်ပြားသီချင်း 'သဗ္ဗေဘိုကေကြာ' သီချင်းကို ဟစ်ပြီး အိမ်ပေါ်မှာ အားရပါးရကာ,တော့၏။

သူကြီးလည်း တားလို့မရ၊ ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းများလည်း ဟန့်လို့မရ၊ သူဌေးဦးအောင်ချမ်းသာလည်း ဘာမှဝင်မမေးနိုင်တော့။ အိမ်တုန်ပြိုခမန်း ကပြီးနောက် အိမ်မှပြေးဆင်းပြီး ရွာလယ်လမ်းမသို့ ပြေးသွားတော့၏။

စိတ်ကူးသစ်စာပေ



"သူဌေးက အရူးမပြောတိုင်း ယုံနေလို့လား"

သည်မှာ သူဌေးဦးအောင်ချမ်းသာ၏ညာလက်ရုံး အံပွားညှပ်ကြီးက ခါးတောက်၍ မေးလိုက်သည်။

"နောက်ပိုင်းတော့ မယုံပါဘူး။ ရှေ့ပိုင်းဟောချက်ကို အံ့ဩလို့ပါ"

"ကြားဖူးနားဝနဲ့ ဖြီးနေတာပါဗျာ။ ခေါက်ထားစမ်းပါ သူဌေးရ"

"အေး. . ငါလည်း ဒီလိုပဲ သဘောရပါတယ်။ ပြန်မယ်ဗျာ သူကြီး"

"ဟုတ်ကဲ့ပါ သူဌေးကြီးခင်ဗျာ။ နောက်ကြုံရင် ဝင်ပါခင်ဗျာ"

သူတို့အားလုံး လှည်းယာဉ်နှင့် ပြန်လာခဲ့ကြသည်။ . . . . . . ရက်နေ့ရောက်တော့ စက်လှေ (၆) စီး၊ တံငါလှေ (၁၀) စီးနှင့် ပင်လယ်သို့ထွက်ကြ၏။ ပင်လယ်သို့ရောက်သောအခါ ပိုက်ကြီးမျှောကြသည်။ ပိုက်ကြီးက ငါးကြီးပိုက်. .။

ရလျှင် ငါးကြီးများကို ပင်လယ်မှာပဲ ခွဲ၍ ဆားနယ်၊ နေလှန်းရ၏။ အခု သူတို့ ပင်လယ်ထဲ ရောက်နေကြပြီ။ ရွာနှင့် ပင်လယ်သည် နေကုန်ခရီးရှိနေပြီး သည်မှာ ရက်ပေါင်း (၂၀) ခန့်နေပြီး ငါးရကောင်းမှပြန်ကြ၏။

(၁၀) ရက်မြောက်သောအခါ ငါးကွန်းရှပ်၊ ကသပေါင်းနှင့် ငါးပုတ်ခြောက်ငါးကြီးများ အများကြီးရလိုက်၍ တံငါလှေများရော၊ စက်လှေအုပ်အဖွဲ့ပါ ပျော်ကြ၏။ ရသမျှငါးများကို ခွဲခြမ်း၍ ဆားနယ်၊ နေပြ၊ သိပ်ကြသည်။

သူဌေးကြီးဦးအောင်ချမ်းသာကိုယ်တိုင် ကြီးကြပ်၍ စီစဉ်နေ၏။ (၁၀) ရက်ရသည့်ငါးနှင့်ပင် စက်လှေများ အိနှင့်နေ၏။ နောက် (၁၀) ရက်ဆိုလျှင် စက်လှေဖောင်းရစ်ရေမှတ်မျဉ်းပင် ရေးရေးသာပေါ်နိုင်ဖွယ်ရှိချိမ့်မည်။

သည်နေ့ (၁၀) ရက်မြောက်ခဲ့ပြီ။

ညဘက် အိပ်ရင်းကနေ အရူးမလေးပြောလိုက်သည့်စကားကို ဦးအောင်ချမ်းသာ ဘာရယ်လို့မဟုတ် ကြားနေမိ၏။

"ဆယ်ရက်မြောက်တဲ့နေ့ ပင်လယ်ကပြန်ထွက်"

". . . . . . ဆယ်ရက်ကကျော်ရင် စက်လှေသုံးစီး ပင်လယ်ရေသချိုင်းမှာ စတေးခံရမှာမို့လို့ပဲ"

"ဟူး. . ဟုတ်နိုင်ပါဘူးလေ"

ဦးအောင်ချမ်းသာ စဉ်းစားရင်း မှေးခနဲအိပ်ပျော်သွားခဲ့သည်။ အချိန်မည်မျှကြာသွားသလဲ မသိ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"သူဌေး. . သူဌေး. ."

"သူဌေး. . သူဌေး. ."

လူသံသူသံ လှုပ်ရှားသံများကြား၍ သူဌေးဦးအောင်ချမ်းသာ အိပ်ရာမှ ကုန်းထလိုက်သောအခါ ပင်လယ်မှာ လေပြင်းများ ဝေ့ကျစပြုလာ၏။

"ဘာဖြစ်လို့လဲ"

"မုန်တိုင်းကျမယ့်လက္ခဏာ တွေ့လို့"

"ဟင်. ."

ကြည့်လိုက်တော့ ဟိုးအဝေး မှုန်ပုပုအရပ်မှာ တိမ်ညိုတိမ်မည်းများ အုပ်ဖွဲ့၍ ရွေ့လျားလာနေသည်ကို လှမ်းမြင်ရသည်။ ရွက်တိုင်များမှ အလံသည် လေအရှိန်နှင့် ဖျပ်ဖျပ်ခါလူးနေသည်။ လေပြင်းလေဦးများကြောင့် လှိုင်းလုံးများ ခက်ထန်ကာ စက်လှေများ အငြိမ်မနေဘဲ လူးလွန့်လာ၏။

ပင်လယ်၏ကြွန်အင်လက္ခဏာကို ပုံသေတွက်ထားလို့မရ။ အခု မိုးကောင်းကင်ကြီး ကြည်လင်နေသော်လည်း နာရီပိုင်းအတွင်း အန္တရာယ်ဆိုးများ မိုးကောင်းကင်နှင့် ပင်လယ်ပြင်မှာ ရုတ်ချည်းကျရောက်တတ်၏။

အပြောကျယ်လှသော ပင်လယ်သည် နေ့စဉ် မာယာများ၏။ ပရိယာယ်ပေါကြွယ်၏။ ဟန်ဆောင် ဣန္ဒြေကောင်း၏။

"ဒါ. . မုန်တိုင်းရဲ့လက္ခဏာ. ."

"အားလုံး. . အားလုံး စက်လှေတွေ နိုးကြ။ နိုးရာကျွန်းကို ကပ်ကြ. .။ နိုကြ. .။ လေကွယ်ယူကြ"

အချို့က ပေါင်းမိုးနှင့်ကြမ်းခင်းမှာလှန်းထားသည့် ငါးခြောက်များကို အလျင်အမြန်သိမ်းကြသည်။ စက်အုပ်နှင့် စက်ဆရာများက စက်များကို နိုးကြသည်။ စက်နိုးသည်နှင့် မုတ်ကျွန်း (သောင်ခုံ) အရပ်သို့ စက်လှေများကို ဦးလှည့်လိုက်ကြသည်။

လျင်မြန်လှသော မုန်တိုင်းသည် ပင်လယ်ကို အုပ်စီးသွားခဲ့ပြီ။ အိမ်လုံးမက လှိုင်းလုံးများသည် ပင်လယ်မှာ ဟည်းထ၍ အော်ဟစ် ပြေးဝင်လာခဲ့သည်။ တံငါလှေအချို့ လှိုင်းလုံးအောက်မှာ ရောက်သွားပြီး အော်ဟစ်သံများ ငြိမ်သွားခဲ့သည်။

စက်လှေများသည် အရှိန်ကိုမြှင့်၍ လေကွယ်မိုးကွယ် မုတ်ကျွန်းရှိရာသို့ ဦးတည်လိုက်သည်။ စက်လှေပေါ်မှပစ္စည်းများ လွင့်စင်၍ကျကုန်သည်။





လှိုင်းလုံးများကြား လူးလိမ့်နေကြသည်။ လူအချို့ ရေထဲသို့ လွင့်စင်မျောပါသွား၏။

လှိုင်းလုံးကြီးများသည် နဂါးအမောက်ကြီးများထောင်၍ စက်လှေအချို့ကို ငုံမျိုချလိုက်သည်။ တစ်ဦးလှေကိုတစ်ဦး မမြင်ကြတော့။

မိုးသက်လေပြင်းနှင့် မုန်တိုင်းသည် အချိန်အတန်ကြာ ဒေါသူပုန်ထ၍ ကြမ်းရမ်းပြီးသောအခါ ကောင်းကင်သည် ပြန်လည်၍ ကြည်လင်လာခဲ့၏။

မကြာခင် ပင်လယ်ရေပြင်သည် လှိုင်းကြက်ခွပ်နှင့် တည်ငြိမ်လာခဲ့သည်။ စာရင်းစစ်လိုက်သောအခါ စက်လှေသုံးစီးနှင့် တံငါလှေငါးစီး ပင်လယ်ရေအောက်ကြမ်းပြင်သို့ ထာဝရ နားခိုအိပ်စက် ဝင်ရောက်သွားခဲ့သည်။

ဘယ်လိုမှ ရှာလို့မရ။

အားလုံး စိတ်ထိခိုက်ကြေကွဲခဲ့ရ၏။ ဦးအောင်ချမ်းသာတို့စက်လှေပင် မုတ်ကျွန်းအစွယ်သို့ အရောက်မြန်လို့။ နို့မို့ ကျန်စက်လှေများပါ ပင်လယ်က မြိန်ရှက်စွာ စားသောက်မျိုချ ပွဲတော်တည်လိမ့်မည်။

သူတို့အားလုံး ရွာသို့ မျက်ရည်စက်များနှင့် ပြန်လာခဲ့ကြသည်။ အိမ်သူမယားများကား ပြန်မလာသူ လင်သား၊ မောင်ဖွား၊ သားများအတွက် ပင်လယ်ကမ်းစပ်မှာ ရှိုက်ငို၍ မဆုံးနိုင်ခဲ့ကြ။

ဦးအောင်ချမ်းသာမျက်စိထဲမှာ အရှုးမလေးကို မြင်နေမိသည်။ အရှုးမလေး၏ ဟောပြောသတိပေးချက်ကို ပြန်ကြားယောင်နေမိသည်။

လူယုံတော်ကြီး အံ့ဖွားညှပ်ကြီးလည်း ရေစာမိ၍ သွားခဲ့ပြီ။

"ဟူး. . တောက်. . ငါ. . ငါအသုံးမကျလို့. ."။

www.burmeseclassic.com

www.burmeseclassic.com

## ၂၄
## ဦးခေါင်းခွံပေါ်က ဖယောင်းတိုင်များလက်ရာရှင်

ခုရက်ပိုင်းအတွင်း သတင်းဆိုးများသည် ကျွန်တော်တို့ ပင်လယ်ကမ်းခြေဒေသမှာ ဆက်တိုက်လိုလို ပေါ်လာသည်။

ကုလားတန်းကျေးရွာမှ မျိုးချစ်စိတ်ပြင်းပြသူ ဦးရဲခေါင်တစ်ယောက်ကို ဓားပြဗိုလ်ချစ်တီးတို့အဖွဲ့က သတ်သွားခဲ့သည်။

ဦးချစ်မီးတို့က ရွာပြင်သို့ခေါ်သွားပြီး နဖူးတည့်တည့်သို့ ကျည်ဆံ သွင်းပြီး သတ်သွားခဲ့ရကား နောက်စေ့ပါပွင့်ပြီး သေနေသည်ကို မိုးလင်း မြင်ကြရ၏။

ရွာထဲက အိမ်ကြီးအိမ်ကောင်းသုံးအိမ် အတိုက်ခံရပြီး ရှိသမျှ အကုန်ပါသွားသည်။ ခုခံသူများကိုလည်း ချစ်တီးတို့အဖွဲ့က ရက်ရက်စက်စက် စက်သတ်သွား၏။

နောက်(၇)ရက်ကြာသောအခါ ပင်လယ်မှမျောပါလာသည့် အလောင်း တစ်လောင်း ရေတက်နှင့် မော်ဝန်းချောင်းထဲသို့ ဝင်လာ၏။ ဝိုင်းဆယ်၍ ကြည့်လိုက်သောအခါ ယောကျ်ားအလောင်းတစ်လောင်း ဖြစ်နေသည်။

လူသေက အသားညိုညို၊ အသက် (၅၀) ခန့်၊ ညာဘက်ပါး





မှဲ့သီးတစ်လုံးပါ၏။ နဖူးအလယ်တည့်တည့်၌ ကျည်ဆန်ရာဝင်ပေါက်ရှိနေပြီး နောက်စေ့ပွင့်နေသည်။

အလောင်းက ပွ၍ အနံ့ပင်ထွက်ပြီး ပုဆိုးမရှိတော့။ အင်္ကျီက ကြယ်သီးများပြုတ်ပြီး တင်းကျပ်ကွဲပြဲနေပြီ။

မော်ဝန်းချောင်း ပန်းတောဝန်းကျင်ရေဆိပ်မှာ လူသေ ရေမျော အလောင်းကို ဝိုင်းကြည့်နေသူများ အပြောက်အပြား..။

"ဒါ ဘယ်သူ့အလောင်းလဲကွ"

"မသိဘူးဗျ"

"ဟေ့..မီးပြသားတွေ။ သူ့ကို သိလား"

ပန်းတောသူကြီးက မီးပြခရီးသည်များကို မေး၏။

"ကျုပ်တို့ရွာသားတော့ မဟုတ်ဘူးဗျ သူကြီးရ"

"သံတဲသားတွေရော"

"မသိဘူး သူကြီး"

"ကမာကလုပ်ကရော သိလား"

"ဒါ..ကျုပ်တို့ရွာသားမဟုတ်တာတော့ ကျိန်းသေပဲဗျို့"

သို့နှင့် စစ်တန်း၊ ဖွဲ့ပါကုန်း၊ စင်မကော်၊ စစ်တန်း၊ ရှမ်းချောင်း သည့်ရွာများမှ ခရီးသွားများကို ခေါ်၍ပြပါသော်လည်း ဒီအလောင်းသည် ည်သူ့အလောင်း၊ မည်သည့်ရွာသားဆိုတာ ဘယ်သူမှ မသိကြ။

"ဂျပန်တွေများ သတ်လိုက်သလားမှ မသိဘဲဗျ"

"ကင်ပေတိုင်လက်ချက်ဆိုလည်း ကိုယ်ပေါ်မှာ နှိပ်စက်ဒဏ်ရာတွေ ရှိ ထင်ရမှာပေါ့ဗျာ"

"လူဆိုးတွေများ သတ်လိုက်သလားပဲဗျ"

အမျိုးမျိုး တစ်ယောက်တစ်ပေါက် ဝေဖန်ကြ၏။ ထင်ကြေးပေးကြ ။ ဒီမှာပဲ လူတစ်ယောက် တိုးဝှေ့၍ဝင်လာ၏။ မျက်နှာမှာ ခေါင်းပေါင်းသိုင်း ၍ လွယ်အိတ်တစ်လုံးလည်းလွယ်လျက်နှင့်။ သူသည် လူအုပ်ကို တိုးဝှေ့ဝင် ာပြီးနောက် သေသူအလောင်းကိုအနီးကပ်၍ သေသေချာချာကြည့်နေပြီး က်စိမျက်နှာပျက်သွားကာ ဦးခေါင်းကိုယမ်းလိုက်၏။

"တောက်..လုပ်နှင့်ကြပေါ့ကွာ"

ကိုခေါင်းပေါင်းက အံကြိတ်၍ သို့ကလိုပြောလိုက်သည်ကို ကြား



www.burmeseclassic.com

www.burmeseclassic.com



သွားသူတစ်ဦးက မေးလိုက်၏။

"နောင်ကြီးက ဒီသေသူကို သိလို့လားဗျ"

"အင်. . ဟင်. ."

"ခင်ဗျားနဲ့ သိလို့လားလို့ မေးတာပါ"

"အို. . ဟို. . ဟို. . မ. . မ. . သိပါဘူးဗျာ"

ခေါင်းပေါင်းနှင့်လူသည် သို့ကလိုပြောပြီးနောက် ချာခနဲလှည့်၍ ထွက်သွားကာ ရေအိုင်ရှိ လှေတစ်စင်းပေါ်သို့ တက်သွားလေသည်။ နေ့မကူး ခင်အချိန်မှာပဲ သေသူအလောင်း၏အမည်ကို ကြားသိလိုက်ရသောအခါ ကျွန်တော်တို့တစ်နယ်လုံး အံ့ဩတုန်လှုပ်မဆုံးနိုင် ဖြစ်သွားခဲ့ရလေသည်။

နဖူးမှာ သေနတ်ဒဏ်ရာနှင့်သေပြီး မော်ဝန်းချောင်းထဲ ရေတက်နှင့် လာတင်သူကား အခြားမဟုတ်. .။

မုတ္တမကွေ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဖိန့်ဖိန့်တုန် နာမည် ကြီးလှသော လူဆိုးခေါင်းဆောင်ကြီး 'ချစ်တီး' ဟူလေသတည်း။

'ချစ်တီး' ကို ဘယ်သူသတ်တာလဲ. .။

ချစ်တီးလို တပည့်လက်သား အခြွေအရံများ၊ လက်နက်ကောင်းများ ဖြင့် လှုပ်ရှားနေသူကို ရက်ရက်စက်စက်၊ ရဲရဲဝံ့ဝံ့သတ်ပစ်ရဲတာ ဘယ်လို လူစားလဲ. .။

ချစ်တီးထက်ရက်စက်သူ လူစွမ်းကောင်း ရှင်ဘုရင်သိန်းမောင် လား. .။

ဂျပန်ကင်ပေတိုင် လျှို့ဝှက်စစ်ပုလိပ်များလား. .။

ဒါမှမဟုတ် ခေါင်းဆောင်လုပ်ချင်နေသည့် သူ့ညီ ချစ်မီးလား. .။

စဉ်းစားစရာ၊ သိချင်စရာများက ရွာတိုင်းမှာ အာသီသပြင်းပြနေကြ ပြီ။ သည်လို ချစ်တီးကိစ္စနှင့် ကျေးရွာတိုင်းမှာ အုတ်အော်သောင်းတင်းဖြစ် နေချိန်မှာပဲ ရွာများဆီသို့ ဂျပန်ကင်ပေတိုင်စစ်ပုလိပ်အဖွဲ့တစ်ဖွဲ့ ခပ်ကြွမ်း ကြွမ်းဝင်ရောက်လာတော့သည်။

ဂျပန်စစ်ကင်ပေတိုင်အရာရှိအမည်က ယာမာမိုတို။

ယာမာမိုတိုသည် အသတ်အဖြတ်လည်း ရက်စက်ကြမ်းကြုတ်၏။ စစ်ဆေးမေးမြန်းရာမှာလည်း ညှာတာမှုကင်းမဲ့ပြီး လူစိတ်လုံးဝကင်းမဲ့၏။ (Kempetia) ကင်ပေတိုင်စစ်ပုလိပ်များသည် သူ့ခိုးဓားပြထက် လက်နက်ကိုင်





တော်လှန်ရန် လျှို့ဝှက်စိုင်းပြင်းနေသည့် မြန်မာမျိုးချစ်တော်လှန်ရေးသမား များကို အရုပ်ရုပ်၊ အနယ်နယ်၊ အမြို့မြို့မှာ မြေလှန်၍ရှာနေ၏။

မသင်္ကာသူများကို လက်ပြန်ကြိုးတုပ်၍ စစ်ဘိနပ်နှင့် လိုမ့်ကန်၏။ ဦးခေါင်းပေါ်သို့ ရေနွေးပူနှင့် လောင်း၏။ လက်သည်းခွံများကို ပလာယာနှင့် အစိမ်းခွာ၏။ ခြေသလုံးကို မျဉ်းလုံးတလိမ့်တုံးနှင့်လိမ့်၍ ညှဉ်းပန်း၏။

ဗိုက်ပေါ်သို့ အိုးထဲ ကြွက်အရှင်ထည့်မှောက်ပြီး စစ်ဆေး၏။ ပါးစပ် ထဲသို့ ကတော့တပ်ပြီး ဗိုက်ကြီးပူကယ်လာအောင် ရေများလောင်းထည့် စစ်ဆေး၏။ ကျော၊ မျက်နှာနှင့် ရင်ဘတ်များကို သံပူကပ်၍ ညှဉ်းဆဲစစ် ဆေး၏။ ခေါင်းပေါ်ကို ရေစက်ချ၍ စစ်ဆေး၏။

ရေစည်ပိုင်းထဲ ပြောင်းပြန်နှစ်၍ စစ်ဆေး၏။ ဘယ်လိုမှမေးမြန်း၍ မရဘဲ ဘူးခံနေလျှင် လုံ့စွပ်နှင့်ထိုး၍သော်လည်းကောင်း၊ ဇက်ကို ဂျပန်ကင်ဒို ဓားနှင့် ခုတ်၍လည်းကောင်း လုံးဝကိစ္စတုံး သတ်ပစ်လေ့ရှိရကား ဂျပန် ကင်ပေတိုင်စစ်ပုလိပ်ဟု အသံကြားသည်နှင့် လူတိုင်း သွေးလန့် တုန်လှုပ် ချောက်ချားနေ၏။

ဒီလောက်ရက်စက်သည့် ဂျပန်ကို ဘာကြောင့် ဆန့်ကျင်တော်လှန် ပုန်ကန်လိုစိတ် ပြင်းပြရသနည်း။ ထိုအဖြေကို စစ်ပြေးစခန်းများမှ အင်္ဂလိပ် အစိုးရအုပ်ချုပ်သည့်အချိန်က အရာရှိတစ်ဦးဖြစ်ခဲ့ဖူးသည့် ဦးသန်လျက်က ဤသို့ရှင်းပြခဲ့၍ သိရ၏။

"အင်္ဂလိပ်အစိုးရ အနှစ်တစ်ရာကျော်အုပ်ချုပ် ကုပ်သွေးစုပ် ဖိနှိပ် နေတာကို မြန်မာတိုင်းရင်းသားအားလုံးက မနှစ်မြို့တော့ဘူးကွ။ ဒါကြောင့် ဗိုလ်တေဇဦးဆောင်တဲ့ B.I.A အဖွဲ့က ၁၉၄၂ ခုနှစ်ဆန်းမှာ ဂျပန်အင်ပီးရီး ရဲယ်တပ်မတော်ကြီးနဲ့ ပေါင်းပြီး စစ်သုံးကြောင်းဖြန့်လို့ ယိုးဒယား–မြန်မာနယ် စပ်က တောင်တန်းများ၊ ချိုင့်ဝှမ်းများ ချောက်များကို ဖြတ်ပြီး မြန်မာပြည်ကို ဝင်ခဲ့တယ်။

အဲဒီကနေ အင်္ဂလိပ်ကို ပြန်တိုက်ပြီး ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်ကို စသိမ်းခဲ့တယ်။ အဲဒီအချိန်တုန်းက မြန်မာသုံးရောင်ခြယ် အလံကြီးဟာ လေမှာဟည်းပြီး လွင့်လို့ပေါ့ မောင်ထိန်တို့ရာ။ ဒီမှာ ဂျပန်က မော်လမြိုင်မြို့များကိုသိမ်းပြီးရင် ဗမာလွတ်လပ်ရေးကို ကြေညာမယ်လို့ကတိ ပြုခဲ့တယ်။ ဟော. . အခု တနင်္သာရီတိုင်းလည်း ရခဲ့ပြီ။ ဒါပေမဲ့သူတို့ကတိ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လွတ်လပ်ရေးမပေးခဲ့ဘူး။

မပေးတဲ့အပြင် မြန်မာပြည်သူပြည်သားတွေကို ကျွဲလိုနွားလို နှိပ်စက်ညှဉ်းပန်းလိုက်တာ အလောင်းကို ထပ်နေတာပဲ။ နောက်လာတဲ့ မောင်ပုလဲက ဒိုင်းဝန်ထက် ကဲနေတာကိုး။ ပြောတော့ အရှေ့အနောက် အရှေ့အာရှ သာတူညီမျှ ကောင်းစားရေးတဲ့။ သေမင်းတမန်မီးရထားလမ်း ကြီးအတွက် တို့မြန်မာပြည်သားတွေ အသားလွှတ် အငတ်၊ အဆင်းရဲခံပြီး သေခဲ့၊ စတေးခဲ့ရတာ အလောင်းတွေ၊ အရိုးတွေ မမြှုပ်နိုင်လို့ ကျားစား တောခွေးစာ ဖြစ်ခဲ့ရတာ နည်းရောလားကွ။

ဒါကြောင့် တစ်နေ့ တော်လှန်တိုက်ထုတ်ရမှာပဲလို့ ဆုံးဖြတ်ချက် ချခဲ့တယ်လို့ ကြားနေရတယ်။ ဒီလိုနဲ့ မကျေမနပ်ဖြစ်သံကိုကြားရော ၁၉၄၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့မှာ ဂျပန်အစိုးရက မြန်မာ့လွတ်လပ်ရေးကို ကြေညာပေးခဲ့တယ်။ ဒါပေမဲ့ ဂျပန်ပေးတဲ့ လွတ်လပ်ရေးက လွတ်လပ်ရေး အစစ်မဟုတ်ဘူး။ အတုကြီး..''

''ဘာကြောင့် အတုကြီးလို့ ပြောရတာလဲ ဦးလေး''

''အတုမှ အတုပါကွာ။ ကြည့်..။ မြန်မာပြည်က လုံးဝ မဆုတ်ခွာ ဘူး။ မြန်မာလူမျိုးသမ္မတ မရှိဘူး။ မြန်မာပြည်မှာနေပြီး အားလုံးကို ညှဉ်းပန်း နှိပ်စက်တယ်။ အင်္ဂလိပ်လိုပဲ ရသမျှအကုန်သိမ်းနေတာ။ ဒါ့ကြောင့် B.D.A ကို Burmese Army ဘားမိစ်အာမီလို့ ပြောင်းခေါ်ပြီး ပြန်ချဖို့ လျှို့ဝှက်စီစဉ် နေပြီ။ ဒီမှာ..မောင်ထိန်တို့၊ မောင်ချစ်စရာတို့..''

''ဗျာ..ဦးလေး''

''ရှူး..မင်းတို့ အရေးကြုံရင် သက်လုံကောင်းကြကွယ့်''

''ဘာလုပ်ရမှာလဲ ဦးလေးရ''

''မင်းတို့၊ ငါတို့ပြန်ချတဲ့ထဲမှာ ပါဝင်ရမှာပေါ့ကွ''

''ဗျာ..ပြန်ချရမယ်''

''အိမ်း..''

''ပြန်ချရအောင် လက်နက်ကရောဗျ။ ဒီမှာ ဓားလှံပဲရှိတာ ဥစ္စာ ဒီဓားလှံနဲ့ပဲ ပါတော်မူခဲ့ရပြီးပြီ မဟုတ်လား''

''ရှူး..တိုးတိုး..အချိန်တန်ရင် လက်နက်ရမှာပေါ့ကွာ။ ဒါ.. မပူကြစမ်းပါနဲ့။ အရေးကြီးတာ ငါတို့၊ မင်းတို့အားလုံး အသေခံပြီး စွန့်စားကြ





ဖို့ပဲ။ လူဟာ မျိုးချစ်စိတ်ရှိရမယ်ကွ။ ငါတို့နိုင်ငံကို ငါတို့လူမျိုးအုပ်ချုပ်မှ ငါတို့အားလုံး လွတ်လပ်ရေးအရသာကို ပြည့်ပြည့်ဝဝ ခံစားကြရမယ်။ အဲဒီ အတွက် ဂျပန်ကိုရော၊ အင်္ဂလိပ်ကိုရော ပြန်ကိုချရမယ်။ နားလည်ရဲ့လား''

''ဟုတ်..ဟုတ်ကဲ့ခင်ဗျ''

အဲဒီတုန်းက ဦးလေးသန်လျက်ရဲ့ ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန် ရေးစကားလုံးမှာ ကျွန်တော်တို့ ရင်ခေါင်းထဲ၊ ဦးနှောက်ထဲသို့ စီးဝင်ပြီး သွေးများဆူရှပ်လာခဲ့၏။ ဒါနှင့်အတူ ခေါင်းနားပန်းလည်းကြီးသွားခဲ့ရ၏။

ဆိုခဲ့သလို တစ်နေ့သောအခါ ဂျပန်ကင်ပေတိုင်ဗိုလ်ကြီး ယာမာ မိုကိုနှင့်အတူ ဂျပန်စကားပြန် မိုးကြိုးမိုင်းဆိုသူ ရောက်ရှိလာခဲ့၏။

'မိုးကြိုးမိုင်း' ဆိုသူကား မြန်မာလူမျိုးဖြစ်ပါ၏။

သူက ဂျပန်ကင်ပေတိုင်ထက် ပို၍ကြောက်စရာကောင်းသေး၏။ အသားညိုညို၊ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်းကြီး..။ ဂျပန်စကားကို ဂျပန်အစစ်အတိုင်း ကရားရေလွှတ် ပြောနိုင်၏။ အင်္ဂလိပ်စကားလည်း ကျွမ်း ကျင်၏။

မိန်းမကြိုက်၏။ အရက်ကြိုက်၏။ သားစိမ်း၊ ငါးစိမ်း ကြိုက်၏။ ရောက်ရာအရပ်မှာ သားဖျို၊ သမီးပျိုများကို အဓမ္မသိမ်း၍ ဂျပန်ကို လာဘ် ထင်၏။ ဆန့်ကျင်လျှင် သူကိုယ်တိုင် လူရှေ့သူရှေ့မှာ အားလုံးကို သတ်ပြ လိုက်၏။

သူတို့ရောက်လာပြီးညမှပင် ဦးလေးသန်လျက်တို့ စစ်ပြေးများစခန်း ကို ဂျပန်စစ်သားများ ဝိုင်းကြသည်။

ဦးလေးသန်လျက်၏အမည်ကို ခေါ်၍ အော်၍ မေးတော့သည်။ ဦးလေးသန်လျက် မရှိတော့။ လျှို့ဝှက်ပျောက်သွားခဲ့ပြီ။ ဦးလေးသန်လျက်ကို အင်္ဂလိပ်စပိုင်ဟု အမည်တပ်၏။ မြန်မာသူပုန်ဟု အမည်တပ်၏။

လျှို့ဝှက်တော်လှန်ရေးအဖွဲ့ဝင်ဟု အမည်တပ်ပြီး မြေလှန်ရှာကြ သည်။ မတွေ့တော့ စစ်ပြေးစခန်းများကို မီးတင်ရှို့ပစ်လိုက်ကြသည်။

စစ်ပြေးများ ခိုကိုးရာမဲ့တာဝနှင့် သောင်ပြင်လွတ်ခွေးများလို ကွင်းထဲ တောထဲ ဝင်ခိုပုန်းနေရ၏။

ဒီမျှနှင့် မရပ်သေး။ ပင်လယ်ကမ်းပါးကုန်းပေါ်မှာ တစ်ပေပေါက် တည်းနေသည့် အဘွားကြီးဒေါ်နန်းအိမ်ကြို့တဲကို သတင်းအရ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြသည်။ ရွာသူကြီးအပါအဝင် ဂျပန်စစ်သားများနှင့် ကင်ပေတိုင်တပ်ဖွဲ့ဝင်များ၌ လက်နက်မျိုးစုံနှင့် ဒေါ်နန်းအိမ်ကြို့တဲကို ဘက်စုံဝိုင်းထား၏။

ဂျပန်စကားပြန် လူထွားကြီး မိုးကြိုးမိုင်းက အသံပြုလိုက်သည်။

"အဘွားကြီး ဒေါ်နန်းအိမ်ကြို့. ."

"ဗျို့. . ဒေါ်နန်းအိမ်ကြို့. . အိမ်ပြင်ကို ထွက်လိုက်ပါဗျ"

တဲအိမ်ထဲက ပြန်ထူးသံ မကြားရ၊ နောက်ထပ်လေးငါးကြိမ် အော်၍ခေါ်သည်။ လုံးဝ ပြန်ထူးသံ ပေါ်မလာခဲ့၊ ဒီမှာ စကားပြန်နှင့် ဂျပန်ကင်ပေတိုင်စစ်ဗိုလ်က အချက်ပြလိုက်သောအခါ ဂျပန်စစ်သားများ ဂျပန်စစ်သုံးရိုင်ဖယ် ဒသမ ၃၀၃ သေနတ်များကို မောင်းတင်၍ ဝိုင်းပြီး ရှေ့သို့တိုးလာခဲ့ကြသည်။

တဲရှေ့ကို ရောက်ပြီ။

"ဒေါ်နန်းအိမ်ကြို့. . နန်း. . အိမ်. . ကြို့"

". . . . . ."

"ကိုင်းဟာ. ."

"ဝုန်း. ."

"ဝုန်း. ."

တဲတံခါးကို စကားပြန်မိုးကြိုးမိုင်းက ခြေနှင့်ဆောင့်ကန်ဖွင့်လိုက်ရာ တံခါးပြုတ်ကျသွား၏။ စကားပြန်က ခြောက်လုံးပြူးသေနတ်နှင့် လှစ်ခနဲခုန်ဝင်လိုက်ပြီး နေရာအနှံ့ကိုချိန်၍ မျက်စိကစားလိုက်သည်။

အထဲမှာ လူလုံးဝမရှိ။

ရှိနေသည်ကား. .

ဖြစ်သလိုရိုက်ထားသည့် ဝါးစားပွဲကြမ်းပေါ်မှ လူဦးခေါင်းခွံများ။

လူဦးခေါင်းခွံငါးလုံးကို သူတို့အားလုံး ထူးဆန်းစွာတွေ့လိုက်ကြပြီး အံ့ဩနေကြသည်။ အချို့သော ဦးခေါင်းခွံများပေါ်၌ အက္ခရာစာလုံး အချို့ကို ထုံးနှင့်ရေးထားသည်။

ဦးခေါင်းတစ်လုံးပေါ်မှ. . ဘ. . မ. . ။

နောက်တစ်လုံးပေါ်မှာ. . ဓ. . မ. . ။

နောက်တစ်လုံးပေါ်မှာ. . ရ. . က. . စသည်နှင့်. . ။

အချို့ခေါင်းများပေါ်မှာ ဖယောင်းစက်များရှိနေ၏။ အချို့ ဦးခေါင်းခွံပေါ်မှာ ဖယောင်းတိုင်ငုတ်တိုလေးများ စိုက်တင်ကပ်နေလျက်. . ။





တစ်နေရာမှာ ခွေးမြည့်နေသော ကိုးမြို့ရှင်နတ်ရုပ်အပျက်ကြီးကို ခါးထောက်လျက် တွေ့ရ၏။

တစ်နေရာမှာ ဦးခေါင်းမရှိသော သစ်သားရုပ်တု ဗုဒ္ဓရုပ်ပွားတစ်ခုကိုလည်း တွေ့ရ၏။

နံရံပေါ်မှာ အင်းချပ်ကွက်များ၊ စမကွက်များကို စက္ကူပေါ်မှာရေး၍ ကပ်ထား၏။

ရှေ့နားဆီ၌ ဂဝံဘီလူးရုပ်တုကြီးတစ်ခုကို တွေ့ရပြန်၏။ ဂဝံ ဘီလူးရုပ်တုကြီးသည် သံလျက်ကြီးကိုထမ်း၍ အစွယ်များဖြဲပြလျက်က မျက်လုံးပြူး၍ ကြည့်နေရကား စကားပြန်မိုးကြိုးမိုင်းနှင့် ဂျပန်စစ်ဗိုလ်ပင် လန့်သွားပြီး သေနတ်နှင့် ထိုးချိန်လိုက်ရ၏။

ဒီမှာ ဂျပန်စစ်ဗိုလ်က မေး၏။ ဘာတွေလဲတဲ့. . ။

"ဘီလူးရုပ်တုပါ မာစတာ. . ။ အရုပ်တွေပါ. ."

ဂျပန်စစ်ဗိုလ်က လူဦးခေါင်းခွံများကို လက်ညှိုးထိုး၍ မေးပြန်သည်။

"လူသေဦးခေါင်းခွံတွေပါ"

"ဒီအိမ်ရှင် ဘာတွေလုပ်သလဲ မိုးကြိုးစံ"

ဂျပန်စစ်ဗိုလ်က မြန်မာစကားမပီကလာနှင့် မေး၏။ စကားပြန်မိုးကြိုးမိုင်းက မြန်မာလိုရော၊ ဂျပန်လိုပါ ညှပ်၍ ပြော၏။

"မော်ဆရာမကြီးရဲ့ အိမ်၊ ကဝေမျက်လှည့် မိန်းမကြီးရဲ့အိမ်နဲ့ တူတာပဲ၊ ဒါ. . စုန်းမကြီးများရဲ့ အစီအရင်အပြုအမူမျိုးပါ မာစတာ"

"မော်. . မဲဂျစ်"

"ဟိုက်. . မဲဂျစ်"

ပြီးနောက် ပုလင်းဖင်ပြွတ်များနှင့်ထည့်ထားသည့် မြေကြီးများကို လက်ညှိုးထိုး၍ မေးပြန်၏၊ သေသေချာချာ စစ်ဆေးလိုက်သောအခါ သင်္ချိုင်းအမည်များကို ရေး၍ ကပ်ထား၏။ စကားပြန်မိုးကြိုးမိုင်း ဘာအဓိပ္ပာယ်လည်းကို နားမလည်၊ မသိပါဟုဖြေလျှင် လူရှေ့သူရှေ့ ပါးနားရိုက်ခံရဦးမည်ဟု နားလည်သဘောပေါက်သလောက် ဖိန့်ရ၊ ဖြီးရတော့သည်။

ဦးမိုးကြိုးမိုင်းက မြေကြီးပုလင်းများနှင့် အင်းချပ်၊ စမချပ်ပုံများရှိရာကိုလည်းကောင်း၊ လူဦးခေါင်းခွံများရှိရာကိုလည်းကောင်း လက်ညှိုးထိုးရင်းက. .



www.burmeseclassic.com

www.burmeseclassic.com



"ဒါ..ကဝေမကြီးတစ်ဦး အောက်လမ်းပညာ စီရင်နေတဲ့နေရာပါ။ မှော်ပညာ စီရင်နေတာပါ"

"DANGER"

"ဟိုက်..Danger..။ တွေ့အောင်ရှာရမယ်"

"killer.."

"ဟိုက်..။ သတ်ပစ်ရပါမယ်။ ကျွန်တော်တို့ သူ့ကိုစုံစမ်းပြီး လိုက်ဖမ်းကြပါစို့ မာစတာ"

ဒီမှာပဲ ဂျပန်စစ်ဗိုလ်က စူးစူးဝါးဝါးအော်၍ အမိန့်ပေးလိုက်ရာ ဂျပန်စစ်သားများအားလုံး အရပ်လေးမျက်နှာသို့ သေနတ်များချိန်၍ ပြေးထွက်သွားကြ၏။

"သူကြီး.."

"ခင်ဗျာ..စကားပြန်ကြီး"

"ဒီအဘွားကြီး ဘယ်ကလဲ"

"မသိပါဘူး စကားပြန်ကြီး။ သူ ဘယ်အရပ်သူမှန်း မသိပါဘူး။ စစ်ဖြစ်တုန်း ဂျပန်ဝင်တုန်း စစ်ပြေးရင်း ရောက်လာတာပါပဲခင်ဗျ"

"သူ့နာမည် နန်းအိမ်ကြီးနော်"

"ဟုတ်ကဲ့ ခင်ဗျ"

"အသက်ဘယ်လောက်ရှိသလဲ"

"ငါးဆယ်ကျော်ဝန်းကျင်လောက် ရှိမယ်ထင်ပါတယ်"

"ပုံပန်းသဏ္ဍာန်ကရော..ပြောစမ်းဗျာ။ ကြားတယ်"

"နာခေါင်းမရှိပါဘူး"

"ဟင်..ပြီးတော့ရော"

"နားရွက်တစ်ဖက်၊ ညာဘက်နားရွက် မရှိပါဘူး"

"ဟေ..နာခေါင်းနဲ့ ညာဘက်နားရွက် မရှိဘူး..။ နေ.. နေပါဦး။ သူ့မှာ အခြားနာမည် ရှိသေးသလားဗျ"

"အဲဒါ မသိပါဘူး။ ကျွန်တော်တို့တစ်နယ်လုံး ဒီအဘွားကြီးကို စုန်းမကြီး၊ ကဝေမကြီးအဖြစ် ကြောက်ကြ၊ လန့်ကြပြီး နာဖျား မကျန်းမာရင် စားဖွယ်သောက်ဖွယ်များနဲ့ လာရောက်ကန်တော့ တောင်းပန် ကြပါတယ်။ အဲဒီကျရင် သူက ဆေးကုပေးပါတယ်"





"သူ..သူ..တခြားဘာစကားပြောသေးလဲ"

"မ..မပြောပါဘူးခင်ဗျ"

"မညာနဲ့နော် သူကြီး။ ခင်ဗျားပါ လင်းတစာဖြစ်သွားမယ်"

"သိသလောက် ပြောရတာပါခင်ဗျ။ သူ့အနေများတာက သချိုင်းတို့ သုသာန်တို့က ဂူတွေပေါ်၊ မြေပုံတွေပေါ် နေ့ဘက်၊ ညဘက် စကားပြော လမ်းလျှောက် ကြောင်တောင်တောင်အလုပ်များ လုပ်နေတာပဲ ရှိပါတယ်"

"သူ အခု ဘယ်နေရာမှာ ရှိနိုင်သလဲ"

"အတပ်မပြောနိုင်ပါဘူး။ သချိုင်းတကာ လျှောက်သွားနေတာပါ ခင်ဗျ"

"တောက်.."

"မာစတာ.."

"ပြောပါ မိုးကြိုးစံ"

"ကျွန်တော် ဒီမိန်းမကြီးကို မသင်္ကာသလိုရှိပါတယ်။ လိုက်ရှာကြပါမယ်"

"ဟိုက်..ကောင်းတယ်ကွာ။ မိုးကြိုးစံ"

သည့်နောက် သူတို့ သချိုင်းများရှိရာဘက်သို့ သေနတ်များ ချိန်၍ ထွက်သွားခဲ့ကြသည်။ ထိုနေ့က ကျယ်ပြန့်အပြောကျယ်လှသော ရွာအချို့ရှိ သချိုင်းမြေပုံများမှာ ထူးဆန်းသော ဒေါ်နန်းအိမ်ကြီးဆိုသည့် အဘွားကြီးကို ဂျပန်ကင်ပေတိုင်အဖွဲ့လိုက်ရှာပါသော်လည်း အဘွားကြီးကို လုံးဝမတွေ့ကြ။

နောက်ဆုံး ရွာထဲက မသင်္ကာသူနှစ်ဦးကို မေးမြန်းစစ်ဆေးစရာရှိသည်ဆိုပြီး ကြိုးနှင့်တုပ်၍ ဆွဲခေါ်သွားကြသည်။

ထိုသူနှစ်ဦးကား ပန်းတောရွာသား မြွေဟောက်ကြီးနှင့် မီးပြရွာသား ကိုငါးမန်းတို့ ဖြစ်လေသည်။

သူတို့နှစ်ဦးကို ဂျပန်မကောင်းကြောင်း ပြောသံကြား၍ စစ်ဆေးစရာရှိသည်ဟု ခေါ်သွားခဲ့၏။

မြွေဟောက်ကြီးနှင့် ကိုငါးမန်းတို့ မိသားစုများကား ကြိုးတုပ်ခံရ၍ ဆောင့်ကန်ခေါ်သွားသည့် လင်သားနှစ်ဦး၏အဖြစ်ကို ကြည့်ပြီး အော်ဟစ်ငိုယိုသတိလစ်၍ ကျန်ရစ်ခဲ့ကြလေသည်။

ဂျပန်ကင်ပေတိုင်အဖွဲ့နှင့် စစ်သားများ ပန်းတောရွာထိပ်မှ ထွက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးကို သမ္မန်ကြီးပေါ်သို့ ကန်ကျောက်ခဲ့ရေး၍ခေါ်ပြီး သမ္မန်ထွက်သွားချိန် ရေလယ်မှာ ငါးမျှားနေသော ပေါင်းမိုးလှေကလေးပေါ်မှ ခေါင်းမြီးခြုံလူတစ်ယောက်က မသိမသာအကဲခတ်နေသည်ကို မည်သူမျှမသိ။ မရိပ်မိကြ။

အကယ်၍သာ သိသွားခဲ့လျှင် သည်မှော်ဝန်းချောင်းရေပြင်မှာ သေနတ်သံများဆူညံသွားဖွယ် ရှိနိုင်ပေ၏။ ထိုခေါင်းမြီးခြုံကား အခြားမဟုတ်။

ဂျပန်စကားပြန် မိုးကြိုးမိုင်းနှင့် ဂျပန်ကင်ပေတိုင်များ အလွန်တွေ့ချင်နေကြသည့် ထူးဆန်းသောမိန်းမကြီး ဒေါ်နန်းအိမ်ကြို ဖြစ်လေသတည်း။

ဒေါ်နန်းအိမ်ကြိုသည် ဂျပန်သမ္မန်ကြီး ကျောက်တန်းရေဆိပ်သို့ ကပ်လိုက်သောအခါ ငါးမျှားခြင်းကိုရပ်လိုက်ပြီး တက်နှစ်ချောင်းနှင့် လှော်လှော်လိုက်ကာ မီးပြသွားမည့် ပင်လယ်ဝရှိရာသို့ လှေကို ဦးလှည့်၍ အားစိုက်လှော်လိုက်သည်ကို. .

❁ ❁ ❁

# ၂၉
# ကဝေမကြီးရဲ့ လက်ခမောင်းခတ်ကြိုးဝါးသံများ

ဒေါ်နန်းအိမ်ကြို့ကုသ၍ ရောဂါပျောက်ကင်းသွားကြသည့်လူများက ဒေါ်နန်းအိမ်ကြို့တဲအိမ်ကို ဂျပန်များဝိုင်း၍ရှာသည့်သတင်းနှင့် သူမနောက်သို့ ခြေရာကောက် လိုက်ရှာနေသည့်သတင်းများကို ကြားရသောအခါ အဘွား အိုအတွက် အလွန်စိတ်ပူပန်သွားကြသည်။

ကျွန်တော်တို့အပါအဝင် အကြောင်းစာတ်သေသေချာချာမသိသေးသူများကတော့ လျှို့ဝှက်လွန်းလှသော၊ ဆန်းကြယ်လွန်းလှသော ကဝေလိုစုန်းလို မိန်းမကြီးအား ဂျပန်ကင်ပေတိုင်အဖွဲ့က စိတ်ဝင်စားနေသည်မှာ အကြောင်းရှိရမည်ဟု ခန့်မှန်းကြ၏။

ကျွန်တော်တို့ လူရွယ်များ၊ လူကြီးများအားလုံး ချောစုမကိုရော၊ ဒေါ်နန်းအိမ်ကြို့ကိုပါ ပို၍စိတ်ဝင်စားလာကြသည်။

ဒေါ်နန်းအိမ်ကြို့နှင့်စပ်လျဉ်းပြီး ချောမောလှသည့် ခင်ချောစုလေးအတွက် ကျွန်တော်ရင်ဖိုခဲ့ရပါပြီ။

ချောစု ဘယ်နေရာ၊ ဘယ်အိမ်၊ ဘယ်ရပ်မှာ အတည်တကျအိပ်သည်ကို ကျွန်တော်မသိ။ မေးလို့လည်းမရ၊ တစ်ခါတစ်ရံ စစ်ပြေး



www.burmeseclassic.com

www.burmeseclassic.com



များတဲတန်းလျားဘက်မှာ အိပ်၏၊ တစ်ခါတစ်ရံ ဇရပ်ပျက်မှာ အိပ်၏၊ သချိုင်းကုန်းမှာ အဘွားကြီးနှင့် သမထလိုလို၊ မှော်လိုလို ကိစ္စများလုပ်ရင်း အဘွားကြီးနှင့် အိပ်၏။

ချောစုကို ကျွန်တော်ခေါ်ထားချင်သည်။ ချောစု အစ်ကိုနှင့်အတူ နေပါဟုလည်း နှစ်ယောက်တည်းအပြန်မှာ ပြောဖူးသည်။

"ဟင့်အင်း. . ပျင်းတယ်။ မနေချင်ဘူး"

"အစ်ကိုနဲ့နေရတာ ညီမပျော်မှာပါ ညီမရဲ့"

"ဟင့်အင်း. . ကြောက်တယ်"

"ဟင်. . ဘာလို့ကြောက်ရတာလဲ၊ ပြောပါဦး ချောစုရဲ့"

"အစ်ကိုက ဘာမှန်းလည်း မသိဘူး။ လက်ကိုလာကိုင်လိုက်၊ ခါးကိုလာကိုင်လိုက်နဲ့. . ။ ကြက်သီးတွေ သိပ်ထတာပဲ"

"အစ်ကိုက ချောစုကို ချစ်လို့ပါ။ ချောစုနဲ့ အစ်ကိုနဲ့ လက်ထပ်ကြမလား။ ပြော. ."

"လက်ထပ်မယ်. ."

"အင်း. ."

"ဘာလဲဟင်. . လက်ထပ်တယ်ဆိုတာ"

"လက်ထပ်တယ်ဆိုတာ လင်မယားအဖြစ် အတူနေမယ်လို့ ပြောတာပါ"

"လင်မယားအဖြစ် အတူနေတာ. ."

"အင်း. ."

"လင်မယားဆိုတာ ဘာကိုပြောတာလဲဟင် အစ်ကို"

"လင်မယားဆိုတာ. . အဲ. . အဲ. . ဟို. . ဟို. . အတူတူ နှစ်ယောက်သား ဖက်အိပ်. ."

"အို. . ပူမှာပေါ့တော်။ ကျွန်မက ခုလို တစ်ယောက်တည်း အိပ်ရတာ လွတ်လပ်လွန်းလို့ အစ်ကိုရဲ့။ လင်မယားတော့ မဖြစ်ချင်သေးပါဘူးတော်။ အိုက်လိုက်မယ့်ဖြစ်ခြင်း. . ။ အဟီ. ."

"နင့်ကို စိုးရိမ်လို့ ညီမလေးရဲ့"

"ကျွန်မကို မစိုးရိမ်ပါနဲ့လေ။ ကိုယ့်ကိုယ်ကိုယ် စိုးရိမ်ပေါ့တော်"

"ဘာဖြစ်လို့. ."

စိတ်ကူးသစ်စာပေ



"ဟို. . ဟို. . ဂျပန်နဲ့ မြန်မာတွေ ချကြတော့မယ်တော့်"

"ဟင်. . ဂျပန်နဲ့ မြန်မာ ချကြတော့မယ်။ ချောစု. . ညည်း အဲဒါ ဘယ်လိုလုပ်သိသလဲဟင်"

"အဲဒါ. . ဟို. . ဟို. . အဲ. . အဲ. . ကျွန်မ ဘာပြောလိုက်မိသလဲ ဟင်. ."

ချောစု ပြုံးတုံးပြုံတဲဖြစ်နေ၏။ တောင်မြောက်ဘေးဘီကိုလည်း အလန့်တကြား လျှောက်ကြည့်နေ၏။ ပြီး. . ကျွန်တော့်ကိုဖက်လှည့်၍ သွားရန် ပြောနေ၏။ လက်ကိုဆွဲ၍ 'လာ' ဟု ဆိုနေပြန်၏။

"ချောစု. ."

"......"

"ဟဲ့. . ချောစု"

"အင်. . ဟင်း. . ဟင်း. ."

"နင် အဲဒါ ဘယ်လိုလုပ်သိတာလဲဟင်"

"ဟို. . ဟို. . မျက်စိထဲမှာ မြင်မြင်နေလို့တော့်"

"ဘုရား. . ဘုရား. ."

ဂျပန်နဲ့မြန်မာ ချတော့မည်တဲ့။ မျက်စိထဲမှာမြင်လို့ ပြောတာတဲ့။ အာရုံများ ရလို့လား။ ဒါမှမဟုတ် ဟိုအဘွားကြီး ဒေါ်နန်းအိမ်ကြီး ပြောလို့များလား။ သည်ကိစ္စ ဂျပန်လူများကြားလျှင် ချောစုမလွယ်တော့။

ခုတလော ဒေါ်နန်းအိမ်ကြီးရှိရာသို့ ရွာအသီးသီးက လူနာများ သွားရောက်၍ ကုသမှု ခံယူခဲ့ကြ၏။

စုန်းပူး၊ နတ်ပူး ရောဂါသည်များ. . ။

ညဘက် လန့်အော်သည့် ကလေးလူနာများ. . ။

အကြောမသန်သော ဝေဒနာရှင်များ. . ။

အစာစား၍မရသော ရောဂါသည်များ. . စုံလို့. . ။

သူတို့သည် ပင်လယ်ကမ်းစပ် ကုန်းမြင့်ပေါ်က ထူးဆန်းသော အဘွားကြီးရှိရာသို့ ကန်တော့ပွဲကြီးများရွက်၍ သွားကြ၏။ ကျွန်တော်တို့ ရောက်ဖူးသည်ရှိအောင် အဖော်လိုက်ပါသွားခဲ့ကြသည်။

သည်မှာ ဝှန်းဒိုင်းကြနေသော ပယောဂလို ဝေဒနာရှင်များကို ဘုရားခေါင်းပဲ့သစ်သားဆင်းတုရှေ့မှ ရေစင်ကိုယူပြီး တိုက်၏။ ဖျန်း၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ကလည်း ပရိတ်ကြီး (၁၁) သုတ်မှ ဂါထာများကို ရွတ်၏။ ဝုန်းဒိုင်းကြဲလူနာများ ချက်ချင်းငြိမ်ကျ၏။ ငြိမ်သော် ဆေးမှုန့်များကို ရေနွေးနှင့် တိုက်လေ၏။

အကြောမသန်သော ရောဂါသည်များကို သူ့လက်ပိန်ခြောက်ခြောက်နှင့် အကြောကိုင်၍ မန်းလိုက်၊ နှိပ်လိုက်၊ သပ်ချလိုက်သောအခါ လူနာသည် တွန့်တွန့်လူး အော်နေရ၏။ မကြာခင် အအော်ရပ်သွားပြီး လူကောင်းကဲ့သို့ ဖြစ်သွားကာ လက်မြှောက်၊ ခြေမြှောက် လုပ်နိုင်သွားသည်ကို အံ့ဖွယ်မြင်ရ၏။

သည်အဘွားကြီးသည် သာမန်အဘွားကြီးမဟုတ်။

ပဋ္ဌလက်ပညာမျိုးစုံကိုလည်းကောင်း၊ ဆေးဝါးမန္တန်၊ အင်းအိုင်ခါးလှည့်ပညာများကိုလည်းကောင်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သော အမျိုးသမီးကြီး ဖြစ်ပုံရသည်ဟု ကျွန်တော်တို့ အကဲခတ်မိကြ၏။

သူ့အိမ်ထဲကို ဘယ်သူမှဝင်လို့မရ။

ချောစုတစ်ယောက်ကိုသာ လူရင်း၊ တပည့်ရင်းအဖြစ် လက်ခံ၏။ ကျန် မည်သူမှ အိမ်ထဲမဝင်ရ။ လူနာများကို အိမ်ရှေ့ မြေတလင်းကွပ်ပျစ်ပေါ်မှာ ဆေးကု၏။ လက်တွေ့တစ်ခုမှာ အစားစား၍မရသော၊ မျို၍မရသော ရောဂါသည်လူကြီးတစ်ဦး. . ။

မရမ်းခြောက်ကျေးရွာမှ ဦးလူကြီးဟု ဆို၏။

အရည်သောက်လျှင်လည်း ပြန်အန်၏။ အဖတ်စားလျှင်လည်း ပြန်အန်၏။ ပေဒင်မေး၊ နတ်မေးတော့ ယောကတော်၊ ခါကတော် ပြုစားသည်ဟု ပြော၏။ သို့နှင့် အမေကြီးနန်းအိမ်ကြီးရှိရာသို့ ကန်တော့ပွဲလှည်းနှင့် ရောက်လာ၏။

"မင်း ဘာနေသားလဲ"

". . . .ပါ အမေကြီး"

"အင်း. . အသက်ရော"

"၄၇ နှစ်ပါ အမေကြီး"

"အစာမစားတာ ကြာပြီလား"

"အင်း. . အင်း. . မျိုလို့မရဘူး"

"ရာဟုသားလား"

"ဟုတ်ကဲ့"





"ဗုဒ္ဓဟူး ရာဟုဂြိုဟ် စားနေတယ်"

ဂုဏ်နောက် လက်ဝါးကို ဖြန့်၍ကြည့်သည်။ လက်ဝါးဖြင့် ပွတ်သည်။ အာရုံကို ခံယူသည်။

"မင်း ဗုဒ္ဓဟူးသား ၄၇ နှစ်စဝင်ကတည်းက ဘုမ္မိကို ကျနေတယ်။ ဘုမ္မိဆိုတာ မကောင်းတဲ့အရပ်ကို ပြောတာ။ မဟာဘုတ်မှာ မင်း ဘုမ္မိကျနေတာ။ အဲဒါ ဂြိုဟ်သက်အရ ပြောရရင် ၅၈ နှစ်အထိ ညံ့နေတယ်။ အဲဒီလို ဘုမ္မိကျတဲ့နှစ်များမှာ ညာတိဗျသန-ဆွေမျိုးညာတိများ ပျက်စီးတတ်တယ်။ ဘောဂဗျသန-စည်းစိမ်ဥစ္စာ ပျက်စီးတတ်တယ်။ ရောဂဗျသန-အနာရောဂါများ ဖိစီးနှိပ်စက်တတ်တယ်။ ကြားလား. ."

"ဟုတ်ကဲ့"

"ဘုမ္မိဆိုတာ အဝင်မှာလည်း ခိုက်တယ်။ အထွက်မှာလည်း ခိုက်တယ်။ အဲဒီလိုအချိန်မျာ အရာရာသတိထားနေရမယ်။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရမယ်။ အခု ဖြစ်နေချိန်က မူလရာဟုပေါ်မှာ 'ရာဟု သံဒေါင်း' စီးနင်းနေတာ။ ဒီအချိန်ကာလဟာ အိမ်ခြေရာခြေ ပျက်ပြားမယ်။ ပြောင်းရွှေ့ရမယ်။ အခု ဒီကိုရောက်လာတာ ယာယီအပြောင်းအရွှေ့ပဲ၊ ကောင်းတယ်. . ။ စိတ်နှလုံးပူဆာဖြစ်ရမယ်။ ရာဟု သံဒေါင်းက တစ်ရာသီကို လေးဆယ့်ငါးရက်နေတာ။ အခု ပညာပိုင်းအရ ကြည့်တော့ မူလလက်ပေါ်မှာ ဘာမဟုတ်ဘူး။ စန်းပေါ် စီးတာ။ စိတ်ရောဂါပဲ. . ။ ကဲ. . ဒီဆေးကိုသောက် လိုက်"

သည်မှာ ထူးဆန်းသောအဘွားကြီးက ရေစင်ခွက်ထဲသို့ ခပ်မည်း မည်းဆေးမှုန့်များထည့်၍တိုက်လိုက်ရာ ဦးလူကြီး သောက်ပြီး ထိုးအန်တော့ သည်။

အန်သမှ မရပ်မနားအန်၏။ တဝေါဝေါ ထိုးအန်၏။

"အော့. . ဝေါ့. . ဝေါ့. ."

"ဝေါ့. . အော့. . ဝေါ့. ."

"အန်. . အန်. . အကုန်အန်ချပစ်ဟဲ့။ ထွက်ဆရာ ထွက်. . ။ သက် ဆရာ သက်. ."

"အမလေး. . သေပါပြီဗျ"

"ဝေါ့. . အော့. . ဝေါ့. ."



www.burmeseclassic.com

www.burmeseclassic.com



အန်ရလွန်း၍ လူလည်းနုံးချည့်နေပြီ။ မထနိုင်တော့..။ လူနာ မိသားစုရော၊ ကျွန်တော်တို့ပါ ဦးလူကြီးအတွက် အလွန်စိုးရိမ်သွားကြ၏။ အန်ဖတ်အစိမ်း၊ အနီအရဲများ ပုံနေပြီ။

"အန်လေ..အန်ချစမ်း.."

ဦးလူကြီး ဦးခေါင်းကို လေးတွဲ့စွာယမ်းပြီး ပျော့ခွေ၍ မျက်ရည် ကျလျက်။

သည်မှာပဲ အဘွားကြီးက ရေတစ်ခွက်ထဲသို့ အနီရောင်အမှုန့်များ ထည့်လိုက်ရာ နီရဲသောရေ ဖြစ်သွားသည်။ သူက ပရိတ်ကြီးတစ်ပုဒ်ရွတ်၍ ဦးခံမန်းသည်။ ၎င်းရေစင်ဆေးကို လူနာအားပွေ့၍ တိုက်လိုက်သည်။

ခဏနေတော့ လူနာ၏မျက်နှာမှာ သွေးရောင်သန်းလာသည် ပြီး..လေးဖက်ထောက်၍ ထသည်။ မကြာခင် ရပ်နိုင်သွားပြီး..

"ဆာလိုက်တာ"

"ဩော်..ဆာပြီလား။ မင်း စားချင်လို့လား"

"ဟုတ်ကဲ့"

"စားလို့ရမလား မောင်လူကြီးရဲ့"

"စားကြည့်ချင်တယ် အမေကြီးရယ်"

"ဒါဆို နေဦး..။ ဟဲ့..ချောစုမ..ချောစု.."

အဘွားကြီးက အိမ်ထဲသို့ ခေါင်းလှည့်၍ အော်ခေါ်လိုက်၏။

"ချောစုမ.."

"ရှင်..အမေကြီး"

"ဘာလုပ်နေလဲဟဲ့..။ ထွက်ခဲ့စမ်း.."

"အမွေးနုတ်နေတယ် အမေကြီး"

"ဟာ.."

"ဟယ်.."

"ဘယ့်နှာကြီးလဲဟဲ့"

"ဘုရား..ဘုရား.."

ကျွန်တော်တို့ ကြားရသည့်စကားကြောင့် မျက်လုံးများပြူးပြီး အ ပိတ်ထားရမလိုဖြစ်ကာ ကြည့်ပြီး အခက်ကြုံနေ၏။

"ဟဲ့..ကောင်မလေး"





"ရှင်.."

"နင် ဘာအမွေးနုတ်နေတာလဲဟဲ့"

"ကြက်မွေးပါ အမေ..။ ကြက်သားဟင်း ချက်မလို့"

"ဟူး..တော်ပါသေးရဲ့အေ။ ငါမလဲ အဲဒီမိန်းကလေးကြောင့် တစ် ခုကွကွယ့်။ ဟဲ့..ချောစု။ ဖီးကြမ်းငှက်ပျောသီးတစ်ဖီး ယူခဲ့စမ်း"

မကြာခင် ထဘီရင်လျားနှင့် အရွယ်မလေးခင်ချောစုသည် အဘွား ကြီးခေါ်နန်းအိမ်ကြို့အိမ်ထဲမှ ဒရောသောပါးထွက်လာ၏။ လက်ထဲမှာလည်း ခင်းမှည့်နေသော ဖီးကြမ်းငှက်ပျောသီးနှင့်။

"အမေကြီး.."

"ဘာလဲဟဲ့"

"ဘယ်သူမျိုးဆိုဖို့လဲတော်"

"အယ့်.."

"အင်..ဟင်..ဟင်.."

"အမလေးဗျာ..။ ဘုရား..ဘုရား.."

"လူမမာစားဖို့ဟဲ့ ကောင်မရဲ့။ တောက်..တယ်လေ..ငါလုပ်လိုက် ရရင်လား"

"လူနာကလည်းတော်..။ ဝက်ကြီးကိုကျတယ်။ ရော့..အခွံစားပြီး အသားထားခဲ့"

"တယ်..ဒီမိန်းကလေး။ တော်တော်ခက်တာပါပဲ။ သွား..သွား.. ရှင်လျားကြီးနဲ့။ သွားလေ..။ ဘယ်သူ့ကို ကြည့်နေတာလဲ"

သည်မှာ အရွယ်မလေး ချောစုက ကျွန်တော့်ကိုမြင်သွားပြီး အံ့ဩစွာ ငေးစိုက်ကြည့်နေ၍ အဘွားကြီးက ခေါက်လွှတ်လိုက်၏။ ဝင်းမွတ်သော အသားနုအပေါ်ယံကိုမြင်လိုက်ရသော ကျွန်တော်တို့အားလုံး ရှိုသမျှရှက်လေး လျာမလို ဖြစ်ကုန်၏။ သူမရဲ့ နဂိုအတိုင်းအလှကို အာရုံကျက်စားနေမိပြီး ပါးစပ်ဟ,ကုန်ကြ၏။

"ဟဲ့..ဟိုကောင်လေးတွေ။ ပါးစပ်လေဖြတ်မယ်။ ဒီဘက် လှည့် ကြ"

"ဗျာ.."

"အယ်..အင်း.."



www.burmeseclassic.com

www.burmeseclassic.com

"အဲ. . အဟဲ. . ဟဲ. . ဟီး. . ."

"သွားလေ. .။ ဘာရပ်လုပ်နေတာလဲ။ မိန်းမကိုက. .။ ဟင် နော်. ."

အသံကျယ်ကျယ်နှင့် အငေါက်ခံလိုက်ရမှ ချောစု ချာခနဲ အတွင်းသို့ လှည့်ဝင်သွားခဲ့သည်။

"ရော့. . စားစမ်း"

သည်မှာ လူမမာကိုလူကြီးက ငှက်ပျောသီးတစ်လုံးကိုဖြုတ်၍ အခွံနွှာ စားလိုက်၏။ ပထမ မျိုလို့မရ၊ တစ်ပြီး မျက်လုံးပြူးနေ၏။ အဘွားကြီးက ညာလက်နှင့် လည်ချောင်းကိုသပ်ချပေးလိုက်မှ ငှက်ပျောသီးက လည်ချောင်း ထဲသို့ ကျသွား၏။

သည့်နောက် တစ်ကိုက်ပြီးတစ်ကိုက်. .။

ကုန်သော် နောက်ထပ်တစ်လုံး ဝိုက်ပြန်၏။

မျက်စိရှေ့မှောက်မှာ ငှက်ပျောသီးတစ်ဖီးလုံးပြောင်သွားရာ လူမမာ ဆွေမျိုးများရော၊ ကျွန်တော်တို့ လေ့လာသူများပါ မျက်လုံးပြူးသွားကြ၏။

"ယှူဦးမလား မောင်လူကြီး"

"အင်. . အင်. . ရှိသေးလား"

သည်မှာ အထဲက အရူးမချောစုက ကြုံး၍အော်လိုက်၏။

"ကုန်ပြီဟဲ့ ငတ်ကြီးကျ ဖုတ်ကြီးရဲ့။ မဝသေးရင် တော့ခြေထောက် တော်ဝါးစားတော့"

"ဟား. . ဟား. . ဟား. . ဟား. ."

"ဟီး. . ဟီး. . ဟား. . ဟား. . ဟား. ."

"ဟုတ်လည်း ဟုတ်တာပဲ ကိုလူကြီးရဲ့၊ လူမမာနဲ့ မတူဘူး။ ဖုတ် အကြီးစား ဝင်နေသလိုပဲ။ ဖုတ်ထီးလား၊ ဖုတ်မလားကွ လူကြီးရ"

"ဖုတ်နှစ်လင်ကွာ နေမှာပဲဗျ"

"ဟုတ်ဘူးဟေ့. .။ ဖုတ်မုဆိုးမ. . ဟ"

"ဟား. . ဟား. . ဟား. . ဟား. ."

"အဟေး. . ဟေး. . ဟေး. ."

"ခစ်. . ခစ်. . ခစ်. . ခစ်. ."

သည်မှာပဲ အဘွားကြီးက အံ့ခမန်း အစားပြန်စားလာနိုင်သည်





ကိုလူကြီးလက်ထဲသို့ ခပ်ဖြူဖြူအမှုန့်တစ်ခု ထည့်ပေးလိုက်၏။

"ဒါ. . ဘာလဲ အမေကြီး"

"ဆားကွယ့်"

"ဘာလုပ်ဖို့လဲဟင်"

"မျိုချလိုက်. .။ နို့မို့ မင်း အစာမကြေတဲ့ ငှက်ပျောသီးတွေ ပြန်အန် ထွက်လာမယ်။ မြန်မြန် ရေနဲ့မျောချလိုက်"

ကိုလူကြီးက ဆားကွမ်းသီးတစ်ခြမ်းခန့်ကို ရေနှင့်မျောချလိုက်သည်။ လူသည် အားအင်များပြည့်ဖြိုး၍ နဂိုမူလအတိုင်း ဖြစ်နေ၏။

"အားလုံး ရတနာသုံးပါး မြင်ကြ။ ဒါနဲ့ မင်းတို့ကို မေးစရာရှိတယ် တယ်ကွယ့်။ မှန်မှန်ဖြေကြနော်"

"ဟုတ်ကဲ့ခင်ဗျ"

"မင်းတို့ ဂျပန်နဲ့အင်္ဂလိပ် အုပ်ချုပ်တာ ဘယ်သူ့ကို ပိုကြိုက်သလဲ ဟေ့"

မမျှော်လင့်သောမေးခွန်းကြောင့် လူနှစ်ဆယ်ခန့်တို့သည် အံ့ဩပြီး ဘယ်လိုဖြေရမှန်းမသိ ဖြစ်နေကြ၏။

"ပြောကြလေကွယ်"

"အင်္ဂလိပ်အုပ်ချုပ်တာ ကြိုက်တယ်ခင်ဗျ"

မီးပြသား နိုင်ဝင်းရွှေဆိုသူက အလျင် စ၍ပြော၏။

"ကျန်လူတွေကရော"

"ဂျပန်တော့ မုန်းတယ်တော့"

သာဂရနှင့် သံတဲရွာမှ မိန်းမတစ်ယောက်နှင့် လူကြီးတစ်ယောက် က ဝင်ပြောလိုက်၏။

သည်မှာ ကျွန်တော်က အော်၍ပြောလိုက်သည်။

"အင်္ဂလိပ်ရော၊ ဂျပန်ရော ဘယ်သူ့မှ မကြိုက်ဘူး"

"ဟေ. ."

"ဟာ. ."

"အမလေး. . ဘုရား. . ဘုရား. ."

"သူငယ်. . မင်းနာမည် ဘယ်သူလဲကွယ့်"

"နေမင်းထိန်လို့ ခေါ်ပါတယ်ခင်ဗျ"


www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . နေမင်းထိန်တဲ့လား။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလိုက်တဲ့ နာမည်ကွယ်။ မင်းကို ငါသိတယ်"

"ဗျာ. . အမေကြီးက ကျွန်တော့်ကိုသိနေတယ်"

"သိပ်သိတာပေါ့. . ။ စစ်ပြေးဘဝနဲ့ဒီကိုရောက်တော့ မင်းလေ့ လူပြည့်လို့ ငါမစီးရဘဲ မော်ဝန်းချောင်းကို လက်ပစ်ကူးခဲ့ရတာလေ"

"ခင်ဗျာ. ."

"နောက်ပြီး မင်းနဲ့ ဟိုကောင်လေးနောက်ကို သချိုင်းကုန်းက သရဲတွေ ခေါင်းထမ်းလိုက်တာလည်း ငါသိတာပေါ့ကွယ်။ အဟင်း. . ဟင်း. . ဟင်း. ."

ကျွန်တော်နှင့် ချစ်စရာတို့လူစု ပါးစပ်ဟောင်းလောင်းပွင့်သွားကြ၏။

ကျွန်တော်တို့ အပြုအမူများ၊ လျှို့ဝှက်လှုပ်ရှားမှုများကို အသွားကြီး အတပ်သိနေပါကလား။ ဘုရားရေ. . ထူးဆန်းလှချည်ကလား"

"ဒီမှာ လူကလေး မောင်နေမင်းထိန်"

"ခင်ဗျာ. . အမေကြီး"

"ဟောဒီရပ်ရွာဟာ ဘယ်သူ့ရပ်ရွာလဲကွယ့်"

"ကျွန်တော်တို့အားလုံးရဲ့ ရပ်ရွာပါ အမေ"

"ဟောဒီမြို့ကြီးကရော. ."

"ကျွန်တော်တို့မြို့ကြီးပါပဲ အမေ"

"ကိုင်း. . မင်းတို့ ရပ်တွေ၊ ရွာတွေ၊ မြို့တွေအားလုံး၊ လယ်ယာ၊ ချောင်း၊ ကန်၊ ပင်လယ်၊ ဘုရားစေတီ၊ စက်ရုံအလုပ်ရုံများအားလုံးနဲ့ ဖွဲ့စည်းတည်ရှိနေတဲ့ နိုင်ငံကရော ဘယ်သူ့နိုင်ငံလဲကွယ်"

"ကျွန်တော်တို့အားလုံးရဲ့ နိုင်ငံပါပဲ အမေ"

"အားလုံး နားထောင်ကြစမ်းကွယ့်။ မင်းတို့ငါတို့အားလုံးပိုင်ဆိုင်တဲ့ ဟောဒီနိုင်ငံမြေပေါ်မှာ ဘယ်သူတွေ နိုင်လိုမင်းထက် ရက်ရက်စက်စက် ကြီးစိုးနေကြလဲ"

သည်မှာ တစ်ယောက်က အော်၍ပြောလိုက်သည်။

"အင်္ဂလိပ်နယ်ချဲ့"

"ပြီးတော့ရော. ."

"ဖက်ဆစ်ဂျပန်"

စိတ်ကူးသစ်စာပေ



"အေး. . ဟုတ်တယ်။ နယ်ချဲ့မှန်ရင် ဘယ်နယ်ချဲ့မှ ငါတို့ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားကို ရှုမရှုဘူး။ ငါတို့တစ်မျိုးသားလုံးကို ညှဉ်းဆဲသတ်ဖြတ်ပြီး ငါတို့ရဲ့ မြေပေါ်၊ မြေအောက် သယံဇာတ အားလုံးကို ကုပ်သွေးစုတ် အမြုတ်ထုတ်နေတာ။ ဒီမှာဟော့. . အချိန်ကျရင် အဲဒီမကောင်းဆိုးဝါးတွေ မောင်းထုတ်ကြ။ တစ်နေ့ သင်းတို့ မကောင်းဆိုးဝါး မိစ္ဆာတွေ တို့မြေပေါ်က ပြေးရတော့မယ်။ နက္ခတ်ကျပြီဟော့"

"ဘုရား. . ဘုရား. ."

ကျွန်တော်တို့အားလုံး ထူးဆန်းလှသောမိန်းမကြီး၏ အားရပါးရပြောစကားကို ကြားရပြီးနောက် ကြက်သီးဖျန်းဖျန်းထ၍ သွားကြသကဲ့သို့ သွေးကြောများလည်း တင်းခနဲ၊ ဖျင်းခနဲ ဖြစ်သွားကြပြီး တစ်ယောက်ကို တစ်ယောက် အဓိပ္ပာယ်ကိုယ်စီပါသော မျက်လုံးများနှင့် စိုက်ကြည့်ကြကာ ဦးခေါင်းကို ညိတ်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၆

# ရင်ဝ ဓားတန်းလန်းနှင့် ပန်းရိုင်းအကြွေ

တစ်မနက်လုံး လှေဆိပ်ကနေ လည်တဆန့်ဆန့်နှင့် ကျွန်တော် မျှော်နေလိုက်တာ နေပင် မွှင့်အံ၍လာခဲ့ပြီ။ ချောစုမ မလာသေး။ သူကြိုက်တတ်သည့် ကောက်ညှင်းပေါင်းအုန်းသီးနိုင်းချင်းလည်း ကျွန်တော် ဝယ်ထားပြီးပြီ။

ခါတိုင်း သည်လို ဝေလီဝေလင်းလေးမှာ ချောစု အထုပ်လေးပိုက်ပြီး အဦးဆုံး၊ အစောဆုံး လာနေကျ။ ကျွန်တော့်လှေပေါ်မှာထိုင်ပြီး လေဘာတီ မမြရင်သီချင်းတစ်ပုဒ်ပုဒ်ကို အော်ဟစ်ဆိုနေကျ။

သည်နေ့ ဘာများဖြစ်နေပါလိမ့်။

သူမလာနေကျ လာရာလမ်းကို လည်ဆန့်မျှော်ရင်း ကျွန်တော် ကူးတို့လှေမထွက်နိုင်သေး။

သည်အချိန်မှာပဲ ခရီးသွားလူတစ်စု လှေဆိပ်ရှိရာသို့ စကားများ တွတ်ထိုး၍ ဆင်းလာနေကြ၏။ အဲဒီမှာ ကိုညွန့်မောင်၊ သံချောင်းနှင့် ချစ်စရာတို့နှင့်အတူ အခြားရွာများမှ ယောကျ်ား၊ မိန်းမများ ပါဝင်ကြ၏။

"ဗျို့. . ကိုညွန့်မောင်"





"ဘာလဲကွ ငထိန်ရ"

"အစ်ကိုညွန့်မောင်. . ချောစုကို တွေ့ခဲ့လားဗျ"

"ဟင့်အင်း. . မတွေ့ဘူး ငထိန်။ ဒီမှာဟော့ ငထိန်. .။ မင်း သတင်းတစ်ခု ကြားပြီးပလားကွ. . ဟေ. ."

"ဘာသတင်းလဲဗျ အစ်ကိုရ"

"ရွာဖျားက တိုက်အိုပျက်ကြီးထဲမှာ လူတစ်ယောက် ဓားထိုးခံရပြီး သေနေလို့ကွ ငထိန်ရ"

"ဟင်. . ဓားထိုးခံရပြီး သေနေလို့. .။ ဘယ်သူလဲဗျ. . သေတဲ့လူက ဘယ်သူလဲ၊ မိန်းမလား၊ ယောကျ်ားလား. .။ သတ်တာကရော ဘယ်သူလဲဟင် ကိုညွန့်မောင်"

ကျွန်တော့်ရဲ့ သိချင်စိတ်ဇောတရစပ်မေးခွန်းများကြောင့် ကိုညွန့်မောင်က. .

"သေသူက ယောကျ်ားကွ။ သတ်သွားတဲ့လူတော့ မသိသေးဘူး။ သူကြီးရော၊ လူတွေရော သွားကြည့်နေလေရဲ့။ ငါတို့တော့ ကြည့်ခဲ့ပြီးပြီ။

ဒါနဲ့ ကျွန်တော် လှေတက်နှစ်ခုကို လှေဝမ်းထဲပစ်ချလိုက်ကာ. .

"အစ်ကိုညွန့်မောင်. ."

"ဘာလဲ ငထိန်. ."

"တကယ်လို့များ ချောစုရောက်လာခဲ့ရင် ဒီလှေပေါ်ကပဲ စောင့်နေလို့ ပြောပေးပါဗျာ. . နော်. .။ ကျွန်တော် ခဏလေးသွားကြည့်ချင်လို့"

"အေး. . အေး. . သွား. . သွား. .။ မြန်မြန်ပြန်လာနော် ကိုယ့်လူ. .။ တော်ကြာ မင်းကောင်မလေးက ငါတို့ကိုပါ ဆူညံပူညံ လုပ်နေဦးမယ် ကိုယ့်လူရေ"

"စိတ်ချပါဗျာ. .။ ကြည့်ပြီး ချက်ချင်းပြန်လာမှာပါ"

ကျွန်တော် အပြေးဒုန်းစိုင်းပြီး ရွာစွန်ဖျားက သရဲခြောက်သည်ဟု နာမည်ကြီးလွန်းလှသည့် တိုက်အိုပျက်ကြီးရှိရာသို့ လာခဲ့လိုက်သည်။ သည်တိုက်အိုပျက်ကြီးက ချစ်တီးကုလားသူဌေး စွပ်ပရားဆာမိ၏ တိုက်ကြီးဖြစ်သည်။ အင်္ဂလိပ်အစိုးရ မြန်မာပြည်ရောက်ကတည်းက ချစ်တီးက သည်ရွာမှာ တိုက်ကြီးဆောက်၍ ငွေတိုးချေးစားခဲ့သည်။

တစ်နေ့သည. .



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့ဆန့်ကျင်ရေးသမား မျိုးချစ်ကြီး ဘိုးအောင်သန်းရှိန်ရဲ့ လက်ချက်နှင့် ကုပ်သွေးစုတ်ချစ်တီးနှင့် မယားကြီး၊ မယားငယ်တို့ သည်အိမ်ထဲမှာ အားလုံးအသတ်ခံရပြီးနောက် မည်သူမှ မနေရဲကြတော့။ သေဆုံးသူ ဝိညာဉ်များက ညဘက် ခြောက်လှန့်ကြ၏။ အော်ဟစ်ကြ၏။ ကိုယ်ယောင်ပြကြ၏။

သို့နှင့် နှစ်ကြာလာတော့ ယိုယွင်းပျက်စီးပြီး အထီးတည်း ရွာစွန်မှာ ကျန်နေ၏။ ရွာစွန်တိုက်ပျက်ကြီးအဝိုင်းထဲသို့ရောက်တော့ လူတွေ ငါးဆယ်ခန့်၊ တစ်ရာနီးပါးခန့် ဝိုင်းအုံကြည့်နေကြ၏။ ကျွန်တော်လည်း လူအုပ်ကိုတိုးဝှေ့၍ အနီးကပ်ဝင်ကြည့်လိုက်သောအခါ မျက်နှာမှာ ဓားခုတ်ရာနှင့် အသက်လေးဆယ်ခန့်ရှိသော ဗလကောင်းကောင်း၊ အသားညိုညိုနှင့် လူတစ်ဦး ရင်ဝတည့်တည့်မှာ ဓားမြှောင်တစ်ချောင်း အဆုံးဝင်ပြီး မချိမဆံ့အသက်ထွက်လို့. . ။

သူ့ခါးအောက်ပိုင်းမှာ ပုဆိုးက မရှိ။ နီးနီးကပ်ကပ် စူးစမ်းကြည့်ရှုလိုက်တော့ ဖျာစုတ်တစ်ချပ်ပေါ်မှာ ရုန်းကန်ထားပုံရသော ပြလရမ်းမြင်ကွင်းကို မြင်ခဲ့ရသည်။ သွေးများက အိုင်ထွန်းပြီး ခဲစပင်ပြုလို့. . ။

သို့နှင့် ပိုပြီးသေချာအောင် ထပ်မံ၍တိုးကြည့်လိုက်သောအခါ. .

“ဟာ. .”

သေသူ၏ရင်ဝ၌ စိုက်နေသော ဓားမြှောင်ကိုကြည့်ပြီး ကျွန်တော် အရမ်းကိုအံ့ဩသွားခဲ့ရပြီ။

ကြည့်စမ်း. . ။

ဓားရိုးက သစ်သားကနုတ်နှင့်ဓားရိုး. . ။

ပြီး. . ဆေးနီသုတ်ထားလို့။

ဓား. . ဓားက ဓားမြှောင်”

‘ဒီ. . ဒီဓားဟာ. . ဒီဓားဟာ. . အို. . ဘုရား. . ဘုရား. .’

ကျွန်တော့်ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ သေသူရဲ့ဝန်းကျင်ကိုကြည့်လိုက်တော့ နင်းခြေခံ တောပန်းရိုင်းအချို့ ကျိုးပြတ် ပြုတ်ကျပြန့်ကျဲလို့. . ။

ကျွန်တော် ချက်ချင်းပဲ လူအုပ်ကိုတိုးဝှေ့ပြီး ကူးတို့ဆိပ်ရှိရာသို့ ဒုန်းစိုင်းပြေးချလာလိုက်သည်။





ကျွန်တော့်ရင်တစ်ခုလုံး၊ နှလုံးသားတစ်ခုလုံး တုန်ခါနေသည်။ ဒါနှင့် အတူ အရှူးမလေးချောစုကိုလည်း အရမ်းကိုတွေ့ချင်နေသည့်စိတ်က တားမရ ဆီးမရ ဖြစ်နေသည်။

“ကိုညွန့်မောင်. . ဗျို့. . ကိုညွန့်မောင်. .”

“ဟော့ကောင်. . ငါ ဒီမှာရှိပါတယ်ဟ။ ဘာတွေဖြစ်လာပြန်ပြီလဲ”

“ဟို. . ဟို. . ချော. . ချောစု. . ချောစု. . ရောက်ပြီလားဗျ. . ဟင်. .”

“မရောက်သေးဘူးကွ ငထိန်ရ”

“ဗျာ. . မ. . မရောက်သေးဘူး။ ဒါ. . ဒါဆို. . သူ. . သူ. .”

ကျွန်တော် လှေပေါ်သို့မျက်စိကစားရင်းက ချောစုကို မတွေ့ရသောအခါ အလွန်စိုးရိမ်သွားခဲ့ပြီး ချာခနဲလှည့်၍ လိုက်ရှာရန်ပြင်လိုက်စဉ်. .

“မောင်နေမင်းထိန်. .”

သည်မှာပဲ ကျွန်တော့်နာမည်ခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်တော့ ဟိုဘက် ကျောက်ပုံလှေကူးတို့ဆိပ် လှေအုပ်စုက လှေသမားကြီး ဘကြီးမြ။

“ဘကြီးမြ. . ဘာ. . ဘာလဲဟင်”

“ရော့. .”

သည်မှာ ဘကြီးမြက ပုဆိုးပြဲပိုင်းနှင့်ထုပ်ထားသည့် အထုပ်တစ်ခု ကျွန်တော့်ကိုလှမ်းပေးနေသည်။

“ဒါ. . ဘာလဲဟင် ဘကြီးမြ။ ဒါ. . ဘယ်သူ့ဟာလဲ”

“ဟို. . မင်းနဲ့တွဲနေတဲ့ မင်းလှေအမြဲစီးနေတဲ့ အရူးမလေးပေးသွားတာ။ မင်းကိုပေးလိုက်ပါဆိုလို့. .”

“ဗျာ. . ချောစု. . ချောစုပေးသွားတာ. . ။ အခု. . ချောစု. . ချောစု ရောဟင် ဘကြီးမြ၊ ဘကြီးမြ. . ကျွန်တော့်ချောစုရော”

“အဲဒီကလေးမလေး မနက်အစောကြီး ငါ့လှေနဲ့ ဟိုဘက်ကမ်းကို ကူးသွားခဲ့တယ်ကွ။ ခမျာ မျက်နှာလည်း မကောင်းဘူး။ ဆံပင်လည်း ဖိုးရိုးဖားရားနဲ့”

“အို. .”

“ဟိုဘက်လှေဆိပ်ကိုလည်းကပ်ရော ဘကြီးတဲ့. . အစ်ကိုနေမင်း



www.burmeseclassic.com

www.burmeseclassic.com

ထိန်ကို ဒီအထုပ်လေးပေးပေးပါ ဘကြီးရယ်လို့ပြောပြီး မြို့ထဲကို ခေါင်းငိုက်စိုက်ချ ဝင်သွားတာပဲ။ ငါသွားမယ်''

သို့ကလိုပြောပြီး ဘကြီးမြကြ ထွက်သွား၏။ ကျွန်တော် ဘကြီးမြ ထွက်သွားသည်နှင့် ချောစုပေးသွားခဲ့သော အထုပ်ကလေးကို အလျင်စလို ဖြေကြည့်လိုက်သောအခါ. .

ငွေစက္ကူအချို့. .

အင်္ကျီဟောင်းလေးတစ်ထည်နှင့်. .

နွမ်းကြေနေသော တောပန်းရောင်စုံအချို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့သည်။ ကျွန်တော် အားလုံးကို လေးဖက်ကျအောင် ပြန်ချည်ထုပ်ပြီး ရင်ဘတ်အင်္ကျီကြားထဲသို့ထည့်လိုက်ကာ လှေပေါ်ကို အမြန်ခုန်တက်လိုက်သည်။ ကိုညွန့်မောင်တို့လူစု လှေပေါ်မှာပါလာ၏။ လှေကို ကျွန်တော် အားသွန်ခွန်စိုက် မနားတမ်းလှော်လိုက်သည်။

ကိုညွန့်မောင်တို့က 'ဖြည်းဖြည်းလှော်ပါ၊ မှောက်နေပါဦးမယ်' ဟု ပြောကြသည်ကို ဂရုမစိုက်နိုင်။ မော်ဝန်းရေဆိပ်ရှိရာသို့ အပြင်းလှော်ခဲ့လိုက်သည်။ ချွေးသီးချွေးပေါက်များသည် ဇောအရှိန်ကြောင့် အလုံးလိုက် အတွဲလိုက်ကျ၍ အင်္ကျီတစ်ထည်လုံး စိုရွှဲနေသည်။ အပြန်ကူးတို့လှေသမားများ အော်ဟစ်နှုတ်ဆက် နောက်ပြောင်သွားတာကို တုံ့ပြန်စကားမပြောနိုင်။

မော်ဝန်းချောင်းလှေဆိပ်ရောက်သည်နှင့် လှေကြိုးကို ငုတ်တိုင်မှာ အမြန်ချည်လိုက်ပြီး မြို့ထဲသို့ ခပ်သွက်သွက်ဝင်ခဲ့လိုက်သည်။ အချို့သော နေရာများမှာ ဂျပန်စစ်သားများကို တွေ့ရ၏။

ပြီးနောက် ကျိုက်ပြဿတန်စေတီ၊ ကျိုက်ပြသာဒ်တနော်စေတီ၊ မြတ်စောညီနောင်စေတီများပေါ်သို့ ချောစုကို တွေ့လိုတွေ့ငြား လိုက်ရှာသည်။ မတွေ့. .။ ခါတိုင်း သည်ဘုရားများပေါ်မှာ သူမ သွားလာသည်ဟု သိရသည်။

သည့်နောက် ဈေးများ၊ စားသောက်ဆိုင်နှင့် လူစုလူဝေးရှိရာ နေရာများတွင် လိုက်ရှာသည်။ မတွေ့. .။ ဂျပန်စစ်သားများ စားသောက် မူးရူး အော်ဟစ်နေသည်ကို တွေ့ရသည်။

လူစုစုရှိနိုင်သည့်နေရာမှာ ရှာ၍မတွေ့တော့ ဟို. . ပါဒကြီးကျေးရွာ အနောက်ရူးရူးရှိ ကျိုက္ကမော့တောင်စေတီပေါ်သို့ လိုက်ရှာမေးမြန်းကြည့်သည်။ ဘုရားလူကြီးများနှင့် သန့်ရှင်းရေးလုပ်နေသူများက သည်နေ့ အဲဒီအရွယ်မလေး





မလာဘူးတဲ့။ ခါတိုင်းနေ့များကတော့ ဘုရားပန်းများ လာကပ်ပြီး ဘုရားစာများကို အကျယ်ကြီးအော်ဟစ်ရွတ်ဆိုပြီး ဘုရားတန်ဆောင်းမှာ သီချင်းများဆို၍ က,နေသည်ကို တွေ့ရသည်ဟု ဆိုကြသဖြင့် စိတ်ပူသွားကာ ပြန်ဆင်းလာလိုက်ရပြန်သည်။

ထိုမှတစ်ဖန် ပါဒငါးထပ်ကြီးဘုရား၊ ညောင်ဝိုင်းအောင်ဇေယျ ဘုရား. . စသည် ခင်ချောစု သွားရောက်လှည့်လည်သည့် နေရာများကို ခြေရာခံ ပိုက်စိပ်တိုက်၍ လိုက်လံရှာဖွေ စုံစမ်းမေးမြန်းခဲ့၏။

'အရူးမလေးတစ်ဦးလာတာများ မြင်မိပါသလား' ဟု မေးကြည့်၏။ ဂေါပကလူကြီးများနှင့် ဘုရားပန်းရောင်းဈေးသည်များက ဒီနေ့ အဲဒီကောင်မလေးလာတာ မမြင်ဘူး။ ခါတိုင်း ဟိုမြေပြင်မှာ ကလေးတွေနဲ့ သီချင်းတွေဆိုပြီး ကခုန်နေတာပဲဟုသာ ပြောကြသည်။

နောက်နေ့ ကျွန်တော် ၎င်းနေရာများကို ထပ်မံလိုက်ကြည့် စုံစမ်းကြည့်သည်။ သတင်းမရတော့. .။ သန်လျင်မြို့ ကျိုက်ခေါက်ဆံတော်ရှင်စေတီအပါအဝင် သန်လျင်မြို့ထဲရှိ ဈေးများ၊ ဇရပ်များ၊ လူစည်ရာ မြင်းလှည်းဂိတ်များမကျန် လိုက်လံစုံစမ်းမေးမြန်းပါသော်လည်း နောက်ဆုံး သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့များသာ နွှသွားသည်။ အရူးမလေး ခင်ချောစုရဲ့သတင်းကို အစအနပင် စုံစမ်း၍မရခဲ့။

ရောက်ရာအရပ်မှ လူများက သီချင်းအဆိုကောင်း၊ အကကောင်း၊ ရုပ်ချောချော၊ မနောဖြေဒင်လိုလို ဟောတတ်သည့် ကောင်မလေးကို သည်ရက်ပိုင်း မတွေ့ရပါကြောင်း၊ သူ့ကို ချစ်ခင်သနားကြသူများကလည်း မျှော်လင့်နေကြပါကြောင်းကိုသာ ကြားသိခဲ့ရသောအခါ. .

ကျွန်တော် နေ့စဉ်နှင့်အမျှ ကျောက်တန်းမြို့ ကူးတို့လှေဆိပ်ကရော၊ ပန်းတောကူးတို့ရေဆိပ်ကနေရော ချစ်စရာ၊ သနားစရာကောင်းလှသည့် အရူးမလေး သီချင်းသည်၊ အကသည်မလေး ခင်ချောစုကို စောင့်မျှော်နေမိသည်။

နံနက်လာနိုး၊ ညနေလာနိုး၊ နက်ဖြန်လာနိုး၊ သန်ဘက်ခါ၊ ဖိန်းနွှဲခါ လာနိုးနှင့် မျှော်နေမိသည်။

အပြန်ခရီး လှေဦးပေါ်မှာ သူမ ပါမလာခဲ့သည်မှာ ရက်အတန်ကြာခဲ့ပါပြီ။ ဒါပေသည့် လှေဦးမှာ သူမ ထိုင်နေလျက်၊ ပန်းရောင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပန်ဆင်လျက် လေဘာတီမမြရင်သီချင်း၊ မြချောကျင်းမငွေမြိုင်သီချင်းများကို အော်ဟစ်သီဆိုနေဟန်များ မျက်လုံးထဲမှာ အစဥ်အမြဲ မြင်နေမိသည်။

သူမရဲ့ 'အစ်ကိုရေ. .' ခေါ်သံကို ပွဲတင်သံများနှင့် ကြားနေမိသည်

အခု သူပေးခဲ့သည့်ပန်းကလေးများ ခြောက်သွေ့စပြုနေပြီ။

ကျွန်တော့်အတွက် သူမပေးခဲ့သည့် ငွေစက္ကူများကို ကျွန်တော် မသုံးရက်။ ကျိုက်မော်ဝန်းရေလယ်ဘုရားမှာ ခင်ချောစုကောင်းမှုကို ကမ္ပည်းထိုး၍ လှူဒါန်းခဲ့ပါသည်။ သူမ၏အကျီပောင်းလေးကို မကြာခဏ ထုတ်ကြည့်ပြီး လွမ်းနေမိသည်။

ချောစု. . ညီမလေး. . မင်း ဘယ်ရောက်နေလဲဟင်. . ။

ညီမလေးရယ်. .

ချောစုရယ်. .

ဟောဒီကူးတို့လှေသမားလေးရဲ့ နှလုံးသားပေါ်မှာ ကြင်နာမြတ်နိုးခြင်းဆိုတဲ့ ပန်းခြောက်ဝတ်မှုန်များ ထာဝစဥ် ရှင်သန်ထမြောက် အညွန့်တလူလူရှိနေဆဲပါပဲဆိုတာကို ညီမလေးချောစု သိပါလေစ. . သိပါလေစ. . ။

❁ ❁ ❁

၂၇

# မိုးလျှံကြားက သိမ်းငှက်ရဲ့ရွာပန

မကြာမီ ရွာတုန်သည့်သတင်းတစ်ခု မိုးပြဝန်းကျင်ကျေးရွာ များသို့ ရောက်ခဲ့တော့သည်။

ဂျပန်ရှေ့ပြေးတပ်ဖွဲ့တစ်ဖွဲ့ သံတဲကျေးရွာမှာ ကင်းချတစ်စွဲသည့်သတင်း. . ။ သံတဲရွာသည် တံငါရေလုပ်သားများ စုဝေးနေထိုင်သည့် ပင်လယ်ကမ်းခြေရွာလေးဖြစ်သည်။

ဂျပန်ရှေ့ပြေးတပ်ဖွဲ့နှင့်အတူ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်ကြီး ယာမာမိုတိုနှင့် စကားပြန်မိုးကြိုးမိုင်းတို့လည်း ပါလာခဲ့သည်။

မြန်မာလူမျိုး မြေအောက်တော်လှန်ရေးသမားများနှင့် စစ်ပြေးအင်္ဂလိပ်တို့ ပေါင်း၍ ဂျပန်စစ်အစိုးရကို တော်လှန်တိုက်ခိုက်မည်ဆိုသောသတင်းရ၍ တပ်များဖြန့်ကျက်ချထားသည်ဟုသိရ၏။

ကင်းအဖွဲ့သည် စိန်ပြောင်းများ၊ ဘီးတပ်အမြောက်များကို ပင်လယ်ဝင်ပေါက်ရှိရာသို့ ချိန်ထား၏။ သီလဝါကမ်းခြေသည် ရန်ကုန်ကိုဝင်သည့် ပင်လယ်ဝ အဓိကလမ်းပေါက်ဖြစ်၏။

သံတဲကိုဖြတ်၍ သီလဝါဝင်ပေါက်မှ ဝင်လာမည့်စစ်သင်္ဘောများကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ချေမှုန်းရန် ဂျပန်စစ်တပ်က သီလဝါမီးပြအဝင်ကမ်းပေါ်မှာ လက်နက်များနှင့် နေ့ရော၊ ညပါ အသင့်စောင့်နေကြသည်။

အင်္ဂလိပ်လူမျိုးများ ပင်လယ်ကမ်းခြေမှ မီးပြသံတဲအပါအဝင် ရွာများသို့ စိမ့်ဝင်၊ လျှို့ဝှက်ဝင်နေသည်ဆိုသည့် သတင်းရ၍ ရှိသမျှရွာများကို ဂျပန်ကင်ပေတိုင်စစ်ပုလိပ်များက အတင်းဝင်ရောက်ရှာဖွေကြသည်။

မေးမြန်း၍မရသောအခါ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ကြသည်။

"ဒီအရပ်မှာ လက်နက်ရှိတယ်ကား. ."

"ဒီအရပ်မှာ စစ်သင်တန်းပေးနေတယ်ကား. ."

"ဒီမှာ လူဆိုးဓားပြတွေ ပုန်းနေတယ်ကား"

"စပိုင်သူလျှိုတွေ ရှိနေတယ်ကား"

စသည့် မေးခွန်းများကို တရစပ်မေးသည်။ မသိပါ၊ မရှိပါဟု ဖြေလျှင် ရွာလူထုရှေ့မှာပင် စစ်ဖိနပ်နှင့် ဆောင့်ကန်နှင်းချေသည်။ သေနတ်ဒင်နှင့် ဆောင့်ထုသည်။ ပါးနားများကို သွားကျွတ်အောင်ရိုက် ကြသည်။

ရွာများကို မီးနှင့်တိုက်ပစ်ကြရကား ရွာငယ်များ မီးဟုန်းဟုန်းနှင့် တောက်လောင်နေ၏။ မြင်သမျှ ကျွဲ၊ နွား၊ ဆန်စပါးများကို စစ်ရိက္ခာအဖြစ် အကုန်သိမ်းသည်။ ပြန်လှန်သူများကို နေရာတင် သေနတ်နှင့် ပွဲချင်းပြီး ပစ်သတ်ပြီး ပင်လယ်ထဲသို့ အလောင်းများကို မျှောချလိုက်သည်။

ရွာလူထုသည် လွန်စွာကြောက်လန့်ပြီး အရှေ့ပင်လယ် မရမ်းဘော၊ သာဂရ၊ ပုတ္တာလုတ်ရွာကြီးများရှိရာသို့ ခါးဝတ်နှင့်ပြေးကြရသည်။

အမျိုးကောင်းသမီးများ လွတ်ရာကျွတ်ရာမှာ ပုန်းအောင်းနေရသည်။ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်နှင့် စကားပြန်မိုးကြိုးမိုင်းကား မိန်းမနှင့် အရက်ကို အသေအလဲကြိုက်ရကား အချို့ ပန်းဦးကြွေပြီး ရေတိမ်နစ်ခဲ့ရသည်။

ခုတော့. .

ပင်လယ်ကမ်းခြေရွာများမှာ တောက်ခတ်သံများ ပဲ့တင်ညံနေသည်။

အံကြိတ်သံများ မိုးခြိမ်းသံအလား မြည်ကုန်ကြပြီ။

လက်ရုံးတန်းသံများ ခွာသံဖြောင်းဖြောင်းထသကဲ့သို့ ဖြစ်ကုန်ပြီ။

မျက်ရည်များသည် နာကျည်းစိတ်နှင့် သံမဏိခဲများ ဖြစ်ကြပြီ။





သည်မှာ ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်တစ်ခုကို ရွာသူရွာသားများ ကိုယ်တွေ့ကြုံလိုက်ရ၏။ ......ရွာကြီးကို ဂျပန်စစ်သားများနှင့် ကင်ပေတိုင်အဖွဲ့က စော်လှန်ရေးသမားများ ခိုအောင်းလှုပ်ရှားရာရွာဟုဆိုကာ မီးတင်ရှို့ရကား ရွာကြီးမီးဟုန်းဟုန်းတောက်တော့၏။ ရှို့သည့်အချိန်က မိုးမလင်းခင် အချိန်။

ရွာသူရွာသားများ ဘာပစ္စည်းမှ ပြန်မယူနိုင်။ မီးဘေးလွတ်ရာသို့ ပြေးကြရသည်။ အချို့အိမ်ကြီးများမှာ တဲထဲမှာ နို့စို့ကလေးငယ်များ၊ လူမမာ သည်အဘွားအို၊ အဘိုးအိုများ မပြေးနိုင်၊ မထနိုင် မီးဝိုင်းနေသည့်အကြား အော်ဟစ်ငိုယိုနေကြသည်။

ကျွန်တော်တို့ လူငယ်လူရွယ်များ၊ အကြင်နာစိတ်ရှိသူများ၊ ကိုယ်ချင်းစာစိတ်ရှိသူ လူရွယ်များက မီးတောက်များကြားမှာ ရနိုင်သမျှ ဝင်၍ပွေ့ချီကယ်ကြရသော်လည်း မီးကများလွန်းလှ၍ အချို့ကို ကြေကွဲရင်နင့်စွာ ဖစ်ထားခဲ့ကြရသည်။

ငိုသံ၊ အော်သံများကား ကမ္ဘာပျက်သကဲ့သို့တည်း။

"ကိုထိန်. . အမေ အထဲမှာ ကျန်ရစ်ခဲ့တယ်။ ကယ်ကြပါဦး"

"အဘွား. . အဘွား. . အထဲမှာ. . အထဲမှာ. ."

"သားရေ. . သား. . လူလေး. . အမလေး. . လုပ်ကြပါဦး"

"အမေရေ. . အမေ. ."

အမေများ ရင်ကွဲနေပါပြီ။ အမေများ ပဏ္ဍာမြေလူး ဖြစ်နေကြပါပြီ။ ဝုန်းဒိုင်းကြဲ လူနှင့်တိရစ္ဆာန် ပြေးလွှားအော်ဟစ်သံများကား အရုဏ်မလင်းခင်မှာ ညံနေသည်။

ကျွန်တော်တို့အရပ်သည် ရေအလွန်ရှားသည့် အရပ်ဖြစ်၏။

မီးကို အုန်းလက်များခုတ်၍ ရိုက်ရသည်။ ရွာလုံးကျွတ် မီးများမို့ သတ်၍ မနိုင်တော့။

သည်အချိန်မှာ မီးတောက်မီးလျှံများအကြားမှ လူတစ်ဦးကို မမျှော်လင့်ဘဲ အားလုံးမြင်လိုက်ရသည်။ သူသည် ကလေးနှစ်ဦးကို ရင်ခွင်မှာ ရေစိုစောင်နှင့် အုပ်ပိုက်၍ ပြေးထွက်လာပြီး အော်ဟစ်ငိုယိုသူများအကြားမှာ ပစ်ချခဲ့ကာ မီးတောက်များကြားသို့ လှစ်ခနဲ ပြန်ဝင်ပြေးသွားပြန်သည်။

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. ."

"အလို. . အမေကြီး. . ဟို. . အမေကြီးပါလား"

"အမေကြီး. . မ. . မဝင်နဲ့တော့"

မီးဟပ်ခံထားရသည့် လူမမယ်ကလေးနှစ်ဦးသည် မိခင်များ ရင်ခွင်ထဲမှာ ပူလွန်း၍ လူးလိမ့်နေကြသည်။ အချို့က အုန်းသီးများ အရေးပေါ်ခွဲ၍ ကလေးငယ်နှစ်ဦးကို အုန်းရည်များ တိုက်ကြသည်။ ငံပြာရည်များနှင့် အရေလောင်နေသည့်နေရာများကို ဆွတ်ဖျန်းပြီး အရေးပေါ် ကုသပေးကြသည်။

ကျွန်တော်တို့အားလုံး အံ့သြကြရသည်ကား မီးတောက်မီးလျှံများကြားမှ ကလေးနှစ်ဦးအသက်ကို ကယ်တင်လာသူမှာ အခြားသူမဟုတ်။

ကျွန်တော်တို့အားလုံးက စုန်းကဝေမကြီးဟု ထင်မှတ်ယူဆထားကြသည့် အမေကြီးဒေါ်နန်းအိမ်ကြို့. . ။

အမေကြီး ဒေါ်နန်းအိမ်ကြို့သည် အော်ဟစ်သတိပေးနေသည့်ကြားမှ သိမ်းငှက်တစ်ကောင်၏အလျင်မျိုးနှင့် မီးတောက်များကြား ပြေးဝင်သွားခဲ့သည်။ သူမ၏ ဖားလျားကျပြန့်ကျဲနေသော ဆံပင်များမီးညွန့်များဝန်းကျင်မှာ ဝဲပျံသွားသည်ကို အားလုံးမြင်လိုက်ရသည်။

မကြာခင် မထနိုင်သည့် အမယ်အိုတစ်ဦးကို ပွေ့၍ ပြေးထွက်လာသည်။

"ရော့. . အုန်းရည်တိုက်ပြီး ကုကြဟဲ့"

"အမေကြီးကြို့. . မသွားပါနဲ့တော့"

"အမေကြို့. . အမေကြို့. ."

"မီးများတယ်. . ။ မသွားပါနဲ့"

"ပြိစ္ဆာရာသီဖွား နန်းအိမ်ကြို့တဲ့ဟေ့. . ကိုင်း. ."

"အမေကြို့. ."

အော်ဟစ်တိုင်းဝန်းတားနေသည့်ကြားမှ ယောထဘီရေရှိ ခပ်တိုတိုနှင့် ဆံပင်ရေရှိဖားလျား အမေကြီးနန်းအိမ်ကြို့သည် မီးတောက်များကြားသို့ [illegible] ရဲလို သိမ်းငှက်လို ကျားသစ်တစ်ကောင်လို လွှားခနဲ ခုန်ဝင်သွားလိုက်ပြန်သည်။

ကျွန်တော်တို့အားလုံး မီးလောင်ဒဏ်ရာရသူ လူနာများကိုသယ်၍ ဂျပန်များ သေနတ်နှင့်ဆီးမပစ်ခင်မှာ အခြားလွတ်ရာအရပ်များသို့ ပြေးခဲ့ကြသည်။





အားလုံး၏ရင်မှာလည်း လူစွန့်စား အမေကြီးနန်းအိမ်ကြို့ရဲ့ ကံကြမ္မာကို တွေးပြီး ပူပန်သောကများနေကြသည်။

ထူးဆန်းသောမိန်းမကြီး အမေကြီးနန်းအိမ်ကြို့၏ ကယ်တင်မှုကြောင့် မီးကြားမှ ကလေးနှစ်ဦးနှင့် အဘွားအိုတစ်ဦး အသက်ရှင်ခဲ့ရသည်။

အမေကြီး ဒေါ်နန်းအိမ်ကြို့၏ သေသည်၊ ရှင်သည် သတင်းကိုမူ ကျွန်တော်တို့ လုံးဝမကြားရ။

"ပြန်မလာပုံထောက်ရင် မီးထဲမှာပဲ. . ဆုံး. ."

"တောက်. ."

"အံ့သြစရာကောင်းတဲ့ မိန်းမကြီးပါကွာ"

"ငါတို့ ယောက်ျားသားတွေထက်ကို စွန့်စားရဲတဲ့ အမေကြီးကွာ"

"အမေကြို့ အသက်ရှင်ပါစေ"

"သူတော်ကောင်းမကြီး အသက်ရှင်လျက် ပြန်လာပါစေဘုရား"

အားလုံး မျက်ရည်စို့ရွဲနှင့် လူစွန့်စား သူတော်ကောင်းမကြီး ဒေါ်နန်းအိမ်ကြို့ အသက်ရှင်သန်ရေးကို လက်အုပ်ချီ၍ ဆုတောင်းနေကြသည်။

အရှေ့က နေထွက်ခဲ့ပါပြီ။ နေရောင်အောက်မှာ . . . . . . ရွာကြီးသည် ပြာကျလျက်ရှိနေပြီ။ ပြာပုံရှိရာသို့ မည်သူမျှ မသွားရဲကြ။

သွားရဲသူအချို့က ပြာပုံများထဲ ခြေမချရဲ။ ပြာပုံနှင့် မီးခိုးငွေ့များအကြား တိရစ္ဆာန်အသေကောင်အနံ့များ ညှီစို့ရှူးရဲ တူးခြစ်လို့။ သည်အထဲမှာ လှို့ဝှက်ထူးဆန်းသောမိန်းမကြီး ဒေါ်နန်းအိမ်ကြို့တစ်ယောက် ပြာဖြစ်သွားခဲ့လေပြီလား။

ကျွန်တော်တို့အားလုံး ရက်စက်ကြမ်းကြုတ်သည့် ဖက်ဆစ်ဂျပန်များကို လွန်စွာရွံမုန်း အော့နှလုံးနာသွားခဲ့ပြီ။

အားလုံး၏ မျက်နှာပေါ်မှာ ငြိမ်ခံနေမည့်အစား ရရာလက်နက်နှင့် အသေခံ၍ တိုက်လိုစိတ်များ ပေါ်လွင်ထင်ရှားနေကြသည်။

ကြည့်စမ်း. . ။

ကျွန်တော်တို့ဘိုးဘွားများ လက်ထက်ကစ၍ အေးချမ်းသိတ်ငြိမ်စွာ တရားဓမ္မနှင့်နေထိုင်ခဲ့ကြသည့် ရွာအချို့ နာရီပိုင်းအတွင်း ပြာပုံဘဝ ရောက်သွားခဲ့ကြပြီကော. . ။

"တောက်. ."



www.burmeseclassic.com

www.burmeseclassic.com

"ခုနေများ လက်နက်ကောင်းသာ ရှိလိုက်ရင်လားကွာ..။မင်းတို့လည်း ဂျပန်ဖက်ဆစ်..၊ ငါတို့လည်း မြန်မာ..။ ရင်ဆိုင်တွေ့လိုက်ချင်စမ်းပါဘိ လူယုတ်မာ၊ လူဆိုးတွေရာ..။ တောက်.."

## ၂၈

## ကျွန်အဖြစ်မသေ တိုက်ရင်းသေမည်

"ထေိန်ရှိလားဟေ့"

"ဘယ်သူလဲကွ"

"ငါပါ..။ ချစ်စရာပါ..။ အရေးတကြီး ပြောစရာရှိလို့"

"ဘာလဲ ချစ်စရာ.."

"ရှူး..ငါတို့နဲ့ လိုက်ခဲ့ကွာ"

"ဟာ..ညကြီးမင်းကြီးကွာ..။ ဘယ်ကိုလိုက်ရမှာလဲ"

"စကားမများနဲ့ ထေိန်။ ငါတို့နဲ့သာ လိုက်ခဲ့။ မင်းအမေရော ရှိလား"

"မရှိဘူး..။ ပွဲလုပ်ကျေးရွာက အမျိုးတွေဆီ ရောက်နေတယ်"

"အဲဒါ ကောင်းတယ်။ လာ.. မြန်မြန်လာပါကွ"

သို့နှင့် ကျွန်တော် အိမ်ပေါ်မှဆင်းလိုက်ခဲ့လိုက်သည်။ အောက်အမှောင်မှာ ချစ်စရာနှင့်အတူ ကိုညွန့်မောင်ကြီး၊ ကိုသံလုံး၊ ကိုမြခဲနှင့် ရွှေယ်သုံးလေးဦးကို တွေ့လိုက်ရသည်။ ကျွန်တော့်ကိုမြင်တော့ အစ်ကိုညွန့်မောင်ကြီးက ပခုံးကိုလာညှစ်ပြီး လက်ခွဲ၍ အမှောင်လမ်းအတိုင်းခေါ်သွားခဲ့သည်။

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အားလုံး ဘာစကားမှမပြောကြဘဲ လှည်းလမ်းကြောင်း နံဘေး ဝါးရုံများကို မှောင်ရိပ်ခိုကာ တစ်ညလုံးလမ်းလျှောက်ခဲ့ကြသည်။ ရွာပေါင်းများစွာကို ချုံချုံစီးစီးကြား ဖြတ်ကျော်ခဲ့ကြသည်။

ယောက်ျားကောင်းများ ခြေလှမ်းမို့ သန်းခေါင်အကျော်မှာ မရမ်းဘေးကျေးရွာသချိုင်းသို့ ရောက်ခဲ့ကြသည်။

အားလုံး ကြယ်ရောင်အောက်မှာ အထင်အရှား..။

ဒီနေရာက ဂျပန်ကင်းစစ်စခန်းများနှင့် အလှမ်းဝေးပြီး လုံခြုံစိတ်ချရသည်။ မကြာမီ မရမ်းဘေးသချိုင်းဂူများကြားမှ လူအချို့ ဘွားခနဲပေါ်လာ၍ လန့်သွားရသေးသည်။ ကနဦးတော့ သရဲများ မှတ်နေတာရယ်..။

ချစ်စရာက 'ရှီ' ခနဲ သုံးကြိမ်လေချွန်လိုက်မှ လူအချို့ ဂူများကြားမှ ထလာမှန်း သိလိုက်ကြသည်။

အနီးရောက်လို့ ကြည့်လိုက်တော့ သူတို့ကျောကုန်းများပေါ်မှာ ရိုင်ဖယ်သေနတ်ဆိုသော အရာများကို လွယ်ထားသည်ကို အံ့သြဖွယ်တွေ့လိုက်ရသည်။ အချို့သောလူများလက်ထဲမှာမူ စတင်းဂန်းဆိုသောသေနတ်များ အသင့်ချိန်လျက်သား..။

"ကိုညွန့်မောင်တို့ မဟုတ်လား"

"ဟုတ်တယ် ကိုမိုးလုံး"

ခြောက်လုံးပြူးသေနတ်နှင့်လူက ခပ်လှမ်းလှမ်း ဂူကြားမှ ကွယ်၍ မေးလိုက်သည်ကို ကိုညွန့်မောင်ကြီးက ဖြေလိုက်သည်။

"ခင်ဗျားတို့ လူဘယ်နှယောက်ပါလဲ ကိုညွန့်မောင်"

"အားလုံး ခုနစ်ယောက်ဗျ ကိုမိုးလုံးရ"

"ကောင်းတယ်..။ လာဗျာ..သာဂရသချိုင်းကို သွားကြစို့"

သို့နှင့် ကိုမိုးလုံးဆိုသူ ဦးဆောင်မှုဖြင့် လူစုစုပေါင်းနှစ်ဆယ်ခန့်တို့သည် ရေခန်းစပြုနေသည့်ချောင်းကိုကျော်၍ သာဂရသချိုင်းရှိရာသို့ လှမ်းခဲ့ကြသည်။

"ဟိတ်..ဘယ်သူတွေလဲ။ ရပ်.."

အမိန့်ပေး လှမ်းမေးသံနှင့်အတူ 'ချောက်..ချောက်..ချောက်'နှင့် သေနတ်မောင်းတင်သံများကိုပါ တစ်ပြိုင်နက်ကြားလိုက်ရသည်။

"ကူး..ကူး..ကူး.."





"ကူး..ကူး..ကူး.."

"ရှီ..ရှီ..ရှီ.."

"မိုးလုံးတို့လား"

"ဟုတ်တယ်"

"အားလုံး ငြိမ်ငြိမ်လေးရပ်နေ"

ကျွန်တော်တို့ မာတင်းလှသည့် အမိန့်ပေးသံများ၊ သေနတ်မောင်းတင်သံများကြောင့် ရင်များတဒိတ်ဒိတ်ခုန်ပြီး ခြေချောင်းများ စီးပုံနေကြသည်။ မကြာခင် လက်နက်မျိုးစုံနှင့် လူသုံးဆယ်ကျော်ခန့်တို့က သာဂရသချိုင်းဝန်းကျင်မှာ ဝဲယာနံဘေးမှ ချိန်လျက်ပေါ်လာသည်။ လူတစ်ဦးက လက်နှိပ်ဓာတ်မီးနှင့် ကိုမိုးလုံး၏မျက်နှာကို ထိုးလိုက်သည်။

"မိုးလုံးတို့ပဲ..။ ညီ့သည်တွေ ပါသကိုးကွ။ အားလုံး နေမြဲပေါ့"

သည်တော့မှ ကျွန်တော်တို့ရင်များ ငြိမ်ကျသွားခဲ့ကြသည်။ သည်မှာပဲ သာဂရခေါင်းဆောင်ဆိုသူကို မြင်လိုက်ရသောအခါ ကျွန်တော်တို့ အံ့သြသွားခဲ့ရလေသည်။

ခေါင်းဆောင်၏ အမည်ကား..

ဦးသန်လျက်တည်း..။

ဦးသန်လျက်သည် ပန်းတောကျေးရွာရှိ စစ်ပြေးများခိုလှုံရာစခန်းမှ စစ်ပြေးဒုက္ခသည်ဖြစ်သည်။ သည်လူကြီးက အင်္ဂလိပ်စာတတ်သည်။ မျိုးချစ်စိတ်ရှိ၍ နယ်ချဲ့မကောင်းသည့်အကြောင်း ဒုက္ခသည်စခန်းမှာရှိစဉ်က မကြာခဏပြောခဲ့သည့် လူညိုညို၊ မြင့်မြင့်ကြီး ဖြစ်သည်။

အဲဒီတုန်းက ဂျပန်များ ရှောင်တခင်ရောက်လာပြီး သူ့အမည်ကို မေးခဲ့ရင်း ဒုက္ခသည်စခန်းကို ဝင်စစ်ခဲ့ရာ ပထမအကြိမ် ဦးရန်အောင်မြင့်နှင့် ကျောင်းအုပ်ဆရာကြီးဦးဖေသိန်းတို့ ဓာတ်ခဲသုံးရေဒီယိုနှင့် အင်္ဂလိပ်စာအုပ်တစ်အုပ်မိသွား၍ ကင်ပေတိုင်စခန်းမှာ အစစ်ဆေးခံရပြီး နောက်ဆုံး သေဆုံးသွားခဲ့သည်ကို ကျွန်တော်တို့ကြားခဲ့ရသည်။

အဲဒီတုန်းက ဂျပန်ကင်ပေတိုင်က အမျိုးသားနိုင်ငံရေးမျိုးချစ်စိတ်စကားများ ပြောလေ့ရှိသည့် ရန်ကုန်ကောလိပ်ကျောင်းထွက် ဦးသန်လျက်ကို ဖမ်းဆီးရန် ကြိုးစားပါသော်လည်း အဲဒီတုန်းက ဦးသန်လျက် အရှောင်ကောင်း၍ လွတ်မြောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော်တို့ ဦးသန်လျက်ကို ဖက်ဆစ်မြေအောက်တော်လှန်ရေးခေါင်းဆောင်တစ်ဦးအဖြစ်မြင်လိုက်ရသောအခါ လွန်စွာဝမ်းသာအံ့ဩဂုဏ်ယူခဲ့ရသည်။

ကျွန်တော်တို့ အုတ်ဂူများအကြား မြေပြင်မှာ စုဝေး၍ ထိုင်လိုက်ကြသည်။ လရောင်သည် ကောင်းကင်မှာ မီးပုံးချိတ်ထားသကဲ့သို့ လင်းအားကိုမြင့်၍ ထိန်နေသည်။ ကျွန်လက်နက်ကိုင်လူများက သချိုင်း၏အရပ်မျက်နှာအသီးသီးမှာ ကင်းစောင့်သဘောမျိုး နေရာယူထားလိုက်ကြသည်။

"ကိုင်း. . ဆွေးနွေးပွဲ စရအောင်ဗျာ။ အခု ရဲဘော်တို့ကို ခေါ်ယူခဲ့ရတဲ့အကြောင်းရင်းက ဖက်ဆစ်ဂျပန်တွေဟာ ပေါ့ဒီပင်လယ်ဝ မီးဖြကို စစ်ရေးအရ ရေကြောင်းအချက်အချာနေရာအဖြစ်သတ်မှတ်ပြီး မီးပြသံတဲနဲ့ သီလဝါ နှစ်နေရာမှာ အဓိကခြေကုပ်စခန်း ဖွင့်နေကြပါပြီ။ စစ်ဦးဘီလူး ဆိုတဲ့အတိုင်း ဒီအရပ်ဒေသဝန်းကျင်ကို ဒီဖက်ဆစ်ကောင်တွေ ရောက်လာတော့ ဒီဝန်းကျင်ကရွာတွေ ဖွတ်ဖွတ်ညက်ညက်ကြေတာ မျက်မြင်ပါပဲ။ အိမ်တွေလည်း ကုန်လုနီးပါး ဖြစ်ကုန်ပြီ။ တိရစ္ဆာန်တွေလည်း သင်းတို့ရိက္ခာဖြစ်ကုန်သလို သားမျိုး၊ သမီးပျိုတွေလည်း အဖျက်ဆီးခံ၊ နင်းခြေခံဘဝကို ရောက်ခဲ့ရတယ်။ အခု ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး မြေအောက်အဖွဲ့ကို မြန်မာတစ်ပြည်လုံး လျှို့ဝှက်ဖွဲ့စည်းပြီးပါပြီ။ ရည်မှန်းချက်နေ့မှာ တစ်ပြိုင်နက်တော်လှန်ဖို့ တပ်မတော်ခေါင်းဆောင်များကလည်း စီစဉ်ပြီးပါပြီ။ အဲဒီတော်လှန်ရေးမှာ အရပ်ရပ် အရွာရွာက သူ့ကျွန်မခံလိုသူတိုင်း နယ်ချဲ့ဆန့်ကျင်လိုသူတိုင်း၊ အသက်ကို ပဓာနမထားဘဲ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးများ နယ်ချဲ့သံမိနပ်အောက်က လွတ်မြောက်ရေးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြပါ၊ ပူးပေါင်းကြပါ၊ ကူညီကြပါ။ လျှို့ဝှက်သိပ်သည်းစွာနဲ့ သစ္စာရှိစွာ ကိုယ်ကျိုးစွန့်ကြပါလို့ ပြောချင်တာပါ။ မေးစရာရှိရင် မေးကြပါ"

ဦးသန်လျက်က ဖက်ဆစ်ဆန့်ကျင်ရေးအတွက် လက်ရှိအခြေအနေကို အကျဉ်းရုံး၍ တင်ပြလိုက်သောအခါ သံတဲတံငါရွာမှ ငါးရှဲကြီး ဦးချစ်ငြိမ်းက. .

"ကျုပ်တို့ရွာ သံတဲဆို ဂျပန်စစ်ကင်းစခန်းဖြစ်လို့ ကြေသွားပါပြီ လူနေလို့မရတဲ့ဘဝရောက်ခဲ့ပြီး အားလုံး ကိုယ့်ရပ်ရွာကိုပစ်ပြီး စစ်ပြေးရသည့်ဘဝကို ရောက်ကုန်ကြပါပြီဗျာ။ ကျုပ်တို့အားလုံး ဝတ်ရင်းမသေး ခေါင်းခံပြီး မသေကြဘဲ တိုက်ရင်းသေဖို့ ဆုံးဖြတ်ပြီးပါပြီ။ ဒါပေမဲ့ အရေးကြီးတာ လက်နက်ပါ။ ရာဇဝင်ထဲမှာ လက်နက်ချင်းမညီလို့ စစ်ရှုံးခဲ့ရတာကိုလည်း ပြန်စဉ်းစားဖို့ လိုအပ်ပါတယ်ခင်ဗျာ"

ဒီအဆိုကို အားလုံးထောက်ခံကြသည်။ သည်မှာ ခေါင်းဆောင် ဦးသန်လျက်က. .

"ဒီအဆို သိပ်ကိုမှန်ပါတယ်ခင်ဗျာ။ အရှင်နှစ်ပါးတို့ ပါတော်မူရတာ အဓိကက အင်္ဂလိပ်နယ်ချဲ့နဲ့ လက်နက်ချင်းမညီလို့ပါပဲ။ မြန်မာတိုင်းရင်းသားတိုင်းမှာ မွေးရာပါ သူ့ကျွန်မခံသတ္တိက ရှိပြီး၊ ပါပြီးသားပါ။ ရဲဘော်တို့ လိုအပ်နေတဲ့ လက်နက်ကို တစ်ရက်နှစ်ရက်အတွင်း ကျွန်တော်တို့ စုံစုံလင်လင်ရရှိအောင် ရယူတပ်ဆင်ပေးပါမယ်လို့ ကတိပြုပါတယ် ခင်ဗျား"

"ဒါဆို. . ကျုပ်တို့ တိုက်ဖို့ လုံးဝဝန်မလေးဘူးဗျို့"

"ကျွန်တော့်နာမည် ရှေ့ဆုံးက စာရင်းတင်ပါခင်ဗျ"

ကာလသားခေါင်းဆောင် ကိုကျောက်ပျဉ်က ထရပ်၍ တောင်းဆိုလိုက်သည်။

"ဒီနေ့ကစပြီး ကျွန်တော်တို့ အိမ်မပြန်ဘူး။ လက်နက်ကိုင်နည်းသာ သင်ပေးပါခင်ဗျ"

"ကျုပ်လည်း အသက်ကို တိုင်းပြည်အတွက် အလှူစာရင်းသွင်းမယ်ဗျို့"

သံချောင်းကလည်း ရင်ကော့၍ ပြောလိုက်သည်။ သည့်နောက် ကျွန်တော်တို့အားလုံး ဖက်ဆစ်နယ်ချဲ့ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးအဖွဲ့မှာ အသီးသီး အမည်စာရင်းသွင်းလိုက်ကြလေသည်။

သည်မှာ ပို၍အံ့ဩစရာကောင်းသည်ကား မြေအောက်တော်လှန်ရေးအဖွဲ့ဝင်များမှ မျိုးချစ်သူရဲကောင်းဝင်များစာရင်းတွင် ထူးဆန်းသော မယ်ကြီးဒေါ်နန်းအိမ်ကြီးထံမှာ ဆေးဝါးအကုသခံခဲ့ကြသော လူနာဖြစ်ခဲ့ဖူးသူများနှင့် ဆွေမျိုးသားချင်းများ ပါဝင်ကြခြင်းကား လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသောအချက်ပင် ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

# ၂၄

# အချစ်၏လှိုင်းတုန်ခါမှုပမာဏ

သည့်ထက်ပို၍အံ့ဩဖွယ်ကောင်းသောသတင်းသည် တော… ပျံ့၍လာခဲ့၏။ ရွာစွန်တိုက်ပျက်ကြီး၌ ဓားထိုးခံရ၍ သေသူမှာ နာ… ကျော်ဓားပြကြီး ကွယ်လွန်သူ 'ချစ်တီး' ၏ညီ 'ချစ်မီး' ဟု သိကြရသော… တစ်နယ်လုံး အံ့သြတုန်လှုပ်ကြ၏။

အများကတော့ ကျေနပ်ဝမ်းသာနေကြသည်။

ချစ်တီးလည်း သေပြီ။

ချစ်မီးလည်း သေပြီ။

ရှင်ဘုရင်သိန်းမောင်ဆိုသူ ဓားပြလူဆိုးပဲ ဒီဒေသဝန်းကျင်… ကျန်တော့သည်။ သည်မှာ မေးခွန်းများပေါ်လာခဲ့ပြီ။

ဖိန့်ဖိန့်တုန်အောင် ကြောက်စရာကောင်းလှသည့် နာမည်ကြီး … ဗိုလ်ချစ်တီး၏နဖူးကို သေနတ်နှင့်ပစ်သတ်တာ ဘယ်သူလဲ. . ။

ပြီ. . ချစ်တီး၏ညီ ညာလက်ရုံး အိမ်ရှေ့မင်းသားကြီး ချစ်… ဓားနှင့်အသေထိုးသတ်သွားတာ ဘယ်သူလဲ. . ။

အဲဒီအဖြေကို သိချင်နေကြသည်။





အချို့က ချစ်မီးကိုသတ်သွားတာ အရှုးမလေးခင်ချောစုဟု ကောက်…က်ချကြ၏။ အဘယ့်ကြောင့်မူ ဓားပြကြီးချစ်မီး၏ အလောင်းဝန်းကျင်မှာ …န်းမပန် ပန်းများ မြင်တွေ့ရသည်ကတစ်ကြောင်း. . ။

ပြီး. . ချစ်မီး၏ရင်ဝမှာ စိုက်နေသော သစ်သားပန်းကနုတ်ဖော်…ားမြှောင်သည် အရူးမလေးခင်ချောစု သွားလေရာဆောင်သည့် ဓားမြှောင်…ဖြစ်မှန်း သိကြသောကြောင့်ဖြစ်သည်။

အချို့က ခင်ချောစုကို အာဇာနည်ကဲ့သို့ ချီးကျူးကြ၏။

အချို့က ခင်ချောစု သည်လောက်သတ္တိကောင်းလိမ့်မည်ဟု မထင်။ …သို့သော် ခင်ချောစုကို တရကြမ်းတောနင်းရှာနေသူများ ရှိကြသည်။ အဲဒါက …ချစ်တီးနှင့်ချစ်မီးတို့ ဓားပြလူဆိုးအဖွဲ့က ဘယ်လက်ရုံး ဓားပြမိုက်ခဲ 'ဓားမ…ကြီး' ဆိုသူနှင့် အဖွဲ့ပဲဖြစ်သည်။

သူတို့ဆရာနှစ်ဦးကို သတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အထူးသဖြင့် …ခင်ချောစုကို မြေလှန်ရှာကြသည်။

ညဘက် မြင်းခွာသံများ ကြားရသည်။ ဇရပ်၊ ကျောင်းပျက်များမှာ …ဆိုက်လံရှာဖွေနေသည့် သတင်းများလည်း ကြားရသည်။ ကြေးစားလူသတ်…သမားလွှတ်၍ မြို့ပေါ်မှာ လျှို့ဝှက်လှုပ်ရှားပြီး ခင်ချောစုကို အပြတ်ရှင်းရန် …ဆိုက်ရှာသည့်သတင်းလည်း ကြားရသည်။

ဒါနှင့်အတူ ခင်ချောစုနှင့် သမီးရည်းစားလိုဖြစ်နေသော ကျွန်တော့် …ပေါ်လည်း မိုက်ခဲဓားမကြီးတို့အဖွဲ့က မသင်္ကာတဲ့. . ။

ခင်ချောစုကို ချစ်မီးက မတော်မတရားလုပ်နေစဉ် ချောစုရည်းစား …နှမင်းထိန်(ခေါ်) ထိန်ကမြင်၍ ချစ်မီးကို ဓားနှင့်ထိုးသတ်သွားတာလည်း …ဖြစ်နိုင်သည်ဆိုပြီး ကျွန်တော့်ကိုပါ တွေ့ရာသင်္ချိုင်း ဓားမဆိုင်း ရှင်းပစ်ရမည်ဟု …သတင်းလွှင့်ရကား ကျွန်တော့်မှာ နေရင်းထိုင်ရင်း ဆွမ်းခံရင်းငှက်သင့် …နေရ၏။ သည်သတင်းကြားရတော့ ကျွန်တော်တို့ ရဲဘော်များအားလုံး …စဉ် သတိနှင့်ရှိနေကြ၏။

ကျွန်တော်စိုးရိမ်နေသည်ကား အရူးမလေးခင်ချောစုအတွက်ပဲ ဖြစ်…သည်။ အမှန်တကယ်ရော ခင်ချောစုကိုယ်တိုင် ဓားပြဗိုလ်ချစ်မီးကို ဓားနှင့် …ထိုးသတ်၍ တိမ်းရှောင်ထွက်ပြေးလေရော့သလား။

ခုထက်တိုင် ခင်ချောစုသတင်းကို စုံစမ်းလို့မရ။



www.burmeseclassic.com

www.burmeseclassic.com

ဘုရား. . ဘုရား. . ခင်ချောစုကို မိုက်ခဲ့တားမကြီးတို့အဖွဲ့ကများ ဖမ်းမိ၍ မတော်မတရားကျင့်ပြီး သတ်ပစ်လိုက်ပြီလား. . ။

ဒါမှမဟုတ် လုယုတ်မာ တဏှာရူး ဖက်ဆစ်ဂျပန်ကောင်တွေနဲ့တွေ့ပြီး ဘဝပျက်၊ အသက်သေရှာ့သလား။

ကျွန်တော် သူမ၏သတင်းကို နေ့စဉ်နှင့်အမျှ စောင့်မျှော်နားထောင်နေမိသည်။ စစ်ပြေးဒုက္ခသည်အသစ်များကို မေးမြန်းရသည်။ မှော်ဝန်းချောင်းနှင့် ပင်လယ်ကမ်းစပ်များမှာလည်း လှေနှင့် လိုက်ရှာရသည်။

အကြောင်းကား သူမ၏အလောင်းများ ရေပြင်မှာ ပေါလောမျော၍ ပါလာလေမလားဆိုသည့် စိုးရိမ်စိတ်နှင့်ပါ။

ဘာကြောင့် ကျွန်တော့်ရင်မှာ စိုးရိမ်သောကများ တုန်ခါလွှမ်းမိုးနေသလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်လိုက်သောအခါ. .

ကျွန်တော် ချောစုကို ရင်ပွင့်မတတ်ချစ်နေသော အချစ်၏ ရင့်မာခြင်းကို တွေ့ရှိလိုက်ရသောကြောင့် ဖြစ်လေသတည်း။

၃၀

# တစ္ဆေများစောင့်နေသည့် လက်နက်တိုက်

သည်နေ့သည လက်နက်များ လျှို့ဝှက်သွားသယ်ကြမည်ဆို၍ ကျွန်တော်တို့အားလုံး၏ရင်မှာ လှုပ်ရှားနေကြသည်။

ညဉ့်သန်းခေါင်သို့ ရောက်သောအခါ ကျွန်တော်အပါအဝင် ချစ်စရာ၊ ကိုညွန့်မောင်ကြီး၊ သံချောင်း၊ ကိုကျောက်ပျဉ်နှင့် ဦးသန်လျက် ခေါင်းဆောင်သည့် လျှို့ဝှက်တော်လှန်ရေးအဖွဲ့ဝင်ဆယ့်ငါးဦးတို့ ပင်လယ်ကမ်းခြေရှိ မီးပြသချိုင်းရှိရာသို့ တိတ်တဆိတ်ဝင်ရောက်ခဲ့ကြသည်။

တစ်ရွာနှင့်တစ်ရွာသည် ဆက်စပ်နေသော်လည်း အတန်ဝေးကြ၏။ သံတဲ၊ ဖွဲပါကုန်းတန်းဘက်မှာက ဂျပန်ကင်းစခန်းကြီး ရှိသည်။ မီးပြသချိုင်းနှင့် အတန်ဝေးသော်လည်း ဂျပန်ကင်းပေတိုင်စကားပြန် အမျိုးသားသစ္စာဖောက် မိုးကြိုးမိုင်းနှင့် သူ့လူများရဲ့ ခြေလှမ်းက မသေ။ ဒါလည်း ဂရုစိုက်ရသေးသည်။

မကြာမီ ကျွန်တော်တို့ဆယ့်ငါးဦး လျှို့ဝှက်အဖွဲ့ အမှောင်ကိုအားပြုပြီး ကြယ်ရောင်ဖြိုးဖြမှာ မီးပြသချိုင်းသို့ ချဉ်းကပ်မိလာကြသည်။

သချိုင်းထဲမှ ခွေးအူသံအချို့ ကြားရ၏။ ခွေးအူသံကား ပရလောက သားများကိုတွေ့သည့်အခါ အူလေ့ရှိသည့်အသံမျိုး။ ချောက်ချားစရာကောင်း



www.burmeseclassic.com

www.burmeseclassic.com

လှ၏။ ကျွန်တော်နှင့်ချစ်စရာ သည့်သချိုင်းမှာ သရဲများ ခေါင်းထမ်းလိုက်၍ ပြေးရှူး၏။ ဦးသန်လျက်တို့က သည့်အကြောင်း မသိသေး။ ပြောပြလျှင်လည်း ယုံချင်မှ ယုံကြမည်။

အခု သူတို့က သည့်သချိုင်းထဲမှာ လက်နက်များရှိသည်၊ သွားယူကြမည်ဟု အတိအကျပြော၍ ကျွန်တော်တို့လာခဲ့ကြခြင်းဖြစ်၏။

ချုံဖုတ်များ၊ ခရာပင်များ၊ ဝါးရုံများ၊ ကြခတ်တန်းများကို ချဉ်းကပ်ပြီး သေနတ်အချို့ကို မောင်းတင်ချိန်၍ လူဖြန့်ချဉ်းကပ်လာကြ၏။

သည့်မှာပဲ မမျှော်လင့်ဘဲ အသည်းထိတ်စရာမြင်ကွင်းကို စတင်၍ မြင်လိုက်ရလေသည်။

ဂူပျက်အကြီးကြီးပေါ်မှာ လူမိန်းမကြီးတစ်ယောက်. . ။

ဆံပင်ကို ဖားလျားချပြီး ကောင်းကင်ကိုမော့ကြည့်ကာ လက်ကိုလည်းကောင်း၊ ကြယ်ကိုလည်းကောင်း လက်နှစ်ဖက်ဆန့်တန်းပြီး လက်ယပ်ခေါ်သလို လုပ်နေ၏။

"အူ. . ဝူ. . ဝူ. . ဝူ. ."

"အူ. . ဝူ. . ဝူ. . ဝူ. ."

"ဟီး. . ဟီး. . ဟီး. . ဟီး. ."

"ဝီး. . ဝီး. . ဝိုး. . ဝိုး. ."

"ဝုန်း. . ဝုန်း. . ဝုန်း. ."

"ဖုန်း. . ဝုန်း. ."

"ဂီး. . ဂီး. . ဂီး. . ဂစ်. . ဂစ်. ."

"ဘုရား. . ဘုရား. ."

ချစ်စရာကား အကြောင်းသိပြီးမို့ လန့်နေ၏။ ခွေးအူသံသည် ပို၍ကျယ်လာ၏။ ကောင်းကင်သည် ပင်လယ်လေနှင့် တိမ်ညိုတိမ်မည်းများသယ်လာကာ လရောင်၊ ကြယ်ရောင် မှိန်တစ်ခါ၊ လင်းတစ်လှည့် ဖြစ်နေ၏။

ပင်လယ်ဒီရေတက်ချိန်မို့ လေပြင်းက အဖော်ပါလာ၏။ ရေလှိုင်းလုံးကြီးများ ရိုက်သံကြောင့် ပင်လယ်ကမ်းပါး တဝုန်းဝုန်းပြိုသံကလည်း ချောက်ချားစရာကောင်းလှ၏။

သေသေချာချာကြည့်လိုက်တော့ လျှို့ဝှက်ထူးဆန်းလှသော အဘွားကြီးဒေါ်နန်းအိမ်ကြို့ ဖြစ်နေသည်။





သူမ မသေသေးပါကလား။ ဘုရားရေ. . ။

ကျွန်တော်တို့က . . . . . . ရွာ မီးတိုက်ခံရစဉ်က အဘွားကြီး မီးတောက်မီးလျှံများကြား နောက်ဆုံးပြေးဝင်သွားပြီး ပြန်ထွက်မလာတာကို အားလုံး မျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ သည့်တုန်းက အဘွားကြီး သေသွားပြီဟု အားလုံးက ယူဆပြီး လွန်စွာစိတ်မကောင်းခဲ့ကြ။

ကြည့်စမ်း. . ။

ခုတော့ သေရွာပြန်အဘွားကြီးကို သချိုင်းဂူကြီးပေါ်မှာ မရဏမန္တန်များရွတ်၍ ပရလောက ကကြိုးက,နေသည့်မျိုး ထူးဆန်းအံ့ဖွယ်မြင်နေရသည်။ ဒါ. . လူအစစ်ဘဝနှင့် မြင်နေရသည်လား။

ဒါမှမဟုတ်. .

မီးလောင်သေဆုံးပြီး တစ္ဆေသရဲ ပရိစ္ဆာဥ်သားဘဝနှင့် သူခင်တွယ်ရာ သချိုင်းသုသာန်များမှာ ခရီးလှည့် ကိုယ်ထင်ပြနေရော့သလား။

ဦးသန်လျက်က အဘွားကြီးကို မြင်လိုက်သောအခါ ဝမ်းသာသွား၏။ ချိန်ထားသည့်သေနတ်ကို ပြောင်းစိုက်၍ အချက်ပြလိုက်သည်။

"ရှူး. . ရှူး. ."

"ကူ. . ကူ. . ကူး. . ကူး. ."

"ကူ. . ကူ. . ကူး. . ကူး. ."

"ကူ. . ကူ. . ကူး. . ကူး. ."

ကျွန်တော်တို့ ကြောက်လန့်သလိုနှင့် အံ့ဩနေစဉ်မှာပင် ဦးသန်လျက်က ဒူးထောက်ပြီး ချိုးကူသံသုံးကြိမ် အချက်ပေးလိုက်သောအခါ သချိုင်းဂူပျက်ကြီးပေါ်မှာ ပရက,ကြိုးကို က,နေသော အဘွားကြီးသည် နားတစ်ချက်စွင့်သလိုလုပ်ပြီး ကျွန်တော်တို့ရှိရာသို့ ရှေးရှုစိုက်ကြည့်နေ၏။

ပြီးနောက် လက်ဝါးနှစ်ဖက်ထောင်ပြလိုက်ရာ ဖြိုးခနဲပေါ်လာသည့် လရောင်နှင့် သူမ၏လက်ဝါးနှစ်ဖက်မှ အလင်းပျပျနှစ်ခုသည် ထူးဆန်းစွာပေါ်လာရကား ကျွန်တော်နှင့်ချစ်စရာတို့ လက်တို့ပြီး ကြက်သီးများထကာ ခေါင်းနားပန်းများ ကြီးကုန်ကြလေသည်။

သည့်လို ထူးဆန်းသောမိန်းမကြီးလက်ဝါးမှ အလင်းတန်းပေါ်လာသည်ကို တစ်ခါက ပင်လယ်ကမ်းခြေညဦးမှာ ကျွန်တော်တို့မြင်ခဲ့ဖူးသည်။ ပင်လယ်ကိုမျက်နှာမူ၍ သို့ကလိုလုပ်ပြလိုက်ရာ ပင်လယ်ထဲမှ မီးလုံးလိုလို



www.burmeseclassic.com

www.burmeseclassic.com

အရာများ ပြန်ပေါ်လာပြီး မည်းမည်းကြီးများ လှေနှင့်ချဉ်းကပ်၍ ကမ်းပေါ်တက်လာသည်ကို ထူးဆန်းအံ့ဖွယ် ကျွန်တော်တို့မြင်ပြီး ပြေးခဲ့ရဖူးသည်။ ရေအောက်တစ္ဆေများ(ပင်လယ်မကောင်းဆိုးဝါးများလား မဝေခွဲနိုင်ခဲ့။

သည်မှာပဲ ဦးသန်လျက်က ဖက်ရွက်နုအညွန့်ကို ပါးစပ်မှာတပ်၍ မှုတ်ပြလိုက်သည်။

"ဗျို. . ဗျို. . ပီ. . ပီ. ."

"ပီ. . ပီ. . ဗျို. . ဗျို. ."

ချေအော်သံလိုလို၊ ဝီစီမှုတ်သံလိုလို အသံပေါ်လာသောအခါ ဂူကြီးပေါ်မှ ဒေါနန်းအိမ်ကြီးဆိုသော အဘွားကြီးသည် လက်နှစ်ဖက်နှင့် ကျွန်တော်တို့အားလုံးကို ညို့ခေါ်သလို လက်ယပ်ခေါ်လိုက်ပြီး လက်ခုပ်သုံးချက်ကို တီးလိုက်သည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း. ."

"ဝုန်း. ."

"အည်း. . အည်း. . ဟင်း. . ဟင်း. ."

"ဟာ. ."

"ဟ. . ဟ. ."

"သရဲ. . သရဲတွေဗျ"

"ရှူး. . တိုးတိုး. . အသံမထွက်ကြပါနဲ့"

လက်ခုပ်သံဆုံးသည်နှင့် မြေပုံဟောင်းများကြားမှ ဆံပင်ဖားလျားနှင့် မည်းမည်းအကောင်ကြီးသုံးကောင် ခေါင်းကျင်းထဲမှထလာသည်ကို အံ့ဖွယ် ကြောက်ခမန်းမြင်လိုက်ရသောအခါ အချို့က ရိုင်ဖယ်သေနတ်များ မောင်းတင်၍ ထိုးချိန်လိုက်ကြသည်။

သည်မှာ ဦးသန်လျက်က လက်ဝါးကာ၍ တားလိုက်သည်။ မြေပုံကျင်းထဲက မည်းမည်း၊ ခေါင်းကြီးကြီး၊ သရဲလိုလို တစ္ဆေလိုလိုမျိုး အကောင်ကြီးသုံးကောင်သည် ကျွန်တော်တို့ရှိရာသို့ စူးစူးစိုက်စိုက် အကဲခတ်သလိုကြည့်နေရာမှ ခေါင်းပျဉ်ကြီးများကို ခေါင်းပေါ်မှာ ကိုယ်စီရွက်ကာ အဘွားကြီးဒေါနန်းအိမ်ကြီးအနီးမှာ သွားစုဝေး၍ ရပ်ကြည့်နေကြ၏။

အဘွားကြီးက သရဲတစ္ဆေသုံးကောင်ကို ဘယ်လိုပြောလိုက်လို့လဲ မသိ။ တစ္ဆေသုံးကောင်သည် ခေါင်းပျဉ်ချပ်များကို သချိုင်းမြေပေါ်မှာ ပစ်ချခဲ့





ကာ ထူးဆန်းသောမီးတောက်မီးလျှံ သေရွာပြန်အဘွားကြီးနှင့်အတူ သချိုင်းကုန်းအတွင်းမှ တရွေ့ရွေ့ထွက်ခွာသွားကြလေသည်။

"သွားကြပြီဗျ"

"ဟုတ်တယ်. .။ သွားကြပြီ"

"ဦးသန်လျက်. . အဲဒါ. . အဲဒါ. . ဘာ. . ဘာတွေလဲဟင်"

"တစ္ဆေတွေ နေမှာပေါ့ဗျာ"

"တစ္ဆေ. . ဘုရား. . ဘုရား. ."

"လာ. . ဝင်ကြမယ်ဟေ့။ ကျန်လူတွေ ကင်းဖြန့်စောင့်ကြ"

ဦးသန်လျက်၏ရဲဘော်များက လက်နက်ကိုယ်စီနှင့် သချိုင်းဝန်းကျင်အနှံ့ကို ဖြန့်ကျက်နေရာယူထားလိုက်ကြသည်။

သည်မှာ ဦးသန်လျက်က ထူးဆန်းသော ကဝေလိုလို၊ စုန်းမကြီးလိုလို သေရွာပြန်မိန်းမကြီးရပ်ခဲ့သည့် ဂူဟောင်းဂူဆွေးကြီးကို အသေးစားလက်နှိပ်မီးနှင့် ထိုးကြည့်လိုက်သည်။

ဂူမျက်နှာစာမှာ ထုံးနှင့်ရေးသားစီရင်ထားသော တစ်ထွာသာသာခန့် အင်းစမကွက်ညစ်ပေပေကို ကျွန်တော်တို့မြင်လိုက်ရသည်။ ဦးသန်လျက်သည် ခေါင်းတစ်ချက် ကျေနပ်စွာညိတ်လိုက်ပြီး ဆွေးမြည့်နေသောဂူပေါက်မှ အုတ်ခဲများ၊ မြေစာများကို အတန်ကြာဖယ်လိုက်သောအခါ ဂူပေါက်ပွင့်သွား၏။ ဂူပေါက်သည် လူတစ်ကိုယ်စာ ဝင်၍ရသွားခဲ့ပြီ။ သည်မှာ အထဲကို မီးနှင့်ထိုးကြည့်လိုက်ပြီး သူကိုယ်တိုင်ဝင်သွားခဲ့သည်။

"တစ်ယောက်ဝင်ခဲ့ဟေ့"

"ငထိန်. . မင်းဝင်သွားလိုက်"

အစ်ကိုညွန့်မောင်ကြီး အမိန့်စကားကြောင့် ကျွန်တော် ဂူပေါက်ထဲသို့ ကုန်း၍ဝင်လိုက်သောအခါ အထဲမှာ မြေအောက်သို့သွားသည့် မြေကျင်းလှကားထစ်ငါးထစ်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသည်။ ဦးသန်လျက်က ပြေး၍ ရှေ့ကသွားနေ၏။ သုံးလေးမိနစ်ခန့်ကြာသောအခါ ဂုံနီအိတ်၊ ပလတ်စတစ်အိတ်များဖြင့် ပတ်ထုပ်ထားသည့် ပစ္စည်းများကို မြင်လိုက်ရ၏။ ဦးသန်လျက်က ကြိုးကိုဖြေ၍ ကြည့်လိုက်သည်။

"ဟာ. ."

"ရှူး. ."


www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်ကား လက်နက်များ. . ။ ရိုင်ဖယ်၊ စတင်းဂန်းနှင့် ဘရင်းဂန်းသေနတ်များအပြင် လက်ပစ်ဗုံးများကိုပါ ကျွန်တော် တွေ့လိုက်ရပြီ ရင်များခုန်၍ တုန်နေ၏။

"အပေါ်ကို တစ်ခုချင်းသယ် မောင်နေမင်းထိန်"

"ဟုတ်ကဲ့ခင်ဗျ"

ကျွန်တော် လက်နက်များကို တစ်ခုချင်း၊ နှစ်ခုချင်းသယ်၍ အပြင်သို့ ပို့ပေးလိုက်၏။ အပြင်မှာစောင့်နေကြသည့်သူများကလည်း အံ့ဩဝမ်းသာနှင့် လက်နက်မျိုးစုံကို သယ်ကြ၊ လွယ်ကြ၊ ထမ်းကြသည်။

ကျည်ဆန်သေတ္တာများကို အတော်မ,ယူရသည်။ လက်ပစ်ဗုံးများကလည်း မနည်း။ နာရီဝက်ခန့်သယ်ပြီးမှ ပစ္စည်းများအားလုံး အကုန်အစင် ရခဲ့ပြီး ကျွန်တော်တို့လူစု ရဲဘော်များ၊ သန်းခေါင်အကျော်မှာ မီးပြပင်လယ်ဝ သချိုင်းမှ လျှို့ဝှက်စွာထွက်လာခဲ့ကြသည်။

သည်လိုသဏ္ဍာန်မျိုးနှင့် ထပ်တူထပ်မျှတူသော ချောက်ချားစရာ အဖြစ်များနှင့်အတူ ဒေါ်နန်းအိမ်ကြို့လျှို့ဝှက်နေထိုင်ရာ . . . . . . သချိုင်း . . . . . . . သချိုင်းဂူဟောင်းနှင့် မြေပုံကျင်းများထဲရှိ ခေါင်းများအတွင်းမှ ရိုင်ဖယ်သေနတ်အပါအဝင် လက်နက်မျိုးစုံ၊ ကျည်ဆန်မျိုးစုံနှင့် လက်ပစ်ဗုံး များကို ရခဲ့လိုက်ကြသောအခါ. .

ကျွန်တော်တို့ ဒေသခံတော်လှန်ရေးသမားများအားလုံး ပင်လယ် ကမ်းခြေ မုတ္တမအနီးရှိ တောထဲ၌ စစ်သင်တန်းများ အရေးပေါ် သင်ကြား ခဲ့ကြရသည်။ စစ်ပြန်ရဲဘော်ဟောင်းကြီး ဦးအာဋ္ဌဝကနှင့် ရဲဘော်များက လက်နက်ကိုင်တွယ်နည်းများကို နေ့ရော၊ ညပါ ဖိဖိစီးစီးသင်ကြားပေးခဲ့ကြ ရကား ရက်ပိုင်းအတွင်း ကျွန်တော်တို့အားလုံး ကူးတို့လှေသမား၊ ယာသမား လယ်သမား၊ တံငါရေလုပ်သားဘဝမှ နယ်ချဲ့ကို ဆန့်ကျင်တော်လှန်သည့် တော်လှန်ရေးသမားများဘဝသို့ ချွေးသံရွှဲရွှဲ၊ သတ္တိရဲရဲနှင့် ရောက်ရှိ၍သွား ကြတော့သည်။

❀ ❀ ❀

၃၁

# လေထဲကပျံသန်းလာသည့် လျှို့ဝှက်စားမြောင်နှစ်ချောင်း

တော်လှန်ရေးရက်များ နီးကပ်လာလေ၊ ကျွန်တော်တို့သွေးကြော များ ထောင်လာလေဖြစ်၏။ အားလုံး၏မျက်နှာပေါ်မှာ ရဲစိတ်ရဲမာန်နှင့် သွေး ကြွနေကြသည်။

သည်အချိန်မှာပဲ ပြဿနာကြီးတစ်ခု ပင်လယ်ကမ်းခြေမှာ ပေါ် တော့သည်။ အံ့ဩစရာတွေက တစ်ခုပြီးတစ်ခုကို ဖြစ်နေသည်။

ပင်လယ်ကမ်းပါး ကုန်းတစ်နေရာမှာ ထူးဆန်းသောအဘွားကြီး ဒေါ်နန်းအိမ်ကြို့ နေထိုင်သည်။ သူ့ကို ဂျပန်ကင်ပေတိုင်စကားပြန် မိုးကြိုး မိုင်းက လျှို့ဝှက်ချောင်းမြောင်းနေသည်မှာ အတန်ကြာခဲ့ပြီ။

သည်နေ့တော့ ဘာသတင်းရလို့လဲ မသိ၊ အနီးနားရှိ ကျေးရွာ လူကြီးအချို့ကိုခေါ်ပြီး ဒေါ်နန်းအိမ်ကြို့တဲကို ဂျပန်ကင်ပေတိုင်အဖွဲ့နှင့် နံနက်အရုဏ်တက်မှာ ဝိုင်းလိုက်ကြသည်။

သတင်းပေးတစ်ဦး၏အဆိုအရ သည်တဲထဲသို့ မသင်္ကာစရာ အဘွား အိုကြီး ညဦးသန်းခေါင်ကျော်၌ ဝင်ရောက်အိပ်စက်နေသည်ဟုဆို၍ နံနက် အရုဏ်တက်မှာ ဝင်ဝိုင်းခဲ့ကြခြင်းဖြစ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွာခံလူကြီး ဦးရွှေမောင်းပြန်ပြောချက်အရ ဂျပန်ကင်ပေတိုင်ဗိုလ်ကြီး ယာမာတိုတိုနှင့် စကားပြန်မိုးကြိုးမိုင်းတို့ဦးဆောင်ပြီး ဂျပန်စစ်သားများနှင့် ဝိုင်းထားကြသည်။

"အဘွားကြီး ဒေါ်နန်းအိမ်ကြို့.."

"ဗျို့..အဘွားကြီး။ တံခါးဖွင့်လိုက်စမ်း"

အထဲက မည်သို့မျှ ထူးသံမကြားရ၊ နောက်ထပ် တဲတံခါးကိုလှုပ်၍ခေါ်သည်။ ပြန်ထူးသံ မကြားရ။ သည်မှာပဲ ယာမာမိုတိုနှင့် စကားပြန်မိုးကြိုးမိုင်းတို့က တံခါးကို ဆောင့်ကန်ဖျက်ခိုင်းပြီး အထဲသို့ဝင်လိုက်ကြစဉ်မှာပင်..

"အုန်း.."

"ဝုန်း.."

"ဖြောင်း.."

"အား..ယိုယို.."

"အား..ရား..ရား.."

"အမလေးဗျ.."

တဲအတွင်းမှ ကျယ်လောင်မြည်ဟည်းလှသော ပေါက်ကွဲသံကြီးကြားလိုက်ရပြီး ရှေ့မှဝင်သွားသည့် ဂျပန်စစ်သားသုံးဦးနှင့်အတူ တဲတစ်ခုလုံးလေထဲမှာ မြောက်ပင့်ကွဲလွင့်ကာ တစ်စစီဖြစ်သွားခဲ့သည်။

ဂျပန်ကင်ပေတိုင်စစ်ဗိုလ် ယာမာမိုတိုလည်း နားရွက်ပြတ်၍ အကျီများစုတ်ပြတ်ပြီး သွေးသံရဲရဲနှင့် အဝေးသို့လွင့်စင်သွားခဲ့သည်။ ဂျပန်စကားပြန်မိုးကြိုးမိုင်းကား ညာလက်ချောင်းများပြတ်၍ မြေပြင်မှာလူးလွန့်နေသည်။

ဂျပန်စစ်သားများသည် ရမ်းသမ်း၍ သေနတ်များနှင့် ဝိုင်းပစ်နေကြသည်။ သူတို့အဆိုအရ မီးလျှံမီးတောက်နှင့် အခိုးအငွေ့များကြားမှာ ဆံပင်ဖားလျားနှင့် လူတစ်ဦးကို မြင်ရ၍ဟု ဆိုကြသည်။

ဦးရွှေမောင်းတော့ မမြင်ရပါ..တဲ့။

အဆုံးသတ်ပြောရလျှင် ဂျပန်ကင်ပေတိုင်နှင့် စစ်သားများ တဲအတွင်း မြေကြီးထဲမှာမြှုပ်ထားသည့် လျှို့ဝှက်မိုင်းကို နင်းမိပြီး ငါးယောက်သေကာ ယာမာမိုတိုနှင့် စကားပြန်မိုးကြိုးမိုင်းတို့ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့ရလေသည်။

ထိုနေ့နံနက်ကစပြီး ရွာဝန်းကျင်များကို ဂျပန်စစ်သားများ တစ်အိမ်တက်တစ်အိမ်ဆင်း ဝိုက်စိပ်တိုက်၍ရှာသည်။

အဘွားကြီးဒေါ်နန်းအိမ်ကြို့ကို မေးသည်။

မရလျှင် ရိုက်နှက်ကြသည်။

"ဘိရုမာ မိန်းမကြီးကို သိတယ်ကား"

"မသိပါ.."

"ဖြန်း.."

"အား.."

"သေနတ်ရှိတယ်ကား.."

"မရှိပါ မာစတာ"

"ဖြောင်း..ဖြောင်း.."

"အာ..အ..အ.."

"အားလုံး မသိတကား"

"မ..မသိ.."

"ဒိုင်း.."

"အာ..အစ်..အ..အ.."

နှိုးရာလူကို မေးမရလျှင် နောက်ဆုံး အဆုံးစီရင်ကြတော့သည်။ ရွာသူရွာသားတို့သည် ခုတော့ ပင်လယ်ကွေ့မှတ္တမရှိရာသို့ ပြေးကြပြီ။

တစ်နေ့ ဦးသန်လျက်က ကျွန်တော့်ကိုခေါ်၍ တာဝန်တစ်ခုပေး၏။

"မောင်နေမင်းထိန်.."

"ခင်ဗျာ..အဘ"

"မင်းကို လျှို့ဝှက်တာဝန်တစ်ခု ပေးစရာရှိတယ်"

"ပေးပါ အဘ"

"ဒီကိစ္စက သိပ်ကိုအရေးကြီးတယ်။ တော်ရုံလူကို အဘမခိုင်းချင်ဘူး။ လျှင်မြန်ပါးနပ်ပြီး ဒေသကျွမ်းသူ၊ ရဲရင့်သူမှ ဖြစ်မှာမို့ မင်းကို သီးသန့်ခေါ်ပြီး တာဝန်ပေးရတာ..။ နားလည်လား.."

"ဟုတ်ကဲ့.."

"မင်းလုပ်ရမယ့်အလုပ်က အခု ဂျပန်ကင်းစခန်းချထားရာ ပင်လယ်ပင် သံတဲရဲ့ ကင်းအခြေအနေကို လျှို့ဝှက်စုံစမ်းကြည့်ရှုပါ။ ဂျပန်စစ်သား အရေအတွက်၊ လက်နက်ပြင်ဆင်ထားမှုအနေအထား၊ အဝင်အထွက်လမ်းကြောင်း







www.burmeseclassic.com

www.burmeseclassic.com

နဲ့ သူတို့လှုပ်ရှားမှုများ အားလုံးပဲ။ စွန့်စားရမှာပဲ။ တကယ်လို့ မင်းကို မသင်္ကာလို့ ဖမ်းမိသွားရင်တော့..''

သည်မှာ ဦးသန်လျက်က ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး..

''ငါတို့တော်လှန်ရေးသမားများရဲ့ အနေအထား၊ လှုပ်ရှားမှုများကို ဘယ်လိုမှ မဖော်ပြောပါနဲ့။ ဖြစ်နိုင်ရင် နှုတ်လုံ့စွာနဲ့ အသက်ကိုစွန့်ခဲ့ပါ''

''ကောင်းပါပြီ အဘသန်လျက်။ ကျွန်တော် တိုင်းပြည်နဲ့လူမျိုး အတွက် မြတ်သောသေခြင်းနဲ့ ဘဝကို ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားပါ့မယ်။ စိတ်ချ..''

''သွား..။ မင်း ဘာလက်နက်မှ ယူမသွားနဲ့''

''ဟုတ်ကဲ့..''

ကျွန်တော် ကွန်တစ်လက်ကိုယူ၍ ခန္ဓာကိုယ်ကို ရွှံ့များသုတ်လိမ်းပြီး ဂျပန်များကင်းစခန်းချရာ ပင်လယ်ကမ်းစပ် သံတဲရွာရှိရာသို့ တစ်ကိုယ်တည်း ထွက်ခဲ့လိုက်သည်။

လွယ်ပလိုင်းထဲမှာလည်း ငါးအရှင် ပုစွန်အရှင် အနည်းငယ်ထည့်၍ မီးပြမှသည် ဖွဲပါကုန်းတန်းကိုဖြတ်၍ လာခဲ့လိုက်သည်။

သည်ဝန်းကျင်မှာ လူနေအိမ်များ မရှိ။ မီးလောင်ငုတ်တို တဲအိမ် များပဲ ရှိသည်။

ဖွဲပါကုန်းတန်းသို့ ရောက်သောအခါ..

''ဟိတ်.. ရပ်လိုက်''

ဘုရား.. ဘုရား.. သံတဲကိုမှ မရောက်သေး။ ရန်သူနှင့် တန်းတိုးနှင့် တူပါရဲ့။

သို့နှင့် ဟန်မပျက် ရပ်လိုက်သည်။ သည်မှာ အသားညိုညိုမြင့်မြင့် နှင့် လူတစ်ဦး သေနတ်ကိုချိန်၍ မိမိရှိရာသို့လာနေ၏။

''နေမင်းထိန်ဆိုတာ မင်းမဟုတ်လား''

''ဗျာ..''

''ငါမေးနေတယ် ကိုယ့်လူ။ နေမင်းထိန်ဟာ မင်းမဟုတ်လား''

''ဟုတ်ကဲ့ ခင်.. ခင်ဗျ.. နောင်.. နောင်ကြီး''

''ဟား.. ဟား.. ဟား.. ဟား.. မင်းကို ငါလိုက်ရှာနေတာ ကြာလှ ပေါ့ ကိုယ့်လူရာ။ တွေ့မယ်ပြင်လိုက်၊ အခွင့်က မသာလိုက်..။ အခုမှပဲ ဆုံရတော့သကွာ။ မင်း ငါဘယ်သူလဲသိလား.. ပေါ့ကောင်''





''ဟင့်အင်း.. မသိပါဘူးခင်ဗျာ''

''မိုက်ခဲတားမကြီးဆိုတာ ငါပဲ ကိုယ့်လူရေ''

''ဗျာ.. မိုက်ခဲတားမကြီး''

''ဟား.. ဟား.. ဟား.. ဟုတ်ပါ့ကိုယ့်လူရာ။ ငါတို့ရဲ့ဆရာ ချစ်တီး နဲ့ချစ်မီးကို လှို့ဝှက်လုပ်ကြံသတ်ဖြတ်ခဲ့တာ မင်းမဟုတ်လား''

''အို.. မ.. မဟုတ်ဘူး.. မဟုတ်ဘူး..''

''ပေါ့ကောင်.. ချစ်တီးကို သေနတ်နဲ့ပစ်သတ်တာ မင်းမဟုတ်ရင် ဘယ်သူလဲ''

''မသိဘူး..''

''ဖောင်း..''

''အား..''

''ဖုန်း..''

''အင့်..''

လက်ဝါးတစ်ချက်နှင့် လက်သီးတစ်လုံးက ကျွန်တော့်မျက်နှာနှင့် အရိုက်သို့ တန်းဝင်လာရကား လူချာချာလည်သွားခဲ့ရ၏။

''အေး.. မင်းမှာ သေနတ်မရှိလို့ ငါတို့ဆရာကြီး ချစ်တီးကို မင်း သတ်တာမဟုတ်နိုင်ပေမယ့် ချစ်မီးကိုသတ်တာ မင်း.. မင်းကွ''

''ဒါ.. ဒါလည်း.. မ.. မဟုတ်ဘူး.. မဟုတ်ဘူး..''

''ဒီမှာ ကိုယ့်လူ..။ အရှူးမလေးနဲ့ မင်းနဲ့က သမီးရည်းစားလို နေကြတာ။ ငါတို့ဆရာ ချစ်မီးက အရှူးမလေးကို သူ့ဝါသနာအရ တိုက်ပျက် ထဲမှာ ဟိုဒင်းလည်းပြုရော မင်းရောက်လာပြီး ဓားနဲ့ထိုးသတ်သွားတာ''

''ဟာ.. လုံးဝ.. လုံးဝမဟုတ်..''

''ဒီမှာ ငထိန်..။ မင်း ငြင်းလို့မရဘူး။ ငါတို့ဆရာကိုသတ်တာ မင်းကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ဘူး။ ဒါကြောင့် ငါတို့ဆရာကြီး ချစ်တီးနဲ့ ချစ်မီးအတွက်.. ကိုင်း..''

''ကလစ်..''

''မ.. မလုပ်ပါနဲ့ဗျာ..။ ကျွန်တော်.. မ.. မဟုတ်..''

''ဟား.. ဟား.. ဟား.. ဟား.. လူဟာ ကိုယ်သေလှည့်ကျရင် ဒီလိုပဲ။ သွေးရူးသွေးတန်း ဖြစ်စမြဲပါကွာ။ မင်းလို အချစ်သူရဲကောင်းတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

အတွက် နောက်ဆုံးဂုဏ်ပြုမင်္ဂလာလက်ဖွဲ့က ဟောဒီလို..”

“မ..မလုပ်..”

သူက ခြောက်လုံးပြူးသေနတ်ကိုမြှောက်၍ ကျွန်တော့်နဖူးတည့်တည့်သို့ချိန်ပြီး ခလုတ်ပေါ် လက်ညှိုးတင်၍ ကွေးညွှတ်ရန် ပြုလိုက်သည်။

“ဝီး..”

“ရှီး..”

“ဝှစ်..”

“ဒုတ်..”

“အား..”

“ဟာ..”

လေထဲမှ ဝိတ်းတစ်ကောင်ဖြတ်လာသကဲ့သို့ အသံတစ်ခုကြားလိုက်ရပြီးနောက် သေနတ်ကို တစ်ဖြောင့်ထိုးချိန်နေသည့် လူဆိုးကြီး မိုက်ခဲ ဓားပြကြီး၏လည်မျိုကို ဓားမြှောင်တစ်ချောင်း စူးနစ်ဝင်သွားကာ အားခနဲ အော်ရင်း တစ်ပတ်လည်သွားပြီး သေနတ်ကိုထပ်အမြှောက်...

“ဝီး..”

“ရှီး..”

“ဖောက်..”

“အား..အ..အ..”

နောက်ထပ်ဓားမြှောင်တစ်ချောင်းသည် မိုက်ခဲဓားပြကြီး၏ရင်ဝ တည့်တည့်သို့ တစ်ဆုံးနစ်ဝင်သွားကာ လက်မှ ခြောက်လုံးပြူးသေနတ် လွတ်ကျသွားပြီး မိုက်ခဲကြီး မြေပြင်သို့ မှောက်လျက်လဲကျ အသက်ထွက်သွားတော့သည်။

ကျွန်တော် အံ့သြလွန်း၍ အရပ်လေးပါးကို ချက်ချင်း မျက်စိကစားလိုက်သည်။ ချုံများ၊ ဝါးပင်များ၊ သီဟိုဠ်ပင်များပဲရှိပြီး လူရိပ်လူယောင်ကို မမြင်ရ၊ ပင်လယ်လေကား တဝီးဝီးတိုက်ခတ်နေဆဲ။

သစ်ပင်သစ်ရွက်များ၊ သစ်ဖျားများ နတ်ပူးသလို က,နေကြဆဲ။

ကျွန်တော့်အသက်ကို ကယ်သွားတာ ဘယ်သူလဲ..။ ကျွန်တော် သိချင်နေသည်။ အနီးဝန်းကျင်မှာ လိုက်ရှာကြည့်သည်။ ဘာဆိုဘာမျှမရှိ။

နောက်ဆုံး လမ်းသွားလမ်းလာတစ်စုံတစ်ဦး မမြင်ရခင် လူဆိုး





မိုက်ခဲကြီး၏အလောင်းကို ဝါးရုံအောက်သို့ ဆွဲယူရွှေ့ထားခဲ့ပြီး သဲတဲပင်လယ် ကမ်းခြေရှိ ဂူပန်ကင်းစခန်းဝန်းကျင်သို့ ငါးရှာ၊ ဖားရှာဟန်ဖြင့် ထွက်လာခဲ့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၃၂
# ကဝေပျံကလဲ့စား

တော်လှန်ရေးကား စပြီ. . ။

မတ်လ (၂၆) ရက်နေ့. . ။

ရည်မှန်းချက်က (၂၇) ရက်နေ့. . ။

သို့သော် ကြမ္မာရှိုင်းလား. . မှန်တိုင်းလား. . ၊

မုံလုံအလှည့်လား. . ငါးမျှအလှည့်လား မသိ. . ။ အလှည့်က သင့်ခဲ့ပြီ။

ထူးဆန်းသောအဘွားကြီး ဒေါ်နန်းအိမ်ကြို့၏ လျှို့ဝှက်ရှိနေရာကို ဂျပန်ကင်ပေတိုင်အဖွဲ့က ခြေရာကောက်မိသွားခဲ့ပြီ။

ဒေါ်နန်းအိမ်ကြို့ကား ရဟန်းသံဃာမရှိဘဲ စွန့်သွားသည့် ဘုန်းကြီးကျောင်းတစ်ကျောင်းပေါ်မှာ ရောက်နေသည့်သတင်းကို သူတို့ အတိအကျ သိသွားခဲ့သည်။ ဂျပန်တပ်စိတ်က ဘုန်းကြီးကျောင်းကိုဝိုင်း၍ လက်နက်မျိုးစုံနှင့် ပစ်ကြသည်။

သေနတ်သံများ ဆူညံနေသည်။

"စိုးမြအိမ်. . နင်ထွက်ခဲ့"





"ဒိုင်း. . ဒိုင်း. ."

"စိုး. . မြ. . အိမ်. . ထွက်ခဲ့နော်"

ဂျပန်စကားပြန် မိုးကြိုးမိုင်းက ချိုင်းထောက်ကြီးထောက်၍ အော်ခေါ်နေသည်။ ဘုန်းကြီးကျောင်းထဲမှ ပြန်ထူးသံမကြားရ။ ကျွန်တော်တို့ ခပ်လှမ်းလှမ်းမှ ပုန်းလျှိုး၍ အခြေအနေကို ကြည့်နေကြသည်။

"စိုးမြအိမ်. . ထွက်ခဲ့လေ. . ။ ပြောတာ မရဘူးလား"

"ဒိုင်း. ."

'စိုးမြအိမ်' ဆိုပါလား. . ။ 'စိုးမြအိမ်' ဆိုတာ ဘယ်သူ့ကို ပြောခေါ်နေတာလဲ။ အထဲမှာရှိနေတာ ဒေါ်နန်းအိမ်ကြို့. . ။ ဒေါ်နန်းအိမ်ကြို့အမည်က 'စိုးမြအိမ်' လား. . ။

သည်မှာ စကားပြန်မိုးကြိုးမိုင်းက ဂျပန်မျက်စိကန်းစစ်ဗိုလ်ကို ဂျပန်လိုပြောလိုက်ရာ ဂျပန်စစ်ဗိုလ်က အနီးရှိ တပ်ကြပ်ကြီးတစ်ဦးကို အမိန့်ပေးလိုက်သည်။

"ဗိုင်းယား. ."

"ထိန်း. ."

"ဝုန်း. ."

"ဟာ. ."

"ဗိုင်းယား. ."

"ဖောင်း. . ထိန်း. ."

"ဝုန်း. . အုန်း. ."

လောင်မီးသေနတ်နှင့် တူရဲ့။ ပစ်လိုက်သည့် သေနတ်သံအဆုံးမှာ ဘုန်းကြီးကျောင်းကြီး မီးစွဲလောင်သွားသည်။ ရှေးဟောင်း ကျွန်းလက်ရာနှင့် အကျအနဆောက်ထားသည့် ဘုန်းကြီးကျောင်းအိုကြီးသည် မီးပန်းလောင်မီးသေနတ်နှင့် အချက်ပေါင်းများစွာ ဝိုင်းပစ်လိုက်သောအခါ မီးတောက်မီးလျှံများစွဲပြီး အရှိန်ပြင်းစွာ တောက်လောင်လျက်ရှိနေသည်။

မီးများလွန်း၍ ဘယ်သူမှ အနီးသို့ မကပ်ရဲ။

သည်မှာပဲ မီးညွန့်မီးလျှံများအကြားမှ သိမ်းငှက်တစ်ကောင်လို အရာတစ်ခု ခုန်ပျံကျလာခဲ့၏။

"ဗြိတ္တာရာသီးဖွားတဲ့ဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်ပိုလ်နှင့် စကားပြန်အပါအဝင် စစ်သားများ ကြောင်၍ကြည့် နေဆဲမှာပင် သိမ်းငှက်လို ခုန်ပျံကျလာသည့် မိန်းမကြီး၏ လက်တစ်ဖက် မြောက်သွားခဲ့သည်။

"ဖိုင်းယား . . ဖိုင်းယား . ."

"ဝုန်း . ."

"အုန်း . ."

"အား . . အား . . အ . . အ . ."

"အ . . ဟိုး . . ဟိုး . ."

"ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း . ."

"ဖောင်း . . ဖောင်း . . ဖောင်း . ."

"ဒက် . . ဒက် . . ဒက် . . ဒက် . ."

လက်ပစ်ဗုံးနှစ်လုံးသည် ဂျပန်စစ်ပိုလ်အဖွဲ့ရှိရာသို့ လျှင်မြန်စွာဝင် လာပြီး ပေါက်ကွဲသွားရာ ဂျပန်စစ်ပိုလ်ရော၊ စကားပြန်ပါ အသား၊ အရိုး တစ်စစီဖြစ်ပြီး လွင့်စင်ပြန့်ကျဲသွားခဲ့သည်။ မီးသေနတ်သမားလည်း လွင့်သွား ခဲ့သည်။

ဂျပန်စစ်သားများ အုပ်ချုပ်သူမရှိသောအခါ ကစဉ့်ကလျား ဖြစ်ကုန် သည်။

"အုန်း . ."

"ဝုန်း . ."

"အား . . အား . ."

နောက်ထပ်လက်ပစ်ဗုံးတစ်လုံး ကျကွဲပြန်သည်။ ဂျပန်စစ်သားများ မိုးပေါ်သို့မြောက်တက်သွားပြန်သည်။ ကျွန်တော်တို့ အံ့သြကြီးစွာ ကြည့်နေ ဆဲမှာပင် ဒေါ်နန်းအိမ်ကြို့သည် ကျားသစ်နက်တစ်ကောင်မြန်နှုန်း၊ ကြောင်မိုး တစ်ကောင်၏လျှင်မြန်နှုန်းဖြင့် မီးညွန့်များကြားမှ နောက်ကျွမ်းပစ်လိုက်ပြီး ပျောက်သွားသည်။

မီးခိုးလုံး၊ ယမ်းမှုန့်နှင့် မြေကြီးမြေစာများ ကျွမ်းထိုး ပလူပျံနေ ခိုက် . .

မကြာခင် ခပ်ကြမ်းကြမ်းသုတ်သုတ် မြင်းခွာသံကြားလိုက်ပြီး မြင်းခွာသံနောက်သို့ ဂျပန်စစ်သားအချို့ပြေးလိုက်၍ ဂျပန်စစ်သုံး ရိုင်ဖယ်





များနှင့် တရကြမ်းလိုက်ပစ်ကြသည်ကို မြင်လိုက်ရသောအခါ . .

မြင်းစီး၍ ကဆုန်စိုင်းနှင်သွားသော ထူးဆန်းသည့် ဤအဘွားကြီး သည် . .

ဒေါ်နန်းအိမ်ကြို့ပဲလား . .

ဒေါ်စိုးမြအိမ်ပဲလား . . ။

ကျွန်တော်တို့အားလုံး မျက်စိအမြင်မှာတော့ ဖက်ဆစ်ဂျပန်အဖွဲ့ တစ်ဖွဲ့ကို တစ်ယောက်တည်း ရဲရင့်စွန့်စားစွာ တိုက်ခိုက်ဖောက်ထွက်သွား သည်ကို ထူးထူးခြားခြား အံ့ဖွယ်ဘနန်းမြင်လိုက်ရသောအခါ . .

ကျွန်တော်တို့လက်မောင်းမှသွေးများ နားထင်သို့တိုင် လျှံတက်၍ လာခဲ့ကြပြီ . . ။

ကျွန်တော်တို့၏ လက်ရုံးများ ခုံးကြွ၍လာခဲ့ကြပြီ . . ။

လက်စသတ်တော့ . .

ကျွန်တော်တို့ ကဝေမကြီး၊ စုန်းမကြီးဟု ထင်ထားခဲ့သော ထူးဆန်းလှသည့် အဘွားအိုသည် . .

www.burmeseclassic.com

www.burmeseclassic.com

## ၃၃
## စုန်းမကြီးရဲ့ ဇာတိမာန်လက်ဆောင်

ကျွန်တော်တို့ ဖက်ဆစ်ဂျပန်များအား တော်လှန်တိုက်ခိုက်ရမည့် သတ်မှတ်ရက်အတိအကျကို လျှို့ဝှက်ရရှိခဲ့ပြီ။

ဤရက်သတ်မှတ်ချက်လျှို့ဝှက်သတင်းအား ကျွန်တော် မြင်းတစ်စီးဖြင့် လျှို့ဝှက်မြေအောက်တော်လှန်ရေးစခန်းများသို့ လိုက်သတင်းပို့ပေးနေရသည်။ ဂျပန်များကလည်း အဘွားကြီးဒေါ်နန်းအိမ်ကြို့အပါအဝင် မသင်္ကာသူများကို ရွာအနှံ့အပြား မြေလှန်၍ ရှာနေကြသည်။ မသင်္ကာသည့်ရွာများကို လောင်ချာများနှင့်ပစ်၍ လောင်မီးသေနတ်နှင့်ပစ်၍ မီးတင်ရှို့ နှိပ်ကွပ်နေရကား ရွာအတော်များများ မီးလောင်ပြင်နှင့် ဟောင်းလောင်းဖြစ်နေ၏။

ကျွန်တော်သည် လျှို့ဝှက်တာဝန်အရ သာယာအေး၊ ပုတ္တလုတ်၊ နှစ်ခွ၊ ရေကျော်၊ ပိုက်စီး၊ စစ်တန်း၊ ရှမ်းချောင်း၊ ကမာကလုတ်၊ ခင်မကော်၊ ခနောင်၊ မြကိုင်း၊ ကင်ပွန်းချုံ၊ ရွာသစ်ကြီး၊ သောင်ကြီး၊ ဝဲကြီး၊ ကြပ်ခလောက်ဆွဲ စသည့်ကျေးရွာများမှ မြေအောက်တော်လှန်ရေးသမားများရှိရာသို့သွား၍ တိုက်ပွဲနေ့ကို လျှို့ဝှက်သတင်းပေးခဲ့သည်။

ပုတ္တလုတ်ကျေးရွာမှအပြန် မရမ်းဘေးကျေးရွာသို့ ပြန်လည်သတင်း





ပို့ရန် မြင်းနှင့်ပြန်လှည့်လာစဉ် မရမ်းဘေးဘုန်းကြီးကျောင်းတောင်ဘက်ရှိ သချိုင်းမှ လှုပ်ရှားသံကို ကြားလိုက်၊ မြင်လိုက်ရ၍ မြင်းကို အသာဇက်သတ်ပြီး ချုံကိုကွယ်လို့ ကြည့်လိုက်သည်။

မရမ်းဘေးမှာ သချိုင်းနှစ်ခုရှိသည်။ မြောက်ဘက်သချိုင်းနှင့် တောင်ဘက်သချိုင်း. .။ မြောက်ဘက်သချိုင်းက သာဂရသချိုင်းနှင့် ချောင်းရိုးကလေးခြားလျက်ရှိပြီး ရွာခံအိမ်ခြေ ငါးဆယ်ကျော်ဝန်းကျင်မှလူများ သေဆုံးက မြှုပ်နှံ၏။

တောင်ဘက်သချိုင်းကား ရွာပြင်တဲအိမ်စုကလေးများရှိ လူများကွယ်လွန်မှ လာရောက်မြှုပ်နှံကြ၏။

မသင်္ကာ၍ မြင်းပေါ်မှ အသာဆင်းလိုက်ပြီး ကုက္ကိုပင်များ မှိုင်းညို့အုံ့ဆိုင်းနေသည့် ဂူများအကြားသို့ ခြေဖော့၍ ဝင်ရောက်လာလိုက်သောအခါ ဘုန်းကြီးပျံအုတ်ဂူနှင့်တူသော စုလစ်မွမ်းချွန်နှင့် ဂူအိုကြီးအတွင်းသို့ ဆံပင်ဖားလျား ယိုင်နဲ့နဲ့ မိန်းမသဏ္ဍာန်လူတစ်ယောက် ဝင်သွားသည်ကို ဝင်လုလုနေရောင်နှင့် မမှုန်လင့်ဘဲ လှမ်းမြင်လိုက်ရ၏။

ဘယ်သူလဲ. .။

အချိန်က ညီအစ်ကိုမသိတသိအချိန်. .။

ကာလကြီးက မီးပေါက်မီးလျှံ စစ်ကြီးကာလ. .။

သူခိုးလား. .။ ဓားပြလား. .။ မသူတော်လား. .။ ဂျပန်သူလျှိုလား. .။ အင်္ဂလိပ်သူလျှိုလား. .။ မကောင်းဆိုးဝါးလား. .။

ကျွန်တော် ဂူအိုဂူပျက်ကြီး အပေါက်နံရွားမှ ခြေဖော့ဝင်ပြီး ချောင်းကြည့်လိုက်သည်။

"အင်း. . အင်း. . အည်း. ."

"ဟီး. . ဟီး. . အင်း. . အည်း. ."

လူတစ်ယောက် ညည်းသံကြီး, .။ ဒဏ်ရာဝေဒနာတစ်ခုခုကြောင့် ညည်းညူနေသည့် အသံမျိုး. .။

ဂူသချိုင်းထဲဖြစ်၍ လူမဟုတ်ဘဲ တစ္ဆေသရဲလည်း ဖြစ်နိုင်သည်။

"အား. . ကျွတ်. . ကျွတ်. . ကျွတ်. ."

"အင်း. . ဟင်း. . ဟင်း. . ဟင်း. ."

"ဖြောက်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဂျောက်. ."

"ဟိတ်. . ရပ်လိုက်"

"ဟယ်. ."

သည်မှာ ကျွန်တော့်ခြေထောက်က သစ်ကိုင်းခြောက်တစ်ခုကို နင်းမိပြီး ကျိုးသွားသည့်အသံထွက်သွားခဲ့ရာ 'ဂျောက်' ခနဲ သေနတ်မောင်းတင်သံနှင့်အတူ အမိန့်ပေးသံတစ်ခု ဟိန်း၍ပေါ်လာပြီး ကျွန်တော် သေနတ်နှင့် အချိန်ခံထားလိုက်ရသည်။

"ရပ်လိုက်နော်. .။ ပစ်ချလိုက်မယ်. .။ နင် ဘယ်သူလဲ"

"ကျွန်. . ကျွန်တော်ပါ အမေကြီး"

အသံရှင်က ထူးဆန်းသောအမေကြီး ဒေါ်နန်းအိမ်ကြို့မှန်း သိလိုက်ရ၍ သိပ်မကြောက်တော့ဘဲ အသံပြန်ပြုလိုက်သည်။

"ရှေ့မတိုးနဲ့. .။ ရှေ့တိုးရင် အသေပဲ။ နင် ဘယ်သူလဲ. .။ မြန်မြန်ပြော. ."

"ကျွန်. . ကျွန်တော်. . နေ. . နေမင်းထိန်. .။ ပန်းတောကျေးရွာက ကူးတို့သမားနေမင်းထိန်"

"နေ. . မင်း. . ထိန်. .။ ငထိန်မဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ. ."

"ဝင်ခဲ့. ."

အသံအနည်းငယ်ပျော့ပျောင်းသွား၍ အထဲသို့ ကျွန်တော်အရဲစွန့်ပြီး ဝင်လိုက်သည်။ အားပျော့ပျော့အလင်းကြားမှ ပစ္စတိုသေနတ်ကိုင်ရင်း တစ်စုံတစ်ခုသောဝေဒနာကို ကြိတ်မှိတ်ခံစားနေရသည့် အမေကြီးဒေါ်နန်းအိမ်ကြို့ကိုမြင်လိုက်ရပြီး ကျွန်တော် လွန်စွာစိတ်မကောင်းဖြစ်သွားခဲ့ရသည်။

"အမေကြီး. ."

"အမေကြီး. ."

"အင်. . ဟင်. . အား. . ကျွတ်. . ကျွတ်. ."

"အမေကြို့. . ဒဏ်ရာရလာသလား"

"အင်း. ."

"ဘယ်နားမှာလဲဟင်. . ဟင်. . အမေကြို့"

"တစ်ကိုယ်လုံးပဲ"





"အို. . ဖြစ်ရလေဗျာ။ ကျွန်တော်. . ဘာ. . ဘာလုပ်ပေးရမလဲဟင်"

"ဟိုဂွပေါက်ကို သံပြားအစုတ်နဲ့ပိတ်လိုက်"

"ဟုတ်. . ဟုတ်ကဲ့. . အမေကြို့"

"မောင်ထိန်. ."

"ဗျာ. . အမေကြို့"

"နင့်မြင်းကို ခြေရာခံမိသွားမယ်"

"ချုံထဲမှာ သေသေချာချာချည်ထားခဲ့ပါတယ် အမေ။ ပြီး... ဒီဝန်းကျင်က စိတ်ချရတဲ့ဝန်းကျင်ပါခင်ဗျ"

ကျွန်တော်က ဂူပေါက်ကို သံပြားဟောင်းနှစ်ချပ်နှင့် ပိတ်လိုက်သည်။ မကြာခင် ဂူအိုကြီးအတွင်းမှာ ကညင်ဆီမီးခွက်အလင်းရောင်ပေါ်လာသည်။

"အို. . ဘုရားရေ"

မြင်ရသည့်မြင်ကွင်းက မရှုရက်စရာပါကလား။ အမေနန်းအိမ်ကြို့ တစ်ကိုယ်လုံးမှာ မီးလောင်ဒဏ်ရာနှင့် အရည်ကြည်ဖုကြီးများ သီးထနေ၏။ တစ်ဖက်သာကျန်သည့် နားရွက်မှလည်း သွေးများစီးယို၍ကျနေ၏။

"ဒဏ်ရာများလှချည်လား အမေ"

"ကိစ္စမရှိဘူး"

အဘွားကြီးက သို့ကလိုပြောပြီးနောက် အထုပ်တစ်ခုကိုဖြေ၍ ဆေးမှုန့်များကို ရေပုလင်းမှရေနှင့် ဖျော်ကာ မီးလောင်အဖုများပေါ်သို့လည်းကောင်း၊ နားရွက်မှ ဒဏ်ရာပေါ်သို့လည်းကောင်း လိမ်းကျံလိုက်သည်။ စပ်သွန်းလို့ထင့်. .။ သားငန်ရည်ရွှဲရွှဲ ဒဏ်ရာများပေါ် ဆေးကျသည်နှင့် စုတ်သပ်ညည်းညူနေ၏။

"မင်းတစ်ယောက်တည်းလား"

"ဟုတ်ကဲ့. ."

"ငါ ဒီမှာရှိတာ ဘယ်သူမှမသိစေနဲ့"

"ဒါနဲ့ အမေကြို့ကို ကျွန်တော်မေးပါရစေခင်ဗျာ"

"ဘာမေးမလို့လဲ"

"အမေကြို့က ဟို. . ဟို. . ဘာ. . ဘာလဲဟင်"

"ငါလား. .။ မင်းတို့ အများထင်နေသလို စုန်းကဝေမကြီးပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မဖြစ်နိုင်ပါဘူး အမေကြီးရာ။ ဒါ. . ဒါက ဟိုတစ်ချိန်တုန်းက အမြင်ပါ။ မနေ့ကမြင်ကွင်းကို ကျွန်တော်တို့အားလုံး မြင်ခဲ့ပြီးပါပြီ အမေကြီးရယ်"

"ဩော်. . မင်းတို့ အားလုံးမြင်သွားခဲ့ကြပြီကိုး"

"အမေကြီးက တော်လှန်ရေးသမားမဟုတ်လား"

"ငါ့ကို ဒါတွေမမေးနဲ့"

အနည်းငယ်မာကျောသောအသံကြောင့် ကျွန်တော်လန့်သွား၏။ သူမသည် ပစ္စတိုသေနတ်မည်းမည်းကြီးကို ခါးကြားမှာထိုး၍ ထရပ်လိုက်ပြီး အပြင်သို့ နားစွင့် ချောင်းကြည့်ပြီးနောက်. .

"လူကလေး. ."

"ဗျာ. . အမေကြီး"

"ဂျပန်ကင်ပေတိုင်စစ်ဗိုလ် ယာမာမိုတိုနဲ့ ဟိုလူယုတ်မာ သစ္စာဖောက် ဂျပန်စကားပြန် မိုးကြိုးမိုင်းဆိုတဲ့ကောင် သေသလား၊ ရှင်သလား"

"သူတို့နှစ်ယောက်ရဲ့ အသားတစ်အသားစကို တစ်ခုစီကောက်ပြီး ဆက်ရင်တောင် လူရုပ်လုံးဝမပေါ်တော့ပါဘူး အမေကြီး"

"ကောင်းလိုက်တာကွယ်. . ။ ငါလုပ်ချင်တာ အောင်မြင်သွားပြီကွယ့်"

"အမေကြီး. ."

"ဘာလဲ. ."

"အမေကြီး. . သင်းတို့ကို ဘာလို့သတ်ရတာလဲဟင်"

"မင်းကိုတော့ ငါယုံကြည်လို့ နည်းနည်းပြောခဲ့မယ် သား။ အဲ ဂျပန်စကားပြန် မိုးကြိုးမိုင်းက သိပ်ကိုရက်စက်ပြီး ကြောက်စရာကောင်းတယ်။ သူဟာ အင်္ဂလိပ်အစိုးရအုပ်ချုပ်တုန်းကလည်း မြေအောက်တော်လှန်ရေး မျိုးချစ်တွေကို ကြိုးစင်နဲ့ ထောင်ကို ရောက်အောင်လုပ်ခဲ့တယ်။ မိန်းမချော ချောလှလှ မုန့်သည်မျှကိုလည်း အလိုတူတူ မတူတူ၊ လင်ရှိရှိ မရှိရှိ ... အာဏာ၊ လက်နက်နဲ့ခြိမ်းခြောက်ပြီး ဖျက်ဆီးခဲ့တယ်။ သူ့ရဲ့အလိုကို မလိုက်ခဲ့ရင် အဲဒီမိန်းကလေးတွေကို ရုပ်ပျက်ဆင်းပျက် ဘဝပျက်သွားအောင် ညှဉ်းပန်းနှိပ်စက်ပြီး ဒုက္ခိတဘဝကို ရောက်အောင်လုပ်ပစ်လေ့ရှိတယ်"

"အဲဒီစကားပြန်က အရင်က ဘယ်မှာနေတာလဲ အမေ"





"ရန်ကုန်. ."

"ဒါဖြင့် အမေကြီးကလည်း ရန်ကုန်ကပဲပေါ့"

"ဟင်. . မင်း အဲဒါမျိုး ငါ့ကိုထပ်မမေးနဲ့ မောင်ထိန်"

"ကောင်းပါပြီ အမေ။ စောစောကဟာ ဆက်ပြောပါ"

"အင်္ဂလိပ်အစိုးရပြေးတော့ ဂျပန်ကင်ပေတိုင်အဖွဲ့နဲ့ပေါင်းပြီး ဂျပန်စစ်သားများအလိုကျ မြန်မာမိန်းကလေးတွေကို ဘဝပျက်၊ မျက်ရည်ကျအောင် လုပ်ခဲ့တယ်။ သူ့ကြောင့် မိန်းမကောင်းအတော်များများ သေတွင်းကို ရောက်ခဲ့ရသလို အင်္ဂလိပ်ခေတ်က အင်္ဂလိပ်အစိုးရအလုပ်ခန့်တဲ့ သူကြည့်မရသူများကိုလည်း သူလျှိုစပိုင်အဖြစ်အမည်တပ်ပြီး ဂျပန်ကင်ပေတိုင်စခန်းက ငရဲခန်းမှာ မချိမဆံ့အသက်ထွက်အောင် လုပ်ခဲ့တယ်။ အခု သူရော၊ ယာမာမိုတိုရော သေသွားပြီ၊ တစ်စစီဖြစ်သွားပြီဆိုတော့ ယမမင်းလည်း ဝမ်းသာရှာမှာပါ။ ငရဲပြည်ကလည်း လှိုက်လှဲဝမ်းသာ ကြိုဆိုဂုဏ်ပြုကြဦးမှာ။ ဒီမှာ မောင်ထိန်. ."

"ခင်ဗျာ အမေကြီး. ."

"ငါ မင်းအကြောင်းကို လေ့လာအကဲခတ်ခဲ့တာ ကြာပြီကွယ့်"

"ဟုတ်ကဲ့. ."

"ငါ. . မင်းရဲ့ ဖွဲ့သတ္တိနှလုံးသား၊ ရင်တွင်းသစ္စာတရားနဲ့ ယုံကြည်ချက်ရှိမှုအတွက် မင်းကို ငါလေးစားတယ်။ အားကိုးချင်တယ်။ မင်းကို ငါ ပစ္စည်းအချို့ အပ်ခဲ့ချင်တယ်။ ဒီပစ္စည်းများအတွက် မင်းတို့လူငယ်တွေအားလုံးနဲ့ မျိုးချစ်တော်လှန်ရေးသမားများ အားလုံးမှာ အကြွေးဆပ်ဖို့ တာဝန်ရှိတယ်။ ခဏလေး. ."

အမေကြီးဟာ သွေးသံရဲရဲ သားဇနိရှည်စေးစေး ဒဏ်ရာများကြားမှ အထုပ်ကြီးတစ်ခုကို မ,ရွှေ့ပြီး ဖြေလိုက်သည်။

"ဟာ. ."

"လန့်သွားသလား လူကလေး"

"ဟုတ်. . ဟုတ်ကဲ့. ."

မြင်လိုက်ရသည်ကား လူဦးခေါင်းခွံငါးလုံး ဖြစ်လေသည်။ အချို့သော လူဦးခေါင်းခွံများမှာ ဆံပင်အချို့ကပ်နေတာ ရှိနေ၏။ ဦးခေါင်းခွံများသည် ညှီစို့စို့အနံ့လည်း နံနေသည်။ ဒါနှင့်အတူ ခေါင်းခွံများပေါ်မှာ ထုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com

အက္ခရာများ . ရေးထိုးထား၏။

"ဒါတွေဟာ ဘယ်သူ့ဦးခေါင်းခွံတွေလဲ . . သိလား"

"ဟင့်အင်း . . မ . . မသိပါဘူးခင်ဗျ"

"ဟောဒီ 'မ. သ' ဆိုတဲ့ အက္ခရာပိုင်ရှင်ဦးခေါင်းက ရွှေမန်ကျည်းရွာက မိုးသောက်ရဲ့ ဦးခေါင်းပဲ"

"ကိုမိုးသောက်ရဲ့ ဦးခေါင်းခွံ . ."

"ဟုတ်တယ် . .။ သူဟာ လူတော်လူကောင်းတစ်ယောက်ပဲ။ ကာကွယ်ရေးသမား မျိုးချစ်လူငယ်ရွာခေါင်းဆောင်ပဲ။ သူ့ကို ဓားပြဗိုလ် ချစ်မိုးတို့အဖွဲ့က သတ်သွားတာ။ သိပ်နှမြောဖို့ကောင်းတဲ့ သူရဲကောင်းတစ်ယောက်ရဲ့ ဦးခေါင်းပဲ။ ဒီဘက်က 'ဖ. သ' ဆိုတဲ့ခေါင်းခွံနဲ့ 'ရ. အ. မ' ဆိုတဲ့ ခေါင်းခွံက ဂျပန်စစ်ပြေးဒုက္ခသည်စခန်းက ဂျပန်ကင်ပေတိုင်နှိပ်စက်လို့ သေသွားတဲ့ မျိုးချစ်ကျောင်းအုပ်ဆရာကြီး ဦးဖေသိန်းနဲ့ ဦးရန်အောင်မြင့်တို့ရဲ့ ဦးခေါင်းခွံတွေပဲ။ ဒီမြေကြီးတွေက သူတို့သင်္ချိုင်းမြေပုံက မြေကြီးတွေ။ သူရဲကောင်း မျိုးချစ်များရဲ့ သတ္တိနဲ့ နှလုံးသားကို ကြည်ညိုလေးစားလွန်းလို့ သူတို့မြေပုံကနေ ငါ သူတို့ဦးခေါင်းနဲ့ မြေကြီးကို ဖော်ပြီး သိမ်းထားခဲ့တာ။ အဲဒါတွေမင်းယူသွားပြီး သိမ်းထား"

"ဗျာ . ."

"အံ့သြနေလား မောင်ထိန်။ မင်းတို့ ဘာလုပ်နေသလဲဆိုတာ ငါအကုန်သိတယ်။ မင်းတို့ မြေအောက်တော်လှန်ရေးသမားအားလုံးကို ဒီမျိုးချစ်အစတေးခံ သူရဲကောင်းများရဲ့ ဦးခေါင်းခွံတွေပြပြီး မင်းတို့အားလုံး ဖက်ဆစ်နယ်ချဲ့၊ အင်္ဂလိပ်နယ်ချဲ့ကို မြန်မာ့မြေပေါ်ကနေ အပြီးတိုင် မောင်းထုတ်မယ်ဆိုတဲ့ ကလဲ့စားချေဂါထာကို မပြတ်ရွတ်ကြ။ ကိုင်း . . ဒါတွေယူပြီး မင်းပြန်တော့"

"အမေကြီး . ."

"ဘာလဲ . ."

"အမေကြီး ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလားဗျာ"

"မလိုပါဘူး လူကလေး။ အမေကြီးရဲ့အလုပ်ကို သမိုင်းက တစ်နေ့သက်သေခံလိမ့်မယ်။ မင်း ဒီကိစ္စနဲ့ပတ်သက်ပြီး နှုတ်လုံပါစေ့ လူကလေး"

"စိတ်ချပါ အမေကြီးရယ် . .။ အမေကြီးရဲ့ဘဝနဲ့ လျှို့ဝှက်ချက်တို





ကျွန်တော် လုံးဝဥဿုံ ဥစုံ အသိမပေးပါဘူး။ အမေကြီး ဘာလဲ၊ ဘယ်လဲ ဘယ်ကလဲ ဘယ်သူမှမသိကြပါဘူး။ အမေကြီးကိုသိတာ စုန်းမကြီး၊ ကဝေမကြီး၊ ဆေးဆရာမကြီး၊ အရူးလိုမိန်းမကြီးအဖြစ်သာ သိခဲ့၊ နားလည်ခဲ့ကြပေမင့် ဒီနေ့ အမေကြီးရဲ့အရှုပ်ထွေးပုံရိပ်အကျဉ်းကို ကျွန်တော် စတင်သဘောပေါက်ခဲ့ရပါပြီ အမေကြီး"

"နားလည်ရင် ပြန်တော့"

"အမေရော အခု ဘယ်သွားမှာလဲ"

"ငါ့အသက်ကို လုံးဝဥဿုံ စတေးစရာရှိတယ်"

"ဗျာ . . အသက်ကို စတေးမယ် . .။ ဘာ . . ဘာအတွက်လဲဟင် . . ဟင် . ."

"တစ်နေ့ စောင့်ပြီးနားထောင်ကြ"

"အမေ့ကို နောက်ဆုံးမေးခွန်းတစ်ခုမေးပါရစေ အမေ"

"ဘာမေးချင်လို့လဲ"

"ဟို . . ဟို . . အရူးမလေး . . ချောစု . . ချောစု . . အခု ဘယ်မှာလဲဟင်"

"ချောစု . ."

"ဟုတ်တယ် . .။ ချောစု ဘယ်မှာလဲ"

"မင်းက အရူးမလေး ချောစုကို သိပ်ချစ်တယ်လား"

". . . . . . ."

"ပြောလေ . .။ ယောကျ်ားပဲ ဥစ္စာ။ ရဲရဲပြောစမ်းပါ"

"ဟုတ် . . ဟုတ်ကဲ့ . .။ ချစ်တယ် . ."

"ဘယ်လောက်အထိ ချစ်နေသလဲ"

"ရင်ပွင့်မတတ်ကို ချစ်ရတာ"

"ဟား . . ဟား . . ဟား . . ဟား . . အဲဒါမျိုးမှ ငါက ကြိုက်တာ။ ဘာတဲ့ . .။ ရင်ပွင့်မတတ် ချစ်တာ . . အင်း . . ရင်ပွင့်မတတ်ချစ်တာ"

အမေကြီးသည် ထိုစကားကို ထပ်ကာတလဲလဲပြောရင်း မျက်နှာညိုးသွားသည်ကို ကျွန်တော်မြင်လိုက်ရသည်။ ချက်ချင်း သူမ၏မျက်နှာပေါ်မှာ အလွမ်းမိုးရိပ်မိုးသားများ ညို့၍တက်လာခဲ့သည်ကို တွေ့လိုက်ရသည်။

"ချောစု . . ချောစု . . ကံကောင်းလို့ပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"အမကြီး . . ချောစု . . ချောစု . . အခု ဘယ်မှာလဲဟင်လို့"

"ငါ . . မ . . သိ . . ဘူး . ."

"ဗျာ . . အမကြီးနဲ့အတူ နေခဲ့ကြ တွဲခဲ့ကြ မဟုတ်လားဗျာ"

"ဟုတ်တယ် . .။ လူဆိုးဓားပြဗိုလ် ချစ်မီး သူ့ကိုအဓမ္မကြံရင်း ချစ်မီးအသတ်ခံရတဲ့နေ့ကစပြီး သူ ပျောက်ခြင်းမလှပျောက်သွားခဲ့တယ်"

"အမကြီး . . ချစ်မီးကို ချောစုသတ်တာလားဟင်"

"အဲဒါ တစ်နေ့ အဖြေမှန် မင်းသိရပါလိမ့်မယ် လူလေး"

"သူ ဘယ်ကိုသွားမယ်လို့ မပြောခဲ့ဘူးလား။ အခု သူရှိသေးလား။ သေပြီလားဗျာ . . ဟင် . .။ ကျွန်တော် သူ့အတွက် အရမ်းခံစားနေရတယ် အမကြီးရယ်"

"သူ သေသလား၊ ရှင်သလား ငါမပြောနိုင်ဘူး၊ ဒါပေမင့် ငါကျိန်း သေပေါက်ပြောနိုင်တာ တစ်ချက်ရှိတယ် လူကလေး"

"ဘာလဲအမေ . .။ ဘာလဲဟင်"

"သူ . ."

"သူ . . ဘာဖြစ်သွားလို့လဲဗျာ"

"သူမက မင်းကို ရင်ပွင့်မတတ်ချစ်ရှာတယ် ဆိုတာပဲ"

"ဗျာ . ."

# ၃၄

# သူရဲကောင်းများရဲ့ အသက်လျှုဒါန်းပွဲ

ဖက်ဆစ်တော်လှန်ရေးကြီး စပြီ . .။

မြန်မာတစ်ပြည်လုံး စိန်ခေါ်သံများ လျှံနေသည်။ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ တောင်ပေါ်၊ မြေပြန့် နေရာအနှံ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဖက်ဆစ်နယ်ချဲ့များကို တွေ့ရာသင်္ချိုင်းဓားမဆိုင်းဘဲ တော်လှန်ကြပါပြီ။

ကျောက်တန်းမြို့ပေါ်မှာ ဗမာ့တပ်မတော်သားများနှင့် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကြီးက သီလဝါရှိ ဖက်ဆစ်ခံတပ်ကို မီးကုန်ယမ်းကုန် ချေမှုန်းပစ်လိုက်ကြသည်။

ကျောက်တန်းမြို့လယ်နှင့် အနောက်ရပ်ကွက်များမှ ဂျပန်စစ်စခန်းများ အရှုးမီးပိုင်းဖြစ်ကုန်ကြသည်။

သန်လျင်မြို့မှ တိုက်ထုတ်လိုက်သည့် ဂျပန်စစ်သားများ သုံးခွ၊ ခရမ်းသို့ ကူးသောအခါ သုံးခွ၊ ခရမ်း၊ ပဲခူး၊ စစ်တောင်းမှ အသေအကြေ တိုက်ကြရကား စစ်တောင်းမြစ်အတွင်းမှာ အလောင်းများ ဖွေးနေသည်။

ပဲခူးရိုးမကို ဖောက်ထွက်ရန် ကြံစည်သည့် ဂျပန်များကို အင်္ဂလိပ်


www.burmeseclassic.com

www.burmeseclassic.com

မဟာမိတ်တပ်သားများ၊ ဖက်ဆစ်တော်လှန်ရေးရဲဘော်များနှင့် မြန်မာ့တပ်မတော်သားများက နောက်ကလိုက်၍ သုတ်သင်ချေမှုန်းနေသည်။

ကျွန်တော်တို့အားလုံး မတ်လ (၂၇) ရက်မတိုင်ခင် အကြိုညက သံတဲရှိ ပင်လယ်မျှော်ဂျပန်ကင်းစခန်းကြီးကို ညကတည်းက ဝိုင်းဆို့ထားလိုက်ကြသည်။

ဖွဲပါကုန်းနှင့် မီးပြတစ်ဝိုက်ပါ ဝိုင်းဆို့ထားလိုက်ကြသည်။ သည်မှာကြိုတင်ရောက်ရှိနေကြသည့် ဗမာ့တပ်မတော်သားများက ဂျပန်ကင်းစခန်းကို ညဘက်ဝင်ပြီး မိုင်းများဆင်လိုက်ကြသည်။

ရိက္ခာဂိုဒေါင်၊ ကင်းစခန်း၊ အမြောက်စခန်းနှင့် ဂျပန်တည်းခိုဆောင်၊ လက်နက်တိုက်များကိုပါ ကြိုတင်သွင်းထားသည့် စားဖိုချက်၊ ရိက္ခာပို့ မြန်မာသူလျှိုများနှင့်ပေါင်း၍ မိုင်းမြှုပ်၊ မိုင်းဆင် ပြုလုပ်ထားကြသည်။

ဂျပန်များသည် သေတွင်းနံ့ရနေလို့လား မသိ။ ညဒဟိုလှုပ်ရှားနေကြသည်။ သူတို့သည် ပင်လယ်ဝမှ ဝင်လာမည့် အင်္ဂလိပ်စစ်သင်္ဘောများကို ကျည်ထိုးပြီး မျှော်နေကြသည်။

ကျွန်တော်တို့ ကျေးရွာစုံမှ မျိုးချစ်တော်လှန်ရေးသမား အင်အား (၂၀၀) ကျော်တို့သည် ရိုင်ဖယ်သေနတ်များ၊ စတင်းဂန်း၊ ဘရင်းဂန်းများ စိန်ပြောင်းများ၊ လက်ပစ်ဗုံးများနှင့် ညအမှောင်မှာစောင့်ရင်း (၂၇) ရက်နေ့အရုဏ်တက်ကို ရင်တခုန်ခုန်နှင့် စောင့်ကြိုနေကြသည်။

ခေါင်းဆောင် ဦးသန်လျက်က အချက်ပြမီးကျည်သေနတ်ကို အသင့်မောင်းတင်ပြီး အံကြိတ်၍စောင့်နေ၏။

အရုဏ်ဦးလာပြီ. .။

အရှေ့အရပ်မှာ ရောင်နီသည် အမှောင်ကိုခွဲစပြုလာပြီ။

"အားလုံး အသင့်. ."

ဦးသန်လျက်က တိုးတိုးကြိတ်၍ အသံပြုလိုက်သည်။ ကျွန်တော်တို့နီးရာရဲဘော်များကို လျှို့ဝှက်အချက်ပြလိုက်သည်။

"ဖောင်း. ."

"ဖောင်း. ."

"ဖောင်း. ."

ဦးသန်လျက်၏ မီးကျည်သေနတ်မှ အသံမြည်သွားပြီး ကောင်းကင်





မှာ မီးကျည်များ ဝင်းထိန်သွားသည်။ ဒါနှင့်တစ်ပြိုင်နက် သုံးမျက်နှာထောင့်များ၏ ကောင်းကင်မှ မီးကျည်သုံးစင်း ပေါက်ကွဲဝင်းထိန်သွားသည်နှင့်. .

"ပစ်. ."

"ခွဲ. ."

"အုန်း. ."

"ဝုန်း. ."

"အုန်း. ."

"ဝုန်း. ."

"ဂျိမ်း. . ဂျိမ်း. . ဂျိမ်း. ."

"အား. . ရား. . ရား. ."

"အား. . အစ်. . အစ်. ."

"မိုင်းယား. . မိုင်းယား. ."

မိုင်းပေါက်ကွဲသံများ မီးမြေသိမ့်သိမ့်တုန်သွားပြီးနောက် ဂျပန်မျှော်စင်ကင်းစခန်းသည် လေထဲမှာ စက္ကူစလို လွင့်မြောက်တက်သွားခဲ့သည်။

ရိက္ခာဂိုဒေါင် စစ်တန်းလျား လက်နက်တိုက်မှ အဆက်မပြတ်ပေါက်ကွဲမြည်ဟိန်းသံကြီးများ ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာခဲ့သည်။ ရောမတောက်မီးလျှံများသည် ပင်လယ်ကမ်းပါးစပ်မှ ပင်လယ်လေအဟုန်နှင့် ဟုန်းဟုန်း တညီးညီး တောက်လောင်လျက်ရှိနေသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း. ."

"ဖောင်း. . ဖောင်း. . ဖောင်း. ."

"ဂျိမ်း. . ဂျိမ်း. . ဂျိမ်း. ."

"ဗုန်း. . ဝုန်း. ."

"ဒက်. . ဒက်. . ဒက်. . ဒက်. ."

သုံးဘက်ညှပ်၍ပစ်သည့် ကျည်အားကြောင့် ဂျပန်စစ်သားများ ပါမကျန် သေဆုံးကုန်ကြသည်။ အချို့စစ်သားများက ပင်လယ်ကမ်းစပ်ရှိ ခါတော်များပေါ်သို့ ပြေးတက်စက်နှိုးပြီး ပင်လယ်သို့ပြေးရန် လုပ်ကြသည်။

"အုန်း. ."

"ဝုန်း. ."

"အား. . အား. . အား. ."



www.burmeseclassic.com

www.burmeseclassic.com



"......"

မော်တော်စက်နှိုးချိန်ပင် မရလိုက်။ လောင်ချာနှင့်စိန်ပြောင်းများ ထိမှန်ပြီး ပင်လယ်ရေထဲမှာ မော်တော်သုံးစီး လွင့်မြောက်၍ တစ်စစီဖြစ်သွားခဲ့သည်။ တိုက်ပွဲသည် နှစ်နာရီခန့်ကြာ၏။ ကျန်ရဲဘော်များက အသက်မသေဘဲ ထွက်ပြေးသွားသည့် ဂျပန်စစ်သားများနောက်သို့ တကြေမ်းလိုက်၍ရှာပြီး ပစ်ခတ်ကြသည်။

ထိုစဉ် ဆက်သားတစ်ဦး ရောက်လာခဲ့သည်။

မော်ဝန်းချောင်းကိုဖြတ်၍ သုံးနေရာမှ ဂျပန်စစ်သားများ မီးပြုနှင့် ပင်လယ်ဝကို ဖြတ်ကျော်၍ လာနေကြပြီဆိုသည့်သတင်း..။

ကျွန်တော်တို့ရဲဘော်များ ခေါင်းဆောင်၏အမိန့်နှင့် အချို့ကို ရန်သူ လက်ကျန်များရှင်းရန် ချန်ထားခဲ့ပြီး နှစ်မိုင်ခန့်ဝေးသော ခရီးရှိရာသို့ အပြင်း စိုင်းခဲ့ကြသည်။

ခြေဖဝါးများ ထုံသလို ဖြစ်နေကြသည်။ ချွေးသီးချွေးပေါက် တသီးသီး စီးကျနေကြသည်။ ဒဏ်ရာဒဏ်ချက်ရရှိသူအချို့ သွေးမတိတ်ကြသေး။ ကျွန် တော်တို့ရဲ့ ရဲဘော်အချို့ အကြီးအကျယ်ဒဏ်ရာရခဲ့သည်လည်း ကြုံတွေ့ ခဲ့ရသည်။

နောက်ဘက်မှာ မီးခိုးများ။ ယမ်းငွေ့များ အူပြီးကျန်ရစ်ခဲ့သည် တစ်နာရီခန့် အပြင်းစိုင်းလိုက်သောအခါ ကျွန်တော်တို့ မော်ဝန်းချောင်း ဒီဘက်ကမ်း ပန်းတောရေဆိပ်လှေဆိပ်သို့ မောပန်းကြီးစွာဖြင့် ရောက်ရှိ လာတော့ ဂျပန်အလံတင်မော်တော်အချို့ မော်ဝန်းချောင်းရေလယ်ဘက်သို့ အကွေ့သို့ တန်းစီမောင်းလာနေသည်ကို မြင်လိုက်ရသည်။ ဂျပန်စစ်သား အချို့ ကမ်းပေါ်မှာ လှုပ်ရှားနေသည်ကိုလည်း ဝိုးတိုးဝါးတားမြင်နေရသည်။

ကျွန်တော်တို့ တော်လှန်ရေးရဲဘော်များ၊ ဗမာ့တပ်မတော်သား များ မြစ်ကမ်းပါး ကုန်းဘောင်ကို အကာအကွယ်ယူ၍ လက်နက်များ တန်းစီချိန်ထားလိုက်ကြသည်။

သေနတ်တစ်ကမ်းသို့ ရန်သူစစ်သားတင်မော်တော်သုံးစီး ဝင်လာပြီ

"ပစ်.."

ခေါင်းဆောင်ဦးသန့်လျက်အသံက ချောင်းကိုလွှမ်းသွားအောင် ထွက် ၍ ပေါ်လာပြီးနောက်..





"အုန်း.."

"ဝုန်း.."

"ဒိုင်း..ဒိုင်း..ဒိုင်း..ဒိုင်း.."

"ဖောင်း..ဖောင်း.."

"အုန်း.."

"ဝုန်း.."

"ကျွား..ကျွား.."

"ဒက်..ဒက်..ဒက်..ဒက်.."

စိန်ပြောင်းပစ်သံ၊ ရိုင်ဖယ်သေနတ်ပစ်သံ၊ နှစ်လုံးပြူးသေနတ် ပစ်သံ၊ စတင်းဂန်းနှင့် ဘရင်းဂန်းပစ်သံများ တခဲနက်ပေါ်ထွက်၍လာခဲ့သည်။ ရှေ့ဆုံးက ရန်သူ့မော်တော်ကို စိန်ပြောင်းကျည်ထိသွားပြီး မော်တော် တစ်စီးလုံး ရေပေါ်မှာမြောက်တက်သွားကာ ရန်သူ့အလောင်းများ သစ်စများ လေထဲမှာ လွင့်ပျံကုန်သည်။

ရန်သူကလည်း နောက်မော်တော်နှစ်စီးပေါ်မှ လက်နက်မျိုးစုံနှင့် ပြန်ပစ်သည်။ စိန်ပြောင်းနှင့်ထုသည်။ ကျွန်တော်တို့ဝန်းကျင်မှာ စိန်ပြောင်း ကျည်များ ကျရောက်ပေါက်ကွဲပြီး ကျင်းချိုင့်များဖြစ်ကုန်သည်။

ရန်သူ့ကျည်ထိ၍ အော်လိုက်သည့်အသံများလည်း ကြားရသည်။

"အုန်း.."

"ဝုန်း.."

ရေစီးနှင့် ပင်လယ်ကွေ့အဝင်ရှိရာသို့ပစ်ရင်း တက်နေသည့် ရန်သူ့ မော်တော်တစ်စီးကို စိန်ပြောင်းကျည် မှန်သွားပြန်သည်။ မော်တော်နှစ်ပိုင်း ကျိုးပြတ်ပြီး အသက်မသေကျန်ရစ်သူများ ရေထဲသို့ကျပြီး အလန့်တကြား ကူးခတ်နေကြသည်။

လက်နက်ငယ်ကျည်များက ရေကူးနေသည့် ဂျပန်စစ်သားများကို ပစ်မှန်ပြီး အလောင်းများ ပင်လယ်ဝရှိရာသို့ မျောပါကုန်ကြသည်။ သည်မှာပဲ မော်ကျွန်းမြို့ထဲက ပစ်သံများ ကြားရသည်။ မီးခိုးများ အူတက်လာသည်။

ဟုတ်ပြီ..။

မြို့ထဲက တော်လှန်ရေးရဲဘော်များနှင့် ဘီအိုင်အေတပ်သားများ မှာ နောက်မှ ဝိုင်းပတ်၍ တိုက်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်သုံးမိုး ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်စိုးမိုးခဲ့သည့် ဖက်ဆစ် နယ်ချဲ့ဂျပန်တွေ အခု သေချင်းဆိုးနှင့် ဝဲလည်ကြပြီ။

တတိယမြောက် မော်တော်...စီးကို ကျည်သင့်သွားပြန်ပြီ။ ဂျပန် စစ်သားများ သွေးရူးသွေးတန်းနှင့် ရေထဲသို့ခုန်ချပြီး ကမ်းရှိရာသို့ အသက်လု ကူးနေကြသည်။

မော်တော်သည် မီးဟုန်းဟုန်းတောက်လောင်ပြီး ဂျပန်စစ်သား အချို့နှင့် ပင်လယ်အဝင်ဝရှိရာသို့ စီးမျောပါသွားသည်။

ကျွန်တော်တို့ ကုန်းကမ်းပါးပေါ်မှ အပြိုင်ပြေးလိုက်ပြီး ပစ်ကြသည် သို့သော် မထိ။ ကျန်ရဲဘော်များက နောက်ထပ် လှေများနှင့် အရဲစွန့်ကူးလာပြီး တုံ့ပြန်ပစ်ခတ်နေသည့် ဂျပန်စစ်သားများကို သဲကြီးမဲကြီး ပြန်တိုက်နေ ကြသည်။

ကျွန်တော်၊ ချစ်စရာနှင့် အစ်ကိုညွန့်မောင်တို့က ရိုင်ဖယ်ကိုယ်စီနှင့် စတင်းဂန်းကိုကိုင်၍ မီးလောင်ပြီး မျောနေသည့် ဂျပန်မော်တော်နောက်သို့ ကုန်းကမ်းပါးပေါ်မှ အပြေးလိုက်၍ ပစ်ကြသည်။

သည်အချိန်မှာပဲ ချောင်းကွေ့ပင်လယ်ဝဘက်မှ ပဲ့ထောင်စက်တပ် လှေတစ်စီး အပြင်းမောင်းဝင်လာနေသည်ကို လှမ်းမြင်လိုက်ရသည်။ တစ်ဦး က ဦးထုပ်ကိုဆောင်း၍ စက်တပ်ပဲ့ထောင်ကို မောင်းနေပြီး တစ်ဦးက ... ပေါ်မှာထိုင်၍ ဘရင်းဂန်းကဲ့သို့သောအရာနှင့် မျောပါ ဂျပန်မော်တော် လိုက်ပစ်နေသည်။

"ဟာ. ."

"အလို. ."

ကျွန်တော်တို့မြင်နေရသည့်မြင်ကွင်းကြောင့် လွန်စွာမှအံ့ဩသွား ခဲ့ရသည်။ ပဲ့ထောင်လှေပေါ်မှလူသည် မတ်တတ်ရပ်၍ ပစ်နေ၏။ ထိုအ ဖားလျားနက်မှောင်နေသော ဆံပင်ရှည်များသည် ပင်လယ်အဝင်လေ လေထဲမှာ လှိုင်းထလူးလွန့်နေ၏။

ဘုရားရေ. . အဲဒါ. , အမေကြီးဒေါ်နန်းအိမ်ကြို့ပါကလား။

အမေကြီးဒေါ်နန်းအိမ်ကြို့သည် ကျည်ကတ်ရှည် ဘရင်းဂန်း ဝမ်းဗိုက်မှာထောက်၍ ရန်သူ့မော်တော်ကို ရင်ဆိုင်ပစ်ခတ်နေသည်။ ... မော်တော်ပေါ်မှ ဂျပန်စစ်သားများကလည်း အမေကြို့တို့ပဲ့ထောင်လှေ





ဝိုင်းပစ်နေကြသည်။ သေနတ်သံများ ဆူညံပေါက်ကွဲနေသည်။

လှိုင်းထနေသော ရေပြင်ပေါ်မှာ အမေကြို့တို့လှေသည် နဂါးရိုင်း တစ်ကောင် ကွေ့ကောက်ပြေးသကဲ့သို့ ရန်သူ့ကျည်ဆန်ကို လူးလွန့်တိမ်း ရှောင်ပြီး သဲကြီးမဲကြီး လိုက်လံပစ်ခတ်နေသည်။

မီးသင့်မော်တော်ပေါ်မှ ရန်သူစစ်သားများ အထွေးလိုက် ကျည်ထိ ပြီး ရေထဲသို့ ပြုတ်ကျနစ်မြုပ်ကုန်သည်။

မီးနိုးအူနေသည့် ဂျပန်မော်တော်ကြီးက လှိုင်းရေပြင်ပေါ်မှာ မြောက် တက်သွား၊ လှိုင်းအောက်ခြေသို့ လျှောကျသွားပြီး ယိမ်းထိုး လူးလွန့် တိမ်း စောင်းသွား၏။

အမေကြို့တို့ စက်တပ်ပဲ့ချိတ်ကလေးကလည်း လှိုင်းခေါင်းပေါ်မှာ ထောင်မော့ပြီးတက်လိုက်၊ လှိုင်းကျနှင့် ဝေါခနဲစိုက်ကျသွားလိုက်. . ။ထူးဆန်း သောမိန်းမကြီး အမေကြို့သည် ပဲ့ချိတ်ပေါ်မှာ ရပ်လိုက်၊ ဒူးထောက်လိုက်နှင့် ဘရင်းဂန်းသေနတ်ကို ကျွမ်းကျင်နိုင်နင်းစွာ ပစ်ခတ်နေသည်။

ဆံပင်ရှည်များ ရေထဲ၊ လေထဲ၊ လှိုင်းထဲမှာ ဝဲပျံလူးလွန့်နေသည်။

ပဲ့ချိတ်စက်ကိုင် ပဲ့ထိန်းလှေသမားကလည်း ဝါးဖက်ဦးထုပ်ကို စည်းကြိုးနှင့်သိုင်းပြီး ပဲ့ကို နိုင်နင်းကျွမ်းကျင်စွာထိန်းရင်း မော်တော်ကို ရှေ့နောက်ဝဲယာပတ်၍ ဝိုင်းဆို့၍ ရဲရဲရင့်ရင့် လှုပ်ရှားမောင်းနှင်ပေး နေသည်။

"မြစ်ဝှာရာသီဖွားတဲ့ဟေ့. .။ ကိုင်း. . သေကြ. ."

"ဒိုင်း. . ဒိုင်း. ."

"ကဲဟာ. . ကဲဟာ. ."

"ဒုတ်. . ဒုတ်. . ဒုတ်. . ဒုတ်. ."

"ဖောက်, ."

"အင့်. ."

"ဟာ. :"

"ဟယ်. ."

ကျွန်တော်တို့ကုန်းကမ်းပါးပေါ်ကလည်း ဝိုင်းကူပစ်ပေးနေကြသည်။ ပစ်နေသည့်ကြားမှ ရန်သူ့ကျည်ဆန်များသည် အငြိုးအတေးကြီးကြီးနှင့် အသေခံ၍ပစ်နေသော အမေကြီးဒေါ်နန်းအိမ်ကြို့ကို ထိမှန်သွားခဲ့သည်။

ဒေါ်နန်းအိမ်ကြို့ ရင်ဝကိုလက်နှင့်ဖိရင်း စောင်းယိုင်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ရင်ဖိုစွာမြင်လိုက်ကြရပြီး ကမ်းပေါ်မှ ဝိုင်းအော်ကြတော့၏။

"ပဲ့ချိတ်ဆရာ. . ဒီဘက်ကို မောင်းခဲ့။ မြန်မြန်ကပ်ခဲ့"

"အမေကြီး. . အမေကြို့. . အမေကြို့. ."

"ဟော့လူ. . စက်ကိုင်. . ဒီဘက်ကို ကွေ့ပတ်မောင်းခဲ့ပါဖူ"

"အမေကြို့. . အားတင်းထားပါဖို့"

ကျွန်တော်တို့အားလုံး အသံကုန်ဟစ်၍ အော်လိုက်ကြသည်။ ပင်လယ်လေရိုင်းများသည် တဟူးဟူးတိုက်နေသည်။ ပင်လယ်လှိုင်းများကလည်း တဝုန်းဝုန်းရိုက်နေသည်။ ကြည့်နေရင်းမှာပင် အမေကြို့လက်ထဲက ဘရင်းဂန်း ပဲ့ချိတ်လှေဝမ်းထဲသို့ ပြုတ်ကျသွားသည်ကို မြင်နေရသည်။

လှေသမားက ပဲ့ကိုထိန်းရင်းက အကူအညီပေးရန် ထ,လိုက်စဉ် သူ့ရဲကောင်းမကြီး ထူးဆန်းသောအမေကြို့သည် လှိုင်းထနေသော ပင်လယ်ဝ လှိုင်းလုံးများကြားသို့ ပြုတ်ကျသွားပြီး မြုပ်လိုက်၊ ပေါ်လိုက်နှင့် စီးမျော၍သွားခဲ့သည်။

"အမေကြို့. ."

"အမေကြို့. ."

သည်မှာ ပဲ့ချိတ်လှေသမားက စီးမျောသွားသည့် အမေကြို့နောက်သို့ ပဲ့ချိတ်ကို ဦးလှည့်လိုက်၏။ ဂျပန်မော်တော်ပေါ်ကလည်း ပဲ့ချိတ်သမားကို ဝိုင်းပစ်နေသည်။ လှေလူး ရှောင်ကွေ့နေ၍ လိုက်ပစ်လို့မရ ဖြစ်နေပြီ။

"ဂျပန်မော်တော်ကို ပစ်"

"ဝိုင်းပစ်"

"အုန်း. ."

"ဖောင်း. ."

"ဒက်. . ဒက်. . ဒက်. . ဒက်. ."

"ဒိုင်း. . ဒိုင်း. ."

အရေးထဲ ကျွန်တော်တို့စိန်ပြောင်းများ ကျည်ကုန်သွားသည်။ သည်မှာပဲ ပဲ့ချိတ်လှေသမားလေးသည် လှေဝမ်းထဲက ဘရင်းဂန်းကို ကောက်ယူလိုက်ပြီး လှေဦးကို ရန်သူ့မော်တော်ရှိရာသို့ ဦးတည်မောင်းလိုက်ကာ လက်ထဲကဘရင်းဂန်းနှင့် မီးကုန်ယမ်းကုန် ပြန်ပစ်တော့၏။

"ဒိုင်း. . ဒိုင်း. . ဖောင်း. . ဖောင်း. ."





"ဒက်. . ဒက်. . ဒုတ်. . ဒုတ်. . ဒုတ်. . ဒုတ်. . ဓောင်း. . ဖောင်း. . ဒုတ်. . ဒုတ်. ."

"အုန်း. ."

"ဝုန်း. ."

"ထိသွားပြီဟေ့"

"အုန်း. ."

"ဝုန်း. ."

ဂျပန်သင်္ဘော၏ စက်ခန်းကို ပဲ့ထောင်သမားပစ်လိုက်သည့် ကျည်ဆန် ထိမှန်ပုံရသည်။ စက်ခန်းမှ အုန်းခနဲမြည်သံကြီး ပေါ်လာပြီးနောက် ဝုန်းခနဲပေါက်ကွဲကာ ပင်လယ်ဝ ရေပြင်မှာ အပိုင်းအစများ မြောက်၍ ရေအောက်၊ ရေပေါ် ရေပြင်မှာ ပြန့်ကျဲနစ်မြုပ်သွားခဲ့သည်။

ဒါနှင့်အတူ ပဲ့ချိတ်လှေသမားလေးလည်း လှေဝမ်းထဲ မှောက်လျက်လဲကျသွားခဲ့သည်။ ပဲ့ချိတ်လှေသည် စက်ပါရပ်ပြီး လှိုင်းလုံးရေစီးနှင့် ဥဒဟိုမျောပါသွားသည်။

ကျွန်တော် ရေစပ်မှာမြင်နေရသည့် လှေတစ်စီးပေါ်သို့ ရိုင်ဖယ်သေနတ်ကိုလွယ်ပြီး ခုန်ချလိုက်သည်။

"မောင်ထိန်. . ဘယ်လဲ"

အစ်ကိုညွန့်မောင်ကြီးက စတင်းဂန်းကိုကိုင်ပြီး အော်လိုက် သည်။

"ဟို. . မျောသွားတဲ့လှေနောက်ကို လိုက်ရမယ်။ လှေသမားဒဏ်ရာနဲ့ မျောသွားပုံဗျ။ ချစ်စရာ. . မင်းက အသွားကြီးမျောသွားတဲ့ နောက်ကို အမြန်လိုက်"

"မလိုက်နဲ့. .။ လှိုင်းထန်နေတယ်"

"ဒီလှိုင်းကို ကျုပ်ဂရုမစိုက်တော့ဘူးဗျ။ ခင်ဗျားတို့သာ ကျန်တဲ့ရန်သူကို အရတိုက်ကြ။ ကျုပ်သွားမယ်"

"ထိန်. ."

"ဟေ့. . မောင်နေမင်းထိန်"

"ပြန်လာခဲ့. ."

"ဟေ့ကောင်. . မသွားနဲ့"

ကျွန်တော် မည်သူ့ခေါ်သံမှ မကြားတော့။ မျောပါနေသည့် လှေ



www.burmeseclassic.com

www.burmeseclassic.com

နောက်သို့လည်းကောင်း၊ လှေကို ရေစီးနှင့်မျှောပြီး အားသွန်လှော်ခတ်၍ လိုက်ခဲ့လိုက်သည်။

မကြာမီ တအိအိတလူးလူးမျောနေသည့် ပွဲချိတ်စက်သေလှေကို မီလာခဲ့သည်။ ကျွန်တော် ပွဲချိတ်၏ဦးပေါ်သို့ ကြိုးတစ်ချောင်း လှမ်းချိတ်ချည် လိုက်ပြီး မီးပြကျေးရွာဘက်ရှိ ပင်လယ်ရေကို ခြေဆင်းထိုင်နေသည့် ရွှေဘုံသာ မုနိဘုရားတန်ဆောင်းရှိရာသို့ အားပြုလှော်ခတ်ခဲ့လိုက်သည်။

ကျွန်တော့်တစ်ကိုယ်လုံးသည် သွေးများ၊ ဖုန်များနှင့် လူးညစ်ပေပြီး မျက်စိများ မှုန်ဝါးချင်သလို ဖြစ်နေသည်။

လှေနှစ်စီး ဘုရားစောင်းတန်းအခြေကို ကပ်မိသည်နှင့် နီးရာတိုင်မှာ ကြိုးကိုချည်လိုက်ပြီး ပွဲချိတ်လှေပေါ်မှ ဒဏ်ရာနှင့်လူကို ငုံ့ကြည့်လိုက်သည်။

ညာပခုံးမှ သွေးများ စစ်အင်္ကျီဟောင်းအစုတ်လက်ရှည် ရင်ဘတ် ပေါ်သို့ စီးကျနေသည်။ ဘယ်ဘက်လက်မောင်းပေါ်မှာ အနီရောင်ကြယ် တော်လှန်ရေးလက်ပတ်ကို ပတ်ထားသည်။ မျက်နှာမှာလည်း သွေးများပေကျံ နေသည်။

"ဟေ့လူ. . ဟေ့လူ. ."

"ရဲဘော်. . သတိရရဲ့လားဗျ. .။ ဟေ့. . ရဲဘော်"

"အင့်. ."

"အင်း. . ဟင်း. . ဟင်း. ."

ကျွန်တော် သူ့မျက်နှာပေါ်မှ သိုင်းကြိုးနှင့်ချည်ထားသော ဝါးဖက် ဦးထုပ်ကို ကပျာကယာဆွဲချွတ်လိုက်သောအခါ. .

"ဟင်. ."

မမျှော်လင့်ဘဲ ရုတ်ချည်းဆိုသလို မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ကျွန်တော် အကြီးအကျယ် အံ့အားသင့်သွားခဲ့ပြီး ဒဏ်ရာရထားသူ ရဲဘော် ၏ကိုယ်လုံးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်၍ထားပြီး ပါးစပ်မှ အသံကုန် တကြော် ကြော်အော်ခေါ်လိုက်သည်။

"ချောစု. ."

"ချော. . စု. . ချောစု. . ညီမလေး. ."

"ချောစု. ."

ကျွန်တော့်၏ရင်ထဲက လှိုက်၍ခေါ်လိုက်သည့်အသံသည် ရွှေဘုံသာ





မုနိဘုရားဝန်းကျင်ကို တုန်ခါပဲ့တင်၍ သွားခဲ့သည်။

"ချောစု. . ညီမလေး. ."

သည်မှာပဲ ရွှေဘုံသာမုနိဘုရားပေါ်မှ လူအချို့ ပြေးဆင်းလာကြ သည်။ တော်လှန်ရေးလက်ပတ်နှင့် ရဲဘော်များပါဝင်သလို ကျေးရွာသူကျေးရွာ သားများလည်း အပြေးပါလာကြသည်။

ကျွန်တော် အရှူးမလေးချောစုခေါ် ကျွန်တော် ရင်နှင့်အမျှ အသည်း နိုက်မျှ ချစ်မြတ်နိုးခဲ့ရသည့် ချောစု၏ ပျော့အိလျက်ရှိသော ကိုယ်လုံးကို ကောက်ပွေ့ပြီး ထလိုက်သည်။

ကျွန်တော့်ပါးပြင်ပေါ်မှ ပူနွေးလှသော မျက်ရည်စက်များသည် သွေး နှင့်သနပ်ခါး စွန်းပေနေသည့် ချောစု၏ပါးပြင်ပေါ်သို့. .

တစ်ပေါက်ပြီး. . တစ်ပေါက်. .

တစ်ပေါက်ပြီး. . တစ်ပေါက်. .။

www.burmeseclassic.com

www.burmeseclassic.com



# ၃၅

# အာဇာနည်တစ်ဦးရဲ့ ရင်နင့်ကြေကွဲအထွာမှတ်တို

ဆေးမှူးတစ်ဦးက သူမ၏ပခုံးဒဏ်ရာမှ အကျီစကို ဆုတ်ဖြဲလိုက်ပြီး ဒဏ်ရာကို ဆေးကြောသန့်စင်လိုက်သည်။

"အသက်ရှိသေးရဲ့လား ဆေးဆရာကြီး"

"ရှိပါတယ် ကိုနေမင်းထိန်"

"သူ. . သူ. . အခု. . ဘာလို့. . မ. . မလှုပ်တာလဲဟင်"

"ဒဏ်ရာနဲ့ သွေးအားနည်းသွားလို့ပါ။ သိပ်မပူပါနဲ့ဗျာ"

ဆေးမှူးက ကျွန်တော့်၏ စိုးရိမ်သောကမျက်နှာကို အစိမ့်ပါဝါ လှမ်းကြည့်ပြီး ပြောလိုက်သည်။ ၎င်းနောက် သန့်စင်ပြီးဒဏ်ရာပေါ်မှ ဆေးလိမ်းပြီး ဂွမ်းအုပ်၍ ပတ်တီးသိုင်းလိုက်သည်။ ပြီး. . ဆေးတစ်လုံးထိုးပေးလိုက်ကာ ဂွမ်းကတ်တစ်ခုပေါ်သို့ နေရာချပေးလိုက်သည်။

ကျွန်တော် တစ်နေ့လုံး၊ တစ်ညလုံး သတိမေ့မြောနေသည့် ချောစု၏နံဘေးမှာ သေနတ်ကိုပိုက်၍ ငုတ်တုတ်ထိုင်ကြည့်နေလိုက်သည်။ မကြာခဏ ကိုယ်ပူရှိန်ကိုလည်း စမ်းစမ်းကြည့်လိုက်သည်။ ကိုယ်ပူရှိန် တရိပ်ရိပ် ကျလာသည်ဟု သတိပြုမိလိုက်သည်။

စိတ်ကူးသစ်စာပေ

သန်းခေါင် ကျော်ခဲ့ပြီ။

သန်းခေါင်ကြက်များတွန်သံ ကြားရသည်။

ရွှေဘုံသာမုနိဘုရားပေါ်မှ လေတိုး၍မြည်သော ခေါင်းလောင်း၊ ဆည်းလည်းသံများကို ကြားနေရသည်။ ကမ်းပါးကို ရိုက်ခတ်ပြီး ပြန်ဆင်းသွားသည့် လှိုင်းလုံးအဟုန်နှင့် ကမ်းပါးပြိုသံများကို ကြားနေရသည်။

အိပ်ပျက်ပေါင်း များ၍လည်းကောင်း၊ အသက်စွန့်တိုက်ပွဲကြီးကို ဆင်နွှဲခဲ့ရ၍လည်းကောင်း လူတစ်ကိုယ်လုံး နုံးချည့် ကိုက်ခဲ ပင်ပန်းနေသည်။ သို့နှင့် သူမကို ဂရုစိုက်ကြည့်နေသည့်ကြားမှ တစ်ချက်တစ်ချက် ငိုက်၍ငိုက်၍ သွားခဲ့သည်။

တစ်ခါတစ်ရံ မှေးခနဲ မှေ့ခနဲ ဖြစ်သွားခဲ့သည်။

ပင်လယ်လှိုင်းလုံးကြီးများအကြား အမေကြီးဒေါ်နန်းအိမ်ကြို့ ဒဏ်ရာနှင့် ကူးခတ်ပြီး မျောနေသည်ကို မြင်ရပြီး ကျွန်တော် ပင်လယ်လှိုင်းလုံးများကြားသို့ ခုန်ချကာ အမေကြို့ရှိရာသို့ တရကြမ်းကူးခတ်သွားနေသည်။

"လူလေး. . မောင်ထိန်. ."

"အမေကြို့. ."

"သား. . မလာခဲ့နဲ့"

"လာမယ်. .။ အမေကြို့ကို ကျွန်တော်ကူညီမယ်"

"သား. . လူလေး. .။ လှည့်ပြန်. . လှည့်ပြန်. ."

"မပြန်ဘူး. . လုံးဝမပြန်ဘူး

အမေကြို့ကို ကျွန်တော်မြင်နေရပြီ။ သူမနှင့်ကျွန်တော် လက်တစ်ကမ်းပဲရှိတော့သည်။ ကျွန်တော်က ညာလက်ကိုလှမ်း၍ ရေပေါ်မှာ ပြန့်ကျဲနေသည့် အမေကြို့၏ဆံပင်များကို လှမ်းဆွဲရန် ပြင်လိုက်သည်။

ရေမငါးမန်းကြီးတစ်ကောင်သည် သွေးညှီနံ့ရနေသည့် အမေကြို့၏ခန္ဓာကိုယ်ကို ပါးစပ်နှင့်ကိုက်မျို၍ ရေအောက်သို့ တအားဆွဲချသွားသည်။

"အမေကြို့. ."

"အမေကြို့. ."

"အ. . မေ. . ကြို့. ."

"အင်း. . ဟင်း. . ဟင်း. ."

"မုန်း. ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟင်.."

ကျွန်တော် ဗုန်းခနဲအသံကြောင့် ငိုက်မျှဉ်းအိပ်မက်မှ လန့်နိုးသွားပြီး မျက်လုံးနှစ်လုံးဖွင့်ကြည့်လိုက်သောအခါ ညည်းညူလူးလွန့်စ ပြုနေသည့် ခင်ချောစုကို မြင်လိုက်ရပြီး အရမ်းဝမ်းသာသွားခဲ့တော့သည်။

"ချောစု.. ချောစု.."

"ညီမလေး.. ချောစု.."

"အင်း.. အင်း.. ရေ.. ရေ.. ရေပေး.. ကြပါ..။ ရေ.."

"အင်း.. အင်း.."

ကျွန်တော် ဘုရားရင်ပြင်ပေါ်ရှိ သောက်ရေအိုးမှ ရေတစ်ခွက်ကို အမြန်ပြေးခပ်လိုက်ပြီး ကြင်နာယုယစွာမွေ့၍ ရေကို ဖြည်းဖြည်းချင်း တိုက်လိုက်သည်။ ချောစု ရေကို အငမ်းမရသောက်နေသည်။ ရေတစ်ခွက်ကုန်သောအခါ မျက်လုံးနှစ်လုံးပွင့်၍လာခဲ့သည်။

"ချောစု.. ချောစု.. ညီမလေး.."

သူမ ကျွန်တော့်မျက်နှာကို အံ့ဩသောမျက်လုံးအစုံနှင့် စူးစိုက်၍ ကြည့်နေသည်။

"ချောစု.. အစ်ကို့ကို မှတ်.. မှတ်မိလား.. မှတ်မိလားဟင်"

"အင်း.."

"ဒါ.. ဒါဖြင့်.. အစ်ကို.. ဘယ်သူလဲ.. ပြောစမ်း"

"အစ်.. ကို.. နေ.. မင်း.. ထိန်.."

"အို.. ညီမလေးရယ်.. ချောစုလေးရယ်.."

ကျွန်တော် ရင်နှင့်အမျှ အသည်းနှင့်အမျှ ချစ်ခဲ့ရသော ချောစုရဲ့ ကိုယ်လုံးလေးကို ခပ်ဖွဖွ မနာကျင်အောင် ပွေ့ပိုက်လိုက်ပြီး ပါးချင်းကပ်ထားလိုက်သည်။

ချောစုပါးပြင်ပေါ်မှ ပူနွေးသော မျက်ရည်များကလည်း ကျွန်တော့်ပါးပြင်ပေါ်သို့ ကူးစက်သွား၏။

ကျွန်တော့်မျက်လုံးအိမ်မှ မျက်ရည်စက်များကလည်း ချောစုပါးပြင်ပေါ်က မျက်ရည်များနှင့် စီးမျောပေါင်းစပ်သွားခဲ့သည်။

မျက်ရည်စိုပါးနှစ်ခုတို့သည် သွေးစီးကြောင်းများ လှိုင်းထခဲ့သည့် သန်းခေါင်ကျော်ဘဝ ညများရဲ့ ပထမစာမျက်နှာမှာ သမုဒယချစ်တေး





စဉ်သီဆိုခဲ့ပါပြီ။

နောက်နေ့ရောက်တော့ ခင်ချောစု လှုပ်ရှားနိုင်ပြီဖြစ်၏။

ဂျပန်တွေလည်း ကျွန်တော်တို့ဒေသမှာ မရှိတော့။ အားလုံး သေသူသေ၊ ပြေးသူပြေးကုန်ကြပြီ။

ကျွန်တော်တို့ဒေသကို အင်္ဂလိပ်မဟာမိတ်နှင့် မြန်မာ့တပ်မတော်က ငြိမ်ဝပ်ပိပြားစွာ အုပ်ချုပ်ရေးစခဲ့ပြီ။

စစ်ပြေးဒုက္ခသည်များ နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် သွားလာလှုပ်ရှားနေကြ၏။ အခုမှပဲ ရွှေဘုံသာမုနိဘုရားကို အားရပါးရ ဖူးကြရတော့၏။

ရွှေဘုံမုနိဘုရားပေါ်မှာ ကျွန်တော်တို့ မျိုးချစ်တော်လှန်ရေးသမားအားလုံး စုမိနေကြ၏။

သည်မှာ အဘဦးသန့်လျက်က ခေါင်းဆောင်။

အားလုံး အံ့ဩကြသော နှစ်ချက်က ရှိနေသည်။ ပထမအချက်က ကျွန်တော်တို့ဒေသမှ လူအတော်များများနှင့် စစ်ပြေးဒုက္ခသည်စခန်းမှ လူများ ယူဆမှတ်ယူထားသကဲ့သို့ အမေကြီးဒေါ်နန်းအိမ်ကြို့သည် လျှို့ဝှက်သော ကဝေမကြီးမဟုတ်မှန်း သိသွားကြခြင်းပဲ ဖြစ်သည်။

အမေကြို့ကား တကယ်တမ်းကျတော့ အာဇာနည်မျိုးချစ်သူရဲကောင်းမကြီး တစ်ဦးသာတည်း။ သူ့အကြောင်းရင်းဘဝမှန်ကို ခုမှပဲ အဘဦးသန့်လျက်ပြောပြ၊ ရှင်းပြ၍ ကျွန်တော်တို့သိရတော့၏။ သိရတော့ ပို၍ပင် အံ့ဩလေးစား သနားခဲ့ကြရသည်။

"အမှန်က.. ဒေါ်နန်းအိမ်ကြို့ဟာ မင်းတို့အားလုံး ထင်မှတ်ယူဆခဲ့ကြသလို စုန်းမကြီး၊ ကဝေမကြီး မှော်ဝင်ပညာသည်ကြီး မဟုတ်ပါဘူးကွယ့်။ သူမရဲ့ဘဝက အလွန်သနားဖို့ကောင်းတယ်။ သူ့အကြောင်းရင်းဘဝအမှန်ကို အသေးစိတ်ပြောရရင် လုံးချင်းဝတ္ထုကြီးတစ်အုပ် သီးသန့်ရေးလို့ ရနိုင်ပေလိမ့်မယ်ကွယ့်။

အမှန်က ဒေါ်နန်းအိမ်ကြို့နဲ့ ဦးနဲ့ဟာ ချစ်သူများပ။

"ဗျာ.. အဘနဲ့ ဒေါ်နန်းအိမ်ကြို့နဲ့က ချစ်သူ ငယ်ရည်းစားတွေ.."

"အေး.. ဟုက်တယ်။ သူနဲ့ အဘနဲ့ ရန်ကုန်ကောလိပ်မှာ အတူတွေ့ကြတာ။ သူမဟာ ပညာတတ်တစ်ဦးပဲ။ အမည်အရင်းက စိုးမြအိမ်တော့။ မိဘများကလည်း ပိုက်ဆံရှိကြတယ်။ မျိုးချစ်စိတ်လည်း ရှိကြတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

အချိန်က ဝံသာနုခေတ်စားချိန်မို့ ရန်ကုန်ကောလိပ်ကျောင်းသားများ နယ်ချဲ့ဆန့်ကျင်ရေးမှာ အဘရော၊ သူရော ပါဝင်လှုပ်ရှားခဲ့ကြတယ်။ ဒီမှာ မအိမ်ကြို့ကို အသေအလဲကြိုက်နေတာက အင်္ဂလိပ်ခေတ် မြို့ပိုင်ရဲ့ မွေးစားသား နောက်ဆုံး ဂျပန်စကားပြန်ဖြစ်သွားတဲ့ မိုးကြိုးမိုင်းပဲ။

မိုးကြိုးမိုင်းက အရမ်းကိုဆိုးတယ်။ မိဘရဲ့အာဏာအရှိန်အဝါနဲ့ သောက်စားမူးယစ်။ မိန်းမချောချောမြင် ငွေနဲ့ပေါက်။ မိဘအရှိန်နဲ့ဖျက်ဆီးတဲ့ လူယုတ်မာပဲ။ မနန်းအိမ်ကြို့ခေါ် စိုးမြအိမ်ဟာ အပျိုဘဝ၊ တက္ကသိုလ်ကျောင်းသူဘဝတုန်းက အလွန်ကိုချောတာ။ ကောလိပ်ကွင်း (College Queen) ပဲ။

အဲဒါ မိုးကြိုးမိုင်းက မနန်းအိမ်ကြို့ကို အသေအလဲ ပိုးခဲ့၊ ကြိုက်ခဲ့တာ။ ဒါပေမဲ့ မနန်းအိမ်ကြို့က အဘအပေါ်မှာ အလွန်သစ္စာရှိခဲ့တယ်။ မိုးကြိုးမိုင်းဟာ မနန်းအိမ်ကြို့ကိုရဖို့ အမျိုးမျိုး ကလိန်ကျကြိုးစားခဲ့တယ်။

ဘယ်လိုမှ ချဉ်းကပ်လို့မရတော့ မနန်းအိမ်ကြို့ရဲ့အဖေကို အင်္ဂလိပ်အစိုးရဆန့်ကျင်သူပါလို့ရမယ်ရှာပြီး ထောင်ကျအောင် သူ ဖန်တီးခဲ့တယ်။ မအိမ်ကြို့ရဲ့အဖေ ထောင်ထဲမှာ နောက်ဆုံး ရောဂါနဲ့ကွယ်လွန်သွားခဲ့ရတယ်။

တစ်နေ့ မနန်းအိမ်ကြို့ကို မိုးကြိုးမိုင်းတို့က ညဘက်အပြန်မှာ ကားနဲ့တင်ခေါ်ပြေးပြီး တောထဲမှာ ဗလက္ကာရလုပ်ခဲ့တယ်။ သူ့ကိုယူဖို့လည်း အကျပ်ကိုင်တယ်။ မနန်းအိမ်ကြို့က မျက်ရည်၊ အမုန်းများနဲ့ သူ့ကိုတုံ့ပြန်တော့ ဘယ်လောက်အထိရက်စက်သလဲဆိုရင် မနန်းအိမ်ကြို့ရဲ့ ညာဘက်နားရွက်နဲ့ အလွန်လှပတဲ့ နှာခေါင်းကို ဓားနဲ့ဖြတ်ပစ်ပြီး ပြန်လွှတ်ပေးလိုက်တယ်။

မနန်းအိမ်ကြို့ဘဝ လုံးဝအလှပျက်သွားခဲ့သလို မိုးကြိုးမိုင်းလည်း မြို့ပေါ်ကနေ လုံးဝပျောက်သွားခဲ့တယ်။ အဘက အလှပျက်၊ ရုပ်ပျက်သွားတဲ့ ချစ်သူကို လက်ထပ်ယူပါရစေလို့ ပြောခဲ့တယ်။ သူ့ဘဝနဲ့ အဘရဲ့ သန့်စင်တဲ့ ဘဝ မတန်တော့ပါဘူးဆိုပြီး အိမ်ထောင်မပြုဘဲ နေခဲ့တယ်။

ဒီလိုနဲ့ အင်္ဂလိပ်အစိုးရပြေးပြီး ဂျပန်ဖက်ဆစ်များအဝင်မှာ စစ်ပြေးရင်းလွှားရင်း သူမရဲ့မိခင်ကြီး ဂျပန်ဗုံးကျည်ဆန်ထိလို့ ကွယ်လွန်ခဲ့ရတော့ သူမဟာ အင်္ဂလိပ်ရော၊ ဂျပန်ရော အမျိုးသားသစ္စာဖောက်များကိုပါ လွန်စွာရွံမုန်း နာကျည်းခဲ့လေရဲ့။

ဂျပန်တွေ ရန်ကုန်မြို့ကိုဗုံးကြဲတော့ တို့များအားလုံး မင်းတို့ရဲ့ ဟောဒီပင်လယ်ဝန်းကျင်ဒေသကို စစ်ပြေးဘဝနဲ့ရောက်ရှိခဲ့တယ်။ ဒီအချိန်မှာ





တို့များ လူကြီးတွေဖြစ်ကုန်ကြပါပြီ။ ဒါပေမဲ့ တို့များရဲ့ နဂိုမူလအစ နိုင်ငံရေးစိတ်၊ မျိုးချစ်စိတ်ဓာတ်ကြောင့် သူမရော၊ ငါတို့ပါ တစ်နေ့ ဂျပန်ဖက်ဆစ်လူဆိုး၊ လူရမ်းတွေကို တော်လှန်ကြဖို့ လျှို့ဝှက်တိုင်ပင်ခဲ့ကြတယ်။

"အဘသန်လျက်. ."

"ဘာများတုံး မောင်နေမင်းထိန်"

"အမေကြီးနန်းအိမ်ကြို့မှာ ထူးခြားစွာသုံးတဲ့ စကားတစ်ခွန်း ရှိနေတယ် အဘရဲ့"

"ဘာများပါလိမ့် မောင်ထိန်"

"တစ်ခါတစ်ခါ ပြိဿာရာသီဖွားတဲ့ဟာဆိုတဲ့ ကြုံးဝါးကြွေးကြော်သံပဲ။ ပြိဿာရာသီဖွားဆိုတာ ဘာအဓိပ္ပာယ်ပါလဲခင်ဗျာ"

"ဪ. . ဒါလား။ အဓိပ္ပာယ်က ဒီလို မောင်နေမင်းထိန်တို့ရဲ့။ ပြိဿာရာသီဆိုတာ ဆယ့်နှစ်ရာသီဟောကိန်းမှာပါတဲ့ ရာသီပဲ။ နက္ခတ်ရာသီစက်ဝိုင်းရှိတယ်။ ဆယ့်နှစ်ရာသီပေါ့။ ပြိဿာရာသီက အဋ္ဌမမြောက်ရာသီပဲ။ အင်္ဂလိပ်လို အောက်တိုဘာ (၂၄) ရက်ကနေ နိုဝင်ဘာ (၂၂) ရက်အတွင်း၊ မြန်မာလို တန်ဆောင်မုန်းလဝန်းကျင်မှာ မွေးဖွားခဲ့သူများကို ပြိဿာရာသီဖွားလို့ နက္ခတ်ဗေဒင်ပညာက ဆိုတယ်။

BURMESE CLASSIC .com

ဒီနေရာမှာ ပြိဿာရာသီရဲ့ ပင်မအခြေခံကို နည်းနည်းပြောချင်တယ်ကွယ်။ ရှေးဟောင်းအီဂျစ်လူမျိုးများရဲ့ဒဏ္ဍာရီမှာ (RA) (ရာ) အမည်ရှိတဲ့ နေနတ်မင်းရဲ့ သမီးတော်ဆဲလ်ကတ် (Selket) ကို ကိုယ်စားပြုပြီး ကင်းမြီးကောက်အရုပ်ကို ကောင်းကင်ယံမှာထားရှိတယ်လို့ ရှေးက ဆိုခဲ့ကြတယ်။

အဲဒီ Selket ကို Scorpion Goddess လို့လည်း ခေါ်တယ်။ ကင်းမြီးကောက်နတ်ဒေဝီလို့ အမည်ရတယ်ပေါ့ကွယ်။ သူမဟာ သေလွန်သူတို့ရဲ့ ဝိညာဉ်များကို အနှောင့်အယှက်မရှိစေဖို့ စောင့်ရှောက်ကာကွယ်မှုပေးတဲ့ နတ်ဒေဝီလို့ အီဂျစ်လူမျိုးများက အမှတ်ပြုတယ်။

အဲဒီနတ်ဒေဝီရဲ့ သင်္ကေတပုံရိပ်ကို ကောင်းကင်မှာ လင်းလက်နေတဲ့ ကြယ်စင်ခုနစ်လုံးနဲ့ ခြံရံနေတဲ့ ပုံရိပ်အဖြစ် ကောင်းကင်မှာ ကမ္ပည်းတင်ခဲ့သတဲ့။

နက္ခတ်ဗေဒကျမ်းအဟောအရပြောရရင် ပြိဿာရာသီဖွား ယောက်ျား၊ မိန်းမ အများစုတို့ဟာ ဘဝဇာတ်လမ်းစုံကို အခက်အခဲပေါင်းများစွာနဲ့ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သန်းခဲ့ရပြီး အတွေ့အကြုံပေါင်းများစွာနဲ့ အရာရာကို ဆန်းစစ်ဝေဖန်ပိုင်းခြားတဲ့ဉာဏ်ရည် မြင့်မားကြတယ်တဲ့။

သူတို့ဟာ သူတစ်ပါးအပေါ် အရမ်းကာရောဒုက္ခပေးလေ့ မရှိဘူး။ ဒါပေမဲ့ အငြိုးအတေးကြီးတယ်။ ဟိတ်ဟန်ကောင်းတယ်။ လျှို့ဝှက် နက်နဲတယ်။ ယတိပြတ် နောက်မတွန့်စတမ်းလည်း လုပ်ကိုင်လေ့ရှိတယ်။ ဗြိစ္ဆာရာသီရဲ့ မူလသဘာဝကို ပိုင်ဆိုင်ထားတာမို့ အလုပ်ကိစ္စတစ်ခုကို လုပ်တော့မယ်ဆိုရင် ပြင်းထန်တဲ့အဟုန်နဲ့ အားစိုက်လေ့ရှိတယ်။

အလွန်အမင်းကို အဲဒီရာသီဖွားများဟာ စိတ်ခံစားချက်ပြင်းထန်ပြီး စူးစူးနစ်နစ် မဖြစ်မနေ အာရုံစိုက် အကောင်အထည်ဖော်လေ့ရှိတယ်။

မင်းတို့သိနေတဲ့ မနန်းအိမ်ကြို့ဟာ အဲဒီ ဗြိစ္ဆာရာသီဖွား မိန်းမပဲ။ ဒါကြောင့် သူမဟာ ခွဲကြီးတယ်။ ခံစားချက်ပြင်းတယ်။ ယုံကြည်ချက်ပြင်းတယ်။ ပညာစုံ ရင့်ကျက်လေ့လာ သိရှိတယ်။ ရန်သူအပေါ် အငြိုးအတေးကြီးတယ်။ နောက်ဆုတ်တဲ့ ကြောက်စိတ် သူမမှာ အမျိုးဘဝကတည်းက မရှိခဲ့ဘူး။ ဒုက္ခ ဘဝမျိုးစုံကိုလည်း ဗြိစ္ဆာရာသီဖွားပီပီ ကြုံတွေ့ရင်ဆိုင်ခဲ့ရတယ်။

အဲဒီလို နက္ခတ်အဖွဲ့နဲ့ မွေးဖွားခဲ့သူမို့ သူ့ယုံကြည်ချက်ကို အကောင်အထည်ဖော်တိုင်း ဗြိစ္ဆာရာသီဖွားတဲ့ဟေ့. . လို့ မာန်သွင်းပြီး ကြုံးဝါးတာပဲ”

“ဒီလိုကိုး. . .”

“ဒါကြောင့် ဗြိစ္ဆာရာသီဖွားတဲ့ဟေ့လို့ ကြုံးဝါးတာကိုး။ ဆန်းပြားပါပေ့ဗျာ”

“ဆက်ပြောရရင် သူမက အသက်လေးရလာတော့ တိုင်းရင်းဆေးရော၊ သမထပါ လေ့လာလိုက်စားခဲ့တယ်ကွယ့်။ ဒီမှာပဲ ဒီပင်လယ်ဒေသမှာ ဖက်ဆစ်တော်လှန်ရေးသမားတွေ၊ မြန်မာ့မျိုးချစ်တပ်မတော်သားတွေ၊ မဟာမိတ်အဖွဲ့ဝင်တွေနဲ့ လျှို့ဝှက်ပူးပေါင်းပြီး မင်းတို့ဒေသခံများအမြင်မှာ ကဝေကြီး၊ တစ္ဆေမကြီးလို့ထင်ရအောင် သချိုင်းကုန်းတကာမှာ နေ့နေ့ညည တစ္ဆေသရဲလို လှုပ်ရှားကြပြီး လျှို့ဝှက်ရရှိခဲ့တဲ့လက်နက်တွေကို ပင်လယ်ကတစ်ဆင့် ဒီနယ်က သချိုင်း၊ ဂူပျက်နဲ့ မြေပုံအကြားမှာ သူဝှက်ပေးခဲ့တာ။ မပြီး သေး ထုတ်ခဲ့တာ. .”

“ဩော်. . ဒီလိုကိုး”





“မင်းတို့ သချိုင်းမှာ ခေါင်းထမ်းပြီး သရဲအလိုက်ခံရဖူးတယ် မဟုတ်လား”

“ဟုတ်တယ်ဗျ. .။ ကျွန်တော်ရော၊ ချစ်စရာရောပဲ အဘရ”

“အဲဒါ သရဲအစစ်မဟုတ်ဘူး”

“ဗျာ. .”

“မနန်းအိမ်ကြို့ရဲ့ လျှို့ဝှက်တော်လှန်ရေးသမားတွေပဲ။ ပင်လယ်က ဝင်လာကြတာ။ လက်နက်များဝှက်ထားရာ သချိုင်းအရပ်ကို ဘယ်သူမှမချဉ်းကပ်ရဲအောင် သရဲယောင်ဆောင်ပြီး လာသမျှလူကို ခြောက်လှန့်လို့ လျှို့ဝှက်လှုပ်ရှားနေကြတာ”

“ဩော်. . ဩော်. . ဒီလိုကိုး။ ဘုရားရေ့. .”

“ဒီမှာ မိုးကြိုးမိုင်းက ဂျပန်ခေတ်မှာ ဂျပန်စကားပြန်ဖြစ်သွားပြီး ဖက်ဆစ်ဆန့်ကျင်ရေးအနံ့ရလို့ ဒီနယ် ပင်လယ်ဝကို ခြေကုပ်စခန်းယူပြီး အရောက်မှာ မနန်းအိမ်ကြို့ကို ခြေရာခံမိသွားတာ။ နာခေါင်းပြတ်၊ နားရွက်ပြတ် မိန်းမကြီးမှန်းသိရော ဒါ. . နန်းအိမ်ကြို့မဖြစ်နိုင်ဘူး။ သူ့လက်ချက်နဲ့ ရုပ်ပျက်၊ ဘဝပျက်သွားတဲ့ စိုးမြအိမ်မှန်း ရိပ်စားမိပြီး သဲကြီးမဲကြီးလိုက်ခဲ့ရာက နောက်ဆုံး မနန်းအိမ်ကြို့ကို တကယ် မြေအောက်တော်လှန်ရေးသမားမှန်းသိသွားခဲ့ပြီး လိုက်ဖမ်းဆီးခဲ့ရာက နန်းအိမ်ကြို့လက်ချက်နဲ့ သူတို့ ဒီအရပ်၊ ဒီဒေသမှာ အဦးဆုံးသေသွားခဲ့ကြတာပဲ။

နန်းအိမ်ကြို့ဟာ ငါတို့ထက် လက်နက်အကိုင်အတွယ်၊ အပစ်အခတ် ကျွမ်းကျင်တယ်ကွယ့်။ ဒီမှာ မောင်နေမင်းထိန်ရဲ့. .။ မင်းတို့ နယ်က နာမည်ကြီးဓားပြ ချစ်တီးနဲ့ ချစ်မီးကို ဘယ်သူသတ်တာလဲ. . သိလား”

“ဟင့်အင်း. . မသိပါဘူး အဘ”

“ချစ်တီးနဲ့ချစ်မီးကို သတ်ခဲ့တာ နန်းအိမ်ကြို့ပဲ”

“ဗျာ. . အမေနန်းအိမ်ကြို့. . ဟုတ်. . ဟုတ်လား”

“သိပ်ဟုတ်တာပေါ့ကွာ. .။ ကာကွယ်ရေးခေါင်းဆောင် မိုးသောက်လို လူကောင်းကို ချစ်တီးတို့ကသတ်လို့ ချစ်တီးကိုအရှာပြီး သူမကိုယ်တိုင် ဖူးကိုပစ္စတိုသေနတ်နဲ့ပစ်သတ်ပြီး ပင်လယ်ထဲမျှောခဲ့တာ”

“ဟာ. .”

“ဒါ. . ဒါဆို. . ဟို. . ဟို. . ချောစု. . ချောစုကိစ္စ. .”



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အဲဒီအပိုင်းကို သမီးချောစု ရှင်းပြပါလိမ့်မယ်။ ချောစု. . ပြောပြလိုက်ပါ သမီး"

ချောစုကိုလည်း ကျွန်တော်တို့အားလုံး ပို၍အံ့ဩခဲ့ရပါသည်။ ဂျပန်ဝင်စ စစ်ပြေးများနှင့်အတူ ပင်လယ်အရပ်သို့ မမျှော်လင့်ဘဲ ရောက်ရှိလာသော သွပ်ချာချာ အမည်မသိ အရွယ်မလေးသည် ခုတော့ အရာရာကို နိုးမှုလစိတ်နှင့် ပုံမှန်သိနေသော လူကောင်းအမျိုးသမီးတစ်ဦးဘဝကို ပြန်ရောက်ခဲ့လေပြီ။

သည်မှာ ခင်ချောစုက လူအများရှေ့မှာ ရှင်းပြလိုက်သည်။

"ကျွန်မရဲ့အမည်ဟာ ဟောဒီက ကျေးရွာရှင် အစ်ကိုများ၊ မောင်များ၊ ဦးကြီး၊ ဒေါ်ကြီးများခေါ်ကြသလို ခင်ချောစု မဟုတ်ပါဘူးရှင်။ ကျွန်မအမည်ရင်းက 'သရဖီ' လို့ ခေါ်ပါတယ်။ ရန်ကုန် ပုဇွန်တောင်မြို့နယ်မှာ နေပါတယ်။ ကျွန်မက မြန်မာသီချင်းများကိုကြိုက်တဲ့ ကွန်ဗင့်ကျောင်းသူ တစ်ဦးပါ။ ဂျပန်ဖက်ဆစ်များရဲ့ ပုံးစာမိပြီး ကျွန်မရဲ့မိဘနှစ်ပါးနဲ့ အစ်ကိုနဲ့ အစ်မ ကွယ်လွန်ခဲ့တာကို မြင်ရပြီး ကျွန်မ သွေးပျက်လို့ ရူးသွားခဲ့ရပါတယ်။

ခြေဦးတည့်ရာကို လျှောက်သွားရင်း နောက်ဆုံး ဂျပန်စစ်ပြေးဒုက္ခသည်များနဲ့ ဟောဒီ အစ်ကိုတို့ပင်လယ်ကမ်းခြေဒေသကို ရောက်ခဲ့တာပါ။ အစ်ကိုတို့အားလုံး ကျွန်မကို ညီမလေးလို စောင့်ရှောက်ကြတာ ကျေးဇူးတင်လို့ မဆုံးပါဘူး။

အရူးမဘဝနဲ့ ကျွန်မကြိုက်တဲ့ အဆိုတော်လေဘာတီမဖြရင် သီချင်းများကို ဆိုရင်း၊ က,ရင်း ကြံရာကျပန်းအိပ်နေချိန်မှာ အမေကြီး နန်းအိမ်ကြီးနဲ့တွေ့ပြီး သူမရဲ့ဆေးဝါးတိုက်ကျွေးမှု၊ ဆုံးမ သမထကျင့်နိုင်းမှုနဲ့ အရူးရောဂါငြိမ်ရင်ငြိမ်သလို. . အသိထူး၊ အသိဆန်းများရပြီး ဟောနိုင်၊ ပြောနိုင်သူဖြစ်လာခဲ့ရပါတယ်။

တစ်ညှ စိတ်ဖောက်လာပြီး တိုက်ပျက်ထဲမှာ အိပ်မလို့ကြံတုန်း လူကြီးတစ်ယောက်ရောက်လာပြီး ကျွန်မကို မတော်မတရားကြံစည်ချိန် ဘဝပျက်ဖို့ တည်းတည်းလေးကျန်ချိန်မှာ အမေကြီးနန်းအိမ်ကြီးရောက်လာပြီး အဲဒီလူကြီးကို ဝင်တိုက်ခိုက်တာပဲ။

အမေကြီးဟာ ကျားရိုင်းမတစ်ကောင်လို လျင်မြန်သန်စွမ်းတာကို ကျွန်မ အံ့ဩဘနန်း တွေ့ခဲ့ရတယ်။ သူတို့နှစ်ဦး အချိန်အတန်ကြာ သတ်ပုတ်





နေကြတာ။ ဒီမှာ လူရမ်းကားက သေနတ်ကိုဆွဲထုတ်ပြီး ပစ်ဖို့အလုပ်မှာ အမေကြီးက ကျွန်မရဲ့ဓားမြှောင်နဲ့ ခုန်ဝင်ပြီး ရင်ဝကိုထိုးသတ်လိုက်လို့ လူဆိုးလည်း သေသွားခဲ့ရတယ်။ ကျွန်မကိုလည်း မိုးလင်းရင် ဒီအရပ်ကနေ ထွက်သွားတော့လို့ပြောလို့ မိုးလင်းတာနဲ့ အဦးဆုံးလှေနဲ့ ထွက်ပြေးခဲ့ပါတယ်။ ပြည်သနာညမှာ အရူးစိတ်ငြိမ်ဆေး ဖော်ပြီးပြီ၊ ယူသွားဆိုပြီး ပေးလိုက်သေးတယ်။ ကျွန်မ အဲဒီလိုနဲ့ ပဲခူးခက်ကိုရောက်သွားပြီး ကံကောင်းချင်တော့ အမေကြီးပေးလိုက်တဲ့ အရူးစိတ်ငြိမ်နှလုံးသည်းခြေဆေးနဲ့ အရူးသွေးလန့်စိတ်ရောဂါ အရှင်းပျောက်သွားခဲ့ရတယ်။ ဒီမှာ အစ်ကိုထိန်. ."

"ဘာလဲ ချောစု"

"အစ်ကိုထိန် ပင်လယ်ဂျပန်စခန်းဘက်ကို တံငါသည်ပုံစံနဲ့ ငါ တုန်းက အစ်ကိုကို လုပ်ကြံဖို့ကြိုးစားတဲ့ ဓားပြဗိုလ်ချစ်တီးနဲ့ချစ်မီးရဲ့ ညာလက်ရုံး မိုက်ခဲဓားမကြီးကို ဓားနဲ့ပစ်ရှင်းပစ်လိုက်တာရော ဘယ်သူလဲ. . သိလား"

"ဟင့်အင်း. . မသိဘူး"

"အဲဒါ အမေကြီး ဒေါ်နန်းအိမ်ကြီးပဲ"

"ဟင်. ."

"ဟာ. ."

"အံ့ဩကုန်ကြသလားဟင်။ အမေကြီး ဒေါ်နန်းအိမ်ကြီးက အစ်ကိုထိန်ရဲ့လှုပ်ရှားမှုကိုသိလို့ နောက်ကနေ လိုက်ပြီးစောင့်ရှောက်နေတာ။ အဲဒီမှာ အစ်ကိုထိန်က သူတို့ဆရာများကို လုပ်ကြံတယ်ထင်ပြီး မိုက်ခဲဓားမကြီးက အထင်လွှဲ၊ သေနတ်နဲ့ပစ်မလို့ လုပ်ချိန်မှာ အမေကြီးက ဓားမြှောင်နဲ့ပေါက်သတ်ပြီး ရှင်းပစ်လိုက်တာပဲ"

"အို. . အမေကြီးရယ်"

"အံ့ဩစရာ ကောင်းလှချည်လားကွာ"

"ရှားမှရှားတဲ့ မိန်းမကြီးပဲဟေ့"

တော်လှန်ရေးရဲဘော်များပါးစပ်မှ ဝေဖန်စကား၊ ချီးကျူးစကားများ ပေါ်လာခဲ့ကြသည်။ သည့်နောက် အလောင်းကို လိုက်ရှာကြဖို့ ဝေဖန်ပြောဆိုနေကြသည်။

"ရောဂါပျောက်သွားလို့ အမေကြီးကို ကန်တော့ဖို့လာခဲ့တဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

အမေကြီးရဲ့အိမ် မူလပင်လယ်ကမ်းပါးကုန်းပေါ်မှာ မရှိတော့ဘူး။ မိုင်းကွဲရာ ကျင်းချိုင့်ကြီးပဲ ကျန်ခဲ့တယ်။ နောက်ဆုံး အမေကြီး သွားနိုင်တဲ့နေရာများကို ခြေရာခံလိုက်စုံစမ်းတော့ . . . . . . သချိုင်းမှာ သွားဆုံကြပြီး ဝမ်းသာမျက်ရည်ကျကြ၊ သူ့အကြောင်း ကိုယ့်အကြောင်း ဖတ်စုံခင်းကြရင်း ဘဝချင်းသွားတူနေတာကို ကြုံရရော။ အဲဒီမှာပဲ အမေကြီးဆိုတာ ကဝေစုန်းမကြီးမဟုတ်တဲ့ ကဝေပညာရှင်များကဲ့သို့ အတတ်ပညာမျိုးစုံကို သိရှိတတ်မြောက်ပြီး နယ်ချဲ့ကျူးကျော်သူများနဲ့ အမျိုးသားသစ္စာဖောက် လောက်ကောင်များကို လျှို့ဝှက်ချေမှုန်း တိုက်ခိုက်နေတဲ့ မျိုးချစ်တော်လှန်ရေး အာဇာနည်သူရဲကောင်းမကြီးမှန်း နားလည်ခံစားခဲ့ရတယ်လေ။ ဒီမှာပဲ ကျွန်မကို အရေးပေါ် လက်နက်ကိုင်နည်း သင်တန်းပေးပြီး ပဲ့ချိတ်မောင်းနည်း၊ ကိုင်နည်း၊ ထိန်းနည်းပါ သင်ပေးတာ။ မနေ့က အစ်ကိုတို့၊ အဘတို့ မြင်တဲ့အတိုင်း ပင်လယ်မှာ ကျွန်မတို့ တိုက်ပွဲဝင်ခဲ့တာပဲ''

''အမေကြီး တကယ်သေသွားခဲ့သလား ချောစု''

အစ်ကိုညွှန့်မောင်ကြီးက လှမ်း၍မေးလိုက်သည်။

''ရင်ဝက ဝင်တဲ့ကျည်ဆန်က နောက်ကျောကနေဖောက်ထွက်ပြီး ရေထဲကို ပြုတ်ကျသွားတာကို နောက်ဆုံးမြင်လိုက်ရတာပဲ။ ကျွန်မလည်း ကံကောင်းလို့၊ အစ်ကိုနေမင်းထိန် လိုက်ကယ်လို့ မသေတာ။ နို့မို့ ခုလောက်ရှိ ပင်လယ်ငါးမန်းစာ ဖြစ်ပြီလားပဲ''

သည်မှာ အားလုံးက အမေနန်းအိမ်ကြီးကို သူရဲကောင်းအာဇာနည်အဖြစ် မှတ်တမ်းတင်ပြီးနောက် တကယ် သေ၊ မသေနှင့် သေလျှင် အလောင်းကို ပြန်ရအောင်ရှာကြဖို့ ဆုံးဖြတ်ချက်ချပြီး နေရာမှ ထလိုက်ကြသည်။

၎င်းနောက် လှေဆိပ်သို့ ပြန်ဆင်းခဲ့ကြပြီး ပဲ့ချိတ်လှေများ၊ ငါးဖမ်းစက်လှေများကို စက်နှိုး၍ ပင်လယ်ပြင်ရှိရာသို့ အုပ်ဖွဲ့ချီတက်ခဲ့ကြလေသည်။ ချောစုကား လှိုင်းထန်စပြုနေသော ပင်လယ်ပြင်ကိုလည်းကောင်း၊ စိတ်ဓာတ်တက်ကြွလျက်ရှိသော ကျွန်တော့်မျက်နှာကိုလည်းကောင်း စိုးရိမ်ဟန်နှင့်ကြည့်ပြီး ကမ်းပါးပေါ်မှ လက်ပြ၍ကျန်ရစ်ခဲ့လေသည်။

❁ ❁ ❁

# ၃၆

# အချစ်ရဲ့ အောင်ပွဲခံလက်ခုပ်သံများ

BURMESE CLASSIC .com

ကျွန်တော်တို့ ပင်လယ်ဝသို့လည်းကောင်း၊ ပင်လယ်ကမ်းခြေများသို့ လည်းကောင်း၊ ဓနုတ်ဘုရားရှိရာသို့လည်းကောင်း၊ မုတ်ကျွန်း (သောင်ခုံ) ရှိရာသို့လည်းကောင်း၊ ရေတက်ရေကျဝင်ရာ မော်ဝန်းချောင်းတစ်လျှောက်ကိုလည်းကောင်း အုပ်ဖွဲ့ လှည့်ခွဲ၍ ရှာကြသည်။

နံနက်မိုးလင်းကတည်းက ရှာလိုက်ကြသည်မှာ ရေတက်ချိန်ရော၊ ရေကျချိန်ပါ နှစ်ချိန်ကုန်သွားသည်။

ရောက်ရာအရပ်ဝန်းကျင်မှာ နှာခေါင်းပြွတ်နေသည့် အသက် (၆၀) ဝန်းကျင်ခန့် မိန်းမကြီးအလောင်းကို စုံစမ်းကြသည်။ အားလုံးလိုလိုက ၎င်းအလောင်းကိုမတွေ့ရဘဲ ဂျပန်စစ်သားများအလောင်းကို တွေ့ကြရ၍ ကျက်သရေမင်္ဂလာမရှိသောကြောင့် ပင်လယ်ထဲသို့ ပြန်မျှောပစ်လိုက်သည်ဟု ပြန်ပြောပြကြသည်။

ရေတက်ချိန်ရောက်တော့ လေနှင့်လှိုင်းများ ဝုန်းဒိုင်းကြလာ၏။ ပင်လယ်ဓါမှုအတိုင်း မုန်တိုင်းမကျ၊ လေပြင်းမကျသေးလျှင် အပျိုစင်ငါးပြင်ကဲ့သို့ ချောင်သည် ပြေပြစ်ချောမောလျက်ရှိပြီး လေပြင်းများ ကျလာလျှင်



www.burmeseclassic.com

www.burmeseclassic.com

ဒီရေ ဒီလှိုင်းများ မဟာမိတ်ဖွဲ့ပြီး နဂါးပါးပျဉ်း၊ ကျားခံတွင်းကဲ့သို့ ကြောက်စရာကောင်းအောင် ပင်လယ်၏နဂိုအရှုပ်တွက်ကို ပြလေ့ရှိသည်။

ဒီရေတွက်ပြီ...။

လေပြင်းများ ကျလာပြီ..။

တိမ်ညိုများ မည်းညို့၍လာခဲ့ပြီ။

လှိုင်းလုံးများ သေမင်းရယ်သံနှင့် မရဏာပုံတီး၍ စိုင်းလာပြီ။ ကျွန်တော်တို့၏ ပုံချိတ်ပဲ့ထောင်လှေများ၊ ငါးဖမ်းစက်လှေများသည် ရေပြင်မှာ လူးလွန့်နေ၏။ ပင်လယ်အတွေ့အကြုံရှိနေသူများဖြစ်ကြ၍ အိမ်လုံးလောက် လှိုင်းလုံးကြီးများကြားမှ မီးပြရှေ့ဘုံသာမုနိဘုရားရှိရာသို့ ကြိုးစားပြီး ပြန်လာခဲ့ကြရ၏။

ဒါတောင် အချို့သောစက်လှေများ ပြန်ဝင်မလာသေး။

ကျွန်တော်တို့လှေများ ကမ်းခြေကိုဆိုက်လာတော့ ချောစုက လည်တိုင်လေးမော့၍ မျှော်ကြိုနေရှာသည်။

ကျွန်တော့်ကိုတွေ့လိုက်ရသည်နှင့် ဝမ်းသာအားရဖြစ်သွားပြီး ပြေးဆင်းလာသည်။ ကျွန်တော့်လက်ကို ဆုပ်ကိုင်၍ မျက်ရည်ဝဲဝဲလေးနှင့် ကြည့်နေသည်။

"အစ်ကို.."

"ချောစု.."

"စိုးရိမ်လိုက်ရတာ အစ်ကိုရယ်"

"ဘာလို့ အများကြီးစိုးရိမ်ရတာလဲဟင်"

"အို.."

"ပြောလေ ချောစုရယ်။ ပြော.."

သည်မှာ အစ်ကိုညွန့်မောင်တို့ စက်လှေသမားများ၊ ချစ်စရာနှင့်ကိုကျောက်ပျဉ်တို့ စက်လှေသမား၊ ပဲ့ထောင်သမားများကပါ ကျွန်တော်တို့နှစ်ဦး၏ အပြုအမူ၊ ပြောသံများကိုကြားသွားပြီး အနားသို့ဝိုင်းလာကြသည်။

"ပြောလေ ညီမလေးကလည်း.."

"ဟင့်အင်း..ရှက်တယ်"

"ဟော့..ခင်ချောစု၊ ဒီအချိန်ဟာ ရှက်ရမယ့်အချိန် မဟုတ်ဘူး။ ဟိုဒင်းပြုရမယ့် အချိန်ဟ။ ပြောလိုက်.."

စိတ်ကူးသစ်စာပေ



အစ်ကိုညွန့်မောင်ကြီးက အသံကျယ်ကြီးနှင့် အော်ပြောရင်း အနီးသို့ရောက်လာသည်။

"ကျော..ကျောလိုက်ရေ..ညီမှ..ရေးရဲ့..အဟဲ့.."

ချစ်စရာက ဝင်နောက်လိုက်၍ ကမ်းခြေမှာ တဝါးဝါးပွဲကျနေကြသည်။

"နေပါဦး..။ ခု..ဘာတွေဖစ်..ဖစ်..အစ်..အဲ..ဖြစ်နေကြတာလဲ"

အစ်ကိုညွန့်မောင်က ထစ်အအ,လုပ်၍ ဝင်ချွန်သည်။

"ဟဲ့..ချောစု..ပြောလေ.."

"ကျွန်မက သူ့ကို လာဆင်းကြိုတာ"

"အေး..အဲဒီလို လာဆင်းကြိုတော့ ဒီကောင်က စိတ်ဆိုးနေလို့လား"

"ဆိုးတာတော့ မဆိုးပါဘူး အစ်ကိုကြီးရဲ့။ ဘာတွေမေးနေမှန်း မသိဘူး။ ဟွန်း.."

"ဟော့ကောင်..ထိန်.."

"ဗျာ..အစ်ကိုညွန့်မောင်.."

"မင်း ငါ့ညီမလေးကို ဘာမဟုတ်ကဟုတ်က လျှောက်မေးနေတာလဲ။ ပြောစမ်း..။ တွေ့ကြရောပေါ့ကွာ။ မင်းတော့လား..။ ပြော"

"ဒီလို အစ်ကိုရ"

"ပြော.."

"ဒီလိုဗျ..။ အဟမ်း.."

"အေး..ဟုတ်ပါပြီ၊ ပြောပါ.."

"ဒီလိုဗျ အစ်ကိုညွန့်မောင်"

"ချီးမှပဲ..။ xxxx 'ဒီလိုဗျ'ကကိုမတက်ဘူး။ မင်းနဲ့ ကိုတွတ်စွပ်..အဲလေ..ကိုဘစုနဲ့ အတူတူပဲ။ ငါလေ.."

"ဝါး..ဟား..ဟား..ဟား.."

"အဟီး..ဟီး..ဟီး.."

"ကန်ချလိုက်ပါ ကိုညွန့်မောင်"

အားပေးလိုက်ကြတာ..။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို အစ်ကိုညီမက ပြောတယ်.."

"အင်း.."

"စိုးရိမ်လိုက်ရတာ အစ်ကိုရယ်တဲ့.."

"အဲဒီတော့ ဘာဖစ်လဲ။ ဟာ..ဒီပါးစပ်။ ကဲဟာ.."

"ဖျန်း.."

"အဟိ..ခစ်..ခစ်.."

"သွားကျိုးအောင် ရိုက်ပါလားကွ ညွန့်မောင်ရ"

"အဲဒီလိုတော့ ဘယ်ဖြစ်မှာလဲကွ ကျောက်ဖျဉ်ရ။ အိမ်ကမိန်းမဖို့ ချန်ထားရသေး ဥစ္စာ"

"ဟား..ဟား..ဟား..ဟား..အကြံကြီးပဲ ညွန့်မောင်ရာ"

"တော်ကြကွာ..။ ဟိုက စိုးရိမ်လိုက်ရတာပြောတော့ မင်းက ဘာလျှာရှည်လိုက်လို့လဲ"

"ဒီလိုဗျ.."

"တော်..လိုရင်းပဲ ပြော"

"ဘာကို စိုးရိမ်ရတာလဲ ညီမရယ်လို့ ပြန်မေးတာပေါ့"

"ဒီတော့.."

"ဟင့်အင်း..ရှက်တယ်တဲ့ဗျာ။ ဆက်မေးလို့မဖြစ်နေတုန်း အစ်ကို တို့ရောက်လာတာပဲဗျ"

"ဟုတ်လား ညီမလေး"

"အင်း..အဲ..အဲ..ဟုတ်..ဟုတ်ကဲ့.."

"ကဲ..ဒါဆို ငါကပဲ ကြားပွဲစားလုပ်ပြီး မေးမယ်။ ဘာကြောင့် မောင်ထိန်ကို စိုးရိမ်ရတာလဲ။ ပြောစမ်း..ရဲရဲပြောစမ်း"

"သိဘူး.."

"သိကို သိရမယ်။ မသိလို့ မရဘူး။ ပြော.."

"အို..သိပါဘူးဆို"

"ဒါဆို ငါပဲ ကြားကဝင်ပြောလိုက်မယ်"

"ဘာပြောမှာလဲ"

"အစ်ကိုထိန်ကို ချစ်လို့.."

"အို.."





"ရှိုး..ရှိုး.."

"ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း.."

"ဝေး..ဝေး..ဟေး..ဟေး..ဒါ..ဟုတ်တယ်ဟုတ်"

"ကဲ..ကဲ..ကဲ..ပွဲစားလူလည်တွေ..ကဲ.."

ခင်ချောစုလေးက မျက်နှာကြီးရဲတွတ်ပြီး အစ်ကိုညွန့်မောင်ကြီး ကျောကုန်းကို လက်သီးနှင့်ထုသည်။ ခွဲဆိတ်သည်။ အစ်ကိုညွန့်မောင်ကြီးက တအားအားအော်ပြီး ကျွန်တော့်ကိုကွယ်၍ 'ချစ်လို့.. ချစ်လို့' ဟု တစာစာ အော်သည်။

ဒီမှာ ခင်ချောစုက လှမ်းအရိုက်..။ အရှိန်လွန်၍ လဲမလိုအဖြစ်..။ ကျွန်တော်က ပြေးဆီး၍ပွေ့လိုက်ရာ ခင်ချောစု ကျွန်တော့်ရင်ခွင်ထဲမှာ ဖက် ထားလျက်သား..။

ကျယ်လောင်များပြားလှသော လက်ခုပ်သံများ ပင်လယ်ကမ်းစပ်မှာ ဆူညံသွားခဲ့သည်။ ကျွန်တော် ချောစုကို ဖက်ထားဆဲ...။

www.burmeseclassic.com

www.burmeseclassic.com

# ၃၇
# ဝိရမိုးကောင်းကင်အောက်က ဂုဏ်ပြုသေနတ်သံများ

နောက်နေ့မိုးသောက်ချိန်မှာ ကျွန်တော်တို့ တော်လှန်ရေးရဲဘော်များ အားလုံး မီးပြ ပင်လယ်ကမ်းခြောက်မ်းပါးမှာလည်းကောင်း၊ သံတဲရွာ ပင်လယ် ကမ်းပါးမှာလည်းကောင်း၊ ဖွဲပါကုန်းတန်းတံငါရွာ ရွာပင်လယ်ကမ်းပါးမှာ လည်းကောင်း ပင်လယ်မျက်နှာပြင်ကို မျက်နှာမူပြီး ရင်ဘောင်တန်း၍ ရပ်စီ လိုက်ကြသည်။

ကျွန်တော်တို့တော်လှန်ရေးရဲဘော်များနှင့်အတူ ကျေးရွာပေါင်းများ စွာမှ ရွာသူရွာသားများ၊ အမြို့မြို့အရပ်ရပ်မှ စစ်ပြေးဒုက္ခသည်များလည်း ပါဝင်တန်းစီနေကြရကား ပင်လယ်ကမ်းပါးကုန်းတန်းပေါ်မှာ လူတန်းကြီးက တစ်ခေါ်တစ်လျှား ရှည်လျားစွာရှိနေကြသည်။

အလယ်လောက်မှာ ကျွန်တော်တို့တော်လှန်ရေးရဲဘော်များသည် တော်လှန်ရေးကြယ်နီလက်ပတ်များပတ်ပြီး လက်နက်များ ကျည်ထိုး၍ အသင့် ရှိနေကြသည်။

ဒီနေ့ကား. .

ကျွန်တော်တို့အားလုံး တစ်ချိန်တစ်ခါတုန်းက ကြောက်စရာ၊ ရွံ့စရာ





ကောင်းလှပြီး အလွန်အရုပ်ဆိုးလှသည့်အတွက် စုန်းကဝေပညာသည်မိန်းမ ကြီးဟု အထင်မှားခဲ့ကြသော အမေကြီး ဒေါ်နန်းအိမ်ကြို. .။

ဒီနေ့ ဒေါ်နန်းအိမ်ကြို့ကို မှော်ကဝေမကြီးအစား. .

ကျွန်တော်တို့ပင်လယ်ဒေသကြီးတစ်ခုလုံး ကျူးကျော်သူ ဖက်ဆစ် ဂျပန်ရဲ့ စစ်ဖနောင့်အောက်မှ အပြီးတိုင်လွတ်မြောက်ရေး. .၊

မြန်မာ့ဖက်ဆစ်နယ်ချဲ့တော်လှန်ရေးမှာ. .

အသက်နှင့်ဘဝကိုရင်းပြီး စတေးသွားခဲ့သည့် အမေကြီးဒေါ်နန်း အိမ်ကြို့အား မျိုးချစ်သူရဲကောင်း တော်လှန်ရေးအာဇာနည်မယ်အဖြစ် ဂုဏ် ပြုနှုတ်ဆက်သည့်နေ့ပဲ ဖြစ်သည်။

အမေကြို့ ပင်လယ်ရေအောက်ကြမ်းပြင်မှာ ထာဝရအိပ်စက်ခဲ့ပါပြီ။

သူ့သွေးနှင့် ဇာတိမာန် မျိုးချစ်စိတ်ဝိညာဉ်သည် ဒီပင်လယ်ပြင်မှာ လှုံးလွန့်လှုပ်ရှား သွားနေပါဦးမည်။

သူမ လွတ်လပ်ရေးနေ့ရဲ့အမျှဝေသံကို ဝိညာဉ်ဘဝနှင့် နားစွင့်နေ လျက် ရှိနေပါဦးမည်။

"အားလုံး သတိ. ."

အောင်မြင် ဟိန်းလှသော တော်လှန်ရေးခေါင်းဆောင် ဦးသန့်လျက် ၏ အမိန့်ပေးသံသည် ပင်လယ်လှိုင်းလုံးများကို လွှမ်းသွားအောင် ထွက်ပေါ် လာခဲ့သည်။

"ရဲဘော်တို့. .

ဒီနေ့နံနက် အရုဏ်သစ်ဟာ ပင်လယ်လေညင်းခံ အရုဏ်သစ် မဟုတ်ဘူး။ ... မျိုး၊ တို့နိုင်ငံ၊ တို့ရပ်တို့ရွာအားလုံး ဖက်ဆစ်နယ်ချဲ့ရဲ့အုပ် ချုပ်မှုအောက်က လုံးဝလွတ်မြောက်အောင် တိုက်ပွဲဝင်ရာမှာ ရှေ့တန်းက ရှေးဦးဆုံး လျှို့ဝှက် အသက်စွန့် ဦးဆောင်လှုပ်ရှား စတေးသွားခဲ့တဲ့ ဒေါ်နန်း အိမ်ကြို့ခေါ် ဒေါ်စိုးမြအိမ်ကို သူရဲကောင်း မျိုးချစ်အာဇာနည်အဖြစ် ဂုဏ် နှုတ်ဆက်အလေးပြုတဲ့ နေ့ထူးနေ့မြတ်ကြီးပဲ ဖြစ်တယ်။

သူ့လို မျိုးချစ်အာဇာနည်မျိုးတွေ တို့များဒေသက ... ဟာ ဒေါ်နန်းအိမ်ကြို့ရဲ့ အာဇာနည်စိတ်ဓာတ်ကြောင့်ပဲဖြစ် ... အိမ်ကြို့ ဒီအရပ်မှာ မျိုးစေ့ချပေးခဲ့တဲ့ နယ်ချဲ့ဆန့်ကျင်ရေး ... ချမ်းကြပါစေ ... ဒီနေ့လည်း မပြီးသေးဘူး။ မနက်ဖြန်၊ သန်ဘက်ခါလည်း မပြီးသေးဘူး)



www.burmeseclassic.com

www.burmeseclassic.com

လုံးဝလွတ်လပ်ရေးရပြီးနောက် ကမ္ဘာတည်သရွေ့ ခိုင်မတ် သတိရှိနေရမယ့် မြန်မာ့အာဇာနည် မျိုးချစ်စိတ်ပဲ။

ဒီစိတ်ဓာတ်ကို သားစဉ်မြေးဆက်ဆက် ယိုင်မသွား၊ နွံမသွား ရအောင်၊ လဲကျမသွားအောင် စောင့်ထိန်းကြပါစို့လို့ပြောရင်း ရဲရင့်စွာ ကွယ်လွန်သွားသူ အာဇာနည်မိခင် သူရဲကောင်းအမျိုးသမီးကြီး ဒေါ်နန်းအိမ်ကြို့ အား အားလုံး..အလေးပြု.."

ကျွန်တော်တို့ ဦးခေါင်းများအားလုံး ဦးညွှတ်လိုက်ကြသည်။ ပင်လယ် လှိုင်းလုံးများသည် ကမ်းပါးမြင့်ကို တဝုန်းဝုန်းရိုက်ခတ်နေသည်။

ပင်လယ်လေနုသည် သူရဲကောင်းတော်လှန်ရေးသမား၏ ဆံပင်များကို တို့ထိနမ်းသွားကြသည်။

ဤအနမ်းများသည်..

အာဇာနည်မိခင် အမေကြို့၏ နှုတ်ဆက်အနမ်းများလား..။

"ဂုဏ်ပြုတပ်ဖွဲ့..သေနတ်မြှောက်.."

"ပစ်ဖောက်..အလေးပြု.."

"ဒိုင်း.."

"ဒိုင်း.."

"ဒိုင်း.."

"ဒိုင်း.."

"ဒိုင်း.."

ဂုဏ်ပြုသေနတ်သံများ ပင်လယ်ကမ်းပါးပေါ်မှာ တုန်•* ›စ်ဖောက် ၍ ထွက်ပေါ်လာခဲ့သည်။ ဝီရမိုးကောင်းကင်သည် အရုဏ်ဒ်‿‿နှင့် ရဲတွတ်နေ၏။

အားလုံး၏ပါးပြင်ပေါ်မှာ ပူနွေးသောမျက်ရည်စက်များ စီးလိမ့်၍ ပါပေ‿ကြသည်။ ဤမျက်ရည်စက်များသည် ဝီရမဟာမြေပြင်မှာ သီးကြ တစ်ခေါ်တ‿ာဦးမည်။

အလ‿ည်စက်များနှင့်အတူ လက်သီးများကို ကျစ်ကျစ်ပါအောင် တော်လှန်ရေး‿င်းတင်းကြိတ်လိုက်ကြသည်။

ရှိနေကြသည်‿နတ်သံများ ငြိမ်သက်၍သွားကြသည်။

အားလုံး ရင်များခုန်နေကြသည်။

စိတ်ကူးသစ်စာပေ



ပင်လယ်လှိုင်းလုံးများက တဝုန်းဝုန်း ရိုက်ခတ်နေဆဲ..။ ပင်လယ် ဝိဉာဉ်များရဲ့ ကောင်းချီးပေးသံများက ဆူညံနေဆဲ။

အမေကြို့၏လှုပ်ရှားမှုပုံရိပ်များ ကျွန်တော့်မျက်လုံးထဲမှာ အစီအရီ ပေါ်လာနေသည်။

ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့ အမေကြို့..

ကျွန်တော့်ချစ်သူရဲ့အသက်ကို ကယ်ခဲ့တဲ့ အမေကြို့..

ကျွန်တော်၊ အားလုံးရဲ့ အသက်နှင့်ဘဝအတွက် ရင်းစားကြီးခဲ့ သည့် ကျေးဇူးရှင်မိခင်ကြီး အမေနန်းအိမ်ကြို့..

ကျွန်တော့်ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းများက ပင်လယ်၏ ရှည်လျားနက်ရှိုင်းခြင်းနှင့် အားပြိုင်လျက်..။

"အစ်ကို.."

"အစ်ကို..ပြန်စို့.."

ကျွန်တော့်ပခုံးကို လာဖက်လိုက်သည့် အထိအတွေ့ကြောင့် ကျွန်တော် အတွေးအိပ်မက်မှ လန့်နိုးလာသည်။ ဟိုမှာ တော်လှန်ရေးရဲဘော်များ အသီးသီး ရွာဆီသို့ပြန်နေကြပြီ။

ကျွန်တော် ချစ်သူချောစု၏လက်ကို ကိုင်ဆုပ်လိုက်သည်။

ချောစုက ကျွန်တော့်ကို ပြုံး၍ စိုက်ကြည့်နေသည်။

"ချောစု.."

"အစ်ကို.."

"အစ်ကိုတို့တော်လှန်ရေး မပြီးဆုံးသေးဘူး"

"သိပါတယ်အစ်ကို..။ မပြီးဆုံးသေးတဲ့ တော်လှန်ရေးတစ်လျှောက် ချောစု အစ်ကို့အနားအနီးမှာ တစ်ဖဝါးမခွာ အတူရှိနေမှာပါ မောင်ရယ်.."

"အို..ချောစုလေးရယ်..ချစ်ညီမလေးရယ်.."

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com